www.burmeseclassic.com

ရှု ခင်း တစ် ဖွဲ့ (ဝိဆိုင်ဒီ) မှ ထုတ် ဝေ သည်

ဖြစ်ရပ်မှန် မဂ္ဂဇင်း

No.125 MARCH 2013




BURMESE CLASSIC .com
www.burmeseclassic.com



## အရှင်စိတ္တဒီပ (ရွှေတောင်ဦး)
### စည်းအပြင်မှ စောင့်ကြည့်ခြင်း

ဆရာတော် အရှင်စိတ္တဒီပ၏ စည်းအပြင်ကစောင့်ကြည့်ခြင်း ဆောင်းပါးများစုစည်းမှုထဲတွင်ပါဝင်သော ဓမ္မလမ်းညွှန်စာပေများသည် လောကသဘာဝနိယာမတရားကို သံဝေဂတရားပွားများရင်း ဘဝ၏ငြိမ်းချမ်းမှုရသကို ခံစားရနိုင်ပေသည်။ စည်းအပြင်မှ စောင့်ကြည့်လျှင် အရာရာကို ထင်သာမြင်သာ ခံစားရပေမည်ဟုသာ ဆိုချင်ပါသည်။

လှိုင်ကြည်ဖြူ ဓမ္မဝီရစာပေတိုက်မှ ထုတ်ဝေဖြန့်ချိသည်။

---



## ငြိမ်းချမ်းသူ
### မြန်မာ့ငြိမ်းချမ်းရေးမှ ကမ္ဘာ့ငြိမ်းချမ်းရေးသို့
### (သို့မဟုတ်) ဒီလိုမနေနဲ့ ဒီလိုနေ

ငြိမ်းချမ်းသူ၏ စာအုပ်ငယ်ကလေးတွင် ဘာသာတရားသည် လူသားတို့အတွက် လွန်စွာအရေးကြီး၏။ လက်နက်ကိရိယာ၊ သြဇာအာဏာတို့သည် ရုပ်ပိုင်းဆိုင်ရာတို့ကိုသာလျှင် ထိန်းကွပ်တားဆီးနိုင်၏။ စိတ်ပိုင်းဆိုင်ရာကိုမူ ချုပ်တီးနိုင်စွမ်းမရှိပါ။ စိတ်ပိုင်းကိုရော ရုပ်ပိုင်းကိုပါ ထိန်းကွပ်တားဆီးနိုင်သည်မှာ ဘာသာတရားသာလျှင်ဖြစ်သည် ဟု ဆိုထားသည်။ လေ့လာဖတ်ရှုသင့်သော စာအုပ်ကလေးဖြစ်သည်။

---



## မသန်း (ပညာရေး)
### ဗုဒ္ဓ၏အလိုတော်ကျ ကထိန်ခင်းအလှူ

ဆရာမ၏ စာအုပ်ထဲတွင် ကထိန်သင်္ကန်းစတင်ဖြစ်ပေါ်လာပုံ၊ ကထိန်အလှူအကျိုး၊ ထေရဝါဒဗုဒ္ဓဘာသာနှင့်အညီ ကထိန်လှူပုံလှူနည်း စသည်များကို ဗုဒ္ဓစာပေများကို အကိုးအထောက်ပြု၍ တင်ပြထားသည်။ ဘာသာရေးနှင့်ပတ်သက်၍ အသိပညာတိုးပွားလိုသူများဖတ်သင့်သည်။ ပညာအိမ်စာအုပ်တိုက်မှ ထုတ်ဖြန့်ချိသည်။

---



## နတ်တလင်း ဦးအုန်းမောင်
### သွေးဆေးပေါင်းချုပ်ကျမ်း

ပညာအလင်းပြဆရာဦးအုန်းမောင် ပြုစုသော သွေးဆေးပေါင်းချုပ် ဆေးကျမ်းကြီးဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးလောကတွင် ထင်ရှားသည့် သွေးဆေးဖော်စပ်နည်းပေါင်း ၁၀၀ ကျော်နှင့် ဣတ္ထိရတနာဓာတ်ကျမ်းကြီးအပါအဝင် ဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေး လေ့လာလိုသူများနှင့် ကုထုံးများကိုပါ အသေးစိတ်ဖော်ပြထားသည့် ရှားပါးသည့် အကျိုးပြုကျမ်းတစ်စောင်ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com

ပြန်ရပ်မှန် စုံထောက် မဂ္ဂဇင်း

No 125 MARCH 2013

တာဝန်ခံအယ်ဒီတာ
**မောင်သစ်နွယ်**
အယ်ဒီတာ
**စုံထောက်မောင်ဇရဲ**
ဇေးဇေး
မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းအပြင်အဆင်
**မင်းထက်နိုင်**
**ဝင်းထွန်း**

[illegible]

မောင်သာလင်း၊ အဖျောက်မြေမောင်ဆွေမွန်၊ ဝေးအိမ်၊ ငယ်လေးမောင်(သပြေရုံ)

[illegible]

ရဲမြင့်နောင်၊ ရဲထက်ဇော်၊ ဗဟိုမောင်မိုးဆွေ၊ မင်းခန့်လူ၊ နိုင်မိုးဇော်၊
ကြယ်စင်မင်း(တပ်ကုန်း)၊ လမင်းသစ္စာ၊ နွေနှောင်း(အိမ်မဲ)

[illegible]

ကိုစွာ(ဖန်ခါးမြေ)၊ ဖူးပြည့်စုံ(ဥပဒေ)၊ ရန်နည်(ဘုတလင်)၊ ညီညီလွင်(ကညွတ်ကွင်း)

ကာတွန်း

မောင်မောင်ညွက်၊ အောင်အောင်ထွေး၊ သိန်းထွန်း၊ ကိုငယ်၊ သားအောင်ရှိန်၊ ဒစ်ဂျစ်တယ်၊
ဟဲဟဲ၊ CMM မော်လမြိုင်၊ ပေါက်ကျိုင်း

BURMESE CLASSIC .com

နိုင်ငံခြားစုံထောက်

၁၁။ ဆောင်းဟေမန် – နိုင်ငံတကာစုံထောက်

စုံထောက်ဆောင်းပါး

၂၅။ လှမိုး(ပညာရေး) – ဂန္ထဝင်မှုခင်းများ
၃၀။ ဦးအာကာ(တရားလွှတ်တော်ရှေ့နေ) – ဥပဒေစုံထောက်
၃၂။ မောင်ဉာဏ်စိန် – အမျိုးသားဆေးဝါးအကြောင်း သိကောင်းစရာများ


ချစ်သောပန်ထွာ



www.burmeseclassic.com

www.burmeseclassic.com





## Cover Story


စုံထောက်မောင်ရေချဲ – မမိုဝဲနဲ့ကင်းအောင်နေ


## ...ဝတ္ထုရှည်


မင်းမဟာကျော်ခေါင် – ချစ်သောပန်ထွာ


## ...စုံထောက်ဝတ္ထု


လှိုင်းမွန်ဦး(မုဒုံ)၊ လူထက်မင်းဝေ၊ ဒဂုံကြည်ဖော်၊ ဝင်းဖော်(သုံးဆယ်)၊ ဘုန်းမြင့်ချို(သာယာဝတီ)၊ ရဲနွယ်မောင်(သုံးဆယ်)


## ...ဝတ္ထု


| | |
|---|---|
| သန္တာမြသောင်း | နှံ့နစ်ကြာလေး ရှာပေးကြပါ |
| ဦးကျော်(လှိုင်သာယာ) | ကျိုးပြိုသံ |
| နေမင်းသူရိန် | တရားခံအစစ် |
| ရှင်လွန်းမယ် | သားကောင်ဖြစ်သွားသောမုဆိုး |
| မောင်သိန်းနိုင် | အိမ်စာတစ်ပုဒ် |
| ကြင်ဦးလှ | ကျားဆိုးမာယာ တဏှာမုဆိုး |
| စိုးဝေ | ကြိုးဒဏ်သင့်သော လက်သီးချက် |
| နေစိုးသော် | ချစ်ဆိပ်ရှည် |
| မောင်တည်တံ့(ယင်းတော်) | မြေဇာပင်ပြဇာတ် |
| ဇေယျမင်းသျှင် | ချစ်၍ခေါ်ရာ |
| စန္ဒီမြင့်မိုရ် | ပျော်ရွှင်ခြင်းတစ်ဝက် ကြေကွဲခြင်းသမုဒ္ဒရာ |
| မြမြလှိုင် | သီတာမည်သားဆိုသော်လည်း |





## စုံထောက်ဒိုင်ယာရီ


၁၄၈။ မောင်ယဉ်ကျော်
စုံထောက်ဒိုင်ယာရီ


## စုံထောက်...


၁၅၇။ လွင်မာကို
သက်ရှည်ကျန်းမာရယ်ဝဇာ


## စုံထောက်...


၁၁၀။ ကျော်မြင့်ကျော်
အဝါရောင်ကောက်ကြောင်း
၁၂၆။ ဘနင်း
ဘွတ်ဖို့ခန်းခွယ်


www.burmeseclassic.com

www.burmeseclassic.com

# 2013 MARCH



မျက်နှာဖုံးပန်းချီ
မင်းထက်နိုင်
အတွင်းပန်းချီသရုပ်ဖော်
မင်းထက်နိုင် ကျော်ဦး
လွင်မင်း သန့်ဇင် ခဲခင့်နိုင်

**ထုတ်ဝေသူ**
ဒေါ်အုပ်မောင်မောင်အေး(ငြိမ်း)
ထုတ်ဝေခွင့်မှတ်ပုံတင်အမှတ်(မြ-၀၃၈၃၂)
ပုံနှိပ်ခြင်းတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်

**အုပ်ချုပ်ရေးမှူး**
ဒေါ်စန်းစန်းငွေ(ပြုံးပန်းတစ်ရာ)
၁၃၂၊ မြေညီထပ်၊ အနော်ရထာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**မဂ္ဂဇင်းတိုက်တည်နေရာ**
အမှတ် ၁၄၇(မြေညီထပ်/ယာ)
၃၇ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၇၉၅၂၈





**ဖြန့်ချိရေး**
ပြုံးပန်းတစ်ရာစာပေ၊
အမှတ်-၁၅၆၊ ၃၇ လမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

**ပုံနှိပ်သူ**
ဦးညွန့်ဝေ(မြ-၈၅၄၂၅)၊ ပြုံးပန်းတစ်ရာအော့ဖ်ဆက်


**အုပ်ရေ - ၅၀၀၊**
**တန်ဖိုး - ၁၂၀၀ ကျပ်**





www.burmeseclassic.com

www.burmeseclassic.com

## ကျားနဲ့ဆင်

လယ်ပြင်မှာ ကျား
ဆင့်ရှေ့က သွားလို့နေ။

ဆင်နောက်က အပြေးလိုက်တော့
ကျားစူးစိုက် ပြန်ကြည့်ပေ။

ကျားနဲ့ဆင် နှစ်ကောင်လေ
ရန်စောင်နေ လယ်ပြင်ထဲ။

BURMESE CLASSIC .com

သည်ပွဲ အခြေနေမှာတော့
သူသေ ကိုယ်ကြေ အပြိုင်နွဲ့လို့
ကြကြမယ် ထင်ပေမယ့်
ဆင်လည်း ဆင့်လမ်းလျှောက်
ကျားလည်း ကျားလမ်းလျှောက်
ဟိန်းဟောက်သံ တကယ်ပျောက်တယ်
အံ့လောက်တဲ့ပွဲ။ ။

**အပျောက်မြေ မောင်ဆွေမွန်**

www.burmeseclassic.com

www.burmeseclassic.com



# နေ့စွဲလွန်သီချင်း

ရိုတ်သိမ်းပြီးစ ထိုးထိုးထောင်ထောင်နဲ့
တံလျှပ်ငွေ့တွေ ပွက်ပွက်ဆူနေတဲ့ ငါ့ရင်ဘတ်ထဲ
ချိုးကူသံချွဲချွဲလေး
ဘယ်သူလာထည့်ပေးသလဲ။

BURMESE CLASSIC .com

တကယ်ဆို ဆူးခက်တွေငြိ
ဆူးခြစ်ရာတွေအပြည့် သွေးချင်းချင်းရဲသွားတာတောင်
ရင်ထဲက သီချင်းတစ်ပုဒ်လုံး
မီးဟုန်းဟုန်းတောက်လို့။ ။

မောင်သာလင်း



www.burmeseclassic.com

www.burmeseclassic.com





## သံဝေဂတေး

အဖော်မပါခဲ့ဘူးဆိုတာနဲ့
တစ်ယောက်တည်းအပြန်ဆိုတာနဲ့
လက်ချည်းဗလာဆိုတာနဲ့
ပါးစပ်သက်သက် သံသရာလည်နေတယ်။

ဘယ်လောက်အထိ တရားကျဖို့ ကောင်းလိုက်သလဲ
ရုပ်ခန္ဓာတစ်ခု ဖျတ်ခနဲ ကြွေအပျက်မှာ
ကွေးသောလက်မဆန့်မီ ဖြစ်စဉ်အကြောင်းအကျိုးပေါ်
သတိလက်လွတ် ကျွတ်နေတဲ့ ငှက်အတောင်များ
ရုတ်တရက် ကျင်စက်နဲ့ အတို့ခံကြရသလို
အထိတ်တလန့်ချောက်ချား။

ထို့နောက်
အနိစ္စ ဒုက္ခ အနတ္တ
လိုအပ်သည်ထက် ရေရွတ်ဆင်ခြင်ကြ။

ထို့နောက်
ဒါန သီလ ဘာဝနာ
အထိုက်အလျောက် မှီရာအကိုင်း လှမ်းဆွဲကြ။

ထို့နောက်
လူမှုအရေးအခင်းနဲ့ စားဝတ်နေ ဝဲဂယက်ထဲ
လောဘ ဒေါသ မောဟတွေ တွယ်ယှက်
အတ္တ မာန အာဃာတတွေရစ်နှောင်။

ထို့နောက်
အဖော်မပါခဲ့ဘူးဆိုတာနဲ့
တစ်ယောက်တည်း အပြန်ဆိုတာနဲ့
လက်ချည်းဗလာဆိုတာနဲ့
ပါးစပ်သံသရာထဲ ဝဲလှည့်နေကြပြန်။ ။

ဝေးအိမ်

www.burmeseclassic.com

www.burmeseclassic.com

DETECTI
POE

## လျှောက်လမ်း

စိတ်ခါးတောင်းကျိုက်ရင်း
ဘဝထဲမှာ ဘဝကိုရှာ
ဆန္ဒအလို ဘာမှမပြည့်
ကံကြမ္မာကို ယိုးမယ်ပွဲ့ရမလို
အလိုမကျ
ဘာကိုမှ အာလျှမပြေ
အကွေ့အကောက်တွေကြား
ဝေ့လည်ရစ်သီ
မောဟတွေ အဆီအစ်
မဖြည်ဖြစ်တဲ့ ကြိုးတွေက ရှုပ်ရှုပ်ထွေးထွေး။

လှမ်းရင်းနဲ့မရောက်
ဘယ်နေရာ လမ်းပျောက်နေပါလိမ့်
လာလမ်းကို ပြန်လှည့်ကြည့်ချင်ရဲ့။

အခုတော့
စိတ်အလွှာတစ်ခုလုံး
အဝိဇ္ဇာထုဖုံးကွယ်နေတော့
မဆုံးတဲ့ ခရီးတွေထဲ . . . ငါ့မှာ . . .
အရှုံးကြီးတွေနဲ့ပဲ လျှောက်နေရရဲ့။ ။

**ယယ်လေးမောင်(သပြေရုံ)**

www.burmeseclassic.com

www.burmeseclassic.com



# စုံထောက် စာအုပ်စင်





ဒေါက်တာ မောင်ယဉ်ကျော်၊ နန္ဒာမိုးကြယ်၊ ဗညားဦး

## ကျောင်းကြီးပေါ်က ဇာတ်လိုက်များ

မိုင်လှမြင့်(အိမ်မဲ)စီစဉ်သော **အိမ်မဲမြို့**၊ အထကအမှတ်တရထုတ်ဝေသည့်စာအုပ်ဖြစ်သည်။ ဆရာသုံးယောက်၏စာစုများကို စုစည်းထားခြင်းလည်းဖြစ်သည်။ အိမ်မဲမြို့သူမြို့သားများ အလွမ်းပြေဖတ်ကြရမည့်အပြင် အနယ်နယ်အရပ်ရပ်မှ စာဖတ်သူများအတွက်လည်း စာပေဗဟုသုတရရှိနိုင်သည့်စာအုပ်ဖြစ်သည်။ မှတ်တမ်းဓာတ်ပုံဝေဝေဆာဆာဖြင့် ရွှေဗညားစာပေမှ ထုတ်ဝေဖြန့်ချိသည်။

---



## ညီညီကျော်လတ် ၏

ဝတ္ထုတိုများ

ဆက်ပိုင်ကျော်စီစဉ်သည့် ဆရာညီညီကျော်လတ်(စီးပွားရေး)၏ ဝတ္ထုတိုစုစည်းမှုဖြစ်သည်။ ဝတ္ထုတိုပုဒ်ရေ ၁၀ ပုဒ်တိတိပါဝင်၍ နှစ်လိုဖွယ်အရေးအသားများဖြင့် ပုံဖော်တင်ပြထားသည့် ဆရာ့လက်ရာကောင်း လက်ရာမွန်များဖြစ်သည်။

ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

---



အရုပ်ကမ္ဘာနှင့် ရသဝတ္ထုတိုများ

## တောင်တွင်းကိုရင်ညြ

ဆရာ တောင်တွင်းကိုရင်ညြ၏ အရုပ်ကမ္ဘာနှင့်ရသဝတ္ထုတိုများစာအုပ်တွင် ဘဝသရုပ်ဖော်၊ လျှို့ဝှက်သည်းဖို၊ အချစ်စသော ရသစုံဝတ္ထုတိုပေါင်း ၁၃ ပုဒ်တိတိပါဝင်သည်။ ဆရာညီညီနိုင်နှင့် ဆရာနန္ဒာမိုးကြယ်တို့၏ အမှာစာနှင့်အတူ ဆရာ့လက်ရာများကို ဖတ်ကြရမည်ဖြစ်သည်။ မစုစုအောင် (Shinning Star) စီစဉ်၍ မျိုးဆက်သစ်စာပေမှ ထုတ်ဝေဖြန့်ချိသည်။

---



ညီမငယ်တွေ သိစေချင်...

## သထုံဖိုးပါ

ဆရာ သထုံဖိုးပါက သူ၏စာအုပ်ထဲတွင် အမျိုးသားရေးစိတ်အားနည်းနေလျှင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှု အားနည်းပါလိမ့်မယ်။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်မှုအားနည်းလာလျှင် အမျိုးဂုဏ်ဇာတိဂုဏ်တွေ အမျိုးသားရေးလက္ခဏာတွေ တစ်စစ ပပျောက်သွားမှာ သေချာပါတယ် ဟုဆိုသည်။ မိန်းကလေးတိုင်းဖတ်သင့်သော သမီးရှင်တိုင်းဖတ်သင့်သော စာအုပ်ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။



www.burmeseclassic.com

www.burmeseclassic.com





## အရှင်စိတ္တဒီပ (ရွှေတောင်ဦး)

### စည်းအပြင်မှ စောင့်ကြည့်ခြင်း

ဆရာတော် အရှင်စိတ္တဒီပ၏ စည်းအပြင်ကစောင့်ကြည့်ခြင်း ဆောင်းပါးများစုစည်းမှုထဲတွင်ပါဝင်သော ဓမ္မလမ်းညွှန်စာပေများသည် လောကသဘာဝနိယာမတရားကို သံဝေဂတရားပွားများရင်း ဘဝ၏ငြိမ်းချမ်းမှုရသကို ခံစားရနိုင်ပေသည်။ စည်းအပြင်မှ စောင့်ကြည့်လျှင် အရာရာကို ထင်သာမြင်သာ ခံစားရပေမည်ဟုသာ ဆိုချင်ပါသည်။

လှိုင်ကြည်ဖြူ ဓမ္မဝီရစာပေတိုက်မှ ထုတ်ဝေဖြန့်ချိသည်။

---



## ငြိမ်းချမ်းသူ

### မြန်မာ့ငြိမ်းချမ်းရေးမှ ကမ္ဘာ့ငြိမ်းချမ်းရေးသို့

### (သို့မဟုတ်) ဒီလိုမနေနဲ့ ဒီလိုနေ

ငြိမ်းချမ်းသူ၏ စာအုပ်ငယ်ကလေးတွင် ဘာသာတရားသည် လူသားတို့အတွက် လွန်စွာအရေးကြီး၏။ လက်နက်ကိရိယာ၊ သြဇာအာဏာတို့သည် ရုပ်ပိုင်းဆိုင်ရာတို့ကိုသာလျှင် ထိန်းကွပ်တားဆီးနိုင်၏။ စိတ်ပိုင်းဆိုင်ရာကိုမူ ချုပ်တီးနိုင်စွမ်းမရှိပါ။ စိတ်ပိုင်းကိုရော ရုပ်ပိုင်းကိုပါ ထိန်းကွပ်တားဆီးနိုင်သည်မှာ ဘာသာတရားသာလျှင်ဖြစ်သည် ဟု ဆိုထားသည်။ လေ့လာဖတ်ရှုသင့်သော စာအုပ်ကလေးဖြစ်သည်။

---



## မသန်း (ပညာရေး)

### ဗုဒ္ဓ၏အလိုတော်ကျ ကထိန်ခင်းအလှူ

ဆရာမ၏ စာအုပ်ထဲတွင် ကထိန်သင်္ကန်းစတင်ဖြစ်ပေါ်လာပုံ၊ ကထိန်အလှူအကျိုး၊ ထေရဝါဒဗုဒ္ဓဘာသာနှင့်အညီ ကထိန်လှူပုံလှူနည်း စသည်များကို ဗုဒ္ဓစာပေများကို အကိုးအထောက်ပြု၍ တင်ပြထားသည်။ ဘာသာရေးနှင့်ပတ်သက်၍ အသိပညာတိုးပွားလိုသူများ ဖတ်သင့်သည်။ ပညာအိမ်စာအုပ်တိုက်မှ ထုတ်ဖြန့်ချိသည်။

---



## နတ်တလင်း ဦးအုန်းမောင်

### သွေးဆေးပေါင်းချုပ်ကျမ်း

ပညာအလင်းပြဆရာဦးအုန်းမောင် ပြုစုသော သွေးဆေးပေါင်းချုပ် ဆေးကျမ်းကြီးဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးလောကတွင် ထင်ရှားသည့် သွေးဆေးဖော်စပ်နည်းပေါင်း ၁၀၀ ကျော်နှင့် ဣတ္ထိရတနာဓာတ်ကျမ်းကြီးအပါအဝင် ဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေး လေ့လာလိုသူများနှင့် ကုထုံးများကိုပါ အသေးစိတ်ဖော်ပြထားသည့် ရှားပါးသည့် အကျိုးပြုကျမ်းတစ်စောင်ဖြစ်သည်။ ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိသည်။




www.burmeseclassic.com

www.burmeseclassic.com



ဆောင်းပဟေမွန်

# နိုင်ငံတကာစုံထောက်



## သီရိလင်္ကာတွင် အွန်လိုင်းမှတစ်ဆင့် ငွေလိမ်သူ တရုတ်နိုင်ငံသား ၁၀၀ ကျော် အဖမ်းခံရ

သီရိလင်္ကာနိုင်ငံတွင် အင်တာနက်မှတစ်ဆင့် ငွေလိမ်ယူနေသော တရုတ်နိုင်ငံသား ၁၀၀ ကျော်ကို ဖမ်းမိနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက ပြောကြားခဲ့သည်။

သီရိလင်္ကာ ဗီဇာကိုင်ထားသော ယင်းတရုတ်နိုင်ငံသားတို့သည် တရုတ်နိုင်ငံအတွင်းရှိ ကွန်ပျူတာများ၏ အချက်အလက်များကို ခိုးယူကာ သီရိလင်္ကာရှိ ဘဏ်စာရင်းများထံ ငွေလွှဲပေးရန် လိမ်လည်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့အကြီးတန်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တရုတ်ရဲများက သီရိလင်္ကာရဲတပ်ဖွဲ့ကို အကူအညီတောင်းပြီး မြို့တော် ကိုလံဘိုဝန်းကျင်အား စီးနင်းရှာဖွေရာ၌ ယင်းကဲ့သို့ ဖမ်းမိခြင်းဖြစ်သည်။ သီရိလင်္ကာတွင် တည်ထောင်ထားသော တရုတ်တို့၏ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများအတွက် တရုတ်နိုင်ငံသားထောင်ပေါင်းများစွာလာရောက် အလုပ်လုပ်ကိုင်လျက်ရှိသည်။

ယင်းကိစ္စအား ကိုလံဘိုရှိတရုတ်သံရုံးကို မေးမြန်းရာတွင် ဖြေကြားခဲ့ခြင်းမရှိပေ။

Ref; AFP



www.burmeseclassic.com

www.burmeseclassic.com



## အမေရိကန်နိုင်ငံရှိ မူလတန်းကျောင်းတွင် သေနတ်သမားပစ်ခတ်မှုကြောင့်

# ကလေးနှင့်လူကြီး ၂၇ ဦးသေဆုံး



အမေရိကန်ပြည်ထောင်စု၊ ကွန်နက်တီကတ်ပြည်နယ်၊ နယူးတောင်းမြို့၊ အန်ဒီဟွတ် မူလတန်းကျောင်းတွင် မနက် ၉ နာရီ ၃၀ မိနစ်အချိန်၌ အသက် ၂၀ အရွယ် လူငယ်တစ်ဦးမှ ကျူးကျော်ဝင်ရောက်လာကာ စာသင်ခန်း ၂ ခန်းရှိ အသက် ၅ နှစ်မှ ၁၀ နှစ်အရွယ် ကလေး ၂၀ ကျော်နှင့် ကျောင်းအုပ်ကြီး အပါအဝင် လူကြီးများကိုပါ အော်တိုမက်တစ် သေနတ် ၃ လက်နှင့် ပစ်သတ်ခဲ့သည်။

အလွန်ငယ်ရွယ်သော ကလေးသူငယ်များကို ရက်စက်စွာတစ်ကြိမ်ထက်မနည်း ရက်ရက်စက်စက် ပစ်သတ်ခဲ့သူ အသက် ၂၀ အရွယ် Andy Lanza သည် သူ၏ မိခင်အား သူတို့အိမ်တွင်အရင်ဆုံး ပစ်သတ်ပြီးမှ မူလတန်းကျောင်းတွင် ဝင်ရောက်အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သည်။ ၎င်းနောက် ကိုယ့်ကိုယ်ကိုပစ်ပြီးအဆုံးစီရင်ခဲ့သည်။

အမေရိကန်တစ်ပြည်လုံးမှ မိဘများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံသားများက သေဆုံးသူ ကလေးများ၏ မိဘများနှင့်အတူ အားလုံးဝမ်းနည်းကြေကွဲကြောင်းနှင့် အမေရိကန်အစိုးရက ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူရန် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

အစိုးရများ၊ အဖွဲ့အစည်းများနှင့် နိုင်ငံရေးအဖွဲ့များက အမေရိကန်ပြည်ထောင်စု၏ လက်နက်ကိုင်ဆောင်ခွင့် ဥပဒေကို ပြန်လည်စဉ်းစား စိစစ်ရန် ထုတ်ဖော်ပြောဆိုခဲ့ကြသည်။

သေနတ် ထိန်းချုပ်ရေး ဥပဒေအရ စစ်ပွဲသုံး အော်တိုမက်တစ် သေနတ်များ၊ လက်နက်ကြီးများအား နိုင်ငံသားများ ကိုင်ဆောင်ခွင့်ကို ကန့်သတ်ထားသော်လည်း လွယ်ကူစွာ ဝယ်ယူနိုင်သောကြောင့် လူကြီး လူငယ်တိုင်းတွင် ကိုင်တွယ်ပစ်ခတ်မှုများမှာ ရင်းနှီးကျွမ်းဝင်မှုရှိကြကြောင်း သိရှိရသည်။

Ref; CNN

# ကော်လိုရာဒိုပစ်ခတ်မှု လူလေးဦးသေဆုံး

အမေရိကန်ပြည်ထောင်စုတွင် ၂၀၁၂ ခုနှစ်က ရုပ်ရှင်ရုံအတွင်း လူအစုလိုက်အပြုံလိုက် ပစ်သတ်ခံရသော ကော်လိုရာဒိုပြည်နယ် (Aurora) အော်ရိုရာမြို့တွင် ရဲများနှင့် သေနတ်သမားတစ်ဦး ထိပ်တိုက်ရင်ဆိုင်တိုးခဲ့ရပြီးနောက် သေနတ်သမားအပါအဝင် လူလေးဦးသေဆုံးခဲ့သော ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။



စနေနေ့ ပစ်ခတ်မှုအတွင်း အိမ်တစ်လုံးထဲတွင် အကာအကွယ်ယူထားသော သေနတ်သမားကို ရဲများမှ ဝင်ရောက်ရှင်းလင်းချိန်တွင် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားခဲ့သည်။

ယခုနောက်ဆုံး ပစ်ခတ်မှုဖြစ်ပွားသည့် Aurora မြို့သည် ပြီးခဲ့သောနှစ် ဇူလိုင်လတွင် The Dark Knight Rises



www.burmeseclassic.com

www.burmeseclassic.com



အမည်ရှိ လင်းနို့လူသား ရုပ်ရှင်ပြသနေသည့် ရုပ်ရှင်ရုံတစ်ရုံတွင် သေနတ်သမားတစ်ဦး ဝင်ရောက်ပစ်ခတ်မှုကြောင့် လူ ၁၂ ဦး သေဆုံးပြီး ၅၈ ဦး ဒဏ်ရာရခဲ့ဖူးသည့် မြို့လည်းဖြစ်သည်။

သေနတ်သမား James Holmes သည် ရုပ်ရှင်ရုံထဲသို့ မျက်ရည်ယိုဗုံး ပစ်သွင်းပြီးမှ ပရိသတ်များကို ပစ်ခတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့မှ ပြောကြားပါသည်။

ယင်းသေနတ်သမားအား လူသတ်မှု၊ လူသတ်ရန်ကြံစည်မှု၊ ဖောက်ခွဲရေးပစ္စည်း လက်ဝယ်ပိုင်ဆိုင်မှုစသည့် အမှုများအပါအဝင် အမှုပေါင်း ၁၄၂ မှုနှင့် တရားစွဲထားပြီး အမှုအတွက် ကြိုတင်ကြားနာမှုများကို တနင်္လာနေ့တွင် စတင်စစ်ဆေးနေပါသည်။

Ref; VOA

---

# အိန္ဒိယအဓမ္မမှု ကျန်ရစ်သူ ပြန်ပြောပြ



အိန္ဒိယနိုင်ငံ ဒေလီမြို့မှ ဘတ်စ်ကားတစ်စီးပေါ်တွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလက အုပ်စုဖွဲ့ အဓမ္မပြုကျင့်ပြီး ရိုက်နှက်ခံခဲ့ရ၍ သေဆုံးခဲ့ရသော အသက် ၂၃ နှစ်အရွယ် ဆေးကျောင်းသူ မိန်းမငယ်လေးနှင့် အတူပါလာသော အမျိုးသားမိတ်ဆွေသည် သူ၏ ထိတ်လန့်တုန်လှုပ်စရာ အတွေ့အကြုံများကို ပထမဆုံးအကြိမ် နိုင်ငံပိုင် မီဒီယာများအား ပြောကြားခဲ့သည်။ ထိုအမျိုးသားသည် ၎င်းတို့ မည်သို့ တိုက်ခိုက်ခံခဲ့ရသည်ကို ပြောပြခဲ့ပြီး ၎င်း၏ အမည်အား ဖော်ပြခဲ့ခြင်းမရှိခဲ့ပေ။

ထိုအမျိုးသား ပြောပြချက်အရ ၎င်းနှင့် ဆေးကျောင်းသူမိတ်ဆွေတို့ ရုပ်ရှင်ရုံမှ အပြန်လမ်းတွင် ဘတ်စ်ကားတစ်စီးက ညာ၍ခေါ်တင်ခဲ့ကြောင်း၊ မိမိတို့မှာလည်း တကယ့်ခရီးသည်တင်ကားအထင်နှင့် လိုက်ပါလာ၍ ကားခပင်ပေးခဲ့ကြောင်း၊ ကားပေါ်တွင် ပါလာသော အမျိုးသား ၆ ဦးသည် ကားတံခါးများကို သော့ချလိုက်ပြီး မိမိ မိတ်ဆွေအမျိုးသမီးအား စကြနောက်ကြ၍ မိမိနှင့်ရန်ဖြစ်ကြကြောင်း။

ထိုလူရမ်းကားများထဲမှ တစ်ဦးသည် မိမိအား သံတုတ်နှင့်ရိုက်ပြီး အတူပါလာသူ မိန်းကလေးအား ရက်ရက်စက်စက် ညှဉ်းပန်းရိုက်နှက် အဓမ္မပြုကျင့်ကြပြီး ဒေလီမြို့အား တစ်နာရီခန့် ကားပတ်မောင်းကြပြီး မိမိတို့နှစ်ယောက်လုံးအား အဝတ်ဗလာနှင့် ကားပေါ်မှ ပစ်ချခဲ့ကြကြောင်း။

အမျိုးသမီးလေးက သွေးထွက်လွန်နေ၍ လမ်းသွားလမ်းလာများအား အကူအညီတောင်းခဲ့သော်လည်း ကယ်တင်မည့်သူမရှိဘဲ နာရီဝက်ခန့်ကြာမှ ရဲကားများ ရောက်ရှိလာကြောင်း။

၎င်းတို့အား နီးနီးနားနားဆေးရုံသို့ ခေါ်သွားရမည့်အစား အလွန်ဝေးလံသော ဆေးရုံသို့ခေါ်သွားပြီး အကြာကြီးစောင့်နေရကြောင်းနှင့် သူတို့အတွက် အဝတ်အစားအား မနည်းတောင်းပန်၍ တောင်းယူရကြောင်း ပြောပြပါသည်။

မိမိ၏ မိတ်ဆွေအမျိုးသမီးအား သေဆုံးမည်ဟု လုံးဝမျှော်လင့်မထားကြောင်းနှင့်လူအများ၏ ကူညီလိုသည့် လူမှုရေးစိတ်ဓာတ်ခေါင်းပါးမှုကိုလည်း ဝေဖန်ပြောကြားခဲ့သည်။

ယင်းအမျိုးသား ၆ ဦးအနက် ၅ ဦးအား မုဒိမ်းမှု၊ လူသတ်မှု၊ ပြန်ပေးမှုများနှင့် တရားစွဲထားပြီး ပြစ်မှုထင်ရှားလျှင် သေဒဏ်အထိ ကျခံရနိုင်သည်။ ဆဋ္ဌမမြောက် တရားခံအား အသက် ၁၈ နှစ်မပြည့်သေးသဖြင့် လူငယ်ထိန်းသိမ်းရေးစခန်းတွင်သာ ဆေးစစ်ချက်အတည်ပြုမှုအား ရယူလျက်ရှိသည်။ ယနေ့ချိန်ထိ တရားခံ ၅ ဦးဘက်မှ လိုက်ပေးမည့် ရှေ့နေတစ်ဦးမှ မရှိသေးပေ။

Ref; BBC

## ဆောင်းဟေမန်



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# လွိုင်လင်

မဒ္ဒီတဒိုနဲ့
မစို့ မဒို့ အလှတရားတွေကို ပိုင်ဆိုင်ပြီး
မပ မညွှာ၊ သဘာဝတရားနဲ့အညီ
အချိန် အခါ ရာသီမရွေး
နှားအေး ပါးအေး နေထိုင်တတ်သလို
ကိုယ်ကိုင်က သမိုင်းမှာ မထင်ရှားပေမယ့်
ကိုယ့်ရင်ငွေ့ကိုယ်နို့လှုံ့ရင်း ကြီးပြင်းလာကြတဲ့
သမိုင်းဝင် သားနှစ်ဦးရဲ့
ထူးခြားပြောင်မြောက်တဲ့ ဂုဏ်သတင်းတွေကြား
ကျေနပ်စွာ မုဒိတာပွားရင်း
ပကာသနကင်းကင်းနဲ့
ဘဝကို ရိုးရိုး ရှင်းရှင်း တည်ဆောက်။

လမ်းဆုံဖြစ်တဲ့အတွက်
ရှေ့ဆက်ရမယ့်သူတွေ လမ်းမဆုံးခင်
ပျော်ရွှင်တက်ကြွစွာ သွားလာနိုင်ဖို့အရေး
မောကြီးပမ်းကြီးနဲ့ ခရီးအဝေးကပဲ လာ လာ
အရှေ့၊ အနောက်၊ တောင်၊ မြောက်
ဘယ်အထိပဲ ရောက်အောင် သွား သွား
ခဏပဲနားနား၊ တစ်ညပဲ အိပ်အိပ်၊ တစ်လပဲနေနေ
ခွေးသိပ်ခိုနားသူတွေ စိတ်ကျေနပ်စေဖို့
ရင်ခွင်တံခါးကို အမြဲဖွင့်ပြီး
မငြီးမငြူ မငြိုမငြင်
လာသမျှလူကို လိုလိုချင်ချင် လက်ခံလေ့ရှိတဲ့ . . .။

တလှိုက်လှိုက်ခုန်နေတဲ့
ရင်တုန်သံကို စည်းချက်လိုက်ရင်း
တိမ်တွေရဲ့အကြား
ဆန်းဆန်းပြားပြား မြင်ကွင်းတွေနဲ့ပျော်မွေ့
ကွေ့ကွေ့ဝိုက်ဝိုက် သွားနေသော အခိုက်အတန့်မှာ
ရုတ်တရက်မျှော်လင့်မထားဘဲ
တောင်တွေကြားထဲက
ဘွားခနဲပေါ်လာတဲ့ မြို့ကလေး။ ။



ရဲထက်ဇော်




www.burmeseclassic.com

www.burmeseclassic.com



## စားပွဲပေါ်မှ အရုပ်များ



မြူးရွှင်စိတ်ဖုံး ပြုံးနိုင်းမလား
မျက်နှာထားကား မပြောင်းလဲ။

ဝမ်းနည်းစိတ်ပို ငိုနိုင်းမလား
မျက်နှာထားကား မပြောင်းလဲ။

ကြောက်ရွံ့စေသား ခြိမ်းခြောက်ပြားဦး
မျက်နှာထားကား မပြောင်းလဲ။

ရယ်လည်းမရယ် ငိုတယ်လည်းမရှိ
သတိကင်းခဲ့ ခံစားမှုပုံ
မတုန်မလှုပ် ငုတ်တုတ်တွေ။

ငိုရရယ်ရ
ရှုကြဲအမှန် သမုဒယမကျန်
လူ့ဘဝသဏ္ဍာန် ပြောရန်အလား
လောကဓံတရား လျစ်လျူရှုထားမြဲ
သောကလည်းမသိ၊ မောဟလည်း မကြည့်
ဒေါသလည်း မပြည့်၊ လောကထဲရှိ
စားပွဲပေါ်မှ အရုပ်များ။ ၊ ။

**ရဲမြင့်နောင်**



www.burmeseclassic.com

www.burmeseclassic.com



# နေကာမျက်မှန်

အောက်စီဂျင် တစ်ဝ
မြက်ခင်းစိမ်းမြမြ
နံနက်ခင်းအလှကို
မမြင်ရတာကြာပါပြီ ..။

စေတနာအလင်း
ဖန်ဆင်းပေးတဲ့ ကမ္ဘာ
မျက်ကြည်လွှာ အစားထိုး
တစ်ရေးနိုးစဲ
မျက်နှာလွှဲမိ
အကွဲအရှ စကတ်အတိုအစနှင့်
ရင်ခွဲကန့်လန့်ကာ ...မ
နေနှစ်စင်းထွက်ပြူစနယ်
ကိလေသာရေလှိုင်းတွေ ဘောင်ဘင်ထ
အသက်ရှူမဝတစ်ဝ
ကျောက်ခေတ်အစရဲ့ ယဉ်ကျေးမှု
ပြုသမျှကံ
မဝေဖန်တော့ပါဘူး
နေကာမျက်မှန်တစ်လက်လောက်တော့ လိုချင်တယ်။ ။

**ဖယ်ဂို မောင်မိုးအေး**





www.burmeseclassic.com

www.burmeseclassic.com



## မရပ်နားသော စစ်ပွဲများ

မနေ့က စစ်ပွဲမှာ
အလဲလဲ အကွဲကွဲ
မသေရုံ သေခဲ့
အသက်ရှင်ဆဲ ။

သက်ပြင်းတွေ အခါခါ ထွက်ကျခဲ့၊
အားမွေးရင်း အားသွေးရင်း
ကိုယ့်သွေးနဲ့ကိုယ်ဝေဦး၊
ကိုယ့်ချွေးကိုယ်သောက်
ရင်ဘတ်က ကြောက်စိတ်ကိုငါးစား
အိပ်မရတဲ့ ဝိုးတဝါးညကို
ငိုနေတဲ့ ထရံကြားထိုးထည့်
လှောင်ပြောင် ပြုံးမဲ့မဲ့ဖြစ်နေတဲ့
ကျူပလိုနဲ့ အပူပိုနေတဲ့ နေမင်းကို
မကြည့်ညိုဘဲ မရဲတရဲကြည့်ကာ
ချက်နှာကို မျက်ရည်နဲ့သစ်
မချစ်လိုဘဲ နေ့သစ်တစ်နေ့ရဲ့စစ်ပွဲ
ငါဆက်နွှဲရဦးမယ်။

ဆင်းရဲခြင်း ရန်သူကိုတိုက်ဖို့
စိတ်တူလို့ ဘယ်သူကူပါ့
သွေးတူရင် ကူကြဟော့နော်။ ။

**မင်းခန့်လူ**





www.burmeseclassic.com

www.burmeseclassic.com





## အတွေးစများဖွဲ့သီခြင်း

ရှင်သန်ဖို့ မွေးဖွားလာခဲ့ကြသလို
သေဆုံးဖို့ ရှင်သန်ခဲ့ကြတာပဲမဟုတ်လား
ရှင်သန်ခြင်းနဲ့ သေဆုံးခြင်းကြားမှာ
တစ်စက္ကန့်ပဲခြားသတဲ့

ဘယ်သူမှ အမှားနဲ့ကင်းကြတာမဟုတ်ပေမယ့်
တရားမဲ့ရှင်သန်ခြင်းကိုတော့ ဘယ်ဘုရားမှ အားမပေးဘူး
ကိုယ်ကောင်းရင် ခေါင်းမခွေ့ဘူးဆိုတာ
နိုင်လုံတဲ့အကြောင်းအရာတစ်ခုအပေါ်မှာ မူတည်တယ်။

ဆေးစက်ကျရာအရပ်မှာ
ဘဝတွေပြဇာတ်ဆန်တာမဆန်းပါဘူး
နေသားတကျဖြစ်နေတဲ့ တချို့ကိစ္စတွေမှာ
အသံတိတ်နှုတ်ပိတ်နေရတာ စိတ်ချမ်းသာလိမ့်မယ်
အရိုးစွဲအတ္တဆိုတာ
'ပျောက်'အောင်'ဖျောက်'ဖို့
ထင်သလောက်မလွယ်ဘူး။

**နိုင်မိုးဇော်**



www.burmeseclassic.com

www.burmeseclassic.com



# အတ္တမြစ်

ကိုယ်လုပ်မှဟုတ်
ကိုယ်မလုပ် အဟုတ်မထင်။

ကိုယ်ပြောတော့ကောင်း
ကိုယ့်အကြောင်းသာ အကောင်းမြင်။

ကိုယ်ကြဲစည်ရာ
အမှန်သာဟု
ထောင်ကာ မာန
ခွာမချသမျှ အယူဆတွေများ
အတ္တသားကောင် တရားကိုမေ့
အများမွေ့သော်
မေ့ခြင်းသံသရာလည်တော့၏။ ။

ကြယ်စင်မင်း(တပ်ကုန်း)





www.burmeseclassic.com

www.burmeseclassic.com





# ထာဝရတည်တံ့နေမည့် အမည်နာမ

ခေတ်တွေ ဘယ်လိုဟောင်းဟောင်း
စနစ်တွေ ဘယ်လို ပြောင်းပြောင်း
ကမ္ဘာတည်သရွေ့
မြန်မာဟော့လို့ ကြွေးကြော်လိုက်တာနဲ့
ယှဉ်တွဲပြီး မြင်လာစေရမယ့် ပုံရိပ် ..။

ငါတို့အားလုံး
ဖွဲ့နွဲ့သီကုံးလို့
ဘယ်တော့မှ ပြီးဆုံးသွားမှာမဟုတ်တဲ့
ဂုဏ်ကျေးဇူး ..။

ခမ်းနားတဲ့သမိုင်း
ထည်ဝါတဲ့ အတိတ်
မြင့်မြတ်တဲ့ ပေးဆပ်မှုနဲ့
မြန်မာပြည်သူလူထုအတွက်
ဘဝတစ်ခုလုံးကို ချခင်းပေးခဲ့သူ ..။

ရယူခြင်း အလျဉ်းမရှိ
ပေးဆပ်ခြင်းအတိနဲ့သာ
ဖြစ်တည်ရှင်သန်ခဲ့သူ ..။

ကျွန်တော် .. ခင်ဗျား
အားလုံးရဲ့ရင်ထဲ
အမြဲတမ်း ကိန်းဝပ်နေမယ့် နာမတော်
''ဗိုလ်ချုပ်အောင်ဆန်း''။ ။

**နွေနှောင်း(အိမ်မဲ)**



www.burmeseclassic.com

www.burmeseclassic.com



## အန္တသံသရာ

အရင်ဘဝက ပေါင်းဖက်တွေ
နှုတ်သင်ခနေတော့နော် ...

နောင်ဘဝမှာ ခူးဆွတ်ရမယ့် သီးပင်တွေ
ဒီဘဝမှာ မစိုက်ပျိုးနိုင်တော့ဘူး။

**လမင်းသစ္စာ**





www.burmeseclassic.com

www.burmeseclassic.com





# လူဆိုး

ဗညာခရေး

## နိုင်ငံတကာဂန္ထဝင်မှုခင်းများ





www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ မေလနောက်ဆုံးရက်သတ္တပတ်အတွင်း ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ထုတ်ဝေသောသတင်းစာများ၊ ဂျာနယ်များ၊ မှုခင်းဂျာနယ်များတွင် အမျိုးသမီးငယ်နှစ်ယောက်အား ရန်ကုန်မြို့ လူစည်ကားရာ ရပ်ကွက်ကြီးနှစ်ခုတွင် မီးရှို့သတ်ဖြတ်သည့် စိတ်မချမ်းမြေ့ဖွယ်ရာ သတင်းနှစ်ပုဒ်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရသည်။ အမျိုးသမီးငယ်တစ်ဦးကို သတ်သော လူသတ်တရားခံဖြစ်သူအား ရဲနှင့်တာဝန်ရှိသူများက ဖမ်းဆီးရမိထားသဖြင့် တရားဥပဒေအတိုင်း လိုအပ်သလို အရေးယူရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်ဟု ဖော်ပြခဲ့ပြီး ကျောင်းသူကလေးကို သတ်ဖြတ်ခဲ့၍ နေအိမ်ခန်းအား မီးရှို့ထားခဲ့သူတရားခံကိုမူ စုံစမ်းရှာဖွေလျက်ရှိသည်ဟု ကျွန်တော်ဖတ်ရှုခဲ့ကြရသည်။

ဖြစ်မှုကျူးလွန်သောသူများ၏ သဘာဝသည်ပင် လူအများနှင့်သက်ဆိုင်ရာဥပဒေဘက်တော်သားများဖြစ်ကြသော ရဲနှင့်စုံထောက်များ သိရှိစေခြင်းမရှိအောင်နှင့် အထောက်အထား၊ သက်သေခံ၊ သဲလွန်စ မကျန်ရစ်ခဲ့စေရန် သူတို့ဉာဏ်မှီသလောက် ပိပိရိရိ စီစဉ်ပြီးမှသာ ယင်းအမှုကို ကျူးလွန်ခဲ့ခြင်းဖြစ်၏။ သို့သော် ရာဇဝတ်မှုစုံစမ်းထောက်လှမ်းသူများအဖို့ အမှုနှင့် ပတ်သက်သော အကြောင်းအရာနှင့် သက်သေခံအထောက်အထားဖြစ်နိုင်မည့် ပတ်ဝန်းကျင်အချက်အလက်များအား စနစ်တကျ စေ့ငုစွာ စုံစမ်းစစ်ဆေးခဲ့လျှင် ဖြစ်မှုကျူးလွန်သူတရားခံအားအချိန်အနည်းငယ်အတွင်း ဖမ်းဆီးရနိုင်မည် ဖြစ်ပေသည်။ ထို့ကြောင့်ပင် ရာဇဝတ်ဘေး ကြေးမလွတ်နိုင်ဟု ရှေးသူဟောင်းတို့က အဆိုအမိန့်ရှိခဲ့ခြင်းဖြစ်ပါသည်။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် မှုခင်းဆေးပညာပါရဂူများ၏ ထင်မြင်ယူဆချက်များကို အနည်းငယ်တင်ပြလိုပါသည်။ မီးလောင်သေဆုံးရခြင်းသည် မတော်တဆဖြစ်ခြင်းလည်း ရှိ၏။ တမင်သက်သက် မီးရှို့သတ်ခြင်းမျိုးလည်း ရှိနိုင်၏။ မိမိကိုယ်မိမိ မီးရှို့၍ အဆုံးစီရင်ခြင်းမျိုးလည်း ရှိနိုင်၏။

မီးလောင်[illegible] ဖြစ်[illegible] [illegible] ပညာရှင်များက [illegible] ပြီး စုံစမ်းစစ်ဆေးသူများအဖို့ အရေးတကြီးလိုအပ်ချက်များ။ မသေခင် မီးလောင်ကျွမ်းခြင်းနှင့်သေပြီးမှအလောင်းကို မီးရှို့ခြင်းကို ခွဲခြားနိုင်ရန်ဖြစ်သည်။

မသေဆုံးမီ မီးလောင်ကျွမ်းခြင်းဖြစ်လျှင် နှာခေါင်းနှင့်လေပြွန်အတွင်း မီးသွေးမှုန့်များတွေ့နိုင်၏။ သွေးထဲတွင် မီးသွေးဓာတ်ပါဝင်သော အောက်စီဂျင်၊ မော်လီကျူးများတွေ့ရမည်ဖြစ်၏။

မသေမီ မီးလောင်ဒဏ်ရာမှာ အဖုအပိတ်များအတွင်း အရည်ကြည်များရှိပြီး ၎င်းတို့၏ ဘေးတွင် အသားအရေနီမြန်းနေသည်ကို တွေ့ရ၏။ သေဆုံးပြီးမှ မီးလောင်လျှင် အဖုအပိတ်အနည်းငယ်ထွက်နိုင်သော်လည်း အသားအရေနီးမြန်းဖူးယောင်ခြင်းလုံးဝမရှိနိုင်ဟု ဆိုကြ၏။ သဲလွန်စအဖြစ်တွေ့ရသော အလောင်း၏အနီးအနားရှိပစ္စည်းများ၊ ခန္ဓာကိုယ်ပေါ်မှ အဝတ်အစားများအား စစ်ဆေးကြည့်ရှုလျှင် သွေးစွန်းနေခြင်း၊ လောင်စာဆီများစွန်းပေနေခြင်းများကို တွေ့ရှိရမည်ဖြစ်၏။ ထို့ပြင် ကလေးငယ်များနှင့် အသက်ကြီးရွယ်အိုများ၊ ကျန်းမာရေးချို့ယွင်းသူများတွင် မီးလောင်ကျွမ်းအဏ ရာရလျှင် ပိုမိုပြင်းထန်စွာ ခံစားရ လောင်ကျွမ်းသော ဧရိယာအကျယ် အဝန်းများလျှင်လည်း ပိုမိုပြင်းထန်စွာ ခံစားရသည်ဟုဆိုသည်။

ဥပဒေရှုထောင့်မှကြည့်လျှင် တ စုံတစ်ယောက်သောသူက အခြားသ တစ်ဦးအား တစ်နည်းနည်းဖြင့် မီ [illegible] (သို့မဟုတ်) [illegible] ရက်ပေါင်း ၂ အတွင်း ကိုယ်ခံအားအပြင်းအထ ဝေဒနာခံစားရခြင်း(သို့မဟုတ်)ရ ပေါင်း ၂၀ အတွင်း မိမိလုပ်ဆော အလုပ်ကို မလုပ်နိုင်မကိုင်နိုင်ဖြစ်သ



www.burmeseclassic.com

www.burmeseclassic.com



အောင် နာကျင်စေလျှင် ပြစ်မှုပုဒ်မ ၃၂၀ အရ အပြင်းအထန်နာကျင်စေမှု ကျူးလွန်ရာရောက်ပြီး ပုဒ်မ ၃၂၄/၃၂၆ အရ ပြစ်ဒဏ်စီရင်ရမည်ဖြစ်သည်။

အလောင်းတစ်ခုလုံး မီးသွေးတုံးမျှ လောင်ကျွမ်းသွားသည့် အခြေအနေမျိုးတွင် ထိုသူ မည်သူမည်ဝါ ဆိုသည်မှာ အတိအကျပြောဆိုရန် မလွယ်ကူလှသော်လည်း ထိုသူသည် ယောကျ်ားလော ‥ အမျိုးသမီးလော ဆိုသည်ကို လိင်အင်္ဂါများကို စစ်ဆေး၍ ပြောဆိုနိုင်ပေသည်။ အရိုးများ၊ သွားများ၊ ဆက်စပ်ပုံများကိုကြည့်၍ သိရှိနိုင်သည်ဟု ဆိုကြ၏။

ယခုရေးသားဖော်ပြမည့် မီးလောင်သေဆုံးမှုမှာ ကမ္ဘာ့မှုခင်းသမိုင်းတွင် မှတ်တိုင်အဖြစ် မှတ်တမ်းတင်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီးမှ မှုခင်းသုတေသီအများက စိတ်ဝင်စားခဲ့သည့် မှုခင်းကြီးတစ်မှုဖြစ်ပါသည်။ တရားခံဖြစ်သူမှာ တစ်စုံတစ်ယောက်ကိုမီးရှို့၍ သတ်ခဲ့သည်။ သက်သေသာဓက ခိုင်ခိုင်မာမာတွေ့ရပြီး တရားခံကိုယ်တိုင်က သူ ထိုအမှုကို ကျူးလွန်ခဲ့ပါသည်ဟု ဝန်ခံခဲ့သော်လည်း သေဆုံးသူ မည်သူမည်ဝါဖြစ်ပါသည်ဟု ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့။ ရဲနှင့်စုံထောက်တို့ကလည်း သေဆုံးသူ မည်သူဖြစ်သည်ဟု ဖော်ထုတ်ခြင်း မပြုနိုင်သော Un-Solved Crimes ဟု သတ်မှတ်ထားခဲ့ပါသည်။

ထိုမှုခင်းကြီး ဖြစ်ပွားသည့် ၁၉၃၀ ခု၊ နိုဝင်ဘာလ၊ ပထမအတွင်း အင်္ဂလန်နိုင်ငံမှ ထုတ်ဝေသော ဒေးလီတယ်လီဂရပ်(ဖ)သတင်းစာ၊ ဒေးလီးမိုင်ရာ သတင်းစာ၊ ဒေလီစကက် Daily Sketch သတင်းစာအပါအဝင် သတင်းစာကြီးများ၊ မှုခင်းဂျာနယ်များ၊ ဖြစ်ရပ်မှန်မှုခင်းမဂ္ဂဇင်းများတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြသည်။ မှုခင်းစာရေးဆရာကြီးများကလည်း ထိုမီးရှို့သတ်မှုကြီးကို လုံးချင်းဝတ္ထုတစ်ဆယ့် ရှစ်အုပ်ရေးသားထုတ်ဝေခဲ့သဖြင့် အတော်အသင့် စိတ်ဝင်စားဖွယ်ကောင်းသော ဂန္ထဝင်မှုခင်းကြီးတစ်မှုဖြစ်ပါသည်။ ဤမှုခင်း၏ ဖြစ်စဉ်ကား အောက်ပါအတိုင်း ဖြစ်ပါသည်။


၁၉၃၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ထုတ်ဝေသော ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာမျက်နှာဖုံးတွင် အောက်ပါစိတ်ဝင်စားဖွယ်ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ကို ဖတ်ရှုကြရသော အင်္ဂလန်နိုင်ငံမှ သတင်းစာဖတ်ပရိသတ်အဖို့ တအံ့တဩ ဖြစ်ခဲ့ရ၏။

*"အံ့ဖွယ်မော်တော်ကားမီးလောင်မှု"*

*လန်ဒန်*

*၁၉၃၀၊ နိုဝင်ဘာလ ၆ ရက်။*

*ယမန်နေ့ နံနက်အစောပိုင်းက လန်ဒန်မြို့မြောက်ပိုင်း၊ ဟာဒင်ခတုန် အနီးရှိ အဝေးပြေးလမ်းမကြီးပေါ်တွင် ထူးဆန်းသော မော်တော်ကားမီးလောင် မှုတစ်မှုဖြစ်ခဲ့သည်ဟု*




**သူ့တွင် အားနည်းချက်တစ်ခုရှိသည်။**
**ထိုအားနည်းချက်မှာ အမျိုးသမီးများနှင့်**
**ရှုပ်ရှုပ်ထွေးထွေးနေထိုင်ခြင်းဖြစ်သည်။**
**တိတ်တိတ်ပုန်းဇနီးများလည်း**
**ရှိခဲ့သည်ဟု ဆိုကြသည် …**



www.burmeseclassic.com

www.burmeseclassic.com



သိရ၏။ ဒေသခံ လူအများ၏ သတင်းပေးပို့ချက်အရ ထိုနေ့နံနက် အရုဏ်တက်ချိန်တွင် ဝတ်စုံသပ်သပ်ရပ်ရပ်ဝတ်ဆင်ထားပြီး အရာရှိများကိုင်ဆောင်ထားသော လက်ဆွဲသေတ္တာငယ်ကလေးကို ကိုင်ဆောင်ထားသူသည် ပျာယီးပျာယာနှင့် လူတစ်ယောက်လမ်းမကြီးကိုဖြတ်၍ လူသွားလမ်းအတိုင်း ပြေးထွက်သွားသည်ကို လမ်းမကြီးပေါ်တွင် သွားလာနေကြသော လမ်းသွားလမ်းလာများက ရုတ်တရက်တွေ့ကြရသည်ဟု သိရသည်။

ထိုပုဂ္ဂိုလ်မှာ မွန်ရည်သူ လူကြီးလူကောင်းတစ်ယောက်ဖြစ်သည်ဟု သိရ၏။ ထိုလူ ပြေးထွက်လာသည့် လမ်းကွေ့တွင် မော်တော်ကားတစ်စင်း မီးလောင်နေသည်ကို တွေ့ကြရသဖြင့် လမ်းသွားလမ်းလာများနှင့် အဝေးပြေးလမ်းမတွင် သွားလာနေကြသော မော်တော်ယာဉ်များကလည်း ရပ်၍ မော်တော်ကားမီးလောင်နေခြင်းကို ဝိုင်း၍ငြိမ်းသတ်ခဲ့ရာ မိနစ်ပိုင်းအတွင်း ငြိမ်းသတ်နိုင်ခဲ့သော်လည်း မော်တော်ကားတစ်စင်းလုံး လောင်ကျွမ်းသွားခဲ့သည်။ မော်တော်ကားမှာ ယနေ့ခေတ်စားနေသော မောရစ်မိုင်နာအမျိုးအစား မော်တော်ကားဖြစ်ပြီး ကားရှေ့ခန်း ကားမောင်းသူဘေးတွင် ရုပ်ပျက်ဆင်းပျက် မီးလောင်ကျွမ်းထားသော အမျိုးသားတစ်ယောက်၏ အလောင်းကိုတွေ့ရသည်ဟု သတင်းရ၏။ အခင်းဖြစ်ပွားသော နေရာအနီးရှိ ဟာဒင်တန်ရွာကလေးမှ ရဲသားကြီးဘိုင်လေသည် ချက်ချင်း လာရောက်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာသို့ သတင်းပေးပို့ခဲ့ရာ စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ အင်စပက်တော်ကြီး လောရင့်(စ်) နှင့်တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးလျက်ရှိသည်ဟု သိရ၏။ ယခုသတင်းရေးသားဖော်ပြနေသည့်အချိန်ထိ မီးလောင်ကျွမ်း၍ သေဆုံးသူ မည်သူဖြစ်သည်ကို စုံစမ်းဆဲဖြစ်သည်ဟု သိရ၏။

*နောက်ဆက်တွဲသတင်း ...*

စကော့တလန်ယာဒ်အဖွဲ့၏အတိုင်ပင်ခံ မှုခင်းဆေးပညာပါရဂူ ဆာဘာနပ်စပီးလ်ဗြူရိုကိုယ်တိုင် သေဆုံးသူ၏အလောင်းအား စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု သိရှိရကြောင်း။

အထက်ဖော်ပြပါ ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာပါ သတင်းကိုပင် ဒေးလီးအိတ်(စ်)ပရက်(စ်)သတင်းစာ၊ ဒေးလီးမိုင်ရာသတင်းစာ၊ လန်ဒန်အီဗင်နင်းပို့သတင်းစာကြီးများကလည်း စိတ်ဝင်စားဖွယ် သတင်းခေါင်းစဉ်များဖြင့် ချဲ့ထွင်ရေးသားဖော်ပြခဲ့ကြသဖြင့် ထိုသတင်းမှာ ဟိုးဟိုးကျော်ခဲ့ရသည်။ လန်ဒန်လူထုနှင့် အင်္ဂလန်နိုင်ငံမှ လူထုကမူ စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ နာမည်ကျော် မှုခင်းဆေးပညာရှင် ခေတ်သစ်ရှားလော့ဟုမ်းဟု လူအများနှင့် သတင်းမီဒီယာများက ကင်ပွန်းတပ်ထားသော မှုခင်းဆေးပညာရှင် ဆာဘာနပ်စပီးလ်ဗြူကိုယ်တိုင် သေဆုံးသူ၏အလောင်းကို စေ့စေ့စပ်စပ် စုံစမ်းစစ်ဆေးနေသည်ဟု သိရှိရသဖြင့် သေဆုံးသူ မည်သူမည်ဝါဖြစ်သည်ကို အချိန်ပိုင်းအတွင်း စုံစမ်းတွေ့ရှိရလိမ့်မည် မျှော်လင့်ထားကြသည်။ စကော့တလန်ယာဒ်စုံထောက်အဖွဲ့မှ အင်စပက်တော်ကြီး လောရင့်(စ်)မှာလည်း ထိတ်ထိတ်ကျဲစုံထောက်ကျော်တစ်ဦးဖြစ်ရကား ပျောက်ဆုံးနေသော လက်ဆွဲသေတ္တာငယ်တစ်လုံးအား ကိုင်ဆောင်ထားသည်ဟုဆိုသော ပုဂ္ဂိုလ်ကိုလည်း ခြေရာခံနိုင်လိမ့်မည်ဟု ပြည်သူအများက မျှော်လင့်ထားကြသည်။

အင်စပက်တော်ကြီးလောရင့်(စ်) နှင့်အဖွဲ့သည် မီးလောင်ကျွမ်းထားသော မော်တော်ကားကို စနစ်တကျစစ်ဆေးခဲ့ရာ မီးလောင်ကျွမ်းထားခြင်းမရှိသော M-U 1468 ဟူသော မော်တော်ကားနံပါတ်ပြားကို တွေ့ရတော့သည်။ ဤတွင် စုံထောက်နှင့်ရဲတို့အဖို့ အခင်းဖြစ်ပွားသည့် မှုခင်းကြီးအား ဖော်ထုတ်နိုင်ရန် ကွင်းစက်တို့ကို တွေ့ရှိသွားခဲ့ပြီဖြစ်၏။ အထက်ဖော်ပြပါ မော်တော်ကားနံပါတ်ရှိသော မောရစ်မိုင်နာမော်တော်ကားပိုင်ရှင်မှာ နယ်လှည့်အရောင်းအဝယ်ပြုလုပ်သူ အထွေထွေပစ္စည်းအရောင်းကိုယ်စားလှယ် အယ်(လ်)ဖရက်အာသာရော့(စ်)ဆိုသူဖြစ်သည်ဟု သိရသည်နှင့် ရဲနှင့်စုံထောက်တို့သည် လန်ဒန်မြောက်ပိုင်း ဆင်ခြေဖုံးရှိ အထွေထွေပစ္စည်းရောင်းဝယ်ရေးကိုယ်စားလှယ် အာသာရော့(စ်)အိမ်သို့ သွားရောက်စုံစမ်းခဲ့သည်။ နေအိမ်တွင် အာသာရော့(စ်)ကိုမူ တွေ့ရခြင်းမရှိဘဲ သူ၏ဇနီးဖြစ်သူကိုသာ တွေ့ရပြီး အာသာရော့(စ်)မှာ အခင်းဖြစ်ပွားသည့်နေ့ကပင် အိမ်သို့ပြန်လည်ရောက်ရှိလာခြင်းမရှိ ပျောက်ဆုံးနေသည်ဟု သိရသဖြင့် စကော့တလန်ယာဒ်စုံထောက်မှ အာသာရော့(စ်)၏ ဓာတ်ပုံနှင့်ကိုယ်ရေးအကျဉ်း၊ ရာဇဝင်အချက်အလက်များ



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းအသီးသီးသို့ ပေးပို့၍ ပိုက်တိုက် ခြေရာခံရန် တာဝန်ပေးခဲ့၏။

အာသာရော့(စ်)၏ ဘဝဖြစ်စဉ်လည်း စိတ်ဝင်စားဖွယ်ကောင်းသည်။ သူ့ကို ခရစ်နှစ် ၁၈၉၄ ခုနှစ်တွင် လန်ဒန်မြို့တော်၊ ဟာနီဟီ(လ်)ရပ်ကွက်တွင် ဖွားမြင်ခဲ့၏။ ဖခင်ဖြစ်သူမှာ ခြေအိတ်များရောင်းချသူဖြစ်သည်။ သူ အသက် ၆ နှစ်အရွယ်တွင် မိခင်နှင့်ဖခင်ဖြစ်သူတို့မှာ အိမ်ထောင်ရေးအဆင်မပြေသဖြင့် လမ်းခွဲခဲ့ကြ၍ အာသာရော့(စ်)မှာ အဒေါ်ဖြစ်သူများနှင့် ကြီးပြင်းလာခဲ့ရ၏။ နွေးထွေးသောမိသားစုဖြစ်၏။ အာသာရော့(စ်)မှာ ဉာဏ်ရည်ထက်သူ ကလေးငယ်တစ်ဦးဖြစ်ပြီး အရည်အချင်းရှိသူ ရှေ့အလားအလာကောင်းသူလူငယ်တစ်ယောက်ဖြစ်သည်။ အသက် ၂၀ အရွယ်တွင် အတော်အသင့်အောင်မြင်သည့် စီးပွားရေးသမားတစ်ယောက်ဖြစ်ခဲ့၏။ လက်ထပ်ပြီး သုံးလအကြာတွင် ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့သဖြင့် ဘုရင့်တပ်မတော်ကြည်းတပ်တွင် အမှုထမ်းခဲ့ရသည်။

ပထမကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့ပြီး စစ်တပ်မှ အငြိမ်းစားယူကာ လန်ဒန်စီးပွားရေးလောကသို့ ခြေစုံပစ်ဝင်ခဲ့ရာမှ အရည်အချင်းရှိသော အာသာရော့(စ်)မှာ အောင်မြင်ပေါက်ရောက်သော နယ်လှည့်အရောင်းကိုယ်စားလှယ်တစ်ဦးဖြစ်လာသည်။ ၁၉၃၀ ခုနှစ်တွင်မူ လန်ဒန်မြောက်ပိုင်းတွင် အိုးပိုင်အိမ်ပိုင်ဖြစ်လာသည်သာမက မောရစ်မိုင်နာမော်တော်ကားတစ်စီးကို ပိုင်ဆိုင်လာခဲ့ပြီး ထိုစဉ်က တစ်နှစ် ပေါင် ၅၀၀ ခန့် ဝင်ငွေရှိသော စီးပွားရေးသမားဖြစ်လာခဲ့၏။ သို့သော် သူ့တွင် အားနည်းချက်တစ်ခုရှိသည်။ ထိုအားနည်းချက်မှာ အမျိုးသမီးများနှင့် ရှုပ်ရှုပ်ထွေးထွေးနေထိုင်ခြင်းဖြစ်သည်။ တိတ်တိတ်ပုန်းဇနီးများလည်း ရှိခဲ့သည်ဟု ဆိုကြသည်။ နယ်လှည့်အရောင်းကိုယ်စားလှယ်ဖြစ်သဖြင့် ခေတ္တနေထိုင်ရာ မြို့ရွာတိုင်းမှာပင် တိတ်တိတ်ပုန်းဇနီးများရှိသည်ဟု ဆိုသည်။

ရဲနှင့်စုံထောက်တို့သည် သူ့နောက်သို့ ပိုက်စိပ်တိုက်လိုက်ခဲ့ကြရာ အာသာရော့(စ်)အား ရက်သတ္တတစ်ပတ်အတွင်း နောသင်တန်မြို့နယ်တွင် ဖမ်းဆီးရမိခဲ့သဖြင့် ရဲတို့က လူတစ်ယောက်မီးရှို့သတ်မှု ထွက်ပြေးတိမ်းရှောင်မှုတို့ဖြင့် တရားစွဲဆိုခဲ့သည်။

မှုခင်းဆေးပညာပါရဂူ ဆာဘာနပ်စပီးလ်ဗြူရီကမူ သေဆုံးသူမှာ အသက် ၂၁ နှစ်ခန့် လူငယ်တစ်ဦးဖြစ်ပြီး အရပ် ၅ ပေ ၈ လက်မရှိနိုင်ပြီး ကျောက်မီးသွေးတွင်းအလုပ်သမားတစ်ဦးဖြစ်နိုင်ပြီး မော်တော်ကားအတွင်းမီးလောင်သေဆုံးရခြင်းသာဖြစ်သည်ဟု ထင်မြင်ချက်ပေးခဲ့၏။ အာသာရော့(စ်)ကမူ သေဆုံးသူကို မသိပါကြောင်း လမ်းတွင် တွေ့ဆုံရာတွင် ကားကြုံလိုက်လိုကြောင်း တောင်းပန်သဖြင့် ကားနှင့်တင်ခေါ်ယူခဲ့ကြောင်း၊ အခင်းဖြစ်ပွားသည့်နေရာအရောက်တွင် မော်တော်ကားဓာတ်ဆီကုန်သွားခဲ့ကြောင်း၊ မော်တော်ကားပေါ်တွင် ဓာတ်ဆီထည့်ထားသော ပုံးအတွင်းမှ ဓာတ်ဆီကို ထိုအမည်မသိသူက ဓာတ်ဆီထည့်ပေးစဉ် ထိုသူ မီးခြစ်ခြစ်ရာမှ မီးလောင်ကျွမ်းခဲ့ရခြင်းဖြစ်သည်ဟု ရဲတို့ထံထွက်ဆိုသည်။ သေဆုံးသူ မည်သူဖြစ်သည်ကို မသိပါဟု ထွက်ဆိုခဲ့သည်။ ရဲနှင့်စုံထောက်တို့သည် မီးလောင်ကျွမ်း၍ သေဆုံးရသူ မည်သူဖြစ်သည်ကို စနစ်တကျစုံစမ်းလေ့လာသော်လည်း စုံစမ်း၍ မရခဲ့ကြ။

ရဲတို့ကမူ အာသာရော့(စ်)အား နော့သန်ပတန်တရားရုံးတွင် အမည်မသိရသူတစ်ဦးအား မီးရှို့၍ သတ်မှုနှင့် ၁၉၃၁ ခုနှစ်၊ ဇန်နဝါရီလတွင် တရားစွဲဆိုခဲ့သည်။ အသေးစိတ်စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး အာသာရော့(စ်)ရုံးတော်မှ သေဒဏ်ချမှတ်ခဲ့သည်။ ၁၉၃၁ ခု၊ မတ်လ ၁၀ ရက်နေ့တွင် အင်္ဂလန်နိုင်ငံ ဘက်ဖို့ဒ်အကျဉ်းထောင်တွင် အာသာရော့(စ်)အား အမည်မသိလူတစ်ယောက်အား မီးရှို့သတ်ဖြတ်မှုနှင့် သေဒဏ်စီရင်ခဲ့ပါကြောင်း၊

လုမိုး(ပညာရေး)


ကျမ်းကိုး– Cause of Death by Frank Smyth



www.burmeseclassic.com

www.burmeseclassic.com






# ဥပဒေစုံထောက်

ဦးအာကာ
(တရားလွှတ်တော်ရှေ့နေ)

ဆရာခင်ဗျား

မကြာမီက မှုခင်းသတင်းဂျာနယ်တစ်စောင်မှာ "တတ်အားလိုင်း ရေယာဉ်တိုက်မှုအတွက် အမှုဖွင့်တိုင်ကြား" ဆိုတဲ့ ခေါင်းစဉ်နဲ့ သတင်း တစ်ခုကို ဖတ်လိုက်ရပါတယ်။ သက်ဆိုင်ရာက တိုင်ကြားသဖြင့် ရေယာဉ်မှူးအား ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အရေးယူစစ်ဆေးလျက်ရှိကြောင်း ဖတ်ရှုလိုက်ရပါတယ်။

ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)ရဲ့ ပြစ်မှုနဲ့ ပြစ်ဒဏ်တို့ကို သိချင်ပါတယ် ခင်ဗျာ။ ဥပဒေစုံထောက်အခန်းက ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

မောင်သီချင်(တာမွေ)

**မောင်သီချင်သို့**

မောင်သီချင်ဖတ်လိုက်ရတဲ့သတင်းကို ဆရာလည်း ဖတ်လိုက်ရပါတယ်။ လှိုင်မြစ်နားတစ်ဝိုက်မှာ ဖြစ်သွားတယ်လို့ မှတ်မိလိုက်ပါတယ်။ လှိုင်သာယာနားတစ်ဝိုက် ဖြစ်မှာပေါ့။

ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေဆိုတာ ၁၉၄၇ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ အများအားဖြင့် အဲဒီဥပဒေအရ အရေးယူရင် ပုဒ်မ ၆(၁) ဖြင့် အရေးယူလေ့ရှိပါတယ်။

ပြစ်မှုမြောက်ရန် လိုအပ်တဲ့ အင်္ဂါရပ်တွေကတော့ ပြည်သူ့ပိုင်ပစ္စည်းတစ်စုံတစ်ရာကို (က)တရားမဝင်ဘဲ လက်



www.burmeseclassic.com

ဝယ်ထားရှိမှု (ခ)ခိုးမှု (ဂ)အလွဲသုံးစားမှု (ဃ)အကျိုးဖျက်ဆီးမှု စတဲ့ အချက်တစ်ရပ်ရပ်ကို စွပ်စွဲခံရတဲ့သူထံ ကျူးလွန်ကြောင်း သက်သေခံချက်ရှိဖို့ လိုအပ်ပါတယ်။

ပြည်သူပိုင်ပစ္စည်းကို အခွင့်အာဏာမရှိဘဲ လက်ဝယ်ထားရှိသူဟာ အခွင့်အာဏာအရ လက်ဝယ်ထားခြင်းဖြစ်ကြောင်း၊ သက်သေထင်ရှားပြရန် တာဝန်အား ၎င်းအပေါ် တာဝန်ကျရောက်ပါတယ်။ အဲဒါကိုလည်း ပုဒ်မ ၆(၂)မှာ ပြဋ္ဌာန်းထားပါတယ်။

အဲဒီဥပဒေကို လွှတ်လပ်ရေးရကာနီးမှာ ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါတယ်။ သက်တမ်းအားဖြင့် (၆၆)နှစ်လောက်ရှိနေပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဒီကနေ့အထိ အသက်ဝင်လှုပ်ရှားဆဲ အသုံးဝင်ဆဲ ဥပဒေဖြစ်ပါတယ်။ ပြစ်ဒဏ်အနေနဲ့ကတော့ အမြင့်ဆုံး(၇)နှစ်ဖြစ်ပါတယ်။ အနိမ့်ဆုံးပြစ်ဒဏ်သတ်မှတ်ချက်ကတော့ မရှိပါဘူး။ အနိမ့်ဆုံးပြစ်ဒဏ်သတ်မှတ်ချက် မရှိတဲ့အတွက် ကျူးလွန်ခဲ့တဲ့ ပြစ်မှုအတိုင်းအတာကိုလိုက်ပြီး တရားရုံးက ပြစ်ဒဏ်ကို အလျှော့အတင်းပြုလုပ်လေ့ရှိပါတယ်။ ဥပမာအားဖြင့် အစိုးရပိုင်တဲ့ ပြည်သူပိုင်တဲ့ ဆန်တစ်အိတ်ကို ခိုးတဲ့ပြစ်မှုအတွက် ပြစ်ဒဏ်နဲ့ ပြည်သူပိုင်ဆန်ကို လော်ရီကားတစ်စီးနဲ့ ခိုးသွားတဲ့ ပြစ်မှုအတွက် ပေးရမယ့် ပြစ်ဒဏ်ကတော့ မတူညီနိုင်ဘူးပေါ့။ တရားရုံးရဲ့ ဆင်ခြင်တုံတရားအရ ချမှတ်နိုင်ခွင့်ကို ပေးထားခြင်းဖြစ်ပါတယ်။

---

ဦးလေးခင်ဗျား

**တစ်ခါတစ်ရံ ပြစ်မှုကျူးလွန်သူဆိုပြီး စွပ်စွဲခံရတဲ့လူကို ပုဒ်မ ၃၈၂ နဲ့ အရေးယူတဲ့သတင်းမျိုးကို ဖတ်ရပါတယ်။ ပုဒ်မ ၃၇၉ တို့ ပုဒ်မ ၃၈၀ တို့ဟာ ခိုးမှုနဲ့ အရေးယူတဲ့အခါ အသုံးပြုတဲ့ ပုဒ်မများအဖြစ် သိထားပါတယ်။ ဘယ်အခါမျိုးမှာ ပုဒ်မ ၃၈၂ နဲ့ အရေးယူတယ်ဆိုတာ သိချင်ပါတယ် ခင်ဗျား။**

**ဥပဒေလေ့လာသူတစ်ဦး(မုန်တောင်)**

ဥပဒေလေ့လာသူတစ်ဦးသို့

တူမောင်မေးတာလဲ ကောင်းပါတယ်။ **အများအား**ဖြင့် ခိုးမှုဆိုရင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ တို့ ပုဒ်မ ၃၈၀ တို့ပဲ သိကြတယ်။ ပုဒ်မ ၃၈၁ တို့ ပုဒ်မ ၃၈၂ တို့ကို သိပ်ပြီး မသိကြဘူး။

စပ်မိလို့ပြောရရင် ပုဒ်မ ၃၈၁ ဟာလည်း **ခိုးမှုတစ်**မျိုးပဲ။ စာရေး (သို့မဟုတ်) အစေခံက မိမိအား **စေခိုင်းသူ** (သို့မဟုတ်) အလုပ်ရှင်ရဲ့ ပစ္စည်းကို ခိုးယူခြင်းဖြစ်ပါတယ်။ ပြစ်ဒဏ်ကတော့ ခုနစ်နှစ်အထိပါပဲ။

ပုဒ်မ ၃၈၂ ဆိုတာကတော့ ခိုးမှုကို [illegible] အလို့ငှာ သေစေရန်ဖြစ်စေ၊ နာကျင်စေ[illegible] ရန်ဖြစ်စေ၊ ပြင်ဆင်ပြီးမှ ကျူးလွန်သော [illegible] အဲဒီသူခိုးကိုတော့ အလုပ်ကြမ်းနှင့် **တစ်ဆယ်နှစ်အထိ** ထောင်ဒဏ်ချရမည့်အပြင် ငွေဒဏ်လည်း **ချမှတ်နိုင်ပါသေးတယ်။**

ဥပမာတစ်ခုကို ပြောပြပါ့မယ်။ မောင်ဖြူဆိုသူက သက်ရှိပစ္စည်းကို ခိုးယူတယ်။ အဲဒီလို ခိုးယူတဲ့အခါ မောင်မဲက ခုခံရင် မောင်မဲကို နာကျင်စေရန်အလို့ငှာ ယမ်းတိုးပြီး ပစ္စတိုသေနတ်တစ်လက်ကို အသင့်ဆောင်ထားတယ်။ အဲဒါဆိုရင် မောင်ဖြူဟာ ပုဒ်မ ၃၈၂ ကို ကျူးလွန်ရာရောက်တယ်။

ခါးပိုက်နှိုက်မှုတစ်ခုနဲ့ ဥပမာပေးပါဦးမယ်။ ဖြစ်ဖျက်ပုံအခြေအနေကို မောင်မဲကမြင်၍ ခုခံခဲ့လျှင်သော်လည်းကောင်း၊ မိမိအား မောင်မဲက ဖမ်းဆီးရန် ကြိုးစားခဲ့လျှင်သော်လည်းကောင်း မောင်မဲကိုတားဆီးရန် မောင်ဖြူဆိုတဲ့ ခါးပိုက်နှိုက်က သူ့ကအပေါင်းအသင်းတွေကို [illegible] အဲဒီ [illegible] ၃၈၂ [illegible] တော့ [illegible]ပါတယ်။

ဒီလောက်ဆိုရင် တူမောင် သဘောပေါက်ပြီထင်ပါတယ်။

ဦးအာကာ(တရားလွှတ်တော်ရှေ့နေ)



www.burmeseclassic.com

www.burmeseclassic.com




## မောင်ဉာဏ်စိန်

## အမျိုးသားဆေးဝါးအကြောင်း သိကောင်းစရာများ

ရန်ကုန်နှင့် မန္တလေးကဲ့သို့သော မြို့ကြီးများတွင် အကုသ္ခူနာပြုသင်တန်းများ၊ အကုဆေးဝါးကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ကြောင်း မကြာခဏ ဖတ်ရှုရသည်၊ ထိုနည်းတူပင် ဆေးမျိုးစုံရောင်းချသောဆိုင်ကြီးများမှသည် ကွမ်းယာဆိုင်များအထိ နိုင်ငံခြားဆေး၊ ပြည်တွင်းဖြစ်ဆေး၊ တိုင်းရင်းဆေး အမျိုးမျိုးတို့အား ရောင်းချနေသည်ကို တွေ့ရှိနေရသည်။

ယင်းကဲ့သို့သော သင်တန်းများတွင် အမျိုးသားဆေးဝါးဥပဒေကို သင်ကြားခြင်းရှိ/မရှိကို မသိရပေ။ သင်ကြားခြင်းမရှိဟုဆိုလျှင် သင်ကြားမည်ဆိုလျှင် ကောင်းလေစွဟု တွေးတောမိသည်။ ထိုနည်းတူပင် ဆေးဝါးမျိုးစုံရောင်းချသော ဆေးဆိုင်ပိုင်ရှင်များနှင့် ကွမ်းယာနှင့်ဆေးမျိုးစုံရောင်းချသော ဆိုင်ပိုင်ရှင်များအထိ အမျိုးသားဆေးဝါးဥပဒေကို လေ့လာထားသင့် သိရှိထားသင့်သည်ဟု ယူဆပေသည်။ ထို့ကြောင့် ဤဆောင်းပါးကို ရေးသားလိုက်ရခြင်းဖြစ်ပေသည်။

အမျိုးသား ဆေးဝါးဥပဒေကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေတ်တွင် နဝတ၏ ဥပဒေအမှတ်(၇/၉၂)အဖြစ် ၃၀-၁၀-၉၂ တွင် စတင်ပြဋ္ဌာန်းခဲ့ပေသည်။ ယင်းဥပဒေတွင် အခန်း(၂၃)ခန်းပါရှိသည်။ အခန်း(၁)မှာ အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂)မှာ ရည်ရွယ်ချက်များ၊ အခန်း(၃)မှာ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်း၊ အခန်း(၄)မှာ လုပ်ငန်းတာဝန်များ၊ အခန်း(၅)မှာ မှတ်ပုံတင်ခြင်း၊ အခန်း(၆)မှာ လိုင်စင်လျှောက်ထားခြင်း၊ အခန်း(၇)မှ အရည်အသွေးအာမခံခြင်း၊ အခန်း( မှာ အမှတ်တံဆိပ်ကပ်ခြင်း၊ အခန်း( မှာ လိုင်စင်ခေတ္တရုပ်သိမ်းခြင်း၊ ပယ ဖျက်ခြင်း၊ အခန်း(၁၀)မှာ အယူခံခြင် အခန်း(၁၁)မှာ တားမြစ်ချက်၊ အခ (၁၂)မှာ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ အခ (၁၃)မှာ အထွေထွေမှုဟူ၍ ခွဲခြားဖေ ပြထားသည်။

ဤနေရာတွင် အခန်း(၂)၊ ရည် ရွယ်ချက်များ၊ အခန်း(၁၁) တားမြ ချက်များနှင့် အခန်း(၁၂)ပြစ်မှုနှင့်ပြ ဒဏ်များအကြောင်းကို ကောက်နု ဖော်ပြလိုက်ပါသည်။

ဤဥပဒေအခန်း(၂)တွင် မြန်မာ နိုင်ငံ အစားအသောက်နှင့်ဆေးဝါ အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်များကို ဖော်ပြထားရ အောက်ပါအတိုင်း တွေ့ရှိရပေသည်။

ပုဒ်မ(၃)

မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ကို အောက်ပ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားရှိ သည်။

(က) အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းရှင်းကာ အကျိုးသက်ရောက်မှုရှိသော ဆေးဝါး များကို အများပြည်သူတို့ သုံးစွဲနိုင်ရန်။

(ခ) ဆေးဝါးများ စနစ်တကျ မှတ်ပုံတင်ထားရှိရန်။

(ဂ)အရည်အသွေးစစ်မှန်ကောင်း မွန်ပြီး ဘေးဥပဒ်ကင်းရှင်းသော အစား အသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်။

(ဃ) အစားအသောက်နှင့် ဆေး ဝါးများထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊


www.burmeseclassic.com

www.burmeseclassic.com



ိုသိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို စနစ်တကျ ကွပ်ကဲထိန်းသိမ်းရန်၊

အမျိုးသားဆေးဝါးဥပဒေ၏ အရေးကြီးသော ပြဋ္ဌာန်းချက်တစ်ခုမှာ အခန်း(၁၁)ပါ တားမြစ်ချက်များဖြစ်သည်။ တားမြစ်ချက်များကို ပုဒ်မ(၁၅) ဂ)နှင့်(ခ)၊ ပုဒ်မ ၁၆ နှင့် ၁၇ တို့တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

**ပုဒ်မ ၁၅(က)**

မည်သူမျှ အောက်ဖော်ပြပါ ဆေးဝါးကို ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရ။

(၁) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါး။

(၂) မှတ်ပုံတင်ခေတ္တရပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းပြုလုပ်ထားသော ဆေးဝါး။

(၃) ဆေးဝါးအတု၊ စံမညီဆေးဝါး၊ ပျက်စီးဆေးဝါး၊ ရောနှောဆေးဝါး။

(၄) ဘေးဥပဒ်ဖြစ်စေနိုင်သည့် ပစ္စည်းများနှင့် ဖော်စပ်ထုတ်လုပ်ထားသောဆေးဝါး။

(၅) ကျန်းမာရေးဝန်ကြီးဌာနက သုံးစွဲရန်မသင့်ဟု အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဘေးအန္တရာယ်ရှိသည့် ဆေးဝါး။

**ပုဒ်မ ၁၅ (ခ)**

မည်သူမျှ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မှတ်ပုံတင်ထားသော ဆေးဝါးကို ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

**ပုဒ်မ ၁၆**

မည်သူမျှ လိုင်စင်မရှိဘဲ ဆေးဝါးကုန်ကြမ်း သို့မဟုတ် ဆေးဝါးကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

**ပုဒ်မ ၁၇**

လိုင်စင်ရရှိထားသူသည် –

(က) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

(ခ) ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ အာဏာပိုင်အဖွဲ့ကဖြစ်စေ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ။

အခန်း(၁၂)မှာ အရေးအကြီးဆုံးအခန်းဟု ဆိုနိုင်သည်။ မည်သည့်ပြစ်မှုကို ကျူးလွန်လျှင် ပြစ်ဒဏ်မည်မျှအထိပေးနိုင်သည်ကို ပြဋ္ဌာန်းထားသော အခန်းဖြစ်သည်။ ခေါင်းစဉ်မှာ "ပြစ်မှုနှင့်ပြစ်ဒဏ်များ" ဟူ၍ ဖြစ်သည်။

**ပုဒ်မ ၁၈**

မည်သူမဆို ပုဒ်မ ၁၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် (၇)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

**ပုဒ်မ ၁၉**

မည်သူမဆို ပုဒ်မ ၁၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ..

(က) မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် (၇)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ခ) မှတ်ပုံတင်ထားသော ဆေးဝါးနှင့်သက်ဆိုင်သော ပြစ်မှုဖြစ်ပါက ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၁၀၀၀ မှ အများဆုံး ကျပ် ၁၀၀၀၀ အထိဖြစ်စေ ထောင်ဒဏ် ၂ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

**ပုဒ်မ ၂၀**

လိုင်စင် ရရှိသူသည် ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀ မှ အများဆုံး ကျပ် ၅၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ်(၁)နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။


ဆေးဝါးများကို ထုတ်လုပ်သူ၊ ပြည်တွင်းသို့ တင်သွင်းသူ၊ ပြည်ပသို့ တင်ပို့သူ၊ သိုလှောင်သူ၊ ဖြန့်ဖြူးရောင်းချသူများအနေဖြင့် အမျိုးသားဆေးဝါးဥပဒေကို သေချာစွာ လေ့လာသင့်ကြပေသည်။ အကူသူနာပြုသင်တန်းများနှင့် အကူဆေးဝါး ကျွမ်းကျင်သင်တန်းများတွင်လည်း အမျိုးသားဆေးဝါးဥပဒေကိုပါ ထည့်သွင်းဆွေးနွေးသင့်ပို့ချသင့်ကြကြောင်း ရေးသားတင်ပြအပ်ပေသည်။

မောင်ညာဏ်စိုး



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

# COVER STORY





www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁)

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သနပ္ပင်ရွာတွင် ကိုကံအေးဆိုသူသည် ဇနီးမယားသမီးသားတို့ဖြင့် အေးချမ်းစွာအတူနေထိုင်လျက်ရှိ၏။ ကံအေးဆိုသည့်အတိုင်း အမည်ဖြင့်လိုက်အောင် အပြောအဆို၊ အနေအထိုင်က အေးဆေးလှပါ၏။ ကံအေး၏ဇနီးကမထွေး၊ မထွေးကလည်း လင်သားကံအေးအပေါ် နွေးနွေးထွေးထွေးရှိသည်။ ကံအေးနှင့် မထွေးတို့၏ဝမ်းစာရေးအလုပ်က ကြုံရာကျဘန်း။ ဇနီးသည်မထွေးက ရွာမှာပင် လက်လှုပ်၊ ခြေလှုပ်ဖြင့် လုပ်ကိုင်ရသော်လည်း ကံအေးက သန်လျင်မြို့သို့ နေ့စဉ်သွား၍ ကြုံရာအလုပ်ကိုလုပ်၏။ နေ့စဉ်နံနက် ၆ နာရီတွင် ကံအေးက နေအိမ်မှထွက်၍ ခြေလျင်ခရီးဖြင့်သွားကာ ည ၉ နာရီတွင် သန်လျင်မှနေအိမ်သို့ လာရာလမ်းအတိုင်း ပြန်လေ့ရှိ၏။ ကံအေး၏နိစ္စဓူဝအလုပ်က–

"မောင်ကံအေးရေ ..၊ အဒေါ်အိမ်ဝိုင်းထဲက မြက်တွေရှင်းပေးပါဦး"

"ဟုတ်ကဲ့ပါ အဒေါ်"

ထိုကဲ့သို့အလုပ်မျိုးကိုလည်း လုပ်သလို–

"ကိုကံအေးရေ၊ အားရင် တွင်းထဲကရေကို အိုးတွေထဲဖြည့်ပေးပါဦး"

"ဟုတ်ကဲ့ ဟုတ်ကဲ့"

ဤကဲ့သို့ ရိုးရိုးသားသားဖြင့် ကြုံရာကျရာ သမ္မာအာဇီဝအလုပ်ကို ကံအေးလုပ်စားပါ၏။ စေတနာသည် ကံဟုဆိုသလို၊ ကံအေး၏စေတနာကို အလုပ်ရှင်များကလည်း ငွေအသပြာဖြင့် တုန့်ပြန်ပါ၏။ ကုသိုလ်လည်းရ ဝမ်းလည်းဝသောအလုပ်မှန်သမျှကို ကံအေး အကုန်လုပ်သည်။ ဒါတွင်မက မြင့်မြတ်သောနှလုံးသားရှိသူများသာ လုပ်လေ့လုပ်ထရှိသည့် အနိမ့်ကျဆုံးသော ကုသိုလ်အလုပ်မျိုးကိုလည်း ကံအေးလုပ်သည်။ ထိုအလုပ်များမှာ သုဘရာဇာအလုပ်၊ အညစ်အကြေးများ စွန့်ပစ်ပေးသောအလုပ်နှင့် နာရေးကိစ္စကူညီပေးသော လုပ်ငန်းကိစ္စများဖြစ်၏။ ဤမျှဆိုလျှင် ကံအေး၏ ကြုံရာကျဘန်းအလုပ်က မိသားစုဝမ်းအေးရသော အန္တရာယ်ကင်းသော အလုပ်ပင်ဖြစ်ပါ၏။

ကံအေးသည် အလုပ်ကြမ်း သမားတစ်ဦးဖြစ်၍ အလုပ်ချိန်ပြီးဆုံးသည့် ညနေတိုင်း အပန်းဖြေအနားယူရင်း အသောက်အစားလေးတော့ရှိသည်။ အပေါင်းအဖော်ဖြင့် ဝိုင်းဖွဲ့၍သောက်စားခြင်းမျိုးမဟုတ်၊ တစ်ဦးတစ်ယောက်တည်း လူသူရှင်းသည့်ဆိုင်၌ ရှင်းရှင်းလင်းလင်းရှိသောနေရာကို ရွေး၍ သောက်လေ့ရှိ၏။ တစ်နေ့တာ ရှာဖွေရသမျှငွေစလေးကို ရေတွက်၍ ဇနီးမယားနှင့်သမီးသားအတွက် နှုတ်ဝှက်ပြီး နားနားနေနေ၊ အေးအေးလူလူပင် အပန်းဖြေတတ်၏။ ည ၈ နာရီခွဲ ၉ နာရီအချိန်လောက်တွင် ကံအေးတစ်ယောက် အရက်ဆိုင်မှနေအိမ်သို့ သီချင်းတအေးအေးဖြင့် ခရီးနှင်၏။ ဤသည်မှာ ကံအေး၏အပန်းဖြေခြင်းလုပ်ငန်းစဉ် ဖြစ်၏။

"မိန်းမရေ .. မထွေး၊ မင်းကြိုက်တဲ့ခေါက်ဆွဲကျော် ကိုအေး ဝယ်လာတယ်ဟေ့"

အိမ်ရှေ့အရောက် လမ်းပေါ်မှ အော်ပြောလိုက်သော ကံအေးရဲ့အသံကိုကြားတော့ ဇနီးမယားမထွေးလည်း အိမ်ပေါက်ဝကို အပြေးထွက်လာခဲ့၏။ ခင်ပွန်းသည်လက်ထဲမှ ခေါက်ဆွဲကျော်အထုပ်ကိုလှမ်းယူပြီး ဇနီးမယားမထွေးက–

"မိုးချုပ်လိုက်တာ အစ်ကိုရယ်"

"ဩော် ... သားကျွေးမှု၊ မယားကျွေးမှုအတွက် ရှန်းကန်နေရတာ ညဦးနက်သန်းခေါင်ရယ်လို့ မရှောင်နိုင်ပါဘူးကွာ၊ ကလေးတွေကော အိပ်ကုန်ကြပြီလား"

"ဟုတ်ကဲ့အစ်ကို အိပ်နေကြပြီ"

"အဲဒါဆိုလည်း ခေါက်ဆွဲကျော်နဲ့ ထမင်းကို ညစာပြင်လိုက်ကွာ၊ မင်းလဲ မစားရသေးဘူးမဟုတ်လား"

"ဟုတ်ကဲ့အစ်ကို ခဏလေး စောင့်နော်"

မထွေးက သူမနှင့် ခင်ပွန်းသည် စားဖို့ ခပ်ကြမ်းကြမ်းဆန်ဖြင့်ချက်ပြုတ်ထားသော ထမင်းဖြူ၊ ခေါက်ဆွဲကျော်



www.burmeseclassic.com

www.burmeseclassic.com


နှင့် ငါးပိရည်တို့စရာတို့ကို ခူးခပ်ပြင်ဆင်ပေး၏။ ခဏအကြာ၊ စားသုံးဖို့အသင့်ဖြစ်၍ မထွေးက ကံအေးကို ညစာစားဖို့ ဖိတ်ခေါ်၏။ စားပွဲမရှိ၍ ကြမ်းခင်းတွင် ချခင်းစားရရှာသော ကံအေးနှင့်မထွေးတို့၏ ညစာ(Dinner) ထမင်းပွဲကလည်း တစ်နပ်စာအတွက် အာဟာရကိုစွပြီးမြောက်ခဲ့ပါ၏။

စားသောက်ပြီး၍ ဆေးပေါ့လိပ်ကို မီးညှိဖွာရှိုက်ရင်း ခင်ပွန်းသည်ကံအေးက–

ဒီကောင်တွေ
ဘယ်အထိ
ပြေးနိုင်မှာတုန်း။
ပြေးတဲ့လူကိုမိအောင်
ရှောင်တဲ့လူကို
တွေ့အောင်လုပ်ဖို့က
တို့အလုပ်ပဲ၊
ကျုပ်ကတော့
ပြေးလေကြိုက်လေပဲ၊
ပြေးတဲ့လူကိုမိလို့
ဘာကြောင့်ပြေးတာလဲဆိုတာ
အဖြေသိရရင်
တို့အတွက်အမြတ်ပဲ
...

"ဒီနေ့အလုပ်က နည်းနည်းပင်ပန်းသွားတယ်ကွာ၊ ကိုယ်တွေလက်တွေ တောင်နာနေတယ်"

"အဲဒါဆိုလည်း မနက်ဖြန်တစ်ရက်အိမ်မှာနားပြီး ကလေးတွေနဲ့နေလိုက်ပေါ့၊ ညီမပဲ အလုပ်ဆင်းလိုက်မယ်လေ"

"ဘယ်ဖြစ်ပါ့မလဲ မထွေးရယ်၊ တစ်နေ့လုပ်မှတစ်နေ့စားရတဲ့ မိသားစုဘဝ လုပ်နိုင်ကိုင်နိုင်တုန်း လုပ်ကိုင်ရမှာပေါ့"

ဤသို့ဖြင့် ကံအေးနှင့် မထွေးတို့ မိသားစု၏ သနပ်ပွင့်ရွာရှိ နေအိမ်လေးသည် ညဥ့်၏အမှောင်ထုအောက်တွင် တစ်ညတာကို ဆိတ်ငြိမ်စွာဖြင့် ဖြတ်သန်းနေပါတော့သည်။

## အခန်း(၂)

နောက်တစ်နေ့မနက် ၆ နာရီခန့်တွင် ကံအေးက–

"မထွေးရေ ...အစ်ကို သွားတော့မယ်ဟေ့"

မီးဖိုဆောင်တွင် ချက်ပြုတ်နေသော ဇနီးသည်အားနှုတ်ဆက်၏။ ဇနီးသည်မထွေးက–

"ဟုတ်ကဲ့ အစ်ကို .. ဟုတ်ကဲ့"

မနက်နေထွက်မှ ညနေနေဝင်ချိန်အထိ တစ်နေ့ ညနေနေဝင်ချိန်မှ နောက်တစ်နေ့နေထွက်ချိန်အထိ တစ်ည၊ ထို တစ်နေ့နှင့်တစ်ည အချိန် ၂၄ နာရီကို တစ်ရက်ဟုဆိုပါ၏။ ထိုနေ့ နေဝင်မိုးချုပ်၍ ပြန်လာနေကျအချိန်ရောက်သော်လည်း ကံအေးတစ်ယောက် နေအိမ်ကိုရောက်မလာ။ မိုးချုပ်ချိန်မှန် မှန် အိမ်ပြန်လာတတ်သော ကံအေးအတွက် ဇနီးမယားမထွေးမှ အိမ်ပေါက်ဝတွင် ငေးမျှော်လျက်။ အချိန်နှင့်ဒီရေသည် သဘာဝနိယာမအတိုင်း လှုပ်ရှားနေပါ၏။ ပုံမှန်လှုပ်ရှားနေသော ကံအေးကမူ ညဥ့် ၁၂ နာရီတိုင်အထိ ပေါ်မလာ။ မျှော်သာမျှော် ပေါ်မလာသော လင်ယောက်ျားအတွက် မထွေးက–

"ဩော် .. ငါ့ယောက်ျား အခုလိုညဥ့်နက်သန်းခေါင် မနေဖူးပါဘူး၊ ဘယ်လိုအကြောင်းများရှိနေလို့ပါလိမ့်၊ ရိုးသားကြိုးစားတဲ့ယောက်ျားအန္တရာယ်ခပ်သိမ်းဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ"

ဟု ယောက်ျားအတွက် မဖောက်ပြားတဲ့မထွေးက ဆုတောင်းပေးနေပါ၏။ မပေါ်လာ အတော်ကြာနေသော လင်သားကို မျှော်ရင်း မထွေးတစ်ယောက် အိမ်ပေါက်ဝတွင် ခွေခွေလေး အိပ်ပျော်သွားပါ၏။

"ဟဲ့ မထွေး၊ မထွေး ထစမ်းပါဦးကွာ၊ ယောက်ျားမှာ ပင်ပင်ပန်းပန်းနဲ့ ညဥ့်နက်သန်းခေါင် လုပ်နေရတာတောင် မင်းကအိပ်ပျော်နေရသလား"

ကံအေး၏ ရူးရှကျယ်လောင်သောသံစဥ်က မထွေးနားထဲသို့ တိုးဝင်သွားပါ၏။ ထိုသံစဥ်ကြောင့် အိမ်ပေါက်ဝတွင် အိပ်မောကျနေသော မထွေးက အလူးအလဲထ၏။ မျက်စိနှစ်ဖက်ကို လက်ဖြင့်ပွတ်သပ်၍ နေအိမ်အပြင်သို့ စူးစိုက်ကြည့်၏။ ပြင်ပတွင် လူရိပ်လူခြေဟူ၍ ဘာမျှမတွေ့၊ မထွေးမြင်တွေ့နေတာက မိုးလင်းဖို့တာစူနေသည့် အာရုံဦးမြင်ကွင်းပင်ဖြစ်၏။ စိတ်စွဲလန်း



www.burmeseclassic.com

www.burmeseclassic.com

၍ သွေးလေခြောက်ခြားစွာ မြင်မက်ခဲ့သောအိပ်မက်ကို ဖျောက်ဖျက်ပြီး မထွေးက စားသောက်ရေးအတွက် ပုံမှန်ချက်ပြုတ်လျက်ရှိနေ၏။

''မထွေးရေ . . ဟေ့ . . မထွေး''

မနက် ၈ နာရီခွဲ ၉ နာရီခန့်တွင်ဖြစ်၏။ နေအိမ်ရှေ့လမ်းပေါ်မှခေါ်သံကြောင့် မီးဖိုဆောင်ရှိ မထွေးက အသံလာရာဆီသို့ အပြေးထွက်လာ၏။ အိမ်ရှေ့တွင် ကျေးရွာလူကြီးနှင့် အိမ်နီးနားချင်းအချို့ကိုတွေ့၏။ အနီးသို့ရောက်ရှိလာသူ မထွေးကို ကျေးရွာလူကြီးမှ-

''နှင့်ယောကျ်ား ကံအေး သန်လျင်နဲ့ သနပ္ပင်သွားတဲ့ လမ်းနံဘေးလယ်ကွက်ထဲမှာ ဒဏ်ရာတွေနဲ့သေနေတယ်လို့ ရွာကိုလာပြောတယ်၊ ဟုတ်မဟုတ် သွားကြည့်ရအောင်''

ကျေးရွာလူကြီး၏စကားက မထွေး၏ငယ်ထိပ်ကို မိုးကြိုးသွားထိမှန်သလိုရှိနေပါ၏။ မထွေး၏နှလုံးခုန်နှုန်းကလည်း ကျည်ဆံရထားမောင်းနှင်သလို ရှိနေရာရပ်လျက်အနေအထားမှ မျက်စိအကြောင်သားဖြင့် ပျော့ခွေကာမြေသို့ပြုတ်ကျစဉ်၊ အနီးရှိ မိန်းမဖော်များက ဖေးမ၍ပြုစုပေးကြ၏။

သန်လျင်မြို့၊ အုတ်ဖိုစုရပ်ကွက်မှခြောက်လမ်းသွားကတ္တရာလမ်းသို့ဆက်သွယ်ထားသည့် မြေသားလမ်း၏ညာဘက်ခြမ်းအစပ် လယ်ကွက်ဘေးတွင် ကံအေးမှာ ဝမ်းလျားမှောက်အနေအထားဖြင့် သေဆုံးနေ၏။ ထိုနေရာသို့ သန်လျင်ရဲစခန်းမှ အိုင်အို Investigation Officer အောင်မြင်နှင့် အဖွဲ့လည်း ရောက်ရှိနေပြီး သေဆုံးသူကံအေး၏ရုပ်အလောင်းကို အသေးစိပ်ကြည့်ရှုနေ၏။ သေဆုံးသူ ကံအေး၏ဦးခေါင်းငယ်ထိပ်တွင် ပေါက်ကွဲဒဏ်ရာများ ရရှိထားသည်ကို တွေ့ရ၏။ သေဆုံးသူ၏ဝမ်းဗိုက်အောက်တွင် သဲကြိုးအပြာခံအဖြူရောင် ခြေညှပ်ဖိနပ်တစ်ရံအလောင်း၏ဦးခေါင်းအနီး ရေထဲတွင် D & G တံဆိပ်ပါ အဖြူရောင်လျှာထိုးဦးထုပ်အဟောင်းတစ်လုံး၊ သေသူဝတ်ဆင်သည့် အင်္ကျီအိတ်ကပ်အတွင်းမှ တစ်ထောင်တန်ငွေစက္ကူ ၃ ရွက်၊ အလောင်းတွေ့ရှိသည့်နေရာနှင့် ထောင့်ဖြတ်၊ လမ်း၏တစ်ဖက်ခြမ်းအစပ် မြေကြီးပေါ်တွင် အရှည်သုံးပေခန့်ရှိ ဝါးနက်တုတ်တစ်ချောင်း၊ ထိုဝါးနက်တုတ်၏အရင်းပိုင်းတွင် သွေးစသွေးနနှင့် ဆံပင်မွှေးများကပ်နေသည်ကို တွေ့ရှိကြရ၏။

အခင်းဖြစ်အရပ်တွင် ထင်ဟတ်ကျန်ရှိနေသော သက်သေခံသဲလွန်စပစ္စည်းများကို အိုင်အိုအောင်မြင်က စနစ်တကျသိမ်းယူ၏။ အခင်းဖြစ်အရပ်သို့ ရောက်ရှိလာသူ မထွေးကလည်း သေဆုံးသူမှာ သူမ၏ခင်ပွန်း ကံအေးဖြစ်ကြောင်းနှင့် အနီးအနားတွင်တွေ့ရှိသော ဦးထုပ်နှင့်ခြေညှပ်ဖိနပ်မှာ ခင်



သေဆုံးသူအလောင်း
တောင်တွေ့ရှိရာနေရာ


www.burmeseclassic.com

www.burmeseclassic.com





ပြစ်မှုကျူးလွန်ရာတွင်အသုံးပြုခဲ့သော ပါရင်းတုတ် ရရှိခဲ့သည့်နေရာအား ပြသနေစဉ်

ပွန်းသည်၏အသုံးအဆောင်ဖြစ်ကြောင်း အတည်ပြုပေး၏။ ညစဉ် ကံအေးမှနေအိမ်သို့ ပြန်ရောက်လေ့ရှိသောအချိန်ကိုမေးကြည့်ရာ ည ၉ နာရီ၊ နောက်အကျဆုံး ကိုးနာရီခွဲတွင် ပြန်ရောက်လေ့ရှိကြောင်း ဇနီးသည်မထွေးက အဖြေပေး၏။ မထွေး၏ အဖြေစကားအရ ကံအေးသည် ယမန်နေ့ညအိမ်သို့ အပြန် ည ၉ နာရီမထိုးမီ တစ်ဦးတစ်ယောက်၏ ရိုက်နှက်မှုကြောင့် သေဆုံးရကြောင်း အိုင်အိုအောင်မြင်က သုံးသပ်မိ၏။

သနပ်ပင်ရွာတွင် ကံအေးနှင့်ပတ်သက်၍ ရန်ငြိုးရန်စရှိခဲ့ဖူးသူကို မေးစမ်းကြည့်၏။ ကံအေးသည် နေ့စဉ်မနက်မိုးလင်းမှ မိုးချုပ် သံလျင်တွင်ရှိနေပြီး အိပ်ချိန်ကျမှသာ အိမ်သို့ပြန်ရောက်သဖြင့် ရွာထဲတွင် စကားများဖူးသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း မထွေးကပြော၏။ ကံအေး၏အလုပ်အကိုင်နှင့် အနေအထိုင်တို့ကို မေးမြန်းရာ ဇနီးမယားမထွေးက အထက်တွင်ဖွင့်ဆိုထားသည့်အတိုင်း ကံအေး၏စရိုက်ကိုရှင်းပြ၏။ မထွေး၏စကားအဆုံးတွင် အိုင်အိုအောင်မြင်က–

''ကံအေးက ‥ အရက်တော့ သောက်တတ်တယ်ပေါ့''

## အခန်း(၃)

''ဟုတ်ကဲ့ သောက်ပါတယ်၊ နေ့စဉ် ညနေတိုင်း သောက်တတ်ပါတယ်''

ကံအေးသေဆုံးမှုကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(လူသတ်မှု)ဖြင့် အမှုဖွင့်၍ အိုင်အိုအောင်မြင်ကိုယ်တိုင်စစ်မေးရပါ၏။ ကံအေးအသတ်ခံရကြောင်း ကြားသိကြသော ကံအေး၏အလုပ်ရှင်များက စိတ်မကောင်းဖြစ်ကြ၏။ အမည်နှင့်လူလိုက်အောင် ရိုးသော၊ အေးသော၊ အလုပ်မရွေး ပေးသလောက်ယူ၍ ကျွေးတာစားသော ကံအေး မည်သူကများ လုပ်ရက်လေသနည်းဟု ပြောဆိုခဲ့ကြ၏။ ဇနီးသည်မထွေးကလည်း လင်ယောက်ျား[illegible] သွားလာလှုပ်ရှားမှုကို သူမသိ၊ သူမသိတာက နေအိမ်မှအသွား[illegible] သာသိ၏။ အသောက်[illegible] တော့ နေ့စဉ် အရက်[illegible] ကြောင်းဆို၏။

သို့ကြောင့် အိုင်အို[illegible] ကံအေးအဆင့်၊ [illegible] သောက်စားနိုင်သော [illegible] အရက်ဆိုင်တို့ကို သ[illegible] အထူးသဖြင့် သံလျှင်[illegible] ပေါ်ရှိ အဖိုးအခနည်း[illegible] အရက်ဆိုင်များကို ဦး[illegible] သံလျှင်မြို့၊ [illegible] အရက်ဆိုင်သို့[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွင် ကံအေး၏သတင်းကို မေးစမ်းကြည့်ရာ အရက်ဆိုင်ပိုင်ရှင်က အိုင်အိုအောင်မြင်ကို အထက်ပါစကားဖြင့် အဖြေပေး၏။ ဒီတော့ ဆိုင်ရှင်မောင်ရင်ကို လက်တို့၍ရဲစခန်းသို့ချိန်းဆိုရ၏။

သေဆုံးသူကံအေး၏အလောင်းကို စတင်တွေ့ရှိချိန်က ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ မနက် ၇ နာရီခွဲအချိန်တွင်ဖြစ်၏။ ထို့ကြောင့် ယမန်နေ့ ၇ ရက်ညနေပိုင်းက ကံအေးအရက်လာသောက်၊ မသောက် မေးမြန်းကြည့်ရာ ဆိုင်ရှင်မောင်ရင်က–

"လာတယ်ဗျ။ အဲဒီနေ့ ညနေလေးနာရီလောက်မှာ ကံအေးတစ်ယောက်တည်း ဆိုင်ကိုရောက်လာပါတယ်၊ အရက်တစ်ပိုင်းမှာပြီးဆိုင်ရှေ့က ကွပ်ပျစ်မှာထိုင်သောက်နေပါတယ်"



အိုင်အိုအောင်မြင်၏စွမ်းဆောင်မှုကြောင့် အမှုအတွက်သတင်းစကားက အစထွက်လာခဲ့၏။ ထိုအစကို ဆုံးအောင်ဆွဲနိုင်လျှင် လမ်းဆုံးတော့ ရွာတွေ့ဆိုသလို အမှုအတွက် အဖြေတစ်ခုတော့ရရှိမှာ သေချာပါ၏။ ထို့ကြောင့် ဆိုင်ရှင်မောင်ရင်ကို ကံအေးအရက်သောက်အပြီး ဆိုင်မှပြန်ထွက်သွားချိန်အထိ တွေ့မြင်သိရှိပုံကို ဖွင့်ဆိုစေ၏။ ဆိုင်ရှင်မောင်ရင်ကလည်း တွေ့မြင်ကြားသိပုံကို အောက်ပါအတိုင်း ပြောဆိုပြ၏။

ထိုနေ့ညနေ ၅ နာရီခန့်တွင်ဖြစ်၏။ အရက်ဆိုင်သို့ ညောင်သုံးပင်ကွင်း လယ်တဲနေ ငကျော်(ခ)ကျော်ကျော်လွင်နှင့် ငမိုး(ခ)သန်းဝင်းဇော်တို့နှစ်ဦးအတူ ရောက်လာ၏။ ဆိုင်အတွင်းသို့အဝင်တွင် ငမိုးမှ–

"ကိုမောင်ရင်ရေ .. ကျွန်တော်တို့နှစ်ယောက်အတွက် အဖြူတစ်လုံးနဲ့ မြေပဲကျော်တစ်ပွဲပေးဗျာ"

ဟုမှာကြား၍ ဆိုင်အတွင်း၌ အရက်သောက်ခဲ့ကြ၏။ ခဏအကြာ ဆိုင်ရှေ့ကွပ်ပျစ်ရှိကံအေးဆီသို့ ဖိုးသဲရောက်လာပြီး ကံအေးနှင့်အတူပိုင်းထိုင်နေ၏။ ထိုစဉ် ငကျော်(ခ)ကျော်ကျော်လွင်မှ–

"ဟေ့ကောင် ဖိုးသဲ ..၊ ကံအေးက ငါ့ဦးလေးပါကွ"

ဟု ဟစ်အော်ပြော၏။ ဒါကို ဖိုးသဲမှ–

"မသိမဆိုင် ငကျော်ရယ်၊ ကံအေးဟာ ငါ့ဦးလေးပါကွာ"

ဟု ခွန်းတုန့်ပြန်၏။ သောက်စားထားကြသူနှစ်ဦးလည်း ခွန်းကြီးခွန်းငယ်စကားများကြရာမှ အစွန်းထွက်သောစကားနှင့် တိုင်းထွာသောစကားများပါတိုးမြင့်လာ၏။ ထိုထက်ပို၍ ဆိုးလာလျှင် ခိုက်ရန်ဖြစ်မည်ကိုစိုးရိမ်၍ ဆိုင်ရှင်မောင်ရင်က–

"မင်းတို့ ရန်ဖြစ်ချင်ရင်တော့ အပြင်မှာသွားဖြစ်ကြကွာ၊ ငါ့ဆိုင်ထဲမှာတော့ လာမဖြစ်နဲ့"

ဟုဆို၍ ငကျော်နှင့်ဖိုးသဲတို့လည်း တိတ်ဆိတ်သွား၏။ ထိုနေ့ည ၈ နာရီခန့်တွင် ကံအေး၊ ဖိုးသဲ၊ ငကျော်နှင့် ငမိုးတို့ ၄ ဦး ရှေ့ဆင့်၊ နောက်ဆင့်






www.burmeseclassic.com

www.burmeseclassic.com



မြစ်မှကျူးလွန်ရာတွင် အသုံးပြုခဲ့သော သက်သေခံတုတ်ချောင်း
လွှတ်ပစ်ခဲ့သည့်နေရာအား ပြန်လည်ပြသနေစဉ်





အရက်ဆိုင်မှ ပြန်သွားကြကြောင်း ဆိုင်ရှင်မောင်ရင်က ကြားသိသမျှကို ထွက်ဆိုပြ၏။

''အဲဒီလေးယောက်ထဲမှာ ဘယ်သူက အမူးဆုံးလဲ''

အိုင်အိုအောင်မြင်၏အမေးကို အ မူးသမားများဖြင့် အတွေ့အကြုံရင့်ကျက်နေသူဆိုင်ရှင်မောင်ရင်မှ–

''ကံအေးနဲ့ ဖိုးသဲက ပုံမှန်ပါပဲ၊ ငကျော်နဲ့ငမိုးကမူးနေတဲ့ပုံပေါက်တယ်''

ဟု မြင်တွေ့သမျှကို ရင်ဖွင့်ပြ၏။ သို့ကြောင့် ငကျော်နှင့်ငမိုးတို့ တည်ရှိနိုင်သည့်ညောင်သုံးပင်ကွင်းလယ်တဲသို့ အိုင်အိုအောင်မြင်နှင့်အဖွဲ့ အပြေးတက်၏။ သို့သော် ငကျော်နှင့်ငမိုးက လယ်တဲတွင် မရှိ၊ ပတ်ဝန်းကျင်ကို မေးစမ်းကြည့်ရာ ၎င်းတို့နှစ်ဦးမှာ နေ့စဉ်နံနက် ၆ နာရီနှင့် ညနေ ၆ နာရီတို့တွင် အုတ်ဖိုစုရပ်ကွက် လမ်းဆုံရှိ ကိုမောင်ရင်၏အရက်ဆိုင်၌ ထိုင်လေ့ထိုင်ထရှိကြောင်း သိခဲ့ရသည်။ ထို့ကြောင့် အရက်ဆိုင်ပိုင်ရှင် မောင်ရင်ထံသို့ ခြေဦးလှည့်ရပြန်၏။ အရက်ဆိုင်ရောက်တော့ ဆိုင်ရှင်မောင်ရင်မှ–

''မနက်တိုင်း ပုံမှန်လာနေကျဗျ၊ ဒါပေမဲ့ ကံအေးသေဆုံးပြီး နောက်တစ်နေ့ မနက်ပိုင်းကစလို့ ဒီကောင်နှစ်ကောင် ဆိုင်ကိုလာတာ မတွေ့ဘူး''

ဟု ဆိုပါ၏။ ထိုသတ္တဝါနှစ်ကောင်က အသိုက်တွင်လည်းမရှိ၊ ပုံမှန်လာနေကျစားကျက်သို့လည်း ပေါ်မလာ၊ သူတို့အကြောင်း သူတို့သိ၍ အဝေးသို့ ပျံပြေးလေပြီလား၊ မည်သို့ရှိစေ၊ ထိုသတ္တဝါနှစ်ကောင်ကိုတွေ့လျှင် အဖြေတစ်ခုတော့ထွက်လာမှာ သေချာပါ၏။ ဒီတော့ အမှုစစ်အတွေ့အကြုံရင့်ကျက်နေပြီဖြစ်သော အိုင်အိုအောင်မြင်က–

''ပြေးစမ်းပါစေကွာ၊ ဒီကောင်တွေ ဘယ်အထိ ပြေးနိုင်မှာတုန်း၊ ပြေးတဲ့လူကိုမိအောင် ရှောင်တဲ့လူကိုတွေ့အောင်လုပ်ဖို့က တို့အလုပ်ပဲ၊ ကျုပ်ကတော့ ပြေးလေကြိုက်လေပဲ၊ ပြေးတဲ့လူကိုမိလို့ ဘာကြောင့်ပြေးတာလဲဆိုတာ အဖြေသိရရင် တို့အတွက်အမြတ်ပဲ၊ ဟုတ်တယ် မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

"ဟုတ်ပါတယ်၊ ငကျော်နဲ့ငမိုးက ကျွန်တော်တို့ ညောင်သုံးပင်ကွင်းက မဟုတ်ပါဘူး၊ သူတို့ဇာတိက မင်္ဂလာလွန်းကျေးရွာ(၆)တဲ့ခုကပါ၊ အဲဒီမှာ သူတို့ အမျိုးတွေလည်းရှိတယ်လို့ သိရပါတယ်"

အိုင်အိုအောင်မြင့်နှင့်အဖွဲ့မှ ငကျော်နှင့် ငမိုးကိုရမိဖို့ ညောင်သုံးပင်ကွင်းနှင့် သနပ္ပင်ကျေးရွာ အရှေ့ကွင်းများသို့ ခြေဆန့်ကြ၏။ ငကျော်နှင့်ငမိုးက အရိပ်အရောင်ပင်မတွေ့၊ သို့သော် ၎င်းတို့နှစ်ဦး၏သတင်းစကားကို ညောင်သုံးပင်ကွင်းရွာသားက အထက်ပါစကားဖြင့် သတင်းပေးလာ၏။ ထို့ကြောင့် မင်္ဂလာလွန်းကျေးရွာသို့ ပြေးကြရ၏။

မင်္ဂလာလွန်းကျေးရွာရှိ ငမိုး၏ ဖခင်ဦးအောင်ဆန်းလင်းနှင့် ငကျော်၏ သားချင်းများနေအိမ်များသို့ ဝိုင်းပတ်ပိတ်ဆို့ရှာဖွေသော်လည်း ငမိုးနှင့် ငကျော်တို့ရွာသို့မလာကြောင်း သိရ၏။ ထိုရွာတွင် ငမိုးနှင့်ငကျော်တို့၏ သွေးချင်း၊ သားရင်းများရှိသော သူတို့၏ ဇာတိဒေသဖြစ်၏။ လူတို့၏ သဘောသဘာဝအရ အရေးရှိလာလျှင် သွေးစည်းတတ်သည်ဖြစ်၍ ထိုရွာတွင် ကခြေချပြီးသတင်းရယူပါက ထူးခြားမှုရှိနိုင်ကြောင်း အိုင်အိုအောင်မြင့်မှ အတွေးပေါက်မိ၏။ မလိုအပ်သောတပ်ဖွဲ့ဝင်များကို စခန်းသို့ပြန်လွှတ်၍ အိုင်အိုအောင်မြင့်နှင့် တပည့်နှစ်ယောက်က မင်္ဂလာလွန်းကျေးရွာတွင် လျှို့ဝှက်ဖုံးကွယ်၍ သတင်းရယူစောင့်ကြည့်လျက်ရှိ၏။

ထိုစဉ် ယမန်နေ့ညနေက ငမိုး၏ ဖခင်ဦးအောင်ဆန်းလင်းမှာ ၎င်းအနီးရှိ နေအိမ်မှ လှိုင်သာယာရှိ တူလား၊ သားလား မခွဲခြားတတ်သော သူတစ်ဦးထံသို့ ဖုန်း ဆက်သွယ်ပြောဆိုသော သတင်းစကားတစ်ခုကို ရရှိခဲ့၏။ ထိုသတင်းနှင့်ပတ်သက်၍ ဖုန်းပိုင်ရှင်ကလည်း မှန်ကြောင်းအဆိုပြုပြီး တစ်ဘက်မှဆက်သွယ်သော ဖုန်းနံပါတ်ကို ပါရရှိခဲ့၏။ သို့ကြောင့် ဦးအောင်ဆန်းလင်းကို အိုင်အိုအောင်မြင့်ရှိရာသို့ တိတ်တဆိတ်ခေါ်၏။

"မနေ့ကညနေ ၅ နာရီလောက်မှာ လှိုင်သာယာမှာနေတဲ့ ခင်ဗျားတူလား၊ သားလား၊ အဲဒီကို ဖုန်းဆက်တယ်လို့ သိရပါတယ်၊ အဲဒါ ဘယ်သူလဲ၊ ဘာကိစ္စလဲ"

အိုင်အိုအောင်မြင့်၏အမေးကို ဦးအောင်ဆန်းလင်းက–

"ဟုတ်ပါတယ်၊ လှိုင်သာယာမှာနေတဲ့ ကျွန်တော့်သား ဖိုးချွန်ဆီကို ဆက်တာပါ"

"ဖိုးချွန်က လှိုင်သာယာ ဘယ်အရပ် ဘယ်နေရာမှာနေတာလဲ"

"လိပ်စာတော့ ကျွန်တော်အတိအကျအသိဘူးဗျ၊ ကျွန်တော်ဆက်တဲ့ ဖုန်းက သူ့အိမ်နဲ့နီးပါတယ်"

"ဖိုးချွန်က ဘာလုပ်သလဲ၊ မိန်းမရှိလား"

"သားက ဆိုက်ကားနင်းပါတယ်၊ သူ့မိန်းမက လမ်းထိပ်မှာ ကွမ်းယာရောင်းပါတယ်"

"ခင်ဗျားက ဘာကိစ္စနဲ့ဖိုးချွန်ဆီ ဖုန်းဆက်တာလဲ"

"ဆရာတို့ ငမိုးကိုလာရှာတော့ ဖိုးချွန်ဆီမှာများရှိမလားလို့ ဆက်မေးကြည့်တာပါ"

"အဲဒီတော့ ဖိုးချွန်က ဘာပြောလဲ"

"နေ့လည်ပိုင်းက ငမိုးနဲ့ငကျော်တို့ အလုပ်ရှာဖို့ရောက်လာပြီး ပြန်ထွက်သွားတယ်လို့ ပြောပါတယ်"

ဦးအောင်ဆန်းလင်း ဖုန်းဆက်သည့်နေ့မှာ အခင်းဖြစ်ပြီးနောက်တစ်ရက် (၈–၇–၂၀၁၂)နေ့ ညနေကဖြစ်၏။ ထိုနေ့နေ့လည်ပိုင်းက ငမိုးနှင့် ငကျော်တို့သည် ဖိုးချွန်အိမ်သို့လာသွားကြောင်းသိရ၍ ထိုသတ္တဝါနှစ်ကောင်သည် လှိုင်သာယာတွင်ပုန်းအောင်းနေကြောင်း သိရ၏။ သို့ကြောင့် အိုင်အိုအောင်မြင့်က ရဲစခန်းသို့ဆက်သွယ်၍ လှိုင်သာယာမှ ဖိုးချွန်အိမ်အနီးရှိ ရရှိထားသော ဖုန်းနံပါတ်ဖြင့် လိပ်စာစုံစမ်းပြီး ဖိုးချွန်အိမ်ကို စီးနင်းရှာဖွေရန်နှင့် အခြေအနေကို ပြန်လည်ပြောကြားရန် မှာကြား၏။

နောက်တန်းစခန်းကလည်း အချိန်ဆိုင်းမနေဘဲ၊ ငမိုး၏ဖခင်ဦးအောင်ဆန်းလင်းဆက်သွယ်သော ဖုန်းနံပါတ်ပိုင်ရှင်လိပ်စာကို စုံစမ်း၏။ ရရှိသော ထိုလိပ်စာမှတစ်ဆင့်၊ ဖိုးချွန်နေထိုင်ရာ လှိုင်သာယာ၊ ၄ ရပ်ကွက်၊ မလိခ(၁) လမ်းနေအိမ်သို့ ညဦးနက်သန်းခေါင်တွင် ဝင်ရောက်စီးနင်းရှာဖွေ၏။ ဖိုးချွန် မိသားစုမှလွဲ၍ ငမိုးနှင့်ငကျော်ကနတ္ထိ။ သို့သော် ငမိုးနှင့်ငကျော်မှာ နေအိမ်သို့ ရောက်လာပြီး အလုပ်ရှာသွားဦးမည်ဟု ဆိုကာ ထွက်သွားကြောင်း ဖိုးချွန်က ထွက်ဆိုပြ၏။

"ငမိုးနဲ့ သားချင်းတော်စပ်တဲ့

www.burmeseclassic.com


သွေးရင်းထဲက ဘယ်သူတွေဘယ်မှာရှိနေသေးလဲ''

စီးနင်းရှာဖွေရေးအဖွဲ့၏အမေးကို ဖိုးချွန်က–

''ငမိုးရဲ့ညီအရင်းတစ်ယောက်ရှိပါသေးတယ်၊ သူ့နာမည်က ငတိုးပါ၊ ငတိုးကတော့ ဆုံးသွားပါပြီ၊ သူ့မိန်းမကတော့ အင်းစိန်မှာနေပါတယ်၊ အဲဒီကိုလည်း သွားချင်သွားနိုင်ပါတယ်''

''ငတိုးမိန်းမ လိပ်စာ ပြောစမ်းကွာ''

''အင်းစိန်မြို့သစ်၊ က/ခရပ်ကွက် ၃ လမ်းထဲမှာပါ''

နောက်တန်းစခန်းမှ စီးနင်းရှာဖွေရေးအဖွဲ့က စုံစမ်းရရှိသောသတင်းအားနှင့်တွေ့ရှိသော အခြေအနေအရပ်ကို အိုင်အိုအောင်မြင်သို့ ဆက်သွယ်သတင်းပို့၏။ လှိုင်သာယာနှင့် အင်းစိန်မြို့သစ်မှာ ဝေးလှသည်မဟုတ်၊ မြစ်၏အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင်ရှိ၏။ သို့ကြောင့် အိုင်အိုအောင်မြင်က စီးနင်းရှာဖွေရေးအဖွဲ့ကို အင်းစိန်မြို့သစ်သို့ ဦးတည်ခိုင်းလိုက်လေတော့သည်။

အခန်း(၅)

၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ မနက်အရုဏ်မရောက်မီ ၃ နာရီအချိန်ခန့်တွင်ဖြစ်၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင်ဆိုသလို ဝါဆိုလ၏ရန်ကုန်မိုးက သည်းထန်စွာရွာသွန်းနေ၏။ ထစ်ချုံးသော မိုးခြိမ်းသံနှင့်အတူ လျှပ်စီး၏အလင်းရောင်ကြောင့် အင်းစိန်မြို့သစ်ရပ်ကွက်အတွင်း လှုပ်ရှားနေသော စီးနင်းရှာဖွေရေးအဖွဲ့ကို မြင်သာထင်သာရှိနေပါ၏။ သည်းထန်သောမိုး၊ ထစ်ချုံးသောသံစဉ်အောက်တွင် ရပ်ကွက်အတွင်းနေသူများက အိပ်မောကျလျက်ရှိနေ၏။ အင်းစိန်မြို့သစ် (က/ခ)ရပ်ကွက် ၃ လမ်းအတွင်းရှိ နေအိမ်ဝင်ပေါက်အရောက်–

''အိမ်ရှင်တို့ ..၊ ဗျို့ အိမ်ရှင်တို့''

နှုတ်မှလည်းအော်၊ လက်ဖြင့်လည်း တံခါးကိုခေါက်၍ အိပ်ပျော်နေသူကို နှိုးထစေပါ၏။ နေအိမ်အတွင်းမှ မီးလင်းလာပြီး အမျိုးသမီးတစ်ဦးမှ နေအိမ် အဝင်တံခါးကို ဖွင့်ကြည့်၏။ ထိုစဉ်–

''ကျွန်တော်တို့က ရဲတပ်ဖွဲ့နဲ့ ရပ်ကွက်ကလူကြီးတွေပါ၊ ခင်ဗျားတို့အိမ်မှာ ဧည့်သည်ရှိ/မရှိ စစ်ချင်လို့ပါ''

''ဪ .. ဟုတ်ကဲ့၊ ဧည့်သည်နှစ်ယောက်တော့ ရှိပါတယ်၊ ညက ညဉ့်နက်မှရောက်လာလို့ ကျွန်မလည်း ဧည့်စာရင်းမတိုင်လိုက်မိပါဘူး''

အိမ်ရှင်ဟုထင်မှတ်ရသူ အမျိုးသမီး၏စကားအဆုံးတွင် စီးနင်းရှာဖွေရေးအဖွဲ့က အိမ်ရှေ့ခန်းတွင် အိပ်ပျော်နေသော အမျိုးသားနှစ်ဦးအနီးသို့ရောက်ရှိသွား၏။ အိပ်ပျော်နေသူနှစ်ဦးကိုနှိုး၍–

''မင်းနာမည်က ဘယ်သူလဲ''

''ငမိုးပါ''

''ဟိုတစ်ယောက်ကကော''

''ငကျော်ပါ''

''မင်းတို့က သန်လျင်မင်္ဂလာလွန်းကျေးရွာကလား''

''ဟုတ်ပါတယ်''

ငမိုး(ခ)သန်းဝင်းဖော်နှင့် ငကျော်(ခ)ကျော်ကျော်လွင်တို့နှစ်ဦးကို လွယ်လင့်တကူပင် ဖမ်းဆီးရမိခဲ့လေသည်။

\+ + +

**အရင်းစစ်တော့ အမြစ်ပြေကဆိုသလို ထိုအကုသိုလ်တရားများကို နှိုးဆွပေးသော သက်မဲ့ပစ္စည်းက အရက်ပင်ဖြစ်ပါ၏။ ဓားကိုဖျက်ဝါးမျက်၊ လူကိုဖျက် အရက်ဟုဆိုရိုးရှိပါ၏။ ထိုအရက်သည် မိမိနှင့်သူတစ်ပါး တစ်ဦးတစ်ယောက်သေစေတတ်၍ သေရည်သေရက်ဟု ပမာပြုထားပါ၏ ...**



www.burmeseclassic.com

www.burmeseclassic.com




ပြစ်မှုကျူးလွန်သူတရားခံ ‌ကျော်နှင့် ‌မိုး

"မင်းတို့ကတော့ လွယ်မယ်ထင်လို့ပြေးကြတာကို အပြစ်မပြောလိုပါဘူး၊ ပြေးဖို့အလုပ်က မင်းတို့အလုပ်ပဲလေ၊ ပြေးတဲ့လူကိုမိအောင်ဖမ်းဖို့က တို့အလုပ်ပါ၊ အေး ... အခုဖမ်းမိလာပြီဆိုတော့ မင်းတို့အပြစ်ကို မင်းတို့သိတယ်၊ အဲဒီအပြစ်ကိုတော့ မင်းတို့အနေနဲ့ ဖုံးလားကွယ်လား မလုပ်ပါနဲ့၊ လုပ်ရဲရင်ခံရဲရယ်ဆိုတဲ့အသိနဲ့ အဖြစ်မှန်ကို ပြောပြဖို့လိုပါတယ်"

တည်ကြည်ဖြောင့်မတ်သော အသွင်၊ လေးသွဲ့ပီသသော သံစဉ်တို့ဖြင့် အိုင်အိုအောင်မြင်က ဖမ်းမိလာသော်‌ကျော်(ခ)ကျော်ကျော်လွင်ကို အထက်ပါစကားဖြင့် စတင်ဖွင့်ဆိုပါ၏။ အိုင်အိုအောင်မြင်၏အသွင်သဏ္ဌာန်နှင့် ဟန်ပန်အမူအရာကို မြင်တွေ့ရသော‌ကျော်သည် လိမ်ညာဖို့မစဉ်းစားတော့ဘဲ အဖြစ်မှန်ကို အောက်ပါအတိုင်း အစစ်ခံ၏။

အခင်းဖြစ်နေ့ (၇-၇-၂၀၁၂) ညနေ ၅ နာရီအချိန်ခန့်တွင် ‌ကျော်နှင့် ‌မိုးသည် အုတ်ဖိုစုလမ်းဆုံရှိ ကိုမောင်ရင်အရက်ဆိုင်သို့ ရောက်ရှိလာ၏။ ဆိုင်ရှေ့ကွပ်ပျစ်ပေါ်တွင် ကံအေးနှင့်ဖိုးသဲတို့အတူ အရက်သောက်နေသည်ကိုတွေ့၏။ ‌မိုးက ဆိုင်အတွင်းသို့ဝင်သွားသော်လည်း ‌ကျော်က ကံအေးတို့ရှိရာ အရက်ဝိုင်းတွင် ဝင်ထိုင်၏။ ထိုစဉ် ကံအေးက-

"ဟေ့ကောင် ... ငါတို့က အနီသောက်တာကွ၊ မင်းတို့လို အဖြူသောက်တာမဟုတ်ဘူး၊ မင်းဟာမင်းတစ်နေရာသွားသောက်စမ်းကွာ"

ဟုဆို၏။ ဒီတော့ ‌ကျော်က-

"ခင်ဗျားက ရင့်သီးလှချည်လား၊ အဖြူသောက်သောက် အနီသောက်သောက် အရက်သမားဟာ အရက်သမားပါပဲ"

ဟု ပြန်လည်ပြောဆိုကာ ‌ကျော်လည်း ‌မိုးရှိရာအရက်ဆိုင်အတွင်းသို့ ဝင်ရောက်သွား၏။ ‌ကျော်နှင့် ကံအေးတို့စကားများသံကို ‌မိုးကလည်း ကြားသိ၏။ သို့ကြောင့် မိမိထံသို့ရောက်လာသော‌ကျော်ကို ‌မိုးက ဆူဆဲကာ ပြဿနာလုပ်၏။ ဒီတော့‌မိုးနှင့်‌ကျော် စကားများကြပြန်သည်။ ဒါကို ဆိုင်ရှင်မောင်ရင်က အချင်းမများဖို့ဝင်ပြော၏။ ထို့နောက် ‌မိုးနှင့်‌ကျော်လည်း အရက်အဖြူတစ်လုံးကို နှစ်ယောက်အတူသောက်ကြ၏။

ည ၈ နာရီခန့်တွင် ‌မိုးနှင့်‌ကျော်လည်း အရက်မူးမူးဖြင့် အရက်ဆိုင်မှနေထိုင်ရာ လှယ်တဲသို့ပြန်လာ၏။ ထိုစဉ် နေအိမ်အပြန် မြေသားလမ်းပေါ်တွင် ကံအေးတစ်ယောက်တည်း ရှေ့မှလျှောက်လှမ်းသွားနေသည်ကို ‌မိုးနှင့်‌ကျော်တို့က မြင်တွေ့ကြ၏။ ‌မိုးမှအရက်ဆိုင်တွင် ကံအေးပြောဆို... သောစကားကိုမကျေနပ်၍ အခင်းဖြ... နေရာအနီးလမ်းဘေးရှိ လူမနေသော... တဲမှဝါးတုတ်တစ်ချောင်းကိုနှုတ်ယူ... ‌မိုးမှဝါးတုတ်ကိုကိုင်ကာ ‌ကျော်နှ... အတူ ရှေ့မှသွားနေသော ကံအေ... နောက်သို့လိုက်သွား၏။

အခင်းဖြစ်ပွားရာ အုတ်ဖိုစုသ... ပွင်သွားမြေသားလမ်းသစ်သားတံတ... အကျော်တွင် ‌မိုးကလက်ထဲရှိဝါးတု... ဖြင့် ကံအေး၏ဦးခေါင်းကို တစ်ချ... ရိုက်လိုက်ရာ ကံအေးမှာမှောက်လျ... လဲကျသွား၏။ ထို့နောက် ‌ကျော်... ‌မိုးလက်ထဲမှဝါးတုတ်ကိုလုယူ၍ လဲ... သောကံအေး၏ဦးခေါင်းကို တစ်ချ... ရိုက်ပြန်၏။ ဤမျှဖြင့် မကျေနပ်သေး... ဘဲ ‌ကျော်လက်ထဲမှ ဝါးတုတ်ကို ‌မိုး...


www.burmeseclassic.com

www.burmeseclassic.com


> **ပြစ်မှုကျူးလွန်သူ နှစ်ဦးမှာလည်း ဒီဘဝဤမျှဖြင့် မပြီးဆုံးသေးပါ။ အပါယ်ငရဲတွင် မည်မျှကြာအောင်ခံစား၍ သံသရာတွင် မည်သို့လည်ပတ်နေဦးမည်ကို မတွေးဝံ့စရာပင် ဖြစ်ပါ၏။ လိုချင်တပ်မက်မှု(လောဘ)၊ အမျက်ထွက်မှု(ဒေါသ)၊ အမှားအမှန်ခွဲဝေမသိတတ်မှု (မောဟ)စသော အကုသိုလ်တရားများသည် အပါယ်ကိုလားစေပါ၏ . . .**

ကရယူ၍ လဲနေသော ကံအေးဖေါ်ဦးခေါင်းအားနောက်ထပ်နှစ်ချက်ဆင့်ကဲရိုက်ပြန်၏။ ထို့နောက် လက်ထဲ၌ရှိသောဝါးတုတ်ကို ငမိုးက တစ်ဖက်လမ်းဘေးတွင် စွန့်ပစ်ခဲ့၏။ ထို့နောက်ငမိုးလည်း ငကျော်ကိုခေါ်ကာ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း ပြစ်မှုကျူးလွန်သူ ငကျော်(ခ)ကျော်ကျော်လွင်မှ ဝန်ခံထွက်ဆိုခဲ့ပါတော့သည်။

## အခန်း(၆)

သေဆုံးသူကံအေးမှာ အသက် ၄၃ နှစ်ဖြစ်၍ သားမယားရှိသူဖြစ်ပါ၏။ ပြစ်မှုကျူးလွန်သူငမိုးမှာ အသက် ၃၁ နှစ်ဖြစ်၍ ငကျော်မှာ အသက် ၂၄ နှစ်ရှိ အရွယ်ကောင်း၊ အထည်ကောင်းများဖြစ်ကြပါ၏။ သေဆုံးသူကို မှီခိုနေသော မိသားစုသည် အဘယ်သို့ရှိကြပါမည်နည်း။ ကံအေးက ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့သော်လည်း မိသားစုက အသက်ရှင်လျက်ဘဝပျက်သည့်အခြေသို့ ရောက်ရှိခဲ့ကြ၏။ ထို့အတူ ပြစ်မှုကျူးလွန်သူနှစ်ဦးမှာလည်း ဒီဘဝဤမျှဖြင့် မပြီးဆုံးသေးပါ။ အပါယ်ငရဲတွင် မည်မျှကြာအောင်ခံစား၍ သံသရာတွင် မည်သို့လည်ပတ်နေဦးမည်ကို မတွေးဝံ့စရာပင် ဖြစ်ပါ၏။ လိုချင်တပ်မက်မှု(လောဘ)၊ အမျက်ထွက်မှု(ဒေါသ)၊ အမှားအမှန် ခွဲဝေမသိတတ်မှု(မောဟ) စသော အကုသိုလ်တရားများသည် အပါယ်ကိုလားစေပါ၏။

အရင်းစစ်တော့ အမြစ်မြေကဆိုသလို ထိုအကုသိုလ်တရားများကို နှိုးဆွပေးသော သက်မဲ့ပစ္စည်းက အရက်ပင်ဖြစ်ပါ၏။ ခေါ်ကိုဖျက်ဝါးမျက်၊ လူကိုဖျက် အရက်ဟုဆိုရိုးရှိပါ၏။ ထိုအရက်သည် မိမိနှင့်သူတစ်ပါး တစ်ဦးတစ်ယောက်သေစေတတ်၍ သေရည်သေရက်ဟု ပမာပြုထားပါ၏။ ယခုကံအေးသေဆုံးမှုမှာ အရက်ဆိုင်ကစခဲ့ပါ၏။ အရက်သောက်သူ အချင်းချင်း အဆင့်အတန်းခွဲခြား၍ အပြောအဆိုလွဲမှားမှုကြောင့် တစ်ဘက်လူမှမကျေမနပ်ဖြစ်ခဲ့ရ၏။ ထိုမကျေနပ်မှုက အရက်မူးလာသောအခါ အမျက်ထွက်မှု(ဒေါသ)ဖြစ်လာ၍ တစ်ဘက်လူကို ထိနိုက်၊ နာကျင်၊ ပျက်စီးဆုံးရှုံးအောင်ဖြစ်စေလိုချင်သော တပ်မက်မှု(လောဘ)တက်လာပြီး အမှားအမှန်ခွဲခြားမသိမှု(မောဟ)များ ဖုံးလွှမ်းကာ အကုသိုလ်အမှုကို ပြုခဲ့ကြပါ၏။ သို့ကြောင့် သေရည်သေရက်သည် မိမိ သူတစ်ပါးစသည့်အရာအားလုံး အကောင်းမဖက်၊ ဆိုးကျိုးအတွက်သာဖြစ်ပါပေ၏။

ဤဖြစ်စဉ်ကို ပမာပြု၍ ကောင်းကျိုးမပြု မှုးယစ်မှုကိုလည်း . . .

**စုံထောက်မောင်ရေခဲ**

ညွှန်းမွဲ့

ဤအမှုကို စုံစမ်းဖော်ထုတ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှုရဲအရာရှိများ၊ သံလျင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိများကိုယ်စား အိုင်ဇီအောင်မြင်ဟု အမည်တစ်ဦးတည်းဖြင့် နာမ်စားပြု၍ညွှန်းဆို ရေးဖွဲ့ထားပါ၏။ ဤသို့ ရေးသိနိုင်အောင် ကူညီပံ့ပိုးပေးသော မှုခင်းသတင်းထောက်ရွှေကသစ်အား ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းပြုအပ်ပါသည်။


www.burmeseclassic.com



# သဉ္ဇာမြွတ်ဆောင်း
# နွံနစ်ကြာလေး
# ရှာပေးကြပါ



www.burmeseclassic.com

www.burmeseclassic.com



"သားရဲ့ရင်ထဲမှာ အရမ်းခံစားရပါတယ်၊ သား ညီမလေးကို ရှာပေးကြပါဗျာ၊ သားရဲ့ တစ်အူထုံဆင်း တစ်ဦးတည်းသောညီမလေး ပျောက်သွားပြီဗျ၊ သားကိုကူညီပြီး ရှာပေးကြပါနော်"

\+ + +

သားနာမည်က ဖိုးကျော်ပါ။ သား ညီမလေးက ငယ်ငယ်တဲ့။ သားတို့ မိသားစုလေးဟာ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၊ စမ်းကလေး ကျေးရွာအုပ်စု သရက်တောရွာမှာ နေကြပါတယ်။

သားတို့အိမ်က သက်ကယ်မိုး ထရံကာ ခနော်နီခနော်နဲ့တဲလေးပါ။ သားရဲ့အဖေနဲ့ အမေဟာ သား ခုနှစ်နှစ်၊ ညီမလေး ငါးလသမီးမှာ ကွဲသွားကြပါတယ်။ ဖခင်စိတ်မရှိတဲ့ အဖေဟာ နောက်အိမ်ထောင်ပြုသွားပြီး သားတို့ဆီ လုံးဝမလာတော့ပါဘူး။ သားရဲ့ အမေဟာ ဝမ်းရေးအတွက် ကောက်စိုက်၊ စပါးရိတ်၊ ပျိုးနှုတ်၊ ကြုံရာကျဘမ်း အားလုံးလုပ်ပါတယ်။

သား ကျောင်းမနေခဲ့ရဘူး။ ရွာထိပ်ကကြာအိုင်ကြီးမှာ ကြာပန်းတွေချိုးပြီး ကားနဲ့ ရထားနဲ့ ကားရထားနဲ့ ညောင်လေးပင်၊ ကျောက်တံခါး၊ ပဲနွယ်ကုန်း၊ တောင်ကျွဲအင်း၊ ကညွတ်ကွင်း စတဲ့မြို့တွေကို လိုက်ရောင်းရတယ်၊ ညီမလေးကို ထမင်းဇလုံတစ်လုံး ထည့်ပေးထားပြီး တဲလေးထဲမှာတစ်ယောက်တည်း ချေးအလူးလူး သေးအလူးလူး ထားခဲ့ရတယ်။

လူတွေရဲ့စိတ်တွေ အမျိုးမျိုးရှိတာ ဈေးရောင်းရင်း သားသိလာရတယ်။ ခုနစ်နှစ်အရွယ် အင်္ကျီချိုင်းပြဲ ခြေထောက်မှာ ဖိနပ်မပါ၊ ရွှံ့အလိမ်းလိမ်းကပ်နေတဲ့သားကို တချို့ကားသမားတွေက သနားလို့ ကားခမယူဘူး၊ တချို့က လျှော့ယူတယ်။ တချို့က တန်ရာတန်ကြေးအတိအကျတောင်းတယ်၊ သားမှာမရှိလို့မပေးနိုင်ရင် ကားပေါ်က မောင်းချတယ်။ ဈေးတွေထဲမှာကြာပန်း ထိုင်ရောင်းရင် တချို့ဈေးကောက်တွေက သနားလို့မတောင်းဘူး။ တချို့က အတင်းတောင်းတာ။ ဈေးဝယ်သူတွေ

ထဲမှာလည်း ရွှေတွေလက်တစ်ဆုပ်စာတော် ပြီး ဈေးဆစ်တဲ့သူမျိုးတွေ တွေ့ရတယ်။

ပဲနွယ်ကုန်းမြို့မှာ ကြာပန်းလိုက် ရောင်းတော့ စာရေးဆရာမဆိုလား။ အဲဒီ အန်တီကြီးနဲ့ခင်ရတယ်။ အန်တီက သားဆီကပန်းတွေဝယ်ရင်း စာရေးဆရာမပီပီ သားဘဝကိုစိတ်ဝင်တစား မေးတယ်။ ဖအေပစ်သွားတဲ့ သားတို့ မောင်နှမအကြောင်းကြားတော့ သူ သနားပြီး မျက်ရည်လည်တယ်။ အဲဒီ အန်တီကိုယ်တိုင်လည်း ကလေးနှစ်ယောက်နဲ့ ကျန်ရစ်ခဲ့ပြီး ယောက်ျားရဲ့ စွန့်ပစ်ခံထားရသူတဲ့။ သားအရွယ်နဲ့ နွံအိုင်ထဲဆင်းပြီး ကြာပန်းချိုးတာကို ရေနစ်မှာစိုးလို့ ရင်ဘတ်ဖိတယ်။ ညီမလေးကို တဲထဲမှာတစ်ယောက်တည်း ထားခဲ့တာကြားတော့ ရင်ဘတ်ဖိဘုရားတတယ်။

အဲဒီအန်တီရဲ့သမီးက ညီမလေးနဲ့ရွယ်တူပါ။ အန်တီက သူ့သမီးအဝတ်ဟောင်းလေးတွေ ညီမလေးအတွက် ပေးတယ်။ သားကိုလည်း မုန့်တွေကျွေးတယ်။ ပဲနွယ်ကုန်းကိုရောက်တိုင်း သူ့ဆီဝင်ဖို့မှာတယ်။

ဒီလိုနဲ့ ရက်တွေ၊ လတွေ၊ နှစ်တွေ ပြောင်းလာတာ သားရောညီမလေးပါ အသက်တွေသာကြီးလာတာ ကျောင်းလုံးဝမနေရဘူး။ မနက်မိုးလင်းတာနဲ့ သားက ကြာပန်းချိုးပြီးရင် သားရော ညီမလေးပါ ကြာပန်းတောင်းကိုယ်စီ ရွက်လို့ ပန်းရောင်းထွက်ပါတယ်။ ဒီလို ရောင်းတာတောင် ထမင်းနပ်မမှန်ပါဘူး။ ဆန်ပြုတ်တစ်လုပ်ည ထမင်းတစ်လုပ်ပါ။

သားတို့ရဲ့ အဝတ်စုတ်ဝတ် ကြာ



www.burmeseclassic.com

www.burmeseclassic.com



ပန်းသည်ဘဝကသာ မပြောင်းလဲတာ။ သား ဆယ့်နှစ်နှစ်၊ ညီမလေး ခြောက်နှစ်မှာ အမေကပြောင်းလဲသွားပါတယ်။ သူ့မျှားရှာကို ကောက်စိုက်သွားတဲ့အမေ ပြန်လာတော့ ဟိုမှာညားလာတဲ့လင် တစ်ယောက် အဆစ်ပါလာတယ်။ သားတို့ဖို့အဖေတဲ့။ အမေ့လင် ဦးထွေးဟာ လူအေးပါ။ ဒါပေမဲ့ယောက်ျားပျင်းကျော ခင်းလို့ပြောရမယ်။ ဘာအလုပ်မှ လက်ကြောတင်းအောင်မလုပ်ဘူး။ သားတို့မောင်နှမ ကြာပန်းရောင်းပြီးရှာထားတဲ့ ဆန်ကို ဝေမျှစားဖို့ လူတစ်ယောက်တိုးလာသလိုပဲ။ ညီမလေးဆို အမေ့နားမ ကပ်ရလို့ငိုလိုက်တာ။

အမေ့နားကို သူ့လင်ကြီးက ကပ်ကပ်နေပြီး အမေကဗိုက်ကြီးပူပူလာတာပေါ့။ ဗိုက်ကြီးနာစွဲလာတော့ အမေလည်း အလုပ်မလုပ်နိုင်တော့ဘူး။ သားမှာကြာပန်းခူးတာအပြင် ငါးရှာရတယ်။ ကိုင်းထောက်ရတယ်။ ဖားရိုက်ရတယ်၊ ရသမျှ အမေ့လက်ထဲအပ်ပါတယ်။ ညီမလေးက ကလေးပဲဗျာ။ ပန်းရောင်းတော့လည်း သားလိုမသွက်ဘူး။ မကုန်ဘူး။ ပြီးတော့ ဆော့ကစားချင်တဲ့အရွယ်ပဲ။ ပန်းတောင်းကြီးချပြီး ကစားရင်ကစားနေတာ။ ပန်းရောင်းထားတဲ့ ပိုက်ဆံထဲကလည်း ရေခဲချောင်းတို့ ပြောင်းဖူးတို့ မုန့်တို့ ဝယ်ဝယ်စားတာပေါ့။ အဲဒါအိမ်ပြန်ရောက်ရင် အမေက ပိုက်ဆံစစ်ပြီးရိုက်ရော။ အဲဒီအခါ ညီမလေးရဲ့မျက်ရည်ပြည့်တဲ့မျက်လုံးတွေက အမေ့ကို နာနာကျည်းကျည်းနဲ့ကြည့်လို့ပေါ့။

သားတို့ရဲ့စီးပွားရေးသာမကောင်းတာ။ အမေ့ရဲ့လူထုတ်လုပ်မှုစွမ်းရည်

**ညီမလေးဟာ**
**သားရဲ့အချစ်ဆုံး**
**ညီမလေးပါ။**
**ညီမလေးနဲ့ဒီတစ်သက်**
**ပြန်ဆုံခွင့်ရှိပါတော့မလား။**
**ရွှံ့ထဲက ကြာပန်းတွေဟာ**
**ရွှံ့ထဲမှာ သူတစ်ပါးရဲ့**
**နင်းခြေခံရလို့**
**နစ်မြှုပ်သွားရင်**
**ဆယ်ပေးမယ့်သူ**
**မရှိတော့ဘူးလား**

• • •

ကလည်း ကောင်းသလားမမေးနဲ့။ သူတို့ညားတဲ့ခြောက်နှစ်မှာ ကလေးသုံးယောက်မွေးပြီးပြီ။ တစ်ယောက်ကသေသွားတယ်။ ပထွေးနဲ့မွေးတဲ့ညီမလေးနှစ်ယောက်မှာ အကြီးလေးက တစ်တန်းရောက်ပြီ။ အငယ်ကနို့စို့ပါ။

ညီမလေးက သူ့ဘဝသူမပျော်ဘူး။ ကျောင်းလည်းနေခွင့်မရ။ မိခင်ရင်ငွေ့မလှုံရ၊ ဆော့ကစားခွင့်မရ၊ မုန့်ဝယ်စားခွင့်မရ၊ ဖခင်ဆိုတာလည်း မမြင်ဖူး။ သူနဲ့ရွယ်တူလေးတွေကို မိဘက တယုတယဆက်ဆံနေတာမျိုးလမ်းမှာတွေ့ရင် မျက်ရည်လေးဝဲပြီးရပ်ကြည့်နေတတ်လေရဲ့။ သားလေ ညီမလေးကို ချစ်လို့ သနားလို့ သားတတ်နိုင်သမျှ ဂရုစိုက်ပါတယ်။ ဒါပေမဲ့ အိမ်ပြန်ရောက်တာနဲ့ အမေက ဆူလိုက် ဆဲလိုက်၊ ပထွေးက အမေ့ကို မျက်နှာလိုမျက်နှာရလုပ်ပြီး သားတို့မောင်နှမကို အော်ငေါက်နေတော့ သားက ခံနိုင်ရည်ရှိပေမယ့် ညီမလေးကမျက်ရည်ဝဲလို့။ ညီမလေး အခံစားရဆုံးအချိန်က အမေက သူ့ရဲ့နို့စို့သမီးငယ်ကို ချော့မြူနေချိန်ပါ။ အဲဒီအခါ ညီမလေးရဲ့ ဝမ်းနည်း ကြေကွဲတဲ့မျက်လုံးတွေဟာ သူခိုလှုံခွင့်မရနိုင်တော့တဲ့ အမေ့ရင်ခွင်ကို ငေးလို့။

ဘာပဲဖြစ်ဖြစ် သားတို့မောင်နှမ သိပ်ချစ်ပါတယ်။ ညီမလေးကလည်း သားကို တွယ်တာတယ်။ (၄. ၉. ၁၂) နေ့ဟာ သားရင်ကွဲရတဲ့နေ့ပါ။ အဲဒီနေ့က သား ကြာပန်းတောင်းကြီးထမ်း၊ ညီမလေးက ကော်ဇလုံနဲ့ပန်းတွေထည့်ရွက်လို့ သရက်တောရွာကနေ ပန်းရောင်းထွက်ခဲ့တယ်။ တပင်ရွှေထီးကား



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို သားတို့တားစီးတယ်။ ကားဆရာကြီးက သားတို့ကိုသနားလို့ စီးချင်တဲ့နေရာစီး။ ဘယ်စီးစီး ကားခနှစ်ရာပဲယူတယ်။ ကျောက်တံခါးမရောက်ခင် သုဓွေးကုန်းရွာရောက်တော့ သားက ညီမလေးကိုဆင်းခိုင်းတယ်။

"ညီမလေးက သုဓွေးကုန်းမှာရောင်း၊ ကိုကြီးက ကျောက်တံခါးသွားရောင်းမယ်၊ သုဓွေးကုန်းရွာထဲလှည့်ရောင်းပြီးရင် ကျောက်တံခါးလိုက်ခဲ့၊ ကိုကြီး ဈေးထဲကစောင့်နေမယ်၊ မုန့်ဝယ်ကျွေးမယ်"

"ဟုတ်ကဲ့ကိုကြီး"

ကြာပန်းဇလုံလေးရွက်ပြီး တပင်ရွှေထီးကားပေါ်က ညီမလေးဆင်းသွားတာ သားရဲ့ညီမလေးကို နောက်ဆုံးမြင်လိုက်ရခြင်းပါ။ သားကျောက်တံခါးဈေးထဲရောင်းရင်းစောင့်နေတာ ညီမလေးရောက်မလာဘူး။ သား ကြာပန်းတိုင်ရောင်းနေတဲ့နောက်က လက်ဖက်ရည်ဆိုင်ကနားရိမှာ နေ့ခင်းတစ်ချက်ခွဲနေပြီဆိုတော့ သား ဗိုက်အရမ်းဆာတာနဲ့ရွာပြန်ခဲ့ပါတယ်။ ညီမလေးကို သုဓွေးကုန်းကနေ ပန်းကုန်လို့ရွာပြန်သွားပြီထင်ခဲ့တာ။ အိမ်ပြန်ရောက်မှ ညီမလေးမရောက်သေးတာသိတယ်။ အမေက တလေးနှိုတိုက်ရင်း မေးတယ်။

"ဖိုးကျော်၊ ဟိုကောင်မလေးရော"

"ညီမလေးကို သုဓွေးကုန်းမှာ ပန်းရောင်းခိုင်းခဲ့တာ၊ သားက ပြန်သွားပြီထင်လို့၊ သားက ကျောက်တံခါးသွားရောင်းပြီးပြန်လာတာ"

"ဘယ်မှာဝင်ဆော့နေလဲမသိဘူး။ လာပစေဦး။ တွယ်ပစ်လိုက်မယ်"



အမေကသာ ရိုက်ဖို့ကြိမ်းနေတာ။ မှောင်တဲ့အထိ ညီမလေးပြန်ရောက် မလာပါဘူး။ တစ်နေရာရာမှာ ဝင်ခွေအိပ်နေပြီ။ ကြာပန်းရောင်းမကုန်လို့ ရိုက်ခံထိမှာစိုးပြီး ပြန်မလာတာလား။ ပန်းရောင်းထားတဲ့ပိုက်ဆံ မုန့်ဝယ်သားမိလို့လား။ ကျပျောက်လို့လား။ တစ်နေရာရာမှာ ကစားရင်းမိုးချုပ်သွားတာလား။ အချိန်တန်အိမ်ပြန်လာမှာပဲထင်မိတယ်။ အရင်လည်း အဲဒီနေရာလောက်တော့ သွားရောင်းနေကျပဲ။

ကလေးနှစ်ယောက်နဲ့ အလုပ်ရှုပ်နေတဲ့အမေက ပါးစပ်က ပွစိပွစိပြောနေပေမယ့်(ကားခမရှိတာလည်းပါတာပေါ့)လိုက်မရှာဘူး။ နောက်နေ့ သားကြာပန်းချိုးပြီး သုဓွေးကုန်းသွားရောင်းရင်း လိုက်မေးရတယ်။ အဲဒီတော့မှကော် ဇလုံလေးရွက်ထားတဲ့ ဆယ့်နှစ်နှစ်လောက်အရွယ်ကောင်မလေး ဆံရှည် ရသေ့မကြီးနောက်ကိုပါသွားတယ်လို့သိရတယ်။ အဲဒီဆံရှည်ရသေ့မနဲ့ညီမလေး ညောင်လေးပင်ဘက် ကားစီးသွားတယ်ဆိုတော့ သားကြာပန်းတွေ ရောင်းရင်း ညောင်လေးပင်ဘက်လိုက်တာပေါ့။ ညောင်လေးပင်ဘူတာမှာရသေ့မနဲ့ကောင်မလေးတစ်ယောက်ရထားအတူတက်သွားတာ မြင်ကြတယ်။ ရန်ကုန်သွားတာတဲ့။

မဒေါက်မြို့က ငါးချဉ်လာရောင်းတဲ့အဒေါ်က–

"အဲဒါ နင့်ညီမလေးလား၊ ရထားမလာခင် ရသေ့မက ထမင်းတွေစားနေပြီး နင့်ညီမလေးက ဘေးကသွားရည်ကျနေလို့ ငါနှစ်ရာမုန့်ဖိုးပေးလိုက်တယ်" လို့ပြောပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မိုက်လိုက်တဲ့ညီမလေး။ သား ဘူတာမှာထိုင်ငိုရတယ်။ ရန်ကုန်မြို့ဆိုတာ အကျယ်ကြီး။ သားရောက်လည်း မရောက်ဖူးဘူး။ သွားစရာလမ်းစရိတ်လည်း မရှိဘူး။ သားချစ်တဲ့ညီမလေးကို ဘယ်လိုလိုက်ရှာရမလဲ။ အမေ့ဆီပြန်ပြီး ပြောပြတော့ အမေလည်းငိုတယ်။ မိုက်လိုက်တဲ့အိမ်ပြေးမလေး။ ကိုယ့်အိမ် ကိုယ်မပျော်၊ ပညာကလည်း မတတ်တော့ သူများညာခေါ်လို့ရတဲ့ဟာလေး။ အမေဟာ သားသမီးကိုချစ်ပေမယ့် လုံခြုံနွေးထွေးတဲ့အရိပ်၊ အေးမြတဲ့ချစ်ခြင်း မပေးနိုင်ဘူး။ စွမ်းဆောင်မှုလည်း မရှိဘူး။ ဘယ်မှလည်းမတိုင်၊ လိုက်လည်းမရှာဘဲ ကြိတ်ငိုနေတာပဲ။

သားမှာသာ ကြာပန်းတောင်းကြီး ထမ်းလိုက်ရောင်းရင်း ၁၂ နှစ်အရွယ် မည်းတုံးတုံး၊ ပိန်ရှည်ရှည်ကောင်မလေးတွေတွေ့ရင် ညီမလေးများလားလို့ လိုက်ကြည့်ရတာမောနေတာပဲ။ ၂၅-၉-၂၀၁၂ နေ့မှာ ကြာပန်းရောင်းရင်း သား ပဲခူးယ်ကုန်းရောက်သွားတယ်။ စာရေးဆရာမအန်တီက သားကို ပန်းတွေခေါ်ဝယ်တယ်။ မုန့်ကျွေးတယ်။ ပြီးတော့ သားညီမလေး နေကောင်းလားတဲ့။ သူ့သမီးအင်္ကျီလေးတွေ ပေးဖို့မေးတာ။

သားငိုပြီး ညီမလေးပျောက်တာ နှစ်ဆယ့်တစ်ရက်ရှိပြီလို့ပြောပြတော့ အန်တီက မတိုင်ဘူးလားတဲ့။ ဒါဟာ လူကုန်ကူးမှု၊ မိဘအုပ်ထိန်းမှုမကင်းသေးတဲ့ အရွယ်မရောက်သေးတဲ့ မိန်းကလေးတဲ့။ အန်တီ့ရဲ့ သားသမီးသာဆို မိုးကောင်းကင်ကို မီးနဲ့ရှို့ရပါစေ သားအမေက ပျော့ညံ့လှချည်လားတဲ့။ ပဲခူးယ်ကုန်းမြို့ စည်ပင်သာယာရေးရုံးက ဦးအောင်မိုးဆိုတဲ့ ဦးကလည်း သားကို ထမင်းတွေကျွေးတယ်။ မုန့်ဖက်ထုပ်သည်၊ မုန့်ဟင်းခါးသည်တွေကလည်း မုန့်တွေကျွေးတယ်။ ညီမလေးအတွက် အံ့ကြိတ်ဒေါသထွက်ကြတယ်။ သတ္တိရှိရှိတိုင်ခိုင်းတယ်။

ညီမလေးဟာ သားရဲ့အချစ်ဆုံး ညီမလေးပါ။ ညီမလေးနဲ့ဒီတစ်သက် ပြန်ဆုံခွင့်ရှိပါတော့မလား။ ရွှံ့ထဲက ကြာပန်းတွေဟာ ရွှံ့ထဲမှာ သူတစ်ပါးရဲ့ နင်းခြေခံရလို့ နစ်မြုပ်သွားရင် ဆယ်ပေးမယ့်သူမရှိတော့ဘူးလား။ ပညာမတတ် ဥစ္စာဓနမရှိတဲ့ မိဘအုပ်ထိန်းခံ၊



မျက်နှာမွဲမျက်နှာပြာမိသားစုထဲက သားရဲ့အချစ်ဆုံး ညီမလေးပျောက်တဲ့အရေးမှာ မျက်နှာလွှဲပြီးနေရက်ကြသလား။ အမျိုးသားရေးလို့ သဘောမထားနိုင်ဘူးလား။

နှံ့နစ်ကြာလေးရှာပေးကြပါနော်။

(ကလေး၏ငိုယိုပြောပြချက်အတိုင်း နှလုံးသားနှင့်ခံစားရေးဖွဲ့ပါသည်)


သန္တာမြင့်သောင်း



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

ကျွန်တော်တို့မြို့သည် အင်္ဂလိပ်ခေတ်ကတည်းက ခရိုင်မြို့တစ်မြို့ဖြစ်သည်။ ဌာနဆိုင်ရာရုံးပေါင်းစုံရှိသလို မြို့၏အပြင်ဘက်၌ အကျဉ်းထောင်ကြီးတစ်ခုလည်းရှိသည်။

ဖခင်သည် အစိုးရဌာနတစ်ခုမှ ပင်စင်ယူခဲ့ပြီး အမေ့ရွာနှင့်မဝေးလှသည့် ယခုမြို့လေး၌ အမေ့ဆန္ဒအတိုင်း အဖေဆုံးဖြတ်နေထိုင်ခဲ့ရသည့် မြို့လေးတစ်မြို့ဖြစ်သည်။ ကျွန်တော်တို့နေထိုင်ရသည့်အိမ်ခြံဝိုင်းမှ အရှေ့ဖက်သို့ လှမ်းမျှော်ကြည့်လိုက်လျှင် လယ်ကွင်းပြင်ကြီးထဲ၌ အထီးတည်းတည်ရှိနေသည်။ အုတ်ရိုးနီညိုညိုနှင့် ထောင်ကြီးကို လှမ်းမြင်တွေ့နေရသည်။

ယနေ့နံနက် မိုးမသောက်မီ အချိန်ကတည်းက အဝေးဆီမှကြားနေရသည့် ကျီးအော်သံများကြောင့် အိပ်ရာထက်မှ နိုးထလာခဲ့ရသည်။ ကျွန်တော်သည် အိမ်ရှေ့မြေပြင်သို့ဆင်းလာပြီး ကျီးအော်သံများ ကြားကြားနေရသည်။

ထောင်အုတ်ရိုးနီနီကြီးတို့နှင့် မနီးမဝေး သစ်ပင်အုပ်ဆိုင်းဆိုင်းများပေါ်မှ အထိတ်တလန့် လူးလာတုံ့ပြန်အော်ဟစ်နေကြသော ကျီးအုပ်ကြီးကို လှမ်းမြင်တွေ့လိုက်ရသည်။

အရုဏ်၏ထွန်းသစ်စ နေရောင်များကြားမှ လူးလာတုံ့ပြန်အော်ဟစ်နေကြသော ကျီးအုပ်ကြီးကြောင့် နံနက်ခင်း၏အလှတရားတို့သည် အရုပ်ဆိုးအကျည်းတန်သွားရသည်ဟု ကျွန်တော့်ရင်၌ခံစားလိုက်ရသည်။

ကျွန်တော်သည် ထိုအနိဋ္ဌာရုံ အာရုံမြင်ကွင်းကြီးကို အဘယ်မျှကြာကြာ တွေးငေးကြည့်နေမိသည်မသိ။

“ဖိုးအောင် ... ခုချိန်ထိမျက်နှာမသစ်၊ သွားမတိုက်ဘဲ ဘာလုပ်နေတာလဲ”

မြေပြင်မှ အိမ်အထပ်သို့ လှမ်းတက်နိုင်ရန် အထစ် ၉ ထစ်ရှိသော လှေကားပေါ်မှဆင်းလာနေသော ဖခင်၏အသံကြောင့် အိမ်ဘက်သို့ လှမ်းကြည့်မိလိုက်သည်။

“ဟိုမှာလေ ... အဖေ၊ ကျီးကန်းတွေ ဘာဖြစ်နေတာလဲမသိဘူးဗျ။ ဟိုတစ်ခါတုန်းက ဘုန်းကြီးကျောင်းက ကိုကြွက်နီပြောဖူးတယ်၊ ဒီလိုမျိုး ကျီးတွေအော်တာမကောင်းဘူးကွ၊ ကျီးပြိုတယ်လို့ခေါ်တယ်၊ အတိတ်ဆိုးနိမိတ်ဆိုးတွေဖြစ်တတ်တယ်၊ အဲဒါထောင်ထဲမှာ တစ်ယောက်ယောက်တော့ ကြိုးပေးခံလိုက်ရတဲ့နိမိတ်ပဲတဲ့ အဖေ၊ အဲဒါ ဟုတ်လားဟင်”

အနီးသို့ရောက်လာသော အဖေသည် ကျွန်တော့်ပုခုံးကိုဖက်ကာ–

“အိုကွာ ...၊ သားကလည် သားကို မောင်ကြွက်နီက ဒီလိုပဲပြော တာလား။ ဒါက တိုက်ဆိုင်သွားလို့ မှာပေါ့”

“ဟုတ်တယ် ကိုကြွက်နီက အဲ အတိုင်းပြောခဲ့တာပဲ၊ ကြည့်ပါဦးအဖေ ရယ်၊ အဲ့ဒီကျီးတွေအော်နေပုံက ကျွ တော်တို့ရပ်ကွက်ထဲက ကျီးအော်သ တွေနဲ့မတူဘူးဗျ၊ ကျွန်တော့်ရင်ထဲတော တစ်မျိုးကြီးပဲ”

“ကဲပါသားရယ်၊ ဒါတွေတွေ မနေနဲ့တော့ ဒီနေ့ သားနဲ့အဖေ ဘက်သွားပြီး ပဲအီကြာနဲ့လက်ဖက်ရည် သွားသောက်ကြရအောင်၊ မြန်မြန်မျက် နှာသစ် သွားတိုက်ပြီး အဝတ်လဲကွာ”

(၂)

ကျွန်တော်နှင့်အဖေ လက်ဖက် ရည်သောက်သွားရန်အတွက် အိမ် အောက်မှစက်ဘီးနှစ်စီးကို အသ ထုတ်ထားနေစဉ် ခြံဝိုင်းထဲသို့လှမ်းဝ လာနေသော ဘုန်းဘုန်းကြီးကိုလှမ်း တွေ့လိုက်ရသဖြင့်–

“အဖေရေ ဘုန်းဘုန်းကြီးကြ လာပြီဗျ၊ ဘုန်းဘုန်းကြီး အိမ်ပေါ်မှ အဖေရှိတယ်၊ အိမ်ပေါ်ကို အခုပဲတက် သွားတာ”

ဟုဆိုကာ ကျွန်တော်ပါ ဘု ဘုန်းကြီးနောက်မှ အိမ်ပေါ်သို့လိုက် သွားလိုက်သည်။ အဖေသည် ကျွ တော့်အသံကြားရကတည်းက ဘုရ ခန်းရှေ့၌ ဖျာတစ်ချပ်အသင့်ခင်းလိုက် ပြီး လက်အုပ်ကလေးချီကာ ဘုန်းဘု ကြီးကို ခရီးဦးကြိုပြုရင်း–



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းဘုန်း ကြွပါ ..ကြွပါ ဘုရား၊ အစောကြီး ဘယ်များကြွလှမ်း မလို့ပါလဲဘုရား"

ဘုန်းဘုန်းကြီးမှာ မည်သည့် စကားသံမှမမြွက်ဘဲ အတန်ကြာသည် အထိ ဆိတ်ဆိတ်နေနေသဖြင့် ဖခင် ဖြစ်သူသည်-

"ဘုန်းဘုန်း မျက်နှာလည်းမသာ မယာနဲ့၊ နေထိုင်ရတာများ ဥတုသပ္ပါယ မျှတပါရဲ့လား၊ ဆွမ်းကွမ်းများလည်း အဆင်မပြေရဲ့လားဘုရား"

ဘုန်းဘုန်းကြီးသည် အဖေ့မျက် နှာကိုစိုက်ကြည့်ရင်း-

"ဒကာကျော် ..သေခြင်းတရား ဆိုတာ အင်မတန်တုန်လှုပ်စရာကောင်း တာပဲလား"

"မှန်ပါဘုရား"

"သတ္တဝါတွေဟာ သေမျိုးတွေပဲ၊ ဖြစ်ပြီးရင် ပျက်ရမယ်တဲ့၊ တို့များ ဗုဒ္ဓ က ဟောကြားခဲ့တာ၊ သေခြင်းဟာ တို့ များရဲ့လက်တစ်လှမ်းအကွာမှာရှိနေပြီး သားပဲ၊ ဒါကြောင့် အသေမဦးခင် ဉာဏ်အမြင်ရအောင်လုပ်ရမယ်ဆိုပြီး ဘုန်းကြီးဟောပြောဆိုဆုံးမခဲ့တာ ဝါ တွေမနည်းလှတော့ပါဘူး၊ ဒီလို မိမိ ကိုယ်တိုင် တရားအသိတွေသိနေတယ် ဆိုပေမယ့် သတိနဲ့အသိက ကိုယ်မှာ မကပ်တော့ သတိကင်းလွတ် ငှက် တောင်ကျွတ်သလိုပါပဲလားကော ... ကျော် ..ရေ"

"တင်ပါ့ဘုရား ..၊ ဘုန်းဘုန်း ခုလို ပြောဆိုဆုံးမလမ်းညွှန်ပြခဲ့တာ တပည့်တော်အကြိမ်ပေါင်းများစွာ နာ ကြားခဲ့ရဖူးပါပြီ။ ဒါပေမဲ့ အခု ဘုန်း ဘုန်းဟောပြောနေတာ တခြား ရည် ညွှန်းစရာများရှိနေလို့လား ဘုရား"

"ဆိုပါတော့ ဒီတရားကို ဘုန်း ကြီးစသိလာရကတည်းက လောကီ လူ ဘောင်ကိုစွန့်ခွာပြီး တောရဆောက် တည်နေလာခဲ့တာပေါ့၊ ဒါပေမဲ့ ဒကာ ကျော်နဲ့ရင်းနှီးခင်မင်ခွင့်ရပြီး ဒကာရဲ့ အကြိမ်ကြိမ်ပင့်လျှောက်တာလည်း ပါ တာပေါ့လေ၊ ပြီးတော့ တို့များဘုရား သခင်ဟာ ၄၅ ဝါပတ်လုံးကျွတ်ထိုက် သူတို့ကျွတ်ရအောင်ဆိုပြီး လှည့်လည် တရားပြဟောကြားလာခဲ့တယ်မဟုတ် လား၊ ငါလည်း ရှိနေသေးတဲ့အချိန် လေးမှာ မိမိကိုယ်တိုင်တရားအသိတွေ သိနေသလို ဒကာဒကာမတွေကို ဟော ဆိုဖို့တော့ လိုဦးမယ်ဆိုပြီး လိုက်လာ ခဲ့မိတာပဲ"

"ဟော ...ခု ဘုန်းကြီးကျောင်း ထိုင်ရတယ်၊ ကျောင်းက ထောင်မိသား စုတွေအများဆုံး အနီးဆုံး ထိတွေ့ ဆက်ဆံရတဲ့ကျောင်းဆိုတော့ ဒကာ ဒကာမတွေရဲ့အရေးဆိုသလို ထောင် ထဲဖြစ်ဒဏ်ကျတဲ့ရာဇဝတ်သား ကြိုး သမားတွေကိုလည်း သရဏဂုံတင်ပေး ရတဲ့အလုပ်ကိုလည်း လုပ်ပေးရတာ ပေါ့"

"ပထမတော့ ဒီအလုပ်ဟာ ဘုန်း ကြီးအတွက် မရဏာနုဿတိ ပွားများ စရာလို့ မှတ်ယူခဲ့တယ်၊ တရားအဖြစ် ရှုမှတ်ခဲ့တယ်၊ ရှုမှတ်နိုင်ခဲ့တယ်၊ လူတွေ ဟာ သေခြင်းတရားနဲ့ရင်ဆိုင်ရတဲ့အခါ အကြီးအကျယ်တုန်လှုပ်ခြောက်ခြားကြ တာပဲ၊ ဘယ်လောက်ပဲ လူလောကထဲ ဆိုးသွမ်းမိုက်မဲပါတယ်ပြောပြော တ ကယ်တမ်း နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ ကြပြီဆိုရင်တော့ တုန်လှုပ်သွားကြတာ ပါပဲ"

"ဒါကြောင့် ဘုန်းကြီးလည်း တစ် ခါတစ်ရံ ကိုယ့်ကိုကိုယ်ပြန်မေးကြည့် တယ်၊ ငါလည်း တစ်နေ့ မလွဲမသွေ သေခြင်းတရားနဲ့တွေ့ရဦးမှာပဲ၊ တကယ် တွေ့ရင် သူတို့လိုပဲ တုန်လှုပ်နေမှာပဲ၊ ဒါကြောင့် အသေမဦးခင် သေခြင်း

**ဒီလိုအဖြစ်မျိုးနဲ့ ကိုကြွက်နီ တွေ့ရမယ်ဆိုတာ သိရရင် ကျွန်တော်တို့မြို့ကို ဘယ်တော့မှ ပြန်မလာဖို့ ကျွန်တော် ပြောလိုက်မိမှာ အမှန်ပါပဲ ...**



www.burmeseclassic.com

www.burmeseclassic.com



တရားနဲ့ ရင်ဆိုင်နိုင်ဖို့အတွက် ပြင်ဆင်ရတော့မယ် ဒကာကျော်ရေ ..၊ ဒီအတွက် ဒီကျောင်းဒီနေရာက ဘုန်းကြီးထွက်ခွာရတော့မယ်ဆိုတာလည်း ပြောပြရင်း ဒီကိုလှည့်ဝင်လာတာပဲ"

"အခုမနက် ကြုံတွေ့ရတဲ့အဖြစ်ကိုကြည့်၊ ကိုယ်တိုင်သေမင်းနဲ့ မကြုံရသေးဘူး။ အကြီးအကျယ် တုန်လှုပ်သွားခဲ့ရတာ၊ ဒီနေ့မနက် ကြိုးသမားတစ်ယောက်ကို သရဏဂုံတင်ပေးလိုက်ရတာ၊ အဲဒီလူက ဘယ်သူများမှတ်သလဲ ဒကာကျော်ရေ ..၊ ဘုန်းကြီးရဲ့တူ ကြွက်နီပဲ"

"ဘုရား ... ဘုရား နားရှိလို့သာ ကြားလိုက်ရတာ၊ ကြွက်နီဆိုတာ ဘုန်းဘုန်းကျောင်းမှာ ကပ္ပိယလုပ်ပြီး ရွာပြန်သွားခဲ့တဲ့သူလား ဘုရား"

"ဟုတ်ပ ... ဒကာကျော်ရေ၊ အဲဒီကြွက်နီမှ အစစ်ပေါ့ ဒကာရေ"

"အို .. ဘယ်လိုများဖြစ်ရတာပါလိမ့်၊ ဒါကြောင့် မနက်က အဲ့ဒီဘက်ဆီက ကျီးပြုံသံတွေ ကြားလိုက်ရတာကိုး"

ဘုန်းဘုန်းကြီးနှုတ်မှ ကြွက်နီဆိုသည့်အသံကြောင့် ကျွန်တော်ပင်အနည်းငယ်တုန်လှုပ်သွားသည်။ ကျွန်တော်သိကျွမ်းခင်မင်ခဲ့ရသည့် ကိုကြွက်နီမဖြစ်ပါစေနဲ့လို့ နှုတ်မှတဖွဖွရေရွတ်ရင်း ဖခင်ဖြစ်သူကို–

"အဖေ ဟို ဘုန်းဘုန်းကြီးပြောတဲ့ ကြွက်နီဆိုတာ ဘုန်းဘုန်းကြီးကျောင်းက ကိုကြွက်နီကို ပြောတာလားဗျ"

အဖေသည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ကာ ဦးခေါင်းကို ဖြည်းညှင်းစွာ ညိတ်ပြလိုက်သည်။ သို့ကြောင့်လည်း ကိုကြွက်နီနှင့် ကျွန်တော် ရင်းနှီးခဲ့ရဘူးသည့်အတိတ်ဓါတ်ပုံရိပ်များကို အမှတ်မထင်ပြန်လည် လွမ်းဆွတ်ကြည့်မိလိုက်သည်။

ဒီတုန်းက ကျွန်တော့်အသက် ၁၀ နှစ်ကျော်ကျော်မျှသာ ရှိနေပေဦးမည်။ နောက်ဘက်မီးဖိုဆောင်၌ မိသားစုနံနက်စာအစာစားပြေစားနေကြစဉ် အဖေနှင့်အမေပြောနေသည့်စကားများကို နားစွင့်ကာ–

"မအေး မင်းကို ပြောရဦးမယ်၊ ထောင်ပိုင်ကြီးထွေးမောင်က သူတ[illegible] ထောင် ကျောင်းအသစ်မှာ ကျောင်[illegible] ထိုင်နိုင်မယ့်ဘုန်းကြီးတစ်ပါးပင့်ခိုင်းလိ[illegible] ကွာ၊ အဲဒါ ..."

"နို့ နေ့စမ်းပါဦး၊ ရှင်က ဘယ်[illegible] ဘုန်းကြီးသွားပင့်ရမှာတုန်း၊ ပြီးတော့[illegible] ဘယ်က ထောင်ကျောင်းလည်းတော်"

"ဩော် .. အေး .. အေး မင်းမ[illegible] မသိသေးဘဲကိုး။ ထောင်သွားတဲ့လမ်[illegible] အနီး စေတီပျက်လေးရှိတဲ့ ကိုင်းရှုနှင်းရဲ့[illegible] စားကျက်မြေကွက်မှာ ထောင်က ဘုန်း[illegible]



www.burmeseclassic.com


ကြီးကျောင်းတစ်ကျောင်းဆောက်ပြီး ရှထားတာရှိတယ်ကွ၊ ပြီးလုပြီးခင်ဆို ဓါတော့၊ မြေကွက်က ကိုရွှေနှင်းကလှူ တာ၊ ကျောင်းက ထောင်မိသားစုတွေ ရှပေါင်းပေါ့ကွာ၊ အဲ ..အဲ ..အဲဒီ ကျောင်းမှာထိုင်ဖို့ ဆိုပါတော့"

"ဟုတ်ပါပြီ၊ ရှင်က ဘယ်ဘုန်း ကြီးသွားပင့်မှာတုန်း၊ ဒီ နီးနီးနားနား ဘုန်းကြီးရှိတယ်ဆိုတော့ ပိုကောင်းတာ ပေါ့၊ ရှင်ပြောတဲ့နေရာဆို ကျုပ်တို့ ရပ် ကွက်နဲ့လည်း မဝေးပါဘူး"

"အေးပေါ့ကွ၊ ငါရည်မှန်းထား တာတော့ ငါဆည်မြောင်းမှာလုပ်တုန်း က ဟိုအထက်ဘက်မှာ ရေကာတာကြီး တစ်ခုဆောက်တယ်မဟုတ်လား၊ အဲဒီ အနီးနားက တောရဆောက်တည်နေတဲ့ ကိုယ်တော်ကြီးကိုသွားပင့်မယ်စိတ်ကူး တာပဲ၊ ငါနဲ့က ဆရာဒကာရင်းလိုဖြစ် နေတာဆိုတော့ ဖြစ်မယ်ထင်တာပဲ"

"ရှင်နဲ့ ထောင်မှူးကြီးက သူငယ် ချင်းတွေဆိုတော့ ရှင့်ကိုတာဝန်ပေးထား နေမှာပေါ့"

"အေးလေကွာ၊ တို့အိမ်ထောင် ကျကာစက အိမ်ကိုတောင် အလည် ရောက်ဖူးတာပဲ၊ မင်း မမှတ်မိလို့ပါ၊ အရင် တို့နဲ့ ဆည်မြောင်းမှာအတူတူ လုပ်ခဲ့ကြတာ၊ ပြီးမှ ဒီကောင်က အ ကျဉ်းဦးစီးဌာနပြောင်းသွားတာ"

ဆိုသည့် အဖေနှင့်အမေတို့၏ စကားသံများနှင့်အတူ အဖေနယ်သို့ ထွက်သွားပြီး အထက်ဘက်မှ ဘုန်း ဘုန်းကြီးကိုပင့်ဆောင်လာပြီး ကျောင်း ထိုင်တော်မူစေသည်။ နှစ်ဝါခန့်တွင် ကို ကြွက်နီတစ်ယောက် ထိုကျောင်းသို့ ရောက်လာခဲ့သည်။

ကိုကြွက်နီတစ်ယောက် ကျွန် တော်တို့အိမ်သို့ ဆွမ်းအုပ်အပို့အယူလုပ် ရာမှ ကျွန်တော်တို့မိသားစုနှင့် ခင်မင် သွားသည်။ မိမိတို့အိမ်သို့ လာတိုင်း ကျောင်းမှစားစရာ ငှက်ပျောသီး၊ သစ် သီးနှင့်မုန့်တို့ ကျွန်တော့်အတွက်ပါ ပါ လာတတ်သည်။

သို့အတွက် ကျွန်တော် ကိုကြွက်နီ ကို ပိုမို၍ ခင်မင်သွားသလို ကျောင်း ပိတ်ရက်နှင့် တိုက်ဆိုင်သည့်နေ့များ တွင် ကိုကြွက်နီတို့ကျောင်းသို့ လိုက်ပါ သွားတတ်ပြီး ကျောင်း၏ဝေယျာဝိစ္စများ ကို ဝိုင်းဝန်းလုပ်ကိုင်ပေးတတ်သည်။

နေ့လည်နေ့ခင်းအချိန်များတွင် ကိုကြွက်နီပြောပြသည့် သူတို့ရွာအ ကြောင်း ထိုအထဲမှ လွမ်းဆွတ်ကြည်နူး ခဲ့ရသည့် သူ့ချစ်သူအကြောင်း၊ သူ့ချစ် သူဟုဆိုရသော်လည်း သူတစ်ဖက်သတ် ကြိတ်ပိုးခဲ့ရသူလေး။ ဒီတစ်ခေါက် ရွာ ပြန်ခွင့်ရလျှင် ရင်ဖွင့်ပြောလိုက်တော့ မည်ဆိုသည့်အကြောင်း။ သူ့အသက် ၂၀ ဝန်းကျင်ရောက်လာခဲ့သော်လည်း မည်သည့်ရည်းစားမျှ မထားဖူးခဲ့သည့် အကြောင်း။

ပြီးတော့ ရွာမှ ဗိုလ်ကျမင်းမူနေ သည့် သူကြီးအကြောင်း။ ထိုသူကြီးနှင့် မတည့်သဖြင့် မကြာခဏ ထိပ်တုံး အ ခတ်ခံရသည့်အကြောင်းတို့လည်း ပါ သည်။ သို့ကြောင့်လည်း ကိုကြွက်နီ၏ အမေနှင့်အမက သူ့ကို စိတ်မချနိုင်ဖြစ် နေသည့်အချိန် တစ်ဦးတည်းသော အစ်မ အိမ်ထောင်ကျပြီးနောက် ရွာသို့ ရောက်လာသောဘကြီးဘုန်းကြီးနှင့်အတူ ဒီမြို့သို့ လိုက်ပါလာခဲ့ရသည့်အကြောင်း တို့ကို မကြာခဏ ပြောပြလေ့ရှိခဲ့သည်။

ကျွန်တော်သည် အကြိမ်ပေါင်း များစွာ ကြားသိခဲ့ရသည့် သူ၏ဇာတ် လမ်းများကို အချိန်တိုင်းစိတ်ပါဝင်စား စွာ နားထောင်ပေးတတ်သော ကျွန် တော့်ကို ခင်မင်သံယောဇဉ်ကြီးခဲ့သည်။ စိတ်ရင်းကောင်းသော ကိုကြွက်နီ၌ စိတ်တိုစိတ်ဆတ်တတ်သည့် ဥဒ္ဒိ ကြောင့်သူကြီးနှင့်မတည့်ရသည်ဟု ထင်ခဲ့ မိသော်လည်း အပျိုအအိုမရွေး မိန်းမ ရှုတ်တတ်သောသူကြီးကို သူ မျက်မုန်း ကျိုးခဲ့ရသည်ကို နောင်မှ တဖြည်း ဖြည်း နားလည်လာခဲ့ရ၏။

ရွာကို သူသတိရသလို အေးလှ ကိုလည်း လွမ်းဆွတ်ရကြောင်း။ ဒီတစ် ခေါက် ရွာကိုပြန်ရောက်လျှင် အေးလှ ကို သတ္တိရှိရှိ ရင်ဖွင့်ပြောလိုက်တော့ မည်ဖြစ်ကြောင်း၊ ဒီအရပ်ဒေသမှာ နေ ရတာ စိတ်၌ မပျော်ရွှင်ကြောင်း၊ ဘ ဘုန်းကိုကြောက်၍ ဖွင့်မပြောရဲကြောင်း ဆိုသည့် အကြောင်းပေါင်းများစွာကို ကြိမ်ဖန်များစွာ ကျွန်တော်ကြားသိခဲ့ရ သည်။

ထိုသို့ဖြင့် နေ့မိုးဆောင်း ဥတု သုံးလီပြောင်းခဲ့ပြီးနောက် တစ်နေ့သော နံနက်ခင်းတစ်ခုတွင် လွယ်အိတ်တစ် လုံးကို လွယ်ပိုးထားသော ကိုကြွက်နီ တစ်ယောက် ကျွန်တော်တို့ အိမ်ပေါ်သို့ ရောက်ချလာခဲ့သည်။

ဘဘုန်းထံမှ ခွင့်ပြုချက်ရသဖြင့် သူ့ရွာသို့ပြန်တော့မည်အကြောင်း လာ ရောက်နှုတ်ဆက်နေသဖြင့် ကျွန်တော် တို့မိသားစုမှာ ကိုကြွက်နီအတွက် ဝမ်း သာဝမ်းနည်းဖြစ်ခဲ့ကြရသည်။

သို့ကြောင့် ကျွန်တော်နှင့် အဖေ သည် ကိုကြွက်နီ၏ ရွာအပြန်ခရီးအ


www.burmeseclassic.com

သူကြိုက်နေတဲ့
မိန်းကလေးကို
သူကြီးမိုက်က
ခြေတော်တင်
လိုက်တယ်ဆိုလား။
အဲဒါကိုပေါက်ကွဲပြီး
သူကြီးမိုက်ကို
မသေမချင်း ဓားနဲ့
ခုတ်သတ်လိုက်တဲ့အတွက်
ခုလို သေစားသေစေ
ခံလိုက်ရတာပဲ...

တွက် မြို့ကားဂိတ်သို့လိုက်ပို့ပေးလိုက်ကြသည်။ မကြာခင် သူပြန်လာမည့်အကြောင်းကိုလည်း တဖွဖွနှုတ်ဆက်ပြောသွားခဲ့သည်။

ကျွန်တော်သည် ကိုကြွက်နီနှင့်ဆုံတွေ့ခဲ့ရသည့် တစ်ခဏတာ ဘဝလေးတစ်ခုကို အတွေးကောင်းနေစဉ်–

"ဘယ်လိုတွေ ဖြစ်ရတာတုန်းဘုန်းဘုန်းရယ်"

ဆိုသည့် အဖေ၏ ဝမ်းနည်းစကားသံကြီးကြောင့် ကျွန်တော်သည် အိပ်မက်မှလန့်နိုးလာသူပမာ တုံ၏ဘာဝေ အဝေးတစ်နေရာသို့ ငေးမောတိတ်ဆိတ်ငြိမ်သက်နေသော ဘုန်းဘုန်းဆီသို့ လှမ်းကြည့်မိလိုက်သည်။ တည်ကြည်ဆိတ်ငြိမ်နေသော ဘုန်းဘုန်းကြီးသည် အဖေဘက်သို့လှည့်ကြည့်ရင်း–

"ဘုန်းကြီးလည်း ဘာကြောင့်ဘာတွေဖြစ်ခဲ့ရတယ်ဆိုတာ စုံစုံစေ့စေ့တော့မသိပါဘူး၊ ကြွက်နီ ဒီလိုအဖြစ်ဆိုးနဲ့ကြုံလိုက်ရပြီဆိုတာ သိခဲ့ရတာပဲ၊ ပြောမယ်ဆိုရင် သူကြိုက်နေတဲ့ မိန်းကလေးကို သူကြီးမိုက်က ခြေတော်တင်လိုက်တယ်ဆိုလား၊ အဲဒါကိုပေါက်ကွဲပြီး သူကြီးမိုက်ကို မသေမချင်းဓားနဲ့ခုတ်သတ်လိုက်တဲ့အတွက် ခုလိုသေစားသေစေ ခံလိုက်ရတာပဲ ..၊ တကယ်တော့ ဘုန်းကြီးနဲ့ ပြန်ဆုံစရာမရှိတော့ပေမယ့် ရေစက်ကျန်နေသေးတော့ ကြုံကြိုဖန် ဖန်လာဆုံကြတာပဲပေါ့၊ ဒကာကြွက်နီ ထောင်ချခံရတဲ့မြို့ရဲ့ထောင်မှာ ကြိုးစင်မရှိလို့ အယူခံတွေ ရှုံးရှုံးပြီးမှ နောက်ဆုံး ဒီထောင်ကိုရောက်လာရတယ် ဆိုပဲ"

"ဒါကြောင့် ဘုန်းကြီးနဲ့ ကြွက်နီဟာ မကုန်နိုင်သေးတဲ့ရေစက်က ရှိနေသေးတော့ ပြန်ဆုံကြတာပဲ၊ ဒါပေမဲ့ ပြန်ဆုံတွေ့ခြင်းဟာ အဆိုးဆုံးကြေကွဲစရာအဖြစ်နဲ့ ဆုံတွေ့လိုက်ရတာပါပဲ၊ မရဏနုသတိတရားကိုတော့ ဒီတစ်ခါဘုန်းကြီးမပွားများနိုင်ဘူးဆိုပေမယ့် သေခြင်းတရားကို နက်နက်ရှိုင်းရှိုင်းနဖူးတွေ့ဒူးတွေ့ ကိုယ်တွေ့ကြုံလိုက်ရသလို ဘုန်းကြီးရင်ထဲ ခံစားလိုက်ရတယ်ဟေ့ ..၊ ဒါကြောင့် သတ္တဝါဆိုတဲ့သေမျိုးတွေအတွက် သေခြင်းတရားကိုတစ်နေ့ကြုံတွေ့ကြမှာ မလွဲကေန်ဆိုတော့ အသေမဦးခင်မှာ အသေတတ်ဖို့အတွက် လုပ်ရတော့မှာပဲ ဒကာကျော်ရေ"

ဆိုကာ ရုတ်တရက်ကြီးထကာ ပြန်လည်ကြွလှမ်းသွားနေသော ဘုန်းဘုန်းကြီး၏နောက်ကျောကိုကြည့်ရင်း ကိုကြွက်နီ၏ တစ်နေ့ငါပြန်လာခဲ့မှာပါ ကွာဆိုသည့်အသံကို နားထဲ၌ ကြားယောင်မိလိုက်သလို ခံစားလိုက်ရသည်။

"ဒီလိုအဖြစ်မျိုးနဲ့ ကိုကြွက်နီတွေ့ရမယ်ဆိုတာသိရရင် ကျွန်တော်တို့ မြို့ကို ဘယ်တော့မှပြန်မလာဖို့ ကျွန်တော်ပြောလိုက်မိမှာ အမှန်ပါပဲ ကိုကြွက်နီရယ်"

"ဒါကြောင့် ဒီမနက်ကြားလိုက်ရတဲ့ ကြိုးပြုံသံတွေဟာ ကိုကြွက်နီ အတွက် မရဏမောင်းသံတွေဆိုတာ ကျွန်တော် ခံစား နားလည်လိုက်ရပါပြီဗျာ"။

ဦးကျော်(လှိုင်သာယာ)


www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လမ်းပျောက်နေတာပါ၊ ကျွန်တော် တရားခံမဟုတ်ပါဘူး၊ သူ့ကို ကျွန်တော်သတ်တာမဟုတ်ပါဘူး၊ သတ်ဖို့နေနေသာသာ သူဘယ်သူလဲဆိုတာတောင် ကျွန်တော်မသိပါဘူး၊ ကျွန်တော်ပြောတာကိုယုံပါ"

ထိုစကားကို ပြန်လည် ကြားယောင်နေမိသည်။ သူတရားခံမဟုတ်မှန်းသိနေသော်လည်း တရားခံဘယ်သူလဲဆိုတာကို တိတိကျကျထုတ်မပြနိုင်ပါက သူတရားခံမဟုတ်ဘူးဆိုသည်ကို မည်သို့သက်သေပြရမည်နည်း။ စိတ်ထဲမှာ နောက်ကျိကျိဖြစ်လာသည်။ အချိန်ကိုကြည့်လိုက်တော့ သူတရားခံမဟုတ်ဘူးဆိုသည်ကို မည်သို့သက်သေပြရမည်နည်း။ စိတ်ထဲမှာ နောက်ကျိကျိဖြစ်လာသည်။ အချိန်ကိုကြည့်လိုက်တော့ ညနေ ၆း၀၀ နာရီကျော်နေပြီဖြစ်သော်လည်း ကိုထွန်းလူ သူ့အပေါ်အင်္ကျီကို ချိတ်မှလှမ်းယူလိုက်ပြီး ခပ်သွက်သွက်ဝတ်ကာ တစ်ယောက်တည်းထွက်သွားလေသည်။

"ဟေ့လူ ဘယ်လဲ၊ ကျွန်တော်လိုက်မယ်လေ၊ ခင်ဗျားကလည်း သွားမယ်ဆိုလည်း ပြောရောပေါ့ဗျာ၊ လိုက်မှာပေါ့"

သူ့ကိုမီရန် ကမန်းကတန်းထလိုက်လာခဲ့သည်။ လမ်းပေါ်ရောက်ပြီး အတန်ငယ်လျှောက်မိတော့မှ သူ့ကိုမှီလာသည်။

"ဘယ်သွားမလို့လဲ ကိုထွန်းလူ"

"ဘယ်ရယ် မဟုတ်ပါဘူးဗျာ၊ စိတ်ထဲ နောက်ကျိကျိဖြစ်လာတာနဲ့ ကမ်းနားဘက်လမ်းလျှောက်မလားလို့"

"ဘာလဲ နေ့လည်ကကောင်လေးအကြောင်း စဉ်းစားမိလိုက်လို့မဟုတ်လား၊ ဒီကောင်လေးပုံစံက လက်ရဲဇက်ရဲပုံဗျ၊ သူမသတ်ဘူးလို့ဖွတ်ငြင်းနေပေမယ့် ကျွန်တော့်အထင်တော့ လူသတ်သမားဟာ သူပဲဖြစ်လိမ့်မယ်"

"ခက်တယ် ကိုအောင်ပွင့် ဟိုလူတွေကလည်း ခင်ဗျားလိုပဲထင်နေတော့ ခက်တယ်ဗျာ၊ ကျုပ်အမြင်ပြောရရင် ဒီသူငယ် လူသတ်သမားမဟုတ်ဘူး၊ ဒါကိုသက်သေပြဖို့ကလည်း လူသတ်တရားခံကို ဖမ်းပြမှဖြစ်တော့မယ်၊ မဖမ်းနိုင်ရင် သူတရားခံဖြစ်သွားမယ်၊ ဒါကြောင့် ကျုပ်ခေါင်းခဲနေတာ"

စကား လက်စသပ်လိုက်ချိန်မှာ ကျွန်ုပ်တို့နှစ်ယောက်ဗိုလ်တစ်ထောင်ဘုရားအနီးရောက်လာပြီ။ ဘုရားထဲဝင်ချင်သော်လည်းကိုထွန်းလူတစ်ယောက် ဘုရားပရဝုဏ်ကိုကျော်ပြီး ကမ်းနားဘက်ဆီဦးတည်သွားနေသောကြောင့် ကျွန်ုပ်လည်း သူ့နောက်မှလိုက်လာခဲ့သည်။ ကမ်းနားရှိ တံတားပေါ်တက်သွားပြီး ရေပြင်ကို စေ့စေ့ကြည့်နေ၏။ သူလိုချင်သောတရားခံသည် ရေပြင်မှပေါ်လာမည်ဟုများ ထင်နေ၍လားဟု ထင်ရလောက်သည်။

ရပ်ကြည့်နေရတာ အားမရသောကြောင့်ထင်သည်။ ထိုနေရာမှာထိုင်လိုက်ပြီး ရေပြင်ကို သေသေချာချာကြည့်နေပြန်သည်။ သူ့စိတ်ကို ရေလိုကြည်အောင်ပြုလုပ်နေသည်ဆိုရအောင်လည်း သူကြည့်နေသောရေပြင်သည် နောက်ကျိနေသည်။ ရေလိုတည်ငြိမ်အောင်ကြည့်နေသည်ဆိုရအောင်လည်း သူကြည့်နေသောရေက တစ်ချက်ကလေးမှတည်ငြိမ်မှုမရှိပေ။ တရားမှတ်နေသလားထင်ရလောက်အောင် အချိန်အတန်ကြာ ငြိမ်သက်စွာကြည့်နေလေသည်။

ကျွန်ုပ်လည်း အလိုက်သိစွာ ဘာမျှမပြောတော့ဘဲ လှေသမားတစ်ယောက်နှင့် စကားပြောနေလိုက်သည်။

ကျွန်ုပ်တို့နှစ်ယောက်စကားကောင်းကြောင်းဖြောင့်နေလိုက်ကြတာ အချိန်မည်မျှကုန်သွားသည်ကို မသိတော့ပါ



www.burmeseclassic.com

ဆိပ်ကမ်းတစ်ခုလုံးလည်း မီးတွေထွန်း၊ ဘုရားမှာလည်း မီးတွေပူဇော်နေပါပြီ။

သတိရ၍ လှည့်ကြည့်လိုက်ချိန်မှာ ကိုထွန်းလူရေကာသိုဏ်းရှုနေဆဲပင်။ ကျွန်ုပ်က လေ့သမားလေးကိုပြောသည့်ဟန်ဖြင့်–

''အင်း .. မီးတောင်တော်တော်ချုပ်ပြီပဲ၊ မိုးချုပ်ပေမယ့် ကျုပ်တို့အလုပ်သိမ်းလို့မရသေးဘူးဗျို့၊ လာဗျာ ကိုအုန်းဖေဆီသွားကြရအောင်''

ဒီအချိန်ဆိုကိုအုန်းဖေတစ်ယောက်အိမ်ပြန်ရောက်နေမည်လား၊ သို့တည်းမဟုတ် အင်းစိန်ဂတ်မှာပင်ရှိနေဆဲလားမသိ။

''ဒီအချိန် ကိုအုန်းဖေဘယ်မှာရှိမလဲလို့ စဉ်းစားနေတာလားကိုအောင်ပွင့်၊ အိမ်မှာပဲရှိမှာပေါ့ဗျ''

''မသေချာမှာစိုးလို့ ကိုထွန်းလူရဲ့ သူတို့က တွမ်တီဖိုး အာဝါဂျူတီဆိုတော့''

''မနေ့က သူပြောတာ ခင်ဗျားမကြားလိုက်ဘူးထင်တယ်၊ ဒီနေ့ညတော့ဂတ်တဲမှာ ခြင်စာကျွေးလိုက်ဦးမယ်ဗျို့၊ မနက်ဖြန်ညကြမှ အိမ်မှာအိပ်ရမှာဆိုတာလေ၊ မနေ့ညကဂျူတီ၊ ဒီနေ့ညအော့(ဖ်)လို့ ဆိုလိုတာပေါ့''

''ဒါဆိုလည်း သူ့အိမ်ကိုသွားကြတာပေါ့ဗျာ''

နှစ်ယောက်သား ကားတစ်စီးငှားပြီး ကိုအုန်းဖေအိမ်ရှိရာသမိုင်းဘက်သို့ ထွက်လာခဲ့သည်။ ကိုအုန်းဖေက အင်းစိန်ဂတ်တွင် တာဝန်ကျသူဖြစ်ပြီး နေတော့သမိုင်းလမ်းဆုံးအနီးမှာ နေသူဖြစ်သည်။ ကားကလေးသည် ဗိုလ်တစ်ထောင်ဘုရားမှ သမိုင်းအရောက် မြန်မြန်ကလေး မောင်းနှင်နေသည်။ ရွှေတိဂုံဘုရားလမ်းအတိုင်းမောင်းလာရင်း ဘုရားကြီးကို လှမ်းမြင်လိုက်ရချိန်တွင် ကိုထွန်းလူက–

''ကျုပ်တို့တောင် ရွှေတိဂုံဘုရားဘက်မရောက်တာ တော်တော်ကြာသွားပြီဗျ နော''

''မရောက်ဆို ခင်ဗျားကလည်း မအား၊ ခင်ဗျားအားတော့ ကျွန်တော်က အလုပ်များနဲ့ တစ်ယောက်ကို တစ်ယောက် စောင့်နေရတာနဲ့ ဘယ်မှကို မရောက်ဖြစ်တော့တာပဲဗျို့''

''အေးဗျာ ဒီတစ်ခါတော့ ခင်ဗျားကိုလည်းမစောင့်တော့ဘူး၊ ကျုပ်အားတာနဲ့ စိတ်အေးလက်အေး ရင်ပြင်တော်မှာထိုင်ပြီးအနားယူလိုက်ဦးမယ်''

ကားကလေးက ကန်တော်မင်ပန်းခြံကိုလွန်ပြီး ပြည်လမ်းမကြီးဘက်သို့ ချိုးကွေ့လိုက်သည်။

ကျွန်ုပ်တို့ရောက်သွားတော့ ကိုအုန်းဖေတို့အိမ်ကလေး မီးများပင်ပိတ်ထားကြပြီ။

''ကိုအုန်းဖေ ဗျို့ ကိုအုန်းဖေ တံခါးဖွင့်ပါဦးဗျ၊ ဧည့်သည်တွေလာတယ်''

''ကိုအုန်းဖေ ကျုပ်တို့ပါ''

အတန်ကြာမှ အိမ်တွင်းမှာမီးပွင့်သွားသည်။ ကိုအုန်းဖေတစ်ယောက် အိပ်ချင်မူးတူးနှင့် တံခါးလာဖွင့်ပေးရင်း–

''ဘယ်သူတွေလဲဗျ၊ အချိန်မတော်ကြီး''

''ကျုပ်တို့လေဗျာ၊ ခင်ဗျားကလည်း အသံမမှတ်မိဘူးလား''

သူ့ မျက်လုံးကို ပွတ်သပ်ကြည့်လိုက်ပြီး–

''သြော် ဦးထွန်းလူတို့ပါလား၊ ဒီအချိန်ကြီးကြမှ ဘယ်ကအပြန်ဝင်လာကြတာလဲ''

ကျွန်ုပ်တို့လည်းအိမ်ပေါ်တက်သွားရင်း ဘယ်ကမှပြန်တာမဟုတ်ဘူး ကိုအုန်းဖေရေ .. ၊ ခင်ဗျားဆီသွားချင်တယ်ဆိုလို့ ထွက်လာကြတာဟုပြောလိုက်ပြီး ကုလားထိုင်တွင် ထိုင်လိုက်ကြသည်။

''ဒီကို သက်သက်လာတယ်ဆိုတော့ ကိစ္စရှိလို့ဖြစ်မှာပေါ့၊ ခဏလေးဗျာ ခင်ခင်ရေ .. ဦးထွန်းလူတို့အတွက် အဆာပြေတစ်ခုခုလုပ်ပါဦးကွာ''

''ခဏလေးနော်၊ ကျွန်မ ကော်ဖီဖျော်ပြီး ပေါင်မုန့်ထောပတ်သုတ်လိုက်မယ်''

''နေပစေ မခင်၊ ကျုပ်တို့အတွက် ဘာမှမလုပ်နဲ့၊ ကျုပ်တို့က ညနေစာတောင် စားရသေးတာမဟုတ်ဘူး၊ သမိုင်းလမ်းဆုံက မိုးလင်းဆိုင်မှာ သွားစားလိုက်မယ်၊ ကိုအုန်းဖေပါခေါ်သွားမှာနော်၊ သိပ်မကြာပါဘူး၊ ကဲ အင်္ကျီဝတ်လိုက် သွားကြရအောင်''

ကိုထွန်းလူ၏ အစီအစဉ်ကို မ ငြင်းသာသော ကိုအုန်းဖေတစ်ယောက် မလှမ်းမကမ်းတွင်ချိတ်ထားသော ဂျာကင်အင်္ကျီကို လှမ်းယူဝတ်ပြီး ဒီလောက်ဆိုရပါပြီဗျာ၊ သေနတ်ယူခဲ့ရဦးမလား ဦးထွန်းလူဟု လှမ်းမေးလိုက်သည်။

''မလိုပါဘူးဗျာ၊ ကျုပ်စိတ်ထဲမှာ မနေ့ကကိစ္စမကျေလည်လို့ တစ်ခုခုလုပ်ချင်နေတာနဲ့ ခင်ဗျားဆီထွက်လာခဲ့ကြတာဗျ၊ ကဲ သွားစို့''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး ဦးဆောင်ထွက်သွားသည်။ ကျွန်ုပ်နှင့် ကိုအုန်းဖေတို့လည်း ကိုထွန်းလူနောက်မှ လိုက်သွားရလေသည်။

သုံးယောက်သား မိုးလင်းထမင်းကြော်ဆိုင်တွင် ထိုင်လိုက်မိကြပြီး ကိုထွန်းလူက ထမင်းဖြူနှင့်ဟင်းမှာသည်။ ကျွန်ုပ်တို့နှစ်ယောက်က ထမင်းကြော်နှင့် ကြက်သားကြော်မှာလိုက်ကြ၏။

"မနေ့ကကိစ္စဆိုတာ ဘာလဲဗျ ဦးထွန်းလူ"

"ဘာရမလဲ ကိုအုန်းခင်ရဲ့ . . .၊ ခင်ဗျားတို့ဂျတ်က လူသတ်တရားခံပါလို့ စွတ်စွဲပြီးဖမ်းထားတဲ့ သူငယ်လေးကိုပြောတာ"

"ဩော် မောင်တူးကိုပြောတာလား၊ သေသူရဲ့အနီးကို ပုလိပ်တွေရောက်သွားပြီး သဲလွန်စရှာနေတဲ့အချိန်မှာ အဲဒီအိမ်ပျက်ကြီးရဲ့ချောင်တစ်ခုထဲမှာ ဒီကောင်ကိုတွေ့လိုက်ရတာလေ၊ အနီးစပ်ဆုံးတရားခံက သူပဲမဟုတ်လား"

"သူ့ကိုတွေ့တော့ လူသတ်လိုက်တယ်ဆိုတဲ့ အထောက်အထားမျိုးရော တွေ့မိကြလား"

"သူ့လက်ထဲမှာ အရှည်သုံးပေလောက်ရှိတဲ့ တစ်ကျပ်လုံးသံချောင်းရှည်တစ်ချောင်းကိုင်ထားတယ်"

"ပုလိပ်တွေ သူ့ကိုတွေ့တော့ အားလုံးသူ့အနားမလာဖို့ အဲဒီသံတုတ်နဲ့ရမ်းတယ်မဟုတ်လား"

"ဟုတ်တယ်ဗျ၊ ဒါကြောင့် ပုလိပ်တွေချက်ချင်းမဝင်ရဲကြသေးဘူးလေ၊ နောက်တော့မှ သေနတ်နဲ့ပစ်မယ်၊ ဘာညာလုပ်လို့ ဒီကောင် သံတုတ်ကိုအောက်ချလိုက်တာ၊ သူ့ကိုဖမ်းဖို့လာတဲ့သူတွေကို ရန်ပြုဖို့ကြံစည်တယ်ဆိုကတည်းက သူဟာ ဒီအမှုမှာ တစ်နည်းနည်းနဲ့ ပတ်သက်မှုရှိနေလို့ပဲပေါ့ မဟုတ်ဘူးလား"

ကိုထွန်းလူ ခေတ္တစဉ်းစားလိုက်ချိန်မှာ ထမင်းပွဲများလာချပေးသည်။ ကျွန်ုပ်လည်းဗိုက်ဆာဆာနှင့် သူတို့ကိုမစောင့်တော့ဘဲ စားလိုက်ပါသည်။ ကိုထွန်းလူလည်းဆာနေသည်ထင်၏။ သုံးလေးလုပ်စားလိုက်ပြီး ရေနွေးသောက်ချလိုက်သည်။ ကိုအုန်းဖေကတော့ တရေးနိုးထလာသူမို့ သိပ်ဆာနေပုံမရပါ။ ထမင်းကြော်တစ်လုပ်ကို ခပ်လေးလေးခပ်မှန်မှန်စားနေသည်။

"ကျွန်တော်ပြောတာ ဘယ်လိုသဘောရလဲ ဦးထွန်းလူ"

"မဟုတ်ဘူးဗျ၊ မဖြစ်နိုင်ဘူး၊ ခင်ဗျားတို့အယူအဆက သေသူအနားမှာတွေ့တာနဲ့ တရားခံဆိုပြီး စွပ်စွဲတဲ့ဘက်ကိုရောက်နေတယ်၊ ကျုပ်ပြောမယ်၊ မောင်တူးဟာ အကြောင်းတစ်ခုခုကြောင့် အခင်းဖြစ်တဲ့အိမ်ကြီးထဲကိုရောက်နေတယ်၊ သူ့ရှေ့မှာလူသတ်မှုတစ်ခုဖြစ်သွားတာကို သူကိုယ်တိုင်မျက်စိနဲ့တပ်အပ်မြင်လိုက်ရတယ်၊ ခင်ဗျားစဉ်းစားကြည့်လိုက် သာမန်လူတစ်ယောက်က ကိုယ်တိုင်လူသတ်မှုကိုလိုက်ရရင် ဘယ်လိုဖြစ်မလဲ၊ ဘယ်လိုခံစားရမလဲ"

ကိုထွန်းလူ၏အမေးကို ကိုအုန်းဖေ မဖြေခင် ကျွန်ုပ်က ဦးစွာဖြေပေးလိုက်သည်။

"အရမ်းကြောက်သွားမှာပေါ့"

"ဟုတ်တယ်၊ ကိုအောင်ပွင့်ပြောတာမှန်တယ်၊ မောင်တူးက အရမ်းကြောက်သွားရှာတယ်၊ ဒီတော့ကာ ဘယ်ကိုမှလည်း ထွက်မသွားဝံ့ဘူး၊ လူသတ်သမားကိုလည်းသိထားတော့ အဲဒီလူသတ်သမားကများ သူ့ကိုလာသတ်လေမလားပေါ့၊ ကြောက်ကြောက်နဲ့ပုန်းနေတုန်း ခင်ဗျားတို့ပုလိပ်တွေ တရားခံလိုထင်တဲ့သူ့ကြင်းရင် ဘယ်တုန်းက လက်ခံဖူးလို့လဲ၊ အတင်းအဓမ္မဝန်ခံခိုင်းခဲ့တာပဲမဟုတ်လား"

ကိုအုန်းဖေ ဘာစကားမှပြန်မပြောတော့ပါ။ ကိုထွန်းလူပြောသမျှကို ထမင်းကြော်စားရင်း စဉ်းစားနေဟန်တူသည်။ သူ့ပန်းကန်ထဲတွင် ထမင်းကြော်တစ်လုပ်နှစ်လုပ်စာမျှ ကျန်တော့သည့်အချိန်တွင် လေသံခပ်တိုးတိုးဖြင့်

"ဦးထွန်းလူပြောတော့လည်း ဟုတ်သလိုလိုပဲဗျ၊ ဒါပေမဲ့ ဂျတ်မှာတော့ ဌာနအုပ်မင်းကိုယ်တိုင်က မောင်တူးကို တရားခံဆိုပြီး ရုံးတင်ဖို့လုပ်နေပြီ"

"အဲဒါကြောင့်ခက်နေတာပေါ့၊ အပြစ်ရှိတဲ့သူအယောက်တစ်ရာလွတ်နေတာ ပြဿနာမဟုတ်ဘူး၊ အပြစ်မရှိတဲ့သူတစ်ယောက် ထောင်ကျသွားတာကမှပြဿနာဗျ၊ မဖြစ်သေးပါဘူးဗျာ၊ ဒီအမှုကို ကျုပ်ကိုယ်တိုင်လိုက်မှဖြစ်မှာပါ၊ မနက်ဖြန်မနက်စောစော အခင်းဖြစ်တဲ့နေရာကိုသွားကြည့်ကြမယ်၊ ခင်ဗျားလိုက်ပို့ဗျာ ကိုအုန်းဖေ"

"လိုက်ပို့ရမှာပေါ့ ဦးထွန်းလူသွားချင်ရင် ကျွန်တော်လိုက်ပို့ပါ့မယ်၊ ဂျတ်မှာလည်း အမှုကိုရုံးမတင်ဖို့ ပြောထားလိုက်ပါ့မယ်"

"အိုကေ ဒါဆိုရင် ကျွန်တော်တို့ မနက်စောစောမှထလာကြတာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အုန်းဖေကိုပြန်ပို့ပြီး ပြန်ကြရအောင်''

''ကောင်းပါပြီဗျာ၊ ကျုပ်စိတ်ထဲမှာဖြစ်နေတဲ့ အညှောင့်တစ်ခုကိုနည်းနည်းလေး ဖြည်လိုက်သလိုတော့ ဖြစ်သွားတာပေါ့ လာဟေ့ ပိုက်ဆံရှင်းရအောင်''

''ကျွန်တော်ရှင်းလိုက်ပါ့မယ် ဦးထွန်းလူရဲ့၊ နောက်ပြီး ကျွန်တော်တစ်ခုပြောပါရစေဦး၊ ခင်ဗျားတို့နှစ်ယောက် ဒီအချိန်ကြီးကျမှ ရန်ကုန်ဘက်ပြန်ဖို့ မိုးချုပ်လွန်းပါတယ်ဗျာ၊ မနက်ကြတော့လည်း အစောကြီးပြန်လာကြရဦးမှာဆိုတော့ ကျွန်တော့်အိမ်မှာပဲ အိပ်လိုက်ကြပါလား၊ အခင်းဖြစ်တဲ့နေရာကလည်း အင်းစိန်ထဲမှာပဲဆိုတော့ မနက်ကို ဒီကပဲထသွားတာ ပိုအဆင်ပြေလိမ့်မယ်''

''ဟုတ်တယ်၊ ကိုအုန်းဖေပြောတာ သဘာဝကျတယ်၊ ကျွန်တော်တို့ သူပြောသလိုပဲလုပ်လိုက်ကြရအောင်လား ကိုထွန်းလူ''

ကိုထွန်းလူလည်း သဘောတူသဖြင့် ကျွန်ုပ်တို့သုံးယောက်ငွေရှင်းပြီး ကိုအုန်းဖေအိမ်သို့ ပြန်လျှောက်လာကြသည်။ နှစ်ယောက်သားကိုအုန်းဖေအိမ်တွင် အိပ်လိုက်ကြလေသည်။

နောက်နေ့မနက်စောစော ကျွန်ုပ်တို့သုံးယောက်အတွက် ကိုအုန်းဖေဇနီးမခင်ခင်က မနက်အဆာပြေစာလုပ်ကျွေးသည်။ စားသောက်ပြီးသည်နှင့် သုံးယောက်သားကိုအုန်းဖေကားကလေးနှင့် အခင်းဖြစ်နေရာသို့ ထွက်လာခဲ့ကြလေသည်။

ဆယ့်ငါးမိနစ်ခန့်မောင်းလိုက်မိသည်နှင့် မြို့နွယ်ပိတ်ပေါင်းများ၊ ဖုန်ဆိုးများနှင့် ပြည့်နှက်နေသော မြံကြီးတစ်ခြံရှေ့သို့ရောက်လာ၏။ ကိုအုန်းဖေကားကို ဆက်မောင်းဝင်မည်ဟု ဂီယာချိန်းလိုက်ရာ ကိုထွန်းလူက–

''ခဏနေဦး ကိုအုန်းဖေ၊ မောင်းမဝင်နဲ့ဗျ၊ ကျုပ်ခြံထဲကို လမ်းလျှောက်ဝင်ချင်တယ်၊ အကယ်၍ တရားခံတစ်ယောက်ယောက် ဒါမှမဟုတ် သေသူရဲ့ ခြေရာလက်ရာကလေးများ တွေ့ရမလားလို့''

ကျွန်ုပ်တို့လမ်းလျှောက်ဝင်ခဲ့ကြရာ နိမ့်လျှောကုန်းကလေးကို တက်နေရခြင်းဖြစ်ပြီး မကြာခင် အလွန်ဟောင်းနွမ်းစုတ်ပြတ်နေသော အိမ်အိုကြီးတစ်လုံးကို တွေ့လိုက်ရလေသည်။

''အခင်းဖြစ်တာ ဒီအိမ်ကြီးထဲမှာလား ကိုအုန်းဖေ''

''ဟုတ်တယ် ဒီအိမ်ကြီးရဲ့နောက်ဖေးဆောင်မှာ သေသူကိုတွေ့ရတာပဲ''



ကိုထွန်းလူ ခြေလှမ်းခပ်ဖွ
လျှောက်လာရင်း မျက်လုံးကလည်း
ကျင်ကို မပြတ်အကဲခတ်နေသည်
တစ်နေရာအရောက် မြက်ရိုင်းများ
လူနင်းထား၍ ပိပြားနေသည်ကို တွေ့
လိုက်ရသည်။

''ဒီနေရာကို ခင်ဗျားတို့ကြည့်ပြီ
ပြီလား၊ ကိုအုန်းဖေ''

''မကြည့်ရသေးဘူးဗျ၊ အားလုံ
က သေသူရဲ့နံဘေးမှာ ဝိုင်းအုံနေကြ
တော့ ပတ်ဝန်းကျင်ကို သတိမထား
လိုက်ဘူး''

ကိုထွန်းလူ ထိုနေရာတွင် မှဆို
ဒူးထောက်ထိုင်ကာ မြေပြင်နှင့် မြက်
ရိုင်းများကို ဂရုတစိုက်ကြည့်နေသည်
မြက်များမှာ တစ်ဘက်တည်းသို့ ယို
နေခြင်းမဟုတ်ဘဲ လေးဘက်လေးတ
သို့ ယိုင်နေခြင်းဖြစ်သည်။ ထိုမြက်ရိုင်
များကြား မြေသားမှာထင်ကျန်နေသော
ခြေရာများကို တွေ့လိုက်ရသဖြင့် သ
တွင်အသင့်ပါလေ့ရှိသော
မှန်ဘီလူးနှင့် ထုတ်
ကြည့်ပြန်သည်
ဟိုနေရာရွေ့လိုက်
သည် နေရာရွေ့
လိုက်နှင့် အချိ
အတော်ကြာကြ
စိတ်ရှည်လက်
ရှည်ကြည့်နေ
ကျွန်ုပ်တို့ ရပ်
စောင့်ချင်တော့မှ
သိလိုက်သည်ထင်
ကျွန်ုပ်တို့ဘက်တစ်ချ
လှည့်ကာ 'ကိုအောင်ဗွင့်
သွားနှင့်ကြလေ၊ ကျုပ် ဒီနာ



www.burmeseclassic.com

www.burmeseclassic.com


ကို အသေးစိတ်ကြည့်လိုက်ဦးမယ်'ဟု ပြောလိုက်သော်လည်း ကျွန်ုပ်က ကိုထွန်းလူ၏ လုပ်ထုံးလုပ်နည်းကို ကြည့်ချင်သောကြောင့် ရှေ့ဆက်မသွားသေးဘဲ သူ့အနားကိုတိုးကပ်သွားကာ-

"ရပါတယ်ဗျာ၊ ကျွန်တော်တို့ဆက်သွားရင် ခင်ဗျားအတွက်ခြေရာလက်ရာတွေပျက်ကုန်မှာစိုးလို့ ခင်ဗျားအနားမှာပဲရှိနေပါ့မယ်"

"ဒါဆိုရင်လည်းခပ်ဝေးဝေးမနေကြနဲ့ဗျာ၊ ဒီနားကိုလာကြ၊ ဟောဒီခြေရာကိုတိုင်းပြီး မှတ်ထားပေးပါဦး"

ကျွန်ုပ်တို့နှစ်ယောက်လည်း ကိုထွန်းလူအနီး တိုးကပ်သွားပြီး သူတိုင်းနိုင်းသောခြေရာကို ပေကြိုးနှင့်တိုင်းလိုက်သည်။ ခြေရာမှာ ယောကျ်ားတစ်ယောက်၏ ရှူးဖိနပ်ခြေရာဖြစ်သည်။ ခြေဖျားမှဖနောင့်အထိ ဆယ့်လက်မကို တစ်စိတ်နီးပါး ကျော်နေသည်။

"ဒီခြေရာက ဆယ့်တစ်လက်မလောက်ရှိတယ် ကိုထွန်းလူ"

ကိုထွန်းလူ ဘာမှပြန်မပြောဘဲ စိတ်နှင့်တွက်လိုက်ပြီး နောက်ထပ်ခြေရာတစ်ခုကိုပြကာ-

"ဒီကို ခဏဗျာ ..၊ ဒီခြေရာလေးကိုတိုင်းလိုက်ပါဦး"

သူညွှန်ပြသောခြေရာမှာ ဖိနပ်မပါသော အလွတ်ခြေရာဖြစ်သည်။

ထိုခြေရာမှာ ပထမတိုင်းသောခြေရာနှင့် ဆန့်ကျင်ဘက်ပင်။ ခုနှစ်လက်မခွဲခန့်သာရှိသည်။

"ဟာ ဒါလေးကြတော့လည်း သေးလိုက်တာ ခုနှစ်လက်မခွဲလောက်ပဲရှိတယ် ဦးထွန်းလူ"

ထို့နောက် ပထမခြေရာမှ တစ်ကိုက်ဝန်းကျင်တွင် တစ်စုံတစ်ခုကို ရှာနေပြန်သည်။ တွေ့သွားသည့်ဟန်ဖြင့်-

"ဒီကိုလာဦးဗျို့ ..၊ ဟောဒီမှာ ခင်ဗျားတို့တိုင်းတဲ့ ပထမခြေရာရဲ့ ဘယ်ဖက်ပဲ၊ သူတို့နှစ်ခုဘယ်လောက်ကွာသလဲ တိုင်းပါဦးဗျာ" ဆယ့်တစ်လက်မခန့်ရှိသောခြေရာ ဘယ်နှင့်ညာကို တိုင်းရပြန်ပါသည်။

"တစ်ကိုက်မပြည့် တစ်ပြည့် ရှိတယ်"

ကိုထွန်းလူ ခါးဆန့်လိုက်သည်။ ကျွန်ုပ်တို့နှစ်ယောက်ကို သေသေချာချာကြည့်ကာ ကိုအုန်းဖေဘက်လှည့်ပြီး-

"ကျုပ်လုပ်နေတာတွေ အပိုလုပ်နေတယ်လို့မထင်ဘူးလား ကိုအုန်းဖေ"

"မထင်ပါဘူးဦးထွန်းလူရယ်၊ ခင်ဗျား ဘယ်တုန်းကအပိုတွေလုပ်တတ်လို့လဲ၊ လိုအပ်လို့လုပ်တယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမဲ့ ဘာကြောင့် ဘယ်လိုဆိုတာလေးလောက်တော့ ကျွန်တော်တို့ကိုရှင်းပြပေးပါဗျာ"

"အင်း ...ရှင်းပြပါ့မယ်"

စကားမဆက်သေးဘဲ အိမ်ကြီးဆီသို့ ဦးတည်လျှောက်သွားသောကြောင့် ကျွန်ုပ်တို့လည်း သူ့နောက်မှ လိုက်လျှောက်ခဲ့ကြသည်။ ခြေလှမ်းသုံးလေးလှမ်းလျှောက်ပြီးမှ-

"ဒီမှာ ကိုအုန်းဖေ၊ ခု ခင်ဗျားတို့စခန်းမှာဖမ်းထားတဲ့ မောင်တူး အရပ်က ဘယ်လောက်ရှိမယ်ထင်လဲ၊ ခန့်မှန်းခြေပေါ့"

"အင်း ကျွန်တော်ခန့်မှန်းရမယ်ဆိုရင် ငါးပေနှစ်လက်မလောက်ရှိလိမ့်မယ်"

"ခုတိုင်းလာတဲ့ ခြေရာနှစ်မျ[illegible] ဘယ်လောက်နဲ့ ဘယ်လောက်ထဲဗျ"

ထိုမေးခွန်းကို ကျွန်ုပ်ဖြေလိုက်သည်။

"ကြီးတဲ့တစ်ခုက ဆယ့်တစ်လက်မလောက်ရှိပြီးတော့ သေးတဲ့တစ်ခုက ခုနှစ်လက်မခွဲလောက်ပဲရှိတယ်"

"အဲဒါအဖြေပဲ ကိုအုန်းဖေ၊ လူတစ်ယောက်ရဲ့ခြေဖဝါးဟာ သူ့အရပ်ကို ခန့်မှန်းလို့ရတယ်၊ ခြေထောက်ကြီးတဲ့သူ့ရဲ့အရပ်ဟာ ခြောက်ပေကျော်လောက်ရှိနိုင်ပြီး သေးတဲ့သူရဲ့အရပ်အရှည်ဟာ လေးပေကျော်လောက်ပဲရှိလိမ့်မယ် ခြေဖဝါးအတိုအရှည်အပြင် ခြေလှမ်းအကျယ်ကလည်း သူ့အရပ်ကို မှန်းနိုင်တယ်၊ ဟိုလူ့ခြေလှမ်းက ဘယ်လောက်ကျယ်လဲ ကိုအောင်ပွင့်"

"တစ်ကိုက်လောက်ရှိတယ်"

"တစ်ကိုက်ဆိုတာ သုံးဆယ့်ခြောက်လက်မရှိတော့ သူ့အရပ်ဟာ အနီးစပ်ဆုံး ခြောက်ပေသုံးလက်မလောက်ရှိရမယ်၊ ဒါသေချာတယ်၊ ဒီတစ်ခုတည်းကြည့်ပြီးပြောရရင်တောင် ခင်ဗျားတို့ဖမ်းထားတဲ့ တရားခံနဲ့ ဒီခြေရာပိုင်ရှင် တွေနဲ့မကိုက်ညီဘူးဖြစ်နေပြီ၊ ကဲ ရှေ့ဆက်ကြည့်လိုက်ကြဦးစို့ သေသူကိုတွေ့တာ ဘယ်နေရာလဲဗျ"

"လာ လာ ကျွန်တော်ပြမယ်"

ကိုအုန်းဖေ ဦးဆောင်ခေါ်သွားသည့်နေရာသို့ ကျွန်ုပ်တို့လိုက်သွားခဲ့သည်။ သူတို့ သေသူကိုတွေ့လိုက်ရသောနေရာမှာ အိမ်ကြီး၏အောက်ထပ် နောက်ဖေးဘက်ဖြစ်သည်။ သစ်ဆွေးများပြိုကျနေပြီး အောက်ခင်း သံမံသလင်းကလည်း [illegible]ကြေမွနေသည်။

"ဒီနေရာပဲ ဦးထွန်းလူ"


www.burmeseclassic.com

ကိုအုန်းဖေညွှန်ပြသောနေရာကို ကိုထွန်းလူ စေ့စေ့စပ်စပ် ကြည့်ပြန်သည်။

ထိုဝန်းကျင်တွင် တွေ့နိုင်သမျှ ခြေရာလက်ရာများကိုကြည့်သော်လည်း ထင်ထင်ရှားရှား တစ်ခုမှမတွေ့ရတော့ပေ။ ပုလိပ်များရောက်နှင့်ပြီးဖြစ်သည့်အတွက် ခြေရာများမှ အလွန်ရှုပ်ထွေးနေသည်။ ခြေရာကောက်၍ မရနိုင်တော့။

''အင်း . . ဒီနေရာမှာခြေရာတွေကတော့ ရှုပ်ထွေးနေတာပဲ၊ တခြားသဲလွန်စပဲ ရအောင်ရှာမှဖြစ်မယ် ကိုအုန်းဖေ၊ မောင်တူးကိုတွေ့ခဲ့တာကရော ဘယ်နေရာလဲ''

''လာ လာ ကျွန်တော်ပြမယ်''

ကျွန်ုပ်တို့ ကိုအုန်းဖေနောက်မှ လိုက်လာခဲ့သည်။ ယိမ်းထိုးပြီး ပြိုကျလုလု လှေကားပေါ်မှတက်ပြီး အပေါ်ထပ်သို့သွားရမှာဖြစ်သည်။ လှေကားထစ်များစွာမှာ တစ်ထစ်တက်လိုက်တိုင်း ကျွီခနဲ၊ အီခနဲနှင့် အသံတွေမြည်နေသည်။ သုံးယောက်၊ တစ်ယောက်ပြီးမှ တစ်ယောက်တက်ရသည်။ သုံးယောက်စလုံးပြိုင်တူတက်လျှင် ပြုတ်ကျသွားမည်ထင်၏။

ကျွန်ုပ်တို့သုံးယောက် အပေါ်ထပ်ရောက်သွားပြီး အခန်းတစ်ခုအတွင်းသို့ ဝင်သွားကြသည်။

''ဒီအခန်းထဲမှာတွေ့တာ ဦးထွန်းလူ၊ ပုလိပ်နှစ်ယောက်အခန်းထဲဝင်လိုက်တော့ သံတုတ်နဲ့ရမ်းပြီးအော်တာလေ၊ နောက်ဆုံး ကြမ်းတွေကျိုးကျမှာစိုးလို့ သူ့ကိုသေနတ်နဲ့ချိန်ပြီး ဖမ်းလိုက်ရတာ''

**နှစ်ယောက်သမားက**
**ရယ်ရတယ်၊**
**တစ်ယောက်က**
**အရှည်ကြီး၊**
**တစ်ယောက်က**
**ပုပုလေး**
**သူတို့ကပြောတယ်**
**ကျွန်တဲ့တစ်ဝက်**
**ဘယ်မှာလဲတဲ့**

• • •

ကိုထွန်းလူလည်း ကျိုးနေသောကြမ်းပေါက်မှ အောက်ထပ်သို့ ငုံ့ကြည့်လိုက်သည်။

သေသူကိုတွေ့သောနေရာ လှမ်းမြင်နေရ၏။

''ဒီမှာ လာကြည့်ပါဦး ကိုအုန်းဖေ၊ အောက်မှာ သေသူကိုတွေ့တဲ့နေရာ''

ကျွန်ုပ်နှင့်ကိုအုန်းဖေတို့ ထိုအပေါက်မှလှမ်းကြည့်လိုက်ရာ အခင်းဖြစ်နေရာကိုတွေ့ရသည်။

''ဦးထွန်းလူပြောသလိုဆို မောင်တူးက အခင်းဖြစ်တာကိုမြင်နေတာဟောဒီအပေါက်က လှမ်းကြည့်နေလို့ပေါ့''

''အင်း ဒီလိုပဲဖြစ်လိမ့်မယ်ထင်တယ်၊ အဲဒီမှာ သူအရမ်းကြောက်နေမယ်၊ ပုလိပ်တွေရောက်လာတော့ သူ့ကိုတွေ့သွားပြီး သေသူနဲ့အနီးဆုံးမှာရှိနေတယ်ဆိုပြီး ဖမ်းလိုက်ကြတာပဲ''

''ဦးထွန်းလူပြောတာရော၊ အခင်းဖြစ်နေရာမှာတွေ့ရတာတွေရော အားလုံးကို မြင်လိုက်ရတဲ့ကျွန်တော်က မောင်တူးဟာ တရားခံမဖြစ်နိုင်ဘူးလို့ လက်ခံလိုက်ပေမယ့် တခြားလူတွေ လက်မခံရင် မောင်တူးကိုလွှတ်ပေးမှာမဟုတ်ဘူး''

''အဲဒါကြောင့် ကျုပ် တရားခံကိုမိအောင်ဖမ်းမယ်လို့ ဆုံးဖြတ်လိုက်တာပေါ့''

''ကဲ ဒီနေရာမှာ သဲလွန်စလေး ဘာလေး ထပ်ရလိုရငြား ထပ်ရှာလိုက်ကြရအောင်''

ကျွန်ုပ်တို့လည်း အိမ်ကြီးဝန်းကျင်၊ အပေါ်ထပ်အောက်ထပ်နေရာစုံ၊ ခြံဝင်းထဲအနှံ့လိုက်ကြည့်ကြရာ တရားခံ၏သက်သေဟုထင်ရသော သက်သေခံပစ္စည်းတစ်ခုကိုရလိုက်သည်။

ထိုပစ္စည်းမှာ ကျိုးပဲ့ထွက်နေသော ပေချပ်အပိုင်းကလေးဖြစ်သည်။ ပေချပ်ကလေးမှာ တစ်လက်မခန့်သာရှိပြီး နံဘေးတွင်ရွှေချထား၏။ ထိုပေချပ်အပိုင်းကလေးတွေ့သောနေရာအနီးတွင် ရွှေမှုန့်များကျနေသည်ကိုလည်း တွေ့ရသည်။

တိုက်ခန်းသို့အပြန်တွင် ကိုထွန်းလူတစ်ယောက် ကျွန်ုပ်နှင့်အတူ ပြန်မလိုက်ခဲ့ဘဲ လမ်းခွဲသွားခဲ့သည်။ ကျွန်ုပ်ကိုလည်း ဘာမှမပြောခဲ့သဖြင့် သူ ဘယ်သွားသည်ကို ကျွန်ုပ်မသိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ည အချိန်မတော်မှ ပြန်ရောက်လာသဖြင့် ကျွန်ုပ်နှင့်စကားမပြောဖြစ်လိုက်ပေ။ နောက်နေ့မနက်မိုးလင်းတော့မှ-

"ကိုအောင်ပွင့်ရေ ..၊ အင်းစိန်ဂတ်သွားကြရအောင်ဗျာ၊ မောင်တူးနဲ့သွားတွေ့ရအောင်"

စကားကို ရှည်ရှည်ဝေးဝေးမမေးဖြစ်လိုက်၊ ကိုထွန်းလူနှင့်အတူ အင်းစိန်ဂတ်သို့ထွက်လာခဲ့ဖြစ်သည်။ အင်းစိန်ဂတ်ရောက်တော့ ကိုအုန်းဖေက သူတို့ကို အသင့်ကြိုနေ၏။

"ကိုအုန်းဖေ ခင်ဗျားက ကျွန်တော်တို့လာမှာကို ကြိုသိနေလို့လား"

"ကြိုသိနေတာပေါ့ဗျာ၊ မနေ့က ကိုထွန်းလူမှာထားတာလေ၊ ဒီနေ့ မောင်တူးနဲ့စကားပြောချင်တယ်ဆိုလို့"

ထို့နောက် ကျွန်ုပ်တို့မောင်တူးရှိရာ အချုပ်ခန်းဆီလာခဲ့သည်။

"မောင်တူး ဒါ အမိန့်တော်ရ ဦးထွန်းလူပဲ၊ မင်းအမှုကိုအမှန်အတိုင်းဖြစ်စေဖို့ သူက ဆောင်ရွက်ပေးလိမ့်မယ်၊ မင်း သူ့ကိုအမှန်အတိုင်းပြောပေးလိုက်"

မောင်တူးက ကိုအုန်းဖေကို တစ်ချက်၊ ကိုထွန်းလူကိုတစ်ချက် ကြည့်လိုက်သည်။

"ဟော့ကောင် ..ငါပြောတာကြားလား"

ကိုအုန်းဖေအသံက အနည်းငယ်ကျယ်သွားသောကြောင့် ကိုထွန်းလူက ကိုအုန်းဖေ ကောင်လေးကို မဟောက်ပါနဲ့ဗျဟု ပြောလိုက်သည်။ ပြီးမှ နူးညံ့သောလေသံနှင့် ...

"မင်းနာမည်မောင်တူးနော်"

ချက်ချင်းပြန်မဖြေသေးဘဲ ခဏဆိုင်းလိုက်ပြီးမှ-

"ဟုတ် ဟုတ်ပါတယ်"

"တခြားနာမည်ရှိသေးလား"

"မ မရှိပါဘူး"

"မင်း ... ဟိုအိမ်ပျက်ကြီးထဲမှာ ဘာတွေမြင်ခဲ့လဲ၊ သူတို့ ဘာတွေပြောခဲ့ကြလဲ၊ ဘာပစ္စည်းကို သူတို့လုနေကြတာလဲ၊ လုတဲ့သူတွေက ဘယ်နှစ်ယောက်လဲ"

"သူတို့သုံးယောက်ပါ၊ နှစ်ယောက်ကတစ်ဖွဲ့ တစ်ယောက်ထဲက တစ်ဖွဲ့ပါ၊ တစ်ယောက်ထဲသမားဆီမှာ ဘေးကရွှေရောင်နဲ့ ခပ်ရှည်ရှည်အပြားတွေကိုင်ထားပါတယ်"

"အင်း ဟုတ်ပြီ၊ အဲဒါပေထုပ်ပဲ ဆက်ပြောပါဦး"

"နှစ်ယောက်သမားက ရယ်ရတယ်၊ တစ်ယောက်က အရှည်ကြီး၊ တစ်ယောက်ကပုပုလေး သူတို့ကပြောတယ် ကျန်တဲ့တစ်ဝက်ဘယ်မှာလဲတဲ့"

"အဲဒီတော့ တစ်ယောက်ထဲသမားက ဘာပြန်ပြောလိုက်လဲ"

"မင်းတို့ဘက်က ငွေအပြည့်ပေးတဲ့နေ့ ကျန်တာပေးမယ်တဲ့၊ ဂျပုလေးက မင်းတစ်ယောက်ထဲဆုံးဖြတ်လို့ရလို့လားလို့ပြောတော့ ငါ့အစ်ကိုကိုစွ ငါပိုင်တယ်လို့ပြောပါတယ်"

"အင်း ...ဒါဆို၊ ဒီကိစ္စနဲ့ပတ်သက်နေတဲ့အစ်ကိုဆိုတာ တစ်ယောက်ကျန်နေသေးတာပေါ့၊ ဒီလောက်သိရရင်မဆိုးပါဘူး၊ ကိုအုန်းဖေရေ ကျုပ်တို့ ဒီတစ်ရက်နှစ်ရက်အတွင်း တရားခံဖမ်းကြတာပေါ့"

"တရားခံ ဘယ်သူဖြစ်မလဲ ဦးထွန်းလူ၊ ဘယ်မှာသွားဖမ်းရမှာလဲ"

"အဲဒါတော့ ကျုပ်လည်းမသိသေးဘူးလေ၊ တစ်ရက်နှစ်ရက်လောက်စောင့်လိုက်ရင် အတိအကျသိရမှာပါ"

ထို့နောက် ကျွန်ုပ်တို့နှစ်ယောက်သတင်းစာတိုက်သို့ထွက်လာခဲ့ကြသည်။

သတင်းစာတိုက်တွင် အောက်ပါသတင်းကို ထည့်လိုက်၏။

**"ပရပိုက်ပျောင်းတဝက်ကောက်ရထားသည်။ ပျောက်ဆုံးသူမှန်ပါက ပြန်ပေးလိုပါသည်**

**လိပ်စာနှင့်တကွဆက်သွယ်ပေးပါ။**

**ကောက်ရထားသူ"**

ကျွန်ုပ်တို့သတင်းစာမှာထည့်လိုက်ပြီး နှစ်ရက်တွင် ထိုသတင်းစာ၌ ကြော်ငြာတစ်ခုပါလာသည်။

**"ပရပိုက်ကို ပြန်ပေးမည်ဆိုသဖြင့် ကျေးဇူးတင်ပါသည်။ တနင်္ဂနွေနေ့ ညနေ ၆း၀၀ နာရီ ထောက်ကြံ့လမ်းဆုံမှလက်ဝဲဘက်သို့ကွေ့ဝင်သောလမ်းထဲရှိ တိုက်ဝါကြီးကိုလာခဲ့ပါ။ ကျေးဇူးဆပ်ပါမည်။**

**ပိုင်ရှင်"**

ထိုကြော်ငြာကိုတွေ့သည်နှင့် ကိုထွန်းလူနှင့်ကျွန်ုပ်တို့ အင်းစိန်ဂတ်သို့လာခဲ့ကြသည်။

"ဟာ ဦးထွန်းလူတို့ရောက်လာပုံထောက်တော့ တရားခံဖမ်းတော့မယ်ထင်တယ်"

"သေချာတာပေါ့ဗျာ၊ ခင်ဗျား ပုလိပ်ငါးယောက်လောက် လက်နက်အပြည့်နဲ့ခေါ်လာခဲ့ဗျာ၊ သွားရမယ့်နေရာကတော့ ထောက်ကြံ့လမ်းဆုံ"

"စိတ်ချ ဦးထွန်းလူ ကျွန်တော်အားလုံးအဆင်ပြေအောင် လုပ်ထားခဲ့မယ်၊ ဒါနဲ့ ဘယ်အချိန်သွားမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလူ သူ့လက်မှနာရီကို ကြည့်လိုက်သည်။ နေလည်နှစ်နာရီဝန်းကျင်သာရှိသေး၏။

"ညနေ ခြောက်နာရီ ကျုပ်တို့နဲ့ တွေ့ရမှာဆိုတော့ ငါးနာရီလောက် ထွက်ကြတာပေါ့၊ ခင်ဗျားနဲ့အဖွဲ့တွေက သပ်သပ်သွား ကျုပ်တို့နှစ်ယောက်က သပ်သပ်သွားမယ်"

"အိုကေ အားလုံးအဆင်သင့် ပြင်ထားမယ်ဗျာ၊ စိတ်ချ"

ကိုအုန်းဖေနှင့်တိုင်ပင်ပြီးနောက် ကျွန်ုပ်တို့နှစ်ယောက် အချိန်ဖြုန်းသည့်အနေနှင့် ကျိုက္ကလို့၊ ကျိုက္ကလဲ့ဘုရားသို့ သွားပြီး အချိန်ဖြုန်းလိုက်ကြသည်။ ခေတ္တအနားယူအချိန်ဖြုန်းပြီး လေးနာရီဝန်းကျင်မှာ ကျွန်ုပ်တို့နှစ်ယောက် အင်းစိန်ဂတ်သို့ပြန်သွားခဲ့ကြသည်။

ထို့နောက် ကိုအုန်းဖေအပါအဝင် ပုလိပ်သား ၅ ယောက်နှင့် စုစုပေါင်း အင်အားဆယ်ယောက်တို့သည် ကား နှစ်စီးနှင့်ထောက်ကြံ့လမ်းဆုံသို့ ထွက်လာခဲ့ကြသည်။

လမ်းဆုံရောက်သည်နှင့် အားလုံး ကားပေါ်မှ ဆင်းလိုက်ကြ၏။

"ကိုအုန်းဖေ ခင်ဗျားတို့အဖွဲ့တွေ ကျုပ်တို့နောက်ငါးမိနစ်လောက်နောက်ကျပြီးမှလိုက်လာခဲ့ကြ၊ ကျုပ်တို့ချိန်းထားတဲ့နေရာကို ခင်ဗျားတို့ဝိုင်းထားပေး၊ ကျုပ် အချက်ပေးလိုက်တာနဲ့ ဝင်ဖမ်းကြပေတော့"

"ကောင်းပါပြီ ဦးထွန်းလူ၊ ကျုပ်တို့ အသင့်ပြင်ပြီးစောင့်နေပါ့မယ်"

"ကဲ ဒါဆို သွားကြရအောင် ကိုအောင်ပွင့်"

ကျွန်ုပ်တို့နှစ်ယောက် ချိန်းထားသောနေရာသို့ ထွက်လာခဲ့၏။ ချိန်းထားသည့်နေရာမှာ ရာဘာပင်များ အစီအရီစိုက်ထားသော ခြံကျယ်ကြီးတစ်ခုဖြစ်ပြီး ထိုခြံတွင်းတစ်နေရာမှ ခြံစောင့်တဲကလေးတွင်ဖြစ်သည်။

"ကိုအောင်ပွင့် ဟိုရောက်ရင် ကျုပ်အခြေအနေကိုကြည့်ပြီး အဆင်ပြေသလို လိုက်လုပ်ပေတော့"

"ဘာကိုပြောတာလဲကိုထွန်းလူ"

"သူတို့တွေက ကျုပ်တို့အပေါ်မှာ ရိုးသားမယ်ထင်လို့လား"

"မထင်ပါဘူးဗျာ"

"ဒါကြောင့် အစစအရာရာသတိထားပြီး ကျုပ်အခြေအနေကိုသာကြည့်နေဗျာ"

တဲကလေးကို လှမ်းမြင်နေရသောနေရာသို့ရောက်လာကြချိန်မှာ ညီအစ်ကိုမသိတသိအချိန် ဖြစ်နေပြီ။ တဲတွင်းမှမီးခွက်ရောင်ကို တွေ့ရသည်။

"ဟော့ ဘယ်သူလဲ"

"ပေထုပ်ပေးဖို့လာတဲ့သူတွေပါ"

"ဪ ... ညှိကောင်း ဆောင်ကောင်းတွေကိုး ...ကြွကြွပါဗျာ၊ ကြွကြွပါ"

ကျွန်ုပ်တို့လည်း သတိကြီးစွာထားလျက် တဲကလေးတွင်းသို့ဝင်လာကြသည်။ တဲမှာတစ်ဖက်ရပ်ကလေးဖြစ်ပြီး အကာအရံများမှာ သစ်ရွက်သစ်ခက်များကိုဖြစ်သလိုကာထားခြင်းဖြစ်၏။

ကျွန်ုပ်တို့ကို ကြိုဆိုသောသူမှာ အရပ်ခြောက်ပေကျော်ခန့်ရှိသောသူတစ်ယောက်ဖြစ်သည်။

"ထိုင်ကြပါဦးဗျာ၊ အေးအေးဆေးဆေးပေါ့၊ ဟော့ ညှိသည်တွေအတွက် တစ်ခုခုလုပ်ပေးပါဦး"

ခေါင်းဆောင်ဖြစ်ဟန်တူသူက နောက်ဘက်သို့လှည့်ပြောလိုက်၏။

မကြာခင် အလွန်အရပ်ပုသောလူငယ်တစ်ယောက် ပန်းကန်တစ်ခုနှင့် ရောက်လာ၏။ ကျွန်ုပ်တို့ရှေ့တွင်ချပေးပြီး ကျွန်ုပ်တို့ကို ခပ်စွေစွေတစ်ချက်ကြည့်ကာ ပြန်လှည့်ထွက်သွား၏။

ကိုထွန်းလူက ကျွန်ုပ်ကိုတစ်ချက်လှမ်းကြည့်သည်။ သဘောက အင်းစိန်လူသတ်မှုတရားခံနှစ်ယောက်ကို တွေ့လိုက်ရပြီဆိုသည့်သဘောပင်။

"ကျေးဇူးပါပဲဗျာ၊ ကျုပ်တို့လည်း ဘာမှမစားရသေးတာနဲ့ အတော်ပဲ"

ကျွန်ုပ်လည်း ကိုထွန်းလူအခြေအနေကို ကြည့်နေလိုက်သည်။ သူကတော့ ဘာကိုမှဂရုမစိုက်သလို ချပေးသောပန်းကန်ထဲမှ အသားခြောက်များကို လှမ်းယူလိုက်သည်။

"စားပါ၊ စားပါ အားရပါးရစားကြပါ၊ ဟိုတလောကမှရထားတဲ့ တောဝက်သားကိုအခြောက်လှမ်းထားတာ တောဝက်သားခြောက်လေး ခင်ဗျားတို့မြို့ပေါ်မှာနေတဲ့သူတွေအတွက် စားရခဲတယ်ဗျ၊ အကြိုက်သာစားကြပေတော့"

သူစကားက နောက်ကျနေသည်။ ကိုထွန်းလူလက်က ပိုမြန်နေ၏။ ကျွန်ုပ်လည်း သူ့အရိပ်အကဲကိုကြည့်ပြီး တောဝက်သားခြောက်မီးဖုတ်ကို ယူစားလိုက်ပါသည်။

ရေနွေးသောက်လိုက်၊ တောဝက်သားစားလိုက်နှင့် ဆယ်မိနစ်ခန့်ကြာမှ သူတို့ဘက်က စကားစသည်။

"ကဲ အလုပ်စကားပြောရအောင် ခင်ဗျားတို့ယူလာတဲ့ပေထုပ်တစ်ထုပ်ကို ပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com





"မပြခင် ငွေရေးကြေးရေးအရင် ညှိကြရအောင်"

"ငွေကြေးကိစ္စ၊ ငွေကြေးအကြောင်း ဟား ဟား ဟား ရမယ်၊ ခင်ဗျားတို့လိုချင်သလောက်ရစေရမယ်"

ထိုစဉ် ကိုထွန်းလူတစ်ယောက် နေရာတွင်ဖက်ကျိုးပြီး ခေါင်းငိုက်စိုက်ကျကာ စားပွဲနှင့်မျက်နှာအပ်သွားရှာလေသည်။ ကျွန်ုပ်မှာ ဘာမှမဖြစ်သေးပါ။ သို့သော် သူပြောခဲ့သောစကားကြောင့် ကျွန်ုပ်လည်း ခေါင်းငိုက်စိုက်ချလိုက်ပြီး မေ့ချင်ယောင်ဆောင်နေလိုက်ပါသည်။

"ကဲ သူတို့လိုချင်တာငွေ၊ ငါတို့ပေးလိုက်ရတာက ဘာလဲ တပည့်တို့"

ထိုအချိန်မှ သူတို့တဲကလေးအတွင်း မှာရှိသူအားလုံး ကျွန်ုပ်တို့နှစ်ယောက်အနီးသို့ ဝိုင်းအုံရောက်လာကြ၏။

"ဒီလူတွေက တို့ကို ပေထုပ်ပေးဖို့ လာတာမဟုတ်ဘူးကွ"

"ဗျာ ဆရာကြီး၊ သူတို့ပြောတော့ ပေထုပ်ပေးဖို့ဆို၊ သူတို့အိတ်ထဲကိုရှာကြည့်ရအောင်"

"ရှာကြည့်လိုက်လေ၊ ပေထုပ်တော့ထွက်လာမှာမဟုတ်ဘူး"

တပည့်တစ်ယောက်က ကျွန်ုပ်လွယ်ထားသောလွယ်အိတ်ကို လာရှာသည်။

"ဟင် လွယ်အိတ်ထဲမှာ ဘာမှလည်းမတွေ့ဘူး၊ ဒါဆို သူတို့က . . ."

"သူတို့က ငါတို့ရဲ့ အင်းစိန်လူသတ်မှုကိုစုံစမ်းဖို့ ရောက်လာကြတာပဲ၊ သူတို့မစုံစမ်းခင် သူတို့ကို ကိစ္စတုံးအောင် လုပ်ပေးလိုက်ရမယ်၊ သူတို့ကို ကြိုးတုတ်လိုက်ကြကွာ"

"ဟော့ကောင်တွေ တစ်ယောက်မှ မလှုပ်နဲ့"

ကြိုးတုတ်မည့်သူပင် ကျွန်ုပ်တို့နားမရောက်သေးပါ။ ကိုအုန်းဖေတို့လူစု တဲကိုဝိုင်းထားလိုက်ပြီး ကိုအုန်းဖေတစ်ယောက်တည်း ရှေ့သို့ထွက်လာ၏။ ကျန်ပုလိပ်များကိုလည်း သူတို့မြင်နေရသည်။

"သူတို့ကို လက်ထိပ်ခတ်လိုက်ကြကွာ၊ အင်းစိန်လူသတ်မှုရဲ့တရားခံက သူတို့ထဲကနှစ်ယောက်ပဲ"

"ကိုအုန်းဖေကလည်းဗျာ . . ၊ ဒီလောက်ရှည်ရှည်ဝေးဝေးပြောနေစရာလား တရားခံက တခြားလူမဟုတ်ဘူး၊ ဟောဒီအရှည်ကြီးနဲ့ ဒီဂျပုလေးပဲ"

ကိုထွန်းလူဆတ်ခနဲထပြီး ပြောလိုက်ခြင်းဖြစ်သည်။ ကျွန်ုပ်လည်း သူ့လိုပင်ထလိုက်၏။ ထိုအခါမှ တဲတွင်းရှိသူများ အလွန်အံ့သြသွားကြသည်။ ပုလိပ်များက သူတို့အားလုံးကို ဖမ်းလိုက်ကြ၏။

"ကျွန်တော့်ကို ကယ်တင်ပေးတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ် ဆရာတို့ရယ်"

မောင်တူးတစ်ယောက် ကျွန်ုပ်တို့ကို ထိုင်ကန်တော့လေသည်။

"အဲဒါ ငါတို့ကြောင့်မဟုတ်ဘူး မောင်တူး၊ ဟောဒီကိုထွန်းလူကြောင့်ကွ၊ သူက မင်းကိုစတွေ့ကတည်းက တရားခံမဟုတ်မှန်းသိလို့ ဒီအမှုကိုပေါ်အောင်စုံစမ်းမယ်ဆိုပြီး စလိုက်တော့တာပဲ၊ ဒါကြောင့်တရားခံတွေလည်းမိ၊ တရားခံမဟုတ်တဲ့သူကိုလည်း လွတ်ပေးနိုင်တယ်လေ"

"ဟုတ်ကဲ့ ဦးထွန်းလူကိုရော အားလုံးကိုပါ ကျေးဇူးတင်ပါတယ် ကျွန်တော်သွားလိုက်ပါဦးမယ်"

[illegible]

[illegible]



www.burmeseclassic.com

www.burmeseclassic.com



## ကြိယာအလွဲ

ဆုံစည်းခွင့်မပေးတဲ့
ကံကြမ္မာရယ် ...

စကားလုံးတွေ ပါဝင်ခွင့်မရှိတဲ့
နှုတ်ဆက်ခြင်းရယ် ...


ပျောက်ဆုံးသွားတဲ့
ဆက်သွယ်မှုဇေရိယာရယ် ...

စာရင်းသေထားလိုက်တဲ့
ပိုင်ဆိုင်မှုပုဒ်မရယ် ...

အရောင်တွေ ခွဲခြားတတ်တဲ့
မျက်လုံးသေတွေရယ် ...

အားလုံးကို ငါ မုန်းတယ် ...။ ။

ကိုစွာ(ပန်းဩဇာမြို့)





## နှလုံးသွေးဖြင့် ရေးစပ်ထားသော ကဗျာ

ကဗျာ ...
ရင်ထဲကလာတဲ့
ခံစားချက်နဲ့
ထုဆစ်ထားတဲ့ ရုပ်လွှာ။
ကဗျာ ...
စိတ်ကူးထဲက သံစဉ်တွေနဲ့
တီးခတ်ထားတဲ့
ဒြပ်မဲ့ဂီတ။
ကဗျာ ...
အာရုံထဲမှာ ထင်ဟပ်လာတဲ့
ပုံရိပ်တွေကို ရေးဆွဲထားတဲ့
အလင်းအမှောင်မဲ့ ပန်းချီကား။
ကဗျာ ...
နှလုံးသားနဲ့ ကာရံတူအောင်
ညှိယူရေးစပ်ထားတဲ့
ပကာသနမဲ့ မေတ္တာ။
ကဗျာ ...
ငါ့ဝိညာဉ်ကို ငါ့ဘဝထဲကနေ
ဆွဲနှုတ်ပြီး ငါ့နှလုံးသားကို
ချစ်ခြင်းသစ္စာတရားနဲ့
သက်သေထူမယ့်
ငါ့ရဲ့ သွေးကြောထဲက
ငါ့နှလုံးသွေးနဲ့
စီးဆင်းလည်ပတ်နေတဲ့
ငါ့ရဲ့အသက်တမျှ ကဗျာ ..။

ဖူးပြည့်စုံ(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

အခန်း(၁)

လေးပြင်းတိုက်သံများက ကာရံမဲ့စွာ ထွက်ပေါ်လာသည်။ အိပ်ရာထဲမှ တစ်ဆင့် မှန်ပြတင်းပေါက်ထိသို့ လှမ်းကြည့်မိသောအခါ မှောင်မဲနေသည်။ တစ်ယောက်ထဲ ငြိမ်သက်နေစဉ် မီးက ဖျတ်ခနဲပျက်သွားသဖြင့် 'ကြောင့်မှုးခင်' ထိတ်လန့်တုန်လှုပ်သွားရလေသည်။

ဘုရားရေ ...

ဤယနေ့ညသည် ငရဲညပေလား သို့တည်းမဟုတ် မှုး ကိုသတ်ဖို့ မရဏညလေလား။

ငြိမ်သက်တိတ်ဆိတ်နေသော အခန်းငယ်၊ မည်းမှောင်တိတ်ဆိတ်နေသောအခန်းကို ဘာမှမမြင်ရပါဘဲ ဟိုဒီဝေ့ဝဲကြည့်လျက် ရသမျှသောဘုရားစာများကို ရွတ်ဆိုနေရသည်မှာ အလွဲလွဲအချော်ချော်ပင်။ မိုးသံလေသံများသည်လည်း သူ့ထက်ငါအပြိုင်အဆိုင် အနိုင်ရဖို့ ကြိုးစားနေသည့်ပမာ။

ဒုန်း ... ခလွမ်း

ပြတင်းမှန်ပေါ်လာရောက်ထိမှန်နေသည့် သစ်ကိုင်းများ၏ရိုက်ခတ်သံနှင့် အိမ်ခေါင်မိုးပေါ်သို့ ရိုက်ခတ်နေသည့် မိုးများ၏အသံသည် သောသောညံလျက်။ တိတ်ဆိတ်မှုအခြေအနေတစ်ရပ်ကို ပိုမိုအသက်ဝင်စေလေသည်။ ဘာကြောင့် ဒီနေ့မှာမိုးရွာပြီး ဘာကြောင့် ဒီနေ့မှာ မီးပျက်ရသနည်း။

အခန်းအပြင်ဘက်သို့ အကူအညီရလိုရငြား နားစွင့်ကြည့်ပေမယ့် တစ်လောကလုံးတိတ်ဆိတ်မည်းမှောင်ကာ မီးရောင်ပင်စိုးစဉ်းမျှ မမြင်ရချေ။ ခြုံထားသောစောင်ကို လည်ပင်းနားထိအတင်းဆွဲကပ်ထားစဉ် တစ်စုံတစ်ရာသောအသံကို စတင်ကြားရလေတော့သည်။

သေချာစွာ အာရုံစူးစိုက်နားထောင်လိုက်သောအခါ ကြမ်းပြင်နှင့်ပွတ်ဆွဲ၍လာနေသလို အသံမျိုးဖြစ်ပြီး ထိုအသံသည် မှုးအခန်းဆီသို့ ဦးတည်လာနေမှန်းသိသာလှသည်။ အဘယ်ကြောင့် ဤကဲ့သို့ တိတိကျကျပြောနိုင်ရသလဲ မေးနိုင်သည်။ ဤ မှုးနေသောအခန်းနှင့် ဘုရားခန်းမှလွဲ၍ ဤအထပ်၌ လူနေအခန်းများမရှိချေ။ အားလုံးသောအခန်းတို့ကို သော့ခတ်ထားမှန်းမနက်ကတည်းက မှုး တွေ့ခဲ့သည်ပဲ။

အပေါ်ဆုံးလွှာမှာဆိုပိုဆိုး၊ တစ်လွှာလုံးပိတ်ထားသည်။ အိမ်ရှင်နှင့် အလုပ်သမားများက အောက်ဆုံးမှာ နေထိုင်ကြသည်။ မှုးကို ဤအခန်းထဲ၌ သီးသန့်ပေးသောအခါ မှုးသည်ထိတ်လန့်တုန်လှုပ်သွားသော်လည်း ထိုသူတို့ မရိပ်မိအောင် ဟန်မပျက်နေခဲ့ရသည်။ အမှန်အတိုင်းပြောရလျှင် နေဝင်သည့်

အချိန်ကတည်းက အိမ်ကြီးသည် အ[illegible] မှောင်ရိပ်၏ဝါးမျိုခြင်းကို ခံနေရလေပြီ[illegible] ညစာစားပြီးကတည်းက ဟိုဟိုဒီဒီလမ်[illegible] မသလားရဲဘဲ အခန်းတံခါးပိတ်က[illegible] ခုတင်ထက်၌ မအိပ်ချင်ဘဲလာနေခဲ့[illegible] သည်။

အသံများသည် ပို၍သိသာလာ[illegible] သည်။ ခြေသံလည်းမဟုတ် ဖိနပ်သံ[illegible] လည်းမဟုတ်ဘဲ ဘာသံလဲ။

အုတ်နံရံထဲသို့ တိုးဝင်မတတ်[illegible] ကပ်ရင်း 'မှုး'ကို ဘယ်သူမှမကယ်နိုင်[illegible] တော့ဘူးလားဟု တိုးတိတ်စွာညည်း[illegible] သည်။ အကယ်၍များ လူသတ်သမာ[illegible] သာ ရောက်လာခဲ့လျှင် မှုးရဲ့အော်သံက[illegible] မိုးထဲလေထဲမှ ထွင်းဖောက်၍ မည်သ[illegible] သိနိုင်မည်နည်း။

"သေချာတာတစ်ခုက လူသ[illegible] သမားက မိန်းကလေးတွေရဲ့သဘော[illegible] ထားကို သေသေချာချာနားလည်တဲ့သ[illegible] အသတ်ခံရတဲ့ မိန်းကလေးတွေဟာ ရ[illegible] သီဥတုကြောင့်မဟုတ်ဘဲ သဲသဲမဲမဲ ရွ[illegible] နေတဲ့မိုးညမှာ စူးစူးဝါးဝါး အော်ဟ[illegible] ရင်း သေဆုံးကြတယ်"

နောက်ဆုံးသောအသတ်ခံရမ[illegible] သူက မှုးလား။ ဘုရားရေ ...။

မှုးတစ်ကိုယ်လုံး ဖော့ချွေးမျ[illegible] ပြန်လာကာ ဆောင်းတွင်းပင်ဖြစ်လ[illegible] ကစား မချမ်းအေးနိုင်ဘဲ တစ်ကိုယ်လ[illegible] ပူလောင်လာတော့သည်။

တံခါးမကြီးကို စူးစူးစိုက်စိုက[illegible] ကြည့်ရင်း ဤ ရတနာစံအိမ်မှ လူပြေ[illegible] သူပြောများသဖြင့် သိခဲ့ရသောသေ[illegible] သွားသူများ၏အကြောင်း စဉ်းစားမိက[illegible] မှုးရဲ့သေမင်းကို စောင့်မျှော်နေခဲ့သည်[illegible]



www.burmeseclassic.com

www.burmeseclassic.com



အခန်း(၂)

ရတနာစံအိမ်

ထိုစံအိမ်၏ သမိုင်းအစကိုကြည့်လျှင် မျက်နှာဖြူလက်ထက်ကာလဆီသို့ ဦးတည်ပြောရပေလိမ့်မည်။

ရတနာစံအိမ်သည် တောင်ပေါ်မြို့တစ်မြို့တွင်တည်ရှိပြီး မြို့စွန်၌တည်ရှိကာ လူသူအရောက်အပေါက်နည်းလှသည်။ အထူးသဖြင့် လူတွေနှင့်ကင်းကင်းရှင်းရှင်းနေသော ဤစံအိမ်အဘွင်ရှိလူများကြောင့် ဖြစ်သည်။ ထိုစံအိမ်ကိုစော်ဘွားကြီး စပ်မှိုင်းနောင်နှင့် စော်ဘွားကတော် စန္ဒာဒေဝီတို့လက်ထက်၌ စတင်တည်ဆောက်ခဲ့သည်။

ခုနှစ်အားဖြင့် ၁၉၂၀ ဝန်းကျင်ဖြစ်သည်။ စော်ဘွားအိမ်တော်မှ တစ်သီးတစ်နန်းနှင့်နေကာ ပတ်ဝန်းကျင်နှင့်အဆက်အဆံမရှိခဲ့ချေ။ မြန်မာနိုင်ငံတွင် ဖက်ဆစ်ဂျပန်များဝင်ရောက်လာသောအခါ တစ်လောကလုံးသားသတ်ခုံကဲ့သို့ဖြစ်ကာ နေ့စဉ်နှင့်အမျှ ဗုံးသံ၊ ကျည်သံ၊ အော်သံ၊ ဟစ်သံများဖြင့် ရတနာစံအိမ်၏ ခမ်းနားကြီးကျယ်မှုသည် တစ်စ၊ တစ်စ မှေးမှိန်ပျောက်ကွယ်သွားတော့သည်။

စော်ဘွားကြီးတို့သည်လည်း စစ်ပြေးများအဖြစ် ထွက်သွားရာမှ ဘယ်ရောက်၍ဘယ်ပျောက်သွားသည်ပင်မည်သူမျှ သတိမထားမိတော့ချေ။ ရတနာစံအိမ်ကြီးသည် စစ်ဘေးစစ်ဒဏ်များခံရသော်လည်း လုံးဝပျက်စီးသွားသည်တော့မဟုတ်ချေ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး သိပ်မကြာခင် ဆိုရတနာစံအိမ်သို့ အိမ်ရှင်များပြန်ရောက်လာသော်လည်း စော်ဘွားကြီးစပ်မှိုင်းနောင်တို့မဟုတ်တော့ဘဲ စော်ဘွားကြီး၏တစ်ဦးတည်းသောမျိုးဆက်သွေး စပ်ခွန်မှိုင်းနှင့် ချွေးမ နန်းခမ်းနွဲ့တို့ပင်ဖြစ်သည်။

ပြန်လည်ပြုပြင်မွမ်းမံမှုများကြောင့် ရတနာစံအိမ်သည် လူအများကြီး၏ စိတ်ဝင်စားမှုကို ပြန်လည်ခံစားရလေသည်။ တောင်ကုန်းပေါ်၌ ခန့်ညားစွာရှိနေသောရတနာစံအိမ်သည် ထိုမြို့၏ ကျက်သရေဆောင်ဆိုလျှင်လည်း မမှားချေ။

ဤကဲ့သို့ ခမ်းနားကြီးကျယ်မှု၊ မြင့်မြတ်သောနေရာအဖြစ် သတ်မှတ်ခြင်းခံရသော ရတနာစံအိမ်သည် အဘယ်ကြောင့် လူများ တစ်ဦးပြီးတစ်ဦး သေဆုံးနေရသနည်း။ ထိုသေဆုံးသောသူများသည်လည်း ရတနာစံအိမ်၏ အိမ်သားများမဟုတ်ဘဲ အဘယ်ကြောင့် အပြင်သူစိမ်းများဖြစ်နေရသနည်း။

အခန်း(၃)

ခင်လေးမိုမို…

သူမသည် သတင်းထောက်တစ်ယောက်ဖြစ်လေသည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ဖျတ်လတ်တက်ကြွသောသူမို့ သူမ၏သတင်းသည် မီဒီယာလောက၌ သတင်းကြီးလှလေသည်။

တစ်နေ့၌ သူမအလုပ်လုပ်သည့် ဂျာနယ်တိုက်မှ အယ်ဒီတာချုပ်ဖြစ်သူ၏ တာဝန်ပေးမှုကြောင့် တောင်ပေါ်မြို့သို့ သွားဖို့ဖြစ်လာခဲ့သည်။

"ဒီသတင်းကို ဘယ်သူမှသတိမထားမိသေးဘူး၊ အဲဒီသတင်းကိုတို့ဂျာနယ်မှာ ဦးဦးဖျားဖျားဖော်ပြနိုင်ခဲ့ရင် လုံးဝနာမည်ကြီးပြီး စောင်ရေတက်သွားလိမ့်မယ်၊ ဟိုမှာရောက်ရင်တည်း ဖို့မပူနဲ့ အားလုံးစီစဉ်ထားတယ်"

ဤကဲ့သို့ဖြင့် ခင်လေးမိုမို တောင်ပေါ်မြို့သို့ရောက်လာခဲ့သည်။ စတင်တွေ့ဆုံသောသူက အယ်ဒီတာချုပ်စာရေးပေးလိုက်သော ဦးစပ်ခွန်မှိုင်း၏သား နေမျိုးစည်သူ ဖြစ်လေသည်။

ရတနာစံအိမ်၏ခမ်းနားကြီးကျယ်မှုမှာ မရောက်လာခင်ကတည်းက သတင်းကြီးနေလေသည်။ ထို့ကြောင့် ရောက်ရောက်ချင်းပင် အိမ်ကြီးကို လျှင်မြန်စွာအကဲခတ်လိုက်မိသည်။ နေမျိုးစည်သူသည် ရှမ်းအမျိုးသားမို့ အသားဖြူဖြူနှင့်ချောမော၍ ယောက်ျားပီသသူတစ်ဦးဖြစ်လေသည်။ သူ့ရဲ့ညီမဖြစ်သူ နမ်းမိုခမ်းကမူ ကိုယ်တစ်ပိုင်းသေနေသော ဒုက္ခိတမလေးဖြစ်လေသည်။

အနည်းငယ်အနေကြာလာသောအခါ–

"ဒါနဲ့ စပ်စုတယ်လို့မထင်ပါနဲ့နော်၊ ဟိုလေ နန်းမိုးခမ်းရဲ့ခြေထောက်က မွေးရာပါလား၊ အက်ဆီးဒင့်လား"

"အက်ဆီးဒင့်ပါ၊ ကျွန်တော်တက္ကသိုလ်တက်နေချိန်မှာ ဖေဖေနဲ့ မေမေရယ် နောက်ပြီး ညီမလေးရယ် တောင်ကြီးကိုအလည်သွားတာ၊ အက်ဆီးဒင့်ဖြစ်ပြီး မေမေကတော့ ပွဲချင်းပြီးဆုံးတယ်၊ ဖေဖေကတော့ လွန်ခဲ့တဲ့နှစ်ကမှဆုံးတာ ညီမလေးကတော့ အောက်ပိုင်းသေသွားတယ်ဆိုပါတော့"

ခင်လေးမိုမိုသည် ဂျာနယ်တိုက်က ခိုင်းလိုက်သည့်သတင်းကိုရအောင်ယူပြီးပြီမို့ တစ်ရက်၊ နှစ်ရက်နေပြီးလျှင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖို့ဆုံးဖြတ်လိုက်လေသည်။

စနေနေ့ပြန်မည်ဟုဆုံးဖြတ်ခါမှ သောကြာနေ့ည၌ မိုးကသည်းသည်းမဲမဲ ရွာလေတော့သည်။ နွေခေါင်ခေါင်ရာသီမို့ မိုးရွာလိုက်သဖြင့် အပူဓာတ်သည် လျော့သွားသည်။ သို့သော်လည်း တစ်ညလုံး တသဲသဲရွာနေသော လျှပ်နွယ်များတဝင့်ဝင့်ဖြင့် ကြောက်စရာကောင်းလှသည်။

မိုးများ အဆက်မပြတ်ရွာနေသဖြင့် တစ်မြို့လုံးမီးပျက်သွားလေသည်။ ခင်လေးမိုမိုသည် အိပ်ရာထဲသို့စောစောဝင်ခဲ့သည်။ သို့သော်လည်း အိပ်မပျော်နိုင်သဖြင့် ဖယောင်းတိုင်မီးထွန်းကာ စာအုပ်တစ်အုပ်ကို ဖတ်နေစဉ်လေသည်ဝှေ့ခနဲတိုက်သဖြင့် ဖျတ်ခနဲမီးငြိမ်းသွားသည်။

ခင်လေးမိုမိုသည် အိပ်ရာကထကာ မီးပြန်ထွန်းဖို့ မီးခြစ်ရှာနေစဉ် ကျောဘက်၌ စိမ့်ခနဲဖြစ်သွားသဖြင့် နောက်သို့လှည့်ကြည့်မိသည်။ ဘာမှမတွေ့ရချေ။ ဒါပေမဲ့ ကြက်သီးတွေတဖျင်းဖျင်းထကာ ဦးခေါင်းများ ကြီးလာသည်ဟု ထင်မှတ်မိသည်။

တစ်စုံတစ်ရာဆိုသောအသိနှင့် ခင်လေးမိုမိုနောက်သို့ ပြန်လှည့်ကြည့်လိုက်သော်လည်း သူမ အသိနောက်ကျသွားခဲ့သည်။

ဝင်းခနဲလက်သွားသောအရာကို သေချာစွာ သရုပ်ခွဲနိုင်သော်လည်း သူမ–

''အား''


ကြောက်မက်ဖွယ်ကောင်းသော အသံနက်ကြီးနှင့် အော်သံသည် အငြိုးကြီးစွာရွာနေသာရွာသံများ မိုးခြိမ်းသံများထဲမှ တစ်စတစ်စနှင့် တိမ်မြုပ်ပျောက်ကွယ်သွားလေတော့သည်။ မသေဆုံးမီ ရဲတပ်ဖွဲ့ထံ သည်မျှသာ သေတမ်းစစ်ချက်ပေးနိုင်၏။

အခန်း(၄)

ယုယုဆွေ ...

သူမသည် တောင်ကြီးတက္ကသိုလ်မှ နည်းပြဆရာမတစ်ယောက် ဖြစ်သည်။ ဆရာမပီပီ သိမ်သိမ်မွေ့မွေ့နှင့် ချောမွေ့သူဖြစ်လေသည်။

**သူမ၏ လုပ်ရပ်တို့သည် မှားယွင်းနေသည်ဟု သူမကိုယ်တိုင်ပင် သိချင်မှသိမည်။ အခြားမည်သူမှ မလုပ်ဝံ့သော လူသတ်မှုများကို သွေးအေးစွာဖြင့် ကျူးလွန်နိုင်ခဲ့သည်။ သာမန်မဟုတ်သော မသိစိတ်ကြောင့် ရူးသွပ်စွာ...**



တက္ကသိုလ်ကျောင်းသူဘဝ
တည်းက အရပ်မြင့်မြင့်၊ ဆံပင်ရှ
ရှည်ဖြင့် လူတကာငေးရသော အ
မယ်တစ်ယောက်ဖြစ်လာသည်။ ဆွ
ချင်သူများလှသော ပန်းလေးတစ်ပွ
ဆိုလျှင်လည်းမမှားချေ။ ပြုံးပြုံးလေး
မည်သူ့ကိုမဆို ငြင်းပယ်ခဲ့သော ယု
ဆွေ၏ အချစ်ပန်းကို ရရှိသူ
ရတနာခံအိမ်မှ နေမျိုးစည်သူဖြစ်
သည်။

www.burmeseclassic.com





တစ်ယောက်တစ်မြို့စီမှာနေသဖြင့် နေ့စဉ်မတွေ့ရသဖြင့် နေမျိုးစည်သူက

''ယုက ချောတော့ ကိုယ်စိတ်မချ ဘူး၊ လက်ထပ်ကြရအောင်လား''

ယုယုဆွေသည် အသက်နှစ်ဆယ့် ခြောက်ထဲဝင်လာပြီမို့ အိမ်ထောင်ပြု သင့်သည့် အရွယ်ဟုသတ်မှတ်ကာ ခေါင်းညိတ်ခဲ့ပေမယ့် ကျောင်းပိတ်ရက် တစ်နေ့မှာတော့ နေမျိုးစည်သူနှင့် သူ့ ပတ်ဝန်းကျင်ကို လေ့လာဖို့ရောက်လာ ခဲ့သည်။

''ဒါက ကိုယ့်ညီမလေး နန်းမိုး ခမ်း တဲ့''

ဝှီးချဲလ်ပေါ်မှာထိုင်နေသော နန်း မိုးခမ်း၏မျက်ဝန်းများသည် အားငယ်မှု တို့ဖြင့် ညှိုးမှိန်လျက်ရှိသည်။ အရာရာ ကို ကြောက်ရွံ့နေသည့်အသွင်ဆိုလျှင် လည်း မမှားချေ။

''နောက်ဆို . . . ညီမလေး တစ် ယောက်ထဲ မပျင်းရတော့ဘူးပေါ့၊ မမ အဖော်လုပ်ပေးမယ်နော်''

''ကျေးဇူးပါပဲ''

တိုးသဲ့စွာ ထွက်ပေါ်လာသော အသံသည် အားရကျေနပ်ဖွယ်မရှိချေ။ သို့သော်လည်း နေခဲ့ရသည့်တစ်ပတ် အတွင်း ယုယုဆွေအတွက် စိတ်ချမ်း သာစရာကောင်းလှသည်။

''မနက်ဖြန် ယုပြန်တော့မယ် ကို မျိုး၊ ဒီကျောင်းပိတ်ရက်မှာ မင်္ဂလာကိစ္စ စီစဉ်တာပေါ့နော်''

ယုယုဆွေသည် မနက်ဖြန်ပြန်ဖို့ အတွက် သိမ်းစရာရှိတာသိမ်းပြီး နန်း မိုးခမ်းကိုနှုတ်ဆက်ဖို့ သွားပေမယ့် မတွေ့ခဲ့ရချေ။ ညနေစောင်းတော့ ခြံ ထဲတွင် လမ်းခဏလျှောက်ပြီးအပေါ် ပြန်တက်ခဲ့ချိန် သူမအခန်း၌ မီးပျက် နေသည်။ နေမျိုးစည်သူအလုပ်ရှုပ်နေ မည်စိုးသောကြောင့် မပြောဖြစ်ချေ။ စောစီးစွာပင် အိပ်ရာထဲဝင်ခဲ့သည်။

တစ်ရေးနိုးသဖြင့် အပေါ့အပါး သွားရန် အိပ်ယာထဲမှထလိုက်စဉ် သူမ အိပ်ခန်းတံခါးပွင့်နေသည်ကို မြင်လိုက် ရသည်။ ထို့ကြောင့် တံခါးကိုထပိတ် လိုက်သည်။ တံခါးပိတ်ပြီး အိပ်ရာ ဘက်သို့အလှည့်တွင် သူမ၏ပါးစပ်ကို တစ်စုံတစ်ယောက်က နောက်မှတင်း ကျပ်စွာပိတ်၍ ချုပ်ကိုင်ထားသည်။

သူမဘယ်လိုမှ ရုန်းထွက်မရဘဲ မျက်ရည်တွေသာ တသွင်သွင်စီးကျ ရင်း နောက်ကလူကိုမြင်အောင် ကြိုး စားကြည့်စဉ် သူမကျောသို့စူးခနဲဖြစ်ကာ နာကျင်းမှုများ ထုနှင့်ထည်နှင့်ဖြစ်ကာ ပါးစပ်ကိုပိတ်ထားသောလက်မှာ ဖယ် သွားသည်။

နောက် . . . နောက်တော့ သူမ ကြမ်းပြင်ပေါ်သို့ တအိအိလဲပြိုကျသွား တော့၏။ သူလည်း ဒါပဲပြောနိုင်ခဲ့သည်။

အခန်း(၅)

ကြေးမှုံခင် . . .

သူမကတော့ လျှို့ဝှက်သည်းဖို ဝတ္ထုများရေးသားသော ကျော်ကြား သည့်စာရေးဆရာမတစ်ယောက် ဖြစ် လေသည်။ လူသတ်မှုများတစ်ခုပြီးတစ် ခုဖြစ်ပွားခဲ့သောအိမ်ကြီးသည် သူမအ တွက်တော့ စိတ်ဝင်စားဖွယ်ဝတ္ထုတစ် ပုဒ် ဖြစ်လာခဲ့သည်။

သူမသည် ဤရတနာစံအိမ်မှ တစ်စုံတစ်ဦးနှင့်ပတ်သက်၍ ရောက် လာသူ မဟုတ်ချေ။ အနယ်နယ်အရပ် ရပ်ထိ တောမီးပမာပျံ့နှံ့လျက်ရှိသော ဤအိမ်ကြီးကို စိတ်ဝင်စားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှ ဤတောင်ပေါ်မြို့ဆီသို့ ရောက်လာကာ–

"ကျွန်မနာမည် ကြေးမှုံခင်ပါ၊ စာရေးဆရာမတစ်ယောက်ပါ၊ ဒီအိမ်ကို စိတ်ဝင်စားလို့ တည်းခိုခွင့်ပြုပါရှင့်"

နေမျိုးစည်သူသည် ဤအိမ်သို့ နောက်ထပ် မည်သည့်မိန်းကလေးကိုမှ မခေါ်တော့ဘူးဟု ဆုံးဖြတ်ထားသည်။ ထို့ကြောင့် ငြင်းပယ်ခဲ့ပါသော်လည်း ခေါင်းမာလှသောကြေးမှုံခင်ကြောင့် မသက်သာဘဲ လက်ခံရသည်။ ဒါပေမဲ့–

"ဆရာမကို တားမရလွန်းလို့သာ ကျွန်တော်လက်ခံတာ နောက်ထပ်လူသတ်မှုတစ်ခု ဖြစ်သွားမှာကိုတော့ ကျွန်တော်မလိုလားဘူး"

"ရှင်က ခြိမ်းခြောက်နေတာလား၊ ကိုစည်သူရဲ့"

ကြေးမှုံခင်သည် ဘာမှတုန်လှုပ်မှုမရှိသကဲ့သို့ မေးလိုက်သည်။

ခြိမ်းခြောက်တာတော့မဟုတ်ပါဘူးဗျာ။ ကျွန်တော့်အိမ်မှာ လာတည်းတဲ့ မိန်းကလေးတွေသေတဲ့အတွက် ကျွန်တော့်မှာ ဒိုင်ခံရှင်းရတဲ့ဒဏ်ကို ကြောက်လာလို့ပါ။

"ရာဇဝတ်ဘေး ပြေးမလွတ်ဆိုတဲ့စကားရှိတယ်မဟုတ်လား၊ ဒီအတောအတွင်းမှာ ကျွန်မမသေနိုင်ဘူးဆိုရင်တော့ အမှုမှန်ပေါ်တာမြင်သွားရဦးမှာပါ"

အခုတော့ အပြောကြီးခဲ့ရသမျှ သူမကို နေမျိုးစည်သူတို့ လှောင်ပြောင်နေတော့မလား။

ငြိမ်သက်နေသောတံခါးကြီး၏ ဟိုဘက်၌ ခြေသံသည်တိခနဲရပ်တန့်သွားသည်။

အမလေး ...

သွေးခုန်နှုန်းတို့သည် မမှန်ချင်တော့ပေ။ ကြောက်ရွံ့မှုတို့ဖြင့် စိတ်သည်ကစဉ့်ကလျားဖြစ်ချင်တော့သည်။ ထိန်းချုပ်မှုသာရှိမနေခဲ့လျှင် သူမသည် ရူးသွပ်သူတစ်ယောက်ကဲ့သို့ အော်ဟစ်လိုက်ချင်သည်။

မိုးသံလေသံတို့သည် အဆက်မပြတ်ထွက်ပေါ်နေဆဲ။ ထိုစဉ် လော့ဒ်ချထားသောတံခါး၏ခလုတ်သည် လည်သွားသည်ဟု ထင်မှတ်လိုက်မိသည်။ လက်တို့သည် အိပ်ရာခင်းဝနှင့်တကွ စောင်ကိုအားကိုးရသဖွယ်၊ အသက်လုံခြုံရာသဖွယ် ဆုပ်ကိုင်ထားမိသည်။

တံခါးသည် ဖြေးညင်းစွာလူတစ်ကိုယ်စာ ပွင့်ဟသွားလေသည်။ မည်းမှောင်နေခြင်းကြောင့် ဝင်လာသူသည် ယောကျ်ားလား၊ မိန်းမလားမခွဲခြားနိုင်
ချေ။ သေချာတာတစ်ခုက ရန်သူ။ ထို
ရန်သူသည် လုပ်ဆောင်နေကျအရာ
များကို လုပ်ဆောင်နေသကဲ့သို့ သွေး
အေးလွန်းလှသည်။ တဖြည်းဖြည်းနီး
ကပ်လာနေသော်လည်း ခြေသံကိုမှ
စိုးစဉ်းမျှ မကြားရချေ။

စိတ်တွင်း၌ အမှတ်စဉ် တစ် ..
နှစ် .. သုံး .. လေး ရေတွက်ရင်း–

လူသတ်သမား၏ လက်သည်
အားရပါးရမြောက်တက်သွားသကဲ့သို့
သူမသည်လည်း ကြောင်တစ်ကောင်ကဲ့
သို့ လျှင်မြန်ပေါ့ပါးစွာအိပ်ရာပေါ်မှ
လိမ့်ချပစ်လိုက်ကာ လူသတ်သမား၏
ညိုသကျည်းကို လက်ဖနောင့်ဖြင့် ခပ်
ဆတ်ဆတ် ခုတ်ပစ်လိုက်သည်။ 'အ'
ခနဲ ညည်းသံသဲ့သဲ့ကိုကြားလိုက်ရပြီး
ထိုလူလက်ထဲ၌ကိုင်ထားသော အရာ
ဝတ္ထုသည်လည်း အောက်သို့လျှောကျ
သွားလေသည်။ ထိုလူသည် အခန်းထဲ
မှ ထွက်ပြေးဖို့ကြိုးစားလေသည်။

သူမသည် ကြမ်းပြင်၌ကျနေ
သော ဓားကိုကောက်ကိုင်၍ ပြေးသူ၏
ခြေသလုံးကိုတည့်မတ်စွာ ချိန်ပစ်လိုက်
သည်။

**ခင်လေးမိုမိုသည် သူမအမြင်၌ ရဲတင်းလွန်းသူဟု ထင်မှတ်ခဲ့သည်။**

**ဒါ့အပြင် အိမ်တွင်းရေးများကိုပါ ဝင်ရောက်စပ်စုလာသဖြင့်**

**သူမခြေထောက်ကောင်းကြောင်း ရိပ်မိသွားမည်ဆိုးသောကြောင့် မပြန်ခင်ည၌**

**ဓားမြှောင်ဖြင့် ခင်လေးမိုမို၏လည်ပင်းကို ထိုးသတ်ခဲ့သည်...**



www.burmeseclassic.com

အခန်း(၆)

ရုတ်တရက်မီးရောင်တွေ ထိန်လင်းသွားခြင်းနှင့်အတူ ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်သက်သေလူကြီးများကို တွေ့လိုက်ရသည်။

ကြော့မှူးခင်သည် အရာရှိအား အလေးပြုလိုက်ချိန်တွင် နေမျိုးစည်သူသည် အံ့ဩမှုမပြယ်နိုင်သော မျက်နှာနှင့်အတူ–

"ဆရာမက"


"ကြော့မှူးခင်က ရဲတပ်ဖွဲ့ဝင်တစ်ယောက်ပါ မောင်ရင်"

ရုပ်ဖျက်ထားသော လူသတ်သမား၏ မျက်နှာဖုံးကို ဆွဲချွတ်လိုက်စဉ်–

"ဟာ "

သူသည် ကပျာကယာနောက်သို့ ခုန်ဆုတ်ပစ်လိုက်မိသည်။ လူသတ်သမားသည် သူ့ညီမလေးနန်းမိုးခမ်း ဖြစ်နေပါလား။ ထိတ်လန့်တုန်လှုပ်စွာ ရဲအရာရှိများဘက် လှည့်ကြည့်လိုက်မိစဉ် ကြော့မှူးခင်ထံမှ–

"ရှင့် သိချင်သမျှ သူ့ကိုမေးလိုက်ပါ"



"ဗျာ"

"ရှင့် •• ဗျာ ကို နောက်ထားပါ ကိုစည်သူ၊ ဒီအိမ်ကိုလာသမျှလူတွေကို လုပ်ကြံနေတဲ့လူသိချင်ရင် ရှင် ဟောဟိုမှာ လဲနေတဲ့လူသတ်သမားရဲ့ မျက်နှာဖုံးကိုသွားချွတ်လိုက်ပါ"

နေမျိုးစည်သူသည် ကြော့မှူးခင် ခိုင်းသည့်အတိုင်း လဲကျနေသူအနီးသို့ လျှောက်သွားလျက် တစ်ကိုယ်လုံး အနက်ရောင်ဝတ်၍ ရုပ်ဖျက်ထားသော တရားခံမည်သူဖြစ်သည်ကို သိလိုဇောဖြင့် တစ်ကိုယ်လုံး အနက်ရောင်ဝတ်၍

နန်းမိုးခမ်းသည်အဘယ်ကြောင့် ဒုက္ခိတအဖြစ်ဟန်ဆောင်နေခဲ့သနည်း။

တကယ်တော့ နန်းမိုးခမ်းသည် ကားအက်ဆီးဒင့်ဖြစ်သည့်အချိန်၌ ဒုက္ခိတတစ်ယောက်ဖြစ်သွားခဲ့သော်လည်း ခြေထောက်သည် အနည်းငယ်လှုပ်ရှား၍ရလာသည်ကို နေမျိုးစည်သူအား ဘာမှအသိမပေးခဲ့ချေ။

တစ်ယောက်ထဲ အထီးကျန်စွာ နေရင်း မိမိရှေ့၌ ရုပ်ပျက်ဆင်းပျက် သေဆုံးခဲ့သော မိခင်နှင့် ဖခင်ကြောင့် စိတ္တဇဝေဒနာစွဲကပ်လာခဲ့သည်။

ရှင်းရှင်းလင်းလင်းပြောရလျှင် ယဉ်ယဉ်လေးရူးနေကာ သူ့ကိုယ်သူ တောင်မသိချေ။ လူတွေနှင့်နီးနီးကပ်ကပ်မနေလိုဘဲ သူ့အစ်ကိုမိန်းမယူသွားမှာကိုလည်း အထူးတလည်စိုးရိမ်နေခဲ့သည်။

ပထမဦးဆုံး သူမတို့အိမ်ရောက်လာသူက ခင်လေးမိုမိုဆိုသည့်သတင်းထောက်တစ်ယောက်၊ မြို့သူဖြစ်သော ခင်လေးမိုမိုသည် သူမအမြင်၌ ရဲတင်းလွန်းသူဟု ထင်မှတ်ခဲ့သည်။ ဒါ့အပြင် အိမ်တွင်းရေးများကိုပါ ဝင်ရောက်စပ်စုလာသဖြင့် သူမခြေထောက်ကောင်းကြောင်း ရိပ်မိသွားမည်ဆိုးသောကြောင့် မပြန်ခင်ညနေ၌ ဓားမြှောင်ဖြင့် ခင်လေးမိုမို၏လည်ပင်းကို ထိုးသတ်ခဲ့သည်။

ဒုတိယတစ်ယောက်က ယုယုဆွေ။ သိမ်မွေ့သောယုယုဆွေကို သူမချစ်ပါသည်။ ချစ်သဖြင့်လည်း အိမ်ပြန်သွားမည့်ယုယုဆွေ သူ့ဆီဘယ်တော့မှ ပြန်မလာတော့ဘူးအထင်ဖြင့် သတ်လိုက်သည်ဟု ခပ်ပေါ့ပေါ့ပင် ရဲတပ်ဖွဲ့ထံသို့ ထွက်ဆိုခဲ့သည်။

သူမ၏လုပ်ရပ်တို့သည် မှားယွင်းနေသည်ဟု သူမကိုယ်တိုင်ပင် သိချင်မှသိမည်။ အခြားမည်သူမှမလုပ်ဝံ့သော လူသတ်မှုများကို သွေးအေးစွာဖြင့် ကျူးလွန်နိုင်ခဲ့သည်။ သာမန်မဟုတ်သော မသိစိတ်ကြောင့် ရူးသွပ်စွာ လူတွေသတ်နေခြင်းဖြစ်သည်။

တကယ်တော့ စိတ်ကျန်းမာရေး ချို့တဲ့သူတစ်ဦး၏ အတ္တစိတ်ပါပင်။

**ရှင်လှမ်းသက်**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တွေးမိသလောက်တော့
ဘဝဆိုတာဇာတ်လမ်း
တစ်ပုဒ်လိုမြိုင်သည်။
စာမေးပွဲတစ်ခုလို မြိုင်သည်။
သင်တန်းတစ်ခုလိုမြိုင်သည်။
ဘဝ၏ တန်ဖိုးအဓိပ္ပာယ်များကို
လူ့ပုဂ္ဂိုလ်ပညာရှိများနှင့်
ရဟန်းတော်များ ဆိုဆုံးမထားသည့်
စာပေအများအပြားမှ
လက်လှမ်းမီသည့်နေရာအသီးသီးတွင်
ရှိနေပေသည်

# မောင်သိန်းနိုင်

## အိမ်စာတစ်ပုဒ်





www.burmeseclassic.com

□

ကျွန်တော့်မိတ်ဆွေ ဦးသိန်းတစ်ယောက် ရန်ကုန်မှာလက်ဖက်ရည်ဆိုင်လေးတစ်ဆိုင်ဖွင့်ထားသည်။ သံမဏိစက်ရုံသွားလမ်းမဘေး ဗန်ဒါပင်လေးများ၏အရိပ်အောက်မှ အပြာရောင်ထိုင်ခုံလေးများခင်းထားသည်။ ထိုင်ချင်စဖွယ်လေးဖြစ်နေသည်က ဆွဲဆောင်မှုတစ်ခု။ ညဘက်တွင် ဖန်ချောင်းမီးပြာပြာ၊ ထိုင်ခုံပြာပြာတို့ကြောင့် ပို၍ ပနံရနေပြန်သည်။

ခင်မင်ရင်းစွဲရှိသည်နှင့် ဦးသိန်းဆိုင်လေးသို့ အမြဲသွားထိုင်မိသည်။ ဆိုင်မှာလည်း ဦးသိန်း၊ သူ့ဇနီး၊ သားသုံးယောက်၊ အဖျော်ဆရာတစ်ယောက်တို့ကို တက်ညီလက်ညီတွေ့ရတော့ အားကျမိသည်။ သူ့သားသုံးယောက်က အချိန်ပိုင်းစားပွဲထိုးများ ဖြစ်ကြသည်။ အချိန်ပိုင်းစားပွဲထိုးဆိုတာသည်မှာ ကျောင်းသားများချည့်ဖြစ်၍ အချိန်ပိုင်းစားပွဲထိုးဟုဆိုခြင်းဖြစ်သည်။ ရောင်းအားနည်းနည်းကောင်းလာတော့ မနိုင်တော့။ ထမင်းချက်အကူ အမျိုးသမီးတစ်ယောက်နှင့် ကုလားလေးအမည်ရှိစားပွဲထိုးအကူကလေးတစ်ယောက်ကိုတောင် အလုပ်ခန့်ထားရကြောင်း သိရသည်။

အလုပ်မနိုင်ရတဲ့အကြောင်းရင်းကလည်းရှိလေသည်။ ဦးသိန်း၏ဇနီးက ''ပင်းဝိတ်တန်း''(၉၅–ပေါင်တန်း)က မတက်တော့။ အရပ်က အလယ်တန်းကျောင်းသားနှင့်မှ တန်းတူဝိတ်တူလောက်ရှိသူ။ ဖွံ့နပဲကောင်းသဖြင့်သာ သွက်သွက်လက်လက်လုပ်နိုင်သူ ဖြစ်သည်။ သို့သော် ခန္ဓာကိုယ်နှင့် အသံက လိုက်လျောညီထွေမှုမရှိသည်ကို ထူးခြားချက်အဖြစ် တွေ့ရသည်။ ဂီတသင်္ကေတနှင့်ဆိုလျှင် ညာသံ။ ထိုညာသံတွင် ဩဇာသံကအပြည့်ပါသည်။ စူးရှကျယ်လောင်ပြီး အညာလေသံဖြင့်တည့်တိုးပြောတတ်သည်။ သူ့အကြောင်းသိသူများက မနာကြသော်လည်း အကြောင်းမသိသူများအတွက် အတော်ပင် အခံရခက်သည့်စကားလုံးများနှင့်ရင်ဆိုင်ရတတ်သည်။

တော်သေးသည်။ မွေးထားသည့်သားတွေက ထောင်ထောင်မောင်းမောင်းများချည့်မို့။ အနီခွေးပစ်တတ်က မွေးသည်ဟုပင် ယုံကြည်ရန်ခက်လှသည်။ သည်မောင်တွေကို အုပ်ချုပ်လိုက်ပုံက ပြားပြားဝပ်။ သားတွေကလည်း မိခင်ကိုချစ်ကြ၍လည်းကောင်း၊ အကြောင်းသိ အစင်းသိဖြစ်၍လည်းကောင်း ခွန်းတုန့်ပြန်ကြခြင်းမရှိကြ။

ဆိုင်ကိုရောက်တိုင်း ဦးသိန်းကို ဆိုင်နောက်မှာ ပန်းကန်ဆေးနေသည်ကိုသာ တွေ့ရသည်။ သူ့ဇနီးက ထမင်းဟင်းပါတွဲပြီး ရောင်းသည်။ သူ့ဇနီးက ဦးသိန်းအပါအဝင် ဆိုင်မှာရှိ ရှိသမျှလူတွေကို စီမံခန့်ခွဲနေတော့သည်။ လက်က ဖယ်စက်သလိုလုပ်၊ ပါးစပ်ကလည်း စက်သေနတ်ပစ်သလို ပြောနေတတ်သည်။ ဦးသိန်းကတော့ စကားနည်းသည်၊ ကွမ်းဝါးနေ၍ စကားမပြောနိုင်ခြင်းလည်း ဖြစ်နိုင်သည်။

ဦးသိန်း၏သားအကြီးဆုံးက ဘူမိဗေဒဘာသာအဓိကနှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သားအလတ်က မော်ဘီနည်းပညာတက္ကသိုလ်တွင် တက်နေကြပြီး အငယ်ဆုံးသားက အင်းစိန်နည်းပညာ အထက်တန်းကျောင်းတွင်တက်နေကြောင်း ပြောပြသိရသည်။ ဦးသိန်းက အလုပ်ပါးချိန်၊ လူပါးချိန်တွင် ကျွန်တော်နှင့်လာထိုင်ပြီး ရေးဟောင်းနှောင်းဖြစ်တွေ ပြောတတ်သည်။

မှတ်မှတ်ရရ ၂၀၁၂ ခုနှစ်၊ မေလအတွင်းက တစ်ညနေတွင် ကျွန်တော်ရှိရာစားပွဲသို့ ဦးသိန်း လာထိုင်သည်။ ကျွန်တော်လည်း ဘာရယ်မဟုတ်ဘဲ ဦးသိန်းကို စကားလမ်းကြောင်းတစ်ခုခင်းပေးလိုက်သည်။

''မိတ်ဆွေ ‥ ခင်ဗျားက သားတွေကိုထားတဲ့ကျောင်းနဲ့ ယူခိုင်းတဲ့ဘာသာရပ်တွေက နည်းနည်းတူးဆန်းနေသလားလို့ ကျွန်တော်တွေးမိတယ်၊ ဘာလို့လည်းဆိုတော့ဗျာ ‥ ဘူမိဗေဒဘာသာရယ်၊ နည်းပညာတက္ကသိုလ်ရယ်၊ နောက်ဆုံးတစ်ယောက်ကလည်း နည်းပညာအထက်တန်းကျောင်းဆိုတော့ ကျွန်တော်တော့ နည်းနည်းထူးတယ်လို့ ထင်မိတယ်၊ သူတို့ဟာသူတို့ ရွေးတာလား၊ ဦးသိန်းရွေးတာလား ဦးသိန်းကတော် ဒေါ်ခိုင်ကပဲ ဦးဆောင်ရွေးချယ်တာလား''

ဦးသိန်းက ရယ်သည်။ ဆေးနွှးကြမ်းငုံ့ရင်း–



www.burmeseclassic.com

www.burmeseclassic.com


"ဒီလိုဗျ ကိုယ့်ဆရာရ .. ကျုပ်တို့က ရတနာမြေကို ဖင်ခုထိုင်ထားတဲ့ လူမျိုးဗျ။ ဒါကြောင့် မြေထဲမှာရှိတဲ့ဓာတ်သတ္တုတွေကို ဖော်ထုတ်နိုင်သူလိုတယ်၊ ဒါကြောင့် အကြီးဆုံးမောင်ကို ဘူမိဗေဒဘာသာအဓိကနဲ့ တက်ခိုင်းလိုက်တယ်၊ ဘယ်လိုလဲ ကိုယ့်ဆရာရဲ့ သဘောထားက .."

"ကောင်းပါလေ့ဗျာ၊ အလတ်ကောင် ဂျီတီစီတက်ခိုင်းတဲ့သဘောကရော ဒီလိုပဲလား"

ဦးသိန်းက ရေနွေးကြမ်းခွက်ကို ကောက်မော့လိုက်သည်။

"အားပါး ... ပူလိုက်တာ၊ ကျွန်တော်ရေနွေးငှဲ့ထားတာကြာပါပြီ၊ သည့်လောက်မပူသင့်ပါဘူး ဘယ်လိုကြောင့်သြော် ခင်ဗျားထပ်ငှဲ့လိုက်တာမို့လား"

ကျွန်တော်က လက်ကာပြပြီး တောင်းပန်လိုက်ရသည်။

"ကျွန်တော် အလိုက်သိလိုက်တာပါ ဦးသိန်းရယ်"

"ပြဿနာမရှိဘူး ရတယ်၊ သည်လိုဗျ၊ နည်းပညာတွေလည်း အများကြီးရှိဖို့ .. လိုမယ်လေဗျာ၊ သည်မောင်တွေက သည်ကဆန်စား .. သည်မြေမှာနေ .. သည်ကျောင်းမှာစာသင် ... ပြီးတော့ နိုင်ငံခြားသွားပြီး လုပ်ချင်တဲ့မောင်တွေ ဒီလိုနည်းနဲ့တော့ ကျုပ်က သူတို့ကို အလကားတော့ကျွေးမထားနိုင်ဘူး၊ သည်နိုင်ငံမှာ အလုပ်မလုပ်နိုင်ရင်တော့ ကိုယ့်လူ ကိုယ့်လမ်းကိုယ်ရွေး အခြားနိုင်ငံအတွက် မင်းကိုငါ ကျောင်းထားမပေးနိုင်ဘူးလို့ကို အပြတ်ချလိုက်ခဲ့ပါပြီးသား၊ ကျုပ်ကတော့ သခင်မျိုးဟေ့ တို့ဗမာပဲ"

ကျွန်တော် သူ့ရေနွေးခွက်ထဲ ရေနွေးအသစ်ထည့်မငှဲ့တော့။ ဦးသိန်းက ရေနွေးကောက်သောက်လိုက်၊ ဆိုင်ဝင်ထိုင်သူကို သွားမေးလိုက်၊ ဆိုင်ထဲလှမ်းအော်လိုက်လုပ်ပြီး ကျွန်တော့်အနီးလာထိုင်ပြန်သည်။

"အငယ်ဆုံးမောင်သိတယ်မို့လား၊ ဝတုတ်လေ ... ကျုပ်အသက်က ပဥ္စမမြောက်ဆယ်စုနှစ် ဖြစ်နေလေတော့ သည်မောင်ကို ပန်းတိုင်ရောက်အောင် မပို့နိုင်ခဲ့ရင်ဆိုတဲ့အတွေးနဲ့ အလုပ်လေးဘာလေး လုပ်ကိုင်စားသောက်လို့ရတဲ့ နည်းပညာအထက်တန်းကျောင်းကို ထားရတာပဲသူငယ်ချင်းရေ ..၊ သည်မောင် ကျောင်းမပြီးဘူးဆိုရင်တောင် သံမဏိစက်ရုံမှာ အလုပ်လုပ်နိုင်တယ်လေ၊ သူတို့ဖွင့်တဲ့ကျောင်းကိုးဗျ၊ ပေးဆပ်ခြင်းနဲ့ ကွက်လပ်ဖြည့်ခြင်းဆိုပါတော့ ကိုယ့်လူရာ"

"အောက်ပါကွက်လပ်များကိုဖြည့်ပါပေါ့၊ဒါနဲ့ကိုသိန်း ဒီလိုဆိုရင် ခင်ဗျားသားနှစ်ယောက်နဲ့တင် ဖြစ်ပြီ"

ဦးသိန်းက လက်ကာပြပြီး–

"သည်လိုတော့လည်း မဟုတ်ဘူးဗျ၊ ကျွန်တော့်သားနှစ်ယောက်အပါအဝင် ကျောင်းသူကျောင်းသားတိုင်း ကျောင်းသားမိဘတိုင်း၊ အသိပညာရှင်တိုင်း၊ အတတ်ပညာရှင်တိုင်း စသည်ဖြင့်ပေါ့ဗျာ၊ အားလုံးမှာ တာဝန်ရှိသလို ကျုပ်တို့တစ်ဦးစီမှာလည်း တာဝန်ရှိတယ်ဆိုတာကိုပြောချင်တာဗျ၊ ခင်ဗျားကလည်း နည်းနည်းဖြည့်ပြီး တွေးပါဦးလား"

ဦးသိန်းက စိတ်မရှည်ချင်တော့၊

"ကျုပ်ပြောချင်တာက ဥပမာပေးရမယ်ဆိုရင် အခု ကျုပ်ရဲ့လက်ဖက်ရည်ဆိုင်လေးမှာ ဒိုးတူပေါင်ဖက်လုပ်နေကြသလိုပဲပေါ့၊ မိသားစုတိုင်း ရပ်ကွက်ကျေးရွာတိုင်းကနေ နိုင်ငံအထိပေါ့ဗျာ၊ ကျုပ်တို့တွေက ဒိုးတူပေါင်ဖက်နဲ့ ကိုယ်တတ်နိုင်တဲ့ဘက်က လုပ်ကြကိုင်ကြဖို့လိုတဲ့ အကြောင်းပြောတာပါ"

ဦးသိန်း ဇာတ်ရှိန်တက်နေပြီး ဆက်ပြောသည်။

"ဒိုးတူပေါင်ဖက်ဆိုရာမှာလည်း

**သူတို့လုပ်ရင် ဘယ်ဆိုင်ရှင်မဆို သုံးရက်နဲ့ပြုတ်တယ်ဆိုတဲ့ လူမျိုးတွေဗျ၊ လက်ဖက်ရည်အဆင်မပြေလို့ ပြင်ခိုင်းရင်လည်း သူတို့က စိတ်မရှည်ပြန်ဘူးဗျ၊ ဆိုလိုတာကတော့ ဂလိုဘယ်လိုက်ဇေးရှင်းမှာ ဘောင်ကျဉ်းကျဉ်းလေးတွေထဲကနေ ကျယ်ကျယ်ပြန့်ပြန့်တွေးချိန်တန်ကြပြီလို့ ...**


www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ရာတူ၊ လားရာတူ၊ ရည်ရွယ်ချက် တူညီဖို့လည်းလိုတယ်ဗျ။ ဒါမှ အောင်မြင်မှုအတိပြီးတဲ့ 'ဘဝတစ်ခု'ကို ရပေမယ်ပေါ့၊ အဲဒီလိုဘဝကို ရရှိဖို့ဆိုရင်လည်း အစ်ကိုကြီးရဲ့စွမ်းအားနဲ့ ညီရဲ့စွမ်းအားတူညီနိုင်မှ တူညီမှာဗျ။ ဒါပေမဲ့ ဉာဏ်လွှာသုံးဖို့ရယ်၊ တစ်ဦးနဲ့မနိုင်တဲ့ဝန်ကို ဦးပဲ့မပြီးပူးပေါင်းဆောင်ရွက်တတ်ဖို့ရယ်လိုပြန်ရော ..ဒါတွေဟာ တူညီသောစွမ်းအားတွေကို ဖြစ်ပေါ်စေတယ်၊ အဲဒီလိုဖြစ်ပြီဆိုရင် မှန်ကန်သောနည်းပညာလို့ ကျွန်တော့်အနေနဲ့ ယူဆတယ်ဗျ။ ဒါကလည်း ကျွန်တော့်အတွက်သာပေါ့ဗျာ၊ အခြားသူအတွက်တော့ မှန်ကောင်းမှမှန်ပေမယ်ပေါ့"

"အခုဆိုရင် .. ခင်ဗျား ကျုပ်ကိုကြည့်၊ ကျုပ်က သားသုံးယောက်၊ ကျုန်တဲ့မိဘတွေကလည်း ကျောင်းသားလူငယ်တွေ အရက်ဆိုင်၊ ဘီယာဆိုင်စသည်ဖြင့်ပေါ့ဗျာ၊ ကျုပ်မသိတဲ့နေရာတွေလည်း ရှိအုံးမှာပါ၊ အကျိုးမရှိတဲ့နေရာတွေမှာ လူငယ်တွေ မရှိစေချင်တာဘဲ လုပ်အားဆုံးရှုံးတယ်၊ ဂျင်နရေးရှင်းဆုံးရှုံးတယ်၊ ရှင်းလားတော့ မသိဘူး"

"ကိုသိန်း အပြောလေးတွေလျှော့ပြီး အလုပ်လေးနဲ့လည်း သက်သေပြချိန်တန်ပေါ့"

ဦးသိန်းဇနီး၏ ညာသံစူးစူး နှစ်ကြိမ်မထွက်လိုက်ရ။ ကျွန်တော့်အနီးမှ ဦးသိန်းထပြေးတော့သည်။ ပန်းကန်ဆေးရန် ဆိုင်နောက်ထဲတန်းကနဲ ဝင်ပြေးသွားသည်။ ဒါသည်လည်း သူတတ်နိုင်သည်ကို သူလုပ်သည့် ဒိုးတူပေါင်ဖက်ပေပဲကိုး။



"ဩော် ... ဦးသိန်း ... ဦးသိန်းဂျပန်မှာဆို သည်အလုပ်က ပိုက်ဆံတော်တော်ရဆိုပဲ"

\+ + +

စကားစပ်မိလျှင် ဦးသိန်းမှ ဦးသိန်းသို့ ဖြစ်စဉ်လေးကိုတော့ မေးဦးမည်ဟု တွေးထားသည်။ ဦးသိန်း၏စကား၊ ဦးသိန်း၏အတွေးများက ဂွကျကျနိုင်သလိုနှင့် ဖြစ်သင့်ဖြစ်ထိုက်သည်ဟုထင်သည်။ လူတိုင်းကတော့ ကိုယ်စီဒဿနများရှိမည်ပင်။

မေလနေ့ခင်း မိုးဖြိုက်ဖြိုက်ကျနေသည်။ အပြင်ထွက်သူနည်းသည့်အထဲတွင် ကျွန်တော်ပါသည်။ ဦးသိန်း၏ဆိုင်သို့ ရောက်နေသည်။ ထောင့်လေးတွင်နေရာယူပြီး သတင်းစာယူဖတ်နေလိုက်သည်။ သောက်နေကျလက်ဖက်ရည်မှာလိုက်သည်။ ဦးသိန်း ပြာပြာပြာပြာနှင့် ရောက်လာသည်။ လက်ဖက်ရည ခွက်ပါမလာ။

"အဖျော်ဆရာမလာလို့ နို့ဆ ပြတ်သွားလို့ ... ဘာဖြစ်လို့ .. ည ဖြစ်လို့ပြောမလို့လား၊ ဘယ်မှာလဲ လက ဖက်ရည်က ..."

ကျွန်တော်က ဦးသိန်းကို နောက လိုက်သည်။ ဦးသိန်းကဝင်ထိုင်လိုက်ပြ

"ဒီလိုဗျာ ... လက်ဖက်ရည အဖျော်ဆရာဆိုတာ သီးသန့်ပရော်ဖက ရှင်နယ်လိုလို တက်ကနီရှင်လိုလိုတေ ဖြစ်နေကြတယ်ဗျ၊ အဖျော်ဆရာ ရောက်စကတည်းက ကျွန်တော်ပြော ထားပါတယ်၊ မင်းတို့က အဖျော်ဆရာ ဆိုတဲ့ဘောင်ကျဉ်းကျဉ်းလေးထဲကနေ အပြင်ကို ကျယ်ကျယ်ပြန့်ပြန့် ထွက လိုက်ပါလို့ပြောခဲ့တယ်၊ သဘောက တော့ဗျာ ... အဖျော်ဆရာအခန် ကျဉ်းလေးထဲကနေ အပြင်ဖက်ထွက် လိုက်ရင် ပိုကျယ်မသွားဘူးလား"

"ဟုတ်တာပေါ့"

www.burmeseclassic.com



ကျွန်တော်က ထောက်ခံပေး
လိုက်သည်။

''သည်လိုပဲ သူတို့ရဲ့ ရှေးရိုးစွဲ အရာသမား'၊ 'အတတ်ပညာရှင်'ဆိုတဲ့ နေအထားကနေ ဆိုင်ရှင်နဲ့တစ်သား ည်း စားသုံးသူနဲ့ တစ်သားတည်း ောက်ဆုံး စားပွဲထိုးနဲ့တစ်သားတည်း ိုရင်ရော ပိုပြီးအဆင်ပြေ ပိုပြီးကျယ် နဲ့မသွားပေဘူးလား''

''သည်လိုမဟုတ်ဖူး 'ကလောက် လောက်'နဲ့ သူတာဝန်က ဖျော်ယုံပဲ၊ ားပွဲထိုးကဆွဲလိမ့်မယ်၊ ပန်းကန်တွေ ို စားပွဲထိုးကဆေးလိမ့်မယ်၊ ဆိုင်ရှင် ပေးတဲ့လက်ဖက်ခြောက်အရည်အသွေး တိုင်းထွက်လိမ့်မယ်၊ ကောင်းတာ ကောင်းတာ သူ့မှာ တာဝန်မရှိဘူး၊ ိုင်ရှင်ကို အကြံပေးတာလည်းမရှိဘူး၊ တို့လုပ်ရင် ဘယ်ဆိုင်ရှင်မဆို သုံး ာ်နဲ့ပြုတ်တယ်ဆိုတဲ့ လူမျိုးတွေဗျ၊ က်ဖက်ရည်အဆင်မပြေလို့ ပြင်ခိုင်း င်လည်း သူတို့က စိတ်မရှည်ပြန်ဘူး ဆိုလိုတာကတော့ ဂလိုဘယ်လိုက် ရှင်းမှာ ဘောင်ကျဉ်းကျဉ်းလေးတွေ ဲကနေ ကျယ်ကျယ်ပြန့်ပြန့်တွေးချိန် န်ကြပြီလို့ ပြောတာပါ''

''ဒါနဲ့ ... အလုပ်ဖြုတ်လိုက် ယ်ဆိုပါတော့၊ နက်စ်ပလိန်းပဲပေးပါ တော့ဗျာ''

ဦးသိန်းက သူ့သားတစ်ယောက် ို လှမ်းအော်ပြီးမှာလိုက်သည်။

''တန်းပြီးဖြုတ်တာရယ်လို့လည်း ဟုတ်သေးဘူးဗျ၊ ကျွန်တော်ကပြော ယ်၊ ကောင်လေး ... မင်း လက် ာ်ရည်က အေးနေတယ်လို့စားသုံးသူ ာ ပြောပြောနေတယ်၊ အဲဒါ မင်းပူ အောင်လုပ်ပေးလိုက်၊ မင်းလုပ်တတ်ပါ တယ်၊ ဘာညာပေါ့ဗျာ''

''အပျော့လိုင်းပေါ့၊ အဲဒီတော့ အဖျော်ဆရာက ပူအောင်လုပ်ပေးလိုက် ရောလား''

''ပူအောင်လုပ်ပေးလိုက်ပါ့မယ်ဆို ရင်တော့ ပြဿနာအေးတာပေါ့ဗျာ၊ အခုတော့ ကျုပ် ပူအောင်မလုပ်တတ် ဘူးလို့ကိုပြောတယ်ဗျ''

''အံ့ရော ... အဖျော်ဆရာက လက်ဖက်ရည်ပူအောင်မလုပ်တတ်ဘူးဆို တော့ သက်သက်ပညာပြပြီထင်တယ်''

''အဲဒါပြောတာပေါ့၊ ကိုယ့်မှာရှိ တဲ့ တစ်ထွာတစ်မိုက်ခန့်သောပညာကို တစ်လန်တစ်လျားထင်သလိုပေါ့ဗျာ၊ ပူး ပေါင်းမဆောင်ရွက်ချင်တော့ဘူး။ ပျက် လိုပျက်စီး လုပ်ချင်လာပြီ၊ ကြေးပို တောင်းချင်ရင်လည်း ပြောင်ပြောင် တင်းတင်းမပြောဘူး၊ ဒါနဲ့ခင်ဗျားဆိုရင် ဘယ်လိုဆုံးဖြတ်မလဲ''

''ချက်ချင်းခေါင်းကို ရိုက်ခွဲပစ် လိုက်မှာပေါ့''

ကျွန်တော်၏ အားပါသွားသည့် အဖြေကို ဦးသိန်းလန့်သွားသည်။

''အဲဒီလိုတော့ မဖြစ်သေးဘူး လေဗျာ''

''အလကား နောက်တာပါ၊ ဦး သိန်းက သူ့ကို ဘယ်လိုပြောလိုက်လဲ''

''ကျုပ်ကို မပြောလိုက်ရပါဘူး ဗျာ၊ ပူအောင်ဖျော်တတ်တဲ့ အဖျော် ဆရာရှာ၊ ကျုပ်က နယ်တကာလှည့် ဖျော်လာတာ၊ အခုလိုတစ်ခါမှအပြစ် ပြောခံရတာမရှိဘူးဆိုပဲဗျ၊ ကျုပ်ကပဲ သက်သက်မဲ့အပြစ်ရှာသလို ပြောနေ ပြန်တယ်ဗျာ''

ဦးသိန်းက ချင့်ချင့်ချိန်ချိန်နှင့် ဆက်ပြောသည်။

''လုပ်ငန်းသုံးသပ်ချက်အရဆိုရင် လက်ဖက်ရည်ကောင်းကောင်းကိုမှကြိုက် တဲ့ လူဦးရေနဲ့ ပေါ်သမျှကော်ဖီမစ်ထုပ် အမည်တွေအော်ပြီး ဖျော်ခိုင်းတဲ့လူဦး ရေကိုနှိုင်းယှဉ်လိုက်တော့ တစ်အချိုး

**ပန်းပုထုသလို**
**မလိုတာတွေကိုလည်း**
**ဖဲ့ထုတ်ပစ်ရတာပဲ၊**
**ရုံဖန်ရံခါလည်း**
**တစ်ချက်တည်းနဲ့**
**ကျင်းဝင်သွားတာလည်း**
**တွေ့ရတတ်တယ်၊**
**ရွေးချယ်လုပ်ကိုင်ဖို့**
**အခွင့်အလမ်းတွေရှိပါတယ်၊**
**မရှိရင်**
**ရှိအောင်လုပ်ရမယ်၊**
**မှောင်နေရင်**
**မမှောင်အောင်လုပ်၊**
**မရောင်းကောင်းတဲ့ပစ္စည်းက**
**ငါးမျိုးပဲရှိတယ်**
**...**



www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်လောက်ဖြစ်နေတော့ လက်ဖက်ရည်အတွက် မီးသွေး၊ လက်ဖက်ခြောက်၊ နို့ဆီ၊ နို့စိမ်းတွေက အရင်းနည်းတာမှမဟုတ်တာ၊ ဒါတွေက ပြန်ထွက်မလာပြန်ဘူး၊ အဲဒီအရင်းကို ထမင်းရောင်းရငွေထဲက စိုက်စိုက်နေရတယ်ဆိုရင် ကိုယ့်ဆရာယုံမလား''

''အဲသည်တော့''

''အဖက်ဖက်ကသုံးသပ်လိုက်တော့ အဆင်က မချောတော့ဘူး၊ ဆရာနန္ဒာသိန်းဇံရေးတဲ့စာရှိတယ်လေ၊ စီးပွားရေးနှင့် စစ်တိုက်သလိုပဲ ဗျူဟာရှိတယ်၊ ပြောင်းလွယ်ပြင်လွယ် သဘောတရားရှိမယ်၊ ဘောလုံးအသင်းလို ကွင်းထဲက ကစားမယ့်လူအပြင် အရန်ထိုင်ခုံမှာလည်း ထိုင်ခိုင်းထားရတာရှိတယ်၊ ပန်းပုထုသလို မလိုတာတွေကိုလည်း ဖဲ့ထုတ်ပစ်ရတာပဲ၊ ရံဖန်ရံခါလည်း တစ်ချက်တည်းနဲ့ ကျင်းဝင်သွားတာလည်း တွေ့ရတတ်တယ်၊ ရွေးချယ်လုပ်ကိုင်ဖို့အခွင့်အလမ်းတွေရှိပါတယ်၊ မရှိရင် ရှိအောင်လုပ်ရမယ်၊ မှောင်နေရင် မမှောင်အောင်လုပ်၊ မရောင်းကောင်းတဲ့ပစ္စည်းက ငါးမျိုးပဲရှိတယ်''

''အလို ဘာတွေလဲဗျ''

''လက်နက်ရောင်းတာရယ်၊ ဆင်၊ မြင်း၊ လူစတဲ့ အစေခံသတ္တဝါအပေါင်းကိုရောင်းတာရယ်၊ ဝက်၊ သမင်စတဲ့ အသားစားကြောင်းသတ္တဝါအပေါင်းကို ရောင်းတာရယ်၊ အရက်ရောင်းတာရယ်၊ အဆိပ်ရောင်းတာရယ်''

ဦးသိန်းကလက်ချိုးပြီးပြောသည်။

''ဟုတ်ပါပြီဗျာ၊ အဲဒီ အဖျော်ဆရာရဲ့ဇာတ်လမ်းကရော ဘယ်လိုအဆုံးသတ်သွားလဲ''

''ခင်ဗျားပြောတဲ့ စကားလုံးကို ကြိုက်တယ်၊ လူ့ဘဝဆိုတာ ဇာတ်လမ်းတစ်ပုဒ်ပဲ၊ သူလုပ်နေတဲ့အလုပ်ကိုကြည့်ပြီး ဘေးလူကဇာတ်လမ်းအဆုံးကို ခန့်မှန်းနိုင်တယ်၊ သည်မောင်ကလည်း သူ့ဇာတ်လမ်းကို သူရေးတယ်လေ၊ သူ့ဇာတ်လမ်းကရှင်းနေတော့ အခုခင်ဗျားမြင်တဲ့အတိုင်း ပလိန်းတီးဆိုင် ဖြစ်သွားရတာပဲ''

''သြော် ...အဖျော်ဆရာ၊ အဖျော်ဆရာ သူကလည်း ဆရာတစ်ပါးပေပဲကိုး''

ဘဝနှင့်ပတ်သက်၍ အခြားအခြားသောပုဂ္ဂိုလ်များက မည်သို့တွေးသည်မသိ။ ကျွန်တော်တွေးမိသလောက်တော့ ဘဝဆိုတာဇာတ်လမ်းတစ်ပုဒ်လိုမြင်သည်။ စာမေးပွဲတစ်ခုလိုမြင်သည်။ သင်တန်းတစ်ခုလိုမြင်သည်။ ဘဝ၏တန်ဖိုးအဓိပ္ပာယ်များကို လူပုဂ္ဂိုလ်ပညာရှိများနှင့် ရဟန်းတော်များဆိုဆုံးမထားသည့်စာပေအများအပြားပင် လက်လှမ်းမီသည့်နေရာအသီးသီးတွင် ရှိနေပေသည်။

မကောင်းတာလုပ်လျှင် ဇာတ်သိမ်းမလှနိုင်။ စာမကြိုးစားလျှင် စာမေးပွဲမအောင်မြင်နိုင်။ အခက်အခဲပင်ပမ်းဆင်းရဲမခံနိုင်။ ဖွဲနပဲမရှိ၊ ကြံ့ခိုင်မှုမရှိလျှင်လည်း သင်တန်းတစ်ခုကို အောင်မြင်နိုင်မည်မဟုတ်ပေ။

ဘဝတည်ဆောက်မှုအပိုင်းတွင် ကျွမ်းကျင်ရာလိမ္မာဖြင့် ရပ်တည်ကြသည်။ ထိုကျွမ်းကျင်ရာသည် သမာအာဇီဝဖြင့် ကျွမ်းကျင်စွာ ထုဆစ်သင့်သည်။ သို့မှဇာတ်လမ်းကောင်း နိုင်ပေမည်။

ဦးသိန်းပြောသလို မိသားစုတိုင်းတွင်လည်း ဒိုးတူပေါင်ဖက်လုပ်ကိုင်ရ ခြင်းဖြင့် ရပ်တည်သင့်သည်။ သွေးရင်းသားရင်းပင် ဖြစ်လင့်ကစား ပညာပြ ခြင်း၊ ပညာပေးခြင်း၊ သူတစ်လူငါတစ် မင်းနှင့် ကပ်ဖဲ့တွက်ကပ်နေခြင်းဖြင့် အောင်မြင်သည့်ဘဝကို နိုင်မည်မဟုတ် ပေ။

ဒိုးတူပေါင်ဖက်ဆိုရာတွင်လည်း ဦးတည်ရာတူ၊ လားရာတူ၊ ရည်ရွယ် ချက် တူညီရန်လည်း လိုပေမည်။ ထိုသို့ သော ပန်းတိုင်နှင့်တူသည့် အောင်မြင် သည့် ဘဝနိဂုံးသို့ရောက်ရန် အစ်ကို ကြီး၏စွမ်းအားနှင့် ညီ၏စွမ်းအား တူ ညီနိုင်မှ တူညီမည်ဖြစ်သည်။ ဉာဏ်လွှာ သုံးသည့် ဦးပုံ့မခြင်း၊ ပူးပေါင်းဆောင် ရွက်ခြင်းတို့ဖြင့် တူညီသောစွမ်းအား များကို ဖြစ်ပေါ်စေသည်။ ထိုစွမ်းအား ဖြစ်ပေါ်လာလျှင် မှန်ကန်သောနည်း ပညာဖြစ်သည်ဟု ဦးသိန်းကဆို၏။

ထိုဒဿနဖြင့် ဦးသိန်းကတော့ နိုင်မာစွာရပ်တည်နေသည်။ စည်းနဲ့ဝါး ကို ကိုယ်တိုင်တီးပြီး သီချင်းဆိုသကဲ့ သို့ သူ့စည်းနဲ့သူ့ဝါးနဲ့တော့ သူဆိုတဲ့ သီချင်းက အံကိုက်ဖြစ်နေသည်။ သူ၏ ဒဿန သူ့အတွက်သာဖြစ်သည်ဟု လည်းဆိုသည်။ မှန်ကန်မှုရှိသည် မရှိ သည်ကို စဉ်းစားရန် ဦးသိန်းက ကျွန် တော့်ကို အိမ်စာတစ်ပုဒ်ပေးလိုက်ခြင်း ဖြစ်ပေတော့သည်။

မောင်သိန်းနိုင်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

ဘူတာကြီးမှ မြို့ပတ်ရထား စတင်ထွက်ခွာပြီဆိုကတည်းက ကြွေကြွေသဲ၏ရင်ထဲတွင် မီးရထားခုတ်မောင်းသံနှင့်အတူ တဒိတ်ဒိတ်ခုန်နေ၏။ ချစ်သူနှင့်လွတ်လပ်စွာ တွေ့ဆုံရမည်မို့ ပျော်မိသည်ကော၊ ကြောက်မိသည်ပါ တစ်ပြိုင်တည်း ခံစားနေရသောကြောင့် ရင်ခုန်သံမြန်နေခြင်းဖြစ်သည်လို့ သူ ကိုယ်သူ အပြေရှာနေမိသည်။

ချစ်သူနှင့်လွတ်လပ်စွာ တွေ့ဆုံနိုင်ဖို့အတွက် ကြိုတင်တွေးဆ၍ အစစအရာရာ သူပြင်ဆင်ခဲ့သည်။ ပထမဦးဆုံးနှင့် အရေးကြီးဆုံးပြင်ဆင်မှုက သူကိုယ်သူ ခါတိုင်းလည်း သူ အလှပဆုံးအနေအထားရှိနေကြောင်း ပိုမိုသေချာစေဖို့ လက်ဆွဲခြင်းထဲက မိတ်ကပ်ဗူးမှန်လေးကိုထုတ်ကြည့်ကာ မကြာ မကြာ အတည်ပြုနေမိသည်။

ထို့အပြင် ကုမ္ပဏီရှိုးအလုပ်က စောစောဆင်းနိုင်ရေးအတွက် "အမေနေမကောင်းလို့ ဆေးခန်းပို့ဖို့ခွင့်ပြုပေးရန်"အကြောင်းပြခဲ့သလို အိမ်ကအမေကိုတော့ "ကုမ္ပဏီမှာ ညအိပ်အချိန်ပိုအလုပ်ဆင်းရမည်"လို့ ပြောထားခဲ့ပြီးဖြစ်သည်။

ခါတိုင်း အလုပ်ဆင်းချိန် အခွံ အဖြစ်ဖြင့်သာ ပြန်ပါလာလေ့ရှိသော ထမင်းချိုင့်လေးထဲမှာ ဘူတာကြီးအနီးစားသောက်ဆိုင်မှ ဆီချက်ခေါက်ဆွဲ ၂ ပွဲဝယ်ထည့်လာခဲ့သည့်အပြင် ပေါက်စီ ၂ လုံးကို သီးခြားအိတ်ဖြင့် ထည့်ခဲ့သည်။ သူတို့ချစ်သူနှစ်ဦးအတွက် ပျော်စရာတစ်ညတာ အချိန်လေးတွင် ဆာလောင်မွတ်သိပ်မှုမရှိရေး ပြင်ဆင်ခဲ့ခြင်းပါ။

ချစ်သူနှင့်တွေ့သည့်အခါ ချစ်သူ ခေါ်ရာနေရာသို့ လိုက်ပါသွားပြီး ချစ်သူ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ချစ်အဓိပ္ပာယ်တွေ ဖွင့်ဆိုကြမည်။ ချစ်သူက–

"ကြွေလေးရယ် ‥ အချိန်မရှိတော့ဘူး၊ ဒီမှာပဲ အိပ်လိုက်ပါတော့လား"

ဟုပြောလာခဲ့လျှင် သူက–

"ဘယ်ဖြစ်မလဲ အချစ်ရယ်၊ ပြန်ရတော့မယ်၊ အမေတို့ မျှော်နေလိမ့်မယ်"

ဟု စလိုက်မည်။

ချစ်သူမျက်နှာလေး ညှိုးသွားတော့မှ သူ စီစဉ်လာခဲ့သည့် ညစာစားသောက်ဖွယ်ရာတွေကို ထုတ်ပြရင်း ချစ်သူနှင့်တစ်ညတာ လွတ်လပ်စွာပျော်ရွှင်နိုင်ဖို့အရေး သူ မည်သို့မည်ပုံ ပြင်ဆင်စီစဉ်ခဲ့ရကြောင်းတွေကို ပြောပြကာ ချစ်သက်သေ ထူလိုက်မည်။ ထိုအခါ ချစ်သူက–

"ဒါမှ ကိုယ့်ကြွေလေးကွ"လို့ပြောရင်း သူ့ကိုရင်ခွင်ထဲဆွဲပွေ့ကာ အနမ်းမိုးတွေ ခပ်သည်းသည်း ရွာချလေမည်လားလို့ တွေး၍ ပျော်နေမိသည်။

တစ်ဖက်ကတွေးပြန်တော့လည်း သူ့လိုမိန်းမပျိုလေးတစ်ယောက်အနေဖြင့် မိမိနှင့် လက်မထပ်ရသေးသော၊ ထို့အပြင် စေ့စပ်ကြောင်းလမ်းခြင်းပင် မပြုရသေးသော (ထို့ထက် ပိုဆိုးသည်က တစ်ယောက်အကြောင်း တစ်ယောက်ပင် ပြည့်ပြည့်စုံစုံ မသိရသေးသော) ချစ်သူရည်းစားနှင့် ယခုလို တစ်ညတာလုံး ချိန်းတွေ့ဖို့လာရခြင်းသည် ဆင်ခြင်တုံတရား ကင်းမဲ့လွန်းရာ၊ မိုက်မဲလွန်းရာများ ကျနေမည်လား ‥ ဟု တွေးမိတော့ ရှက်ရွံ့သိမ်ငယ်စိတ်တွေ ဖြစ်ပေါ်ခံစားရပြန်သည်။

သို့သော်လည်း 'အချစ်မှာ မျက်စိမရှိ"ဟုဆိုကြသည်။ ချစ်သူအကြောင်းကို ပြည့်စုံတိကျအောင် လေ့လာစုံစမ်းနေခြင်းသည် အချစ်ကို သက်သေမကင်းရာ၊ မယုံကြည်ရာရောက်သည်။ ချစ်သူအကြောင်းကို အသေးစိတ်အတည်မပြုမီကတည်းက မျက်စိစုံမှိတ်ကာ ချစ်သူ၏အလိုကို လိုက်ရခြင်းသည် အချစ်ကိုကိုးကွယ်သော ချစ်သူရဲကောင်းမလေး အဖြစ် ဂုဏ်ယူစရာကောင်းသည်ဟု အတွေးရဲဆေးတင်လိုက်တော့ ရွှင်လန်းတက်ကြွစွာ ရင်ခုန်ရပြန်သည်။

သူ ရုံးတွင် အချိန်ပို ညအိပ် အလုပ်ဆင်းရမည်ဆိုတာကို အိမ်က အမေ သံသယဖြစ်ပါသော်လည်း သိ



www.burmeseclassic.com

www.burmeseclassic.com



ညော်တော့မဟုတ်။ ဤသို့ တစ်ညတာ ထုံး ချစ်သူရည်းစားနှင့်ချိန်းတွေ့တာကို ဆိုထားနှင့်ဦး။ ယောက်ျားလေးတွေနှင့် အရောတဝင် ဆက်ဆံသည်ကိုပင် အိမ်ကအမေသိလျှင်–

"မိန်းကလေးဘဝဟာ ဖက်ရွက်လိုပဲ၊ ဖက်ပေါ်ဆူးကျလည်း ဖက်ပေါက်၊ ဆူးပေါ်ဖက်ကျလည်း ဖက်ပဲပေါက်သတဲ့ ယောက်ျားလေးတွေကို သိပ်အရောမဝင်နဲ့"

ဟု ဆုံးမလေ့ရှိသည်။ ထိုအခါမျိုးတွင် ကြွေကြွေသဲက–

"ဒီခေတ်က အမေတို့ခေတ်လို ဖက်ရွက်ခေတ်မဟုတ်တော့ဘူး။ ပလပ်စတစ်ခေတ်၊ ပလပ်စတစ်ဆိုတာ ပေါက်ပြဲသွားလည်း အရည်ကျိုပြီးပြန်သုံးလို့ရတယ်၊ စိတ်မပူပါနဲ့အမေရယ်၊ ဒီခေတ်မှာ ကြိုတင်ကာကွယ်စရာ နည်းပညာကလည်းစုံ၊ ဆေးဝါးကလည်း စုံနဲ့မို့ ဖက်ရွက်တွေ ကြွပ်ကြွပ်အိတ်တွေလည်း မပေါက်တော့ဘူး၊ သမီးသူငယ်ချင်းလည်း ဒီလိုပဲ၊ ဆေးကြိုသောက်ထားတာ၊ ဘာပြဿနာမှမရှိဘူး။ အခုပြောတာတွေ အမေ့ကိုတော့ ပြန်မပြောနဲ့နော်"

အိမ်ကအမေ သဘောပေါက်သွားလို့ပဲလား။ ဒါမှမဟုတ် လုံးဝကို နားမလည်နိုင်တော့လို့ပဲ လားတော့မသိ။ ဘာမှပြန်မပြောဘဲ ငိုင်နေတော့သည်။

မိခင်ကွယ်လွန်ပြီး ၃ နှစ်ခန့်အကြာ ကြွေကြွေသဲအသက် ၁၃ နှစ်ခန့်အရွယ်တွင် ဖခင်၏နောက်အိမ်ထောင်သစ်အဖြစ် အိမ်ပေါ်သို့ ရောက်လာသောကြောင့် "အိမ်ကအမေ"လို့ ကြွေကြွေသဲက ကွယ်ရာမှာခေါ်လေ့ရှိသော မိထွေးမှာ စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး ရိုးသားအေးဆေးသူဖြစ်သောကြောင့် ကြွေကြွေသဲ ဆိုးနွဲ့အနိုင်ယူစရာ အခေါ်တစ်ယောက်လိုသာ ရှိခဲ့သည်။ ဖခင်ကတော့ တက္ကစီယာဉ်မောင်းအဖြစ် အိပ်ချိန်မှအပ ပြင်ပ၌သာ အချိန်ကုန်လေ့ရှိသောကြောင့် ရံဖန်ရံခါမှသာ သူတို့သားအဖ ဆုံဖြစ်ကြသည်။

သူ့အတွေးတွေ ပျံ့လွင့်နေစဉ်မှာပင် ခရီးသည်များတက်သူတက်၊ ဆင်းသူဆင်းဖြင့် မြို့ပတ်ရထားက အရှိန်မပျက် ခုတ်မောင်းနေဆဲ။

ဆင်ခြေဖုံးဘူတာလေးသို့ မြို့ပတ်ရထားဆိုက်ရောက်ချိန်မှာ မှောင်ရီပျိုးစဖြစ်၍ ဘူတာရုံနှင့် ဈေးဆိုင်များတွင် ထွန်းညှိထားသော လျှပ်စစ်မီးပွင့်များ အစီအရီဖြင့် လင်းလက် လှပလို့နေသည်။

ဘူတာသို့ မီးရထားတငြိမ့်ငြိမ့် ဝင်လာစဉ်မှာပင် ပလက်ဖောင်းပေါ်၌ ချစ်သူစောင့်ကြိုနေတာ တွေ့ရသည်။ ဂျင်းဘောင်းဘီရှည်၊ အနက်ရောင်တီရှပ်တို့ကို ဝတ်ဆင်ထားသော အရပ်အမောင်းရှည်ရှည်သွယ်သွယ် အသားလတ်လတ်နှင့် ချစ်သူ၏ပုံပန်းသဏ္ဌာန်မှာ လူအများကြားမှာပင် ထင်ရှား သိသာလှသည်။ ရထားပေါ်မှဆင်းလာသော ကြွေကြွေသဲအား ချစ်သူက လက်ပြနှုတ်ဆက်ရင်း အပြေးအလွှား ရောက်ရှိလာကာ လက်ဆွဲခြင်းကို လှမ်းယူကာ ကြိုဆိုလိုက်သည်။

"ကြွေလေးရယ် ..၊ တကယ် လာမှလာပါ့မလားလို့ စိုးရိမ်နေတာ"

"အချစ်ရယ်၊ ကြွေက သိပ်တွေ့ချင်နေတာ၊ မလာဘဲနေပါ့မလား။ ကိုင်း ဘယ်ကိုသွားမလဲ"

"လွတ်လွတ်လပ်လပ် တွေ့ရမယ့်နေရာပေါ့ ကြွေရယ်၊ ကိုယ့်သူငယ်ချင်းဆိုင်ကယ်နဲ့လိုက်ပို့လိမ့်မယ်၊ ဘူတာအပြင်မှာ သူစောင့်နေတယ်"

ချစ်သူထံမှ သူမုန်းတီးသော အနံ့တစ်မျိုးထွက်ပေါ်လာကြောင်း သတိပြုမိသည်။

"အချစ်က အရက်တွေသောက်ထားတယ် ထင်တယ်ကွာ"

"ဘီယာ နည်းနည်းပါးပါးပါ၊ ကြွေနဲ့တွေ့ရမှာ ကိုယ့်ရင်တွေတုန်နေလို့ မမူးပါဘူး"

သည်ကတည်းက ကြွေကြွေသဲ ရင်လေးစွာ သက်ပြင်းချမိလေ၏။ သူ့အပေါ် အလေးအနက်မထားသည့် ချစ်သူ၏အချစ်ကိုမှ သူကိုးကွယ် ယုံကြည်မှားခဲ့လေပြီလားလို့ တွေးမိချိန်မှာ လွန်စွာ နောက်ကျခဲ့ချေပြီ။

\+ + +

မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ဒုရဲမှူးအာယုအခင်းဖြစ်နေရာသို့ ရောက်ရှိချိန်မှာတော့ စခန်းမှူးရဲအုပ်တောက်ထိန်နှင့်အဖွဲ့က အခင်းဖြစ်မြေပုံရေးဆွဲခြင်း၊ သက်သေခံပစ္စည်းများ သိမ်းဆည်းခြင်း၊ အလောင်း၏ပြင်ပလက္ခဏာနှင့် ပြင်ပဒဏ်ရာများအား စစ်ဆေးခြင်းတို့ ဆောင်ရွက်နေကြပြီဖြစ်သည်။ ရင်ညွန့်၊ ရင်ဘတ်နှင့် လည်ပင်းတို့ကို ဓားဒဏ်ရာများဖြင့် မရှုမလှသေဆုံးနေသော မိန်းကလေး၏အလောင်းကို ဒဏ်ရာအနေအထားများပေါ်လွင်အောင် အနီး



www.burmeseclassic.com

www.burmeseclassic.com



ကပ်ခတ်ပုံရိုက် မှတ်တမ်းတင်ပြီး နောက် အနီးပတ်ဝန်းကျင်သဲလွန်စများ ရှာဖွေစစ်ဆေးခြင်းတို့ကို ဆက်လက် ဆောင်ရွက်စေခဲ့သည်။

အခင်းဖြစ်နေရာမှာ ''အာဒမ် ကုမ္ပဏီ''စက်ရုံဝင်း၏ နောက်ကျော ဖက် သံဆူးကြိုးကာရံထားသည့် ခြံ စည်းရိုးအတွင်း သီဟိုဠ်ပင်ကြီးများ အုပ်မိုးလျက်ရှိပြီး အောက်ခြေတွင် ခြုံ နွယ်ပိတ်ပေါင်းများ ထူထပ်စွာ ပေါက် ရောက်နေသော နေရာဖြစ်သည်။ ထို နေရာတွင် ဝင်ထွက်တံခါးပေါက် ပြု လုပ်ထားခြင်းမရှိဘဲ သံဆူးကြိုးကို ဖယ်မ၍ အဝင်အထွက်ပြုလုပ်ထားကြ သဖြင့် သံဆူးကြိုးများ လျော့ရဲနေပြီး ခပ်ရေးရေး လူသွားလမ်းသဖွယ် ဖြစ် နေသည်။ ထိုလမ်းနှင့် စည်းရိုးကြား သီဟိုဠ်ပင်အောက်၌ အမျိုးသမီးငယ်၏ အလောင်းရှိနေပြီး မြက်ပင်ပေါင်းပင် များ ပိပြားကျိုးပြတ်နေခြင်းနှင့် သွေး စွန်းသွေးကွက်အချို့ရှိနေခြင်းတို့က အ ခင်းဖြစ်ပွားပုံကို အနက်ဖွင့်ဆိုနေသည်။

အခင်းဖြစ်ကုမ္ပဏီဝင်း၏ နောက် ကျောဖက်လမ်းကြားမှာလည်း စိုက်ပျိုး ရေးခြံများ၊ ဂိုဒေါင်များသို့ သွားလာရာ လမ်းဖြစ်သောကြောင့် လူသူအသွားအ လာပြတ်သောလမ်းကြားဖြစ်သောကြောင့် အခင်းဖြစ်ပွားမှုကို မြင်တွေ့ ကြားသိ သူရှိနိုင်ရန် မလွယ်ကူသောနေရာမျိုး ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

မိန်းကလေး၏အလောင်းအနီးတွင် လဲနေသော ပလပ်စတစ်လက်ဆွဲခြင်း တစ်လုံးကိုတွေ့ရှိရပြီး ထိုလက်ဆွဲခြင်း ထဲမှာ လက်ကိုင်ပိုက်ဆံအိတ်ငယ် တစ် ခု၊ ထမင်းချိုင့်တစ်လုံး၊ ပေါက်စီနှင့် အချဉ်တို့အား ထုပ်ပိုးထားသော ကြွပ် ကြွပ်အိတ်တစ်လုံးတို့ ပါရှိသည်။ ပိုက် ဆံအိတ်အား စစ်ဆေးရာ စုစုပေါင်း ကျပ် ၃၀၀၀/-ခန့်ရှိ ငွေစက္ကူများနှင့် အတူ ''ကေရီကုမ္ပဏီ''၏ ဝန်ထမ်း စိစစ်ရေးကဒ်ပြားတစ်ခုကိုတွေ့ရသည်။

ထိုစိစစ်ရေးကဒ်ပြားအရ သေ ဆုံးသူမိန်းကလေးမှာ ''အမည်-မကြွေ ကြွေသဲ၊ အသက် ၂၁ နှစ်၊ အဘ အမည်-ဦးခင်ကြွေ''ဖြစ်ကြောင်း၊

**'ရည်းစားလူလု အနုကျွဲခတ်' ဟူသော စကားပုံကဲ့သို့ ကိုယ့်ချစ်သူအား ထိကပါး ရိကပါး ပြုမူနေသည်ကို စိတ်ဆိုးရမည့်အစား ရယ်ကာ မောကာဖြင့် ...**





www.burmeseclassic.com

www.burmeseclassic.com



မြောက်ဥက္ကလာပမြို့နယ်၌ (အသေးစိတ်ဖော်ပြထားသည့် လိပ်စာအတိုင်း) နေထိုင်သူဖြစ်ကြောင်းနှင့် ကေရီကုမ္ပဏီ၏ အရောင်းဝန်ထမ်းတစ်ဦး ဖြစ်ကြောင်း သိရှိရသည်။

ထမင်းချိုင့်အတွင်း အပြည့်ရှိနေသော ဆီချက်ခေါက်ဆွဲများနှင့် မဖြည်ရသေးသော ပေါက်စီ–ပါဆယ်အိတ်တို့က အခင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ သူတို့သိသမျှကို ပြန်ပြောပြနေသယောင်။

ထို့အပြင် အခင်းဖြစ်နေရာအနီး ခြံစည်းရိုးအပြင်ဘက်ရှိ လမ်းသွယ်နှင့် ခြံစည်းရိုးကြား မြို့နွယ်များအစပ်အထိ ဝင်ရောက်ထားသော မော်တော်ဆိုင်ကယ် ဘီးရာနှင့် ဆိုင်ကယ်မှ ယိုစီးကျခဲ့သည်ဟုယူဆရသော အင်ဂျင်ဝိုင်ဆီကွက်တို့ကို တွေ့ရသဖြင့် အခင်းဖြစ်မြေပုံတွင် ထည့်သွင်းရေးဆွဲခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းတို့ ဆောင်ရွက်စေခဲ့သည်။

ဒုရဲမှူးအာယုမှ စခန်းမှူးနှင့် အရာရှိငယ်များအား အဖွဲ့ငယ်များခွဲ၍ အခင်းဖြစ်နေရာအနီး ပတ်ဝန်းကျင်တွင် ခြေရာလက်ရာနှင့် သဲလွန်စများ ရှာဖွေခြင်း၊ အခင်းဖြစ်နေရာအား မှတ်တမ်းတင်ခြင်းတို့ကို တစ်ဖက်မှ ဆောင်ရွက်စေသလို အခြားတစ်ဖက်မှလည်း ရရှိထားသော သဲလွန်စများ၊ သတင်းအချက်အလက်များအပေါ် မူတည်၍ သက်ဆိုင်ရာ နယ်မြေခံရဲစခန်းများနှင့် ဆက်သွယ်ပူးပေါင်း စုံစမ်းဖော်ထုတ်ခြင်းကိုလည်း တစ်ချိန်တည်း၊ တစ်ပြိုင်တည်းဆောင်ရွက်ရန် ဒုရဲမှူးအာယုက ...က်အဖွဲ့များခွဲ၍ တာဝန်ပေးစေလွှတ်ခဲ့သည်။

မကြွေကြွေသဲ၏ အလောင်းကို ရင်ခွဲစစ်ဆေး ထင်မြင်ချက် ပြန်ကြားပေးရေးအတွက် မှုခင်းဆရာဝန်ကြီးထံသို့ စခန်းမှူးကိုယ်တိုင် ကြပ်မတ်သယ်ဆောင်ပို့အပ်စေခဲ့သည်။ ထို့အပြင် မှုခင်းဆရာဝန်ကြီးကိုယ်တိုင် အလောင်းကို ရင်ခွဲစစ်ဆေးရာသို့ ဒုရဲမှူးအာယု သွားရောက်ပြီး ဆရာဝန်ကြီး၏ ဆေးဘက်ဆိုင်ရာမှတ်ချက်နှင့် ထင်မြင်ယူဆချက်တို့ကို ရယူမှတ်သားခဲ့သည်။

ထို့နောက် နယ်မြေအတွင်း စေလွှတ်ထားသော အမှုစစ်အဖွဲ့အသီးသီးတို့မှ ပေးပို့တင်ပြလာသည့် သတင်းအချက်အလက်များကို စုစည်းလေ့လာရာ မကြွေကြွေသဲ၏ နေအိမ်အိပ်ခန်း မှန်တင်ခုံပေါ်မှ အမျိုးသားတစ်ဦး၏ ဓာတ်ပုံတစ်ပုံ ရှာဖွေတွေ့ရှိရပြီး ထိုဓာတ်ပုံ၏ကျောဘက်တွင် "ကြွေသဲကို သဲကြွေအောင် ချစ်ရတဲ့မောင် သက်ထွေး"ဟု ရေးသားထားကြောင်း သို့ဖြစ်၍ သက်ထွေးဆိုသူအား ဆက်လက်စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

ထို့အပြင် အခင်းဖြစ်နေ့ ညနေ ၃း၃၀ နာရီတွင် "ကေရီကုမ္ပဏီ" ရုံးအဖွဲ့မန်နေဂျာထံသို့ ကြွေကြွေသဲမှ ၎င်း၏မိခင်မကျန်းမာသည်ကို ပြုစုလိုပါသောကြောင့် သတ်မှတ်ရုံးချိန်ထက်စော၍ ပြန်ခွင့်ပြုရန် ခွင့်တိုင်ကြားခဲ့ကြောင်း မန်နေဂျာအနေဖြင့် လူမှုရေးစာနာထောက်ထားပြီး ပြန်ခွင့်ပြုနေခဲ့ကြောင်း မန်နေဂျာ ဒေါ်အေးရွှေ၏ထွက်ဆိုပြောကြားချက်ပေးဖို့ သိရှိရသည်။

အလားတူပင် မကြွေကြွေသဲ၏ ဖခင် ဦးခင်ကြွေနှင့် မိခင်(မိထွေး) ဒေါ်စိုးစိုးတို့အား သွားရောက်တွေ့ဆုံစစ်ဆေးခဲ့သော အမှုစစ်အဖွဲ့၏ သတင်းပေးပို့ချက်အရ အခင်းဖြစ်နေ့နံနက်ပိုင်း မကြွေကြွေသဲရုံးမသွားမီ မိထွေးဖြစ်သူ ဒေါ်စိုးစိုးအား ယနေ့အချိန်ပို အလုပ်ဆင်းရန်ရှိသောကြောင့် ညအိပ်ရမည်ဖြစ်၍ အိမ်သို့ပြန်မလာနိုင်ကြောင်း မှာကြားသွားခဲ့သည်ဟု သိရှိရသည်။

"အဲဒီသတင်းအချက်အလက်တွေအပေါ် မူတည်ပြီး သုံးသပ်ကြည့်ရင် မကြွေကြွေသဲဟာ ချစ်သူနဲ့တစ်ညတာ လွတ်လပ်စွာ ချိန်းတွေ့ဖို့ ကြိုတင်စီမံဆောင်ရွက်ခဲ့တာ ပေါ်လွင်နေတဲ့အတွက် အမှုစစ်အဖွဲ့အနေနဲ့ အဲဒီအချက်ကို အမှုစစ်လမ်းကြောင်း Line of Investigation မပျောက်စေဘဲ ဆက်လက်စုံစမ်းဖော်ထုတ်ရမှာ ဖြစ်တယ်" လို့ ဒုရဲမှူးအာယုက စခန်းမှူးနှင့် အမှုစစ်အဖွဲ့အား လမ်းညွှန်ခဲ့သည်။

စခန်းမှူးရဲအုပ်တောက်ထိန်က–

"သေဆုံးသူ မကြွေကြွေသဲရဲ့ ရည်းစားသက်ထွေးကို စုံစမ်းတွေ့ရှိပြီးဖြစ်လို့ စစ်ဆေးဖို့ရဲစခန်းမှာ ခေါ်ထားပြီးပါပြီ၊ သူ့ရဲ့ထွက်ဆိုချက်အပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်သွားပါမယ်"ဟု တင်ပြခဲ့သည်။

\+ + +

နောက် ၃ ရက်ခန့်အကြာ စခန်းမှူးရဲအုပ်တောက်ထိန်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ အမှုတွဲနှင့်တကွ အမှုဆောင်ရွက်ချက်အခြေအနေများကို လာရောက်တင်ပြရာ–

"အခု ကျွန်တော်တို့ ဖမ်းဆီးရမိန်ယူစစ်ဆေးနေတဲ့ သက်ထွေးဟာ သေဆုံးသူ မကြွေကြွေသဲနဲ့ သမီးရည်း

စားအဖြစ် ခတ်ပုံတွေ၊ စာတွေ အပြန်အလှန်ဖလှယ်ခဲ့တာကို သက်သေခံအထောက်အထားအဖြစ် သိမ်းဆည်းထားပြီး ဖြစ်ပါတယ်။ အခင်းဖြစ်နေ့နံနက်ပိုင်းက မကြွကြွသဲ အလုပ်တိုက်အသွားမှာ သက်ထွေးက ဘူတာရုံအထိ လိုက်ပို့ခဲ့ကြောင်း၊ ဘူတာစကြံခုံတန်းလျားမှာ သူတို့နှစ်ယောက် တီးတိုးစကားပြောဆိုနေကြကြောင်း၊ အဲဒီလို တီးတိုးပြောတာဟာ အဲဒီည ချိန်းတွေ့ကြဖို့ တိုင်ပင်တာဖြစ်နိုင်ကြောင်း၊ မကြွကြွသဲက ဖွတ်အတင်း လက်ထပ်ခိုင်းလို့ သက်ထွေးက အဲဒီညလွန်လွန်ကျူးကျူး ပြုကျင့်ခဲ့တာကို နှုတ်ပိတ်တဲ့အနေနဲ့ သတ်ပစ်လိုက်တာ ဖြစ်နိုင်ကြောင်း သက်သေထွက်ဆိုချက်တွေရရှိထားပြီး ဖြစ်ပါတယ်။ အဲဒီ အထောက်အထားတွေအရ တရားခံသက်ထွေးကို အမြန်တရားစွဲတင်ဖို့ သွားပါမယ်"

"စခန်းမှူး ... ခင်ဗျားရဲ့သက်သေထွက်ဆိုချက်(စတိတ်မင့်တွေ)ရေးမှတ်ထားပုံကလည်း သက်သေခံဥပဒေနဲ့မှ မညီပဲကိုး။ အခုလို သက်သေတွေရဲ့ ထင်မြင်ယူဆချက်တွေ ထည့်ပြီးရေးတာဟာ လုပ်ထုံးလုပ်နည်းမှားတဲ့အပြင် အမှုရဲ့စုံစမ်းထောက်လှမ်းမှုလမ်းကြောင်းကိုလည်းတိမ်းစောင်းသွားစေနိုင်တယ်"

"ဒါပေမယ့် အခုအမှုမှာတော့ သက်သေခိုင်လုံတဲ့အပြင် တရားခံသက်ထွေးကလည်း ဝန်ခံနေပါတယ်"

"တယ်ခက်ပါလား၊ တရားခံကို ဝန်မခံ .. ခံအောင် ခင်ဗျားတို့ စစ်ထားကြတယ်ထင်တယ်၊ ဘယ်လိုပဲဖြစ်ဖြစ် တရားခံက ရဲထံပေးတဲ့ဖြောင့်ချက်ဟာ သက်သေခံမဝင်ဘူးဆိုတာ သဘောပေါက်ထားဖို့လိုတယ်"

"ကျွန်တော်လည်း စိုက်ပျိုးရေးထူးချွန်တယ်ဆိုပြီး လူကြီးတွေ ချီးမြှောက်တဲ့အနေနဲ့ စခန်းမှူးတာဝန်ပေးထားလို့သာ လုပ်နေရတာ၊ ဥပဒေနဲ့ ရဲလုပ်ငန်းသိပ်မကျွမ်းသေးဘူး မြို့နယ်မှူးကြီးရဲ့၊ လုပ်ရင်းသင်၊ သင်ရင်းလုပ်ဖို့ နောင်ကိုမမှားအောင် သတိပြုဆင်ခြင်ပါမယ်"

BURMESE CLASSIC .com

"အင်း ... ကြိုးစားလေ့လာပေါ့ဗျာ၊ ဒါနဲ့ ခင်ဗျား ဆေးစာကိုကော သေသေချာချာ လေ့လာပြီးပြီလား"

ဒုရဲမှူးအာယုက ဆေးစာကို ဖတ်ရင်းမေးလိုက်ရာ စခန်းမှူးက–

"ဟုတ်ကဲ့ တွေ့ပြီးပါပြီ၊ မိန်းကလေးဟာ မသေဆုံးမီအဓမ္မပြုကျင့်ခံရကြောင်း ပေါ်လွင်ပါတယ်"

"ဒီဆေးစာထဲမှာ မိန်းကလေးရဲ့ မိန်းမကိုယ်အတွင်းပိုင်းမှာ သွေးခြေဉတဲ့ဒဏ်ရာတွေ တွေ့ရကြောင်း၊ နေရာနဲ့တကွ အတိအကျဖော်ပြထားတာပဲ၊ ဒါတွေကော အသေးစိတ်လေ့လာပြီးပြီလား"

"ဖတ်တော့ဖတ်တာပဲ မြို့နယ်မှူးကြီး၊ အဓိကအချက်ဖြစ်တဲ့ အဓမ္မပြုကျင့်ပြီးမှ လူသတ်တယ်ဆိုတဲ့ ထင်မြင်ချက်ပေါ်လွင်နေပြီပဲ၊ တခြား ဘာလိုသေးလို့လဲခင်ဗျာ"

"လိုတာမှ အများကြီးပဲ၊ တခြားတာဝန်တွေဘယ်လောက်ပဲများပြားတယ်ဆိုစေအုံးတော့ ကိုယ့်တပ်ဖွဲ့ရဲ့ ပင်မတာဝန်ဖြစ်တဲ့ 'ရဲလုပ်ငန်း'ကိုတော့ အမြဲတမ်းကျွမ်းကျင်ထက်မြက်နေအောင် ဆည်းပူးလေ့ကျင့်ထားဖို့ မမေ့နဲ့ဗျ။ ဒီအမှုရဲ့လိုအပ်ချက်တွေ အများကြီးထဲမှာ အရေးကြီးဆုံးအချက်က မှုခင်းဆရာဝန်ကြီးရဲ့ ရင်ခွဲစစ်ဆေးထင်မြင်ချက်ကို အဓိကအားထားဖော်ထုတ်ရမှာဖြစ်တဲ့အတွက် ဆေးစာကို အသေးစိတ်လေ့လာထားရမယ်"

စခန်းမှူး ရဲအုပ်တောက်ထိန်ယခုမှ အနည်းငယ်သဘောပေါက်ဟန်ဖြင့် ဆေးစာကို လှန်၍ ဖတ်ရှုနေသည်။ ဒုရဲမှူးအာယုမှ ဆက်လက်၍–

"နောက် အရေးကြီးတဲ့အချက်တစ်ချက်က ခင်ဗျားတို့ အခုဖမ်းချုပ်ထားတဲ့သက်ထွေးကို ဆေးစစ်ပြီးပြီလား"

"ဗျာ .. သက်ထွေးက တရားခံမို့ပါ၊ အသက်ကလည်းပြည့်ပြီး မူးယစ်ဆေးဝါးသုံးစွဲမှုနဲ့လည်း မပတ်သက်တော့ ဆေးမစစ်ပါဘူး"

"ဘယ်ဟုတ်မလဲဗျ။ မှုခင်းအနေအထားအရ လိုအပ်ရင်တရားခံကို အချိန်မဆိုင်းဘဲ ဖမ်းမိ,မိချင်း ဆေးစစ်ထားဖို့ လိုတာပေါ့၊ အထူးသဖြင့် မုဒိန်းမှု၊ လူသတ်မှုနဲ့ အကြမ်းဖက်မှုပါတဲ့ မှုခင်းမျိုးက တရားခံတွေဆိုရင် တရားခံကို ချက်ချင်းဆေးစစ်ပြီး မှုခင်းဆရာဝန်ရဲ့ထင်မြင်ချက် ရယူထားသင့်တယ်၊ ကိုင်း ... နောက်မှ အသေးစိတ်ဆက်ရှင်းပြမယ်၊ လောလောဆယ် သက်ထွေးကို အမြန်ဆုံးဆေးစစ်ဖို့ စီစဉ်ပါ၊ နောက်ပြီးတော့ ''အာဒမ်ကုမ္ပဏီ'ဝန်ထမ်းတွေထဲ ထိုးဖောက်သတင်းယူဖို့ လွှတ်ထားတဲ့အဖွဲ့ကိုလည်း လျှို့ဝှက်ဆက်သွယ်သတင်း တင်ပြခိုင်းပါ"

စခန်းမှူးက–

"ဟုတ်ကဲ့ ... အမြန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com




ရှက်ပြီး ဆောင်ရွက်ချက်ပြန်သတင်း ပို့ပါမယ်''

ဟုဆိုကာ အလေးပြုပြီး မြို့နယ်မှူးရုံးမှ ခပ်သွက်သွက် ပြန်လည်ထွက်ခွာသွားတော့သည်။

+ + +

နောက်တစ်နေ့ 'အာဒမ်ကုမ္ပဏီ' အလုပ်သမား၊ ဝန်ထမ်းများအကြား ထည့်သွင်းထားသော မိမိအမာခံ သတင်းပေးများ၏ သတင်းပေးပို့ချက်အရ ၎င်းကုမ္ပဏီဝန်ထမ်း ဖော်ချစ်(၂၁နှစ်)နှင့် ထိန်ကြီး(၃၀နှစ်)တို့အား ဖမ်းဆီး၍ ဆေးစာနှင့်တကွ မှုခင်းဆရာဝန်ထံ ပို့အပ်ဆေးစစ်စေခဲ့သည်။

ထို့နောက် ဒုရဲမှူးအာယုက မသင်္ကာတရားခံများ၏ ဆေးစစ်ပြန်ကြားချက် ဆေးစာများအား ဖတ်ရှုလေ့လာအပြီး စခန်းမှူးကိုခေါ်ယူ၍ မသင်္ကာ ဖမ်းဆီးထားသူ သက်ထွေးအား ကျင့်ထုံးပုဒ်မ ၁၆၉ နှင့်အညီ အချုပ်မှ အမြန်ပြန်လွှတ်ရန်နှင့် အာဒမ်ကုမ္ပဏီ ဝန်ထမ်းဖော်ချစ်နှင့် ထိန်ကြီးတို့အား လူခွဲ၍ စစ်ကြောရေးဆောင်ရွက်သွားရန် ညွှန်ကြားခဲ့သည်။ စစ်ကြောမှုတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိများကိုလည်း ပူးပေါင်းပါဝင်ဆောင်ရွက်စေခဲ့သည်။

မသင်္ကာတရားခံ ဖော်ချစ်နှင့် ထိန်ကြီးတို့က အစ ကနဦးတွင် ငြင်းကွယ်ထွက်ဆိုသော်လည်း စစ်ကြောရေးအဖွဲ့များမှ အချက်အလက်အထောက်အထား တိတိကျကျဖြင့် ထောက်ပြဖော်ထုတ်စစ်ဆေးသောကြောင့် ၂၄ နာရီကျော်ခန့်အကြာ၌ ပြစ်မှုကျူးလွန်ပုံကို ဝန်ခံထွက်ဆိုလေတော့သည်။

သက်သေများ၊ တရားခံများတို့၏ ထွက်ဆိုအစစ်ခံချက်များအား စုစည်းဆက်စပ်လိုက်သောအခါ မကြွေကြွေသဲ ပြစ်မှုကျူးလွန်ခံရပုံတို့အား ဇာတ်လမ်းတစ်ပုဒ်နှယ် ဒုရဲမှူးအာယု၏ စိတ်ကြေးမုံပြင်၌ ထင်ဟပ်လာလေတော့၏။

+ + +

မကြွေကြွေသဲနှင့် ချစ်သူကိုဖော်ချစ်တို့ လက်ချင်းချိတ်ကာ ဆင်ခြေဖုံးဘူတာမှ မော်တော်ကားလမ်းဘက် ထွက်လာခဲ့ရာ လမ်းဘေးဓာတ်တိုင်အောက်တွင် မော်တော်ဆိုင်ကယ်တစ်စီးပေါ်တွင် ခွထိုင်ရင်း စီးကရက်သောက်နေသော ခပ်ဝဝ၊ ပါးဖောင်းဖောင်း၊ မျက်လုံးမှေးမှေး၊ အစိမ်းရောင်ပြောက်ကျားဂျာကင်ဝတ်ဆင်ထားသူကို တွေ့ရသည်။

ကိုဖော်ချစ်က–

''ကိုကြီးထိန် ... ဒါ ကျွန်တော့် ချစ်သူ ကြွေလေ''

''ကြွေ ... ဒါက ကိုယ့်သူငယ်ချင်း ကိုထိန်ကြီးတဲ့၊ ကိုယ်တို့ကို သူ့ဆိုင်ကယ်နဲ့ လိုက်ပို့ပေးမှာ၊ ကိုင်း ကိုကြီးထိန်ရေ ... သွားကြစို့''

မကြွေကြွေသဲက ကိုဖော်ချစ်၏ လက်မောင်းကို ဆုပ်ကိုင်လိုက်ပြီး–



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်ရယ် … သူငယ်ချင်းကို လိုက်ပို့နိုင်းမနေပါနဲ့၊ နှစ်ယောက်ထဲ လွတ်လွတ်လပ်လပ် သွားရအောင်ပါကွယ်၊ တက္ကစီငှားလိုက်ပေါ့"

ထိုသို့ ပြောသည်ကို ထိန်ကြီးက ကြားသွားပြီး–

"ဖိုးဇော် … မင်းကောင်မလေးက လှသလောက်ကြီးကျယ်တယ်၊ ငါ မောင်းတဲ့ဆိုင်ကယ် မစီးချင်ဘူး ထင်တယ်ကွ၊ ရော့ မင်းမောင်း၊ ငါ နောက်ကစီးမယ်"

ဟုပြောကာ ဆိုင်ကယ်သော့ကို ဇော်ချစ်ထံသို့ လှမ်းပစ်ပေးလိုက်သည်။ ဇော်ချစ်က ဆိုင်ကယ်သော့ကို ဖမ်းယူလိုက်ကာ–

"ဟာဗျာ … ကိုကြီးထိန်ကလဲ လုပ်ရော့မယ်၊ ကိုင်း ဒီလိုဆိုလဲ ခင်ဗျား နောက်ဆုံးက ပိတ်ထိုင်ဗျာ၊ တက် … တက် ကြွေကအလယ်မှာ ထိုင်"

ပြောပြောဆိုဆိုဖြင့် ဇော်ချစ်က ဆိုင်ကယ်ပေါ် ခွထိုင်ရင်း စက်နှိုးလိုက်သည်။ ကြွေကြွေသဲက အလယ်တွင် ဘေးစောင်းထိုင်၍ နောက်ဆုံးမှ ကိုထိန်ကြီးကခွ၍ ထိုင်သည်။ ကြွေကြွေသဲ၏ခန္ဓာကိုယ်က ထိန်ကြီး၏ရင်ခွင်ထဲတွင်မြုပ်နေသည့်အပြင် ဘေးတစောင်း မှေ့ထားသည့်အနေအထားနှင့် တူနေလေ၏။ ထိန်ကြီး၏နှာဝမှ ရှူထုတ်လိုက်သော ချဉ်စူးစူးအရက်နံ့များ ပျံ့လွင့်နေသည်။ ထွက်သက်လေပူတို့က ကြွေကြွေသဲ၏ပါးပြင်ပေါ်သို့ မသတီစဖွယ် လာရောက် တိုးဝှေ့ကျီစယ်နေသည်။

"ဟော့ကောင် .. ငဇော်၊ မင်း ဒီလောက်စွံလိမ့်မယ် မထင်ဘူး၊ ဂုဏ်ပြုရအုံးမယ်၊ မင်းကောင်မလေးက တကယ်ကို လန်းတာပါလားကွ၊ အနီးကပ်လေ ဆွဲဆောင်မှုရှိလေပဲ ဟဲ ဟဲ ဟဲ"

"အို … ရှင် ဘယ်လိုလုပ်နေတာလဲ၊ နောက်နဲနဲ ဆုတ်ပါအုံး၊ အသက်ရှူကြပ်လှပြီ၊ ကိုဇော့်သူငယ်ချင်း ကြည့်ပြောဦး"

မော်တော်ဆိုင်ကယ်က လမ်းမကြီးမှတစ်ဆင့် လမ်းသွယ်တစ်ခုထဲသို့ ချိုးကွေ့ဝင်သွားသည်။ လမ်းမီးရောင်များမရှိတော့ဘဲ လူသူအသွားအလာ ကင်းဝေးစပြုနေပြီဖြစ်သည်။ ဆိုင်ကယ်၏ခုန်ဆောင့်လှုပ်ရှားမှုကြောင့် သူတို့ ယိမ်းထိုးလိုက်ပါနေကြရသည်။ ဇော်ချစ်က–

"လမ်းမကောင်းဘူး ကြွေရဲ့၊ ကြွေလိမ့်ကျမှာစိုးလို့ ကိုထိန်ကြီးက စေတနာနဲ့ ကပ်ပေးထားတာ ဖြစ်မှာပါ၊ ရောက်ခါနီးပါပြီ၊ ခဏလေးပဲ သည်းခံလိုက်ပါ ဟဲ ဟဲ ဟဲ"

ပေါ့ပေါ့တန်တန် ရယ်မောပြောလိုက်တာ ဇော်ချစ်၏စကားကို ကြားလိုက်ရတော့ ကြွေကြွေသဲ ရင်ထဲမှာ နားမလည်နိုင်ခဲ့။ 'ရည်းစားလူလု အူနု ကျွဲခတ်'ဟူသော စကားပုံကဲ့သို့ ကိုယ့်ချစ်သူအား ထိကပါး ရိကပါးပြုမှုနေသည်ကို စိတ်ဆိုးရမည့်အစား၊ ရယ်ကာ မောကာဖြင့် အားပေးအားမြှောက် ပြောဆိုနေခြင်းအတွက် ဘဝင်မကျဖြစ်ရသည်။ ကြွေကြွေသဲက အားကိုးယုံကြည်စွာဖြင့် သူ့ဘဝကိုပင် ပုံအပ်ဖို့ ရည်ရွယ်ထားသော ချစ်သူသည် ဘဝတစ်သက်တာလုံးကို မဆိုထားနှင့်ဦး၊ ယခုတွေ့ဆုံသည့် တစ်ညတာ ကာလလေးမှာပင် သူ့ဘဝလုံခြုံမှုကို တာဝန်ယူနိုင်ပါ့မလားဟူသော သံသယ အတွေးများဖြင့် စိတ်ရှုပ်ထွေးနေစဉ်မှာပင် ဆိုင်ကယ်က လမ်းဘေးမှောင်ရိပ်ထဲ ထိုးရပ်သွားသည်။

"ကိုင်း … ရောက်ပြီ၊ ကြွေ အရင်ဆင်းလိုက်၊ ကိုထိန်ကြီး .. ဆိုင်ကယ်ယူသွားပြီးနောက် တစ်နာရီလောက်ကြာမှ လာခေါ်ဗျာ"

"ငါ သဘောပေါက်ပါတယ်ကွာ မင်း ကဏ္ဍကိုသာ မင်းလုပ်ပါ"

ထိန်ကြီးက ပြောပြောဆိုဆိုဖြင့် ဆိုင်ကယ်ကို မောင်းနှင်ထွက်ခွာသွားသည်။ ခဏအကြာတွင် ဆိုင်ကယ်သံ ပျောက်သွားသည်။

ဇော်ချစ်က လမ်းဘေးသို့ဆင် သွားရင်း–

"ကြွေ … လာလေကွာ၊ ဘာ ကြည့်နေတာလဲ"

မှောင်နေသော ပတ်ဝန်းကျင်အလယ်တွင် သစ်ပင်များအုံ့ဆိုင်းနေသော ခြံဝင်းကျယ်ကြီးက ပို၍ မှောင်မဲနေသည်။ အဆောက်အဦတစ်စုံတစ်ရာကို လည်းကောင်း လူသူအရိပ်အခြေ တစ်စုံတစ်ရာကိုလည်းကောင်း မတွေ့ရပေ။ ခြံစည်းရိုးတွင် ကာရံထားသည့်သံဆူးကြိုးကို ဇော်ချစ်က မ,လိုက်ရင်း–

"ကြွေ … ဒီအပေါက်က ငုံ့ဝင်လိုက်၊ ကိုယ်မထားမယ်"

"ဟင့်အင်း … မဝင်ချင်ဘူး၊ ကိုဇော်ပြောတော့ အိမ်မှာတွေ့ဖို့ စီစဉ်ထားတယ်ဆို၊ အခု ဘယ်ချောင်ထဲကို ခေါ်လာတာလဲ၊ ကြွေ ပြန်တော့မယ်၊ ဘူတာအထိ ပြန်လိုက်ပို့ပေး"

"ဟာကွာ … ကြွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ခဏပါ၊ ကိုဇော်စီစဉ်ထားတဲ့အိမ်မှာ အခန်းချင်းကပ် အခန်းငှားတွေ ရှိနေလို့ ဒီမှာ လွတ်လွတ်လပ်လပ် စကားပြောပြီးမှ သွားကြမယ်လေ ဝင်ပါကွာ၊ ပြန်ပို့ဖို့ ဆိုင်ကယ်ကိုလည်း စောင့်ရမှာပဲ၊ မထူးပါဘူး ကြွေရယ် ခဏလေးပါ''

ကြွေကြွေသဲက ဇော်ချစ် မ,ပေးထားသော သံဆူးကြိုးတန်းအောက်မှ ငုံ့၍ဝင်လိုက်သည်။ ထို့နောက် သူတို့နှစ်ဦး မှောင်သည်ထက်ပို၍မှောင်သော သီဟိုဠ်ပင်အောက်တွင် ထိုင်လိုက်ကြသည်။ ဘယ်လိုပင် မှောင်စေဦးတော့။ ချစ်မေတ္တာစွမ်းအားကြောင့် အလင်းတန်းလေးတစ်ခုတော့ တွေ့ရမည်လို့ ကြွေကြွေသဲယုံကြည်နေဆဲ ဖြစ်သည်။ ကြွေကြွေသဲက ချစ်သူထံမှ ကြားရမည့် ချစ်တင်းစကားလေးတွေ ယုယမြတ်နိုးဖွယ်အနမ်းလေးတွေအတွက် ရင်ခုန်နေမိသည်။ သို့ရာတွင် ဇော်ချစ်ထံမှ သူရရှိလိုက်သည်ကတော့ ခပ်ကြမ်းကြမ်းဆွဲယူသိမ်းပွေ့လိုက်ခြင်းနှင့် ပြင်းထန်သည့်ရာဂအနမ်းများ။ ထို့နောက်တွင်မူ ယုယကြင်နာမှုကင်းသော အဓမ္မပြုကျင့်မှုများ၊ သားကောင်ကို အပိုင်သတ်ဖြတ်ပစ်ခတ်မည့် တောလိုက်မုဆိုးနှင့်ပမာဆိုင်း၍ နှိုင်းကြည့်ရင်း ကြောက်ရွံ့ထိတ်လန့်မှုများ ပိုမိုခံစားလာမိသည်။

ဇော်ချစ်က အားရကျေနပ်သွားပြီးနောက် တစ်စုံတစ်ရာမပြောဘဲ ထသွားသည်။ အပေါ့အပါးသွားတာဖြစ်မည်ဟု ကြွေကြွေသဲတွေးရင်း ထိုနေရာမှ အမြန်ဆုံးထွက်ခွာနိုင်ရေးအတွက် ဘေးနားတွင်ချထားသော လက်ဆွဲခြင်းလေးကို လှမ်းယူလိုက်သည်။ ထိုစဉ် ကြမ်းတမ်းသော ပွေ့ဖက်မှုနှင့်အတူ သူ၏ ပါးပြင်နုနုပေါ်သို့ အငမ်းမရသည့် အနမ်းများဒလစပ်ကျရောက်လာသည်။ ချဉ်စူးစူးပုပ်အဲ့အဲ့အရက်နံ့များကလည်း လွင့်ပျံ့ထွက်ပေါ်နေသည်။ အမှောင်ထုကြောင့် မမြင်ရသော်လည်း ကိုယ်ဟန်အနေအထား၊ အနံ့အသက်၊ အပြုအမူတို့ကြောင့် ထိုသူမှာ ကိုထိန်ကြီးဆိုသူဖြစ်သည်ဆိုတာ ကြွေကြွေသဲသိလိုက်သည်။ ထို့ကြောင့် ရုန်းကန်ခုခံရင်း တိမ်းရှောင်ထွက်ပြေးရန် အားထုတ်လိုက်စဉ် သူ့လက်နှစ်ဖက်ကို ချုပ်ကိုင်ထားပြီး တုတ်ခိုင်သည့်ခန္ဓာကိုယ်ကြီးက သူ့အပေါ် ခွစီးထားလေ၏။ ကြွေကြွေသဲမှာ လွန်စွာ ထိတ်လန့်တုန်လှုပ်သွားကာ–

''ကိုထိန်ကြီး ... ရှင်လွှတ်နော်၊ ကျွန်မအော်လိုက်မယ်၊ ကိုဇော်ရေ ... လာပါဦး ... ဟောဒီမယ်ရှင့် ... ကယ်ကြပါဦး''

ဟုအော်လိုက်စဉ် ကြမ်းတမ်းသည့် လက်ဖဝါးတစ်ဖက်က ပါးစပ်ကို ဖိအုပ်ပိတ်ဆို့လိုက်ကာ ကျန်လက်တစ်ဖက်တွင် အသင့်ကိုင်ထားသော ဓားမြှောင်ဖြင့် လည်တိုင်ကိုထောက်ထားရင်း ထိန်ကြီးမှ–

''အော်မနေနဲ့၊ နင်အော်လည်း အလကားပဲ၊ ဒီအနားမှာ ဘယ်သူမှ မရှိဘူး။ ဟိုကောင် ငဇော်ကလည်း နင့်ကို ငါ့လွှဲပေးထားပြီးပြီ၊ အဲဒီတော့ ငြိမ်ငြိမ်နေ၊ အော်တာ ဟစ်တာ ရုန်းကန်တာမလုပ်နဲ့၊ လုပ်မယ်ဆိုတော့ ဟောဒါနမူနာ''

ပြောရင်းဆိုရင်း လည်တိုင်ဘေးတွင် ထောက်ထားသော ဓားဦးချွန်အား ခပ်ဖွဖွဖိသွင်းလိုက်ရာ သွေးအနည်းငယ်ပင် စိမ့်ထွက်လာသည်။ ကြွေကြွေသဲမှာ နာကျင်မှု၊ ကြောက်လန့်မှုတို့ဖြင့် တဆတ်ဆတ် တုန်ယင်နေလေ၏။

''အစ်ကိုကြီးရယ် ..၊ ကျွန်မ မိကောင်းဖခင်သားသမီးပါ၊ ကိုဇော့်ကို တကယ်ချစ်မိလို့သာ သူခေါ်ရာ လာမိတာပါ၊ ကျွန်မကို ခွင့်လွှတ်ပေးပါ''

ကြွေကြွေသဲက မျက်ရည်စက်လက်ဖြင့် ရှိခိုးတောင်းပန်သည်။ သို့ရာတွင် ကျားသတ္တဝါသည် သားကောင်အပေါ် သနားညှာတာရိုးထုံးစံမရှိပေ။

"ပါးစပ်ပိတ်ထားလိုက်စမ်း၊ ဒီလိုအချိန်၊ ဒီလိုနေရာမျိုးကို လိုက်လာတဲ့ မိန်းမမှန်သမျှ ဒီလိုလုပ်တာကို လက်ခံနိုင်လို့ လိုက်လာတယ်ဆိုတာ ငါသဘောပေါက်ပြီးသား၊ စကားမများနဲ့ ငါ့အလိုလိုက်ရင် ခဏနဲ့ပြန်လွှတ်ပေးမယ်''

ဟုပြောကာ ဓားမြှောင်ကို ရင်ဝသို့ ထောက်ထားရင်း ပန်းကောင်းအညွန့်ချိုးသည်။

ဓားဒဏ်ရာမှ သွေးထွက်လွန်ခြင်း၊ နာကျင်ကိုက်ခဲခြင်းတို့ကြောင့် ကြွေကြွေသဲမှာ သတိလစ်သလို လဲကျနေလေသည်။

ထို့နောက် ထိန်ကြီးက ဇော်ချစ်ကို လှမ်းခေါ်လိုက်ပြီး–

''ဟေ့ကောင် ... ငဇော်၊ မင်းဟာမကို ဒီအတိုင်း ပြန်လွှတ်လိုက်ရင် မုဒိန်းမှုနဲ့ မင်းအရင်ဆုံး အဖမ်းခံရမှာ၊ မင်းပြီးရင်တော့ ငါပေါ့ကွာ''

''ဘယ်လိုလုပ်မလဲ ကိုကြီးထိန်''

''ရော့ ... ဒီဓားနဲ့ ကိစ္စတုံး လိုက်''



www.burmeseclassic.com

www.burmeseclassic.com



သတိလစ်သလိုဖြစ်နေသော်လည်း ကြွေကြွေသဲ ကြားနေရပါသည်။ သူ့ဘဝ ပေး၍ချစ်ခဲ့ရသော ချစ်သူက သူ့ကို သတ်ပစ်လောက်အောင် ရက်စက်နိုင်ပါ့မလားလို့ နောက်ဆုံးအကြိမ် မိုက်မဲစွာ တွေးနေစဉ်မှာပင် ဆင်ခြင်တုံတရားနည်းပါးစွာ ချစ်တတ်ခဲ့သော သူ၏နှလုံးသားတွင် ဓူးကနဲအောင့်သွားတာကို သိလိုက်သည်။

"ဟား . . . ဟား . . ဟား၊ ငတုံးလက်တွေက တုန်နေလိုက်သေးတယ်၊ အဲဒီလောက်ကလေးနဲ့ မင်းရဲ့အချစ်ရူးမက မသေနိုင်သေးဘူးကွ၊ ငါပြမယ် ပေးစမ်း ဓား . . . ဟောဒီလို . . ဟောဒီလို"

\+ + +

"သက်သေတွေ၊ တရားခံတွေရဲ့ ထွက်ဆိုချက်၊ သေဆုံးသူမကြွေကြွေသဲရဲ့ကိုယ်ရေးမှတ်တမ်းနဲ့ နောက်ကြောင်းရာဇဝင်တွေ ဆက်စပ်လေ့လာကြည့်လိုက်တော့ ဒီမှုခင်းရဲ့ဖြစ်ရပ်မှန်ကို အခုလို ဇာတ်လမ်းလေးတစ်ပုဒ်ပမာ တွေ့လိုက်ရတာပါပဲဗျာ"

ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချို့နှင့် သက်သေလူကြီးများအား ရဲစခန်းတွင် ဒုရဲမှူးအာယုက ရှင်းပြနေခြင်း ဖြစ်သည်။

"တရားခံ ဇော်ချစ်နဲ့ ထိန်ကြီးတို့က မကြွေကြွေသဲကို သားမယားပြုကျင့်ပြီး သတ်ပစ်ရာမှာ အသုံးပြုခဲ့တဲ့ သက်သေခံဓားမြောင်ကို ဝှက်သိမ်းထားရာကနေ သူတို့ကိုယ်တိုင် လိုက်လံပြသထုတ်ယူအပ်ပေးရာမှာ သက်သေလူကြီးများအဖြစ်နဲ့ လိုက်ပါဆောင်ရွက်ပေးခဲ့ကြတဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချို့နဲ့တကွ သက်သေလူကြီးများအားလုံးကို အထူးကျေးဇူးတင်ပါတယ်၊ သက်သေခံဓားမြောင်ကို "လူသွေးစွန်းထင်းနေခြင်းရှိ/မရှိ" စစ်ဆေးပေးရေးအတွက် ဓာတုဗေဒဝန်ရုံးပို့ဖို့ သက်သေတွေရှေ့မှာပဲ ထုပ်ပိုးချိတ်ပိတ်ရမှာဖြစ်လို့ ခေတ္တစောင့်ဆိုင်းရင်း ဒီမှုခင်းဖြစ်စဉ်ကိုလည်း အပြည့်အစုံသိထားအောင် ကျွန်တော်အခုလို ရှင်းပြရတာ ဖြစ်ပါတယ်၊ ကိုင်း . . . ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်လေး သုံးဆောင်ရင်း စောင့်ပေးကြပါအုံး" လို့ ဒုရဲမှူးအာယုပြောအပြီးမှာ–

ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးချို့က–

လက်ဖက်သုပ်ကလည်းကောင်း၊ ဇာတ်လမ်းကလည်း စိတ်ဝင်စားဖို့ကောင်းလွန်းတာကြောင့် ဒီအမှုသက်သေလိုက်ရတာ ကျေနပ်တယ်ဗျို့၊ အဲ . . ဒါပေမဲ့ မကျေနပ်တာ အဲ . . . အဲ . . မကျေနပ်တာကတော့ မဟုတ်ဘူးပေါ့၊ မရှင်း တာတစ်ခုရှိလို့ မေးချင်တယ် မြို့နယ် မှူးကြီး"

"မေးပါ ဦးချို့ရဲ့၊ လက်ဖက်ရည် ဘယ်တော့ရောက်မလဲဆိုတာလား၊ အခုပဲ 'စိမ်းလဲ့လွင်ပြင်' လက်ဖက်ရည်ဆိုင်က ချိုပေါ့ကျ ၅ ခွက် လာပို့နေပါပြီ"

"အင်း . . . ကောင်းတာပေါ့၊ ဒါလည်း မေးမယ့်အထဲမှာ ပါတယ်၊ နောက်တစ်ခုက ဒီအမှုကို 'အာဒမ်' ကုမ္ပဏီဝန်ထမ်း ဇော်ချစ်နဲ့ထိန်ကြီးတို့ကျူးလွန်ကြောင်း ဘယ်လိုသဲလွန်စတွေနဲ့ ဖမ်းဆီးဖော်ထုတ်နိုင်ခဲ့တာလဲ ဆိုတဲ့အချက်ကို သိချင်ပါတယ်"

"ဒီလိုပါ ဦးချို့ရေ . .၊ အမှုအခင်းတိုင်းဟာ သဲလွန်စကျန်နေစမြဲလို့ဆိုပါတယ်၊ အဲဒီသဲလွန်စတွေကိုလည်း အခင်းဖြစ်နေရာမှာပဲ ရှာဖွေ အနက်ကောက်ယူရပါတယ်၊ အခုလည်း ဒီအမှုကို ဖော်ထုတ်နိုင်ခဲ့တာဟာ အခင်းဖြစ်နေရာက သဲလွန်စတွေကြောင့်ပါပဲ၊ ဦးချို့တို့သိထားပြီးဖြစ်တဲ့အတိုင်း ဒီအမှုရဲ့ အခင်းဖြစ်နေရာဟာ သာမန်လူ၊ လူစိမ်းတစ်ယောက်မရောက်နိုင်၊ မသိနိုင်တဲ့နေရာမျိုးပါ၊ 'အာဒမ်' ကုမ္ပဏီဝင်းရဲ့ အနောက်ပိုင်း ခြံစည်းရိုးတစ်ချို့ပြုတ်ထွက်လျော့ရဲနေလို့ သံဆူးကြိုးကို အလွယ်တကူ မ,ပြီး ဝင်လို့ထွက်လို့ရနေတယ်ဆိုတာ သာမန်အရပ်သားမပြောနဲ့၊ အဲဒီကုမ္ပဏီရဲ့မန်နေဂျာတွေ၊ လုံခြုံရေးတာဝန်ခံတွေတောင် မသိကြတာတွေ့ရတယ်၊ ဒါကြောင့် ဒီပြစ်မှုကျူးလွန်သူတွေဟာ အဲဒီ ကုမ္ပဏီနဲ့ ထဲထဲဝင်ဝင် ဆက်စပ်ပတ်သက်သူ ဒါမှမဟုတ် အဲဒီကုမ္ပဏီရဲ့ဝန်ထမ်းတွေထဲက ဖြစ်ရမယ်ဆိုတဲ့အချက်ကို တွေ့ရတာပေါ့"

"ဒါပေမဲ့ 'အာဒမ်' ကုမ္ပဏီရဲ့ဝန်ထမ်းတွေ၊ အလုပ်သမားတွေက ထောင်နဲ့ချီပြီး ရှိနေတာဆိုတော့"

"မှန်တာပေါ့ ဦးချို့ရယ်၊ ဒီတစ်ချက်ထဲနဲ့တော့ အလုပ်မဖြစ်နိုင်သေးဘူးပေါ့၊ နောက်ထပ် ထပ်တွေ့ရတဲ့ သဲလွန်စတစ်ခုကတော့ အခင်းဖြစ်နေရာအနီး လမ်းနဲ့ခြံစည်းရိုးကြား ခြုံကွယ်နားအထိ ထိုးဆိုက်ရပ်နားခဲ့တဲ့ ဆိုင်ကယ်ဘီးရာတွေနဲ့ ဆိုင်ကယ်ကယ်ရီကျခဲ့တဲ့ အင်ဂျင်ဝိုင်ဆီကွက်တွေပါပဲ၊ အဲဒီ သဲလွန်စအရ 'အာဒမ်' ကုမ္ပဏီဝန်ထမ်းတွေထဲက တရုတ်နိုင်ငံလုပ်

www.burmeseclassic.com



ကင်ဘို'အမျိုးအစားဆိုင်ကယ်ကို ခပ်ကြမ်းကြမ်းအသုံးပြု စီးနင်းလေ့ရှိသူဖြစ်ရမယ်ဆိုတဲ့အချက်ကို ထပ်မံဖော်ထုတ်နိုင်ခဲ့ပါတယ်''

''မြို့နယ်မှူးကြီး ထောင်နဲ့ချီတဲ့ဝန်ထမ်းတွေထဲမှာ ကင်ဘိုဆိုင်ကယ်စီးသူတွေအနည်းနဲ့အများတော့ ရှိကြဦးမှာပဲဗျ''

''ရှိတာပေါ့ဗျာ၊ အဲဒီဆိုင်ကယ်အမျိုးအစားက အသုံးများတာကိုး၊ ဒါကြောင့် အဲဒီအချက်နှစ်ချက်အပေါ် မူတည်ပြီး နိုင်လုံတိကျတဲ့ သက်သေခံချက်ကို မလွဲမသွေရှာဖွေ ဖော်ထုတ်ရတော့တာပေါ့၊ အဲဒါကတော့ ဆေးစာအပေါ်မှာ ထည့်သွင်းစဉ်းစားတာပါ''

ဒုရဲမှူးအာယုက အမှုတွဲကို လှန်လှောကြည့်လိုက်ရင်း–

''မကြွေကြွေသဲရဲ့ အလောင်းကို မှုခင်းဆရာဝန်ကြီးကိုယ်တိုင် ရင်ခွဲစစ်ဆေးထားတဲ့ဆေးစာထဲမှာ အဓမ္မသားမယားပြုကျင့်ခံရတဲ့အတွက် မိန်းမကိုယ်မှာ ဒဏ်ရာအနာတရဖြစ်ရတဲ့အကြောင်း၊ ဘယ်လိုနေရာတွေမှာ ဘယ်လိုဒဏ်ရာအမျိုးအစားတွေ ရရှိသွားတဲ့အကြောင်း အတိအကျဖော်ပြထားတယ်၊ မသင်္ကာသူအမျိုးသား ဘယ်နှယောက်လောက်ကို ဆေးစစ်လိုက်ရပါသလဲ''

''ဘယ်နှယောက်မှ မစစ်လိုက်ရပါဘူး ဦးချိုရယ်၊ အမျိုးသားလူငယ်ဝန်ထမ်း၊ အလုပ်သမားတွေကြားထဲ စိမ့်ဝင်စုံစမ်းလိုက်ရုံနဲ့ ဘယ်သူတွေက ဘယ်လိုဆိုတာ သတင်းရတော့တာပါပဲဗျာ''

အုပ်ချုပ်ရေးမှူး ဦးချိုက သူ့မျက်မှန်ပေါ်မှကျော်၍ တိုင်ကပ်နာရီကို မော့ကြည့်ရင်း–

''နောက်ဆုံးတစ်ချက်တော့ မေးချင်တယ် မြို့နယ်မှူးကြီးရယ်''

''မေးဗျာ၊ ဖြေသင့်ရင်တော့ ဖြေမှာပေါ့''

''ဒီလိုပါ၊ သေဆုံးသူမိန်းကလေးရဲ့အတွင်းပိုင်းဒဏ်ရာရတာက ၃ နာရီ၊ ၆ နာရီ၊ ၉ နာရီနေရာတွေလို့ ဆေးစာက ဖော်ပြထားတယ်ဆို၊ ဘယ်လိုဖြစ်တယ်ဆိုတာ ရှင်းပြပါဦး''

''အဲဒီ မေးခွန်းကို မဖြေသင့်တဲ့အတွက် မဖြေဘူးဗျာ''

''ဟာ ဆင်ကောင်ကြီး အမြီးကျမှတော့ မထစ်ပါစေနဲ့ မြို့နယ်မှူးကြီးရယ်''

''အဲဒီ မေးခွန်းနဲ့ပတ်သက်ပြီး အုပ်ချုပ်ရေးမှူးကြီးကို ရုပ်ပုံနဲ့တကွ အသေးစိတ်ရှင်းပြရရင်တော့ ကျွန်တော်လည်း ညစ်ညမ်းဇာတ်လမ်းဖြန့်ချိမှုနဲ့ အရေးယူခံရဖို့ပဲ ရှိတော့တယ်၊ ထိန်ကြီးက ကြွေကြွေသဲကို ဓားမြှောင်နဲ့ ရင်ဝစိုက်ထားပြီး လူမဆန်စွာ နည်းအမျိုးမျိုးနဲ့ ပြုကျင့်ခဲ့တယ်လို့ ဆိုထားပြီးပြီပဲဗျာ၊ ကျန်တဲ့အပိုင်းတော့ ကိုယ့်ဖာသာ စဉ်းစားပေတော့ဗျို့''

''သြော် . . . ဟုတ်ပါပြီဗျာ၊ အင်း အခုလို ထပ်ပြောတော့မှ ရေးတေးတေးတော့ သဘောပေါက်လာသလိုလို ရှိပါရဲ့၊ ထားပါတော့လေ . . . ဘာပဲဖြစ်ဖြစ် ရင်နာကြေကွဲစရာ ဒီလိုဖြစ်ရပ်မျိုးတွေ ထပ်မဖြစ်စေဖို့ ကျွန်တော်တို့ရပ်ကွက် အမျိုးသမီးရေးရာအဖွဲ့ ဆွေးနွေးပွဲတွေမှာ ဆွေးနွေးဖို့ စီစဉ်မယ်ဗျာ''

ဟုပြောကာ လုပ်ငန်းကိစ္စရပ်များလည်း ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချို ပြန်လည်ထွက်ခွာသွားလေ၏။

''အချစ်မှာ မျက်စိမပါ''ဟူသော တင်စားချက်ကိုပင် ဆောင်ပုဒ်သဖွယ် လက်ကိုင်ထားပြီး မျက်စိကိုအဝတ်ဖြင့် ပိတ်စည်းကာ အိုးရိုက်ကစားသော ကစားနည်းသဖွယ် အချစ်ကို အပျော်စမ်းသပ်ကစားကြည့်ရာမှ ကြုံတွေ့လာရသည့် ကြေကွဲဝမ်းနည်းဖွယ် အနိဋ္ဌာရုံဖြစ်ရပ်မျိုးတွေ ထပ်မံမဖြစ်ပွားစေဖို့ သတင်းဖြန့်ချိ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးချိုက သူ့ရပ်ကွက်ကိုတော့ တာဝန်ယူသွားခဲ့လေပြီ။

ဒုရဲမှူးအာယုကတော့ 'ဖြစ်ရပ်မှန်အပေါ် အခြေပြုသည့် မှုခင်းဝတ္ထုတိုလေးများ'ရေးသားနေသော သူ့မိတ်ဆွေ စာရေးဆရာ နေထိုင်ရာ ရွှေပြည်သာဘက်သို့ ထွက်လာခဲ့သည်။

ကြင်ဦးလှ





www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com

ဝံ့ထောက်အခန်းဆက်ဝတ္ထုရှည်

# မင်းမဟာကျော်ခေါင်

## ချစ်သောပန်ထွာ





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

ယခင်လမှအဆက်

"မအံ့သြနဲ့ကွ၊ ဒါ အဖြစ်မှန်ပဲ၊ ငါ ပြောပြမယ်။ သရေခေတ္တရာတပ်ကြီးပျက်ပြီး တို့ဗိသနိုးမြို့တော်ကြီးလည်း ပုံမှန်အတိုင်း ပြန်ဖြစ်သွားချိန်မှာ အရှင်က မင်းကိုတွေ့ဖို့ ခေါ်တော်မူတယ်။ ဒါပေမဲ့ မင်းကို သူရှာလို့မတွေ့ဘူး။ တပ်မှူးပါလနဲ့သူ့ရဲ့အဖွဲ့သားတွေဟာ မြို့ထဲမှာ မင်းကိုရှာရင်း နောက်ဆုံး တံခါးမှူးနဲ့တွေ့ပြီး မင်းမြို့ပြင်ထွက်သွားတယ်ဆိုတဲ့ သတင်းကိုရတယ်"

"ဒါဆိုရင် မင်း အိမ်ပြန်တာပဲဖြစ်မယ်ဆိုပြီး ပါလက မင်းနောက်ကိုလိုက်ရတော့တာပေါ့။ နေဝင်သွားတဲ့နောက် လရောင်မှုန်ပျပျအောက်မှာ ပါလဟာ မြင်းကို အပြင်းနှင်လိုက်လာခဲ့ရင်း အင်ကြင်းတောထဲအရောက်မှာ မသမာသူလူတစ်စု မင်းကို မြားတွေနဲ့ ဝိုင်းပစ်ပြီး လုပ်ကြံနေတာလည်းတွေ့ရော ပါလက အတင်းဝင်ကယ်ရတော့တာပေါ့"

"သူ့ခမျာ အများနဲ့တစ်ယောက်ဖြစ်နေတဲ့အတွက် ခက်ခက်ခဲခဲတိုက်ရင်း မင်းကိုကယ်ဖို့ ကြိုးစားနေချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ငါကရောက်သွားတယ်။ ငါက ပါလမှန်းမသိဘူး။ ဒဏ်ရာရပြီး မြင်းအောက်ပြုတ်ကျနေတာ မင်းမှန်းလည်းမသိဘူး။ အများနဲ့တစ်ယောက် တိုက်ခိုက်နေတဲ့ပွဲမို့ အမြင်မတော်လို့ ဝင်ကူရင်း လူယုတ်မာတွေ လက်လွတ်ထွက်ပြေးသွားတော့မှ ဒဏ်ရာရနေတဲ့လူကို အသက်မှရှိသေးရဲ့လားလို့ ငါက မြင်းပေါ်က ဆင်းကြည့်မိတယ်"

"အဲဒီတော့မှ အသက်ငွေ့ငွေ့ရှိနေသေးတဲ့ မင်းမှန်းသိရတာကွ၊ ဒါကြောင့် ငါ ဒီကိုခေါ်လာပြီး မြားဆိပ်ကို ငါ့ညီမလေး စိတ္တာက အချိန်မီဖြေဆေးနဲ့ကုပေးလို့ မင်း မသေတာပေါ့ သူငယ်ချင်းရာ"

"သြော် . . ဒါဆိုရင်တော့ ပါလဟာ ငါ့ကျေးဇူးရှင်ဖြစ်နေတာပေါ့။ ငါ သူ့ကို အထင်လွဲမိတယ်ကွာ။ သူနဲ့တွေ့မှ ငါတောင်းပန်ပါ့မယ် . . ဒါနဲ့ . ."

သူရက မနီးမဝေးမှာထိုင်နေသည့် ဥက္ကာ၏ညီမ စိတ္တာဆိုသော မိန်းမငယ်ဆီ အကြည့်ရောက်သွားသည်။ စိတ္တာက ခေါင်းကလေးငုံ့၍ မျက်လွှာချထိုင်နေ၏။ စိတ္တာဆိုသည့်
မိန်းကလေးမှာ ပိတုန်းရောင်ကေသာ
နှင့် ကွေးညွတ်နေသည့် မျက်ခုံးညိုလဲ့
လဲ့ဖြင့် အရောင်တဖျတ်ဖျတ်တောက်
နေသည့် မျက်ဝန်းများ၊ ဖြောင့်စင်းပေါ
လွင်သည့် နှာတံ၊ သန္တာရောင်ရှိန်းစို့
နှုတ်ခမ်း၊ ပန်းနုရောင်သမ်းနေသည့်
ပါးအစုံ၊ ဖြူဝင်းနုမွတ်သည့် အသား
အရည်၊ အကွေ့အဝိုက် အပြေအပြော
အဖုအထစ်များဖြင့်ဖွဲ့စည်းထားသည့်
ခန္ဓာကိုယ်အချိုးအစား၊ အားလုံးကို ခြ
ကြည့်လိုက်လျှင် နတ်မိမယ်တစ်ပါးပမာ
အရှင့်အလှတွေ စုဝေးနေသည့် အရှင့်
ကိုယ်ပွားတော်တစ်ခုအဖြစ် မည်သူမှ
ငြင်းနိုင်မည်မဟုတ်။ ယုံကြည်ရန်ခက်
သော်လည်း မယုံလို့ကလည်း မဖြစ်သ
ဖြင့် ဖွတ်မိုတ်၍ လက်ခံရ၏။

"စိတ္တာက မင်းရဲ့ ညီမအရင်း
နော်"

"ဟုတ်ပါတယ်၊ ငါတို့မှာ ဒီမောင်
နှမနှစ်ယောက်ပဲ အရင်းအချာဆိုလို့
ရှိတယ်။ မိဘတွေ ဆုံးပါးသွားကြတာ
ကြာပါပြီ။ ငါ့ညီမလေးကို သနားလို့
အရွယ်ရောက်ကတည်းက တောင်းရမ်း
တဲ့အလုပ်ကို ငါမခိုင်းဘဲ သူ့ကို ငါ
လုပ်ကျွေးလာခဲ့တာပဲ"

"သူ့ဆေးအတတ် တတ်တာက
တော့ ငါတို့ရဲ့ ဘိုးဘေးမိဘတွေ စဉ်
ဆက်သုံးခဲ့ကြတဲ့ ဒွစဏ္ဍားကျမ်းကြီးကို

**အခုဖြစ်စဉ်က ငါ လေ့လာဖူးတဲ့အတိုင်း ပြောရရင် တနလ်ာဂြိုဟ်လို့ ခေါ်တဲ့လကို သောကြာဂြိုဟ်လို့ခေါ်တဲ့ သောကြာကြယ်ကြီးက ကျော်ဖြတ်ခဲ့တဲ့ ခုလိုဖြစ်စဉ်ကို နက္ခတ်အခေါ်အားဖြင့် ဂြိုဟ်ပူးခြင်းဖြစ်စဉ်လို့ ခေါ်တယ် . . .**


www.burmeseclassic.com

သူက အချိန်ပြည့် လေ့လာနေတဲ့အတွက် သမားတော်တစ်ယောက်လောက်ထိ ဆေးအတတ်ကို သူတတ်လာတာပဲ''

''တို့တွေဟာ ဆေးဝါးအတတ်ကို မတတ်လို့ မဖြစ်ဘူးလေ။ ဘာကြောင့်လည်းဆိုတော့ ဒွစဏ္ဍားနေထိုင်မကောင်းရင် ဘယ်သမားတော်ကိုမှ ဆေးကုပေးဖို့ ခေါ်လို့မရဘူးကွ။ ဒါနဲ့ နေပါဦး။ မင်း ခုနက အရှင့်အကြောင်းပြောနေတာ စိတျာနဲ့ အရှင့်ကို ကယောင်ကတန်းနဲ့ မင်းလူမှားနေတာလား''

''မဟုတ်ဘူး။ ကယောင်ကတန်းနဲ့လူမှားတာမဟုတ်ဘူး။ မင်းညီမစိတျာဟာ အရှင်နဲ့ ချုပ်စွပ်တူနေတယ်ကွ။ ဘယ်လိုမှခွဲခြားလို့မရအောင် ရုပ်ချင်းတူနေတာနော်။ သာမန်တူတာမျိုးမဟုတ်ဘူး''

နွေခေါင်ခေါင် မိုးကြိုးပစ်ချသံကြားလိုက်ရသလိုပင် ဥက္ကာအံ့သြတုန်လှုပ်သွားသည်။

''ဘုရား . . ဘုရား၊ အနိမ့်ကျဆုံး ဒွစဏ္ဍားမလေးနဲ့ အမြင့်မြတ်ဆုံးနိုင်ငံ့ဥသျှောင်ဘုရင်မကြီးနဲ့ ရုပ်ရည်ချင်းတူနေတာကိုသာ အာဏာပိုင်တွေသိသွားရင် ဘာဖြစ်နိုင်သလဲ သူ့ရဲ့အောင် အဲဒါ ရာဇဝတ်သင့်နိုင်သလား။ မဟုတ် လျှို့ဝှက်ဖျောက်ဖျက်တာ ခံရနိုင်သလား''

ဥက္ကာတစ်ယောက် အတော်ပင် စိတ်လန့်ကြောက်ရွံ့နေရှာ၏။ သူ့ရက–

''ကမ္ဘာလောကကြီးမှာ လူတွေ လောက်များလှတာ၊ လူတူမရှား နာမည်တူမရှားဆိုတာလို ဖြစ်နိုင်တာပေါ့ကွာ။ ရာဇဝတ်သင့်နိုင် မသင့်နိုင်ဆိုတာတော့ ငါလည်းဥပဒေသကို မလေ့လာဖူးတဲ့အတွက် အတိအကျမသိဘူးလေ။ တစ်ခုပဲရှိတယ်။ တပ်မှူးပါလဟာ ဘုရင်မကြီးရဲ့ အနီးကပ်ကိုယ်ရံတော်ဖြစ်တဲ့အတွက် သူနဲ့ရင်မဆိုင်မိအောင်တော့ နေပေါ့ကွာ''

''ကောင်းပါပြီကွာ၊ ငါ့ ညီမကို ငါ သတိပေးထားပါ့မယ်။ ပါလ ဒီကို လာလိမ့်ဦးမယ် ထင်တယ်ကွ။ မင်းအခြေအနေကို ဘုရင်မကြီးမေးရင် သံတော်ဦးတင်နိုင်အောင် လာကြည့်ဦးမယ်လို့ ပြောသွားတယ်''

''ဒါဆိုရင်တော့ စိတျာနဲ့ မတွေ့စေနဲ့ဦး''

''အေးပါလေ၊ ငါ့ ညီမကို ရှောင်နေခိုင်းလိုက်ပါ့မယ်။ မင်းအခြေအနေ ဘယ်လိုလဲ၊ နေရတာ သက်သာတယ်မဟုတ်လား''

''ဒဏ်ရာက သက်သာပါတယ်။ ဒါပေမဲ့ အားမရှိသလိုပဲ''

''အဲဒါက မြားဆိပ်ကြောင့်ဖြစ်တဲ့ ဝေဒနာပါ။ မစိုးရိမ်ပါနဲ့၊ သက်သာသွားပါလိမ့်မယ်။ ကဲ . . ဆေးတစ်ခွက်သောက်ပြီး တစ်ရေးလောက် အားရှိသွားအောင် အိပ်လိုက်ဦးကွာ။ ဘာကိုမှ တွေးမနေနဲ့၊ ငါ တစ်ယောက်လုံးရှိတယ်''



စိတျာက ဆေးလုံးတစ်လုံးနှင့် ရေတစ်ခွက် သူ့ရက်ကိုတိုက်သည်။ ဆေးသောက်ပြီး ခဏအတွင်းမှာပင် မျက်ခွံတွေလေးလံလာရာမှ သူ့ရ နှစ်ခြိုက်စွာ အိပ်ပျော်သွားလေ၏။



www.burmeseclassic.com

အခန်း(၁၄)

ကောလာဟလ၏ မြစ်ဖျားခံရာ

မည်မျှကြာအောင်ပင် အိပ်ပျော်သွားသည်မသိ၊ စိတ္တာတိုက်သည့်ဆေး၏ အာနိသင်မှာ လွန်စွာပင် အစွမ်းသတ္တိထူးများဖြင့် ပြည့်စုံပုံရ၏။ သူ နိုးလာချိန်တွင် မြားမှန်ခံထားရသည့် ဒဏ်ရာမှာ အနည်းငယ်ယားယံသည်မှအပ လုံးဝနာကျင်မှုမရှိတော့။

အိပ်နေရာမှ သွက်လက်ဖျတ်လတ်စွာ ထထိုင်လိုက်သည်။ ပကတိလူကောင်းတစ်ယောက်ပမာ ပေါ့ပါးလန်းဆန်းနေ၏။

သူရ ပတ်ဝန်းကျင်ကို လှေလာကြည့်လိုက်သည်။ ကျယ်ဝန်းလှသည့် အုတ်တိုက်ခန်းကြီးအတွင်း နံရံကပ်မီးတိုင်များ၏ အလင်းရောင်ဖြင့် မှိန်ပြစွာ လင်းလက်နေတာကို မြင်ရသည်။ ညဖြစ်ဟန်တူပါသည်။ အခန်းထဲတွင် ဥက္ကာလည်းမရှိ၊ စိတ္တာကိုလည်း မတွေ့ရ။ ပကတိ တိတ်ဆိတ်ငြိမ်သက်နေသည်။

သူရ အိပ်ရာခုတင်ပေါ်မှ ဆင်းလိုက်သည်။ အခန်းတစ်နေရာရှိ အပေါက်ဝဆီ လမ်းလျှောက်လာခဲ့သည်။ သူရောက်နေသည့် အခန်းသည် မြေတိုက်ခန်းဖြစ်၏။ အခန်းတစ်နေရာတွင် အပေါ်သို့တက်သည့် လှေကားထစ်များရှိသည်။

သူရ လှေကားထစ်များအတိုင်း အပေါ်သို့ တက်ခဲ့၏။ လှေကားထစ် ၁၁ ထစ်ခန့်တက်ပြီးချိန်တွင် ခန်းမကျယ်ကြီးထဲသို့ ရောက်သွား၏။ အေးမြသည့် ညလေပြည်၏ အထိအတွေ့ကိုလည်း ခံစားရ၏။

သူရခြေလှမ်းတွေက ခန်းမကျယ်ကြီးကိုဖြတ်၍ တံခါးပေါက်ဆီ ထွက်လာခဲ့၏။ အပြင်ဘက်တွင် သူ့ကို ကျောပေး၍ ညကောင်းကင်ယံကို မော့ကြည့်နေသည့် ဥက္ကာနှင့်စိတ္တာကို တွေ့ရသည်။ နောက်မှ သူ၏ခြေသံကြောင့် ဥက္ကာက လှည့်ကြည့်လိုက်သည်။ သူရကို မြင်သောအခါ ...

"ဟင် .. သူရ၊ မင်း နိုးလာပြီလား"

"အေးကွာ .. ငါ နိုးလာတော့ မင်းတို့မောင်နှမကို မတွေ့လို့ လိုက်ရှာတာကွ"

"တို့က ဒီမှာ သောကြာကြယ်နဲ့ လကို ကြည့်နေကြတာပဲ။ ဒီမှာ မင်းလည်း လာကြည့်စမ်းပါဦး"

သူရက ဥက္ကာဘေးမှာရပ်၍ ညကောင်းကင်ယံကို မော့ကြည့်လိုက်၏။

မှန်သည် ...

ဖြစ်တောင့်ဖြစ်ခဲ ထူးထူးဆန်းဆန်း လနှင့်ကြယ်ကို နီးကပ်စွာတွေ့ရ၏။ သူရ တစ်သက်တာတွင် ဤကဲ့သို့ မြင်ကွင်းမျိုး သူ သတိမထားခဲ့မိ။ သူရက အံ့အံ့သြသြဖြင့် ...

"အေးကွာ .. ဟုတ်ပါရဲ့၊ ငါဖြင့် တစ်ခါမှ ဒီလိုထူးထူးဆန်းဆန်းအနေအထားမျိုး သတိမထားမိဘူး"

"အေးလေ .. မင်း သတိမထားမိတာဖြစ်မှာပါ။ တကယ်တော့ ဒါဟာ သဘာဝဖြစ်စဉ်ထဲက တစ်ခုပဲကွ။ စကြဝဠာအနန္တလို့ခေါ်တဲ့ အာကာသကြီးထဲမှာရှိနေတဲ့ ဂြိုဟ်အစုအဝေးကြီးဟာ ရပ်တန့်နေတဲ့ ဂြိုဟ်က ရပ်တန့်နေသလို လှည့်ပတ်ရွေ့လျားနေတဲ့ ဂြိုဟ်ကလှည့်ပတ်ရွေ့လျားနေကြတယ်။ ဒါကို တို့က အသေအချာမလေ့လာ ကြလို့ မသိကြတာဘဲ။ ထဲထဲဝင်ဝင် လာသုတေသနပြုတဲ့ လောကဓာ ပညာရှင်တွေနဲ့ နက္ခတ္တဗေဒပညာရှ တွေဆိုရင် ဘယ်ဂြိုဟ်ဟာ ဘယ်အချိ ဘယ်လို ရွေ့လျားမယ်ဆိုတာ အတ အကျ ပြောနိုင်ကြတယ်ကွ"

ဥက္ကာလို ဒွစဏ္ဍားတစ်ယောက် ထံမှ သည်ကဲ့သို့သော စကားများကြား ရသဖြင့် သူရ အံ့အံ့သြသြဖြစ်ရသည် အမှန်။ သူရက ...

"မသိပါဘူးကွာ၊ ငါက တစ်ခုခု ထူးထူးခြားခြားဖြစ်မယ့် နိမိတ်လားလို့ စိုးရိမ်မိလို့ပါ"

ဥက္ကာက သက်ပြင်းမောကို ရှိုက် သည်။ ကောင်းကင်ကို မော့ကြည့်နေ ရာမှ အကြည့်ကို လွှဲဖယ်၍ သူရကို စောင်းငဲ့ကြည့်၏။

သူတို့ဘေးနားမှာ ရပ်နေသည့် စိတ္တာက သူတို့နှစ်ယောက် ပြောနေ သည့် စကားကို နားစွင့်နေ၏။ ဥက္ကာက–

"တို့ရဲ့ ဘိုးဘေးဘီဘင်တွေ လက်ထက်က ပြုစုထားခဲ့တဲ့ စကြဝဠာကြီးအတွင်းက ဂြိုဟ်နက္ခတ်တွေနဲ့ ကြယ်တာရာအစုအဝေးကြီးတည်နေပုံ၊ ရွေ့လျားလည်ပတ်ပုံ စတာတွေကို အသေးစိတ်မှတ်တမ်းတင်ထားတဲ့ ရှေးဟောင်းနက္ခတ္တဗေဒကျမ်းကြီးတစ်စောင်ရှိတယ်။ နောင်တစ်ချိန် မင်းစိတ်ဝင်စားလို့ ကြည့်ချင်ရင် ငါပြပါ့မယ်"

"ဟုတ်လား .. ငါစိတ်ဝင်စားတယ်ကွာ၊ ဆက်ပြောစမ်းပါဦး"

"အခုဖြစ်စဉ်က ငါ လေ့လာ တဲ့ အတိုင်း ပြောရရင် တနင်္လာဂြိုဟ်လို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်တဲ့လကို သောကြာဂြိုဟ်လို့ခေါ်တဲ့ သောကြာကြယ်ကြီးက ကျော်ဖြတ်ခဲ့တဲ့ ခုလိုဖြစ်စဉ်ကို နက္ခတ်အခေါ်အားဖြင့် ဂြိုဟ်ပူးခြင်းဖြစ်စဉ်လို့ ခေါ်တယ်။

၁၀ နှစ်တစ်ကြိမ် ဒီလိုဖြစ်စဉ်မျိုးဖြစ်တယ်။ လကို သောကြာကြယ် နီးကပ်တဲ့ ဖြစ်စဉ်ဖြစ်ပေါ်တဲ့ အခုရာသီအနေနဲ့ မေထုန်ရာသီဖြစ်တယ်။ ရာသီအခေါ်အရတော့ မရဏပါဝရာသီလို့ ခေါ်တယ်''

သူရက ဥက္ကာပြောပြနေသည်များကို စိတ်ပါဝင်စားစွာ နားထောင်ရင်း သူ့မျက်လုံးအစုံက တိမ်သားတိမ်မျှင်ကင်းစင်နေသည့် ကောင်းကင်ယံမှ လင်းလက်တောက်ပနေသောလနှင့် ကြယ်ကြီးကို ငေးကြည့်နေမိရာ၏။ ဥက္ကာက ဆက်ပြောသည်။



''ရှေးလူကြီးတွေ ပြောစမတ် ဆိုရိုးအရတော့ မုန်တိုင်း ဒါမှမဟုတ် မြေငလျင်ဖြစ်ပေါ်တတ်တယ်လို့ ဆိုသကွ။ သတိထားကြရလိမ့်မယ်''

သူရက ဥက္ကာ၏ အပြောကို သဘောကျသွား၏။ အထင်ကြီးလေးစားသည့် မျက်လုံးဖြင့်လည်းကြည့်သည်။

''အင်း မင်းက နက္ခတ်ဆရာလို့တောင် ပြောလို့ရအောင် နက္ခတ်ဗေဒ အတတ်ပညာကိုလည်း တော်တော် တီးမိခေါက်မိတာပဲနော်''

''ဒါကတော့ကွာ၊ ဘိုးဘွား အမွေအနှစ်ကို ထိန်းသိမ်းထားတာဆိုပါတော့၊ တို့ဘိုးဘွားတွေရဲ့ အဆိုအရပြောရရင် နောင်းခေတ်လူသားတွေဟာ ကြယ်တွေနဲ့ လဆီကိုတောင် ယာဉ်ပျံတွေနဲ့ ရောက်အောင် သွားကြလိမ့်မယ်လို့ ဒီစာအုပ်ကြီးထဲမှာ မှတ်တမ်းတင်ထားတာရှိတယ်ကွ''

''ဒါနဲ့ မင်း အခု ဘယ်လိုနေသေးလဲ။ နေရတာပေါ့ပါးရဲ့လား။ အနာကရော နာသေးလား''

''စိတ္တရာရဲ့ဆေးက တော်တော် စွမ်းတာပဲကွာ။ ငါ အခု လူကောင်းအတိုင်း ဖြစ်နေပါပြီ''

စိတ္တရာက သူရ၏ ချီးမွမ်းခံလိုက်ရသဖြင့် အရှက်မျက်နှာကို သူရမမြင်အောင် ခေါင်းငုံ့ချသွား၏။ ဥက္ကာက ပြောသည်။

''ကဲ ‥ သူရ မင်းက ဒီမှာ ကြာကြာနေလို့ မဖြစ်သေးဘူးကွာ။ ခုမှ နလန်ထစရှိသေးတယ်။ အအေးမိပြီး ပြန်ဖျားနေရင် ထပ်ပြီး ဆေးကုနေရဦးမယ်ကွ။ ကဲ ‥ လာကွာ အထဲပြန်ဝင်ရအောင်''

''ကောင်းပါပြီကွာ''

သုံးယောက်စလုံးပင် ဇရပ်ကြီးအတွင်းသို့ ပြန်ဝင်ခဲ့ကြ၏။ ကောင်းကင်မှ လနှင့် သောကြာကြယ်ကြီးမှ တစစ နီးသည်ထက်နီးစပ်ပြုနေပြီ။

+++

နံနက်ဝေလီဝေလင်းအချိန်ဖြစ်သည်။ မြို့တွင်းလမ်းမကြီးပေါ်တွင် မြင်းတစ်စီး အပြင်းစိုင်းနှင်လာ၏။ မြင်းကြီးမှာ ခရီးဝေးကြီးမှ ပြေးလာခဲ့ရဟန်ဖြင့် မောကြီးပန်းကြီး နှာတဖူးဖူးမှုတ်လျက်ရှိသည်။ မြင်းစီးသမားက ဇက်ကို လွှတ်ပေးထားသဖြင့် ခွာသံ ဖြောင်းဖြောင်းထအောင် ပြေးလွှားနေသံသည် ဝန်းကျင်ကိုပင် ပဲ့တင်ထပ်နေ၏။

မြင်းစီးသမားက နန်းရင်းဝန်ကြီး ဒသ၏ စံအိမ်တော်ကြီးရှေ့တွင် မြင်းဇက်ကိုသတ်၍ ရပ်တန့်စေလိုက်သည်။ မြင်းကြီးက ရုတ်တရက် ရပ်တန့်လိုက်သဖြင့် အလန့်တကြား ဟီသံပေးလျက် မတ်တပ်ရပ်လိုက်သည်။ လက်နှတ်



www.burmeseclassic.com

ကိုယ်စီကိုင်ဆောင်ထားသည့် ဝန်းတော်စောင့်ရဲမက်များ ပြေးထွက်လာလျက် မြင်းကြီးကို ဝိုင်းသည်။ အန္တရာယ်ပြုလာလျှင် ခုခံဖို့လည်း လက်နက်များဖြင့် အသင့်ချိန်ရွယ်ထား၏။

''ဟေ့ မင်း ဘယ်သူလဲ၊ မြင်းပေါ်ကဆင်းစမ်း''

ရဲမက်ခေါင်းဆောင်က မြင်းစီးသမားကို လှံဖြင့်ချိန်၍ အမိန့်ပေးခြင်းဖြစ်သည်။ မြင်းစီးသမားက မြင်းပေါ်မှ အေးအေးဆေးဆေးဆင်းသည်။ ချွေးများဖြင့် ရွှဲနေသည့် သူ၏ အဆီပြန်မျက်နှာကြီးကို အောက်ပိုးကျိုက်ထားသည့် ပုဆိုးခါးပုံစံဖြင့် သုတ်လျက် ...

''ကျုပ် ဝန်မင်းနဲ့တွေ့ဖို့လာတာ''

''အောင်မယ် ... မင်းကများ ရာရာစစ၊ ဝန်မင်းနဲ့တွေ့ချင်တိုင်းတွေ့လို့ရမလားကွ။ ရီးတီးယားတားမလုပ်နဲ့နော်။ သေသွားမယ်။ ပြောစမ်း ဘာကိစ္စနဲ့တွေ့ချင်တာလဲ''

''ကျုပ်လာရင်းကိစ္စ ခင်ဗျားတို့ကို ပြောလို့တော့ မဖြစ်ဘူးဗျာ။ ဝန်မင်းနဲ့အရေးတကြီးတွေ့ဖို့ရှိလို့ လာတာပဲ။ ဒါကို ပြလိုက်ရင် ဝင်ခွင့်ပေးလိမ့်မယ်လို့ ဝန်မင်းက မှာထားတယ်လေ။ ကဲ .. ရော့ .. ကြည့်ကြပါဦး''

မြင်းစီးသမားက ရဲမက်ခေါင်းဆောင် သွေးသောက်ကြီးကို သူ့လက်ထဲမှ လျှို့ဝှက်တံဆိပ်ပြားကလေးကို ပြလိုက်သည်။

''ဟင်''

တံဆိပ်ပြားကို မြင်လိုက်သည်နှင့် ဝန်းတော်စောင့်တပ်မှ သွေးသောက်ကြီးမှာ ကြက်သီးမွေးညင်းထသွား၏။ တံဆိပ်မှာ ဂဗ္ဗရ ဟူသော ဂဏန်းများကို အမောက်ထောင်၍ မာန်တင်းထားသော နဂါးတစ်ကောင်က ပတ်ထားပုံဖြစ်သည်။ သည်တံဆိပ်ပြားကို မြင်လိုက်သည်နှင့်ပင် .. သူ့သခင် ဝန်မင်းမှာထားသည်ကို ချက်ချင်းသတိရလိုက်၏။

''ဒီတံဆိပ်ပြားဟာ ငါ့ရဲ့ လျှို့ဝှက်တံဆိပ်တော်ပဲ။ အဲဒါကို ပြပြီး ငါ့ဆီဝင်ခွင့်တောင်းရင် အစစ်အဆေးအမေး အမြန်းမရှိဘဲ ချက်ချင်းပို့ပေးရမယ်''

ဝန်းတော်စောင့် သွေးသောက်ကြီး၏ ခက်ထန်နေသည့် မျက်နှာက လျော့ကျသွားသည်။ ဤသူမှာ သူ့သခင်၏ လျှို့ဝှက်အဆက်အသွယ် အတွင်းလူမှန်း သဘောပေါက်သွား၏။ သူက မျက်နှာချိုသွေးရင်း ...

''ကျုပ် မသိလို့ တားမိတာပါ မိတ်ဆွေ၊ ကဲ ..ကဲ လာပါ စံအိမ်တော်ထဲမှာ ဝန်မင်းရှိနေပါတယ်။ ကျုပ်လိုက်ပို့ပေးပါ့မယ်''

သွေးသောက်ကြီးက အထောက်တော်၏မြင်းကို ဝင်းဝမှာပင် ရပ်ထားစေခဲ့လျက် လူကိုတော့မူ သူကိုယ်တိုင် သူ့သခင်ဆီ လိုက်ပို့ပေးသည်။ ညက အသောက်များသဖြင့် အမူးပြေသေးဟန်မတူသော နန်းရင်းဝန်ကြီး ဒဿန၏ ရှေ့တော်သို့အရောက် ...

''ညှိသည်လာပါတယ် ဝန်မင်း''

''ဟေ''

စောစောစီးစီး ညှိသည်ဆိုသဖြင့် နှစ်လိုဟန်မရှိသော မျက်လုံးများဖြင့် ဒဿနက လှမ်းကြည့်ရင်းမှ မှတ်မိသွားလျက် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

''
ပန်ထွာဘုရင်မရဲ့
ဘုန်းကံရှိန်စော်ကို
ဘယ်သူမှယှဉ်တုနိုင်မှာ
မဟုတ်တဲ့အတွက်
ထပ်မံ ... ပါကျဦးမယ်ဆိုရင်လည်း
ရှုံးနိမ့်ဦးမှာပဲ
ရင်ဆိုင်ရဦးမှာပါပဲ မိတ်ဆွေ။
ဘုရင်မမှာ
အတုလစည်တော်
ရှိနေတယ်ဆိုတာ
သတိချပ်သင့်ပါတယ်
''


www.burmeseclassic.com

www.burmeseclassic.com





''အိုး ..ကျုပ်က ဘယ်သူများလဲလို့၊ ကြွပါ မိတ်ဆွေ''

သွေးသောက်ကြီး ရင်ထိတ်ထိတ်ခုန်သွား၏။ ညှဉ့်သည်ကို မြင်လိုက်ရသောအခါ သူ့သခင် နန်းရင်းဝန်မင်း၏ မျက်လုံးထဲတွင် ထိတ်လန့်သွားသည့် အရိပ်များ စွန်းထင်းသွားသည်ကို သတိပြုမိလိုက်၏။

မိမိသခင်လို မားထက်သည့် နန်းရင်းဝန်ကြီးပင်လျှင် အထိတ်တလန့်ဖြစ်လောက်သည့် ညှဉ့်သည်မှာ မည်သို့သော လူစားမျိုးဖြစ်မည်ကိုပင် မတွေးတတ်တော့။ တစ်ဆက်တည်းပင် စောစောက ထိုညှဉ့်သည်ကို သူက မချေမငံဆက်ဆံမိသည်ကိုများ ဝန်မင်းကို တိုင်လျှင် အပြစ်တစ်ခုခုရနိုင်ကြောင်း တွေးမိသဖြင့် စိုးရိမ်သွားသည်။ သူ့သခင်ဝန်မင်းက သူ့ကို ထိုအခန်းထဲမှထွက်သွားရန် မျက်ရိပ်ပြလိုက်သဖြင့် သွေးသောက်ကြီးချာခနဲလှည့်ထွက်ခဲ့သည်။

ဝန်မင်းက မျက်နှာမသာမယာဖြင့် ညှဉ့်သည်ကိုကြည့်ရင်း မအောင်မြင်လိုက်သည့် လုပ်ကြံမှုအတွက် ယူကျုံးမရစွာ ပြောလိုက်သည်။

''ဖြစ်ပျက်သွားရတဲ့ ကိစ္စအဝဝအတွက်တော့ ကျုပ်လည်း ခုထိ ကြေကြေကွဲကွဲ ခံစားနေရဆဲဖြစ်ပါတယ်။ ခုလာတာ ဘုရင်မင်းမြတ်က ဘာများအမိန့်တော်ရှိလိုက်ပါသလဲ မိတ်ဆွေကြီး''

ညှဉ့်သည်တော်ကြီးက သူ့သခင်ဒွတ္တဘောင်ဘုရင်မင်းမြတ် မိန့်ကြားလိုက်သည့် စကားကို အမှတ်ရလိုက်၏။

''တို့ အခုရှုံးတာဟာ တို့ သရေခေတ္တရာဘက်က စပြီး သတင်းပေါက်လို့ ရန်သူက ပြင်ဆင်ချိန်ရသွားတာပဲ။ ပန်ထွာနိုင်ငံထဲက လူတွေမှာ အပြစ်မရှိဘူး။ ဒါပေမဲ့ အဲဒါကို အတတ်နိုင်ဆုံးဖုံးဖိထားပြီး တို့ဘက်က သဘောထားကြီးကြောင်း ပြရမယ်။ ဒါမှ နောက်တစ်ခါလုပ်ကြံမယ့်အရေးမှာ သူတို့ဆီက အကူအညီတွေရမယ်''

သူ့အရှင်၏ သဘောထားအရ ညှဉ့်သည်တော်ကြီးက တင်းထားသည့် မျက်နှာကို ပြင်လိုက်သည်။

''ပြီးခဲ့တဲ့အရေးမှာ ဘယ်သူ့ကြောင့် ရှုံးနိမ့်ခဲ့ရတယ်ဆိုတာ တစ်ဖက်နဲ့တစ်ဖက် အပြစ်ဖို့မနေတော့ပါဘူးလို့ ကျုပ်တို့ ဘုရင်မင်းမြတ်က အမိန့်တော်ရှိလိုက်တယ်''

''ဒါပေမဲ့ သရေခေတ္တရာအပေါ် ကျူးလွန်လိုက်တဲ့ ဗိဿနိုးရဲ့သွေးကြွေးကို မဆပ်မရမချင်း ကျေနိုင်မှာမဟုတ်တဲ့အတွက် နောက်တစ်ဖန်လုပ်ကြံဖို့ ထပ်မံကြိုးစားရမယ်လို့ အမိန့်တော်မှတ်လိုက်ပါတယ် ဝန်မင်း''

နန်းရင်းဝန်ကြီးဒဿနက ခေါင်းကို သွက်သွက်ခါရမ်းလိုက်၏။ အသစ်တစ်ဖန်လုပ်ကြံဖို့ ကြိုးစားဦးမည်ဆိုခြင်းကို လုံးဝလက်မခံနိုင်တော့။

သူက ...

''ပန်ထွာဘုရင်မရဲ့ ဘုန်းကံရှိန်စော်ကို ဘယ်သူမှယှဉ်တုနိုင်မှာမဟုတ်တဲ့အတွက် ထပ်မံလုပ်ကြံဦးမယ်ဆိုရင်လည်း ရှုံးနိမ့်မှုနဲ့ပဲ ရင်ဆိုင်ရဦးမှာပါပဲ မိတ်ဆွေ။ ဘုရင်မမှာ အတုလစည်တော် ရှိနေတယ်ဆိုတာ သတိချပ်သင့်ပါတယ်''



www.burmeseclassic.com

"အတုလစည်တော်ရဲ့ အစွမ်းကိုလည်း အားလုံးမျက်ဝါးထင်ထင် မြင်ကြရပြီမို့ ဗိသနိုးကို ထပ်မံလုပ်ကြမယ့် အစီအစဉ်ကို စွန့်လွှတ်လိုက်ဖို့ ဘုရင်မင်းမြတ်ကို လျှောက်တင်ပေးပါ မိတ်ဆွေကြီး"

"ဟား ... ဟား ... ဟား"

သရေခေတ္တရာလို့ဂုဏ်အထောက်တော်က ဟန်ကိုယ်ဖို့ဟူသည့် သဘောဖြင့် အားပါးတရ ရယ်မောလိုက်၏။

"ဘုရင်မင်းမြတ်ကလည်း အခုဝန်မင်းပြောခဲ့တာတွေကို နားလည်သဘောပေါက်ပြီးဖြစ်ပါတယ်လေ။ ဒါပေမဲ့ ဗိသနိုးကို လုပ်ကြံမယ့် အစီအစဉ်ကိုတော့ စွန့်လွှတ်မှာမဟုတ်သလို အလျင်စင်ရိုလည်း လုပ်မှာမဟုတ်ဘူး"

"ဘုရင်မရဲ့ ဂမ္ဘီရအစွမ်းကို လောကဓာတ်ပညာနဲ့ တုံ့ပြန်မှာမို့ အခုလို အခါသင့်တုန်းမှာ အစပျိုးထားဖို့ မိန့်တော်မူလိုက်တာပါ"

"ဘာ ... ဘယ်လို အခါအခွင့်သင့်တာလဲ"

"ကောင်းကင်မှာ သောကြာကြယ်ကြီးနဲ့လ နီးကပ်သွားတဲ့ ဂြိုဟ်ပူးယှဉ်ခြင်းဖြစ်စဉ်ကို ဝန်မင်းသတိထားမိလိုက်သလား"

"အင်း ... ဟင်း ... ဟင်း ကျုပ်ကတော့ အဲဒီညက အသောက်များလို့ အမူးလွန်နေတာနဲ့ မကြည့်လိုက်မိဘူး။ ကျုပ်ရဲ့ အိမ်တော်သားတွေ ပြောကြတာတော့ ကြားမိပါရဲ့"

ဒဿနက အရှက်ပြေပြောရင်းမှ ...

"နေပါဦး အဲဒါ ဘာဖြစ်လို့ပါလိမ့်"

"အဲဒါဟာ ဗိသနိုးကို အသစ်တစ်ဖန်လုပ်ကြံဖို့ သေနင်္ဂဗျူဟာအခင်းအကျင်းရဲ့ နိဒါန်းပဲပေါ့ ဝန်မင်းရဲ့"

ဒဿနတွေတွေဝေဝေဖြစ်သွားသည်။ သူ ဘာမှနားမလည်။ ဂမ္ဘီရအစွမ်းနှင့် လောကဓာတ်ပညာဆိုသည်များမှာ ဘာတွေများပါလိမ့်။

"ကျုပ်ကတော့ အခုထက်ထိ သဘောမပေါက်သေးပါဘူးဗျာ"

"ဒါဆိုရင် ကျုပ်တို့အရှင်ဘုရင်မင်းမြတ်ရဲ့ အစီအမံကို ပြောပြပါ့မယ်။ ဒီလိုပါ ..."

## အခန်း(၁၅)

## အဖျက်သမားဏ် ခြေရာ

ဥက္ကာ ဗိသနိုးဈေးကြီးထဲသို့ ရောက်လာသည်။

အရင်က ဒီဈေးကြီးထဲတွင် တောင်းရမ်းသည့် ဒွစဏ္ဍားအလုပ်ကို လုပ်၍ သူတို့မောင်နှမဘဝ ရပ်တည်ခဲ့ကြသော်လည်း ဗိသနိုးသူရဲကောင်းရွေးပွဲ ဝင်ရောက်ယှဉ်ပြိုင်ပြီးကတည်းက တောင်းရမ်းခြင်းအလုပ်ကို သူမလုပ်ဖြစ်တော့။

သူ့လို ဗိသနိုးသူရဲကောင်းဥသျှောင်ဘွဲ့ရရှိခဲ့သည့် လူတစ်ယောက် ဒွစဏ္ဍားဖြစ်နေခြင်းမှာ သူရဲကောင်းဥသျှောင်ချီးမြှင့်ပေးခဲ့သည့် ဘုရင်မကြီး၏ ဂုဏ်သိက္ခာတော်ကို စော်ကားမော်ကားပြုရာကျမှာစိုးသည်လည်း တစ်ကြောင်း။ အခြားတစ်ပါး တိုင်းနိုင်ငံများမှ သိရှိသွားပါကလည်း နိုင်ငံတော်နှင့် ဗိသနိုးနိုင်ငံသားများ၏ သိက္ခာကို ထိခိုက်မှာစိုးသည်လည်း တစ်

ကြောင်းကြောင့် ဒွစဏ္ဍားအလုပ်ကို မ
လုပ်ဖြစ်တော့ခြင်းဖြစ်၏။

သို့သော် ကြက်မှာအရိုး လူမှာ
အမျိုးဆိုသကဲ့သို့ မိဘမျိုးရိုးမှဆင်း
သက်၍ ဒွစဏ္ဍားဖြစ်ခဲ့ရသူမို့ ဘဝမေ့
ရန်လည်း သူ့ကိုယ်သူ ပြန်၍ ဆုံးမရ
လေသည်။

ဈေးထဲဝင်၍ ခြံထွက်သီးနှံလေး
များကို ရောင်းသည်။ သူနှင့် ညီမလေး
စိတ္တာအပြင် သူရအတွက်ပါ လိုအပ်
သည့် ပစ္စည်းများ ဝယ်ပြန်၏။ သူ့ကို
ဗိသနိုးသူရဲကောင်းဘွဲ့ရထားသူဟု သိ
ကြသည့် ဈေးသည်များက သာသာထိုး
ထိုးရောင်းပေးကြသည်။

ထိုအချိန်မှာပင် ...

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်
ပေပေရေရေနှင့် လူတစ်ကိုယ်လုံး ချေး
(ကျီး)အထပ်ထပ်နှင့် ဆံပင်ဖရိုဖရဲ နှုတ်
ခမ်းမွေး၊ မုတ်ဆိတ်မွေး ဖလဗျစ်နှင့်
အရူးတစ်ယောက် ဈေးအတွင်းလှည့်
လည်၍ ပေါက်ပေါက်ဖောက်သကဲ့သို့
စကားတွေပြောရင်းမှ ...

"သောကြာကြယ်ကြီး လနဲ့နီး
ပြည်ကြီးပျက်လတ္တံ့၊

စည်တော်အတုလ သိဒ္ဓိက
ကျွန်ဘဝရောက်မည်ပ"

အရူးကြီးပါးစပ်မှ အသံကျယ်
ကျယ်ဖြင့် အော်ဟစ်ရင်း ဈေးအနှံ့
လျှောက်သွားနေ၏။

ကြားရသူအပေါင်း အထိတ်တ
လန့်ဖြစ်ကြ၏။ တစ်ယောက်မျက်နှာ
တစ်ယောက်ကြည့်၍ မှင်သက်နေမိ
သူများလည်း ရှိ၏။ ရောင်းသူဝယ်သူ
များဖြင့် ညံစီနေသည့် ဈေးကြီးတစ်
လုံး ငြိမ်ကျသွားသည်။ ထိုစဉ် ဈေ



www.burmeseclassic.com

www.burmeseclassic.com



သည့်မနှစ်ယောက်၏ စကားသံထွက်လာ၏။

''ကောင်းကင်မှာ သောကြာကြယ်က လက်ကို ဖောက်သွားတာတော့ ငါလည်း မြင်လိုက်တယ်။ ထူးဆန်းတယ်လို့ အောက်မေ့တာ။ အရှူးကြီး အော်သွားတဲ့ တဘောင်သံကြားရတော့မှပဲ သဘောပေါက်တော့တယ်''

''အေးလေ ..အရူးစကား၊ ကလေးစကား၊ သဘင်သည်စကား မှန်တတ်တယ်တဲ့။ ဘုရား ..ဘုရား တို့နိုင်ငံကြီး ပျက်မယ်ဆိုပါလား။ ဒီတဘောင်ကို ဘုရင်မကြီး ကြားပါစေလို့ ဆုတောင်းရတော့မှာပဲ။ ဘုရင်မကြီးကြားရင်တော့ အတုလစည်တော်ကြီးကို ပြန်ပြီး သိဒ္ဓိတင်နိုင်မှာပေါ့ဟယ်''

တစ်ယောက်တစ်ပေါက်ဖြင့် တစ်ဈေးလုံး ပွက်လောရိုက်သွား၏။ ကြားရသူတိုင်း တုန်လှုပ်ချောက်ချားနေသည်ကို ဖုံးဖိမထားနိုင်ကြတော့။ ဈေးထဲရောက်နေသည့် ဥက္ကာကိုယ်တိုင်လည်း ကောင်းကောင်းကြီး ကြားလိုက်သည်။ ရုတ်တရက် တွေဝေစွာရပ်နေမိရာမှ တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်သဖြင့် အရူးကြီးသွားရာနောက်သို့ သုတ်သုတ်လျှောက်၍လိုက်သွားလေ၏။

+++

သူ့ရ ပန်းပုရုပ်ကလေး ထွင်းနေ၏။ အင်ကြင်းသားအပိုင်းကလေးကို ဓားနှင့်လှီးသည့်နေရာလှီးသည်။ ဓားဦးချွန်နှင့် ထွင်းသည့်နေရာထွင်းသည်။ အမှုံ့အမောက် အချိုင့်အဝှမ်းများကို လက်ဆမှန်မှန်ဖြင့် ထွင်းထုနေသဖြင့် အရုပ်ကလေးမှာ တစစရုပ်လုံးပေါ်လာ၏။ အရုပ်ကလေးကို စိတ်ဝင်စားစွာ ထွင်းထုနေမိသဖြင့် ပတ်ဝန်းကျင်ကိုပင် သူစိတ်မဝင်စားနိုင်တော့။ ထမင်းမေ့ဟင်းမေ့ပင်။ သည့်လိုမှ တစ်ခုခုကို စိတ်ဝင်တစားလုပ်မနေလျှင် သူ မည်သို့မျှ မနေတတ်တော့။ သူ နေကောင်းသွားပြီဖြစ်၍ ပြန်တော့မည်ဟုဆိုသောအခါ ဥက္ကာက တားသည်။

သူ့ရကို လုပ်ကြံသူများသည် သူ့ရမသေမှန်းသိလျှင် ထပ်မံလုပ်ကြံနိုင်သေးသည်ဟု ဆို၏။ မှန်တော့လည်း မှန်သည်။ ယခုထိ သူ့ကို လုပ်ကြံသူများအား မဖော်ထုတ်နိုင်သေးသဖြင့် မည်သည့်အချိန်တွင် အန္တရာယ်ပေးလာမည်ကို မသိနိုင်ပေ။

ထို့ကြောင့်ပင် ယခုကဲ့သို့ လူသူအရောက်အပေါက်နည်းသော သချိုင်းကြီးထဲရှိ ဇရပ်ပျက်ကြီးအောက်မှ လှို့ဂှက်မြေတိုက်ခန်းထဲတွင် ဆက်လက်ခိုရာဖျောက်နေရန် ဥက္ကာက ဖျောင်းဖျထားသဖြင့် သူ နေနေရခြင်း ဖြစ်သည်။

ဥက္ကာရှိနေလျှင် တော်သေးသည်။ သူငယ်ချင်းနှစ်ယောက် ရောက်တတ်ရာရာထွေရာလေးပါး ပြောဆိုနေရသဖြင့် အပျင်းပြေသည်။ ယခုကဲ့သို့ ဥက္ကာ ဗိသနိုးမြို့တော်မှ ဈေးကြီးသို့ ဈေး ဝယ်သွားနေချိန်မျိုးမှာတော့ တစ်ယောက်တည်း အထီးကျန်သလို ဖြစ်နေသည်။



စိတ္တာကလေးကလည်း စကားနည်းသူဖြစ်သည်။ အစ်ကိုဖြစ်သူ၏ သူငယ်ချင်းမို့ ရဲရဲတင်းတင်းမဆက်ဆံရဲရှာ။ သူ့ရကတော့ စိတ္တာကလေးကို ကျေးဇူးရှင်တစ်ယောက်အဖြစ် အသိအမှတ်ပြုထားသည်။ သူ့ဒဏ်ရာကို ပျောက်ကင်းသည်ထိ စိတ္တာကလေးက ကုသပေး၍ သူ့အသက်ကို ကယ်တင်ထားသူဖြစ်၏။

ထွင်းထုနေသော အင်ကြင်းသား အရုပ်ကလေးပြီးလျှင် စိတ္တာကို လက် ဆောင်ပေးရန် သူက ရည်ရွယ်ထားသည်။ အရုပ်ကလေးမှာ သူ၏ လက်တစ်ထွာတိတိရှိ၏။ သူ့ရ၏ ဖခင်ကြီးမှာ သရေခေတ္တရာနိုင်ငံမှ အကျော်ဒေးယျ ဗိသုကာပညာရှင်ကြီးပီပီ သူ့ရ ငယ်စဉ်က ပန်းပုပညာကို သင်ကြားခဲ့သဖြင့် ပန်းပုပညာကို သူက ကျွမ်းကျွမ်းကျင်ကျင်တတ်မြောက်ထားသည်။ ခုပင်ကြည့် အချို



www.burmeseclassic.com

ကလေးက စိတ္ကျာ၏ ရုပ်လုံးပေါ်လာနေပြီ။

အရုပ်ထွင်းနေသည့် အလုပ်မှာ စိတ်ဝင်စားနေသဖြင့် အနီးသို့ စိတ္ကျာ လာရောက်ရပ်လိုက်သည်ကိုပင် သတိမပြုမိလိုက် ...

"အစ်ကိုသူရ ဘာလုပ်နေတာလဲဟင်"

"ဟေ"

ရုတ်တရက်မို့ သူရ အလန့်လန့် အဖျတ်ဖျတ် လှည့်ကြည့်မိ၏။ စိတ္ကျာကို တွေ့လိုက်တော့မှ ..

"ဩော် အရုပ်ထွင်းနေတာကွဲ့၊ ကဲ .. ဒီမှာ ကြည့်ပါဦး၊ ဒီအရုပ်ကလေးဟာ ဘယ်သူနဲ့တူသလဲလို့"

စိတ္ကျာက သူရပြသည့် အင်ကြင်းသား ပန်းပုရုပ်ကလေးကို လက်ထဲမှ ယူကြည့်သည်။

"ဟယ် ကြည့်စမ်း၊ ဒါ ဒါ စိတ္ကျာရဲ့ ပုံတူအရုပ်ကလေးမဟုတ်လား။ အစ်ကိုသူရက တော်လိုက်တာ။ စိတ္ကျာရဲ့မျက်နှာကို ကြေးမုံပြင်ထဲမှာ ပြန်ကြည့်ရသလို တူလိုက်တာ အစ်ကိုသူရရယ်၊ ဒီအရုပ်ကလေးပြီးသွားရင်း စိတ္ကျာကိုပေးပါလားဟင်"

"ပေးမှာပေါ့၊ စိတ္ကျာကို လက်ဆောင်ပေးဖို့ ဒီအရုပ်ကို ထုတာပဲလေ"

"အိုး .. ဝမ်းသာလိုက်တာ အစ်ကိုသူရရယ်"

ကလေးတစ်ယောက်နှယ်ပင်ဝမ်းသာပျော်ရွှင်သွားသည်။ စိတ္ကျာကလေးကိုကြည့်၍ သူရ ကြည်နူးသွားသည်။ ပစ္စက္ခ သူ့ဘဝက တစ်ကောင်ကြွက်မို့ အသက်သခင်ကျေးဇူးရှင်များဖြစ်သော ဥက္ကာနှင့် စိတ္ကျာကို သူ၏ မိသားစုဟူ၍ သဘောထားရတော့မည်ပင်။

အချိန်မှာ တစစ နေစောင်းလာနေပြီ။

မနက်က ဗိသနိုးမြို့တော်၏ ဈေးသို့ ဈေးဝယ်ထွက်သွားသော ဥက္ကာ ပြန်မရောက်လာသေး။ သူရနှင့် စိတ္ကျာ စိတ်ပူစပင်ပြုလာ၏။

**ကြိုဟ်ပူးယှဉ်တာဟာ**
**သဘာဝတရားအရ**
**ဖြစ်ရိုးဖြစ်စဉ်ပါလို့**
**မင်းကို ငါပြောဖူးတယ်**
**မဟုတ်လား။ အဲဒါကို**
**လူမသမာတွေက**
**အတိတ်လိုလို၊ နိမိတ်လိုလို၊**
**တဘောင်လိုလိုဖြစ်အောင်**
**ဖန်တီးကတည်းက**
**ဒါဟာ ငါတို့ရဲ့ဗိသနိုး**
**မြို့တော်ကြီးကို**
**ဖျက်လိုဖျက်ဆီး**
**လုပ်ကြံလိုသူ**
**သစ္စာဖောက်တွေရဲ့**
**အကြံဆိုတာ**
**ငါ ရိပ်မိတယ်ကွ...**

"အစ်ကိုကြီးကလည်း ကြာလိုက်တာ၊ ဘာဖြစ်လို့ အပြန်နောက်ကျနေတာလဲ မသိဘူးနော်"

"အေး .. ဟုတ်ပါရဲ့"

ထိုအချိန်မှာပင် ခပ်ဝေးဝေးမှ မြင်းခွာသံသဲ့သဲ့ကြားရ၏။ နှစ်ယောက်စလုံး လမ်းဆီ မျှော်ကြည့်ရင်း နားစွင့်ထားရာမှ သူရက ..

"ပြောရင်းဆိုရင်း ဒါ ဥက္ကာရဲ့ မြင်းသံမဟုတ်လား"

"ဟုတ်မယ်ထင်တယ် အစ်ကိုသူရ"

သူရနှင့် စိတ္ကျာက သချိုင်းအဝင် မြေနီလမ်းကလေးကို ငေးကြည့်နေကြ၏။ မြင်ကွင်းအတွင်း အပြင်းပြေးလာသည့် ဥက္ကာနှင့်သူ့မြင်းကို မြင်လိုက်ရမှပင် စိတ်အေးသွားကြသည်။ ဥက္ကာက မြင်းကို ဇရပ်ကြီး၏ အနောက်ဘက်ရှိ မြင်းစောင်းဆီ စီးဝင်သွားလျက် သူ့မြင်းနှင့် ယှဉ်ချုပ်ထားခဲ့သည်။ ပြီးမှ သူရနှင့် စိတ္ကျာရှိရာ ဇရပ်ကြီးထဲသို့ ဝင်လာ၏။ သူက ...

"ဘာလဲကွ၊ ငါ အပြန်နောက်ကျနေလို့ စိတ်ပူနေကြတာလား"

"ဟုတ်တယ် အစ်ကိုကြီး၊ ဘာဖြစ်လို့ အပြန်နောက်ကျနေတာလဲ"

ဥက္ကာက ဈေးဝယ်လာသည့် ပစ္စည်းများကို နှမဖြစ်သူအား ပေး လျက် သူရကို မျက်ရိပ်ပြ၍ ဇရပ်ကြီး အပြင်ထွက်သွားသည်။

"ဘာထူးလာလို့လဲ ဥက္ကာ"

"အရှုးတစ်ယောက်က တစ်မြို့ လုံးလှည့်ပြီး ကောလာဟလတွေဖြ နေတာ။ မသင်္ကာတာနဲ့ နောက်ယောင် ခံလိုက်ကြည့်နေတာကွ။ အဲဒါကြောင့်


www.burmeseclassic.com

www.burmeseclassic.com


အချိန်ကုန်မှန်းမသိကုန်သွားပြီး အပြန်နောက်ကျသွားတာ''

''ဘယ်လို ကောလာဟလမျိုးလဲ ဥက္ကာရဲ့''

''ဟိုကွာ . . လနဲ့သောကြာကြယ်ပူးယှဉ်တဲ့ဖြစ်စဉ်ကို အခွင့်ကောင်းယူပြီး လူတွေအထိတ်တလန့်ဖြစ်အောင် အတိတ်နိမိတ်လိုလို၊ လင်္ကာလိုလို စာသံပေသံတွေ လျှောက်ရွတ်နေတာကို မသင်္ကာလို့ နောက်ယောင်ခံလိုက်ကြည့်တာကွ''

''အေး ဟုတ်ပါပြီ၊ သူက ဘာတွေ ဘယ်လိုရွတ်တာလဲ''

''ဒီလိုကွာ သောကြာကြယ်ကြီး လနဲ့နီး ပြည်ကြီးပျက်လတ္တံ့၊ စည်တော်အတုလ သိဒ္ဓိကျ ကျွန်ဘဝ ရောက်မည်ပ တဲ့''



သူရ အံ့အံ့ဩဩဖြစ်သွားသည်။ ရုတ်တရက်ကြားလိုက်ရသည့်အကြောင်းအရာများကြောင့် ကြက်သီးမွေးညင်းထသွားသည်ထိပင်။

''သူ့ဟာက ကြောက်စရာကြီးပါလားကွ''

''အေး ဟုတ်တယ်၊ မင်းပြောသလိုပဲ တစ်မြို့လုံး ကြားတဲ့လူတိုင်းအဟုတ်မှတ်ပြီး ထိတ်လန့်ကုန်ကြတယ်လေ။ တကယ်တော့ ဒါဟာ တစ်စုံတစ်ယောက်က ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီးတာပဲ''

ဥက္ကာ၏ စကားကြောင့် သူရမှာ စဉ်းစားစရာဖြစ်လာ၏။ မေးစရာမေးခွန်းလည်း ပေါ်လာသည်။

''ဒါဟာ လုပ်ကြံဖန်တီးတာပါလို့ မင်းက ဘာအထောက်အထားနဲ့ ပြောတာလဲ ဥက္ကာ''

''ဂြိုဟ်ပူးယှဉ်တာဟာ သဘာဝတရားအရ ဖြစ်ရိုးဖြစ်စဉ်ပါလို့ မင်းကို ငါ ပြောဖူးတယ်မဟုတ်လား။ အဲဒါကို လူမသမာတွေက အတိတ်လိုလို၊ နိမိတ်လိုလို၊ တဘောင်လိုလိုဖြစ်အောင် ဖန်တီးကတည်းက ဒါဟာ ငါတို့ရဲ့ဗိဿနိုးမြို့တော်ကြီးကို ဖျက်လိုဖျက်ဆီး လုပ်ကြံလိုသူသစ္စာဖောက်တွေရဲ့ အကြံဆိုတာ ငါ ရိပ်မိတယ်ကွ။ ဒါကြောင့် ဘယ်သူ့လက်ချက်လဲဆိုတာ ဖော်ထုတ်ရလိမ့်မယ်''

သူရက ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်၏။ ဥက္ကာ၏ အကြံကို သဘောတူလက်ခံကြောင်း ထောက်ခံလိုက်ခြင်းဖြစ်၏။ သူရ၏ မျက်လုံးအစုံက တလက်လက်တောက်လာ၏။


''ဒါနဲ့ မင်းက ဘယ်လိုဖော်ထုတ်မှာလဲ''

''ပထမဆုံးရတဲ့ သဲလွန်စဖြစ်တဲ့ အရူးကစပြီး သူ့နောက်မှာ ဘယ်သူတွေရှိတယ်ဆိုတာ ခြေရာကောက်ရမှာပေါ့ကွာ။ အရူးဘယ်မှာနေတယ်ဆိုတာ ငါ လိုက်ကြည့်ခဲ့ပြီးပြီ။ ဒီည မင်းနဲ့ငါ အရူးကိုဖမ်းပြီး စစ်ကြည့်ကြမယ်။ ဘယ်လိုပဲ မင်း လိုက်နိုင်ပါ့မလား''

''ငါ အခု လူကောင်းဖြစ်သွားပါပြီကွာ၊ ဗိဿနိုးနိုင်ငံတော်နဲ့ အရှင့်အတွက်ဆိုရင် ဘာမဆိုလုပ်ဖို့အသင့်ပါပဲ''

**ရှေ့လဆက်ရန်**
**မင်းမဟာကျော်ဒေါင်**


www.burmeseclassic.com



# ကျော်မြင့်ကျော်

## အဝိရောင်ကောက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ထန်းပင်ကုန်းရွာမှကျောင်းဆရာ ဦးကံလှသည် သူ့စက်ဘီးလေးကို နင်းနင်း တိုက်နယ်ဆေးရုံဝင်းထဲသို့ ဝင်လာခဲ့သည်။ နောက် တန်းတန်းမတ်မတ် ကလေးများထားသည့် အဆောင်ဘက်သို့ဝင်သွားသည်။

ကလေးလူနာဆောင်အဝတွင် အိုင်အိုကျော်စိန်ဝင်းကို တွေ့လိုက်ရသည်။

"ကလေးတွေ ဆရာဆိုလို့ ဘယ်သူလဲမှတ်တယ်၊ မောင်ရင်ဖြစ်နေတာကိုး"

ကွဲကွာသွားသည်မှာ ကြာပြီဖြစ်သည့် သူငယ်ချင်းကျော်စိန်ဝင်းကို အမှုစစ်အဖြစ် ပြန်တွေ့လိုက်ရသဖြင့် ဦးကံလှ အံ့အားသင့်သွားသည်။

"ကလေးတွေကိစ္စသိချင်တာလေ၊ ဒီနားမှာ သူတို့ဆရာရှိတယ်ဆိုလို့ ပုလိပ်ကလေးတစ်ယောက်လွှတ်ပြီး ခေါ်လိုက်ရတာ"

"ကလေးတွေက ဘယ်လိုနေသေးလဲ"

"အသက်အန္တရာယ်တော့ မစိုးရိမ်ရတော့ဘူးပြောပါတယ်၊ ဝင်ကြည့်ဦးလေ"

ဦးကံလှနှင့် အိုင်အိုကျော်စိန်ဝင်း ကလေးများဆီ လျှောက်လာရင်းစကားစလိုက်သည်။

"ဟုတ်ပါတယ်၊ ကျုပ်‥တပည့်လေးတွေပါ၊ ငယ်ငယ်ကတည်းက မိဘတွေဆုံးပါးသွားပြီး အဒေါ်နဲ့နေလာခဲ့ကြရတာ၊ အဒေါ်ကလည်း ဦးလေးဆုံးတော့ နောက်အိမ်ထောင်ပြုတယ်၊ အဒေါ်ရဲ့နောက်အိမ်ထောင်က ကလေးတွေကို လိုလားပုံမရဘူး၊ အဒေါ်ကလည်း မကြင်နာဘူး၊ ကလေးတွေက မဆိုးချင်ဘဲဆိုးသွားကြရတာ၊ စားရမဲ့မဲ့ သောက်ရမဲ့မဲ့ဆိုတော့လည်း ဟိုဟာဆွဲ၊ ဒီဟာဆွဲနဲ့ လူတွေကမဆက်ဆံချင်ကြဘူး၊ အကြီးကောင်ကညီညီ၊ အငယ်မကနီနီတဲ့၊ တတ်နိုင်သလောက်ဆုံးမတာပဲ၊ ဒါပေမဲ့ မိဘက ပိုအရေးကြီးတယ်လေ၊ ကျောင်းထိုင်ဘုန်းကြီးကလည်း ကြိမ်နဲ့ဆော်တာ ခဏ ခဏပဲ"

"ဒါနဲ့ နေပါဦး၊ နှမကိုရေထဲနှစ်သတ်ရအောင် နှမက ဘာတွေများလုပ်ထားလို့တုန်း"

"စိတ်ပေါက်လို့နေမှာပေါ့ဗျာ" ဦးကံလှက ပြန်ဖြေလိုက်သည်။

"ကျွန်တော်လည်း ဒီရွာမှာ အမှုတစ်ခုလိုက်ရင်း ဒီကိစ္စနဲ့ကြုံတာဆိုပါတော့၊ စိတ်ဝင်စားစရာပဲ၊ ဒါနဲ့ ကလေးတွေအိမ် ခဏလိုက်ပို့ပေးပါလား"

ကလေးနှစ်ယောက်ကတော့ ဆေးရုံကုတင်ပေါ်မှာ အိပ်ပျော်နေကြသည်။ တာဝန်ကျဆရာမကို နှုတ်ဆက်ပြီးထွက်လာခဲ့ကြသည်။

ကလေးများ၏အိမ်ရှေ့သို့ရောက်လာသည်။ အိမ်ရှေ့ဝင်းတံခါးပိတ်ထားသဖြင့် ဦးကံလှက "အိမ်ရှင်တို့၊ အိမ်ရှင်တို့"ဟု အော်ခေါ်လိုက်သည်။ ထူးသံမကြားသဖြင့် ထပ်ခေါ်လိုက်မှ မိန်းမတစ်ယောက်ထွက်လာပြီး တံခါးဖွင့်ပေးသည်။

"ကျုပ်ပါ ‥၊ ဆရာကံလှပါ၊ ဒေါ်စိန်ခင်ရဲ့"

"အော် မတွေ့တာကြာတော့ မမှတ်မိချင်တော့ဘူးဆရာရေ ‥၊ လာ အိမ်ထဲဝင်ကြပါ"

"ဦးဘမှန်တစ်ယောက်ကော ရှိရဲ့လား၊ သူက ကျွန်တော့်မိတ်ဆွေပါ၊ ကလေးတွေနဲ့ မိဘတွေနဲ့ တွေ့ချင်တယ် ပြောလို့ခေါ်လာတာ"

"ကလေးတွေဘာဖြစ်လို့လဲ"ဟု မေးလိုက်ရာ ဦးကံလှက ဖြစ်ကြောင်းကုန်စင်ပြောပြပြီး "စိုးရိမ်စရာမရှိပါဘူး"ဟု ဆက်ပြောလိုက်သည်၊ ထိုအခိုက် ဒေါ်စိန်ခင်၏ခင်ပွန်း ဦးဘမှန် အခန်းထဲကထွက်လာပြီး ဦးကံလှ



www.burmeseclassic.com

www.burmeseclassic.com



နားသို့ လာထိုင်သည်။ ထို့နောက်–

"ဘာများ ထူးထူးခြားခြားပြောစရာရှိလို့လဲ"ဟု မေးလိုက်သည်။

"အစ်ကိုဖြစ်တဲ့လူက နှမကို ရေထဲနှစ်သတ်ရအောင် ဘာတွေများဖြစ်ထားကြလဲဆိုတာ သိချင်လို့ပါ"

"ကျွန်တော်တော့မယုံဘူး" ဦးဘမုန်က ပြန်ပြောသည်။

"ဟုတ်ပါပြီလေ၊ နှမကိုရေထဲနှစ်သတ်ရအောင် နှမက ဘာတွေလုပ်ထားလို့လဲ၊ သူကိုယ်တိုင်ကရော လူသိမခံဝံ့တာ ဘာများလုပ်ထားလို့လဲ၊ မသိစေချင်တာ ဘာများရှိလဲလို့ပေါ့ဗျာ"ဟု အိုင်အိုကျော်စိန်ဝင်းကပြောလိုက်သည်။

"ဒါနဲ့ ကောင်လေးက အသက်ဘယ်လောက်ရှိပြီလဲ"ဟုမေးရာ ဒေါ်စိန်ခင်က ၁၂ နှစ်ဟု ပြန်ဖြေလိုက်သည်။

"ဘာဖြစ်လို့လဲဗျာ"ဟု ဦးဘမုန်ကမေးရာ–

"ကလေးတွေမို့ပေါ့ဗျာ၊ လူကြီးတွေဆိုရင် အမှုဖြစ်နိုင်တယ်"ဟု ဦးကံလှကဝင်ပြောသည်။ ဦးကံလှနဲ့ပါလာသူကို အမှုစစ်ဟူ၍မသိ၊ ဦးကံလှ၏မိတ်ဆွေအဖြစ်နှင့်သာ သိထားသည်။

"ကဲ ...ပြန်ကြတာပေါ့ ဆရာရယ်"ဟု အိုင်အိုကျော်စိန်ဝင်းက ပြောလိုက်ရာ ဦးကံလှလည်း ထပြန်လာခဲ့ကြသည်။ ဒေါ်စိန်ခင်ကတော့ မျက်နှာမသာမယာနှင့် နောက်ကလိုက်လာသည်။

"မိန်းမရေ ..၊ တံခါးစေ့ထားခဲ့ဟေ့၊ ဒေါ်ဝေဒီတစ်ယောက် ပြန်မလာသေးဘူး"ဟု ဦးဘမုန်က အိမ်ထဲမှ လှမ်းပြောလိုက်သည်။

+ + +

အိမ်ထဲမှအထွက် ခပ်လှမ်းလှမ်းအရောက်တွင် အိုင်အိုကျော်စိန်ဝင်းက ရပ်ပြီး နောက်လှည့်ကြည့်လိုက်သည်။

"အိမ်ဆိုင်လေးဖွင့်ပြီး ဆင်းဆင်းရဲရဲနေကြရတော့လည်းသနားဖို့ကောင်းပါတယ်၊ ဒါနဲ့ ဒေါ်ဝေဒီလို့လည်း ပြောသံကြားလိုက်တယ်၊ ဘယ်သူလဲဗျ"ဟု အိုင်အိုကျော်စိန်ဝင်းက ဦးကံလှကို မေးလိုက်သည်။

"ဒေါ်ဝေဒီဆိုတာက သူတို့အိမ်ကို တစ်ခြမ်းခြမ်းပြီးငှားထားတဲ့ အိမ်ငှား အပိုဝင်ငွေရဖို့ဆိုပြီးတင်ထားတာ"

"ဒေါ်ဝေဒီအကြောင်း နည်းနည်းပြောပြပါလား"

"ဒီလိုဗျ၊ ဦးဘမုန်နဲ့ ဒေါ်စိန်ခင်တို့က အိမ်ဆိုင်လေးဖွင့်ထားတယ်၊ ကလေးနှစ်ယောက်နဲ့စီးပွားရေးမပြေလည်တော့ အိမ်ကလေးကို တစ်ခြမ်းခြမ်းပြီး ဒေါ်ဝေဒီကိုငှားထားတာ၊ ဦးဘမုန်ကလည်း လက်သမား မတောက်တစ်ခေါက်ဆိုတော့ ဝင်ငွေက စိုစိုပြည်ပြည်မရဘူးပေါ့၊ ဒီအထဲ အသောက်အစားက ဖက်သေးတယ်၊ တစ်ခါတလေ လောင်းကစားကပါသေးတယ်၊ ဒေါ်ဝေဒီဆိုတာက အရင်ယောက်ျားက ရှာဖွေပေးခဲ့တဲ့ ပစ္စည်းလေးတွေထုခွဲပြီး ထိုင်စားနေတာ၊ ကလေးနှစ်ယောက်ကလည်း ခြေဆော့လက်ဆော့နဲ့ ပိုက်ဆံတွေခိုးတယ်ဆိုပြီး တစ်ခါနှစ်ခါလာတိုင်ဖူးရဲ့၊ ကျွန်တော်လည်း ကလေးတွေကို ဆုံးမပေးတာပဲ"

ကျောင်းနားအရောက် ဦးကံလှက ကျောင်းထဲဝင်ဦးမည်ဟုဆိုကာ လူစုခွဲလိုက်သည်။ အိုင်အိုကျော်စိန်ဝင်းကလည်း အမှုစစ်ဖို့ရှိသေးသည်ဟု ပြောပြီး ထွက်သွားသည်။

နောက်တစ်နေ့နံနက်စောစော ဦးကံလှက သူ့တပည့်လေးနှစ်ယောက်ကို သွားကြည့်ရန် ဆေးရုံသို့သွားသည်။ နီနီ၏ကုတင်ဘေးတွင် ထဘီနီဝတ်ဆရာမလေးကိုတွေ့ရသည်။

"မင်း ..သတိရပြီနော်၊ နေကောင်းတယ်မဟုတ်လား"ဟုမေးရာ ခေါင်းရမ်းလိုက်ပြီး "ညီညီ ..ဒီမှာရှိလား"ဟု မေးသည်။

"ရှိပါတယ် ကလေးရယ် ညီညီအိပ်နေတယ်၊ မင်းတို့မောင်နှမချင်းရန်ဖြစ်ကြတယ် ဟုတ်လား"ဟု မေးသည့်အခါ ကောင်မလေးက "ညီညီ မကောင်းဘူး၊ သမီးကိုရေထဲဆင်းခိုင်းတယ်၊ အတင်းတွန်းချတယ်"ဟုပြောပြီး ငိုလိုက်သည်။

"မနေ့က သမီးဒေါ်လေးဝေဒီအခန်းကိုသွားတော့ သူက ပိုက်ဆံတွေရေနေတယ်၊ သမီးကိုမြင်တော့ နင်တို့မောင်နှမသူခိုးတွေလို့ပြောတယ်၊ သမီးက ချိုချဉ်တောင်းဖို့သွားတာ၊ ဒါကို ညီညီကြားသွားတော့ သူကစိတ်ဆိုးတယ်"ဟု ဆက်ပြောသည်။

"မဟုတ်ရင် ပြီးရောပေါ့ကွာ၊ ငိုမနေပါနဲ့"ဟု နှစ်သိမ့်လိုက်ပြီး ဆေးရုံဝရန်တာသို့ထွက်လာသည့်အခါ အိုင်အိုကျော်စိန်ဝင်းကို တွေ့လိုက်သည်။ အိုင်အို ကျော်စိန်ဝင်းနှင့်အတူ ညီညီရှိရာကုတင်ဆီသို့ ဆက်လျှောက်သွားကြသည်။

"လူလေး နေကောင်းရဲ့မဟုတ်လား"ဟု ဦးကံလှက မေးသည်။

"ကျွန်တော်မကောင်းဘူး၊ ကျွန်တော်ကသူခိုး၊ ကျွန်တော့်ညီမ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့လို မဖြစ်စေရဘူး၊ ဒေါ်လေးအခန်းထဲ ကျွန်တော့်နှမဝင်သွားတာနဲ့ သူ့ခိုး နင်တို့အားလုံးသူခိုးတွေပဲလို့ ပြောတယ်''ဟုဆိုကာ ညီညီက ငိုချလိုက်သည်။

ဦးကံလှက ကောင်လေးကို နှစ်သိမ့်လိုက်သည်။ မကြာခင်ဆရာဝန်ရောက်လာသဖြင့် အိုင်အိုကျော်စိန်ဝင်းက–

''လာဗျာ၊ ကျွန်တော်တို့ ကန်စောင့်အဖိုးကြီးနဲ့ သွားတွေ့ရအောင်''

ဟု ပြောသဖြင့် နှစ်ယောက်သား ဆေးရုံဝင်းထဲက ထွက်လာကြသည်။

ဆေးရုံကအထွက် ခပ်လှမ်းလှမ်းတောင်ကမူလေးပေါ် တက်သွားတော့ သစ်ပင်ရိပ်တစ်ခုမှာ ကန်စောင့်အဖိုးကြီးထိုင်နေသည်ကို တွေ့ရသည်။

''ကန်စောင့်ကြီးထင်ပါရဲ့''ဟု ဦးကံလှက နှုတ်ဆက်လိုက်ရာ–

''ဟုတ်ပါ့ဗျာ''ဟု ရိုရိုသေသေ ပြန်ဖြေလိုက်သည်။

''တခြားမဟုတ်ပါဘူး၊ ရေနစ်တဲ့ ကလေးနှစ်ယောက် ဆေးရုံပို့လိုက်တဲ့ကိစ္စ သိချင်လို့ပါ၊ ကျွန်တော်က သူတို့ဆရာပါ''ဟု စကားစလိုက်သည်။

''ပြောပြမှာပေါ့ ဆရာတို့ရယ်၊ ထိုင်ကြပါဦး''ဟု ခေါ်လိုက်သည်။ အားလုံးထိုင်မိကြသည့်အခါ သူက ဇာတ်လမ်းစုံရှင်းပြသည်။

ထို့နောက် ကန်စောင့်ကြီးနှင့် အတူ ဦးကံလှ၊ အိုင်အိုကျော်စိန်ဝင်းတို့ ကန်နံဘေးလျှောက်လာကြစဉ် သစ်ပင်မှ ပန်းပွင့်များ လမ်းတစ်လျှောက်ချွေချထားသည်ကို မြင်သဖြင့် ကန်စောင့်ကြီး စိတ်ဆိုးသွားသည်။ ဆက်လျှောက်လာကြစဉ် တစ်နေရာတွင် မိန်းမလက်ကိုင်အိတ်တစ်လုံးကျနေသည်ကို တွေ့ရသည်။ အိုင်အိုကျော်စိန်ဝင်းက အမှုစစ်ပီသစွာ လက်ကိုင်အိတ်ကို သူ့အိတ်ထဲမှ လက်ကိုင်ပုဝါနဲ့အုပ်ပြီး ကောက်ယူလိုက်သည်။ လက်ကိုင်အိတ်ကျသည့် အနီးတွင် ကလေးခြေရာများတွေ့ရသည်။ ခြေရာတွေ နောက်ယောင်ခံရင်း ကောက်ယူလာသည့် ပိုက်ဆံအိတ်ထဲ ဟိုဟိုဒီဒီကြည့်နေခိုက် ခပ်လှမ်းလှမ်းမှ ရဲဌာနမှ လူဆိုးထိန်းမင်းအောင်တစ်ယောက် လျှောက်လာနေသည်ကို တွေ့ရသည်။

ခပ်လှမ်းလှမ်းအရောက် လူဆိုးထိန်းမင်းအောင်က အရှိအသေပြုရင်း ရဲဌာနတွင် ဒီရွာထဲမှ ဒေါ်ဝေဒီတစ်ယောက် အိမ်ပြန်မရောက်ကြောင်း လူပျောက်လာတိုင်သွားသည့် အကြောင်းနှင့် အိုင်အို ထန်းပင်ကုန်းရောက်နေခိုက် လိုက်ပြီး သတင်းပို့ရန် ရဲဌာနအုပ်က စေလွှတ်လိုက်ကြောင်း ပြောပြသည်။

''အေး ..ဒါဆို အခုကောက်တွေ့တဲ့ လက်ကိုင်အိတ်နဲ့တောင် ဆက်စပ်နေမလားမသိ''ဟုဆိုကာ လက်ကိုင်အိတ်အတွင်း ကြည့်လိုက်သည့်အခါ ပိုက်ဆံဆိုလို့ တစ်ပြားတစ်ချပ်မျှပင် မတွေ့ရဘဲ ပရုပ်နံ့ထည့်ထားသည့် ချိုချဉ် ၃ လုံးနှင့် ညစ်ပေနေသည့်လက်ကိုင်ပုဝါတစ်ထည်ကို တွေ့ရသည်။ အိုင်အိုကျော်စိန်ဝင်းက ဤလက်ကိုင်အိတ်သည် လူပျောက်ကိစ္စနှင့် ဆက်စပ်ပတ်သက်နိုင်သည်ဟုဆိုကာ လက်ဗွေဆရာနှင့်ဓာတ်ပုံသမားကိုပါ လွှတ်ပေးဖို့ လူဆိုးထိန်းမင်းအောင်နှင့် မှာလိုက်ပြီးပြန်လွှတ်လိုက်သည်။ တို့ ဆက်လျှောက်ကြည့်ကြတာပေါ့ဟု ပြောအပြီး ဆက်ထွက်လာခဲ့ရာ တောအုပ်အစွန်နားတွင် လူတစ်သိုက် စုစု၊ စုစုလုပ်နေသဖြင့် ထိုနေရာဆီသို့ ဆက်သွားကြသည်။

\+ + +

အိုင်အိုကျော်စိန်ဝင်းနှင့်အဖွဲ့ရောက်သွားသည့်အခါ လူအုပ်ရှဲသွားသည်။ မွဲခြောက်ခြောက်သဲပေါ်တွင် အမျိုးသမီးတစ်ယောက်၏အလောင်းကို တွေ့လိုက်ရသည်။ ရပ်ကြည့်နေသူတစ်ဦးအား သေသူကို သိသလားဟုမေးရာ သိကြောင်းနှင့်သေသူမှာ ဒေါ်ဝေဒီဖြစ်ကြောင်း ပြောပြသည်။

လဲကျနေသည့် အမျိုးသမီးက ထဘီသရက်ထည်ပွင့်ရိုက် ဝတ်ထားပြီး အင်္ကျီပေါ်တွင် အနွေးထည်ထပ်ဝတ်ထားသည်ကို တွေ့ရသည်။ မျက်နှာဖြူဖတ်ဖြူရော် နှုတ်ခမ်းကို တင်းတင်းစေ့ထားပြီး မျက်လုံးက အပေါ်သစ်ပင်ကို မော့ကြည့်နေသလို ဖြစ်နေသည်။

အိုင်အိုကျော်စိန်ဝင်းကအလောင်းကို လှည့်ပတ်ကြည့်ရှုပြီး အမှုချင်းရာများကို အကဲခတ်နေသည်။ ခဏကြာတော့ လက်ဗွေဆရာနှင့် ဓာတ်ပုံဆရာတို့ရောက်လာသည်။ အိုင်အိုက တခြားအရာတွေထက်ပဲ ထဘီစအောက်ပိုင်းမှ အဝါရောင်အစင်းကြောင်းတစ်ခု ရှည်ရှည်လျားလျားထင်ကျန်နေပြီး နေရောင်အောက်တွင် ပြိုးပြိုးပြက်ပြက်ဖြစ်နေသည်ကိုတွေ့လိုက်ရသည်။ အဝတ်အစားများက ထိုက်သင့်သည်ထက် ပို ညစ်ပေနေသည်ကိုတွေ့ရသည်။ ထိုနေရာတစ်ဝိုက် အသေအချာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံနှင့်မှတ်ပုံတင်ခိုင်းလိုက်သည်။ လက်ဗွေဆရာကလည်း ပစ္စည်းပစ္စယ တိုင်းအပေါ် စူးစူးစိုက်စိုက်လိုက်ကြည့်နေသည်။

"ဒဏ်ရာတော့ မတွေ့ဘူး"

"ကလေးနှစ်ယောက်ကိစ္စနဲ့ ဆက်စပ်နေမလားပဲ" ဦးကံလှက မှတ်ချက်ပေးသည်။

"ဆရာရေ .. လဲကျနေပုံကို ကြည့်ပြီး မှတ်ချက်ကလေးများပေးစမ်းပါဦး"

"ထူးတော့ ထူးဆန်းသလိုပဲ"

"ဟုတ်တယ်"ဟု ပြောပြီး အိုင်အိုက ဓာတ်ဘူးကို လက်ကိုင်ပုဝါအုပ်ကိုင်ပြီး အထဲကြည့်လိုက်သည်။ အထဲက လက်ဖက်ရည်ကိုအဖုံးထဲထည့်ပြီး လက်နှင့်တို့ကာ မြည်းစမ်းကြည့်သည်။

"အတော်ပြင်းတဲ့လက်ဖက်ရည်ပဲ" ဟု ပြောပြီးတွေးထုတ်လိုက်သည်။

"အဆိပ်မိတာ ဖြစ်နိုင်တယ်"

ထို့နောက် သူစောစောက ပြင်ထားသည့် ထဘီနားကကောက်ကြောင်းကိုကြည့်လိုက်ရင်း ဟိုကြည့် ဒီကြည့် လုပ်နေသည်။ အလောင်းဘေးက သစ်ရွက်ခြောက်တွေထဲမှာ ပတ်ကျိုတစ်ကောင် သွားနေသည်ကိုတွေ့ရသည်။

တွေ့ရသည့်နေရာမှာက သဲဖြင့် ဘေးမှာက သစ်ရွက်တွေနှင့် ဤကဲ့သို့ နေရာတွင် ပတ်ကျိုတစ်ကောင်တွေ့ရသည့်အပေါ် အိုင်အိုကျော်စိန်ဝင်း အတွေးရခက်သွားသည်။ ပတ်ကျိုဆိုသည်က ရေစိုစိုစွတ်စွတ်မှာ တွေ့ရသည့် သတ္တဝါမျိုး–



ထို့နောက် သိမ်းစရာရှိတာကို ရှာဖွေပုံစံနှင့်သိမ်း မှတ်တမ်းယူစရာရှိတာ ယူပြီးအလောင်းကို ဆေးရုံသို့ ပို့ခိုင်းလိုက်သည်။

နောက်နေ့ ရဲဌာနက ဌာနအုပ် အခန်းထဲတွင် ရဲဌာနအုပ်၊ အိုင်အိုကျော်စိန်ဝင်း၊ လူသိုးထိန်းမင်းအောင်၊ ဓာတ်ပုံဆရာ၊ လက်ဗွေဆရာတို့ ဝိုင်းထိုင်ပြီး ဓာတ်ပုံမှတ်တမ်းတွေကို ကြည့်နေကြသည်။ အိုင်အိုကျော်စိန်ဝင်းက အလောင်းထဘီနားပေါ်တင်ကျန်ခဲ့သည့် စွပ်ကြောင်းနှင့် တွေ့ခဲ့ရသည့်ပတ်ကျိုကို စိတ်ဝင်စားနေသည်။ ဆေးရုံက ဆေးစစ်ချက်ထွက်မလာသေးသော်လည်း အဆိပ်မိတာအသေအချာပဲဟု တွေးထားသည်။ ဓာတ်ဘူးနှင့် လက်ဖက်ရည်တို့ကိုလည်း ဓာတ်ခွဲဖို့ပို့ထားသည်။ ဆရာဦးကံလှကိုလည်း ကလေးတွေနှင့်ပတ်သက်ပြီး မေးရန်ရှိကမေးဖို့ခေါ်ထားသည်။ အားလုံးက ကောက်ချက်အမျိုး မျိုးဆွဲကြသည်။

အထဲတွင် သေသည့် နေရာက တစ်နေရာ၊ အလောင်းတွေ့သည့်နေရာက တစ်နေရာ ဆိုသည့် အချက်အပေါ် အားလုံးက သဘောတူကြသည်။

ထို့နောက် ဒေါ်ဝေဒီ အိမ်ငှားနေသည့် ဦးဘမှန်တို့ အိမ်သို့သွားရန် ဆုံးဖြတ်လိုက်သည်။

ဦးဘမှန်အိမ်သို့ရောက်သည့် အခါ ဒေါ်စိန်ခင်ကိုပဲတွေ့ရသည်။ ဦးဘမှန် ရှိ/မရှိမေးကြည့်ရာ အချောကိုင်ထားသည့် အိမ်ထောင်ပစ္စည်းလေးများ သွားပို့နေကြောင်းပြောပြသည်။ ထို့နောက် စကားစမြည်ပြောရင်း အိုင်အိုကျော်စိန်ဝင်းက ဒေါ်ဝေဒီအကြောင်းမေးရာ သူမ အိမ်ငှားနေခဲ့သည်မှာ ၃ နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ ထူးထူးခြားခြားပြဿနာမရှိကြောင်း၊ အိမ်မှာနေသည်ဟု မရှိကြောင်း၊ မနက်မိုးလင်းစာစားပြီး စားစရာသောက်စရာ သူမဝါသနာပါသည့် ထိုးလက်စဖာများယူပြီး ထွက်သွားတတ်ကြောင်း၊ ညနေလောက်မှပြန်ရောက်တတ်ကြောင်း၊ တစ်ရက်တွင် စားစရာသောက်စရာ ဖာထိုးပန်းတို့ လက်စများနှင့်ထွက်သွားရာ ပြန်ရောက်မလာတော့ကြောင်း၊ နောက်မှ[illegible]စပ်



www.burmeseclassic.com

www.burmeseclassic.com


အနီးတွင် သေနေသည်ဟုသိရကြောင်း ဒေါ်စိန်ခင်က ပြောပြသည်။

အိုင်အိုကျော်စိန်ဝင်းက အိမ်ကို လှည့်ပတ်ကြည့်ရင်း အကဲခတ်နေသည်။ ဒေါ်စိန်ခင်တစ်ယောက် ရှင်းပြနေသော်လည်း သူမ၏မျက်နှာက စိတ်မကောင်းလှ။ အိုင်အိုကျော်စိန်ဝင်းက ဒေါ်ဝေဒီနေသည့်အခန်းထဲဝင်ကြည့်လိုကြောင်းပြောသည့်အခါ သူမမျက်နှာ ကွက်ခနဲပျက်သွားသည်။ ထို့နောက် ခြမ်းငှားထားသည့် ဒေါ်ဝေဒီနေရာ အခန်းဆီသို့ ကူးသွားကြသည်။

ဒေါ်ဝေဒီ၏အခန်းတွင် ပစ္စည်းပစ္စယများ သပ်သပ်ခပ်ခပ်သန့်သန့်ရှင်းရှင်းဖြစ်နေသည်။ ကြမ်းခင်းပေါ်တွင် ကော်ဇောခပ်နွမ်းနွမ်းတစ်ခုခင်းထားသည်။ ခနော်ခနဲ့စားပွဲတစ်လုံး ကုလားထိုင်တစ်လုံးရှိသည်။ စားပွဲအောက်တွင် ခင်းထားသည့်ကော်ဇောက လွတ်နေသည်။ ကြမ်းပေါက်မှတစ်ဆင့်အောက်ကိုကြည့်ရာ စိုစွတ်စွတ်ဖြစ်နေသည်ကို တွေ့ရသည်။

ထိုစားပွဲတွင် ဒေါ်ဝေဒီထမင်းစားသလားဟုမေးရာစားပွဲသာရှိနေကြောင်း၊ ထမင်းစားသည့်အခါ မီသားစုနှင့် စိုစိုပြည်ပြည်စားသင့်သည်ဆိုကာ သူတို့နှင့် သာစားလေ့ရှိကြောင်း ပြောသည်။

ထမင်းစားပွဲဘေးနားက တံခါးပိတ်ထားသည်ကို တွေ့ရသည်။ အိုင်အိုကျော်စိန်ဝင်းက တံခါးရှိရာသွားပြီး စေ့ထားသည့်တံခါးရွက်ကို တွန်းဖွင့်လိုက်သည်။ တံခါးနှင့်ဆက်လျက်သား လှေကားလေးကိုတွေ့ရပြီး သုံးထစ်ခန့်ဆင်းလိုက်လျှင် နောက်ဖေးခန်းထဲရောက်သွားသည်။ ဘေးကအုတ်ကာထားပြီး သွပ်မိုးထားသည်။ ပြူတင်းတစ်ပေါက် ရှိသော်လည်း ပိတ်ထားသည်။ အဆင်းအတက်မရှိ အဖွင့်အပိတ်မရှိသည့် သဘောဖြစ်သည်။ သူမနေရာ အပေါ်ထပ်က သန့်ရှင်းနေသလောက် ဤအခန်းတွင် ပေပွနေသည်။

"အောက်ခဏ ဆင်းကြမယ်" ဟု ပြောပြီး အိုင်အိုကရှေ့ကဆင်းသွားသည်။ အောက်တွင် ဂုံနီအိတ်စုတ် ဟိုတစ်စ ဒီတစ်စတွေ့ရသကဲ့သို့ မီးသွေးမှုန်ကိုလည်း တွေ့ရသည်။ ပိတ်ထားသည့်ပြူတင်းပေါက်ကို ဖွင့်လိုက်သည်။

"သွားတဲ့နေ့က မနက်စာစားသွားသေးလား"

"မစားပါဘူး။ သူက အပြင်ထွက်ရင် စောစောထွက်တတ်တယ်၊ လက်ဖက်ရည်သောက်၊ မုန့်စားပြီး ထွက်တတ်တယ်၊ ထမင်းကတော့ ကြုံရာကျပန်းစားတော့တာပဲ"

"လက်ဖက်ရည်က ဘယ်သူဖျော်တာလဲ"

"သူ့ဖာသာ ဖျော်တာပါပဲ"

"အတော်ပြင်းတယ်နော်"

"ဟုတ်တယ်၊ သူက လက်ဖက်ရည်ဆို ပြင်းမှ ကြိုက်တယ်လို့ပြောတယ်"

ဒေါ်စိန်ခင်တစ်ယောက် အိုင်အို ၏အမေးကို ဖြေလို့သာဖြေနေရသည်။ ခေါင်းထဲတွင် ချွေးစီးတွေထွက်နေသလို ဖြစ်နေပြီး စိတ်အိုက်နေပုံရသည်။ ဒါကို အားလုံးက အကဲခတ်မိသည်။

ကနဦးကတည်းက
ကျွန်တော် ရိပ်စားမိပါတယ်။
ဘာလို့လဲဆိုရင်
အလောင်းတွေ့တဲ့နေရာက
သဲအခြောက်။
သဲအခြောက်ပေါ်မှာ
ရေစိုစိုမှာတွေ့ရတဲ့
ပတ်ကျိုကို
တွေ့လိုက်တာရယ်။
ထဘီပေါ်က စွန်းကြောင်းရာကို
ခြေရာခံလိုက်တော့
...


www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် နောက်ဖေးလှေကား အဆင်း ထိပ်မှာရပ်ပြီး "ဘာတွေလုပ်နေကြတာလဲ"ဟု ဦးဘမှန်က မေးလိုက်သည်။

"အော် .. ပြန်လာခဲ့ပြီလား"ဟု ဦးကံလှကမေးလိုက်သည်။

အိုင်အိုကျော်စိန်ဝင်းက လှည့်ပတ်ကြည့်နေခိုက် ရေစိုနေသည့်ဂုံနီစအောက်မှပတ်ကျိုတစ်ကောင်ထွက်လာသည်ကိုတွေ့ရသည်။ နောက်မီးဖိုခန်းပြတင်းပေါက်ဖွင့်လိုက်သဖြင့် ဝင်လာသည့်နေရောင်ကြောင့် ဂုံနီအိတ်စပေါ်တွင် စွပ်ကြောင်းလေးများ အလင်းရောင်အောက်တွင် ပြိုးပြိုးပြက်ပြက်ပေါ်လာသည်ကို တွေ့လိုက်မိသည်။

"ဒါဆိုရင် အတော်ရှင်းသွားပြီ"ဟုသောအတွေးနှင့် လှေကားမှတစ်ဆင့် အိမ်ပေါ်တက်လိုက်သည်။



"သိချင်တာလေးတွေ သိရပြီဆိုတော့ ပြန်ကြတာပေါ့"ဟု အိုင်အိုက ပြောလိုက်သည်။ အိမ်ပေါ်ရောက်သည့်အခါ ဦးဘမှန်အား မေးစရာရှိတာလေးတွေကျန်နေလို့ ရဲဌာနလိုက်ခဲ့ပါဟုခေါ်ပြီး ပြန်သွားကြတော့သည်။

+ + +

မနေ့က တစ်နေ့လုံး ဦးဘမှန်ကို ရဲဌာနမှာခေါ်ထားလိုက်သည်။

နောက်တစ်နေ့မနက် ရဲဌာနအုပ်အခန်းတွင် ရဲဌာနအုပ် အိုင်အိုလူဆိုးထိန်း၊ ဓာတ်ပုံဆရာ၊ လက်ဗွေဆရာနှင့် ဦးကံလှတို့ အစုံအလင်ရှိနေသည်။ ဆေးရုံက ကားမှတ်တမ်းလည်းရခဲ့ပြီး ဓာတ်ပုံများ၊ လက်ဗွေမှတ်တမ်းနှင့် ဓာတ်ခွဲစစ်ချက်များကို လေ့လာကြည့်ရှုရင်း အလုပ်ရှုပ်နေကြသည်။

"ဦးဘမှန်ရဲ့ဖြောင့်ချက်ပဲလိုတယ်၊ အမှုသွားအမှုလာကတော့ ဦးဘမှန်တို့ ဇနီးမောင်နှံရဲ့စနက် မကင်းတာတော့ သေချာနေပြီ"ဟု ရဲဌာနအုပ်က မှတ်ချက်ချသည်။ အိုင်အိုကျော်စိန်ဝင်းကို လည်း တွေ့တာလေးတွေ ရှင်းပြပါဦးဟု ပြောလိုက်သည်။

"အမှုသွား၊ အမှုလာကတော့ ရှင်းပါတယ်၊ ဒေါ်ဝေဒီဟာ အစာအဆိပ်သင့်ရတယ်ဆိုတဲ့ စကားအရရှင်းနေပါပြီ၊ ပြီးတော့ လွန်ခဲ့တဲ့ ၂၄ နာရီအတွင်းသေတာလို့ရေးထားတယ်၊ သေတဲ့နေရာတစ်နေရာ၊ အလောင်းတွေ့တာတစ်နေရာဆိုတော့ သေပြီးမှ ရွှေ့ယူလာတယ်ဆိုတာရှင်းပါတယ်၊ ဒါကို ကနဦးကတည်းက ကျွန်တော်ရိပ်စားမိပါယ်၊ ဘာလို့လဲမေးရင် အလေ းတွေ့တဲ့နေရာက သဲအခြောက်၊ သဲအခြောက်ပေါ်မှာ ရေစိုစိုမှာတွေ့ရ ပတ်ကျိုကို တွေ့လိုက်တာရယ်၊ ထ ပေါ်က စွပ်ကြောင်းရာကိုခြေရာခံလို တော့ သူ့အိမ်မီးဖိုချောင်မှာ ဒါမျိုး လားတူသွားတွေ့ရတယ်၊ အားလုံး ကောက်ချက်ချလိုက်ရင် လူသတ်မှု နေအိမ်ထဲမှာဖြစ်ခဲ့တယ်၊ အလောင်း လူမသိအောင် မီးဖိုချောင်မှာရွှေ့ထား မယ်၊ လူခြေတိတ်မှအခုတွေ့ရတဲ့နေ ကို လာစွန့်ပစ်ထားမယ်ဆိုတာ ထင်ရှ ပါတယ်"လို့ အိုင်အိုကျော်စိန်ဝင်း ရှင်းပြသည်။

"ကျွန်တော်ကတော့ ပုလိ ကမဟုတ်တော့ ကျွန်တာမပြောလို့ မယ့် ဆေးရုံတင်ထားရတဲ့ ကလေး ယောက်နဲ့အဆက်အစပ်ရှိမလား တွေးတယ်" ဦးကံလှက ဝင်ဖြည့်လို သည်။

"အင်း .. တစ်နည်းနည်းနဲ့တော ဆက်စပ်ပါလိမ့်မယ်" လူဆိုးထိန်းမ အောင်က မှတ်ချက်ပေးသည်။

"အင်း .. ဒီလိုဆိုလည်း ဦးဘ မှန်ကိုခေါ်ခဲ့ဗျာ"ဟု စာသင်ကြီး(ဆာ ဂျင်ကလပ်)ကို အခေါ်လွှတ်လိုက်သည်။

ခဏကြာတော့ ဦးဘမှန်ရောက် လာသည်။ သူ့ကို ထိုင်ခိုင်းလိုက်ပြီး ဌာနအုပ်က "ကဲ ဦးဘမှန် အမှုသွား အမှုလာအရ ဒါကလူသတ်မှု၊ ခင်ဗျာ ပါဝင်ပတ်သက်နေတယ်ဆိုတဲ့ အ ယောက်အထားတွေလည်း တွေ့ထားပြ ခင်ဗျားဖြောင့်ချက်ပေးရင် ခင်ဗျာ သက်သာမယ်၊ ခင်ဗျားမိန်းမလည် လွတ်သွားမယ်၊ မဟုတ်ရင်တော့ ကြိ မိန့်ပဲ၊ ဖြောင့်ချက်ပေးရင်သက်သာ မယ်"ဟု ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘမှန် ခေါင်းငိုက်စိုက်ကျသွားသည်။ နောက် ''ခဏ စဉ်းစားပါမယ်'' ဟုပြောပြီး ငူငူကြီးထိုင်နေသည်။

''ခင်ဗျားဝန်ခံလိုက်ရင် ခင်ဗျားမိန်းမအတွက် အမှုပေါ့သွားမယ်မဟုတ်ရင် ခင်ဗျားမိန်းမလည်း ကြံရာပါပဲ၊ ထုံးစံအတိုင်းသွားမယ်''အိုင်အိုက ဝင်ပြောလိုက်သည်။

ထိုသို့အပြောတွင် သူ တုန်လှုပ်သွားသည်။ နောက် မျက်ရည်တွေကျလာပြီး ဝန်ခံပါ့မယ်ဟု ပြောသည်။

နောက်ထွက်ချက်အရ ကလေးနှစ်ယောက်ရေနစ်သည်ဟု သတင်းကြားပြီးနောက် နေ့လည်ပိုင်းဒေါ်ဝေဒီအား လက်ဖက်ရည်ဖျော်တိုက်ကြောင်း လက်ဖက်ရည်ထဲ အဆိပ်ခတ်လိုက်ကြောင်း၊ သေသွားလျှင်သွားချင်းအလောင်းဖျောက်ဖျက်ဖို့ အခက်အခဲရှိသဖြင့် မီးဖိုချောင်ထဲသို့ ခေတ္တရွှေ့ထားခဲ့ကြောင်း ညဥ့်အတော်နက်မှ ဒေါ်ဝေဒီကို သူပစ္စည်းပို့ရာတွင် သုံးသည့်လှည်းဖြင့်အလောင်းကိုတွေ့ရသည့်နေရာတွင် ထားခဲ့ကြောင်း၊ နောက် ဒေါ်ဝေဒီအိမ်ပြန်မလာသည်ဟု လူပျောက်တိုင်ခဲ့ကြောင်း စသည်များကို ဖွင့်ပြောသည်။

အမှုကရှင်းသွားသော်လည်း မရှင်းသည့်အချက်တစ်ချက် ကျန်နေသဖြင့် ဦးကံလှက ဝင်မေးလိုက်သည်။

''မောင်နှမနှစ်ယောက် ရေနစ်သတ်တဲ့ကိစ္စနဲ့ အဆက်အစပ်ကိုလည်း ပြောပါဦး''ဦးကံလှက ဖြည့်မေးလိုက်သည်။

''ဒါက ဒီလိုပါဆရာ၊ အဲဒီနေ့က ဒီသတင်းကြားတော့ ညီညီက နီနီကို ရေနစ်တာက တခြားအကြောင်းရှိမှာပါ၊ ဒါနဲ့ဆက်စပ်ပြီး ကျွန်တော့်ခေါင်းထဲမှာ အတွေးတစ်ခုပေါ်လာတယ်၊ ကလေးမက အဲဒီနေ့မနက်က ဒေါ်ဝေဒီအခန်းထဲဝင်ရာက သူခိုးလို့ စွပ်စွဲခဲ့တယ်၊ နင်တို့ သူခိုးတွေလို့စွပ်စွဲတဲ့အပေါ် ကျွန်တော်ရော ညီညီပါ အားလုံးမကျေမနပ်ဖြစ်ခဲ့ရတယ်၊ ဒီလိုအပြောခံရတဲ့အကြိမ်ပေါင်းကလည်း မနည်းတော့ဘူး၊ ကျွန်တော်တို့လင်မယားလည်း စိတ်ခုနေကြတာကြာပြီ၊ ဒီကိစ္စပေါ်လာတော့ ဒီမိန်းမကြီးကိုရှင်းမှဖြစ်မယ်လို့ စိတ်ကူးပေါ်လာတယ်၊ ဒီကိစ္စကို ညီညီ့အပေါ်ပုံချမယ်ပေါ့။ ညီမကို ဒီလိုရက်စက်တာ ဒီမိန်းမကြီးအပေါ်လည်း သူ တစ်နည်းနည်းလုပ်တဲ့အကြံနဲ့ ညီညီကအပြင်မှာ လက်စားချေတယ် အထင်ရောက်အောင် အခုနေရာကိုပို့ထားတာပဲ၊ သူ ဒီလိုလုပ်လိုက်တာ ညီမကသိလို့သာ အမှုမပေါ်အောင်ညီမကို ရေနစ်သတ်တဲ့အနေမျိုး စဉ်းစားလိုက်တာ''ဟု ရှင်းပြသည်။

''ဦးဘမှန်ရယ် ..၊ ခင်ဗျားအတွေးကလည်း တိမ်လိုက်တာ၊ မလိမ်မိုးမလိမ့်မှာကလေးနှစ်ယောက်ကို လူသတ်ဇာတ်လမ်းထဲမှာ ဇာတ်ကောင်တွေအဖြစ် ဖန်တီးလိုက်တာက မပိရိလိုက်တာဗျာ''ဟု ဦးကံလှက မှတ်ချက်ချသည်။

နောက်ဆုံး ရဲဌာနပေးလိုက်သည့် အမိန့်က–

''အိုင်အိုရေ ..၊ အားလုံးပြည့်စုံနေမှတော့ တရားစွဲဖို့သာလုပ်ပေတော့''တဲ့။

ကျော်မြင့်နောင်

> အတွေးကလည်း တိမ်လိုက်တာ၊ မလိမ်မိုးမလိမ့်မှာ ကလေးနှစ်ယောက်ကို လူသတ်ဇာတ်လမ်းထဲမှာ ဇာတ်ကောင်တွေအဖြစ် ဖန်တီးလိုက်တာက မပိရိလိုက်တာဗျာ ...



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



ဧထောင်ကျရုံးမှာ အလုပ်တာဝန် ဆောင်ရွက်နေစဉ် ယနေ့တရားရုံးမှ သေဒဏ်အမိန့်ချမှတ်လိုက်သော ကြိုးသမားတစ်ဦး လာရောက်ပို့ဆောင်မည် ဖြစ်ကြောင်း ဖုန်းသတင်းလက်ခံရရှိခဲ့လေသည်။ ကျွန်ုပ်လည်း ဖုန်းသတင်း သက်ခံပြီး ထောင်ဘူးဝတံခါးထဲမှ သွားရောက်စောင့်ဆိုင်းနေသည်။

မကြာမီ ရဲအချုပ်ကားပြာကြီး ထောင်ဘူးဝရှေ့မှာ ဆိုက်ရောက်လာပြီး လမ်းကြောင်းတာဝန်ခံရဲတပ်ကြပ်ကြီးမှ ဘရားခံကို လက်ထိတ်ခတ်လာကာ ထောင်ထဲခေါ်သွင်းလာသည်။

ကျွန်ုပ်သည် ဘူးတံခါးကြီးထဲမှာ ကြိုးသမားနှင့်သက်ဆိုင်သော သေဒဏ် အမိန့်ချ ဝရမ်းစာရွက်ကို လက်ခံစစ် ဆေးကြည့်နေသည်။ ကြိုးသမား၏ အမည်မှာ မိုးတိမ်ဆိုသူ ဖြစ်လေသည်။

ကြိုးသမား မိုးတိမ်ဆိုသူမှာ အသားရည်ဖြူဖြူနွဲ့နွဲ့နှင့် ရုပ်ရည် အသင့်အတင့်ချောမောသူဖြစ်သည်။ ၎င်း၏ အသွင်ပုံစံမှာ ကြိုးဒဏ်ကျ လောက်အောင် ရက်စက်ယုတ်မာသည့် အသွင်သဏ္ဌာန်မျိုးမဟုတ်ပေ။

ကျွန်ုပ်သည် ကြိုးသမားမိုးတိမ် ကို လက်ခံရရှိခဲ့ပြီးနောက် ကြိုးတိုက် ခန်းဆီ ကိုယ်တိုင်ခေါ်ဆောင်သွားကာ ကြိုးတိုက်တာဝန်ခံ ထောင်မှူးထံ အပ် နှံပေးခဲ့သည်။ တိုက်ခန်းအမှတ်(၅)တွင် လစ်လပ်သဖြင့် တိုက်ခန်းထဲ သော့ ခတ်ထားလိုက်သည်။

ထို့နောက် ကြိုးသမားနှင့် ပတ် သက်သော အသုံးအဆောင်ပစ္စည်းများ ဖြစ်သည့် ပုံစံစောင်၊ ပုံစံအင်္ကျီလုံချည် ဖျာကြမ်းတစ်ထည်၊ မျက်နှာသုတ်ပုဝါ တစ်ထည် ထုတ်ပေးခဲ့သည်။

ကြိုးသမားပြင်ပမှ ဝတ်ဆင်လာ သော အဝတ်အစားများကို ထောင်ပုံစံ အင်္ကျီလုံချည်နှင့် ချက်ချင်းလဲလှယ်ဝတ် ဆင်ခိုင်းရသည်။ ကျွန်ုပ်သည် တိုက် တန်းစီး၊ တစ်ဖက်လပ်အောင်မြတ်ကို အကျဉ်းသား၏ ကိုယ်ပိုင်ပစ္စည်းများ အား ထုပ်ပိုးသိမ်းဆည်းခိုင်းပြီး ထောင် ကျရုံးမှာ အပ်နှံထားစေခိုင်းသည်။

၎င်းနောက် ကြိုးသမားမိုးတိမ် သောက်ရန်အတွက် သောက်ရေအိုး တစ်လုံး စီစဉ်ခိုင်းထားသည်။ မိုးတိမ် ကတော့ ယနေ့တွင် တရားရုံးမှ မထင် မှတ်ဘဲ သေဒဏ်အမိန့်ချမှတ်ခဲ့ခြင်း ကြောင့် သွေးလေချောက်ချားကာ ကြောက်ရွံ့စိုးရိမ်နေဟန်တူသည်။

"ဆရာ ကျွန်တော့်ကို ခုချက်ချင်း ကြိုးပေးသတ်မှာလား"

"ဘာလို့ သတ်ရမှာလဲကွ"

"တရားရုံးက ကျွန်တော်အမှု အတွက် မသေမချင်း ကြိုးကွင်းလည် ပင်းတပ်သတ်စေလို့ အမိန့်ချမှတ်ခဲ့လို့ ပါ"

"လူတစ်ယောက်ကို တရားရုံး တော်က သေဒဏ်ကျခံစေလို့ ချက်ချင်း အမိန့်ချမှတ်ခဲ့ပေမယ့် ငါတို့ထောင်က ချက်ချင်း လက်ငင်းမသတ်ပါဘူးကွာ"

"ဟုတ်လား ဆရာ"

"ဟုတ်တယ်ကွ၊ လူ့အသက်တစ် ချောင်းကို မင်းတို့လို တရားခံက လောဘ၊ ဒေါသ၊ မောဟတရားပေါ် မူတည်ပြီး လက်လွတ်စပယ် သတ် ဖြတ်လာခဲ့ပေမယ့် တို့အကျဉ်းထောင် ကတော့ လူကစ်ယောက်အသက်ကို အလဟဿ သေဆုံးသွားအောင် ချက်ချင်းမဆောင်ရွက်ဘဲ လူ့အသက် တစ်ချောင်းကို လွတ်မြောက်လိုလွတ် မြောက်ငြား ကယ်တင်ပေးခဲ့တယ်ကွ"

"မသိပါဘူး ဆရာရယ်၊ တရား ရုံးက ဒီနေ့ပဲ ကျွန်တော့်အပေါ်မှာ လူ သတ်မှုနဲ့ မသေမချင်း လည်ပင်းကို ကြိုးကွင်းတပ်သတ်စေလို့ တရား သူကြီးက အမိန့်ချမှတ်ခဲ့လို့ပါ"

"အဲဒီလို လူ့အသက်တစ်ချောင်း ကို အမိန့်စီရင်ချက်ချမှတ်တိုင်းအလွယ် တကူ စီရင်ဆုံးဖြတ်လို့ မရဘူးကွ။ အမှု တစ်ခုနဲ့ပတ်သက်လို့ တရားရုံးကအမိန့် ချလိုက်တာနဲ့ သေဒဏ်စီရင်ချက်ချမှတ် တဲ့ ဝရမ်းပေါ်မှာ တရားရုံးချုပ်က ချ မှတ်သော အမိန့်တစ်စုံတစ်ရာမရသေး မီကာလ၌သော်လည်းကောင်း အပြစ် ကျတရားခံ၏ အသနားခံလွှာ[illegible] နိုင်ငံတော်သမ္မတကြီးရဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ရာမရသေးမီကာလ၌လည်းကောင်း၊ သေဒဏ်အမိန့်စီရင်ခြင်းကို ဆိုင်းငံ့ထားရမည်ဆိုပြီး မင်နီနဲ့ ထင်ရှားစွာ ရေးပေးလိုက်ပြီး အမိန့်ကို ချမှတ်ခဲ့တာပါကွာ''

''ဒါဆို ကျွန်တော် ချက်ချင်းလက်ငင်း မသေသေးဘူးပေါ့''

''ဒါပေါ့ကွာ ..သေဒဏ်ကျခံလာရတဲ့ ကြိုးသမားအတွက် အသက်ဆက်လက်ရှင်သန်နေဖို့ မျှော်လင့်ချက်ရောင်ခြည် ရှိပါသေးတယ်''

''ဘယ်လိုမျှော်လင့်ချက်ရောင်ခြည်လဲဆရာ''

''ဒီလိုကွ ..ငါတို့ထောင်ကနေ ကြိုးသမားတစ်ဦးကို သေဒဏ်အမိန့်ချမှတ်လိုက်တာနဲ့ တစ်ပတ်အတွင်း အယူခံအချိန်မီ တင်သွင်းရတယ်။ အဲဒီလို ဗဟိုတရားရုံးဆီကို အယူခံတင်သွင်းနိုင်ဖို့ အမိန့်ချမှတ်ခဲ့တဲ့ အောက်ရုံးက အမိန့်စီရင်ချက်မိတ္တူကိုချက်ချင်းတောင်းရတယ်။ အဲဒီလို စီရင်ချက်တောင်းခံနေတဲ့ကာလကို ထည့်သွင်းတွက်ချက်ခြင်းမပြုရဘူး''

''အောက်ရုံးက အမိန့်ချမှတ်ခဲ့တာကို ဘာဖြစ်လို့ တိုင်းရုံးကို မတင်ရတာလဲ''

''အဲဒီလို သေဒဏ်အပြစ်စီရင်ခံရတဲ့ ကိစ္စရပ်တိုင်းမှာ တိုင်းတရားရုံးရဲ့ အတည်ပြုချက်ရယူပြီးမှ မြို့နယ်ရုံးက သေဒဏ်ကို ချမှတ်ခဲ့လို့ပဲ။ ဒါကြောင့် အယူခံဝင်ရောက်တဲ့အခါ ဗဟိုတရားရုံးကိုပဲ တိုက်ရိုက်တင်သွင်းခဲ့ရတယ်။ တစ်ဖန် ဗဟိုတရားရုံးကနေ မိမိတင်သွင်းခဲ့တဲ့ အယူခံကို ပလပ်ခဲ့လျှင်လည်း တရားရုံးချုပ်ရဲ့ အထူးစုံညီခုံရုံးကို အယူခံထပ်ဝင်ရနိုင်တယ်။ စောဒကတင်သွင်းတယ်ပေါ့။ အဲဒီ စောဒကအမှုကို လက်မခံငြင်းဆန်ခဲ့လျှင် နောက်ဆုံးအဆင့်အနေနဲ့ အသနားခံလွှာကို နိုင်ငံတော်အကြီးအကဲ(သမ္မတ)ထံကို ဆက်လက်တင်သွင်းရနိုင်တယ်။ နောက်ဆုံး နိုင်ငံတော်သမ္မတကိုယ်တိုင် အသနားခံလွှာကို ပယ်ချလိုက်ပြီဆိုမှပဲ ဥပဒေနှင့်အညီ သေဒဏ်စီရင်ခြင်းကို အကျဉ်းထောင်ကနေ ဆောင်ရွက်လုပ်ကိုင်ကြရတယ်''

ကျွန်ုပ်သည် ကြိုးသမားမိုးတိမ်အား လောလောလတ်လတ် သေဒဏ်စီရင်ခြင်းခံရမှုအပေါ် စိတ်ပျက်အားငယ်မှု မဖြစ်ပေါ်စေရန် မိမိအသက်လွတ်မြောက်လိုလွတ်မြောက်ငြား အဆင့်(၃)ဆင့် ကြိုးစားနိုင်ခွင့်ရှိသေးကြောင်း ရှင်းလင်းပြောပြနေခြင်းဖြစ်သည်။

ရေနစ်သူ ဝါးကူထိုးဆိုသလို မဖြစ်ရလေအောင် ကြိုးသမားမိုးတိမ်အတွက် မျှော်လင့်ချက်ရောင်ခြည်(၃)ဖြာရှိနေသေးကြောင်း အားမငယ်စေရန် အားပေးပြောဆိုနေခဲ့သည်။ ကြိုးသမားမိုးတိမ်ကတော့ တရားရုံးချမှတ်လိုက်သော အမိန့်အတိုင်း အကျဉ်းထောင်ထဲတွင် သေဒဏ်စီရင်ခြင်းကို ချက်ချင်းလက်ငင်း ဆောင်ရွက်မည်ဟု မှတ်ထင်နေခြင်းဖြစ်သည်။ ကျွန်ုပ်ရှင်းလင်းပြောဆိုပြမှုပဲ သဘောပေါက်နားလည်သွားကာ အားတက်ရွှင်လန်းသွားလေသည်။

''ဒါနဲ့ ကျွန်တော့်အယူခံကို ဘယ်သူက ဆောင်ရွက်ပေးမှာလဲ''

''ငါတို့ အကျဉ်းထောင်ထဲမှာရှိတဲ့ ထောင်ကျရုံးက အယူခံဌာနကနေ ဒီကိစ္စနဲ့ပတ်သက်လို့ ချက်ချင်းမေးမြန်းပြီး လုပ်ကိုင်ဆောင်ရွက်ပေးပါ့မယ်''

''ငွေဘယ်လောက် ကုန်မှာလဲ ဆရာ''

''ငွေတစ်ပြားမှ မကုန်ပါဘူးကွာ၊ မင်းရဲ့ အမှုသွားအမှုလာကို အယူခံဌာနက တာဝန်ခံထောင်မှူးက မေးမြန်းပြီး တရားစီရင်ထုံးတွေနဲ့ ကိုးကားပြီး ဗဟိုတရားရုံးကို အယူခံဝင်ရောက်ပေးမှာပါ။ ခုလို သေဒဏ်ကျခံရတဲ့အမှုက အမှုကြီးဆိုတော့ တချို့ကလည်း ကြောက်လန့်ပြီး အပြင်ဘက်က ရှေ့နေငှားရမ်းလို့ အယူခံဝင်ရင်တော့ ငွေကုန်ကြေးကျများမှာပါ''

''ထောင်ထဲက အယူခံဝင်တော့ ငွေမပေးရဘူးလား''

''ဘယ်ပေးရမှာလဲကွ၊ ငါတို့ထောင်ထဲမှာ ထောင်ကျနေကြတဲ့ ရှေ့နေ၊ တရားသူကြီးတွေလည်း ရှိနေတော့ သူတို့ကို ရေးခိုင်းရတယ်။ အဲဒီတော့ အပြင်မှာလို ငွေယူပြီး ရေးလို့မရဘူးကွ၊ ဘယ်လိုပုံစံနဲ့ပဲ အယူခံဝင်ဝင်၊ အထက်ရုံးတော်က အမှုသွားအမှုလာကို ပြန်လည်ဖတ်ရှုသုံးသပ်ကြည့်ပြီး လူမဆန်လွန်းအောင် ရက်စက်ခဲ့ရင်တော့ သေဒဏ်ချမှတ်နိုင်ဖို့ အယူခံပလပ်လိုက်မှာပဲ၊ တော်ရုံဆိုဒေါသအလျောက်ဖြစ်သွားတာဆိုပြီး အယူခံက နှစ်လျှော့တာတို့၊ လုံးဝလွတ်မြောက်တာတို့၊ အမိန့်ပြောင်းလဲ ပြင်ဆင်ချမှတ်ပေးတတ်တယ်''

''ဟာ ဒါဆို ဟန်ကျတာပေါ့ ဆရာ၊ ကျွန်တော့်မှာ အမိန့်ချမှတ်တုန်းက သွေးဆူနေလို့ ထူပူပြီး လူ



www.burmeseclassic.com

www.burmeseclassic.com



သတ်လာခဲ့ပေမယ့် လူသတ်မှုအနေနဲ့ သေဒဏ်ပေးခံရတော့ အရမ်းတုန်လှုပ်ချောက်ချားသွားခဲ့တယ်။ အမှုစဖြစ်ကတည်းက ရှေ့နေငှားရမ်းပြီး အမှုလိုက်နိုင်းခဲ့ပေမယ့် အမှုက မနိုင်တဲ့အပြင် ပြစ်မှုထင်ရှားစီရင်ခြင်းခံခဲ့ရလို့ ငွေသာကုန်ပြီး သေဒဏ်ကျခံရတာပဲ အဖတ်တင်တယ်၊ ဒါကြောင့် အကျဉ်းထောင်ထဲက အယူခံတရားရုံးကနေပဲ ကျွန်တော့်အသနားခံလွှာကို တင်သွင်းပေးပါဆရာ''

''စိတ်ချ မိုးတိမ်၊ မင်းအမှုနဲ့ ပတ်သက်ပြီး ငါကိုယ်တိုင် နက်ဖြန်နံနက် ထောင်ကျလူသစ်ကြည့်ရင်း တစ်ခါတည်း အမှုအကြောင်း အရာပါ မေးမြန်းပြီး စီစဉ်ပေးပါ့မယ်။ ငါက ထောင်ကျမှတ်ပုံတင် စာအုပ်(ထောင်ပုံစံ၂၁)နဲ့ မှတ်ပုံတင်တဲ့အခါ အယူခံတင်၊ မတင်ဆိုတဲ့ အပိုဒ်မှာ မင်းကို မေးတဲ့အခါ အယူခံတင်မယ်လို့သာတင်းပို့လိုက်ပါ။ အဲဒါ ဆို အယူခံအဖွဲ့ကနေ မင်းကို အယူခံကိစ္စနဲ့ပတ်သက်ပြီး လာရောက်မေး မြန်းပါလိမ့်မယ်''

''ဟုတ်ကဲ့ပါ ဆရာ''

ကျွန်ုပ်သည် ထောင်ပိတ်လုပ်ငန်းတာဝန် ဆောင်ရွက်ရန်ရှိသေးသဖြင့် ကြိုးသမားမိုးတိမ်အား ကြိုးတိုက်ခန်းထဲမှာ ထည့်သွင်းထားခဲ့ပြီး ကြိုးတိုက်ထဲမှပြန်လာခဲ့သည်။ ထောင်ကျရုံးသို့ရောက်သောအခါ ကြိုးသမားမိုးတိမ်၏ အယူခံအမှုကို ၇ ရက်အတွင်း အယူခံတင်သွင်းနိုင်ရန် အယူခံစာရေးမောင်ကျောက်တံကို တာဝန်ပေးရသည်။

အယူခံမောင်ကျောက်တံသည် ထောင်ကျရုံးတွင်းရှိ အယူခံဌာနတွင် ထောင်ကျတရားခံများနှင့်ပတ်သက်၍ အယူခံရေးပေးရသော ထောင်ဒဏ်ငါးနှစ်ကျခံနေရသော ရှေ့နေတစ်ဦး ဖြစ်လေသည်။

* * *

''အယူခံမောင်ကျောက်တံဆိုတာ ကျုပ်ပါပဲဗျာ၊ ကျုပ်က အပြင်မှာနေတုန်းက တရားရုံးမှာ အမှုလိုက်နေတဲ့ ရှေ့နေတစ်ယောက်ပါ။ အရက်ဆိုင်မှာ ခိုက်ရန်ဖြစ်ပွားခဲ့ပြီး ထောင်ဒဏ်ငါးနှစ်ကျလာခဲ့လို့ ထောင်ကျရုံးမှာ လေဘာချထားပြီး ထောင်တွင်း အယူခံကိစ္စတွေကို ဆောင်ရွက်ပေးနေရတယ်ဗျ''

အယူခံမောင်ကျောက်တံသည် ကြိုးသမားမိုးတိမ်အား သဘောပေါက်နားလည်စေရန် အထက်ပါအတိုင်း ရှင်းလင်းပြောဆိုခဲ့သည်။ ကျွန်ုပ် အယူခံမောင်ကျောက်တံသည် အခြားထောင်ကျအကျဉ်းသားများ၏ အယူခံကိစ္စနှင့်ပတ်သက်၍ စီရင်ချက်မိတ္တူတောင်းခံခြင်းများ စီစဉ်ဆောင်ရွက်ပေးနေရသဖြင့် နောက်ကျမှ ရောက်ရှိလာသည်။

ကျွန်ုပ်ရောက်ရှိသွားချိန် ကြိုးသမားမိုးတိမ်သည် ကွပ်ပျစ်အနိမ့်လေးပေါ်ဝယ် အေးအေးဆေးဆေးလဲလျောင်းကာ အိပ်နေသည်။ ကျွန်ုပ်သည် ကြိုးသမား တော်တော်များများနှင့် အယူခံကိစ္စကို မေးမြန်းသည့်အခါတွင်လည်းကောင်း၊ အယူခံရှုံးနိမ့်သွားသဖြင့် ကြိုးပေးစီရင်ခြင်းခံရချိန်မှာလည်းကောင်း၊ ကြိုးသမားတော်တော်များများနှင့် ကြုံကြိုက်ခဲ့ရသည်။

ယခု ကြိုးသမားမိုးတိမ်လို အေးအေးဆေးဆေးနှင့် တည်တည်ငြိမ်ငြိမ် နေထိုင်နေသည်ကို တွေ့မြင်လိုက်ရသောကြောင့် အံ့ဩနေခဲ့သည်။

များသောအားဖြင့် ကြိုးသမားအများစုမှာ သေဒဏ်စီရင်ချက်အမိန့်ချမှတ်လိုက်သည်နှင့် စိတ်တည်ငြိမ်မှုမရှိကြတော့ဘဲ ကယောက်ကယက်ဖြစ်နေကြသည်က များလေသည်။

''ဘယ်လိုလဲ ကိုမိုးတိမ်၊ စိတ်ဓာတ်ကျပြီး အိပ်နေလား''

''အင်း စိတ်ဓာတ်ကျတယ်လဲ မဟုတ်ပါဘူးဗျာ၊ ကိုယ်ကျူးလွန်လိုက်တဲ့ပြစ်မှုအတွက် အသက်ဆုံးရှုံးသွားခဲ့ရတဲ့ တစ်ဖက်လူကို တွေးပြီး စိတ်မကောင်းဖြစ်နေခဲ့တာပါ''

''ဒါပေါ့ဗျာ၊ လူဆိုတာ အမှားနဲ့ ဘယ်ကင်းကြပါ့မလဲဗျာ။ လောဘ၊ ဒေါသ၊ မောဟ တရားကို မချုပ်တည်းနိုင်ခဲ့လို့ ပြစ်မှုပြစ်ဒဏ်ကျခံနေရတာပေါ့။ ဒါနဲ့ နေစမ်းပါဦး ..ခင်ဗျားက ဘယ်သူ့ကို သတ်ခဲ့တာလဲဗျ''

''ဝစီပိတ်ဆရာတော်ပါ''

''ဗျာ''

''ဟုတ်ပါတယ် ကိုကျောက်တံ၊ ကျုပ်ကတော့ ကံကြီးထိုက်မယ့် လူပါပဲ''

''ဒါနဲ့ ဆရာတော့်ကို ဘယ်လို အငြိုးအတေးတွေရှိခဲ့လို့ သတ်ပစ်ချင်လောက်အောင် ဖြစ်ပေါ်ခဲ့ရတာလဲ''

''အင်း ပြောရရင်တော့ လောဘစိတ်ကြောင့် ဖြစ်သွားတာပါ''

''ဆရာတော့်အပေါ်မှာ လောဘစိတ်တက်လောက်အောင် ချမ်းသာကြွယ်ဝသူမို့လို့လား''



www.burmeseclassic.com

www.burmeseclassic.com



"မပာတ်ရပါဘူးဗျာ၊ အမှန်တော့ ကျုပ်မှာ အဲဒီအချိန်က ငွေအရမ်းလိုနေချိန်၊ ဆရာတော့်လက်ထဲက ငွေတွေကို မြင်လို့ လောဘစိတ် ဖြစ်ပေါ်လာခဲ့မိတာပါ"

"အေးဗျာ . . ၊ ခင်ဗျားရဲ့ အယူခံအမှုကလည်း စိတ်ဝင်စားစရာပဲ၊ ကဲ အမှုဖြစ်စဉ်ကို အစအဆုံး ပြောပြစမ်းပါဦး"

* * *

ကျုပ်ကို မွေးဖွားလာခဲ့တာ ရောဝတီတိုင်းထဲက မြို့ကလေးမှာ ဖြစ်ပါတယ်။ ကျုပ်အဖေက လယ်သမားကြီးတစ်ယောက်ပါ။ နာမည်က ဦးဖိုးထွန်းလို့ခေါ်တယ်။ အမေကတော့ ဒေါ်ငွေစိန်လို့ ခေါ်ပါတယ်။

ကျုပ် နာမည်ရင်းကတော့ တစ်လုံးထိုးအောင်စိန်လို့ ခေါ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်ဟာ လက်သီးထိုးတမ်းကစားတဲ့အခါမှာပဲ ဖြစ်ဖြစ်၊ ကျုပ် လက်သီးတစ်ချက်မိသွားတာနဲ့ ဖင်ထိုင်လဲကျသွားတာပဲ။

အဖေကတော့ ကျုပ်ကို ပညာတတ်ကြီးတစ်ယောက် ဖြစ်လာစေချင်တယ်။ ရွာမှာနေရင်း ကျွဲကျောင်းနွားကျောင်းဘဝနဲ့ လယ်ထဲမှာပဲ ကြီးပြင်းလာမှာမို့ ရွာမှာမထားဘဲ မြို့မှာကျောင်းနေဖို့ ပို့ထားခဲ့တယ်။

ကျုပ်အဖေရဲ့အစ်ကို ကျုပ်ဘကြီး ဘုန်းကြီးကျောင်းမှာနေထိုင်ရင်း ပညာတတ်တစ်ယောက် ဖြစ်လာစေချင်တယ်။ ကျုပ်တို့ နေထိုင်တဲ့ ဘုန်းကြီးကျောင်းနားမှာ မြန်မာ့ရိုးရာ လက်ဝှေ့ပညာကို စနစ်တကျ သင်ကြားပေးနေတဲ့ လက်ဝှေ့ကျော်တိမ်ပျံရဲ့ လက်ဝှေ့သင်တန်းလေး ဖွင့်ထားတယ်။

ကျုပ် ခုနစ်တန်းလောက် လူပျိုပေါက်ရောက်လာတဲ့အချိန် ကျောင်းပညာရေးအပေါ် လုံးဝစိတ်မဝင်စားတော့ဘဲ စာသင်ချင်တဲ့စိတ် ကုန်ခမ်းလာတယ်။ လက်ဝှေ့သင်တန်း ပတ်ဝန်းကျင်မှာပဲ ကျင်လည်ပြီး ပျော်မွေ့ချင်လာတယ်။ ငယ်ငယ်ကတည်းက ကျုပ်ဟာ အထိုးအကြိတ် ဝါသနာပါခဲ့သူဆိုတော့ လက်ဝှေ့သင်တန်းမှာ သူများတွေထိုးနေတာကိုကြည့်ပြီး အားကျလာခဲ့တယ်။ ဒါကြောင့် ဆရာတော့်ထံ ခွင့်ပန်ပြီး ဘုန်းကြီးကျောင်းမှာဝေယျာဝစ္စတွေလုပ်ကိုင်ပေးရင်း လက်ဝှေ့ပညာကို သွားသင်ယူခဲ့တယ်။

နောက်ပိုင်းမှာတော့ အငယ်တန်း လက်ဝှေ့ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်သတ်ပုတ်ရင်း အလဲထိုးပွဲသိမ်း အနိုင်ရခဲ့တာများတယ်။ ဒီတော့ လက်ဝှေ့လောကမှာ ကျုပ်နာမည် ဟိုးလေးတစ်ကြော် ဖြစ်လာခဲ့ရတာပေါ့။ ကျုပ်လည်း လက်ဝှေ့ပွဲတိုင်း အောင်ပန်းအလီလီ ရလာခဲ့တာကြောင့် အားတက်လာခဲ့တယ်။

ကျုပ်နာမည်အရင်း တစ်လုံးထိုးအောင်စိန်ဆိုတာတောင်ပျောက်ပြီး အလဲထိုးမိုးတိမ်ဆိုတဲ့နာမည်နဲ့ ထင်ပေါ်ကျော်ကြားလာခဲ့တယ်။ ကျုပ်ရဲ့ မူလဆရာကတော့ လက်ဝှေ့ကျော်တိမ်ပျံဖြစ်တယ်။ သူကလည်း လက်ဝှေ့လောကမှာ အကျော်အမော်တစ်ဦးဖြစ်တယ်။ ကျုပ်ကို လူသစ်တန်း စိန်ခေါ်ပွဲတွေမှာ စင်ပေါ်တက်ထိုးရင်း ပြိုင်ပွဲတွေမှာ အနိုင်ရခဲ့သလို ရှုံးတဲ့ပွဲတွေလည်း ရှိခဲ့တာပါပဲဗျာ။ ကြွေတစ်လှည့် ကြက်တစ်ခုန်ဆိုသလိုပါပဲ။

ကျုပ်လက်ဝှေ့ပွဲတွေ အနိုင်ရလာခဲ့တဲ့ အလံလုပွဲတွေမှာ ကြေးအများကြီးရခဲ့တာလည်း ရှိတယ်။ ကျုပ်ကို ကျုပ် အထင်ကြီးပြီး အောက်ခြေလွတ်လာခဲ့တယ်။ ရသမျှ နိုင်ကြေးပိုက်ဆံတွေကို အပေါင်းအသင်းတွေနဲ့ပေါင်းပြီး စားသောက်သုံးဖြုန်းပစ်ခဲ့တာများတယ်။

ကျုပ်ဟာ ပညာရေးကို အပြီးအပိုင်စွန့်လွှတ်လိုက်ပြီး လက်ဝှေ့ကြိုးဝိုင်းထဲမှာပဲ ကျင်လည်ဖို့ ဆုံးဖြတ်ချက်ချခဲ့တော့တယ်။ လက်ဝှေ့စိန်ခေါ်ပွဲတွေမှာ ကျုပ်နဲ့တွေ့တဲ့ ပြိုင်ဘက်ဟာ အလဲထိုးခံရပြီး ရှုံးသွားကြတာများတယ်။

အဲဒီလို ကျုပ်ကို လက်ဝှေ့သင်ပေးနေတဲ့ ဘုန်းကြီးကျောင်းက ဆရာတော်ဘုရားဆီမှာ လာလာပြီး လှူဖွယ်ပစ္စည်းတွေကပ်ပြီး အလှူပေးနေတဲ့ ဒကာတစ်ယောက်ရဲ့ သမီးလေးနဲ့ ကျောင်းမှာတွေ့ဆုံဖန် များလာတော့ ရင်းနှီးကျွမ်းဝင်လာခဲ့တယ်။

နောက်ဆုံး ကျုပ်နဲ့ သူ့ဒွေးသမီးလေးဟာ သမီးရည်းစားဖြစ်တဲ့အဆင့်ထိ ရောက်သွားတယ်။ ကောင်မလေးကလည်း အသက်အရွယ်ဆယ့်ခြောက်နှစ်ဝန်းကျင် အပျိုဖြန်းမလေးပဲရှိသေးတယ်။ ကျုပ်တို့ လက်ဝှေ့ထိုးလေ့ကျင့်နေတဲ့အခါ ကြိုးဝိုင်းဘေးမှာ လာလာကြည့်နေတယ်။

ကျုပ်ကလည်း လူပုံက ဖြူဖြူနဲ့နဲ့ ရုပ်ရည်ကလည်း ရှက်ကြမ်းရေကြို ဆိုတော့ ကောင်မလေးက စိတ်ကစား တတ်တဲ့အရွယ်မို့ စိတ်ဝင်စားနေတာလည်း ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com





ဘုန်းကြီးကျောင်းကို လိုက်လိုက်လာရင်း ကျုပ်နဲ့အတူတူ ဆုံတွေ့ဖန်များလာတော့ သမီးရည်းစားမကျတကျမှာ ကောင်မလေးရဲ့ အိမ်ကလူကြီးတွေက ရိပ်မိသိရှိသွားတယ်။

ဒီတော့ ကျုပ်လို ဘုန်းကြီးကျောင်းမှာ ကပ်စားနေတဲ့ ဘုန်းကြီးကျောင်းသားနဲ့ ဘယ်သဘောတူ ကြည်ဖြူနိုင်ပါ့မလဲဗျာ။ ဒီတော့ သူတို့သမီးကို ကျုပ်နဲ့ မတွေ့ဆုံရလေအောင် နည်းအမျိုးမျိုးနဲ့ ပိတ်ပင်တားဆီးခဲ့ကြတယ်။

မည်သို့ပင် ယက္ခဂုမ္ဘာန်တွေ စောင့်ကြပ်ဝန်းရံနေခဲ့ပေမယ့် သူ့ရဲ့ သူငယ်ချင်းကောင်မလေးဆီကနေ တဆင့်လာခိုးလှည့်ပါ့ဆိုတဲ့အကြောင်း ကြားစာတစ်စောင် ကျုပ်ဆီကို သိုသိုဝှက်ဝှက်နဲ့ ရောက်ရှိလာခဲ့တယ်။

ခုလို ဖြုန်းစားကြီး မိန်းမခိုးယူရမယ့် ပြဿနာက ရုတ်တရက်ပေါ်ပေါက်လာခဲ့တယ်။ ကျုပ် လက်ဖွဲ့ပွဲမှာ အနိုင်ရလာခဲ့တဲ့ ဆုကြေးငွေတွေကလည်း သုံးဖြုန်းပစ်ခဲ့လို့ လတ်တလောမှာ ငွေကြေးပြတ်လပ်မှုနဲ့ ကြုံနေခဲ့ရတော့တယ်။

ကျုပ်မှာ ကောင်မလေးကို မခိုးနိုင်ရင်လည်း ဒီတစ်သက်နီးကြဖို့ မလွယ်တော့ဘူးလေ။ ခိုးဖို့ ဆိုပြန်တော့လည်း လက်ထဲမှာ ငွေခြူးတစ်ပြားမှ မရှိဘဲ အကြပ်ရိုက်လို့ အခက်ကြုံနေခဲ့တယ်။

ကျုပ်စိတ်ထဲမှာ လောလောဆယ် ငွေကြေးအထောက်အပံ့ရနိုင်မယ့် နည်းလမ်းအမျိုးမျိုးကို စဉ်းစားတွေးတောနေရင်း ကျောင်းဝင်းနားက စေတီလေးပေါ်ကို စိတ်ညစ်ညစ်နဲ့ တက်လာနေခဲ့တယ်။

စေတီကုန်းမြေလေးဟာ ပေနှစ်ဆယ်ကျော်လောက်မြင့်မယ်။ ကုန်းကမူအစွန်းပေါ်မှာတည်ထားတဲ့ ကိုးတောင်ပြည့် စေတီလေးဖြစ်တယ်။

အဲဒီစေတီလေးပေါ်ကနေ လှမ်းမျှော်ကြည့်လိုက်ရင် ဘုန်းကြီးကျောင်းတွေဟာ စေတီလေးပတ်ဝန်းကျင်မှာ အစီအရီဆောက်ထားတဲ့ ကျောင်းဆောင်တွေဖြစ်တယ်။

ကျုပ် တစ်ယောက်တည်း စေတီလေးပေါ်မှာ ထိုင်နေရင်း ငွေကြေးအလွယ်တကူရှာဖွေရနိုင်မယ့် နည်းလမ်းအမျိုးမျိုးကို ကြံဆတွေးတောနေခဲ့တာပေါ့။ ကျုပ် လိုအပ်မယ့် ငွေကြေးကို လုံလုံလောက်လောက်ရနိုင်ဖို့ဆိုတာမလွယ်ဘူးလေ။

ကျုပ် ထိုင်နေတဲ့ စေတီရင်ပြင်လေးပေါ်ကနေ လှမ်းပြီးမြင်နေရတဲ့ နှစ်ထပ်ဘုန်းကြီးကျောင်းအဆောင်အပေါ်ထပ်နေရာနဲ့ဆို မျဉ်းတစ်ပြေးတည်းဖြစ်နေတယ်။

ဘုန်းကြီးကျောင်းကြီး အပေါ်ထပ်မှာ လူသူကင်းရှင်းလို့နေတယ်။ ကျောင်းကြီးအပေါ်ထပ်က ကြမ်းပြင်နေရာမှာတော့ ဘုန်းကြီးအိုကြီးတစ်ပါးဟာ ကော်ဇောပေါ်မှာ ထိုင်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



**ပစ္စက္ခ၌သေကံ**
**မရောက်သေးသဖြင့်**
**အသက်ချမ်းသာရာ**
**ရသွားခဲ့သော**
**မိုးတိမ်သည်**
**တမလွန်ဘဝ၌**
**သံဃာတော်အား**
**အသက်ဆုံးရှုံးသည်ထိ**
**ပြစ်မှားခဲ့သော**
**မကောင်းမှု ဒုစရိုက်**
**အကုသိုလ်ကံကြောင့်**
**မဟာအဝီစိသို့**
**ငရဲကျခြင်းတည်းဟူသော**
**ပြစ်ဒဏ်မှ**
**လွတ်မြောက်နိုင်လိမ့်မည်**
**မဟုတ်ပါလေ**

...

ဘုန်းကြီးရဲ့ရှေ့မှာတော့ ဘုရားအလှူခံပုံးထဲမှ ကောက်ခံရလာတဲ့ အလှူငွေတွေကို ရေတွက်ပြီး ဘဏ်စာအုပ်ထဲသွင်းဖို့ ရေတွက်နေဟန်တူတယ်။

ကျုပ်လည်း စေတီပေါ်ကနေ လှမ်းမြင်နေရတော့ ဒီလို အစုလိုက်အပုံလိုက်ငွေတွေသာ လတ်တလော ရရှိလိုက်မယ်ဆိုရင် ကျုပ်ကိစ္စ အဆင်ပြေသွားမယ်လို့ တွေးတောအကြံရသွားခဲ့တယ်။

လောလောဆယ် ငွေဟာ ကျုပ်အတွက် အရေးတကြီးလိုအပ်နေတာကြောင့် ဘုရားငွေတွေကို လုယူလို့ ငရဲကြီးကာမှကြီးရော၊ ကျုပ်ပြဿနာ ပြေလည်ဖို့ အရေးကြီးတယ်လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

ဒါကြောင့် ကျုပ်စိတ်ကို ဆုံးဖြတ်ချက် ပိုင်ပိုင်ချလိုက်ပြီး စေတီလေးပေါ်ကနေ အသာအရာဆင်းလာခဲ့တယ်။ ဘုန်းကြီးကျောင်းရဲ့အောက်မှာလည်း လူသူကင်းရှင်းနေတော့ လူသူအရိပ်အယောင် ကင်းမဲ့လို့နေတယ်။

ကျုပ်လည်း ဘုန်းကြီးကျောင်းလှေကားပေါ်ကို တစ်ထစ်ချင်းနင်းတက်လာခဲ့တယ်။ ကျောင်းကြီးပေါ်မှာလည်း အသံဗလံတိတ်ဆိတ်နေပြီး ဆရာတော်ကြီးတစ်ပါးတည်းပဲ ရှိနေတယ်။

ကျုပ်လည်း ဘုန်းကြီးကျောင်းအပေါ်ထပ်ကိုလည်းရောက်ရော ဆရာတော်ကြီးဟာ ငွေတွေရေတွက်စစ်ဆေးပြီးသွားဟန်တူတယ်။ ဘီရိုထဲငွေတွေထည့်ပြီး တံခါးကိုသော့ပိတ်နေတယ်။

ဘုရားစင်ရှေ့နားမှာရှိတဲ့ မတ်တပ်ဘီရိုအပေါ်ထပ်မှာထည့်သွင်းပြီး သော့ခတ်လို့ နောက်လှည့်လိုက်စဉ်မှာပဲ ကျုပ်နဲ့ ပက်ပင်းတိုးခဲ့တော့တယ်။

ဆရာတော်က ကျုပ်ကို ဘာလာလုပ်တာလဲဆိုပြီး ကြောင်ကြည့်နေဟန်တူတယ်။ ကျုပ်လည်း စကားရှည်ရှည်ဝေးဝေး ပြောမနေဘဲ လက်ဖြန့်သော့တောင်းဟန်ပြုနေတယ်။

ဒါကို ဆရာတော်ကြီးက သဘောပေါက်နားလည်သွားဟန်တူပါတယ်။ ခေါင်းကိုသာ တွင်တွင်ခါယမ်းဟန်ပြုနေခဲ့တယ်။ ကျုပ်ကလည်း အချိန်မရှိဘဲ တစ်စုံတစ်ယောက်အပေါ်ထပ်တက်လာရင် ပြဿနာရှုပ်ကုန်မှာစိုးလို့ အေးအေးလူလူတောင်းခံနေခြင်းဖြစ်တယ်။

ကျုပ်ဘဝမှာ ဒီလိုမကောင်းမှုဒုစရိုက်မျိုးကို တစ်ခါမှ မကျူးလွန်ခဲ့ဖူးတော့ ဆရာတော့်ထံက ငွေကိုရယူနိုင်ဖို့ အခက်ကြုံနေခဲ့တာပေါ့။ ဖြစ်ချင်တော့ဆရာတော်ဟာ ကျောင်းအောက်ပတ်ဝန်းကျင်မှာရှိနေတဲ့ ရဟန်းသံဃာတွေကို အော်ဟစ်အကူအညီမတောင်းဘဲ ရေငုံနှုတ်ပိတ်နေခဲ့တယ်။ ဝစီပိတ်ကျင့်စဉ် ကျင့်နေချိန်ဖြစ်သည်။

ကျုပ်လည်း လူသူလေးပါး အသိမခံနိုင်တာကြောင့် ဘီရိုထဲက ငွေတွေကို ဖြစ်တဲ့နည်းနဲ့လုယူဖို့ ကြံစည်ခဲ့တော့တယ်။ အဲဒါကတော့ ကျုပ်တတ်တားတဲ့ လက်ဝှေ့ပညာနဲ့ လက်သီးအားကို အသုံးပြုပြီး ဆရာတော်နှုတ်ပိတ်နေတဲ့ မျက်နှာဆီကို လက်သီးပြင်းပြင်းတစ်လုံး ပစ်သွင်းလိုက်တယ်။

ကျုပ်ဟာ အချိန်အဆကို မမှန်းဆနိုင်ဘဲ စိတ်တွေက ထူထူပူပူဖြစ်ပေါ်ခံစားနေရတော့ ကျုပ်ထိုးလိုက်တဲ့လက်သီးအရှိန်ဟာ ဆရာတော့်မျက်နှာကို ထိထိမိမိထိုးမိသွားပြီး နောက်ပြန်လန်ကျသွားခဲ့တော့တယ်။

ကံဆိုးချင်တော့ဗျာ .. ကျုပ်ထိုးလိုက်တဲ့ အရှိန်ကြောင့် ပက်လက်လ



www.burmeseclassic.com

www.burmeseclassic.com



လဲကျသွားရာက ဘုရားစင်ရှေ့က ဖယောင်းတိုင်ထွန်းတဲ့ ခုံစောင်းပေါ် ဆောင့်မိသွားပြီး တစ်ချက်ထဲ အသက်ထွက်သွားတယ်။

ကျုပ်လည်း ဘာဘာညာညာ စဉ်းစားမနေတော့ဘဲ အိတ်တစ်လုံးထဲကို ငွေတွေကျုံးထည့်ပြီး ကျောင်းပေါ်ကနေ လစ်ထွက်လာခဲ့တယ်။ ကျုပ်ကောင်မလေးချိန်းတဲ့ဆီကို အရောက်ပြေးခဲ့တယ်။

ကံကြမ္မာက ကျုပ်တို့နှစ်ယောက်ပေါင်းဖက်နိုင်ဖို့ မျက်နှာသာမပေးခဲ့ပါဘူးဗျာ။ ကျုပ် အဲဒီနေရာကို ရောက်သွားချိန်မှာ ကောင်မလေးမိဘတွေက အချိန်မီသိရှိသွားလို့ သူတို့သမီးကို ပြန်လည်ထိန်းသိမ်းခေါ်ဆောင်သွားခဲ့တယ်။

ကျုပ် အဲဒီနေရာကို ရောက်သွားခဲ့ချိန်မှာ ရဲတပ်ဖွဲ့က ကျုပ်ကို မသင်္ကာမှုနဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့တယ်။ ...ခန်းကိုရောက်တော့ ကျုပ်အိတ်ထဲက ငွေတွေတစ်ပုံကြီးကို ရှာဖွေတွေ့ရှိသွားရာက ယုံကြည်နိုင်လောက်အောင် ...ရှင်းပြနိုင်ခဲ့လို့ သံသယဝင်ခဲ့ကြတယ်။

နောက်ဆုံး ကျုပ်လည်း ဖြစ်ရပ်...န်ကို မကွယ်မဝှက်ဘဲ ဖွင့်ဟထွက်ဆိုပြောပြတော့မှ အဖြစ်မှန်ကို သိရှိသွားခဲ့တော့တယ်။ သက်ဆိုင်ရာနယ်မြေ...ခန်းကို လှမ်းဆက်သွယ်မေးမြန်းကြည့်တဲ့အခါ ကျုပ်ရဲ့ တစ်ချက်တည်း...သောလက်သီးနဲ့ အသက်ထွက်သွား...သိသွားခဲ့လို့ လူသတ်မှု၊ လုယက်မှု...အရေးယူခဲ့ရာက သေဒဏ်ကျခံခဲ့ရ...ပဲ ဖြစ်ပါတယ်။

***

ကျွန်ုပ်သည် အယူခံမောင်ကျော်တံ ရေးမှတ်ယူလာခဲ့သော ကြိုးသမားမိုးတိမ်၏ အမှုဖြစ်စဉ်ကို ဖတ်ရှုကြည့်နေမိသည်။

''မောင်ကျော်တံ ကြိုးသမားမိုးတိမ်ရဲ့ အယူခံမှုအတွက် မြို့နယ်တရားရုံးက စီရင်ချက်မိတ္တူကိုတောင်းပြီးပြီလား''

''မတောင်းရသေးဘူး ဆရာ''

''ဟာ ကြိုးသမားအယူခံက ခုနစ်ရက်အတွင်း ပြီးစီးအောင် အယူခံတင်သွင်းရမှာဗျ။ မမှိုပဲနေမယ် ..ဒီနေ့ထုတ်ဗျာ''

ကျွန်ုပ်သည်ကြိုးသမားမိုးတိမ်နှင့် ပတ်သက်သော အယူခံလွှာကို ဗဟိုတရားရုံးသို့ တင်သွင်းနိုင်ရန် အယူခံမောင်ကျော်တံကို စီရင်ချက်မိတ္တူ တောင်းခံစာကို လက်နှိပ်စက်ရိုက်ရန် ပြောနေခြင်းဖြစ်သည်။

ကြိုးသမားမိုးတိမ်၏ အယူခံကိစ္စကို အချိန်မီအောင် တင်နိုင်ရန် ကျွန်ုပ်သည် အယူခံမောင်ကျော်တံအား ဆော်ဩနေရသည်။

ကြိုးသမားမိုးတိမ်တစ်ယောက် မိမိလောဘကြောင့် လုပ်ကြံသတ်ဖြတ်ခဲ့မိသော ဝစီပိတ်ဆရာတော်အပေါ် စိတ်မကောင်းဖြစ်နေရှာသည်။ ဆရာတော်ကြီးမှာ သီလသမာဓိပြည့်စုံသူဖြစ်ခြင်းကြောင့် ဒကာ၊ ဒကာမ ပေါများလေသည်။

မိမိ မိန်းမခိုးယူနိုင်ရန် လိုအပ်သော ငွေကြေးကို အလွယ်တကူရှာဖွေခဲ့မိသဖြင့် မကြံကောင်းမကြံစည်ရာ ကြံရွယ်ခဲ့မိခြင်းဖြစ်နိုင်ပါသည်။ ဘုရားအလှူခံပုံးထဲမှငွေကို ဆရာတော်မှ စာရင်းဇယားနှင့် ထိန်းသိမ်းကိုင်တွယ်သုံးစွဲလျက်ရှိသည်။ ယခုလည်း အလှူခံပုံးဖောက်ရာမှ ဂေါပကအဖွဲ့လာအပ်သော ငွေများကို ဘဏ်သွင်းနိုင်ရန် စီစဉ်နေစဉ် မိုးတိမ်မြင်တွေ့သွားခဲ့၍ ပြဿနာဖြစ်ပွားခဲ့ရသည်။

ဤကဲ့သို့ ကြိုးသမားများအတွက် အယူခံမှုများကို တင်သွင်းထားခဲ့စဉ် ခြောက်လခန့်ကြာသောအခါ နိုင်ငံတော်မှနေ၍ လွန်ငြိမ်းချမ်းသာခွင့် အမိန့်ကြော်ငြာစာ ၂/၈၀ ထွက်ပေါ်လာခဲ့သည်။

ယင်းလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကြော်ငြာစာထွက်ပေါ်လာပြီးနောက်ကြိုးတိုက်ထဲမှကြိုးသမားအများစုသည် လူသတ်မှုနှင့်ပတ်သက်သော သေဒဏ်ကျခံလာမှုများအား ထောင်ဒဏ်(၁၀)နှစ်သို့ ပြောင်းလဲပြင်ဆင်ပေးလိုက်လေသည်။

ထို့ကြောင့် ကြိုးသမားမိုးတိမ်သည် ထောင်ဒဏ်သို့ ပြောင်းလဲပြင်ဆင်ခြင်းခံခဲ့ရသောကြောင့် ကြိုးဒဏ်ကျခံစေရမည့်အသက်ဘေးမှ သီသီလေး လွတ်မြောက်သွားခဲ့လေတော့သတည်း။

သို့သော် ပစ္စက္ခ၌သေကံမရောက်သေးသဖြင့် အသက်ချမ်းသာရာ ရသွားခဲ့သော မိုးတိမ်သည် တမလွန်ဘဝ၌ သံဃာတော်အား အသက်ဆုံးရှုံးသည်ထိ ပြစ်မှားခဲ့သော မကောင်းမှုဒုစရိုက်အကုသိုလ်ကံကြောင့် မဟာအဝီစိသို့ ငရဲကျခြင်းတည်းဟူသော ပြစ်ဒဏ်မှလွတ်မြောက်နိုင်လိမ့်မည် မဟုတ်ပါလေ။



www.burmeseclassic.com



# ဘာနှင်း

## လွှတ်မို့ရန်မလွယ်

**Death at her Cibora by Stenley Ellin**

အချိန်မှာ ၁၉၇၇ ခုနှစ် နွေရာသီတွင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စု၊ ပင်ဆဲလ်ဗေးနီးယားပြည်နယ် ဖေးလီဘက်မြို့အနီးရှိ အာဗေးတန်းအရပ်မှာ ကလေးတစ်စု လောင်းလှေဟောင်းတစ်စင်းနှင့် ကမ်းစပ်တွင် အပျော်ကြူးနေကြစဉ် ကန်ထဲမှ ရုတ်တရက်ပေါ်လာသော အလောင်းတစ်ခုကို တွေ့လိုက်ရသည်။

လူသေအလောင်းမှာ အမျိုးသမီးအလောင်းဖြစ်သည်။ ရေကူးဝတ်စုံကို သေသေသပ်သပ် ဝတ်ထားရုံမျှမက ခေါင်းတွင်လည်း ရေကူးရာတွင်ဆောင်းလေ့ရှိသော ဦးထုပ်ကို ဆောင်းထားသေးသည်။

ကလေးတို့၏ လောင်းလှေကလေးမှာ လှိုင်းကြပ်ခွပ်များပေါ်တွင် လူးလူးလွန့်လွန့် ဖြစ်နေ၍ ဘာလုပ်ရမှန်း ရုတ်တရက်မသိ။ သို့သော် သက်



www.burmeseclassic.com

www.burmeseclassic.com


ဆိုင်ရာကို သတင်းပို့ရန် သူတို့မမေ့။ ကလေးများတွေ့ရှိသော အမျိုးသမီး အလောင်းကို အသက်ကယ်အဖွဲ့မှ အမြန်ဆုံးသယ်ယူခဲ့သည်။

ဒေါက်တာဝမ်နာနှင့် ဒေါက်တာ ဟယ်ရီဘရောင်းတို့က အသေအချာ လေ့လာကြည့်ရှု စစ်ဆေးကြသည်။ အလောင်းကိုခွဲစိတ်စစ်ဆေးပြီး စိတ်ပျက်လက်ပျက်အမူအရာဖြင့် ခေါင်းကို တွင်တွင်ခါမိကြတော့သည်။

သေဆုံးသူ အမျိုးသမီး၏ ဦးခေါင်းတွင် ဒဏ်ရာများရှိနေသည်။ ဒဏ်ရာများမှာ ပြင်းထန်စွာအရိုက်ခံရသော ဒဏ်ရာများဖြစ်သည်။ သံတုတ်ကဲ့သို့သော တုတ်ဖြင့် ရိုက်သတ်ခံရခြင်း ဖြစ်နိုင်သည်။ အံ့ဩထိတ်လန့်မိသည်မှာ သေသူမိန်းကလေးတွင် ကိုယ်ဝန်နှင့် ဖြစ်နေခြင်းပင်။

ထို့ကြောင့် မိန်းကလေးမှာ ရေနစ်၍ သေခြင်းမဟုတ်။ အသတ်ခံရ၍ သေခြင်းဖြစ်သည်ဟု ဆုံးဖြတ်လိုက်ကြသည်။

ဤ လူသတ်မှုကို မြို့နယ် စုံထောက် ရစ်ချက်ပိုဝဲလ်က တာဝန်ယူ စုံစမ်းရသည်။ ပိုဝဲလ်သည် ပြည်နယ်တစ်ခွင်တွင် အားကိုးအားထားရသော စုံထောက်အကျော်အမော်များတွင် တစ်ဦးဖြစ်သည်။

သို့သော် ...

သူသည် လူသတ်မှုကို စတင်ကိုင်တွယ်ချိန်မှာပင် သေသူမိန်းကလေးမှာ မည်သူမည်ဝါမှန်း တိတိပပ မသိ၍ ပိုဝဲလ်မှာ အခက်ကြုံရသည်။ သို့သော် မတတ်နိုင်၊ သမရိုးကျနည်းဖြင့် စုံစမ်းကြည့်သည်။

**သူ့အပြုံးက**
**မချောတို့အတွက်သာ။**
**ဘယ်သောအခါမှ**
**မျက်ရည်ကျစေမည်လည်း မဟုတ်ပါ။**
**ဘော်ဘီ၏ အောင်မြင်မှုတို့မှာ။**
**အသက်ဆုံးတိုင် အစွန့်ရှည်မည်သာ...**

ထို့ကြောင့် နွေရာသီအချိန် ရေကန်တစ်ဝိုက်တွင် နေထိုင်ကြသူများအား မိန်းကလေးအလောင်းကိုပြ၍ မေးမြန်းစုံစမ်းသော်လည်း အားလုံးက မသိရကြောင်း ဖြေကြသည်။

မကြာမီ ဖရီးဒါမက်ဆိုသူ မိန်းကလေးတစ်ဦး ပျောက်ဆုံးနေကြောင်း ပိုဝဲလ်ကြားလာရသည်။ ဖရီးဒါတို့မိသားစုမှာ ဝေးလ်ဘက်မြို့ ဆင်ခြေဖုံး အက်ဒွပ်ဖီးလ်အရပ်တွင် နေထိုင်ကြောင်းကိုလည်း စုံစမ်းသိရှိရသည်။

ပိုဝဲလ်က ဖရီးဒါမက် မိဘများရှိရာသို့ အရောက်သွား၍ စူးစမ်းသည်။ သေသူမိန်းကလေး၏ ပုံသဏ္ဌာန်နှင့် အသေးစိတ် ထပ်တူထပ်မျှတူနေသည်ကို သိရသောအခါ မိဘနှစ်ပါးစလုံးမှာ တုန်လှုပ်မိကြသည်။

သေသူမိန်းကလေးတွင် ကိုယ်ဝန်ရှိနေသည့်အချက်ကြောင့် သမီးဖရီးဒါမှ ဟုတ်မှဟုတ်ပါလေစဟု ထင်မိပြန်သည်။ မိမိတို့သမီးတွင် ကိုယ်ဝန် ရှိ/မရှိမသိကြောင်း ရိုးရိုးသားသားထုတ်ဖော်ပြောကြသည်။

သမီးဖရီးဒါက ဆေးခန်းမှ ကောင်ကလေး ဘော်ဘီအင်ဆက်နှင့် အတူလိုက်ပါသွားပြီး ကတောက်ကဆ ဖြစ်ကာ လမ်းတွင်ဆင်းကျန်နေရစ်ခဲ့သည်ဟုသာ သိရကြောင်း ပြောပြကြသည်။

ကောင်ကလေးက အိမ်ကိုပြန်ရောက်ခဲ့သည်။ ဖရီးဒါကမူ ထူးထူးဆန်းဆန်းပျောက်နေသည်။ ဤမျှသာ ဖြစ်သည်။

ဆေးခန်းမှ ဘော်ဘီအင်ဆက်ကလည်း မွန်မွန်ရည်ရည်ရှိသည့် လူချောလူလှကလေးတစ်ဦးလည်း မှန်သည်။

ဖရီးဒါမိဘများနှင့် အိမ်နီးနားချင်း ဖြစ်နေခဲ့ကြသည်မှာလည်း ကာလအတန်ကြာပြီ။ နှစ်အိမ့်တစ်အိမ် ဖြစ်နေကြပေပြီ။ မိဘများက ဖရီးဒါကို ဘော်ဘီနှင့် သွားသွားလာလာရှိနေကြသည်ကို စိတ်ချကြသည်။

ထိုကာလမှာပင် သေသူမိန်းကလေး ကျန်ရစ်ခဲ့သော အဝတ်အစားများကို ရေကန်နံဘေးတစ်နေရာတွင် တွေ့ရှိပြီဟူသော သတင်းကို စုံထောက်


www.burmeseclassic.com

ပိုဝဲလ်ရှိရာသို့ ပေးပို့လာသည်။ ယင်း သတင်းကို ကြားသိလျှင်ကြားသိချင်း ပိုဝဲလ်က ဖရီးဒါမိဘများနှင့် စုံစမ်းမေးမြန်းနေသည်ကို အမြန်ဆုံးစကားဖြတ်ကာ အဝတ်အစားများ တွေ့ရာနေရာသို့ အပြေးအလွှားထွက်လာခဲ့ရသည်။

သေသူမိန်းကလေး၏ အဝတ်အစားများကို ရေကန်နှင့်နှစ်ဖာလုံခန့်ဝေးသောနေရာတွင် တွေ့ရသည်။ ချုံပုတ်တစ်ခုထဲမှ တွေ့ရခြင်းဖြစ်သည်။ လက်လွတ်စပယ် ပစ်ခဲ့ဟန်ရှိသည်။

စုံထောက်ပိုဝဲလ်က မိန်းကလေး၏ အဝတ်အစားများတွေ့ရာ နေရာအနီးတစ်ဝိုက် ကြည့်ရှုစစ်ဆေးရာ တစ်နေရာတွင် မော်တော်ကားဘီးရာကို တွေ့ရသဖြင့် ပိုဝဲလ်အဖို့ တစ်စစီဖြစ်နေသော သဲလွန်စများကို ဆက်စပ်ကြည့်ရှုခွင့်ရလိုက်လေတော့သည်။

ဖြစ်နိုင်သည်မှာ သေသူမိန်းကလေးသည် အဖော်တစ်ဦးဦးနှင့်အတူ ကားဖြင့် ကန်သို့လာခဲ့ပေလိမ့်မည်။ ကားထဲတွင် ရှိနေစဉ်မှာပင် အဝတ်အစားများကို ချွတ်ပေလိမ့်မည်။ ရေကန်စပ်ဆီသို့ စိတ်လွတ်ကိုယ်လွတ်ဖြင့် သွားပေလိမ့်မည်။ မကြာခင်မှာပင် သေပွဲဝင်ရလိမ့်မည်ကို စိုးစဉ်းမျှ တွေးတောမိဟန်မတူ။

ထို့နောက်တွင်တော့ မိန်းကလေးသည် ကန်ရေစပ်များမှာပင် ရိုက်သတ်ခံရခြင်းဖြစ်မည်။ တဖန်အလောင်းကို ကန်ထဲသို့ ပစ်ချခဲ့ခြင်းဖြစ်မည်။ လူသတ်တရားခံက ကားဆီသို့ ပြန်သွားမည်။ အဝတ်အစားများကို ချုံထဲသို့ ကမန်းကတန်း ပစ်ထားခဲ့မည်။ ပြီးလျှင် ထိုနေရာမှ ကားမောင်းထွက်သွားပေလိမ့်မည်။ ဤမျှသာဖြစ်နိုင်သည်။

သည်အခါကျမှ ဖရီးဒါးမက် ဇနီးမောင်နှံက သေသူမိန်းကလေးမှာ မိမိတို့၏သမီး ပိုဝဲလ်ဟု ရင်နင့်နင့်ပြောပြကြသည်။

ဤသို့ဖြင့် အိမ်နီးနားချင်း ဘော်ဘီ၏ ရုပ်ပုံလွှာက စုံထောက်ပိုဝဲလ်၏ စိတ်အာရုံတွင် ပို၍ပင် ပြတ်ပြတ်ထင်ထင် ပေါ်လာလေတော့သည်။

ဘော်ဘီသည် လူချစ်လူချင်ပေါသူဖြစ်သည်။ ရုပ်ရည်က သနားကမားနှင့် အားကစားလည်း ထူးချွန်သည်။ ရည်ရည်မွန်မွန်ရှိသည်။ မိန်းကလေးများအဖို့ ဘော်ဘီသည် ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေသည်။

၁၉၂၉ ခုနှစ်ထုတ် အထက်တန်းကျောင်း မဂ္ဂဇင်းတွင် ပိုဝဲလ်၏ ရဲဘော်များက စာတိုစာစကလေးကို အမှတ်မထင်သွားတွေ့သည်။ ကူးယူပြီး ပိုဝဲလ်ပေးပို့သည်။ သည်စာတိုစာစကလေးက နိမိတ်လားအောက်မေ့ရသည်။

သူ့အပြုံးက မချောတို့အတွ
သာ။

ဘယ်သောအခါမျှ မျက်ရ
ကျစေမည်လည်း မဟုတ်ပါ။

ဘော်ဘီ၏ အောင်မြင်မှုတို့မှ
အသက်ဆုံးတိုင် အစွန့်ရှည်မ
သာ။

စုံထောက်ပိုဝဲလ်က သည်စာ
စာစကလေးကိုဖတ်ပြီး မျက်မှောင်ကြ
လိုက်သည်။

သည်စာတိုစာစကလေးမှ
ကဗျာလည်းမဟုတ်၊ သို့ပေမယ
ဘော်ဘီနှင့်ပတ်သက်သည့် စိတ်
စားစရာများကို လှစ်ပြလျက်ရှိသည
တော့ အမှန်။

သို့မို့ကြောင့် စုံထောက်ပိုဝဲလ်နှ
လက်ထောက်ရဲအရာရှိတစ်စုက ဘော
ဘီ၏ နေအိမ်ခန်းသို့ အမြန်ရောက်လ
ကြသည်။ အချိန်မတော် သန်းခေါ
သန်းလွဲအချိန်တွင် ရောက်လာကြခြ
ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



ဘော်ဘီနှင့် ပက်ပင်းဆုံကြပါမှ ချပ်ရည်သန့်သန့်နှင့် အမူအရာများက မှန်မှန်ရည်ရည် ရှိသည်ကို ပိုဝဲလ်ကိုယ်တိုင် တွေ့မြင်ရသည်။ မိမိတတ်နိုင်သည့်ဘက်မှ စုံထောက်အရာရှိများအား အကူအညီပေးမည့်ဟန်ရှိသည်။ ဖရီးဒါ သေဆုံးသည့် ကြေကွဲဖွယ်ရာ ဖြစ်ရပ်ကြောင့်လည်း အကြီးအကျယ် စိတ်ဓာတ်ကျဟန် ဖြစ်နေသည်။

စုံထောက်ပိုဝဲလ်က စစ်ကြောမေးမြန်းသောအခါ ဘော်ဘီက မိမိနှင့် ဖရီးဒါတို့ဇာတ်လမ်းကို စာဖတ်ပြသလို ထပ်တလဲလဲ ပြောပြသည်။

ဖရီးဒါနှင့် ဖရီးဒါ၏သူငယ်ချင်း ရိုစက်တာကျူးလ်ဗာတို့ကို ကားပေါ်တင်လျက် ကားမောင်းထွက်ခဲ့သည်။ ထိုအချိန်က မိုးတဖွဲဖွဲရွာနေသည်။ ထို့ကြောင့် ဘော်ဘီက ကားကို မြို့ထဲသို့ ပြန်လှည့်ခဲ့သည်။ ရိုစက်တာကို သူမ၏ အိမ်တွင် ဝင်ထားရစ်ခဲ့သည်။ နေအိမ်သို့ ခရီးဆက်ခဲ့ပြန်ရာ လမ်းခုလတ်တွင် သူ ဖရီးဒါနှင့် စကားပြောရာမှ ကတောက်ကဆ ဖြစ်ခဲ့ကြသည်။

ပိုဝဲလ်က သဘာဝကျ/မကျ စစ်ဆေးကြည့်သည်။ ရိုစက်တာပါဝင်သော အခန်းကဏ္ဍနှင့် ပတ်သက်ပြီး ဘော်ဘီ ပြောပြသည်မှာ အသေးစိတ်ကအစ တိကျမှန်ကန်နေသည်။ သို့သော် ပိုဝဲလ်က သည်မျှနှင့်မကျေနပ်နိုင်သေး။ ဆက်လက်စစ်ဆေးကြည့်ပြန်သည်။

ထိုအခါကျမှ မနေ့က နေ့လယ်ခင်းအချိန် ဖရီးဒါ၏ မိဘများကို သမီးပျောက်နေခြင်းကြောင့် ချောက်ချားနေချိန်တွင် ဘော်ဘီက ရောက်လာခဲ့ကြောင်း သိရသည်။

ယင်းတို့ အလည်အပတ်လာစဉ်က ဘော်ဘီနှင့် ဖရီးဒါ၏အမေတို့ အပြန်အလှန်ပြောခဲ့သည့် စကားတစ်ခွန်းက ပိုဝဲလ်ကို တွေးချင်စရာဖြစ်နေသည်။

ဖရီးဒါ၏မိခင်က ဘော်ဘီကို မိမိသမီးနှင့် ဘာကြောင့် ကားထဲတွင် စကားများ ကတောက်ကဆဖြစ်သည်ကို မေးသည်။

"ဒီလိုပါ ဖရီးဒါက ကျွန်တော့်ကို ပြောပြတယ်။ ငါဒီနေရာပဲ ဆင်းနေခဲ့တော့မယ်။ နင့်ကို ငါတို့အိမ်အရောက် မလိုက်စေချင်ဘူး။ ငါ့အမေက နင်နဲ့အတူ အိမ်ပြန်တာကို မကြိုက်ဘူးလို့ ပြောတယ်"

ဘော်ဘီက ပြောပြလျှင် ဖရီးဒါ၏ မိခင်က မယုံနိုင်သော မျက်နှာထားနှင့် ဘော်ဘီကို စိမ်းစိမ်းကြည့်ပြီး ..

"အဓိပ္ပာယ်မရှိတာပဲကွယ်၊ မင်းကို သူငယ်နှပ်စားကတည်းက သိနေကြတာပဲ။ မင်းကိုလည်း ငါ့သားလိုပဲ သဘောထားတဲ့ ဥစ္စာ"

ဤတွင် ပိုဝဲလ် အကြံတစ်ခုရလာသည်။

ဘော်ဘီအား မိမိလုပ်ဇာတ်ကို ထပ်တလဲလဲ ပြောစေလိမ့်မည်။ ပြောရင်းပြောရင်းက အတိမ်းအချော်များ ပေါ်လျှင် အငိုက်ဖမ်းရန် အကြံပေါ်လာသည်။

သို့သော် ဘော်ဘီပြောသော သူ့လုပ်ဇာတ်မှာ အတိမ်းအစောင်းမရှိခဲ့။ သဘာဝယုတ္တိတန်သည်ဟု ဆိုရမလောက်ပင် တိကျသည်။ သို့သော် အားနည်းချက် ဟာကွက်တော့ရှိသည်။

ပိုဝဲလ်က သမ္မာရင့်နေပြီမို့ ကောင်းစွာသိသည်။ တရားခံက မိမိလုပ်ဇာတ်ကို တကယ့်ဖြစ်ရပ်မှန် သဘာဝယုတ္တိတန်သယောင်ယောင် ထင်ရအောင် ဖန်တီးတတ်ကြစမြဲပင် မဟုတ်ပါလား။ ဘော်ဘီက အချင်းဖြစ်နေရာတွင် မိမိမရှိပါဟု ထပ်တလဲလဲ ပြောဆိုငြင်းကွယ်သည်။ မိမိငြင်းချက်ကို ယုတ္တိ၊ ယုတ္တာတန်ရအောင် အားထုတ်ပေမယ့် အတွေ့အကြုံများသော စုံထောက်ကတော့ သိလိုက်ပါပြီ။

ပိုဝဲလ်က ရုတ်ချည်းနည်းဗျူဟာကို ပြောင်းလိုက်သည်။

"ဒီလိုဆို မင်းက ဖရီးဒါနဲ့မချိန်းတွေ့မီ လွန်ခဲ့တဲ့ သီတင်းပတ်အကုန်က မင်းဘာတွေလုပ်ခဲ့သေးသလဲ"

"လွန်ခဲ့တဲ့ သီတင်းပတ်အကုန်က ကျွန်တော် ဒီမြို့မှာ မရှိပါဘူး။ နယူးယောက်မြို့အရှေ့ အော်ရိုးရာမှာ ရောက်နေတယ်။ မာဂရက်ဂရိန်ဆိုတဲ့ ကောင်မလေးအိမ်မှာ တည်းပါတယ်"

ဘော်ဘီက ညည်းညည်းညူညူနှင့် ပြောပြသည်။

"မာဂရက်ဂရိန်းဆိုတာ ဘယ်သူလဲ"

ပိုဝဲလ်က ညင်ညင်သာသာ မေးပြန်သည်။

ဘော်ဘီကလည်း မာဂရက်ဂရိန်းကို လေဆိပ်မှာ ဆုံခဲ့ပုံ၊ အခုထိ ဆရာမလုပ်နေပုံကို ပြောပြသည်။

သို့ကလို ပြောပြရင်းက ဘော်ဘီ၏မျက်နှာ ပျက်လာသည်။ သို့ပေမယ့် ခေတ္တခဏမျှသာ။ ချက်ချင်းပင် စိတ်ဝင်တစား လိုလိုလားလား ထုတ်ပြောချင်စိတ်ပေါ်လာခဲ့သည်။

ပိုဝဲလ်ကလည်း ခိုးစားသည်



www.burmeseclassic.com

သို့မို့ကြောင့်လည်း ရုတ်တရက်မေး လိုက်ပြန်သည်။

"မင်းနဲ့ ဒီကောင်မလေးနဲ့ ချစ် နေကြပြီလား"

ဘော်ဘီကလည်း "ဟုတ်ကဲ့" ဟု အလိုက်သင့်ပြန်ပြောသည်။

သည်တော့ ပိုဝဲလ်က ဖရီးဒါနှင့် မာဂရက်တို့နှစ်ဦးကို ယှဉ်လျက်မေးစ ရာ ဖြစ်လာလေတော့သည်။

ဘော်ဘီကမူ ဖရီးဒါနှင့် မိမိတို့ စိတ်သဘောထားချင်း မတိုက်ဆိုင်မှု များက အများအပြားရှိသည်ဟုသာ ဒေါသတကြီး တွင်တွင်ပြောလျက်ရှိ သည်။

သည်အချက်က ပိုဝဲလ်အတွက် အကွက်ဆိုက်လာခြင်းဖြစ်လိမ့်မည်။ ပိုဝဲလ်ကလည်း ရုတ်တရက်ပေါ်လာ သော အကွက်ကောင်းကို လက်လွှတ် ခံနိုင်သူမဟုတ်။

"ဖရီးဒါမှာ ကိုယ်ဝန်လည်း ရှိ နေတယ်နော်"

သည်မေးခွန်းက ဘော်ဘီအား ပိသာလေးနှင့် ဘေးပစ်လိုက်သလား အောက်မေ့ရသည်။

သည်အတိုင်းဖြစ်လာစေရမည်လို့ လည်း ပိုဝဲလ်က မျှော်လင့်ထားသည်။

ဘော်ဘီက ဖရီးဒါ၌ ရှိသော ကိုယ်ဝန်မှာ မိမိတာဝန်သာလျှင်ဖြစ် သည်။ သည်အတွက် မိမိက လုပ်သင့် လုပ်ထိုက်သည့်အတိုင်း ဆောင်ရွက်ခဲ့ ကြောင်း ပြောပြသည်။ ဖရီးဒါကို လက် ထပ်ယူချင်ကြောင်း ပြောပြသည်။ ဖရီး ဒါအတွက် ဘာပဲလုပ်ရလုပ်ရ လုပ်ပေး ချင်သည်။

သည်အကြောင်းကို မော်တော်

> **မိမိအား လက်ထပ်ယူပါတော့ဟု နားပူနားဆာလုပ်လျှင် မာဂရက်ကို အရှုံးအမူးနှင့် တန်းတန်းစွဲ ဖြစ်နေရခြင်းသည်လည်း ပျက်ပြုန်းကုန်တော့မည်။ ယင်းကို ဘော်ဘီက စိုးထိတ်ကြောက်ရွံ့မှာ သေချာသည်** ...

ကားထဲတွင် ဆွေးနွေးခဲ့ကြသည်။ ပြီး ရက်ကောင်းရက်မြတ်ကိုပင် သတ်မှတ် ခဲ့ကြသေးသည်ဟု ဆိုသည်။ ဘော်ဘီ က သည်အကြောင်းများကို ဇာတ်စုံ ခင်းပြီး ပြောပြသောအခါ စိတ်များ ဂယောက်ဂယက် ဖြစ်လာသည်။

သည်အခိုက်မှာပင် အခြေအနေ ကို လက်လွှတ်မခံတတ်သော ပိုဝဲလ်က ဖရီးဒါ အသတ်ခံရသော မြေနေရာ တွင် တွေ့ခဲ့ရသော ကားဘီးရာက ဘော်ဘီ ကားတာယာအတိုင်းပင်ရှိ ကြောင်း ရုတ်တရက်ဝင်ပြောလိုက် သည်။

ဘော်ဘီ လက်မှိုင်ချရလေပြီ။ ငြင်းကွယ်နိုင်စွမ်း မရှိတော့ချေ။ အမှန် အတိုင်း ထုတ်ဖော်ပြောပြပါ့မည်ဟု ဆို လာရတော့သည်။

ဘော်ဘီက ဖရီးဒါနှင့်အတူ ကန် ရေပြင်တွင် ရေကူးကြသည်။ ဖရီးဒါက ရေဖောနားတွင် ကူးရင်းက အစွန်းနှင့် ခေါင်း မတော်တဆတိုက်မိသွားသည်။ ပြီး ... ရေထဲသို့ မြုပ်သွားကာ ပေါ်မ လာတော့။ ဤတွင် ဘော်ဘီက ကြောက်ကြောက်လန့်လန့်နှင့် တချိုး တည်းလစ်ပြေးခဲ့သည်ဟုဆိုသည်။

တကယ်တော့ ဘော်ဘီပြောပြခဲ့ သော ဇာတ်လမ်းက ပိပိရိရိရှိသ ယောင်ယောင်ထင်ရသည်။

ထို့ကြောင့်လည်း ပိုဝဲလ်က ကန် ထဲမှ ရေပေါ်ဖောကို စစ်ဆေးကြည့်ရ ပေလိမ့်မည်။ သို့ပေမယ့် ဖောဖြင့် မ တော်တဆ တိုက်မိရုံဖြင့် အသက်ဆုံး ရှုံးလောက်အောင် ဒဏ်ရာရလိမ့်မည် မဟုတ်။

ဘော်ဘီသည် လုပ်ဇာတ်ခင်း၌



www.burmeseclassic.com

www.burmeseclassic.com





သွေးရူးသွေးတန်းနှင့် ငြင်းနေဆဲပင်ဖြစ်သည်။

''ဖရီးဒါ ခြေချော်သွားတော့ ကျွန်တော်က လှေပေါ်ဆွဲတင်ပါသေးတယ်။ အဲဒီမှာ သံချိတ်နဲ့ခေါင်းတိုက်မိပြီး ရေထဲလိမ့်ကျသွားပြန်တယ်။ ကျွန်တော် သူ့နှလုံးခုန်သံကို နားထောင်ကြည့်လိုက်သေးတယ်။ နှလုံးမခုန်တော့ဘူး။ သူသေပြီဆိုတာ ကျွန်တော်သိရတယ်''

ပိုဝဲလ်က နားထောင်ရင်း ကြိတ်၍ ပြုံးနေမိသည်။ ဘော်ဘီက အလိုလိုနေရင်း စိတ်တိုနေလေပြီ။

ဖရီးဒါ၏ အလောင်းကို ရေထဲချပုံကို ဟန်နှင့်ပန်နှင့် ဆက်ရှင်းပြဖြစ်သည်။

''ဒီလို ထားခဲ့လို့ အလောင်းကို တွေ့ခဲ့သူတွေက ရေနစ်သေတာပဲလို့ ထင်မိကြမှာပဲ။ ဟုတ်ပါတယ်။ ဒီလိုပဲ တွေးမိကြမှာ သေချာတယ်''

သူ့စကားဆုံးတော့ ပိုဝဲလ်က နောက်ထိုးခွက်လန် ရယ်ပစ်လိုက်သည်။

သည်တော့ ဘော်ဘီတစ်ယောက် တရှူးရှူးတရှားရှားနှင့် ဒေါသထွက်လာတော့သည်။

''ကဲဗျာ ... ကောင်မလေး ဝေဒနာမခံစားရအောင် ကျွန်တော်က ခင်းပုတ်နဲ့ ထုလိုက်တယ်ဗျာ။ ကဲ .. ဒါပဲ .. ဒါပဲ''

အခုမှ ဘော်ဘီက အမှန်ကို အန်ထွက်သည်။

စုံထောက်ပိုဝဲလ်အဖို့မူ သည်ဇာတ်လမ်း သည်မှာပင် ဆုံးခန်းတိုင်လေပြီ။

သို့ပေမယ့် ဘော်ဘီက ဖရီးဒါကို ဘာကြောင့် သတ်ရသည်ကိုတော့ သိရှိဖို့ လိုပေလိမ့်မည်။

မာဂရက်ဂရိန်းက ဘော်ဘီဘက်မှ မားမားမတ်မတ် ရပ်၍ ခုခံကာကွယ်ပေးသည်။

''ဘော်ဘီက ဒီလိုလုပ်မယ့် လူစားမျိုး မဟုတ်ပါဘူး''

မာဂရက်က သူမနှင့် ဘော်ဘီတို့၏ အပြန်အလှန်ခံစားချက်များကို ကွက်ကွက်ကွင်းကွင်း သိရလေအောင် ဘော်ဘီက သူမထံရေးသော ချစ်စာလွှာ ၁၇၂ စောင်ကိုပါ ထုတ်ပြလိုက်သေးသည်။

သည်စာများမှာ ပိုဝဲလ်အတွက် လိုအပ်နေသော လှစ်ဟာကွက်ကိုတွေ့ရသည်။ ဘော်ဘီက မာဂရက်ကို တန်းတန်းစွဲဖြစ်နေကြောင်း ထိုစာများကို သက်သေခံချေပြီ။

အကယ်၍ ဖရီးဒါသာ အသက်ရှင်လျက်ရှိပြီး မိမိအား လက်ထပ်ယူပါတော့ဟု နားပူနားဆာလုပ်လျှင် မာဂရက်ကို အရူးအမူးနှင့် တန်းတန်းစွဲဖြစ်နေရခြင်းသည်လည်း ပျက်ပြုန်းကုန်တော့မည်။ ယင်းကို ဘော်ဘီက စိုးထိတ်ကြောက်ရွံ့မှာ သေချာသည်။

ဘော်ဘီကို လူသတ်မှုဖြင့် ရုံးတင်တရားစွဲခဲ့သည်။

သီတင်းတစ်ပတ်မျှသာကြာသည်။

ဘော်ဘီကို သေဒဏ်ပေးလိုက်သည်။

ဖြစ်ရိုးဖြစ်စဉ် လူသတ်မှုပင် ဖြစ်သည်ကို ပေါ်လာသော သက်သေခံအထောက်အထား တစ်စတစ်စစီက လှစ်ပြလျက်ရှိသည်။

ဘော်ဘီအား အပြစ်ပေးစဉ် ရုံးခန်းအတွင်း ပရိသတ်ထဲမှ တစ်ဦးသောပုဂ္ဂိုလ်ကြီးက သည်အဖြစ်မှာ ဖြစ်ရိုးဖြစ်စဉ် လူသတ်မှုဟုသာ မှတ်ချက်ချပေလိမ့်မည်။ ထိုသူကား အခြားမဟုတ်ပါ။ အီယိုဒိုဖရီးဒါဆိုသူ စာရေးဆရာကြီးဖြစ်သည်။

တစ်ချိန်က The American Tragedy ဆိုသော ဝတ္ထုတစ်အုပ်ရေးခဲ့ဖူးသည်။ ထိုဇာတ်လမ်းတွင် အမျိုးသားလေးတစ်ဦးက နောက်မိန်းကလေးတစ်ဦးကို စိတ်ညွတ်၍ မိမိနှင့်ကိုယ်ဝန်ရှိနေသော မိန်းကလေးအား ရေတွင်နှစ်၍ သတ်ခဲ့ပုံကို ရေးသားထားခဲ့ပေသည်။

ယခုလည်း ...

ဘနင်း



www.burmeseclassic.com

www.burmeseclassic.com

(၁)

သော့ဖွင့်ပြီး အိမ်ထဲဝင်လိုက်တော့ အိမ်ထဲမှာက လုံးဝအမှောင်။ မီးခလုတ်ရှိရာသို့ စမ်းသွားကာ မီးကို ဖွင့်ဖို့စိတ်ကူးရ၏။ ခြေလှမ်းလှမ်းလိုက်စဉ် စန္ဒာ့မျက်ဝန်းထဲ၌ ဖြူဖြူသဏ္ဍာန်တစ်ခုကို မြင်လိုက်ရ၏။

ကျောတွေစိမ့်ကာ ကြက်သီးတွေ ဖြန်းခနဲထသွားသည်။ ခြေလှမ်းကို တုံ့ရပ်လိုက်ရ၏။

လူလား ..အရိပ်လား။

လူမဟုတ်လျှင် ဘာလဲ။

ထို ဖြူဖြူသဏ္ဍာန်က ရပ်နေရာမှ ရွေ့လျားသွားနေသလို ထင်ရ၏။

စန္ဒာ့ရင်တွေ မွန်းကြပ်လာသည်။ အသက်ရှူမဝချင်ဖြစ်လာသည်။ လက်ဖျားခြေဖျားတွေ အေးစက်လာသည်။ ဒူးတွေတုန်နေသလား မှတ်ထင်မိ၏။

''ဘယ်သူလဲ'' အရဲစွန့်၍ မေးလိုက်သည်။

စင်စစ် ကြောက်စိတ်ကို အသံဖြင့် အားတင်းလိုက်ခြင်းပင်ဖြစ်၏။ မိမိအသံကြောင့်ပင် စန္ဒာ အနည်းငယ် အားရှိသွားသည်။

သို့သော် ဘာသံမျှပြန်ပေါ်မလာ။

ကြည့်နေရင်းမှာပင် ဖြူဖြူသဏ္ဍာန်က ပါးလျားသွားသလို ထင်ရကာ ပျောက်သွားငေ်၊

''ငါ့စိတ်ထဲက ထင်နေတာဖြစ်မှာပါ''

စန္ဒာ အတွေးဝင်လာသည်။

ကြောက်စိတ်လည်းလျော့သွားကာ ရပ်နေသော ခြေထောက်ကို ပြန်လှမ်းသည်။ နံရံရှိ မီးခလုတ်ကိုစမ်း၍ ဖွင့်လိုက်သည်။

အခန်းတွင်းမီးရောင်က လင်းချင်းသွားကာ တစ်ခန်းလုံးကို ထင်ထင်ရှားရှားမြင်လာရသည်။

ဖြူဖြူသဏ္ဍာန်လည်းမရှိ၊ မည်းမည်းသဏ္ဍာန်လည်းမရှိ၊ လူလည်းမရှိ၊ အခန်းဝက ခန်းဆီးစ အပြာရောင်ဖျော့ဖျော့ကို အမှောင်တွင် ဖြူဖြူသဏ္ဍာန်ဟု ထင်မိခြင်း ဖြစ်ကောင်းဖြစ်မည်။

ဟင်းခနဲ သက်ပြင်းချလိုက်ကာ အခန်းတွင်းဝင်လာခဲ့သည်။ ခုတင်ဘေးတွင်ရပ်ပြီး ဝတ်လာသော အင်္ကျီနှင့် လုံချည်ကို လဲနေစဉ် နောက်ဘက်မှ ချွတ်ခနဲအသံတစ်ခု နားထဲဝင်လာပြန်သည်။



ဆတ်ခနဲ လှည့်အကြည့်မှာ တွေ့လိုက်ရသည်က ...။

(၂)

''ကြွက် ..မောင်ရဲ့ စန္ဒာ သဲ
ထင်ပြီး လန့်သွားတာ''

စန္ဒာပြန်ပြောသမျှကို နားထောင်
ပြီး မင်းမောင်က တဟားဟားရယ်
သည်။



www.burmeseclassic.com

www.burmeseclassic.com



''အတော်သတ္တိကောင်းတာပဲ နော်''

''မောင်ကလည်း စန္ဒာက မိန်းကလေးလေ။ ပြီးတော့ တစ်ယောက်တည်းနေရတာ။ ကိုယ်ချင်းစာကြည့်မှပေါ့''

''ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒါကြောင့်လည်း မောင်က ပြောနေရတာပေါ့။ လက်ထပ်ကြစို့လို့''

''အဲဒါကို စန္ဒာမငြင်းပါဘူး မောင်ရယ်။ စန္ဒာလည်း မောင်နဲ့အတူ နေချင်တာပါ။ စန္ဒာ့မှာ ချစ်ခင်တွယ်တာရမယ့် သံယောဇဉ်ကြိုးဟာ မောင်ပဲရှိတာပဲလေ။ မောင်ကလွဲရင် လောကမှာ စန္ဒာ့အတွက် ဘယ်သူမှမရှိတော့တာ''

''စန္ဒာရယ် ..''

မင်းမောင်က စန္ဒာ့ကို ထွေးဖက်၍ နှစ်သိမ့်လိုက်ရသည်။

မှန်တော့လည်း မှန်သည်။

စန္ဒာအားငယ်မည်ဆိုလျှင် အားငယ်စရာ။

စန္ဒာ့တွင် အဖေမရှိ။ အမေမရှိ။ ညီအစ်ကိုမောင်နှမ မရှိ။ ဝမ်းကွဲညီမမောင်ဖွားလည်းမရှိ။ ဦးလေးအဒေါ်ဆိုသည်ကလည်း ရပ်ဝေးမြေခြားမှာ

# နေစိုးသော်

# ချစ်စိတ်ရည်



www.burmeseclassic.com

www.burmeseclassic.com


''စန္ဒာက မောင့်ကို ဟိုးတုန်းက တည်းက သိပ်ချစ်ခဲ့တာ မောင်သိပါတယ်။ ဒါပေမဲ့ စန္ဒာ့အတွက်နဲ့ သန္တာ သေဆုံးခဲ့ရသလို မေမေကလည်း သန္တာအတွက်နဲ့ စိတ်ထိခိုက်ပြီး ကွယ်လွန်ခဲ့ရတာဆိုတော့ သူတို့တွေအတွက် ယူကျုံးမရစိတ်က ခုထိ ရင်ထဲမှာ အမြစ်တွယ်ရှင်သန်နေတုန်းပဲလေ။ ဒါကြောင့် မောင်နဲ့လက်ထပ်ဖို့ ခဏဆိုင်းထားတာပါ။ ခုတော့လည်း အထီးကျန်နေရတာကို ကြောက်လာပြန်လို့ မောင်ပြောပြသလို လက်ထပ်ဖို့ စန္ဒာအမြန်ဆုံးစီစဉ်မှာပါ''

''မောင်''

''ဟင်''

''စန္ဒာ့ကို တကယ်ချစ်ရဲ့လား ဟင်''

''ဘယ်လိုပြောပါလိမ့် စန္ဒာရယ်၊ ချစ်တာမှ ပြောမပြတတ်အောင်ပါပဲ။ ဒါပေမဲ့ စန္ဒာ့ကိုချစ်စိတ်နဲ့ လက်ထပ်ချင်တယ်လို့ ဟိုတုန်းက မောင်ပြောခဲ့မိတာအတွက် ကွယ်လွန်သွားတဲ့ သန္တာ့ကို မောင်အားနာနေမိတယ်။ သန္တာ သေဆုံးရတာ မောင့်စနက်ပါတယ်လို့ မောင်လည်း ခံစားရပါတယ်''

''မောင်ရယ် .. အတိတ်တွေကို မေ့နိုင်မှ မောင်နဲ့စန္ဒာတို့ ပျော်ရွှင်နိုင်မှာပါ။ တကယ်တော့ ကံကြမ္မာဖန်လာလို့ စန္ဒာနဲ့မောင်တို့က အလိုက်သင့် ကခဲ့ကြရတဲ့ ဇာတ်ကောင်တွေပါ''

''ကဲ .. ဒီတော့ စန္ဒာဆုံးဖြတ်တော့ပေါ့။ မောင်နဲ့ဘယ်တော့ လက်ထပ်မလဲ''

''ဝါကျွတ်''

(၃)

အထီးကျန်ဆန်စွာဖြင့် ဤအခန်းတွင် အိပ်စက်ခဲ့ရသည့် ညပေါင်းများစွာတွင် ယခုညသည် အချွေးထွေးဆုံးဖြစ်သည်ဟု စန္ဒာထင်သည်။

သန္တာမရှိတော့ပြီးနောက် လွတ်လပ်ခြင်းအရသာ။

မောင့်မေတ္တာကို ပိုင်ဆိုင်ခွင့်ရခဲ့သည့် ကျေနပ်ကြည်နူးမှု။

ယခု မောင်နှင့်နှစ်ကိုယ်နှီးရတော့မည့် ရင်ခုန်ပျော်ရွှင်မှု။

ထိုခံစားချက်များပေါင်း၍ စန္ဒာ အိပ်ပျော်သွားခဲ့သည်။

စန္ဒာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီး မကြာမီမှာပင် စန္ဒာ၏ ပိတ်ထားသောတံခါးကို ထွင်းဖောက်၍ ဖြူဖြူသဏ္ဍာန်တစ်ခုက ရွေ့လျားဝင်ရောက်လာသည်။ ဝတ်ရုံဖြူတို့က ပြတင်းမှ လေဝင်မလာပါဘဲနှင့် တလူလူ တလွင့်လွင့်ရှိနေ၏။ လက်နှစ်ဖက်ကို ရှေ့သို့ဆန့်တန်းထားသည်ဖြစ်ရာ လက်သည်းရှည်ရှည်ကြီးများက ရှေ့သို့ ချွန်ထွက်နေ၏။ ရွေ့လျားနေသော ခြေထောက်က ကြမ်းပြင်နှင့်မထိ။

ရှည်လျားနေသော ဆံပင်တို့က ဝဲခနဲ ဝဲခနဲ လွင့်ပျံ့နေသည်။

စိမ်းညို့သော မျက်ကွင်းများထဲမှ နီရဲသော မျက်လုံးအစုံက အိပ်ရာပေါ်ရှိ စန္ဒာ့မျက်နှာပေါ်သို့ ထိုးစိုက်ကျနေသည်။ နှုတ်ခမ်းတွင် မဲ့ပြုံး။ နှုတ်ခမ်းထောင့်စွန်းနှစ်ခုအကြားမှ ဖြူဖြူအရာလေးနှစ်ခုက အစွယ်များလေလား။ မျက်နှာ။

အို ... မျက်နှာက အိပ်ပျော်နေသော စန္ဒာနှင့် တစ်ထပ်ထည်းတူညီလှ၏။ မျက်လုံး၊ မျက်ခုံး၊ နှုတ်ခမ်း၊ မေးကျ၊ နဖူးအကျယ် အားလုံး စန္ဒာမှစန္ဒာ။

စန္ဒာ၏ ကိုယ်ပွားဟုပြောလျှင် ပြောစရာ။

စင်စစ်တော့ ...

သူသည် စန္ဒာမဟုတ်။

သန္တာသာဖြစ်သည်။

စန္ဒာ၏အမွှာညီအစ်မ သန္တာသာ။

သန္တာ့မျက်လုံးများက စန္ဒာ့အပေါ် မုန်းတီးရွံ့လျာမှုအပြည့်ဖြင့် ကြည့်နေသလို နှုတ်ခမ်းပေါ်မှ နာကျင်ကြေကွဲနေသော မဲ့ပြုံးက သိသိသာသာကြီးပေါ်လွင်လျက်ရှိ၏။ အခဲမကျေသောမျက်နှာ။ကလဲ့စားချေတော့မည့်မျက်နှာ။

သန္တာသည် စန္ဒာ၏ ခုတင်ဘေးတွင်ရပ်၍ တစ်ခဏကြည့်နေပြီးမှ အနားသို့ထပ်မံတိုးကပ်ကာ လက်နှစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်လိုက်သည်။ သွေးရောင်မရှိဘဲ ဖြူနေသော ထိုလက်အစုံက အိပ်ပျော်နေသည့် စန္ဒာ၏ လည်ပင်းဆီသို့ တရွေ့ရွေ့တိုးကပ်လာသည်။

''သေပေတော့''

နှုတ်မှရေရွတ်ကာ လည်ပင်းကို လက်နှစ်ဖက်ဖြင့် အားကုန်ညှစ်လိုက်သည်။

''အစ် .. အစ် .. အား''

စန္ဒာလန့်နိုးကာ အလန့်တကြားဖြစ်သွားသည်။ လည်ပင်းကို ညှစ်ထားသဖြင့် အသံက အော်ချင်တိုင်းမထွက်။ အသက်က ရှူချင်သလိုမရတော့။ မျက်လုံးတွေက တစ်စထက်တစ်စ ပြူးကျယ်လာသည်။ စန္ဒာ့လက်က ညှစ်ထားသော သန္တာ၏လက်ကို ရုန်းဖယ်ရန် ကြိုးစားသော်လည်း ဆုပ်ကိုင်မရ။

ထိုခဏတွင် မေမေ ဒေါ်သီသီ၏ မျက်နှာကို ပြေး၍မြင်သည်။

မျက်ရည်များဖြင့် တသိမ့်သိမ့် ငိုရှိုက်နေသော မေမေ့မျက်နှာ။

''မေမေ ကယ်ပါဦး'' ဟု စန္ဒာ့နှုတ်မှ အော်ပါ၏။ အသံက တအစ်အစ်မှလွဲ၍ ထွက်မလာ။

အသက်ရှူက ပိုကြပ်လာ၏။

မျက်လုံးများက ပို၍ ပြူးထွက်လာ၏။

လှုပ်ရှားရုန်းကန်နေသော ခြေထောက်နှင့်လက်များတစ်စထက်တစ်စ နှေးကွေးလေးလံလာ၏။

''ငါ .. တောင်းပန်ပါတယ်။ ငါ့ကို မသတ်ပါနဲ့''

စိတ်ထဲမှ တောင်းပန်မိသည်မှာ အကြိမ်ကြိမ်။

စန္ဒာသေရတော့မည်။

မိနစ်ပိုင်း စက္ကန့်ပိုင်းအတွင်း စန္ဒာ သေရတော့မည်။

သေပြီဟု စန္ဒာ အားကိုးငွေ့ [illegible] လိုက်ချိန်တွင်မှ လည်ပင်းကိုညှစ်ထား

www.burmeseclassic.com



သော သန္တာ၏လက်များ ပြေလျော့သွား၏။ ထိုညှစ်နေသောလက်များကိုလည်း ပြန်ရုပ်သွား၏။ ပြီးတော့ စူးစူးရှရှ တစ်ချက်ကြည့်ကာ . . .

''ငါ့လက်နဲ့ နင့်ကိုမသတ်ဘူး။ နင့်လက်နဲ့ နင့်ကိုယ်ကိုသတ်တာကို ငါ စောင့်ကြည့်နေမယ်''

ဟု ပြောကာ နေရာမှ လှည့်ထွက်သွားသည်။

အဖြူရောင်ခြုံလွှာက တလွင့်လွင့်။

ဝေးသွားသည်။

အခန်းတံခါးကိုဖြတ်၍ ထွက်သွားသည်။

''အား''

စန္ဒာ အိပ်ရာမှာ အော်ညည်းကာ ငေါက်ခနဲထထိုင်လိုက်၏။ နဖူးနှင့် မျက်နှာပြင်မှာ တစ်ကိုယ်လုံး ချွေးတွေ လည်ပင်းကို စမ်းသည်။ ဘာဒဏ်ရာမျှ မရှိ။ မနာကျင်။

''အိပ်မက် . . ငါအိပ်မက် မက်နေတာကိုး။ ဟူး . .''

ပင့်သက်လေပူကြီးကို ရှည်လျားစွာ မှုတ်ထုတ်မိ၏။

ရင်အုံမှာ နိမ့်လိုက်မြင့်လိုက် မောနေဆဲ။

(၄)

မင်းမောင်က စန္ဒာ့ကိုသူ့မိဘများနှင့် တွေ့ဆုံပေးရန် ခေါ်သွားသည်။ စန္ဒာ့ရင်မှာ တဒုတ်ဒုတ်။ ချစ်သူ၏ မိဘများကို တွေ့ရမည်မှာ အင်တာဗျူး ဝင်ရသည့်ပမာ ရင်ခုန်စရာကောင်းလှ၏။

မိမိကို ဘာပြောမလဲ။

သဘောမတူဟု ပြောမလား။

''စန္ဒာနဲ့ လက်ထပ်ချင်တယ်လို့ မေမေတို့ကို မောင် ဖွင့်ပြောလိုက်ပြီ။ မေမေတို့က မကန့်ကွက်ပါဘူး။ စန္ဒာ့ကို တွေ့ချင်တယ်။ ခေါ်ခဲ့လို့ပြောတယ်။ ဒါကြောင့် အလှဆုံးပြင်ပြီး လိုက်ခဲ့နော်''

မင်းမောင်ပြောခဲ့သော စကား။

တကယ်တမ်း မင်းမောင်၏ မိဘနှစ်ပါးနှင့် တွေ့ရသောအခါ စိုးရိမ်စိတ်တွေ လွင့်ပြယ်သွားရပါ၏။

စန္ဒာ့ကို ချစ်ခင်စွာ ဆက်ဆံကြလေ၏။

''သမီးလေးက အချောအလှလေးပဲ။ သားနဲ့လိုက်ဖက်တယ်''တဲ့။

စန္ဒာ ပျော်ရပါသည်။

မင်းမောင်က အိပ်ခန်းထဲဝင်ကာ ဓာတ်ပုံကလေးတစ်ပုံထုတ်ယူလာသည်။

''ဒါ စန္ဒာငယ်ငယ်ကပုံလေ''

ငယ်ငယ်ကဟု ဆိုသော်လည်း နှစ်ကာလမှာ မကြာသေးပါ။ လွန်ခဲ့သော ငါးနှစ်ခန့်က စန္ဒာ ဆယ့်ရှစ်နှစ်အရွယ်ကပါ''

စန္ဒာနှင့်သန္တာတို့ပုံ။

အမွှာညီအစ်မဖြစ်သော စန္ဒာနှင့် သန္တာ၏ပုံ။

''ဘေးချင်းဆက်အမွှာ'' ဖြစ်၍ ကိုယ်ခန္ဓာ အပြည့်အစုံ အသီးသီး ပိုင်ဆိုင်ကြသော်လည်း ဘေးချင်းဆက်ဖြစ်နေ၍ မည်သို့မျှ သီးခြားခွဲမရသော စန္ဒာနှင့်သန္တာ၏ပုံ။

စန္ဒာက ညာဘက်။ သန္တာက ဘယ်ဘက်က။

ရုပ်ရည်၊ အသားအရည်က ထပ်တူထပ်မျှ။

သို့သော် မတူသည်က မျက်စိအားနည်းသော သန္တာက မျက်မှန်နှင့်။

''အဲဒါ စန္ဒာတို့ကို နယ်မှာဆေးရုံလာပြတုန်းက ကျွန်တော်ရိုက်ထားတာလေ။ ကျွန်တော်က တက္ကသိုလ်တက်ဖို့ ကျန်းမာရေးထောက်ခံချက်သွားအယူမှာ စန္ဒာတို့နဲ့ ပထမဆုံးတွေ့ပြီး ခင်မင်ခဲ့ရတာလေ။ အဲဒီကတည်းက ကျွန်တော်က စန္ဒာ့ကို ချစ်ခဲ့တာပါ''

မင်းမောင်က ပြောပြသည်။ စန္ဒာ ခေါင်းငုံ့လျက်။

နောက်တော့ စန္ဒာတို့ကချက်ချင်း မခွဲစိတ်ဖြစ်ပါဘူး။ တချို့အင်္ဂါအစိတ်အပိုင်းတွေက ဆက်နေတာကြောင့် အလွယ်တကူ ခွဲစိတ်လို့မရနိုင်ဘူး။ သေသေချာချာပြင်ဆင်ပြီးမှ ခွဲစိတ်ရမယ်။ အဲဒီတုန်းက စန္ဒာတို့ မေမေကလည်း စီးပွားရေးသိပ်မကောင်းတာက တစ်ကြောင်း၊ စန္ဒာတို့ကလည်း ခွဲစိတ်ရင် နှစ်ယောက်စလုံး အသက်ရှင်နိုင်ပါ့မလားလို့ စိုးရိမ်ခဲ့တာကတစ်ကြောင်းမို့ ခွဲစိတ်ဖို့ တုံ့နှေးသွားခဲ့ကြတယ်။ ကျွန်တော်ကတော့ စန္ဒာတို့နဲ့မကြာခဏတွေ့ဖြစ်ပြီး သူတို့နှစ်ယောက်ထဲက စန္ဒာနဲ့ ချစ်သူဖြစ်ခဲ့ကြတာပေါ့ မေမေ''

မင်းမောင်မေမေက ရယ်၍ . .

''ဘေးချင်းဆက် အမွှာညီအစ်မကို မင်းက ဘယ်လိုဖြစ်ပြီး တစ်ယောက်ကိုကြိုက်ရတာလဲ''

ဟု မေးသည်။

မင်းမောင်က ရယ်သည်။

ကျွန်တော့်မျက်စိထဲမှာ စန္ဒာက ပိုလှတယ် မေမေ။ အမှန်တော့ သန္တာလည်း လှတာပါပဲ။ သန္တာက မျက်မှန်တပ်ထားရတော့ ရုပ်နည်းနည်းဆိုးနေတာ ဖြစ်မှာပေါ့။ ကျွန်တော်က အဲဒါကြောင့် စန္ဒာ့ကို ချစ်သွားတာ''

မင်းမောင်ဖေဖေက . . .

''ဘေးချင်းဆက် အမွှာညီအစ်မနှစ်ဦးထဲက တစ်ဦးကို မင်း ဘယ်လိုရည်းစားစကား ပြောခဲ့တာလဲ''

ဟု မေးသည်။

''အို ရှင်ကလည်း ကပ်သီးကပ်သပ်မေးတတ်တယ်''

မင်းမောင်၏ မေမေက စန္ဒာ့ကို အားနာစွာ ဟန့်တား၏။

မင်းမောင်က အရယ်ဆက်လျက် . .

''စကားပြောရင် ဘေးကသန္တာကို အားနာရမှာမို့ ရည်းစားစာရေးပြီး ပေးတာပေါ့ ဖေဖေရ''

''ရည်းစားစာဖတ်တော့ ဘေးကသန္တာလည်း သိမှာပေါ့''

''အင်းပေါ့ . . သိတော့ သိမှာပါ''

စန္ဒာကတော့ ခေါင်းငုံ့လျက်သာရှိနေသည်မို့ မင်းမောင်၏ မေမေက–

''ကဲ . . သမီး ပြောပါဦး။ ဘယ်လိုခွဲစိတ်ဖြစ်ခဲ့တယ်ဆိုတာ''

ဟု မေးသည်။ စန္ဒာ ခေါင်းငုံ့၍ မရတော့ပြီ။



www.burmeseclassic.com

စန္ဒာ ပြောပြရပါတော့သည်။

"မေမေရော .. သန္တာပါ ခွဲစိတ်ဖို့ ဝန်လေးကြပါတယ်။ မေမေကတော့ ခွဲစိတ်ရင် သမီးတစ်ယောက်ယောက် သေဆုံးသွားမှာကို စိုးလို့ပါ။ သန္တာက လည်း မခွဲစိတ်ချင်ပါဘူး။ စန္ဒာကသာ မောင်နဲ့လက်ထပ်ချင်တာမို့ ခွဲစိတ်ချင်တယ်လို့ ပြောခဲ့တယ်။ မောင်နဲ့လက်ထပ်ဖို့က မခွဲစိတ်ဘဲနဲ့ မဖြစ်ဘူးလေ"

"ဟုတ်တာပေါ့ မေမေရဲ့၊ မခွဲစိတ်ဘဲနဲ့ဆိုရင် သားက နှစ်ယောက်စလုံးကို ယူရမှာပေါ့"

မင်းမောင်က ဝင်အပြော ..

"ဟဲ့ သားကလည်း .."

မင်းမောင်၏ မေမေကအဟန့်။

အားလုံး ရယ်ပွဲဖြစ်သွားသည်။

"အဲဒီတုန်းက မောင်တို့ ရန်ကုန်ပြောင်းသွားချိန်ပါ။ မောင် စင်ကာပူမှာ ပေါ်လီသွားတက်တဲ့အချိန်ပေါ့။ စန္ဒာက ဇွတ်အတင်းပူဆာလို့ မေမေရော သန္တာကပါ မလိုက်ချင်ပေမယ့် လိုက်လျောပြီး ခွဲစိတ်ဖြစ်ခဲ့တာပါ။ ခွဲစိတ်တော့ စန္ဒာက အသက်ရှင်ပြီး သန္တာက သေဆုံးသွားခဲ့ပါတယ်။ မေမေက စန္ဒာ့အတွက် ဝမ်းသာပေမယ့် သန္တာ့အတွက် စိတ်ထိခိုက်ခဲ့ပုံရပါတယ်။ သိပ်မကြာပါဘူး .. မေမေပါ ဆုံးပါးသွားခဲ့ပါတယ်"

စန္ဒာ၏ ငိုသံပါသောစကားအဆုံးမှာ ...

"ဖြစ်ရလေကွယ်"

တစ်ခန်းလုံး ငြိမ်သက်သွားခဲ့သည်။ စောစောက ရယ်မောနေသံများ ပျောက်သွားခဲ့၏။ သန္တာနှင့်မေမေ့အတွက် စာနာသနားသွားခဲ့ကြ၍ပဲ ဖြစ်မည်။

မင်းမောင်က စန္ဒာ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။

"စန္ဒာ အားမငယ်ပါနဲ့။ မောင် စန္ဒာ့ဘေးမှာ ရှိပါတယ်"

(၅)

"နင် အတ္တကြီးတဲ့ မိန်းမ။ နင့်ကို ငါ ခွင့်မလွှတ်ဘူး"

မေမေ၏ ဒေါသတကြီးအပြော။

စန္ဒာက မေမေ့ရှေ့မှာ ဒူးထောက်ကာ ...

"သမီး တောင်းပန်ပါတယ် မေမေ"

မျက်ရည်များဖြင့် တောင်းပန်သည်။ မေမေ့လက်ကိုဆွဲသောအခါ မေမေက လက်ကိုဖြုတ်ချသည်။

"အခုမှ လာတောင်းပန်ရုံနဲ့ သန္တာက ပြန်ရှင်လာမှာလား။ နင်မို့ ကိုယ့်ညီအစ်မချင်း သတ်ရက်တယ်။ မိန်းမရိုင်းကြီး"

"သမီးလည်း သန္တာသေဆုံးရတာကို ဝမ်းနည်းရပါတယ် မေမေ"

"အလကားစကားတွေ မပြောနဲ့။ နင့်အတွက်ပဲနင်ကြည့်ပြီး တခြားသူတွေကိုငဲ့မကြည့်တဲ့ မိန်းမမိုက်။ သန္တာက နင်နဲ့ ရုပ်ချင်းသာတူတာ စိတ်နှလုံးချင်းမတူဘူး။ သိပ်ပြီး ကြင်နာ စာနာတတ်တဲ့သူ။ နင်ကတော့ ရက်စက်လိုက်တာမှ ကမ်းကုန်"

"မေမေ .. အဲဒီလို မပြောပါနဲ့။ သမီးလည်း မေမေ့သမီးပါ"

"အေး .. ငါ့သမီးမို့ ငါ ပိုပြီးခံစားရတာပေါ့။ နင့်လို သမီးမျိုးမွေးခဲ့မိတာ နောင်တရလို့မဆုံးဘူး"

"မေမေ"

"ဖယ် .. ငါ့ကို မထိနဲ့"

မေမေက စန္ဒာ့ကို တွန်းဖယ်ကာ အိမ်ပေါ်မှ ဆင်းသွားသည်။

"မေမေ ငါ့ကို ဘယ်တော့မှ ခွင့်မလွှတ်တော့ဘူးထင်တယ်"

စန္ဒာ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ တသိမ့်သိမ့်ငိုကြွေးလိုက်မိ၏။

"မေမေ .. မေမေ"

"စန္ဒာ .. စန္ဒာ"

ရုတ်တရက်ပခုံးကိုကိုင်၍ လှုပ်နှိုးမှ နိုးတစ်ဝက် အိပ်မက်မှ စန္ဒာ အသိပြန်ဝင်လာသည်။ မျက်ရည်များဖြင့် ယောင်အော်နေသော စန္ဒာ့ကို မင်းမောင်က ကြည့်ရင်း ...

"စန္ဒာ အိပ်ပျော်သွားတာလား။ ညဘက်စန္ဒာအိပ်မပျော်ဘူးထင်တယ်"

ဟု ကရုဏာစကားဆိုသည်။

စန္ဒာ ခေါင်းညိတ်လိုက်တော့ မင်းမောင်က စန္ဒာ့ကို ရင်ခွင်ထဲ ဆွဲသွင်းသည်။

"မဖြစ်ဘူး .. စန္ဒာ့ကို မြန်မြန် လက်ထပ်မှ ဖြစ်မှာပါ"

"မောင်"

"ဘာလဲ စန္ဒာ"

"အရာအားလုံးဟာ မောင့်ကို ချစ်လို့ ဖြစ်ခဲ့ရတာပါ။ စန္ဒာ့ကို နားလည်တယ်မဟုတ်လားဟင်"

"နားလည်ပါတယ်"

"စန္ဒာ့ကို မုန်းမသွားနဲ့နော်"

"ပိုပိုပြီး ချစ်သွားမှာပါ"

"တကယ်နော်"

"အဟုတ် .. နှစ်ကယ်"

"ဒါပေမဲ့ စန္ဒာကတော့ စိတ်မအေးပါဘူး။ တစ်နေ့နေ့မှာ ..."

(၆)

မင်းမောင်က စန္ဒာ့အား လက်ထပ်ရန် စီစဉ်နေဆဲ စန္ဒာ၏ ကျန်းမာရေးချွတ်ယွင်းမှုကို သတိထားမိသဖြင့် သူငယ်ချင်းဆရာဝန်နှင့်ပြသသည်။

ဆရာဝန်က စမ်းသပ်စစ်ဆေးပြီး ဆေးများပေးသည်။

"ဘာမှမပူပါနဲ့၊ ဘာရောဂါမှ မဟုတ်ပါဘူး"

ဟု အားပေးစကား ဆိုခဲ့သော်လည်း စန္ဒာ့ကွယ်ရာတွင် မင်းမောင်အားခေါ်ပြီး ...

"သူငယ်ချင်း မင်းကောင်မလေးမှာ စိတ်ပိုင်းဆိုင်ရာ ဝေဒနာတစ်ခုခု ရှိနေတယ်လို့ ငါထင်တယ်"

ဟု ပြောသည်။

"ဘယ်လိုမျိုးလဲ"

"ငါသိရသလောက် သူ့ရဲ့ အတိတ်ဖြစ်ရပ်တစ်ခုခုက သူ့ကို ခြောက်လှန့်နေပုံပဲလို့ ငါထင်တယ်။ သူ့ အကြောင်း မင်းမသိတာများရှိလား"

"မရှိပါဘူး။ သူ့အကြောင်း ငါ အားလုံးသိတာပဲဟာ"

"ငါ အကြ[illegible]တော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရောဂါကုဆရာဝန်ကြီးတစ်ဦးဦးနဲ့ ပြကြည့်စေချင်တယ်။ စိတ်ဆိုတာ ဆေးနဲ့ကုတာထက် စိတ်နဲ့ကုမှရတာ''

သူငယ်ချင်း အကြံပေးသလို စိတ်ရောဂါကုဆရာဝန်ကြီးနှင့် ပြသရန် စန္ဒာအား တိုင်ပင်သောအခါ စန္ဒာက အကြီးအကျယ် ငြင်းဆန်လေတော့သည်။

''ဘာလဲ ..မောင်က စန္ဒာ့ကို ရူးနေတယ်လို့ ထင်လို့လား''

စန္ဒာက ဒေါသဖြင့် တုံ့ပြန်၏။

''မဟုတ်ပါဘူး စန္ဒာရယ် ..၊ သူငယ်ချင်းက အကြံပေးလို့ပါ''

မင်းမောင်က ချော့မော့ဖြေသိမ့်၏။

''စန္ဒာ့ဘာသာ စန္ဒာသိတယ်၊ ဘာမှမဖြစ်ဘူး''

''ဘာမှမဖြစ်ဘူးသာ စန္ဒာပြောတာ။ စန္ဒာ အိပ်မပျော်တာတို့၊ အိပ်မက်ဆိုးမက်တာတို့ အမြဲဖြစ်နေတယ်လေ''

''ဒါက နောက်တော့ ပျောက်သွားမှာပါ''

''အခုပဲ စန္ဒာ ပိန်လာတယ်လို့ မောင်ထင်တယ်။ မေမေကတောင် စန္ဒာ့ကို ဂရုစိုက်ဖို့ မှာနေတယ်''

''ရပါတယ်။ စန္ဒာ့ဘာသာ ဂရုစိုက်ပါ့မယ်''

''ဆေးရော မှန်မှန်သောက်ရဲ့လား''

''သောက်ပါတယ်''

စိတ်ငြိမ်အောင် တရားစခန်းတစ်ပတ်လောက် ဝင်ကြည့်ပါလား''

စန္ဒာက ရယ်သည်။

''မလုပ်နဲ့၊ တရားမှာ ဝါသနာထုံပြီး စန္ဒာက သီလရှင်ဝတ်သွားရင် မောင် ကျန်ရစ်ဖြစ်ခဲ့မှာ''

စန္ဒာရယ်တော့ မင်းမောင်လည်း ရယ်ရပြန်တာပေါ့''

(၅)

''သရဲခြောက် ခဏခဏခံနေရတယ်'' ဆိုသော စန္ဒာ၏ အခန်းသို့ မင်းမောင်ရောက်သွားသည်။ ဤအခန်းကို ဝင်ချင်နေသည်မှာ ကြာပြီ။ အကြောင်းအမျိုးမျိုးကြောင့် မဝင်ခဲ့ရ။

ယခုမူ အခွင့်သင့်လှသည်။

စန္ဒာက သူမအလုပ်မှာရှိနေခိုက် စန္ဒာ့ထံမှ အိမ်သော့ရလာခဲ့သည်။

မင်္ဂလာဆောင်ဖိတ်စာအတွက် ပြလိုက်သော နမူနာကတ်ပုံစံများ အိမ်တွင်ကျန်နေခဲ့သဖြင့် ပုံနှိပ်တိုက်တွင် အပ်ရန် မင်းမောင်က သွားယူနေခြင်းဖြစ်သည်။

သော့ဖွင့်၍ အခန်းတွင်းဝင်လိုက်သည်နှင့် အနံ့အသက်က တစ်မျိုးဟု မင်းမောင်ခံစားရသည်။ တိုက်ခန်းမှာ သပ်ရပ်ကျယ်ဝန်းမှုရှိသော်လည်း စန္ဒာ၏ ပစ္စည်းပစ္စယများက နေသားတကျမရှိ။ ရှုပ်ပွေလျက်ရှိသည်။

အိမ်ခန်းရှေ့မှာ မိမိလိုချင်သော ကတ်ပြားများကို မတွေ့။

''အိပ်ခန်းထဲက စားပွဲပေါ်မှာ ရှိတယ်မောင်''

စန္ဒာပြောလိုက်သောစကား။

အိပ်ခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်သည်။

အခန်းထဲမှာ ပို၍ပင် ရှုပ်ထွေးပွေလီလှသည်။ တစ်ရှူးတစောင်းချိတ်ဆွဲထားသော ကပ်ထားသော ရုပ်ပုံကားချပ်များ၊ ဓာတ်ပုံများကို တွေ့ရ၏။ မိသားစုဓာတ်ပုံများမပါ။ နိုင်ငံခြားပြက္ခဒိန်များ၊ ပိုစတာများဖြစ်သည်။ ခုတင်ပေါ်မှာ ခြင်ထောင်က ချလျက်သား။ စောင်က ခေါက်ထားခြင်းမရှိ။ အပုံလိုက်။ အင်္ကျီထဘီတွေက တန်းမှာ တိုးလို့တန်းလန်း။

ငယ်စဉ်က အစဉ်မြဲ သန့်သန့်ရှင်းရှင်းဝတ်စားပြီး ကျော့မော့နေတတ်သော စန္ဒာ့ကို သတိရမိ၏။ အမြွှာပင်ဖြစ်သော်လည်း သန္တာနှင့်မတူသည့် စရိုက်ရှိသည့် မိမိချစ်ခဲ့သော စန္ဒာ။

ယခု အဘယ်သို့ ပြောင်းလဲသွားသနည်း။

ခုတင်ဘေးက စားပွဲပေါ်မှာလည်း ဖတ်လက်စ စာအုပ်များ၊ အလှပြင်ပစ္စည်းအချို့နှင့် အသုံးအဆောင်အချို့ ရှိနေ၏။ မိမိလာရှာသည့် ဖိတ်စာကတ်ပြားနမူနာများမှာ စာအုပ်တစ်အုပ်၏အပေါ်တွင် ဖရိုဖရဲ။

မင်းမောင် သက်ပြင်းချလိုက်သည်။

မိမိနှင့် စန္ဒာ လက်ထပ်ပြီးလျှင်တော့ စန္ဒာ့ကို ပုံစံပြောင်းရမည်ဟု တွေးလိုက်မိ၏။

ကတ်ပြားများကို စုစည်းကောက်ယူလိုက်ချိန်တွင် အကြည့်အာရုံက တစ်နေရာသို့ ရောက်သွားသည်။

မျက်မှန်ဗူးကလေး တစ်ဗူး။

စန္ဒာသည် မျက်မှန်တပ်ရသူမဟုတ်။ မျက်မှန်တပ်ရသည်က သန္တာ။

မျက်မှန်ဗူးကို ကောက်ယူဖွင့်ကြည့်သည်။ ငယ်စဉ်က သန္တာတပ်လေ့ရှိသော မျက်မှန်မျိုးဖြစ်သည်။ အဝေးကြည့်မျက်မှန်ဖြစ်၏။

''သန္တာ့ကို အမှတ်ရနေလို့ သန္တာ့ပစ္စည်းလေးကို သိမ်းထားတာကိုး''

အမြွှာညီအစ်မဖြစ်၍တစ်ယောက်သေဆုံးသောအခါ ကျန်တစ်ယောက်မှာ စိတ်ဒဏ်ရာ ကျန်ခဲ့ပေမပေါ့။

မျက်မှန်ဗူးကို ပြန်ချကာ ကတ်ပြားများကို ယူ၍ လှည့်ထွက်မည်အပြုတွင် ခုတင်အောက်မှ စွန်းထွက်နေသော အရာတစ်ခုကို သတိပြုမိနေ၏။

နေရာတွင် ဒူးထောက်ထိုင်ချကာ ထိုအရာကို ဆွဲထုတ်လိုက်သည်။

စက္ကူကလေးဖြစ်သည်။ ပုံဆွဲစက္ကူလိပ်ကလေး။

ငယ်စဉ်က မင်းမောင်ရေးဆွဲ၍ စန္ဒာ့ကို ပေးခဲ့သော အမှတ်တရပန်းချီကားလေးများပေလား။ ထိုကားမှာ စန္ဒာ၊ သန္တာနှင့် မင်းမောင်တို့သုံးယောက်ယှဉ်၍ ရပ်နေပုံဖြစ်သည်။ စန္ဒာကအလယ်က။ စန္ဒာ့ညာလက်မှာ မင်းမောင်နှင့် အခြားတစ်ဖက်မှာ သန္တာဖြစ်သည်။

စက္ကူလိပ်ကို ဆွဲဖြန့်လိုက်သည်။

အမှန်ပါပဲ။ မင်းမောင်ရေးထိုး

အမှတ်တရပေးခဲ့သည့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ‥"

မင်းမောင် အံ့သြသွားသည်။

ဒါ ဘယ်လိုဖြစ်တာလဲ။

ပုံထဲတွင်ပါဝင်သည့် လူ(၃)ဦးမှာ စန္ဒာ၊ သန္တာနှင့် မင်းမောင်တို့ဖြစ်သည်။ စန္ဒာ၏ပုံမှာ ဆော့ပင်အနက်များဖြင့် ကြက်ခြေခတ်များ အထပ်ထပ်ရေးခြစ်ပြီး ပုံမပေါ်လောက်အောင် ပျက်စီးလျက်ရှိနေပြီး မင်းမောင်နှင့် သန္တာ့ပုံသာအကောင်းပကတိရှိနေသည်။

"ဘာသဘောလဲ"

"ဒီလိုဘာကြောင့် လုပ်ထားသလဲ"

"စန္ဒာကပဲ လုပ်ခဲ့လေသလား"

"ဘာကြောင့်လဲ"

"စန္ဒာက ဘာကြောင့် စန္ဒာ့ပုံကို ဖျက်ဆီးရတာလဲ"

"သန္တာ့အတွက် စိတ်မကောင်းလွန်းလို့ မိမိကိုယ်ကို ခွင့်မလွှတ်နိုင်အောင် မုန်းတီးနေမိလို့လား"

"ဒီလိုဆိုရင် စန္ဒာ့မှာ စိတ်ဝေဒနာရှိနေတာ သေချာပြီပေါ့"

စန္ဒာ့အခန်းမှ ပြန်ထွက်လာတော့ မင်းမောင်စိတ်တွေ လေးလံညစ်မှိုင်းနေသည်။ အပြင်ရောက်မှ သတိရ၏။ သရဲ ‥ သရဲ ဘယ်မှာလဲ။ ဘယ်မှာ သရဲခြောက်လို့လဲ။ သရဲအရိပ်အရောင် ဘာမျှမမြင်ရ။ ဘာသံမျှမကြားရ။

(၈)

မောင် ရောက်လာနိုင်ခဲ့လှသည်။

ချိန်းဆိုထားသောနေရာမှာ ရပ်ပြီး မောင့်ကို စန္ဒာစောင့်နေသည်။ မောင်လာရာလမ်းကိုမျှော်၍ ...

"ဟိတ်"

ရုတ်တရက် ရှေ့တွင် ဘွားခနဲပေါ်လာပြီး ခေါ်လိုက်မှ စန္ဒာလန့်သွားသည်။

"မောင် ‥ မောင်ကလည်းကြာလိုက်တာ။ စန္ဒာ ရပ်စောင့်နေရတာ ခြေထောက်တွေတောင် တောင့်နေပြီ"

မင်းမောင်က စန္ဒာ့ကို စိုက်ကြည့်သည်။

"မောင် ရောက်နေတာကြာပြီ။ မောင့်ကို မတွေ့ဘူးလား"

"မောင် နောက်နေပြန်ပြီ။ ခုမှ လာပြီးတော့များ"

"တကယ်ပါ။ မောင်ရောက်နေတာ ဆယ့်ငါးမိနစ်လောက်ရှိနေပြီ"

"အပိုတွေ"

"စန္ဒာက မောင့်ကို မတွေ့တာ တကယ်ပဲလား။ တမင်မမြင်ဟန်ဆောင်နေတာလား"

"မောင့်ကို စောင့်နေတာပဲဟာ မြင်ရင် ဟန်ဆောင်ပါ့မလား"

"ဒါဆို မောင်လက်ပြပြီး ခေါ်နေတာ မတွေ့ဘူးပေါ့"

"မတွေ့ပါဘူး"

"မောင် ကားလမ်းဟိုဘက်ခြမ်းမှာရပ်ပြီး စန္ဒာ့ကို လက်ပြခေါ်နေတာကြာပြီ။ စန္ဒာက မလာဘဲ ပေရပ်နေပြီးတော့"

"မဟုတ်ပါဘူး။ စန္ဒာ မတွေ့ပါဘူး"

"စန္ဒာ မောင့်ဘက်ကို ကြည့်နေတာပါ"

စန္ဒာ့ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

အမှန်ပင် မင်းမောင်က အတည်ပြောနေခြင်းဖြစ်၏။ သို့ဖြစ်လျှင် တကယ်ပဲ မောင်ရောက်နေသည်မှာ ကြာပြီပေါ့။ စန္ဒာ့ကို လက်လှမ်းပြနေသည်ပေါ့။ စန္ဒာ ကြည့်တော့ကြည့်နေသည်။ မမြင်ခဲ့။

မမြင်ဆို မှုန်ဝါးဝါးဖြစ်နေသည်လေ။

စန္ဒာက အဝေးမှုန်။

စန္ဒာ အဝေးမှုန်သည်ကို မောင် ရိပ်မိသွားပြီလား။

စန္ဒာချက်ချင်းပင် မျက်နှာကို ပြင်လိုက်ရင်း ...

"အဟင်း ‥ ဟင်း ‥ မောင်က သိပ်စလို့ကောင်းတာပဲ။ မောင် ရပ်ပြီး လက်ပြနေတာ စန္ဒာမြင်တာပဲ။ တမင်မောင့်ကိုစချင်လို့ မမြင်ဟန်ဆောင်နေတာ"

သည်တော့မှ ကိုယ်တော်ပြုံးလာသည်ကို တွေ့ရ၏။

"ကဲ ‥ သွားကြစို့ တရားသူကြီးရဲ့ ချိန်းထားချိန် ရောက်နေပြီ။ လူကြီးတွေလည်း ရောက်နေလောက်ပြီ"

မင်းမောင်စကားမှာ အပျော်အမြူးများဖြင့်။

ယခုမှ စန္ဒာ သက်ပြင်းချိုး၍ ချနိုင်တော့သည်ပင်။

(၉)

မင်္ဂလာဦးညကို စန္ဒာ ရင်ခုန်နေမည်ဖြစ်သလို မင်းမောင်လည်း ရင်ခုန်နေမိပါ၏။

နေ့လယ်က မင်္ဂလာပွဲကျင်းပသည်။ သင်္ဃသုခကျောင်းတော်ခန်းမမှာဖြစ်၏။ စန္ဒာ့ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟနည်း၍ မင်းမောင်ဘက်မှ ဆွေမျိုးမိတ်သင်္ဂဟများသာ များသည်။

စန္ဒာပျော်မြူးနေပုံက ချစ်စရာကောင်းလှ၏။

မင်းမောင်ကို ဖက်တွယ်ထားသော လက်များက လွတ်ရမှာ စိုးကြောက်နေသည့်ပုံပင်။

မင်းမောင်တို့နေရန်အိမ်မှာ ဖေဖေ၊ မေမေတို့က စီစဉ်ပေးသော တိုက်ခန်းဖြစ်သည်။ စန္ဒာ မူလက ငှားရမ်းနေခဲ့သောအိမ်ကို ပြန်အပ်လိုက်သည်။

မင်္ဂလာခန်းမကို သူငယ်ချင်းများက စပယ်ရှယ်ပြင်ဆင်ပေးထား၏။ ရင်ဖိုလှုပ်ရှားဖွယ်ရာအတိ။ မွေ့ယာပေါ်တွင် ပန်းများပင် ကြဲထားသေးသည်။ မွှေးရနံ့တွေကလည်း တစ်ခန်းလုံးကြိုင်လျက်။

ပြာလဲ့လဲ့ မီးရောင်ကလေးအောက်မှာ အချစ်ညသည် ရင်ဖိုစိတ်လှုပ်ရှားဖွယ်အတိ။

ညဝတ်အင်္ကျီလဲထားပြီး ခုတင်ပေါ်မှာ ထိုင်နေသည့် စန္ဒာ့ရှိရာကို မင်းမောင်ဝင်သွားသောအခါ ည ၁၀ နာရီ ထိုးတော့မည်။

သူငယ်ချင်းများက တစည်



www.burmeseclassic.com

www.burmeseclassic.com



ဘီယာများ အချိန်ဆွဲသောက်ကာ..

"မပြန်ဘူး..ဒီည ဒီမှာပဲ အိပ် ယ်"

ဟု ဆိုနေကြသောကြောင့် မနည်း ် ချော့မော့တောင်းပန်လွှတ်လိုက်ရ ည်။

"စန္ဒာ"

မင်းမောင်ကိုယ်တိုင်ပင်လျှင် ငယ်ချင်းများတိုက်ခဲ့သော ဘီယာ ချိန်ကလေးက ရှိနေ၏။ ထို့ကြောင့် ာကိုယ်က မြူးကြွကြွ။ ငှက်သွင် ကြွမတတ်သော် ဟု ဆိုရလောက်၏။

"မောင်.."

"စန္ဒာ မပျော်ဘူးလားဟင်"

"ပျော်တာပေါ့ မောင်ရယ်၊ မောင် ဒီလိုပေါင်းဖက်ချင်လို့ စန္ဒာ မျှော် င့်ကြိုးစားခဲ့ရတာ မောင်မှမသိဘဲ"

"မောင် သိပါတယ်ဗျာ။ စန္ဒာ ာင့်ကို သိပ်ချစ်တယ်ဆိုတာ။ ဒါ ကြောင့် သန္တာနဲ့သီးခြားဖြစ်အောင် ခွဲ တ်ခဲ့ရတာမဟုတ်လား"

စန္ဒာ ဘာမှပြန်မပြောဘဲ ခေါင်း သွား၏။

မင်းမောင်က စန္ဒာရှက်သွားသည် တွေးကာ ဟက်ခနဲရယ်သည်။

"မင်္ဂလာဦးညကို စန္ဒာ ရှက်နေ ဲ"

ပြောပြောဆိုဆို မင်းမောင်က ာကို ရင်ခွင်ထဲ ဆွဲသွင်းသည်။

အလိုက်သင့်ပါလာသော စန္ဒာ၏ ်နှာကိုမော့စေကာ အနမ်းမိုးများ လိုက်သည်။ စန္ဒာငြိမ်သွားသည်။ ာ်တောင်ကလေးများ မေ့းစင်း ာ်။

"ချစ်တယ် စန္ဒာရယ်"

"စန္ဒာလည်း မောင့်ကို သိပ်ချစ် တယ်"

အနမ်းမိုးပွင့်များ ပို၍ ကြမ်း းသည်။

မင်းမောင်က စန္ဒာ၏ အင်္ကျီ ယ်သီးကို ဖြုတ်သောအခါ..

"ဟင့်အင်း မောင်၊ စန္ဒာ ရှက် ယ်"

စန္ဒာက တားသည်။ မင်းမောင်၏ လက်ကို ဆုပ်ထား၏။ ခွင့်မပေး။

"စန္ဒာကလည်းကွာ..စန္ဒာနဲ့ မောင်ပဲရှိတာကို"

"မောင့်ကို ရှက်တာပေါ့"

မင်းမောင်က အလျှော့ပေးလိုက် သည်။ သို့သော် မင်းမောင်လက်များက စန္ဒာ့ကို သိုင်းဖက်ကာ စန္ဒာ့တစ်ကိုယ် လုံးကို မရပ်မနား ရွေ့လျားကစားနေ သည်။

သည်မှာ...

စန္ဒာ့ကိုယ်မှ အမာရွတ်များကို စမ်းမိ၏။

ခွဲစိတ်ခံရစဉ်က ရခဲ့သော အမာ ရွတ်များ။

မင်းမောင်၏လက် ရပ်တန့်သွား သည်။

အမာရွတ်များ။

သေချာအောင် မင်းမောင်က စန္ဒာ့ကိုယ်ကို ဘေးဘယ်ညာ နှစ်ဖက် စလုံးကို ပွတ်သပ်လိုက်သည်။

တစ်ဖက်မှာ အမာရွတ်မရှိ။ ကျန် တစ်ဖက်မှာသာ ရှိသည်။

အမာရွတ်များ ရှိနေသည့်ဘက် မှာ စန္ဒာ၏ ညာဘက်ခြမ်းတစ်လျှောက် မှာ။

မျက်ဝန်းမှာ စန္ဒာနှင့်သန္တာတို့၏ ငယ်စဉ်က ပုံသဏ္ဌာန်များကို ပြေး၍ မြင်သည်။ ကိုယ်ချင်းဆက်အမြွှာ။

"စန္ဒာက ညာဘက်က၊ သန္တာ က ဘယ်ဘက်က.."

သို့ဖြစ်လျှင် ခွဲစိတ်ပြီး ရရှိလာ မည့် အမာရွတ်များမှာ စန္ဒာ၏ ဘယ် ဘက်ဘက်ခြမ်းတွင်သာ ရှိရမည် မဟုတ်ပါလား။

ယခုတော့...

စန္ဒာ၏ ညာဘက်ခြမ်းမှာ..

အခန်းတစ်ခုလုံး ဖောက်ထိုးမိုး မှော်ဖြစ်သွားသည်ဟု မင်းမောင်ထင် လိုက်ရ၏။

(၁၀)

စန္ဒာတို့ ဇာတိမြို့သင်္ချိုင်းသို့ မင်း မောင် ခြေချခဲ့ရပြီ။

သင်္ချိုင်းတွင်းဝင်လာသော မင်း မောင်၏ ခြေလှမ်းများက တုံ့နှေးလေး ကန်လွန်းလှ၏။ ရင်က မားဖိုကြီးလို နိမ့်ချည်မြင့်ချည်နှင့်။

မိမိတွေ့ရမည့် အရာသည်..

မိမိထင်မှတ်ထားသလို ဖြစ်နေ မည်လား..

အမှန်တရားကိုလည်း သိချင် သည်။

အမှန်တရားကို သိရမှာလည်း ကြောက်နေသည်။

လှည့်ပြန်ရမလားဟုပင် တွေးမိ သေး၏။ မဖြစ်။ မဖြစ်ပါ။ စိတ်ထဲတွင် ဖြစ်နေသော သိချင်စိတ်များ၊ သံသယ များကို ရှင်းပြတ်အောင် ပြုရမည်သာ။

အုတ်ဂူများ တစ်ခုပြီးတစ်ခု ဖြတ် ၍ ကျော်လာခဲ့သည်။

အုတ်ဂူရှိ အမည်နာမများကို လည်း ဂရုတစိုက်ဖတ်လာခဲ့၏။

အုတ်ဂူတစ်ခုကို ဖြတ်လာတိုင်း ရင်က တစ်ကြိမ်တစ်ဆင့်တိုး၍ ခုန် လာသည်။

ဟော..တွေ့ပါပြီ။

ယှဉ်လျက်အုတ်ဂူနှစ်ခု။

တစ်ခုက ဒေါ်သီသီ။ စန္ဒာနှင့် သန္တာတို့၏ မိခင်။

နောက်တစ်ခုက..နောက်တစ် ခုက..

မစန္ဒာ..တဲ့။ မစန္ဒာ..မစန္ဒာ

"ဟာ"

မင်းမောင်ရင်တွေ ပွင့်ထွက်သွား သည်ဟု ထင်လိုက်သည်။

ကောင်းကင်ကြီး ပြိုကျလာ၏။

ကမ္ဘာမြေကြီး ကွဲအက်သွား၏။

(၁၁)

ရက်စက်သည်။

သန္တာရက်စက်သည်။

သေဆုံးခဲ့သူမှာ [illegible]



www.burmeseclassic.com

အဖြစ် ဟန်ဆောင်နေခဲ့ခြင်းပါလား။ သန္တာ မိမိကို ညာခဲ့ခြင်းပါလား။ မိမိက အလိမ်အညာခံရခြင်းပါလား။

သန္တာဘာကြောင့် ဤသို့ လုပ်ရပါသနည်း။

သန္တာအခန်းထဲတွင် တွေ့ရသော မျက်မှန်ဗူးကလေးနှင့် မျက်မှန်။

ပန်းချီကားထဲက စန္ဒာ၏ရုပ်ပုံ ဖျက်ဆီးခံထားရမှု။

သန္တာမရှိးသားခြင်းမှာ ဒိဋ္ဌမမ္မ။

ယင်းကို သန္တာက မည်သို့ ရှင်းပြမည်နည်း။

မင်းမောင်ရင်မှာ ဖြေဆည်မရသော နာကျင်မှုများ။ မင်းမောင်ခေါင်းထဲမှာ အဖြေထုတ်မရသော ပုစ္ဆာများနှင့် အိမ်သို့သာ ပြန်လာရင်း လူက စိတ်နှင့်ရုပ်မကပ်ချင်။

မိမိတို့အခန်းကို ပြန်ရောက်လျှင် အပြင်မှ သော့ဖြင့်ဖွင့်ဝင်မည်လုပ်သော အခါ တံခါးကပွင့်နေပြီး စေ့ရုံစေ့ထားသည်ကို မင်းမောင်တွေ့ရ၏။

"သန္တာအလုပ်မသွားဘူးလား"

အတွေးနှင့်အတူ မင်းမောင်အခန်းထဲဝင်လိုက်သည်။

သန္တာ့မျက်နှာကို မည်သို့ကြည့်၍ မည်သည့်စကားများက စတင်ပြောရမည်နည်း။ သို့မဟုတ် မိမိဒေါသများကို အတတ်နိုင်ဆုံးထိန်းကာ သန္တာပြောသမျှကိုနားထောင်ရမည်လား။ ရှိသမျှ ဒေါသအစိုင်အခဲများ ဖောက်ခွဲပစ်လိုက်ရမည်လား။

အခန်းက တိတ်ဆိတ်နေ၏။

သန္တာ ဘယ်ရောက်နေသနည်း။

အပြင်ခန်းများမှာ သန္တာ့ကို မတွေ့။ အိပ်ခန်းထဲမှာ ရှိမည်ထင်၏။

အိပ်ခန်းထဲ ဝင်လိုက်သည်။

အမှန်ပင် သန္တာ ခုတင်ပေါ်၌ အိပ်ပျော်နေသည်။

ဒင်းကတော့ အေးချမ်းနေလိုက်တာ။

နာကျည်းခံပြင်းမှုဖြင့် သန္တာ့ကို တစ်ခဏမျှရပ်ကြည့်နေပြီး သန္တာ့အနားကို ကပ်သွားလိုက်သည်။ ဒေါသဖြင့် ပုတ်နိုးမည်အပြု ..

ခုတင်ဘေးရှိ ခုံပေါ်မှ ပွင့်နေသော အိပ်ဆေးပုလင်းဘေးတွင် ကျနေသော ဆေးလုံးဖြူဖြူအချို့ကို တွေ့လိုက်ရသည်။

"ဟင်"

သန္တာ့ကိုယ်ကို စမ်းလိုက်သည်။

အသက်မရှူတော့။ သွေးမလည်ပတ်တော့။ နှလုံးမခုန်တော့။

သွားပြီ ..

သန္တာ လူ့လောကကို စွန့်ခွာသွားပြီ။

မင်းမောင်တုန်လှုပ်သွား၏။ သန္တာ သူ့မဘာသာ အဆုံးစီရင်သွားခဲ့ပြီ။

"ဟော .. စာတစ်စောင်ပါလား"

ခေါင်းအုံးဘေးမှ စာတစ်စောင်။

မင်းမောင် အဆောတလျင်ယူကာ စာကိုဖွင့်ဖတ်လိုက်သည်။

မောင်

သန္တာ့ကို ခွင့်မလွှတ်ပါနဲ့။

မောင်အားလုံး သိသွားပြီဆိုတာ သန္တာလည်း သိလိုက်ပါပြီ။ သန္တာ အခုအချိန်မှာ မောင့်ကို လိမ်ညာဖို့လည်း သတ္တိမရှိတော့ပါဘူး။ မောင့်ကို ရင်လည်းမဆိုင်ရဲတော့ပါဘူး။ ဒီစာဟာ သန္တာအပြစ်ရှိကြောင်း ဝန်ခံတဲ့စာပါပဲ မောင်။

မောင်လက်ထပ်ခဲ့တာ၊ မောင်ချစ်ခဲ့တဲ့ စန္ဒာမဟုတ်ဘူး။ သန္တာပါ။

မောင်ချစ်ခဲ့တဲ့ စန္ဒာက သေဆုံးသွားခဲ့ပါပြီ။

သန္တာ့ကြောင့် သန္တာသတ်လို့ သေဆုံးသွားခဲ့ပါပြီ။

မောင်နဲ့လက်ထပ်ချင်လို့ ခွဲစိတ်ချင်တဲ့ စန္ဒာ့ကို မောင့်ကို တစ်ဖက်သတ်ချစ်မိနေခဲ့တဲ့ သန္တာက သဘောမတူလို့ ညီအစ်မချင်း စကားများရာကနေ သန္တာက စန္ဒာ့ကို ကတ်ကြေးနဲ့ ထိုးသတ်ခဲ့မိတယ်။ စန္ဒာသေတော့ သန္တာတို့ တိုင်းဆေးရုံကြီးမှာပဲ အမြန်ဆုံး ခွဲစိတ်မှုလုပ်ခဲ့ကြရတယ်။ သန္တာ အသက်ရှင်ကျန်ခဲ့တယ်။

ဒါပေမဲ့ ဒီအကြောင်းတွေသိ[...] တဲ့ မေမေက စိတ်ထိခိုက်ပြီး နဂိုက[...] နေတဲ့ နှလုံးရောဂါကြောင့် စန္ဒာနဲ့ [...] ဆင့်နောက်ဆင့်ဆိုသလို ဘဝတစ်[...] ကို လိုက်ပါသွားခဲ့ရတယ်။

ဒါကြောင့် သန္တာက မြို့ကိုခွာလ[...] ခဲ့ပြီး စန္ဒာအဖြစ်နဲ့ ဆက်လက်ရပ်တ[...] ခဲ့တာပါ။ မောင်နဲ့ဆက်သွယ်ပြီး စ[...] အဖြစ်နဲ့ မောင့်ကို လက်ထပ်ဖို့ ကြိုး[...] ခဲ့တာပါ။

ခုတော့ သန္တာ့မှန်း မောင်သိသွ[...] ခဲ့ပြီလေ။

သန္တာဘဝမှာ စန္ဒာရဲ့ပုံရိပ်၊ မေ[...] ရဲ့ပုံရိပ်တွေ ခြောက်လှန့်ခံရမှုနဲ့ တ[...] လှုပ်ချောက်ချားနေခဲ့ရာကနေ အ[...] တော့ မောင့်ကို ရင်မဆိုင်ရဲတဲ့ ခြော[...] လှန့်ခံရမှုပါ ပေါင်းရပြီဆိုတော့ သ[...] ဆက်ပြီး မရှင်သန်နေရဲတော့ပါဘူ[...]

ဒါကြောင့် သန္တာ့မိုက်ပြစ်တွေ[...] သန္တာဘာသာ အပြစ်ပေးပြီး အ[...] သတ်လိုက်ပါပြီ။

သန္တာ့ကို ခွင့်မလွှတ်ပါနဲ့။

တစ်ခုပဲ ယုံပေးပါ။

အဲဒါကတော့ ..

မောင့်ကို သန္တာချစ်တယ်ဆို[...] ပါပဲ မောင်။

အမိုက်မ

သန္တာ

အရာအားလုံးက ငြိမ်းဆုံးသွ[...] ပြီ။

အမှန်တရားတွေလည်း ရုပ်[...] ပေါ်သွားခဲ့ပြီ။

အပြစ်ရှိသူလည်း အပြစ်ဒ[...] ကြွေး ပေးဆပ်သွားခဲ့ပြီ။

ယခုတော့ ..

နာကျင်ကြေကွဲမှုကလွဲလျှင် [...] မောင်တွင် ဘာမျှမရှိတော့။

တကယ်တော့ ချစ်ခြင်းမေ[...] သည် စမ်းရေကြည်သာလျှင် ဖြစ်[...] မည်။

သို့မဟုတ်ပါဘဲ ချစ်ခြင်းမေ[...] သည် အဆိပ်ဖြစ်လာလျှင်မူကား [...]

နေ့[...]



www.burmeseclassic.com

www.burmeseclassic.com



စာမျက်နှာ (၁၃၄)
မြမြလှိုင်မှ စာဆက် ...

ချွေးမဖြစ်သူ၏ အသုံးအနှုန်းနှင့် လေသံက ပြောင်းသွားသည်ကို သတိထားလိုက်မိသည်။

''အဖေ သဘောမတူဘူး သား''

''ဘာဖြစ်လို့လဲ အဖေ ကိုယ်လည်း တိုက်ခန်းနဲ့နေရတယ်။ နောက်ပြီးအခန်းငှားခလည်းရမယ်။ ဒီပတ်ဝန်းကျင်မှာ ဒီလိုပဲ လာဆောက်နေကြတာ''

''အဖေတို့မှာ သားအဖနှစ်ယောက်တည်းရှိတာပါ။ ဒီအိမ်လေးက သားရဲ့အမေ မရွှေစင်နဲ့အဖေ့ရဲ့ ချွေးနဲ့စာနဲ့ဆောက်ထားတဲ့အိမ်။ ဒီအိမ်မှာ သားအမေရဲ့ အငွေ့အသက်တွေရှိနေတယ်။ ဒီအိမ်ကိုဖျက်ပြီး ပြင်ဆောက်ဖို့ဆိုတာကို အဖေ ဘယ်လိုမှသဘောမတူနိုင်ဘူး''

''ဒီမှာအဖေ''

ချွေးမ ခက်ခက်မာ၏အသံက စူးရှပေါ်လာသည်။ ဘုရားစင်အောက် မီမီအိပ်ရာနေရာ ဖျာချပ်ခင်းထားသည့် အပေါ်တွင်ထိုင်ရင်းက သားကိုတစ်လှည့် ချွေးမကိုတစ်လှည့်ကြည့်နေသည်။ ထမင်းဝိုင်းပြင်ထားသော်လည်း လင်မယားနှစ်ယောက်စလုံး ထမင်းစားရသေးပေ။

''ခက်ခက်မာက မိဘလိုသဘောထားပြီး သေသေချာချာရှင်းပြနေတာပါ။ ခုနေတဲ့ ပျဉ်ထောင်အိမ်က ဟောင်းလည်းဟောင်းနေပြီ။ ဘာမှငွေဝင်စရာလည်းမရှိတော့ဘူး။ ကန်ထရိုက်နဲ့ ပြန်ပြင်ဆောက်ရင် တိုက်ခန်းလည်း နေရတယ်။ ကိုယ်ရသင့်တဲ့ အခန်းအတွက်လည်း အခန်းငှားခက ရဦးမှာ''

''သားရယ် .. ဒါဟာ မိဘရဲ့အမွေအနှစ်ပါ။ ကိုယ့်ဝိုင်းကိုယ့်ခြံလေးမှာ သီးပင်စားပင်တဝေဝေနဲ့ ဘယ်လောက်စိတ်ချမ်းသာစရာကောင်းသလဲကွယ်။ တခြားသူတွေကို အတုယူအားမကျပါနဲ့သားရယ်။ ဒီခြံမြေနဲ့အိမ်က အဖေတို့မရောက်ခင်မှာ ဖရိုဖရဲနဲ့ ခြံစည်းရိုးမရှိ၊ အမိုးအိမ်တိုင်ယိုင်နဲ့နဲ့ကို အဖေတို့ ပြန်လည်ပြုပြင်ပြီး အခြေအနေကောင်းအောင် လုပ်ခဲ့ရတာ။ သားတို့ရဲ့ အစီအစဉ်ကို အဖေဘယ်လိုမှသဘောမတူဘူး။ ဒီအိမ်ခြံနဲ့ စံပယ်ရုံကြီးဟာ အဖေ့အသက်ပဲ''

''ခက်တာပဲ အဖေ၊ မစွဲလမ်းသင့်တာကို စွဲလမ်းနေတယ်။ သားက အခု အိမ်ဂရန်တို့ဘာတို့ကို မိတ္တူဆွဲပြီး အဆောက်အအုံပြန်လည်ဆောက်လုပ်ခွင့် လျှောက်တာရပြီ။ ကန်ထရိုက်နဲ့လည်း တိုင်ပင်ပြီးပြီ။ ဒီအိမ်ကို အဖေ သားကို အမွေဆိုင်လွှဲပေးထားတာပဲ။ သားကတော့ ဆက်လုပ်ရမှာပဲ''

''ဟုတ်တယ် အဖေ၊ ခက်မာတို့က ငယ်သေးတယ်။ ကိုယ့်ရှေ့တက်လမ်းအတွက်ကြည့်ရမယ်။ ဒီပျဉ်ထောင်အိမ်စုတ်နဲ့ တစ်သက်လုံး မနေနိုင်ဘူး။ ချောက်တီချောက်ချက် ဝင်ငွေလေးပဲရတဲ့ စံပယ်ရုံကိုလည်း ခုတ်ပစ်ရမှာပဲ။ တိုက်ဆောက်ရင် ခြံထဲမှာ ရှုပ်နေတဲ့ အပင်မှန်သမျှ ခုတ်ပစ်ရမှာပဲ။ အဖေ အေးအေးဆေးဆေးပဲနေပါ''

လောဘမီးတောက်နေသည့် မျက်လုံးအစုံနှင့်ပြောလာသည့် ချွေးမ၏ စကားကြောင့် ကိုထွန်းစိန်ရင်ထဲ နင့်နင့်နဲနဲခံစားလိုက်ရသည်။ စံပယ်ရုံကြီးကို အမြစ်ကပါ တူးဆွရှင်းပစ်မည်ဆို၍ ရင်ထဲမှာ သွေးခုန်နှုန်းမြန်လာသည်။

''မခုတ်ရဘူး .. စံပယ်ပင်ကို မခုတ်ရဘူး''

နှုတ်မှမထွက်လာသော်လည်း မွန်းကျပ်ပြည့်သိပ်အောင် ရင်ထဲမှခံစားလာ၍ ခေါင်းအထက်ရှိ ဆံပင်တို့ ထိုးထိုးထောင်ထောင်ဖြစ်လာသည့်ပမာ ကျိန်းစပ်လာသည်။

ညဉ့်နက်သန်းခေါင်ယံလွန်လာသည်အထိ ကိုထွန်းစိန် အိပ်၍မပျော်သေး။ ဘုရားရှိခိုးသည်။ တရားထိုင်သည်။ ရင်တွင်းဝေဒနာကို ပြေပျောက်အောင်ကသည်။ သားတို့လင်မယားနှင့် တစ်လောကလုံး အိပ်မောကျနေသော်လည်း ကိုထွန်းစိန်ရင်မှာ သွေးခုန်နှုန်းမြန်လျက် အတွေးကိုယ်စီက ဦးခေါင်းတွင် ရိုက်ခတ်မြည်ဟည်းနေသည်။ သားလေးငယ်စဉ်ကအစအရွယ်ရောက်၍ ပညာသင်သည်အထိ နောက် အိမ်ထောင်ပြုချင်လာသည့်တွင် သားလေးအပေါ် မငြိုငြင်ဘဲ လိုက်လျောလာခဲ့ရပုံကို မှုန်ဝါးနေသော မျက်စိအာရုံတွင် ပုံရိပ်တို့က အစီအရီပေါ်လာသည်။

အိပ်၍မပျော်သဖြင့် စံပယ်ရုံဘေးတွင် လာထိုင်ရင်း သွားလေသူ မရွှေစင်ကို တမ်းတလွမ်းမောမိသည်။ မိုးစက်မိုးပေါက်လေးတွေ ဖြောက်ဖြောက်ကျနေသော်လည်း ကိုထွန်းစိန်အိမ်ထဲမဝင်သေးဘဲ အတွေးနှင့်အတူဝေဒနာကို ခံစားနေရသည်။ တဖြည်းဖြည်းနှင့် မိမိစိတ်ကိုမိမိ ကိုထွန်းစိန်ဖြေသိမ့်လိုက်သည်။ လောကတွင်ရှိသော ဖြစ်ပျက်သဘောတရားကို အသိနှင့်ယှဉ်ကြည့်သည်။ ဒီသားကို ချစ်မှတော့ သားလေး၏ဆန္ဒကို လိုက်လျောတော့မည်ဟု စဉ်းစားသည်။ စံပယ်ရုံလေးကို လွမ်းတသသ ကြည့်မိသည်။ စိတ်ထဲတွင် တင်းထားသမျှ အားလုံးကို ဖြေလျှော့လိုက်သည်။ အသက်ကိုမျှင်းမျှင်း တဖြည်းဖြည်းရှူရင်းက အားလုံးနှင့်အတူ အသိတရားတို့က ဝေး၍ ဝေး၍ သွားလေပြီ။

မနက်မိုးလင်း၍ သားနှင့်ချွေးမတို့ အိပ်ရာကနိုးလာလျှင် ကိုထွန်းစိန်အား လိုက်ရှာမည်ဆိုပါက စံပယ်ရုံဘေးတွင် လောကတစ်ခုလုံးကို ဥပေက္ခာပြုကာ ကျောခိုင်းသွားသောသူတစ်ယောက်၏ ပုံသဏ္ဍာန်ကိုသာ တွေ့မြင်ရပေတော့မည်။

ပြီး



www.burmeseclassic.com

www.burmeseclassic.com

"ဆရာ ‥ ရှင်နှောင်းတို့ ဆုံကြရအောင်နော်၊ အဲဒီနေ့ကြရင် ရှင်နှောင်း ဖက်ဖူးရောင်ဝမ်းဆက်ဝတ်လာမယ်။ အဝါရောင်နှင်းဆီလေးတစ်ပွင့်လည်း ပန်လာခဲ့မယ်။ လူမမှားစေနဲ့နော်"

ကဗျာဆရာလေး မိုးသဲအောင် ဖုန်းထဲမှ အသံလေးကို နားထောင်ရင်း ပျော်နေမိသည်။ ရှင်နှောင်းဆိုသူလေးက သူ့ရင်ထဲတွင် ရှိနှင့်နေသော မိန်းကလေး၊ သူ့လိုပဲ စာရေးဆရာမလေးတစ်ဦးပါ။ သူတို့နှစ်ဦး အဖြစ်က နည်းနည်းတော့ဆန်းသည်။ ဟာသမဂ္ဂဇင်းလေးတစ်ခုတွင် ကဗျာချင်း စာချင်း စတင်တွေ့ဆုံခဲ့ကြ၏။ ရှင်နှောင်း၏ စာတိုပေစလေးများကို သတိပြုဖတ်မိရာမှ မိုးသဲအောင်က ချိတ်တိတ်တိတ်ကဗျာများရေးသည်။ ရှင်နှောင်းကလည်း မိုးသဲအောင်ကဗျာများကို သရော်စာရေးသည်။

တိုက်ဆိုင်မှုဆိုလေမလား ‥

မဂ္ဂဇင်း၊ ဂျာနယ်တိုက်များက အောင်သွယ်လေသလားမသိ။ သူတို့

# မီးမတိုးသည့်ပိုးဖလံ

## ရဲနွယ်မောင်

(သုံးဆယ်)



နှစ်ဦး၏ အပြန်အလှန်အငေါ့တူးသံ၊ ကလိသံများကို မကြာခဏ ဖော်ပြပေးကြသည်။ သို့နှင့် ကဗျာချင်းစာချင်း ရင်းနှီးခဲ့ကြသည်။ လူချင်းတော့ မတွေ့ဖူးကြသေး။ ကြာလာတော့ လူချင်း တွေ့ချင်လာကြ၏။ မဂ္ဂဇင်းစာစောင်များတွင် စာလုံးချင်း ဒူးတိုက်နေရသည်ကို အားမရကြတော့။ မိုးသဲအောင်က ရှင်နှောင်းလိပ်စာကိုရှာသည်။ ဆက်သွယ်ရန် ဖုန်းနံပါတ်ကို စုံစမ်းသည်။ အဆင်ပြေသည်နှင့် လူချင်းတွေ့လိုကြောင်း ဖုန်းဆက်သည်။

သူမျှော်လင့်သည့်အတိုင်း ရှင်နှောင်းဆီမှဖုန်းဆက်လာသည်။ အမှတ်အသားပြုသည်။ စားသောက်ဆိုင်တစ်နေရာနှင့်အချိန်ကို ချိန်းဆိုလိုက်ကြ၏။ ဖုန်းပြန်ချလိုက်တော့ အပျော်စိတ်လေးကြားမှ "သင့်တော်ပါ့မလား" ဟူသော အတွေးက ဝင်လာမိပေသည်။

***

ချိန်းဆိုထားသည့်နေ့ ‥

အချိန်က နေ့လယ် ၂ နာရီခန့်၊ စားသောက်ဆိုင်အတွင်း လူရှင်းနေသည်။ တစ်နေရာတွင်အအေးသောက်နေသည့် လူငယ်တစ်ယောက် အပြင်ဘက်သို့ မကြာခဏ လှမ်းမျှော်ကြည့်နေတတ်၏။ တစ်ဦးတစ်ယောက်ကို မျှော်နေပုံပင်။ ခဏအကြာ ဖက်ဖူးရောင်ဝမ်းဆက်နှင့်မိန်းကလေးတစ်ဦး ဆိုင်ထဲဝင်လာသည်။ သွယ်လျပြေ ပြစ်ကြော့ရှင်းသည့် ခန္ဓာကိုယ်၊ ဝင်းပတိုပြည်နေသောအသားရောင်၊ ချစ်စဖွယ်မျက်နှာပိုင်းပိုင်ရှင်မလေး။

သူမ ဆံထုံးတွင် အဝါရောင်နှင်းဆီပန်းလေးတစ်ပွင့်။

ဖက်ဖူးရောင်မိန်းကလေးက စားပွဲလွတ်တစ်လုံးတွင် ဝင်ထိုင်လိုက်ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်သည်။ ခပ်လှမ်းလှမ်းက ထိုင်နေသည့် လူငယ်ကို သတိပြုမိသည်။ လူငယ်က တစ်ချက်လှမ်းကြည့်ပြီး ဘာမှမသိသလို အအေးဆက်သောက်နေသည်။ ဖက်ဖူးရောင်လေး မျက်မှောင်ကြုတ်သွား၏။ ဆိုင်တစ်ခုလုံး စားသောက်သူဆိုလို့ သူမနှင့်လူငယ် နှစ်ဦးတည်းသာ "ကိုမိုးသဲအောင်တော့ မဟုတ်လောက်ဘူး" သည်လိုပဲ ဖက်ဖူးရောင်တွေးရင်း အအေးတစ်ပုလင်း မှာယူလိုက်သည်။

"ဒီက ဒါယိကာမလေးက စာရေးဆရာမ ရှင်နှောင်းထင်ပါရဲ့"

လူငယ်ဆီ အာရုံစိုက်နေမိသည်မို့ အနားကပ်မေးလိုက်သည့် အသံကြောင့် ဖက်ဖူးရောင်လေး လန့်သွားသည်။ လှည့်ကြည့်လိုက်တော့မှ ရဟန်းပျိုတစ်ပါး သူမအနီးရောက်နေမှန်းသိရသည်။

"ဩော် ‥ ဟုတ်ကဲ့ ‥ ဟုတ်ကဲ့ ရှင်နှောင်းပါ"

ရုတ်တရက် ဘယ်လိုပြောရမှန်း မသိ။ ကြောင်တောင်တောင် ပြန်ဖြေလိုက်မိသည်။ ရဟန်းပျိုက စာအိတ်တစ်အိတ်ကို စားပွဲပေါ်လှမ်းတင်ရင်း

"ဒီလိုပါ ဒကာလေး မိုးသဲအောင်က ဆရာမကို ပေးလိုက်တဲ့ စာလေး လာပေးတာပါ"

ရှင်နှောင်းပျာယာခတ်သွားသည်။ မကျေမနပ်စိတ်လေး ဝင်လာ၏။

"သူ ‥ သူ ဘာဖြစ်လို့ မလာ တာလဲ ဘုရား"

"အရေးတကြီးကိစ္စနဲ့ ခရီးထွက် သွားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဟန်းပျိုလေးက စကားတိုတိုနှင့် ဖြတ်ပြီး မနီးမဝေးထောင့်ကျကျနေရာတွင် ဝင်ထိုင်သည်။ ပြီးတော့ ဖက်ဖူးရောင်လေးကို လှမ်းကြည့်နေလိုက်၏။ ရှင်နှောင်းစာဖတ်နေသည်ကို မြင်ရသည်။ မျက်နှာလေးညှိုးကျသွားသယောင်၊ ခဏကြာတော့ လေးလံသော ခြေလှမ်းများနှင့် တစ်လှမ်းချင်း အပြင်သို့ ထွက်သွား၏။ ကျောခိုင်းလျှောက်နေသော ရှင်နှောင်းမျက်ဝန်းတို့မှ မျက်ရည်စလေးများ ဟီးလေးခိုနေပြီလား။

"ခွင့်လွှတ်ပါ ရှင်နှောင်းရယ်၊ မီးဆိုတာ အချိန်မီ ငြိမ်းသတ်မှ မလောင်မှာပေါ့"

စားသောက်ခန်း ထောင့်စားပွဲရှိ ရဟန်းပျိုလေး အရှင်ခေမာသီရိအဲ့ခံ စာရေးဆရာ မိုးသဲအောင်ရင်ထဲမှ တောင်းပန်စကားများ ရှင်နှောင်းတစ်ယောက် ကြားနိုင်တော့မည်မဟုတ်ပါ။

**ရဲနွယ်မောင်(သုံးဆယ်)**

---

# ဝင်းဇော်

(သုံးဆယ်)

# စာနာစိတ်



ကိုဇော်မောင်က အလုပ်သို့သွားရန် အဝတ်အစားလဲနေသည်။ မိခင်ဖြစ်သူက ကိုဇော်မောင်၏ အနားသို့ လျှောက်လာသည်၊ သားဖြစ်သူကို တစ်စုံတစ်ရာ ပြောလိုသည့်အနေအထားဟု ကိုဇော်မောင် တွက်ဆ၍ရသည်။

"ဘာပြောချင်သလဲ အမေ၊ ပြောလေ"

ကိုဇော်မောင်က ရေလာမြောင်းပေးစကားဆိုလိုက်ရသည်။

"အမေ နေမကောင်းဘူး သားရဲ့၊ ခံတွင်းပျက်နေတယ်။ သားမြို့ထဲက ပြန်လာရင် စပျစ်သီးလေး ဝယ်ခဲ့စမ်းပါ"

ထိုအချိန်တွင် ကိုဇော်မောင်၏ ဇနီး မြင့်မြတ်ကြည်က အနားသို့ရောက်လာသည်။ အမေက သားအနီးမှ ထွက်ခွာသွားသည်။

"အလုပ်ဆင်းတာနဲ့ အိမ်ကို တန်းပြီးပြန်လာခဲ့နော်"

"အေးပါကွာ"

ကိုဇော်မောင်က အလုပ်သို့လာခဲ့သည်။ ညနေ အလုပ်က ပြန်လျှင် မြို့ထဲမှ သစ်သီးတန်းဘက်သို့ ဝင်လာခဲ့သည်။ စပျစ်သီးရောင်းသည့် ဆိုင်ကိုရှာသည်။

"စပျစ်သီး ဘယ်လိုရောင်းလဲ"

"တစ်ဆယ်သားကို နှစ်ရာ၊ ဘယ်နှစ်ဆယ်သား ယူမလဲ"

"ဈေးမေးကြည့်တာပါဗျာ"

"ဟင်း"

ဈေးများသည်ထင်ပြီး မဝယ်ဘဲ ပြန်လာခဲ့သည်။

"အမေ စပျစ်သီး ရှာမတွေ့လို့မဝယ်ခဲ့ဘူး"

အမေက ကိုဇော်မောင့်စကားကို ယုံပြီး ခေါင်းညိတ်သည်။

ယခုတလော ကိုဇော်မောင့်ဇနီး ခေါင်းမူးဝေပြီး အော့အန်နေသည်။ မြင့်မှာ ကိုယ်ဝန်ရှိနေပြီဟု အမေက ပြောသည်။ မြင့်က ကိုဇော်မောင် အလုပ်သွားကာနီး အနားသို့တိုးကပ်ပြီး တီးတိုးမှာသည်။ ကိုဇော်မောင်က ခေါင်းညိတ်ပြလိုက်သည်။ ဇနီးသည်က သူ့ထက်အသက်ငယ်သည်မို့ ကိုဇော်မောင်က အလိုလိုက်သည်။ ညနေ အလုပ်ပြန်ချိန်တွင် ကိုဇော်မောင်က ဇနီးသည်မှာလိုက်သော စပျစ်သီးကို ဈေးမဆစ်ဘဲ ဝယ်လာခဲ့သည်။ ပြီးမှ သတိရပြီး အမေ့အတွက် ထပ်ဝယ်သည်။ အိမ်ရောက်တော့ စပျစ်သီးနှစ်ထုပ် အမေ့ကိုတစ်ထုပ် ဇနီးကို တစ်ထုပ်ပေးသည်။

"အမေက နေကောင်းနေပြီပဲ သားရယ်၊ သမီးလေးက ကိုယ်ဝန်လွယ်ထားရတာဆိုတော့ ခံတွင်းကောင်းအောင် စားပါစေ၊ သမီးကိုပဲ ကျွေးလိုက်ပါ"

အမေ၏ မေတ္တာနှင့် စေတနာကို သိလိုက်ရ၍ ကိုဇော်မောင် နောင်တရမိသည်။ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တွေဝဲလာသည်။ အမေ့ကို တောင်းပန်သည့်အကြည့်ဖြင့် ကြည့်မိ၏။ အမေကလည်း ကိုဇော်မောင့်ကို ခွင့်လွှတ်သည့် မျက်လုံးများဖြင့် ပြုံး၍ကြည့်နေသည်။

**ဝင်းဇော်(သုံးဆယ်)**



www.burmeseclassic.com

# လူထက်မင်းဝေ
# မွေ့ခံထိုက်စေ



ဦးလှမောင်သည် အငြိမ်းစားကျောင်းဆရာတစ်ယောက်ဖြစ်သည်။ အခါအားလျော်စွာ တပည့်များက လာကန်တော့တတ်ကြပါသည်။ တချို့ဆိုသားတွေသမီးတွေနဲ့ပင် မိသားစုစုံစုံလင်လင်နဲ့ ဦးလှမောင်ဆီ လာကန်တော့တတ်သည်။ တချို့ကလည်း စီးပွားရေးပြေပြေလည်လည်ဆိုတော့ ဆရာတစ်ယောက်အနေနဲ့ မုဒိတာပွားမိသလို စီးပွားရေးမပြေလည်သူတွေအတွက်လည်း ကရုဏာသက်မိပါသည်။

အရင်နေ့တွေကဆို ဒီအချိန် ဦးလှမောင် အိမ်မှာမရှိတတ်ပါ။ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ အငြိမ်းစားတွေအချင်းချင်းရေးဟောင်းနှောင်းဖြစ်တွေ ပြောဆိုနေတတ်ချိန်ပါ။ ဒီကနေ့တော့ နေသိပ်မကောင်းတာမို့ ဦးလှမောင်အိမ်မှာ ရှိနေခြင်းဖြစ်သည်။ ထိုအချိန်မှာပင် သူ သင်ခဲ့ဖူးသည့်တပည့်မိန်းကလေးတစ်ယောက်ရောက်လာပါသည်။ ထိုကလေးမက သူ့ကိုကန်တော့ပြီး ဆရာတပည့်နှစ်ယောက်လူမှုရေးရာကိစ္စတွေ ပြောဖြစ်ကြသည်။ ထိုမှ သူမရဲ့ အိမ်တွင်းရေးကိစ္စကို ပြောပါသည်။

"ဆရာရယ် ..၊ အမေ နေမကောင်းတော့ ဘယ်သူမှ မလာကြဘူး။ ဘယ်သူမှလည်း ဆေးတစ်လုံးလာမထိုးပေးကြဘူး၊ အမေလည်းဆုံးရော အမေကျန်ခဲ့တဲ့ ဆွဲကြိုးလေးတစ်ကုံးကို အမွေခွဲဖို့ ရောက်လာကြတယ်"

"ဆွဲကြိုးက ဘယ်နှစ်ကျပ်သားရှိလို့လဲ သမီး"

"ငါးမူးသားလောက်တော့ ရှိပါတယ်ဆရာ"

"သြော် .."

ဦးလှမောင် အံ့သြခြင်းတွေနဲ့အတူ သက်ပြင်းသဲ့သဲ့ကို ချမိပါသည်။ ဒီလိုကိစ္စမျိုးတွေကို ဦးလှမောင်မကြာခဏဆိုသလို ကြားနေကြပါ။ ဒါပေမဲ့လည်း ဒီလိုကိစ္စမျိုးကို ကြားတိုင်းလည်း အံ့သြနေတတ်ပါသည်။ များသောအားဖြင့် ကြားရတာက စီးပွားရေးအဆင်မပြေလို့ အမွေခွဲကြတာ။ ခုက ဒီလိုမဟုတ်။ ဒီတပည့်မလေးရဲ့မောင်နှမတွေက စီးပွားရေးပြေလည်ကြသူတွေပါ။ တချို့ဆို ကားတွေတောင်ရှိပါသည်။ ဒီတပည့်မလေးကတော့ လင်ကံမကောင်းသောကြောင့် မိန်းမသားဖြစ်ပေမယ့် မိသားစုကို ရှာဖွေကျွေးမွေးနေရသူပါ။ တစ်ရပ်ကွက်ထဲမဟုတ်ပေမယ့် တစ်မြို့နယ်ထဲမို့ ဒီတပည့်မလေးရဲ့ သတင်းတချို့ကို သူသိနေသည်မဟုတ်လား။ သူမရဲ့ မိခင်ကလည်း သူမနဲ့အတူနေရင်း ဆုံးပါးခဲ့တာကို ဦးလှမောင် သိသည်လေ။

အတော်လေးကြာတော့မှ ထိုတပည့်မလေး ပြန်သွားပါသည်။ နွမ်းနွမ်းလျလျနဲ့ ပြန်သွားတဲ့ ထိုတပည့်မလေးရဲ့အသွင်အပြင်က သူ့မျက်ဝန်းထဲကမထွက်။ မိခင်ကျန်ခဲ့တဲ့ ဆွဲကြိုးက ကာလပေါက်ဈေးနဲ့ရှိမှ သုံးသိန်းပေါ် မောင်နှမတွေခွဲဝေယူရင် တစ်ယောက် ဘယ်လောက်ရကြမှာမို့လို့လဲ။ ပြီးတော့ ဒီအမွေလေးလောက်နဲ့ ဒီထက်မက ချမ်းသာသွားကြမှာလား။ ဒီအမွေလေး မရလို့ ဒီထက်မက ဆင်းရဲသွားကြမှာ လား။ သေချာတာက ထိုရမယ့်အမွေ သည် သူတို့သားသမီးတွေရဲ့ တစ်လ ကျူရှင်လခတောင် မရှိတာပါပဲ။

ဦးလှအောင် အတွေးနယ်ချဲ့ရင်း တပည့်မလေး နောက်ဆုံးပြောသွား တဲ့ စကားလေးကို ပြန်ကြားယောင်နေမိ သည်။

"အမေ နောက်ဆုံးကျန်ခဲ့တဲ့ ပစ္စည်းလေးကို အမှတ်တရသိမ်းထား ချင်လို့ပါ ဆရာ"တဲ့။

လူထက်မင်းဝေ

---

"မလှမြင့်ရယ် .. ငါ့ကို လက်တိုလက်တောင်း ကောင်မလေးတစ်ယောက်လောက် ရှာပေးပါလားဟယ်။ တစ်နေ့တစ်ထောင်ပေးပါ့မယ်။ မနက်စာ ညစာ ထမင်းလည်းကျွေးမှာပေါ့ဟယ်။ ဒီရပ်ကွက်အနီးအနားကပဲပေါ့"

ပွဲစားမဟုတ်သော်လည်း ဒီရပ်ကွက်ထဲမှာ ဟိုစပ်စပ် ဒီစပ်စပ် ရပ်ရေးရွာရေးလည်းလုပ်၊ သာရေးနာရေးလည်းပါ၊ အဲဒီလို သူများအကူအညီတောင်းရင်လည်း တတ်နိုင်သလောက်ကူညီပေးနေသူ ကျွန်မကို တစ်လမ်းကျော်နေ အစ်မ လိုခင်နေသည့် ဒေါ်သိန်းက သူတို့အတွက် ကူဖော်လောင် ဖက်လူရှာခိုင်းနေခြင်းဖြစ်သည်။ ကျွန်မစဉ်းစားကာ ..

"နေဦး အစ်မသိန်းရဲ့၊ ဟိုဘက် တစ်လမ်းကျော်က မစိန်အေးသမီးလေးတော့ရှိတယ်။ ဆယ့်သုံးလေးနှစ်ပဲ ကျွန်မကိုပြောထားတယ်။ အလုပ်လေးဘာလေးရရင် ပြော ပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com



# ဒဂုံကြည်ဇော်

# ထပ်တူပြု အချိုးကျခြင်း



"ဟိုဘက် ယုဇနလမ်းထဲကမဟုတ်လား၊ ငါတို့ ပိန်မလို့ ခေါ်ခေါ်နေတဲ့ မစိန်အေးလေ၊ မလုပ်ပါနဲ့အေ ‥ အဲဒီကောင်မလေးတော့"

"ဘာလို့လဲ အစ်မသိန်းရဲ့၊ အစ်မသိလို့လား"

"သိတာပေါ့အေ၊ အဲဒီ မစိန်အေးပေါ့။ အိမ်မှာ အဝတ်လျှော်ခိုင်းရင် ငါတို့မသိအောင် ဆပ်ပြာတုံးယူလားယူရဲ့၊ လျှော်ခိုင်းတဲ့ အဝတ်လည်း တစ်ထည်နှစ်ထည် အမြဲလျော့တယ်။ သူ့သမီးဆို မလုပ်ပါနဲ့အေ"

အင်း ‥ ခက်တော့နေချေပြီ။ မစိန်အေးဆိုတာကလည်း ယောကျ်ားက ချဲမှုနဲ့ ထောင်ကျနေပြီး ကလေးသုံးယောက်နဲ့ သူများခြံဝန်းထဲ အဖီဆွဲနေရသူ။ ကလေးသုံးယောက်လုံး တစ်ယောက်မှ ကျောင်းမထားနိုင်။ သူကိုယ်တိုင်က သူများအိမ် အဝတ်လျှော် မီးပူတိုက်၊ ခြံရှင်းစတဲ့ အလုပ်တွေလုပ်ရင်း ဖြစ်သလို နေထိုင်စားသောက်နေရတဲ့မိသားစု။ သူတို့မိသားစုကိုကြည့်ပြီး ကျွန်မ သနားမိတာတော့အမှန်။

ဒါကြောင့်လည်း သူ့သမီးအကြီးလေးကို ပိုက်ဆံရတဲ့ အလုပ်လေးရှာပေးဖို့ စိတ်ကူးမိသည်။ ကလေးမလေးက ငယ်သေးတော့ အထည်ချုပ်တွေဘာတွေမှာလည်းလုပ်လို့မရသေး။ ဒါနဲ့ ရပ်ကွက်ဝန်းကျင်မှာ လူလိုတဲ့ အိမ်တွေကို ပြောကြည့်တော့ တစ်အိမ်မှလက်မခံ။ အချို့ ခါးခါးသီးသီးပင် ငြင်းကြသည်။ သူ့အမေ မစိန်အေးက လက်ဆော့ခြေဆော့နိုင်သည်။ ယုံကြည်စိတ်ချလို့မရတဲ့။

ခုတော့ သူ့သားသမီးတွေကိုလည်း သူ့လိုပင်ထင်နေကြပြီ။ သားသမီးမကောင်း မိဘခေါင်းတဲ့။ ခု မစိန်အေးလို မိဘမျိုးရဲ့ သားသမီးကြတော့။ အင်းပေါ့လေ သူလည်း အိမ်ထောင်တစ်ခုလုံးကို တစ်ယောက်တည်း ထမ်းထားရတာ မဟုတ်လား။

+ + +

ဒီနေ့အိမ်အောက်မှာ မိကျား ကလေးမွေးသည်။ ခွေးလေးက လေးကောင်၊ အထီးသုံးကောင်နှင့် အမလေးတစ်ကောင်ဖြစ်သည်။ မိကျားမွေးတာ ဒါပါနဲ့ဆို လေးသားရှိပြီ။ သို့သော် အိမ်မှာ သူ့မျိုးဆက်တစ်ကောင်မှမကျန်။ မိကျားပေါက်တိုင်း သူ့ကလေးတွေကို ဟိုလူကယူ ဒီလူကတောင်း။

မိကျားဆိုတာက ကျွန်မတို့အိမ်နား ဘယ်ကရောက်လာမှန်းမသိတဲ့ အဖြူအမည်းစပ်ကျား ခွေးပိန်မလေး။ ကျွန်မတို့က သနားပြီး ထမင်းကျွေးထားခဲ့ရာက ဘယ်မှမသွားတော့ဘဲ ကျွန်မတို့ခြံထဲသာ နေနေတော့သည်။ အပြင်လူလာလျှင် ဟောင်သံပေးသည်။ ကျွန်မတစ်ယောက်တည်းရှိသည့်အချိန် နောက်ဖေးမှာအလုပ်လုပ်နေလျှင် မိကျားက အိမ်ရှေ့ဖိနပ်ချွတ်ကမခွာ။ အိမ်ပေါက်ဝပိတ်ပြီး ကင်းစောင့်နေတော့သည်။ ဒီလောက်စိတ်ချရတဲ့ မိကျား။

တစ်ည ကျွန်မတို့အိမ် သူခိုးဝင်တော့ မိကျားကြောင့် သူခိုးကိုမိသည်။ အဲဒီကစလို့ ကျွန်မတို့တစ်အိမ်လုံး မိကျားမှ မိကျားဖြစ်လာခဲ့သည်။ မိကျားကလည်း လိမ္မာသည်။ ဈေးကပြန်လာလျှင် ဈေးခြင်းသယ်ပေးသလို သတင်းစာသမားခြံဝမှာ သတင်းစာညှပ်ထားခဲ့ပါကလည်း ပါးစပ်နဲ့ကိုက်ချီပြီး အိမ်ဝရံတာမှာ ထားပေးတတ်သည်။ ကျွန်မတို့အတွက် မိသားစုဝင်တစ်ယောက်လို အားကိုးရသည်။ မိကျားအကြောင်း သိနေသူများက အကျင့်ဗီဇကောင်းတဲ့ မိကျားမျိုးဆက် ကလေးတွေကို ခြံလုံအိမ်လုံအောင် နို့မှမခွဲသေး၊ အလုအယက်တောင်းယူသွားတတ်ကြသည်။ အချို့မိတ်ဆွေများဆိုလျှင် ‥

"နောက်တစ်ခါ မိကျားပေါက်ရင် ငါလည်းတစ်ကောင်ယူမယ်နော်" ဆိုပြီး မမွေးခင် ကြိုတင်ဘွတ်ကင် လုပ်သူများပင်ရှိကြသည်။

ခွေးပေါက်စလေးများကို လျှာနဲ့လျက်ပြီး သူ့ရင်ခွင်ထဲ ခြေနဲ့ ယက်ထည့်နေပေ့ါ မိကျားတို့ သားအမိတွေကို ကျွန်မ ကြည့်ရင်း မဆီမဆိုင် မစိန်အေးတို့ မိသားစုကို သတိရလိုက်မိပြီး သက်ပြင်းမောတစ်ချက် ချလိုက်မိပါတော့သည်။

အပြီး



www.burmeseclassic.com

# လွယ်အိတ်ချင်းရယ်မတူ

လှိုင်းမွန်ဦး (မုဒုံ)



သူက နယ်က ကဗျာသမား၊ စာသမားလေး။ ရန်ကုန်မြို့ကြီးကို တစ်ခါတလေမှ လာနိုင်ရောက်နိုင်သည်။ သူ ရန်ကုန်မြို့ကြီးဆီကိုရောက်တော့ အသိမိတ်ဆွေ စာရေးဆရာအိမ်ကို အရင်ဝင်ပြီးမှ မြို့ထဲ စာအုပ်ဆိုင် မဂ္ဂဇင်းတိုက်တွေဆီ ခြေဦးလှည့်သည်။ အခုလည်း ရန်ကုန်ကို ရောက်ရောက်ချင်း အသိစာရေးဆရာရဲ့အိမ်ကို သွားလိုက်သည်။ သူရောက်သွားတော့ ဝမ်းသာအားရနှင့် "ဆရာ လက်ဖက်ရည်ဆိုင်ကို သွားရအောင်" ဟုခေါ်သည်။ မိတ်ဆွေ စာရေးဆရာ ကဗျာဆရာက မျက်နှာရှုံ့မဲ့လျက် "ဒူးနာခါး နာ လမ်းမလျှောက်နိုင်လို့ မသွားတော့ပါဘူး"ဟု ပြောသည်။ သူ စိတ်မကောင်းဖြစ်သွားသည်။ ဘာဆက်ပြောရမှန်းမသိ။ ကြောင်တောင်ကွက်ကို တက်နှင်းမိသလို တွေနေရင်းက–

"ဒါဆို နောက်မှလာဦးမယ် ဆရာ"

ဟု နှုတ်ဆက်ရင်း ပြန်အလှည့် လွယ်အိတ်တစ်လုံးနှင့် ဝင်လာသော အယ်ဒီတာတစ်ဦးကို သူတွေ့လိုက်သည်။ သူက အပြုံးနှင့်နှုတ်ဆက်လိုက်ရင်း နောက်ပြန်လှည့်ကြည့်မိသည်။

"ဟာ . . ဆရာ . . လာ . . လာ ဆရာ့ကိုစောင့်နေတာ။ လာ ထိုင် ဦး ဆရာ၊ ဖြည်းဖြည်းပေါ့"

ဟု အသိမိတ်ဆွေ စာရေးဆရာက ပြောတော့ . .

"ဟာ . . မထိုင်တော့ဘူးဗျာ၊ အချိန်မရလို့၊ လက်ဖက်ရည်ဆိုင်ပဲ သွားရအောင်" ဟု အယ်ဒီတာဆရာက ပြောလျှင် . . .

"အိုကေ ဆရာ၊ ကျွန်တော် အဝတ်လဲပြီး ထွက်ကြမယ်"

ရှန်းရှန်းဝေသော စကားသံရယ်သံများကို သူကြားနေရသည်။ သူ လွယ်အိတ်လေးကို ယောင်ရမ်းစမ်းလိုက်ရင်း . . .

"အင်း . . ငါလည်း တစ်နေ့တော့ အယ်ဒီတာဖြစ်အောင် ကြိုးစားရဦးမှာပေါ့" ဟု ရေရွတ်ရင်း ကချင်လွယ်အိတ်ကလေးကို ပြုံးကြည့်လျက် ပန်းဆိုးတန်းလမ်းမကြီးဆီ ခြေဦးလှည့်ခဲ့တော့သည်။

လှိုင်းမွန်ဦး(မုဒုံ)

---

# စကားပြောသည့် ဓာတ်ပုံကလေး

ဘုန်းမြင့်ချို (သာယာဝတီ)



ကျောင်းပြီးကာစ ပညာစုံ၍ ကြင်ယာစုံသည်ဟု ပြောရမလားပင်။ ကျွန်မချစ်သူနှင့်ဝေးကွာမည်ကိုကြောက်၍ မိဘများနှင့်ဆွေးနွေးကာ သဘောတူညီမှုကြောင့် အိမ်ထောင်ကျခဲ့ပါသည်။ ခင်ပွန်းက နေပြည်တော်ရှိ ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်သည်။ ကျွန်မကတော့ မိန်းမသားပီပီ မိဘများနှင့် အတူနေထိုင်ရင်း အိမ်ရှေ့တွင် ဆိုင်ကလေးဆောက်လုပ်ကာ ကွန်ပျူတာ–မိတ္တူဆိုင်ကလေး ဖွင့်ဖြစ်ခဲ့ပါ၏။ ဝင်ငွေက မီးဖိုချောင်စရိတ်တော့ ကာမိသား။ ဆိုင်တွင် စာရိုက်တတ်သူ မိန်းကလေးတစ်ယောက် အလုပ်ဝင်သည်။ တက်ညီလက်ညီ အဖော်ရခဲ့ပါသည်။ ကျောင်းပြီးကတည်းက ကွန်ပျူတာနှင့်ပတ်သက်သော သင်တန်းများ၊ နည်းပညာများကို လက်လှမ်းမီသရွေ့ သင်ယူတတ်မြောက်ခဲ့ပါသည်။

ဆိုင်တွင် ရုံးကိစ္စ၊ ရုံးစာများ၊ မိတ္တူဓာတ်ပုံများ၊ ဒီဇိုင်းရေးဆွဲခြင်း၊ ပရန်ဖန်တေးရှင်းခေါ် ရုံးကိစ္စ လုပ်ဆောင်ချက်များအား ပရိုဂျက်တာများဖြင့် ရှင်းလင်းတင်ပြခြင်းမှအစ ကျွန်မ ဦးစီးဆောင်ရွက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အစ်မ ‥ ဒီစာရင်းကို ဒီလိုရိုက်ရမယ်၊ မှားလို့မရဘူး။ သေချာနားထောင်ပါ။ ပြီးရင် ကျွန်တော် ပြန်စစ်မယ်။ ကြိုက်မှ ပရင်တာထုတ်ပြီး မိတ္တူကူးမယ်။ ပြီးအောင်လုပ်ထားပါ"

ရုံးတစ်ရုံးမှ စာရေးတစ်ဦး အလုပ်လာရောက်အပ်နှံခြင်းဖြစ်သည်။ ပြန်ပြောမိသည်က 'ဟုတ်ကဲ့ပါရှင်' တစ်ခွန်းဘည်းသာ။ ဒီကလေး တယ်ပြီးမောက်မာပါလား ထင်ခဲ့၏။ အိမ်ကို ငွေလာပေးသည်ပဲလေ။ သူအပ်သွားသည်ကို ကျွန်မ ကောင်းမွန်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။

"အစ်မလုပ်တာ ပုံမကျဘူး၊ ကျွန်တော်ခိုင်းတဲ့အတိုင်း ပြန်လုပ်ပေးပါ။ အစ်မက ဘာလို့ကွန့်ရတာလဲ"

ဟု ဆိုသည်။

"မောင်လေးလုပ်တာပုံစံမကျလို့ ပြင်ပေးတာပါကွယ်"

"မရဘူး ပြန်ပြင်ပေးပါ၊ မြန်မြန်ပြင်ဗျာ အချိန်မရှိဘူး"

"အေးပါကွယ်" ဟု ဆိုကာ သူပြောသည့်အတိုင်း ပြန်လုပ်ပေးလိုက်ပါသည်။

မကြာပါ၊ ရုံးမှ အရာရှိတစ်ဦးနှင့် သူပြန်ရောက်လာပါသည်။ အရာရှိက ပုံစံမကျကြောင်း ပြောပါသည်။ ကျွန်မလည်း စာရေးလေး ယူမသွားသည့် စာရင်းများအား ထုတ်ပြပေးလိုက်ရာ ‥

"ကျွန်တော် လိုချင်တာ ဒီအတိုင်းပါဘဲ၊ ဒါရုံးပုံစံနဲ့ အညီလုပ်တာဆိုတော့ ပိုကောင်းတယ်။ ဒီကောင်အသုံးမကျဘူး"

အရာရှိကပြောသည်။ ကျွန်မလည်း စာရေးလေးအား ဘာမျှမပြောတော့ပါ။ တစ်နေ့ ‥

"ကျွန်မ သည်စာအုပ်လုပ်ချင်လို့ပါ။ လုပ်ပေးနိုင်မလား၊ လုပ်တတ်သလား"

"ဟုတ်ကဲ့ပါ ရှင်"

ကျွန်မ၏ လက်သုံးစကား၊ ဘယ်နေ့လိုချင်တယ်၊ အပြီးလုပ်ပါ၊ အလုပ်မအားကြောင်း ပြီးလျှင် ဖုန်းဆက်ရန် ဒါကို ဒီလိုလုပ်။ ဟိုဟာကိုမလုပ်နဲ့၊ ဒီလိုရေး ပြထားတဲ့အတိုင်းလုပ်ပါဆိုပြီး မှားတာတွေရော၊ မှန်တာတွေရော အို စုံလို့မှာသွားပါသည်။ စာအုပ်အပြီး အဖုံးရိုက်တော့မှ ဒေါ်ချို၊ ချိုမြင့် ဘီစီအက်စီ တက္ကသိုလ်ဝင်တန်းစာမေးပွဲအထောက် အကူပြုသင်ခန်းစာ(ဓာတုဗေဒ)ဆိုတာ သိရတော့ အပြင် ကျူရှင်ဆရာမဖြစ်ကြောင်း၊ ကွန်ပျူတာဘွဲ့ရကြောင်းသိရ သည်။ ဘွဲ့ရလုပ်ငန်း အဆင်ပြေ၍ မာန်တက်သည်ထင်ခဲ့ ၏။ ကျွန်မက ကွန်ပျူတာဆိုင်သမားဆိုတော့လည်း အထင်သေးအမြင်သေး ရှိမည်ထင်မည်ပေါ့။ လာသမျှ ခိုင်းသမျှ လူတွေမှာ တချို့မောက်မာကြသည်။ တချို့လည်း အပြောချိုကြသည်။ လူအမျိုးမျိုးပေါ့နော်။

ညတွင် လုပ်ငန်းအကြောင်း စဉ်းစားရင်း အိပ်မပျော်ခဲ့ပါ။ ဆုံးဖြတ်ချက် ချခဲ့ပါသည်။ မနက်စောစောထ၍ ဘွဲ့ယူစဉ်ရိုက်ထားသော အိမ်ထဲတွင် ချိတ်ထားသည့် ဘွဲ့ဓာတ်ပုံအား သန့်ရှင်းပြီး ဆိုင်တွင် ကျွန်မအလုပ်လုပ်သည့် စားပွဲ၊ ထိုင်ခုံ၏ နောက်ဘက်တည့်တည့်၊ နံရံအလယ်တည့်တည့်တွင် ဟိတ်ဟန်မရှိသော ကျွန်မ ရဲ့ဝံ့စွာချိတ်ထား လိုက်ပါသည်။ စာအုပ်များ ပြီးသော်လည်း အလုပ်များရှိနေ၍ ဆက်လုပ်နေမိပါသည်။ ဖုန်းမဆက်ဖြစ်သေးပါ။ ကျူရှင်ဆရာမ ရောက်လာပါသည်။

"စာအုပ်ပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ"

"ဘာလို့ဖုန်းမဆက်တာလဲ၊ ပြောထားရက်နဲ့"

လေသံကတင်းတင်း ‥။

"ခုလေးတင် ဆက်မလို့ပါ၊ အလုပ်ကလေးတန်းလန်းနဲ့မို့လို့ပါ" ဟု လေပြေလေးထိုးကာပြောမိပါသည်။

"အဲဒါကြောင့်မို့ ဆိုင်တွေ ခက်နေတာ၊ တွေ့လိုက်ရင်သည်လိုချည်းပဲ" စသည်ဖြင့် တပည့်တစ်ယောက်ကိုပြောသလို လေသံမျိုးဖြင့် ခေါင်းငုံ့ပြောနေရင်းက ကျွန်မကို ကြည့်လိုက်ရာ နောက်က ဓာတ်ပုံကို တွေ့သွားသည်ထင်၏။ မျက်နှာနီသွားသည်။ ပြီးမှ ‥‥

"အစ်မက ကွန်ပျူတာမာစတာနဲ့ ကျောင်းပြီးတာပဲ နော်"

"ဟုတ်ပါတယ်၊ ကွန်ပျူတာကျောင်းတွေ စဖွင့်တော့ အမှတ်မီလို့ တက်ခွင့်ရတာ နှစ်တော်တော်ကြာခဲ့ပါပြီလေ"

ကျူရှင်ဆရာမ သူ့ကိုယ်သူ "ကျွန်မမှားသွားပြီထင်ပါရဲ့" ဟုပြောကာ လေသံကပျော့သွား၏။ "အစက သိရင်ဆရာမလုပ်ပါဘူး အစ်မရယ်" ဟုဆိုကာ ခပ်သွက်သွက်ပင် ငွေရှင်းကာ စာအုပ်ထုတ်ကို ဆွဲ၍ထွက်သွားပါသည်။

ဤနေ့မှစ၍ ယနေ့တိုင် လုပ်ငန်းများ ပိုအဆင်ပြေသည်။ ဆက်ဆံရေးပြေပြစ်ကြသည်။ မောက်မာသော စကားသံများမကြားရတော့။ ရောက်လာသူတိုင်း အပြုံးကိုယ်စီဖြင့် ဝမ်းပန်းတသာ စာနာစိတ်ရှိလာကြသည်။ လုပ်ငန်းလည်း တစ်စတစ်စ အောင်မြင်လာခဲ့ပါသည်။

ကျွန်မဓာတ်ပုံလေးက စကားပြောနေသည်ထင့်၊ ကျွန်မ မကြားမိလိုက်ပါ။


ဘုန်းမြင့်ချို(သာယာဝတီ)



www.burmeseclassic.com

www.burmeseclassic.com





မောင်ယဉ်ကျော်

# စုံထောက်ဒိုင်ယာရီ

## နေ့ချင်းညချင်း နာမည်ကြီးလာတဲ့ ၁၈ နှစ်သား အဆိုတော်ကို ငွေပေးသတ်ခိုင်းတဲ့လူနဲ့ နိုင်ငံတကာ ဖတ်ချင်စရာ

(၁)

လူဆိုတာ ကမ္ဘာမြေကြီးရဲ့ ညှော်သည်တွေပဲ၊ ညှော်သည်တွေ အနေကြာလာတဲ့အခါ ကမ္ဘာမြေကြီးက ပြန်သွားရဖို့ရက်က ပိုနီးလာပြီလို့ ပြောရမှာပေါ့။

ကမ္ဘာမှာ အရာရာကို အလှအပက ကြီးစိုးနေလို့ လူတွေ အလှမက်တာ မဆန်းပါဘူးတဲ့။ အလှပတွေထဲမှာ မိန်းမဆိုတဲ့ အလှအပကို လူတွေက အကြိုက်ဆုံးပဲတဲ့။

တကယ်တော့ လူသားတွေမှာ အလှအပဆိုတာ အရေပြားရဲ့ ဖွဲ့စည်းမှုတွေ၊ မတည်မြဲတဲ့အရာတွေ၊ မမှားကြဖို့ တရားရဖို့ဆိုပြီး တစ်နေ့ မိတ်ဆွေတစ်ယောက် ပြက္ခဒိန်တစ်စောင်လာပေးတယ်။ မော်ဒယ်အလှအပတွေနဲ့ ပလူပျံနေတဲ့ ပြက္ခဒိန်ရာသီမှာ ဒီလိုပြက္ခဒိန်မျိုးရှိတယ်ဆိုတာ လာပြလိုက်တာပဲ။

သိင်္ဂလှ သိပ်ချော အသားအရေ မျက်လုံး ဆံပင် ခန္ဓာကိုယ်ဖွဲ့စည်း[illegible] ဘယ်လောက်ပဲ မယ်ဘွဲ့တွေရရ၊ လှ[illegible] အဲဒီ မိန်းကလေးတစ်ယောက်[illegible] မျက်လုံးမှာ ဓာတ်မှန်ထည့်ပြီး ကြည်[illegible] လိုက်တဲ့အခါ အားလုံး အရိုးစုတွေ[illegible] ချည်းပါပဲဖြစ်တဲ့အကြောင်း၊ သူပေး[illegible] ပြက္ခဒိန်ပုံတွေဟာ နာမည်ကြီးမော်ဒယ်[illegible] တွေရဲ့ အလှပုံတွေကို ဓာတ်မှန်ရိုက်[illegible] လူသားတွေကို တရားပြလို[illegible] ပြက္ခဒိန်။ ဒီစိတ်ကူးကို ဘယ်သူရလို[illegible]



www.burmeseclassic.com

www.burmeseclassic.com



အလဲဆိုတော့ မြိတ်နိကုမ္ပဏီတစ်ခု ဖြစ်တဲ့ EIZO က ရလိုက်ပြီး သူ့ကုမ္ပဏီ ရဲ့ ၂၀၁၃ ခုနှစ် ပြက္ခဒိန်မှာ ရိုက်နှိပ် ထုတ်ဝေလိုက်တာပဲ။

ဒီပုံတွေကို ဂျာမန်ကြော်ငြာ ကုမ္ပဏီ BUTTER က ရိုက်ပေးတာ။ သာမန်ကင်မရာနဲ့မဟုတ်ဘဲ ဓာတ်မှန် နဲ့တွဲထားတဲ့ ကင်မရာနဲ့ရိုက်ပြီး ပေး တာ။ စိတ်ကူးအရမ်းကောင်းတယ်။ တရားစခန်းတွေမှာ ဒီပြက္ခဒိန်တွေ ချိတ်ထားပေးဖို့ အကြံပေးလိုက်ချင် တာ။

(၂)

၂၀၀၉ ခုနှစ်က နိုင်ငံခြားမှာ ဧပြီလထဲမှာ ဖြစ်ခဲ့ဖူးတာ ဖတ်ရတယ်။ ဒီကိစ္စက ထင်သလိုဖြစ်မလာလို့ အလုပ်အပ်သူနဲ့ အလုပ်လက်ခံသူတို့ အမှုဖြစ်ပြီး တရားရုံးရောက်သွားတဲ့ အထိပဲ။

ဂျာမနီအလှမယ်လေးတစ်ယောက် နဲ့ သမီးရည်းစားဖြစ်ပြီးတော့ SOUPOLOS (၂၉)နှစ်က တရားဝင် လက်ထပ်ယူလိုက်တယ်။ ဒီလို ယူပြီး တော့ သူတို့နှစ်ယောက်က ကလေး အရမ်းလိုချင်ကြလို့ ကြိုးစားပေမယ့် မအောင်မြင်တာနဲ့ SOUPOLOS ကို ဆရာဝန်တွေဆီ ဆေးသွားစစ်တော့ သူ့မှာ ဘယ်လိုမှ ကလေးမရနိုင်တဲ့ အမြုံဖြစ်နေသတဲ့။

ဒါကြောင့် သူက စိတ်ပျောက်၊ မယားကလည်း ကလေးသိပ်လိုချင်နေ တော့ SOUPOLOS က စိတ်ကူးတစ်ခု ရှိလာတယ်။ သူ့အိမ်နီးနားချင်း သူငယ် ချင်း ကလေးနှစ်ယောက်အဖေ FRANK MAUS (၃၄)နှစ်နဲ့ နှစ်ကိုယ်ကြား တိုင် ပင်ပြီး သူ့ကို အလုပ်အပ်လိုက်သတဲ့။ အလုပ်က ဘယ်လိုလဲဆိုတော့ သူက ကလေးလိုချင်လို့ သူ့မိန်းမ အလှမယ် လေးနဲ့ တစ်ပတ်ကို သုံးကြိမ် အတူအိပ် ခွင့်ပြုသတဲ့။ လစာကလည်း တစ်လကို ဒေါ်လာ ၂၅၀၀ တောင် ပေးလိုက် သေး။ FRANK MAUS ရဲ့ဇနီးက ဒီအလုပ် လက်ခံလာတဲ့ သူ့ယောကျ်ားကို အရမ်း ဒေါပွပေမယ့် လင်ပြောပြတဲ့ စကား တွေထဲမှာ သူက လုပ်ချင်လို့မဟုတ်ပါ ဘူး။ သူတို့မှာ စီးပွားရေးမပြေလည် လို့ ဒီအလုပ်ကို လက်ခံရတာပါ ဘာ ညာနဲ့ အပြောလေးကြောင့် ဇနီးသည် လည်း မလွှဲသာလို့ လက်ခံလိုက် ရတယ်တဲ့။

ဒီလို နှစ်ဦးနှစ်ဖက် လက်ခံပြီး အလုပ်တာဝန်ယူခဲ့တာ စာချုပ်ပါ အတိုင်း ၆ လအတွင်း ၇၂ ကြိမ်အတူ နေခဲ့ပေမယ့် စာချုပ်သာပြည့်သွား တယ်။ ကိုယ်ဝန်က ရှိမလာတော့ အလှ မယ်လေး ယောကျ်ားက ဒေါပွပြီး သူငယ်ချင်းနှစ်ယောက် စကားများ ပြဿနာဖြစ်ပါလေရော။

ဒီတော့ အလှမယ်လေးခုလို ဘာ ကြောင့်ဖြစ်ရတာလဲ သိချင်လို့ FRANK MAUS ကို ဆရာဝန်ဆီခေါ်သွားပြီး ဆေးစစ် သွေးစစ်ဖြစ်တော့ FRANK MAUS က SOUPOLOS လိုပဲ ကလေး ရနိုင်တဲ့ ဟိုမုန်းမရှိဘူးတဲ့။ မြုံနေတဲ့ လူပဲတဲ့။ အဲဒီအခါ အလှမယ်လေးရဲ့ ယောကျ်ားက "မင်းကို တရားစွဲမယ်၊ ရုံးတိုင်မယ်"ပေါ့။ ဒီတော့ FRANK MAUS က "မင်းကို ငါက စွမ်းသလောက် ကြိုးစားမယ်ပြောတာလေ။ ကလေးရ မယ်လို့ မပြောဘူး။ ကတိမပေးဘူး။ တိုင်ချင်ရာတိုင်" ဆိုတော့ ရုံးရောက် သွားပါလေရော။

သူတို့ပြဿနာက ရုံးရောက်သွား ပေမယ့် မပြီးဘူး။ FRANK MAUS ရဲ့ မိန်းမက သူ့ယောကျ်ား အမြုံကြီး ကလေးမရနိုင်ဘူးလို့ ဆရာဝန်တွေက ပြောလိုက်တဲ့ သတင်းလည်းကြား[illegible] စိတ်ထိခိုက်ပြီး မူးလဲသွားသတဲ့။

ဟုတ်တယ်လေ ...

သူ့ယောကျ်ားက အမြုံကြီးဆိုရင် ခု သူမွေးထားတဲ့ ကလေးနှစ်ယောက် ရဲ့အဖေက ဘယ်သူလဲပေါ့။

(၃)

ခုတစ်လော နိုင်ငံတကာ မီဒီယာ တွေထဲမှာ ရဲစုံထောက်တွေရဲ့ စွမ်း[illegible] ကြောင့်အသက်ဘေး၊ ပုဏ္ဏဘေးမှ လွတ်မြောက်လာရသူတွေထဲမှာ နေ့ ချင်းညချင်း အသက်(၁၈)နှစ်အရွယ် နှင့် အောင်မြင်လွန်းတဲ့ အဆိုတော် ဂျက်စတင်ဘီဘာဟာလည်း သင်းကွပ် သတ်ရန် ကြံစည်သူများလက်မှ သီသီ လေး လွတ်လာခဲ့ရတာပါတဲ့။

ဒီလိုပါ ...

ကနေဒါနိုင်ငံရဲ့ ပေါ့ပ်အဆိုတော် ဂျက်စတင်ဘီဘာ(၁၈)နှစ်ဟာ ကမ္ဘာ မှာ နေ့ချင်းညချင်း နာမည်ကြီးလာ တာကြောင့် မနာလိုသူတွေလည်း ပေါ် လာပြီး လုပ်ကြံသူများလည်း ရှိလာခဲ့ တာပေါ့။

ဒါကြောင့် သူ့[illegible] ထောင်စု နယူးယောက်မြို့ [illegible] မှာ ဖျော်ဖြေနေစဉ် သူ့ကို လုပ်ကြံ ရန် အားထုတ်နေသူ နှစ်ဦး[illegible]



www.burmeseclassic.com

www.burmeseclassic.com



စုံထောက်တွေက အချိန်မှီဖမ်းဆီးနိုင်ခဲ့ကြလို့ အသက်ချမ်းသာရာရသွားတယ်။ ဖတ်မိသူတွေက အံ့သြစရာပါပဲ။ သူ့ကို သတ်မယ့်သူတွေက သူစိမ်းတွေမဟုတ်ဘဲ သူ့ရဲ့ ဦးလေးတော်စပ်တဲ့ အသက်(၄၁)နှစ်အရွယ်ရှိတဲ့ လူနှစ်ယောက်ပါ။

သူတို့နှစ်ယောက်က နယူးယောက် မက္ကဆီကို ပြည်နယ်မှာ နေကြသူတွေ ဖြစ်ပြီး လုပ်ကြံကြဖို့ နို၀င်ဘာ(၁၉)ရက်နေ့ကတည်းက ရောက်ရှိပြီး ကြံစည်နေကြတာတဲ့။

တူဖြစ်တဲ့ ဘီဘာကို သင်းကွပ်လုပ်ကြံဖို့ စေခိုင်းသူတွေက မာတင်ဆိုသူဖြစ်ပြီး အောင်မြင်ပါက တစ်ယောက်ကို အမေရိကန်ဒေါ်လာ ၂၅၀၀ စီရကြမှာဖြစ်တဲ့အကြောင်း အစစ်ခံကြပါတယ်။ အော် ငွေရမယ်ဆိုရင် အမျိုးလည်း ချမ်းသာမပေးကြပါလားလို့။

(၄)

နောက်တစ်ခုက ရဲတပ်ဖွဲ့ဝင်တွေကို အကူအညီပေးခဲ့တဲ့ လုံခြုံရေးကင်မရာတွေပဲ။ တစ်ခါတစ်လေကြရင် အပျော်တမ်း ဗီဒီယိုကင်မရာတွေကလည်း တရားခံဖော်ထုတ်ရေးအတွက် ကျေးဇူးတင်စရာပါ။

မလေးရှားနိုင်ငံ ကလန်းမြို့မှာ (၃)နှစ်သားသာရှိသေးတဲ့ မယားပါသားကို ပထွေးက ဘာကြောင့်မှန်းမသိ။ ပဟေဠိဆန်ဆန် မကြာခဏထိုးကြိတ်နှိပ်စက်နေမှုတွေကို ပထွေးရဲ့ မိထွေးက အပျော်တမ်းဗီဒီယိုလေးနဲ့ ခိုးရိုက်ထားပြီး ဖေ့စ်ဘုတ်ကို တင်ပေးလိုက်ပါသတဲ့။



၃ နှစ်သားကလေးကို အနိုင်ကျင့်နေတဲ့ ပထွေး

ရဲတပ်ဖွဲ့က သတင်းအရ ပထွေးကို ခေါ်စစ်တော့ မဟုတ်ရပါဘူး ဖွတ်ငြင်းလို့ သက်သေခံအဖြစ် ဗီဒီယိုပြတော့မှ ငြင်းမရဘဲ ဝန်ခံပေမယ့် ဘာကြောင့် ဒီလိုလုပ်တယ်ဆိုတာတော့ မေးမရသေးဘူးတဲ့။ ကလေးငယ်ကို ဆရာဝန်များက စောင့်ရှောက်ပြီး မိခင်ရဲ့ ဇီဝဖြစ်စဉ်အနေအထားကိုလည်း လေ့လာပြီး ပတ်ဝန်းကျင်ကို ဖြစ်ရပ်မှန်သိရအောင် ရဲစုံထောက်တွေက ဆက်လက်စုံစမ်းနေကြောင်း STA[illegible] ထဲမှာ ဖော်ပြထားပါတယ်။

(၅)

နောက် သတင်းတစ်ခုက ရဲ[illegible] ထောက်တွေက ခက်ခက်ခဲခဲ စွန့်စွ[illegible] စားစားဖမ်းလိုက်ကြတဲ့ မူဒိမ်းမှုပေါ[illegible] များစွာ ကျူးလွန်ပြီး တောတွင်းမှ[illegible]





www.burmeseclassic.com

www.burmeseclassic.com



သွားပုန်းရှောင်နေရာက သူ့ကို တောတွင်း ရမ်ဘိုလို့ ခေါ်ကြတဲ့ တရားခံ ပြေးကိစ္စ။


မလေးရှားနိုင်ငံ ကန်ပေါင်ကီတာမြို့ အပါအဝင် နေရာအတော်များများမှာ မုဒိမ်းမှုမျိုးစုံ ကျူးလွန်ခဲ့တဲ့ နာမည်ရင်း ရာဘီဒင်(ခေါ်)တောတွင်းရမ်ဘိုကို ဖမ်းမိလိုက်ကြခြင်းပါ။ သူဟာ ၂၀၀၉ ခုနှစ်ကစပြီး သုံးနှစ်အတွင်း မုဒိမ်းမှုတွေကို အသက် ၈ နှစ်သမီး အပါအဝင် ၁၆ နှစ်၊ ၁၇ နှစ်၊ ၉ နှစ် စသည့် အရွယ်မရောက်သေးတဲ့ အမျိုးသမီးငယ်လေးတွေကို နည်းမျိုးစုံနဲ့ မုဒိမ်းမှုကျူးလွန်ခဲ့သူ တချို့ဆိုလျှင် သဘာဝမဟုတ်တဲ့ ကျူးလွန်ခြင်းမျိုးနဲ့ ကျူးလွန်ပြီး ထွက်ပြေးနေတဲ့ လူယုတ်မာ မုဒိမ်းသမားကို တောတွင်းတောနင်းရှာကြတော့ သူက ဓားနဲ့ ချောင်းမြောင်းပြီး ပြန်လည်ခုခံတာကြောင့် သက်စွန့်ကြိုးပမ်း ခက်ခဲစွာ လုံးထွေးဖမ်းခံရတဲ့အကြောင်းတွေ နိုင်ငံခြားသတင်းထဲမှာ ဖော်ပြထားပါတယ်။

သူ့ကို ပြီးခဲ့တဲ့ ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်နေ့ ရုံးထုတ်တော့ လုံခြုံရေးအတွက် ရဲအစောင့်အရှောက်တွေက ရုံးတင်စစ်ဆေးမှု ပြုရတယ်လို့ သိရပါတယ်။

ဘာပဲဖြစ်ဖြစ် ဒီလို လူယုတ်မာတွေ၊ ရက်စက်သူတွေကို ဥပဒေက နောင်ကျဉ်သွားအောင် ဆုံးမနိုင်ကြပါစေ။

စာဖတ်သူများကို
ထာဝစဉ် လေးစားနေတဲ့ ...
မောင်ယဉ်ကျော်

---



## အုပ်မှည့်တွေ

လတ်ဆတ်တုန်း
တပြင်ပြင်တသသခင်းလို့။

ကြာတော့ ... အပေါ်အံရေခွံက ရှုံ့တွ
အတွင်းက ပျော့အိ
အဲဒီမှာ ..
ဗန်းတင်ခံဘဝက လျှောကျသွားတဲ့
ဈေးထဲက အုပ်မှည့်သစ်သီးတွေ
အမှိုက်ပုံတောင်းထဲထည့် တန်းတိုက်ဆွဲသွားကြ
မှုပ်ကြောင်းရာသာ သင်ကျန်ခဲ့။ ။

ရန်နည်(ဘုတလင်)



www.burmeseclassic.com

www.burmeseclassic.com



## မင်းနဲ့ တွေ့ဆုံခန်း

ငါ့နှယ် ဘယ်လိုဖြစ်သွားပါလိမ့်
ချည်ထားတဲ့စိတ်တွေ ကြိုးပြတ်
အရှုံးမီးဝိုင်းခံစားလို့
အချစ်ကို တစာစာတောင့်တချိန်မှာ
အလွမ်းရဲ့ဝေါက်တာ ငံ့ခံရသေးတယ်
တရွေ့ရွေ့လှမ်းလာတဲ့ မင်းရဲ့ခြေသံမှာ
ငါ့အတွက် ရင်ခုန်သံပါလာနိုးနိုးနဲ့
စောင့်ရကျိုးလည်း မနပ်ပါဘူးကွယ်
စံပယ်ဖူးလေးရယ်
တစ်ပင်လုံး မပွင့်ရင်မှုဖြင့်
တစ်ကိုယ်စာမျှ ဖူးအာလှည့်ပါ
ရုပ်ခန္ဓာပေါ်မူတည်ပြီး
အချစ်တွေ ယိုကျခဲ့တာ မဟုတ်တဲ့အတွက်
ဖူးစာကံပါလာတဲ့အသိနဲ့
မင်းကို လက်ကမ်းပေးခြင်းအပေါ်
မြို့မထားပါနဲ့ ကောင်မလေးရယ်။ ။

ညီညီလွင်(ကညွတ်ကွင်း)




## အမှတ်စဉ်(၁၂၆) ဧပြီလအတွက်

### ရွေးကဗျာစာရင်း

| | | | |
|---|---|---|---|
| ၁။ | နန္ဒာမိုးကြယ် | – | ပိတောက်နာ |
| ၂။ | တိုးဝေ | – | နွေလှန့်သူ |
| ၃။ | မောင်နှစ်သိမ့်(တောင်ကုတ်) | – | နိုးကြားနေတဲ့ပန်းများ |
| ၄။ | မောင်လှလွန်း | – | အလှဘဝ ဘစ်ခဏ |
| ၅။ | ဆုမွန်ဦး(ဟသ်ာတ) | – | ပိတောက်အမှတ် ၂၀၁၃ |
| ၆။ | မောင်နွယ်အောင်(မြေပြန့်) | – | မိုးခါးရေသောက်သကြံန် |
| ၇။ | သင်းအောင်ပန် | – | ရင်နွမ်းပိတောက် |
| ၈။ | နွေငြိမ်းချမ်း(အနန်းပင်မြေ) | – | ပိတောက်ကတဲ့ သကြံန်မြေ |
| ၉။ | ကောင်းကင်မိုး | – | ပိတောက်အလှ |
| ၁၀။ | အေဒီဦး | – | ရွှေတောင်ပံတွေခတ်တဲ့နွေ |



www.burmeseclassic.com

www.burmeseclassic.com

စုံထောက်ရသ





www.burmeseclassic.com

မြေကြီးလက်ခတ်မလွဲသော သဘောတရားအရ ကလေးနှစ်ယောက်၏ အနာဂတ်တို့မှာ နတ်ဆိုးတစ်ကောင်၏ ကိုက်ခဲခြင်းကို ခံလိုက်ရလေပြီဆိုတာပင်။

+++

လိင်အမျိုးအစားမတူသူနှစ်ဦးတို့မှာ ချစ်ခြင်းတရားကို အကြောင်းပြုကာ လက်ထပ်ပေါင်းသင်းကြသည်။ ထို့အတွက် မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းအားပေးချက်ကိုမှ လက်ခံစရာ မလိုခဲ့ကြပါ။

သို့ပေမယ့် ...

ရင်ဘတ်အတွင်းမှ နှလုံးသား၏ လှုံ့ဆော်မှုတွေကြောင့်ဟု ထပ်ဆင့်ကာ အကြောင်းပြကြပြန်သေးသည်။

ချစ်သည် ...

အရမ်းချစ်သည် ...

တကယ်တော့ အချစ်သည် အချစ်သာဖြစ်၍ အချစ်နှင့်တဏှာရာဂကို တိတိပပခွဲခြမ်းစိတ်ဖြာနိုင်ခြင်း ဦးဏှောက်များယွင်းလေသောအခါ ...။

+++

''တူနှစ်ကိုယ်တဲအိုပျက်မှာ ထမင်းရည်လျှက်ရပါစေ'' ဆိုသော စကားသည် လူအဖြစ်ကို ရထားပါလျက် ခွေးဝဲစားသဏ္ဍာန်အသွင်ကို ဖန်ဆင်းပစ်လိုက်လေသလား။

ချစ်ခြင်းတရားသည် ယောကျ်ားတော်တော်များများ၏ နှလုံးသား၌ တသမတ်တည်း ရှိမနေခြင်းကို ကမ္ဘာ့တွေးခေါ် ပညာရှင်များ တိတိကျကျရှမ်းတမ်း မထုတ်သေးပါ။

လောကသည် လောကသာ ဖြစ်သည်။ ကံကြမ္မာသည် ကံကြမ္မာသာဖြစ်သည်။ သို့ပေမယ့် ကံကြမ္မာနတ်ဆိုးသည် ဒုက္ခတရားတွေကို ကျူးလွန်သူထံ နောက်ပါဗိုလ်အခြံအရံများနှင့် အချိန်မလပ်စောင့်ဆိုင်းလျက်ရှိသည်။

တစ်ဦးကိုတစ်ဦး ချစ်မြတ်နိုးခဲ့မင်ကြပြီးနောက် ကမ္ဘာမြေပြင်ပေါ်တွင် အသိုက်တစ်ခုတည်ဆောက်ကာ ချစ်မြတ်နိုးခြင်းအတွက် သက်သေထူလိုက်ကြလေပြီ။

+++

နုနုတင်ဆိုသော သူမ ...

သူမ သန်းမြင့်ကို တစ်သက်မှာတစ်ခါသာဆိုသော အချစ်မျိုးနှင့် ချစ်မက်ခဲ့တာကြောင့် ဘဝတစ်ခုလုံးကို ပုံအပ်ပစ်ခဲ့လိုက်သည်။ သူမသည် တစ်ကောင်ကြွက်မလေးဖြစ်သည်။ ထို့ကြောင့် သန်းမြင့်မျက်နှာကို တစ်ရွာထင်ခဲ့သည်။ အိမ်ထောင်ကျကာစကတော့ သန်းမြင့်က သူမကို ဂရုတစိုက်ရှိသည်။

သို့ပေမယ့် ...

အလုပ်ကိုတော့ လက်ကြောတင်းအောင် မလုပ်၊ ကြော့ကြော့မော့မော့လေးနေသည်။ ထို့အတွက် ကိစ္စမရှိ၊ သူမအဖို့က ဆေးမှင်ရည်စုတ်ထိုးခဲ့မိပြီ မဟုတ်လား။

ထိုသို့ဖြင့် အကြီးကောင် ခြောက်နှစ်၊ အငယ်မ သုံးနှစ် သို့တိုင်လာခဲ့သည်။ ထိုအချိန်ထိ သန်းမြင့်အလုပ်မလုပ်။ အိမ်၏ စားစရိတ်မှန်သမျှကို သူမကသာ ခန္ဓာကိုယ်မှ ချွေးစက်တွေနှင့်ရင်းကာ ဖြည့်ဆည်းခဲ့သည်။

သူမအဖို့က တစ်လင်မှနှစ်လင်သို့ မပြောင်းလိုတော့ပြီ၊ ထို့ကြောင့် အိမ်ထောင်ဦးစီးဟု အများက သမုတ်ထားသော လင်ယောကျ်ားသန်းမြင့်ကို ရစ်တွယ်ထားခဲ့သော သံယောဇဉ်တို့လွှမ်းခြုံကာ တစ်နေ့နေ့တော့ သာယာခြင်းများ ဖြစ်လာမှာပါဆိုသည့် မျှော်လင့်ချက်ဖြင့် မနက်ဖြန်တွေကို စောင့်ခဲ့သည်။

+++

လင်ယောကျ်ားတစ်ယောက်၊ အိမ်ထောင်ဦးစီးတစ်ယောက်ဆိုသည့် ဂုဏ်ဒြပ်ကို ပိုင်ဆိုင်ထားပါလျက် သားကျွေးမှု၊ မယားကျွေးမှု မရှိခြင်းကို သူမ အတတ်နိုင်ဆုံး ခွင့်လွှတ်ပေးခဲ့သည်။

သူမ၏ ခွင့်လွှတ်ပေးမှုများနှင့် သားသမီးတို့၏ မျက်နှာကို လုံးဝမငဲ့ညှာသော သန်းမြင့်။

အရပ်က တိုးတိုးတိတ်တိတ်ပြောလာကြသည့် စကားလုံးတွေ။ သူမနားစည်ထဲတိုးဝင်လာတော့ သံရည်ပူတွေလောင်းထည့်လိုက်သည့်အလား။



www.burmeseclassic.com

www.burmeseclassic.com



**“**

**လုပ်ရက်လိုက်တာ**
**သန်းမြင့်ရား။**
**ဖောက်ပြန်စရာရှားလို့**
**နှစ်လင်ကွာထားတဲ့**
**လေးဆယ်ကျော်နှစ်ခုလပ်**
**အမြုမကြီးနဲ့မှရယ်လို့။**
**ငါက အဲဒီဟာမကြီးလောက်တောင်**
**တန်ဖိုးမရှိတော့ဘူးပေါ့လေ . . .**

**”**

သို့ပေမယ့် ...

ကလေးနှစ်ယောက်၏ မနက်ဖြန်တွေကို ငဲ့ညှာကာ သူမ ဖျောင်းဖျပြောဆိုခဲ့သည်။

သန်းမြင့်ကတော့ ငြင်းဆန်မြဲ .. ဘူးကွယ်မြဲ။

သူမ ကြိတ်ပြီး ပြုံးမိခဲ့သေးသည်။ ကိုယ်နှင့် ခုနစ်နှစ်နီးပါး ပေါင်းလာသည့် ယောကျ်ားပဲ။ အလုံးစုံမဟုတ်တောင် တချို့တစ်ဝက်တော့ သိတာပေါ့။

စိတ်ကိုလျှော့ထားပါ နုနုတင် ...

စိတ်ကို အတတ်နိုင်ဆုံးလျှော့ထားပါ နုနုတင် ...။

+++

မနက်ခင်းအစော လေးနာရီလောက်မှာ အိပ်ရာကထရသည်။ ထို့နောက် ကပျာကယာ မျက်နှာသစ်ကိုယ်လက်သန့်စင်ကာ ရွာအနောက်ပိုင်းမှ အမဲသတ်ရုံသို့ သွားရသည်။ အမဲသတ်ရုံမှ ကိုယ်ရောင်းလိုသည့် အသားများကိုယူပြီး အိမ်သို့ ခေတ္တပြန်လာရသည်။ အိမ်ရောက်သည်နှင့် ထမင်းနှင့်ဟင်းကို အမြန်ချက်ကာ သားအဖသုံးယောက်အတွက် ထားခဲ့ရသည်။ သူမအတွက်လည်း ပလတ်စတစ်ဘူးလေးနှင့် ထည့်သွားရသည်။ နောက်တော့ အိပ်ပျော်နေဆဲ သားနှင့်သမီးတို့၏ မျက်နှာလေးတွေကို တဝနမ်းရှိုက်ကာ တစ်ဖက်ရွာသို့ သွားရောက်ပြီး ရွာရိုးကိုးပေါက်လည်ရောင်းရသည်။

ထိုသို့ဖြင့် နေ့လယ် ၂ နာရီထိုးတော့ အိမ်ကိုပြန်ရောက်၊ အိမ်မှုကိစ္စ ဗာဟီရတွေလုပ်နှင့် တစ်နေကုန်ခဲ့ရသည်။

သူမအဖို့ နားချိန်ဆိုသည်မှာ အိပ်ပျော်သွားသောအချိန်လေးမျှသာ။ ဒါတောင် အိပ်မက်ထဲမှာ သူမ၏ သားသမီးနှစ်ယောက် အနာဂတ်အတွက် ပူလောင်မှုတွေက ဝင်ရောက်နေရယူသေးသည်။

အခုလည်း ထုံးစံအတိုင်း နံနက် လေးနာရီ တုံးမောင်းခေါက်သံမဆုံးခင် အိပ်ရာမှ လူးလဲထလိုက်သည်။

ဘေးမှာ ခင်ပွန်းသည် သန်းမြင့်မရှိ။

ရင်ထဲမှာ ထူပူသွားသည်။ သွေးသားတို့ ထူပူသွားသည်။ ခေါင်းအုံးဘေးတွင်ထားသော လက်နှိပ်ဓာတ်မီးကို ယူလိုက်ပြီး ကလေးနှစ်ယောက်၏ မျက်နှာတွေကို ထိုးကြည့်မိလိုက်သေးသည်။

ဆူဝေလာသည့် ဒေါသတွေကို ချုပ်တည်းလိုက်ကာ ထိုင်ရာမှထပြီး ထုံးစံအတိုင်း မျက်နှာသစ် ကိုယ်လက်သန့်စင်လိုက်သည်။

စိတ်ထဲမှာကတော့ ...

ဘယ်အချိန်ကထပြီး ပျောက်သွားမှန်းမသိရသော ခင်ပွန်းသည်၏ အပိုးမကျိုးသည့်မျက်နှာကို မြင်ယောင်နေမိသည်။ ဒင်းက အခုလိုလုပ်နေတာ ဆယ်ကြိမ်မကတော့။ အကြိမ်နှစ်ဆယ်လည်း မကတော့။ ဒင်းကြောင့် ဈေးရောင်းမထွက်ရသည့်နေ့တွေ ရှိလာခဲ့သည်။ အကြွေးတွေ တင်လာခဲ့ပြီ။

“တော်တော်ရက်စက်တဲ့ကောင်ပဲ”

+++

ထုံးစံအတိုင်း၊ ပလတ်စတစ်ဆွဲခြင်းလေးကိုဆွဲပြီး ထွက်လာခဲ့ရပေမယ့် စိတ်တွေက လင်ယောကျ်ားဖြစ်သူကို လုံးဝမကျေနပ်။ ခွင့်လွှတ်ဖို့ ကြိုးစားရပေမယ့်လည်း ရင်ထဲမှာ သွေးတွေက ဆူဝေနေသည်။



www.burmeseclassic.com

တစိမ့်စိမ့်တွေးလေ ခံစားရလေ။ တွေး လေလေ ဒေါသထွက်လေ။

"တောက် ‥ လုပ်ရက်လိုက်တာ သန်းမြင့်ရာ။ ပြောက်ပြန်စရာရှားလို့ နှစ်လင်ကွာထားတဲ့ လေးဆယ် ကျော်နှစ်ခုလပ် အမြှုမကြီးနဲ့မှရယ် လို့။ ဟင်း ‥ ငါက အဲဒီဟာမကြီး လောက်တောင် တန်ဖိုးမရှိတော့ ဘူးပေါ့လေ။ တွေ့ကြသေးတာ ပေါ့"



မဟူရာတွေ မရုတ်သိမ်း သေးသည့် ဝေလီဝေလင်း ရွာ လမ်းမပေါ်မှာ နုနုတင်၏ ခြေ လှမ်းတွေက ခပ်ဆောင့်ဆောင့်။

လင်းကြက်တွေကလည်း အပြိုင်တွန်နေကြသည့်အလား။

နုနုတင်၏ ခြေလှမ်းတွေက ခါတိုင်းနေ့မတွေလို ရွာအနောက် ပိုင်းမှာ သားသတ်ရုံဆီမဟုတ် ဘဲ ရွာမြောက်ပိုင်းဆီသို့။

မည်သူက တွန်းပို့နေ သလဲ။ မည်သူက စေခိုင်းနေသလဲ။

+++

ခြံစည်းရိုးစုတ်လေးထဲမှ တဆင့် အိမ်အိုလေးထဲကို လှမ်းဝင်လိုက်သည်ဆိုလျှင်ပဲ လက်ထဲမှ ဓာတ်မီးကိုဝှေ့ပြီး ကြည့်လိုက်ရာ ‥၊

သူမ ချစ်ခဲ့၊ အားကိုးခဲ့ပေမယ့်၊ ချစ်ခြင်းအပြည့်နှင့် အားကိုးရမှုတွေပေးခဲ့သည့် လင်ယောကျ်ားက နှစ်လင်ကွာ အမြုဟာမကြီး၏ ရင်ခွင်ထဲတွင် ခိုဝင်အိပ်မောကျနေ၏။

နှစ်လင်ကွာ အမြှုမကြီးကလည်း လွတ်ထွက်သွားမှာ စိုးသည့်အလား ဖက်တွယ်ထားကာ ဟောက်ပင်ဟောက်နေ သေးသည်။

"ဟွန်း ‥ ဒင်းတို့ ခွေးဇာတ်ခင်းပြီး ခွေးမောမောနေ ကြပြီပေါ့လေ"

သူမစိတ်ထဲက ရေရွတ်မိလိုက်သည်။ သွေးသားတွေက လည်း ဗလောင်ဆူလာသည်။ ချက်ချင်း ဆိုသလိုပင် ‥

သူမ၏ ညာဖက်လက်ဖဝါး ပလတ်စတစ်ခြင်းထဲမှ ထက်မြသော သားလှီးဓားဆီသို့ ‥‥။

နောက်တော့ ‥‥

မှန်ယိုခဲ့သည့် တဏှာရာဂတွေ ပျော်ပျော်ကြီး သွေးသားဖောက်ပြန်ပြီး တမေ့တမြော အိပ်မောကျနေသော ခန္ဓာ ကိုယ်နှစ်ခု၏ ရင်ဘတ်တွေပေါ်သို့ သား လှီးဓားကို အားကုန်ရမ်းကာ ဆင့်ကာ ဆင့်ကဲ ဆက်တိုက် စိုက်ချပစ်လိုက် လေသည်။

ခန္ဓာကိုယ်နှစ်ခုစလုံးမှာ တဆတ် ဆတ်တုန်ရင်း ညည်းနေရုံမှလွဲ၍ မည်သို့ မျှမတတ်နိုင်တော့။

သူမလက်ထဲမှာတော့ ‥‥

လူ့အသွေးနှင့်အသားကို တစ်ခါမှ မထိဘူးသော ဓားက တဆတ်ဆတ်တုန် နေ၏။ သူမမျက်နှာကတော့ ခက်ထန် နေဆဲ။ နောက်တော့ ‥‥

သွေးသံတရဲရဲနှင့် ခန္ဓာနှစ်ခုမှာ အနည်း ငယ်ငြိမ်ကျသွားသည်။ သူမ သတိပြန်ဝင်လာသလို ခံစား လိုက်ရသည်။

အဲဒီနောက်မှာတော့ သူမ၏ ခြေလှမ်းတွေက ကျေးရွာ လူကြီးတစ်ဦး၏ အိမ်ရှိရာသို့ ‥‥။

ဝန်းကျင်တစ်ခုလုံးကတော့ မဟူရာအရောင်တွေ မင်းမူ နေဆဲ။

+++

မှောင်ကျနေသည့် ဝန်းကျင်အောက်က အိမ်အိုလေး ထဲတွင် အိပ်မောကျနေသော ကလေးငယ်နှစ်ယောက်၏ အနာဂတ်တို့မှာ နတ်ဆိုးတစ်ကောင်၏ စိတ်ကြိုက်ကိုက်ခဲ ခြင်းကို ခံလိုက်ရလေပြီ။

"ကလေးတို့ရယ် ‥‥"

မောင်တည်တံ့(အင်းတော်)



www.burmeseclassic.com

www.burmeseclassic.com



# လွှင်မာကို သက်ရှည်ကျန်းမာစေရာ

မျောက်တွေက သက်သေပဲ

ပဲခူးရိုးမက ကျွန်းသစ်တွေကို ခိုးထုတ်ယူနေသည်ဟူသော သတင်းစကားကြားသိနေရသောကြောင့် သစ်တောအရာရှိများက တောစပ်နားက ရွာတစ်ရွာမှာနေသော ဦးကံထူးအား ...

"ဒီတောကြီးထဲက ကျွန်းသစ်တွေကို မှောင်ခိုခိုးယူထုတ်နေတာများ ခင်ဗျားအနေနဲ့ မြင်တာပြုတာများ ရှိပါသလား ခင်ဗျာ" ဟု မေးလေ၏။

[illegible] ...

"အဲဒါတော့ ကျွန်တော် မသိဘူးဆရာ၊ ဒီတောကြီးထဲက မျောက်တွေအားလုံးကတော့ ပြောင်လင်းတောက်နေပြီ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com


## တစ်ယောက်လား … နှစ်ယောက်လား

သန့်စင်ခန်းသို့ ဝင်ကြေး ၅၀ ကျပ်ဟု စာတန်းကို တွေ့လိုက်သဖြင့် အမျိုးသမီးလေးတစ်ယောက် သန့်စင်ခန်းထဲ ဝင်ရန် ကောင်တာ၌ထိုင်နေသော လူငယ်လေးအား ငွေနှစ်ရာကျပ် ထုတ်ပေးလိုက်လေသည်။

ထိုအခါ ကောင်တာမှာထိုင်နေသော လူငယ်လေးက ၎င်းအမျိုးသမီးလေးအား ငွေတစ်ရာကျပ် ပြန်အမ်းလိုက်လေသည်။

ဒီတော့ အမျိုးသမီးလေးက …

"ကျွန်မပေးလိုက်တာ ငွေနှစ်ရာကျပ်ပါရှင်"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ အစ်မကို ကျွန်တော်ပြန်အမ်းလိုက်တာဟာ တစ်ရာကျပ်လေ"

"ကျွန်မ တစ်ယောက်တည်းပါရှင်၊ ဝင်ကြေးက ငါးဆယ်ကျပ်ဆိုတော့ ကျွန်မကို ငွေတစ်ရာ့ငါးဆယ်ကျပ် ပြန်အမ်းရမှာပေါ့ရှင်" ဟု ဆိုလေသည်။

ထိုအခါ ကောင်တာထိုင်သော လူငယ်လေးက …

"အစ်မ ကိုယ့်ကိုယ်ကို တစ်ယောက်လား .. နှစ်ယောက်လား ပြန်ကြည့်လိုက်ပါဦး ခင်ဗျာ" ဟု ဆိုလိုက်တော့မှ အမျိုးသမီးလေးခင်ဗျာ သူ့ကိုယ်သူ သတိထားမိလိုက်ပြီး လူငယ်လေးပြန်အမ်းလိုက်သော ငွေတစ်ရာကျပ်ကို စလင်းဘက်အိတ်ထဲကို အသာလေးထည့်ပြီး ရှက်ဖွယ်သောမျက်နှာအမူအရာဖြင့် သန့်စင်ခန်းထဲသို့ ဝင်သွားလေတော့သတည်း။

---

## သင်ပေးရော့ လိုလို့လား

ဦးခင်မောင်မြင့်သည် နံနက်စောစော လမ်းလျှောက်ထွက်ရင်း သောက်နေကြ လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ပြီး ပြန်လာခဲ့လေသည်။

လက်ဖက်ရည်ဆိုင်မှ လူတစ်စု စကားဝိုင်းဖွဲ့ပြောဆိုနေသော သတင်းစကားကို အဆန်းတကြယ် ကြားသိခဲ့ပြီး အိမ်ကို ပြန်ရောက်လာသောအခါ ဇနီးဖြစ်သူအား …

"မိန်းမရေ .. မိန်းမရေ .." ဟု အော်ပြီး ခေါ်လိုက်လေသည်။

ထိုအခါ ဇနီးဖြစ်သူက ..

"ရှင်ကလည်း အိမ်ထဲကို ရောက်အောင်လာပါဦး၊ ဘာကိစ္စများ အရေးတကြီးရှိလို့ ဒီလောက်တောင်ခေါ်နေရသလဲရှင့်"

"တခြားတော့ မဟုတ်ပါဘူးကွာ၊ လက်ဖက်ရည်ဆိုင်က သတင်းတစ်ခု ကြားလာရလို့ကွ"

"ဆိုစမ်းပါဦး ဘာသတင်းထူးမို့လို့လဲ"

"ဒီလိုကွ မိန်းမရ၊ နောင်တစ်ချိန်ကြရင် ကျောင်းသင်ခန်းစာတွေမှာ လိင်ပညာပေးသင်ခန်းစာကိုပါ ပြဋ္ဌာန်းဖွယ်ရာ ရှိတယ်လို့ ကြားလာရလို့ကွ မိန်းမရ"

"အို .. ရှက်စရာရှင် .. ဒီကိစ္စကိုများ အဆန်းတကြယ်လုပ်ပြီး သင်ပေးစရာကျနေတာပဲနော်"

"ဘာဖြစ်လို့တုန်း မိန်းမရ"

ထိုအခါ ဇနီးဖြစ်သူမှ …

"ဒီလိုကွယ် .. ရှင်တို့ ကျွန်မငယ်ငယ်တုန်းက ဒီကိစ္စကို ဘယ်သူကများ လာပြီး သင်ကြားပေးလိုက်ပါသလဲ"

**လွင်ဟန်(သုံးဆယ်)**


www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



''ဒေါင်''

''ဒေါင်''

''ဒေါင်''

''ဒေါင်ဒေါင် ..ဒေါင်''

''ဟော သုံးနာရီမောင်းခေါက်ပြီ''

မောင်နေဆဲပင်။ ယခုကစ၍ လှုပ်ရှားလျှင် ထောင်ဖွင့်အဖွဲ့များဝင် မလာမီ နှစ်နာရီခန့် လုပ်သာကိုင်သာ ရှိသေးသည်။ အကြိမ်ကြိမ်စဉ်းစားကြည့်ခဲ့၊ လက်တွေ့လေ့ကျင့်ခဲ့ကြပြီးဖြစ်၍ ၁၈ ပေ၊ ပေ ၂၀ အမြင့်ခန့် ရှိသည့် ထောင်အုတ်ရိုးကြီးကို သူတို့အားလုံး ကျော်နိုင်ဖို့ ၅ မိနစ်ထက် ဘယ်လိုမှ ပိုမကြာနိုင်။

''ခုလောက်ကတည်းက အပြင်ရောက်ပြီး စီစဉ်ထားတဲ့အတိုင်းသာ ပြေးနိုင်လွှားနိုင်ခဲ့ကြရင် နန်းမြို့အုတ်ရိုးကို ကျော်ပြီးတာနဲ့ အိုကေပြီ။ ကိုယ့်လမ်းကိုယ်သွားကြရုံပဲ။ အဝတ်အစားနဲ့ တို့တို့တိတိ သုံးဖို့စွဲဖို့လောက်ကတော့ ပါခဲ့ပြီးသားဆိုတော့ အိုကေလောက်ပါရဲ့''အတွေးဝင်မိလျှင်ပင် ရင်တွေတဒိတ်ဒိတ် ခုန်လာလျက် အူရှင်ချင်သလိုလို ဖြစ်လာသည်။ ကိုယ့်အတွေးများကို ကိုယ်ပြန်သဘောကျလျက် မောင်ကြီးမည်းကြီး တောထဲမှာ သူ့မျက်နှာက ပြုံးဖြီးဖြီးကြီး။

''ကိုင်းဟေ့ ထွန်းကျော်၊ စတော့ဟ ခပ်သုတ်သုတ်''

သူတို့အုပ်စု၏ ဆရာကြီး ဂျက်စီဂျိမ်း(ခ)သိန်းဝင်းထံမှ အသံခပ်အုပ်အုပ်ထွက်လာသည်။ မာရသွန်ခရီးရှည်ကြီးတစ်ခုကို စတင်ဖို့ မီးစိမ်းပြလိုက်ခြင်း။

ထွန်းကျော် နားစွင့်လျက် အနီးဆုံးရှိ ၁၂ မျှော်စင်နှင့် မျှော်စင် ၁၀ တို့ကို လှမ်းအကဲကြည့်သည်။ ညရိပ်ခပ်မှုန်မှုန်တွင် ထောင်အုတ်ရိုးကြီးပေါ်ရှိ လက်နက်ကိုင် ထောင်ဝါဒါအစောင့်များတင်ထားသော မျှော်ကင်းစင်နှစ်ခုသည်သာ သူတို့အတွက် ရောမအတားအဆီးကြီးတွေဖြစ်သည်။ ကျန်သည့်ကိစ္စများက အေးဆေး။

ဆောင်းကြွင်းမကုန်ချင်သေး၍ လင်းအားကြီး၌ နှင်းတို့ ခပ်ဝေဝေကျလျက် မှုန်မှိုင်းနေသည်။ အမှောင်အားကြီးချိန်မို့ မည်းလိုက်မှောင်လိုက်သည်လည်း ပိန်းနေ၏။ ခပ်လှမ်းလှမ်းကင်းစင်လေးများရှိ နီကျင့်ကျင့် မီးသီးရောင်ကို သဲ့သဲ့ကလေးပဲ မြင်ရသည်။ မီးမောင်းကြီးတွေ လက်ယှက်ထိုးခဲ့လျှင်ပင် နှင်းထုထဲက သူတို့လှုပ်ရှားမှုများကို ပီပီထင်ထင် မြင်နိုင်ဖို့သိပ်မလွယ်။ ၁၀ ပေ ၁၅ ပေ အကွာအဝေးမှ အရာရာကိုပင်လျှင် ကောင်းကောင်းမမြင်ကြရ။ နှင်းထုနှင့်အမှောင်က တော်တော်ထူသည်။

မည်သည့်အသံမျှ မကြား။ သုံးနာရီ မောင်းခေါက်ရင် ၃-၆ ကင်းတွဲ ချိန်းရမှာ။ ၁-၃ ကင်းသမား အိပ်ပျော်နေတယ်နဲ့ တူပါရဲ့။

ဟုတ်တယ်၊ ၁၅ မိနစ် မောင်းသံမကြားရတာဘဲ အတော်ကြာလှပေါ့။ ကေန္တ ငါ့ရဲ့ မွေးနေ့လက်ဖက်ရည်နဲ့ ပလာတာကောင်းကောင်းကြီးအစွမ်းပြလိုက်ပြီထင်တယ်။ ဟီ .. ဟီ။ ဆရာမောင်ကံနဲ့ ဆရာကြည်ဝင်းလေးတို့တော့ ဗိုက်ကားအောင် နင်းကန်စားပြီးလောကကြီးကိုမေ့လို့ စည်းစိမ်ရှစ်နေကြလောက်ပြီ။ သူ့အတွေးနဲ့သူ အလိုလိုမြူးလာလျက်အတွင်းခြားရိုးအကွယ်မှောင်ရိပ်မှ ဖျတ်ခနဲထပြေးသည်။ သူ့နောက်မှ လူရိပ်မည်းမည်းလေးခုက မဆိုစလောက်ကလေးသာခြားလျက် ရိပ်ခနဲ ရိပ်ခနဲ ကပ်ပါလာကြ၏။ တဒင်္ဂအတွင်းမှာပင် သူတို့ပစ်မှတ်ဖြစ်သည့် မြောက်ဘက်အုတ်ရိုးအခြေ တောင်ယာကန်စွန်းခင်းသို့ ဒုတ်ဒုတ်ထိရောက်သည်။ ထောင်အုတ်ရိုးနံရံကြီး၏ ခြေရင်းအမှောင်ရိပ်၌ ကပ်၍ထိုင်လိုက်ကြ၏။

''ကြိုးတွေထုတ်ကွာ''

သိန်းဝင်းကြီးအသံသည် ခပ်အစ်အစ်ခပ်တုန်တုန်။ ရဲအချုပ်လည်း ဖောက်ပြေးဖူးသူ၊ အိပ်ထောင်သစ်သားဘာယာတန်းကိုလည်း သံဖြတ်လွှအကျိုးကို ငှက်ပျောဖူးခိုးသွင်း၍ ဖြတ်ပြေးခဲ့ဖူးသူ၊ ရဲဘက်စခန်းအလုပ်ဆိုဒ်အသီးသီးမှလည်း ခုနင်ခု ဥဒဟိုထွက်ပြေးခဲ့ဖူးသူ၊ ဆယ့်နှစ်ကြိုးကာဝေ ဆရာကြီး ဂျက်စီဂျိမ်းသည်ပင် တကယ့်တကယ် နဖူးတွေ့ဒူးတွေ့ကျတော့ စိတ်စော စိတ်မောနေဟန်တူ၏။ အမြဲတစေ ပါးစပ်တပြုပြုနှင့် ရှင်ပြုပြုနေလေ့ရှိသူ သင်းကြီး၏ ကျောက်ပေါက်မာမျက်နှာက တည့်၍တင်းနေ၏။

ကိုလေးနှင့်ကျော်လွင်တို့ [illegible] နေ့



www.burmeseclassic.com

www.burmeseclassic.com



ခင်းကပင် ကန်စွန်းနွယ်များအောက် ဒုံးမြေမွမွကိုတူး၍ ဝှက်ထားခဲ့ကြသည့် ဆောင်ထုပ်ကို အသာယက်ကာဖော် လိုက်ကြသည်။ အဖြူနှင့်အစိမ်းစင်း ထောင်ပုံစံအိပ်ရာခင်းလေးထည်နှင့် ချောက္ကူနယ်ထွက် နစပ်ချည်စောင် ခပ် နွမ်းနွမ်း လေးထည်ကို ဆက်၍ ဆက်၍ ထုံးလိုက်ကြ၏။ နှစ်ပေသာ သာစီခြားပြီး လက်ဆွဲခိုရန် ခြေညှပ်ရန် ဒုထုံးများကိုလည်း ခပ်သွက်သွက်ချည် ကြထုံးကြသည်။

"မြင့်ဆွေက ကင်းစင်တွေကို ကြည့်။ ထွန်းကျော်က နောက်ကြောင်း က တိုက်ဘက်ကိုလှမ်းကြည့်ထား။ တစ်ခုခုထူးရင် ချက်ချင်းလူစုခွဲကြ မယ်။ ဒီကန်စွန်းခင်းထဲမှာပဲ နေရာခွဲ ပြီးဝပ်နေကြမယ်။ အဲ .. ဘာမှ အကြောင်းမထူးရင်တော့ စောင်တွေ ဆက်ပြီးတာနဲ့ ချက်ချင်းစတက်ကြစို့ ဟုတ်ပြီနော်"

တကယ့်စစ်ဆင်ရေးကြီးတစ်ခုပ မှာ သိန်းဝင်းက လေသံယဲ့ယဲ့ဖြင့် ပြော သည်။ ထိုသို့ သတိပေးနေဖို့မလို လောက်အောင် အထပ်ထပ်အခါခါ လက်ဝါးချင်းရိုက်ထားပြီးဖြစ်သည့်တိုင် ခြေတုန်လက်တုန် ကတုန်ကယင်ကြီး တွေဖြစ်နေ၍ နည်းနည်းလေးမျှ အား ရှိရှိ စကားစရှာ၍ ပြောနေခြင်းဖြစ်မှန်း အားလုံးအသိ။ ဝမ်းထဲကလှိုက်၍ တုန် လာလျက်ရှိသမျှခွန်အားတွေ အငွေ့ပျံ ထွက်ကုန်တော့သလို နုံးချိချိကြီးဖြစ် နေကြ၍လည်း ခပ်တိုးတိုးအသံက သော်မှ ဗိတာမင်အားဆေးကြီး ချက် ချင်းထိုးသွင်းလိုက်သလိုအားရှိလှဘိ၏။

"ပြီးပြီ"

"အေး .. ငါလည်းပြီးပြီ"

"ခိုင်ရဲ့လား"

"အင်း"

"အေး"

"ထွန်းကျော်၊ မြင့်ဆွေ .. အခြေ အနေ"

"အိုကေ"

"ငါ့ဘက်ကလည်းအိုကေတယ်"

"ကိုင်း အိုကေရင် .. လစ်ကြစို့"

နှင်းတွေကြောင့်များ ပို၍ မှိုင်း လာလေသလား။ ညသည်ပင်လျှင် ပို ၍မှောင်လာလေသလား မသိ။ အလင်း သည် ပိတ်ပိတ်သားကွယ်လျက်ရှိသည်။

(၂)

'ထွက်ပြေးကြစို့' ဟု စတင်၍ လေသံပစ်ခဲ့သူက နတ်ချိုး(ခ)မြင့်ဆွေ။ ဘိန်းဖြူအရောင်းအဝယ်လုပ်နေသည့် သူ့အခန်းထဲ၌ အလွန်အမင်း ဆေး ယဉ်းထနေသူ ဒေသကောလိပ်ကျောင်း သားကလေးနှစ်ဦး အငမ်းမရ မူးယစ် ဆေးအကြောထဲထိုးသွင်းနေရင်း ရှော့ခ် ဖြစ်၍ အပ်နှုတ်လိုက်ချိန်မရဘဲ မြန်း ခနဲသေဆုံးသွားကြသဖြင့် မူးယစ်ဆေး ဝါးမှု၊ လူသေမှု စသည့်ပြစ်မှုတွေ တစ် လှေကြီးဖြင့် အချုပ်ခံနေရသူ။ ၆(ခ)၊ ၁၄(ဃ)၊ ၃(ခ)၊ ၁၀(ခ)၊ ၃၀၄ တဲ့။ သေဒဏ်ကြိုးဒဏ်တွေနှင့် ကောင်း ကောင်းကြီးနပန်းလုံးရနိုင်သည်။ ရောမရောဇဝတ်ပုံကြီးပေါ် ဖင်ခုထိုင် ထားသူ။ ဥာဏ်ကြီးရှင်မောင်မင်းကြီး သားက သူတို့မူးယစ်ဆေးဝါးဖြန့်ဖြူး ရေးလမ်းကြောင်းကြီးကို ဖော်ကောင် လုပ်ပါမည်ဟူသော မူးတင်းပဲတင်း အကမ်းအလှမ်းဖြင့် ဗဟိုထောင်မကြီး ဘက်မှသည် သီးသန့်တွဲဖက်ထောင် ကလေးထဲသို့ မိုးပေါ်ကျ ဖြုတ်ချည်း ရောက်လာခဲ့ခြင်းဖြစ်သည်။

ထောင်ကျသည်ချင်းအတူတူ ဘယ်မှာပဲကျကျ မထူးပါဘူးဟု ထင် တတ်ကြ၏။ မဟုတ်ရေးချမဟုတ်။ မသိလေးရယ်မှ အိုမဆိုင်။ အပုံကြီး ကွာသည်။ အခြားနားကြီးခြားနားဘိ တောင်း။

ထောင်မကြီးဟု နှုတ်ကျိုးနေကြ သည့် ဗဟိုထောင်ဘက်မှာ ထောင်ကျ၊ အချုပ် မောင်မောင် မမ ထောင်ကြီး ပျော်၊ ထောင်ကြီးစံတွေ ၄၀၀၀ ကျော် ၅၀၀၀ နီးပါးရှိသည်။ ပြင်ပပြင်လွင် မှာ စီမံချက်ကြောင့် အဖမ်းအဆီး၊ အနှိပ်အကွပ်နည်းနည်းကြမ်းလျှင် ထောင်စည်လာတတ်သေးရာ ရံဖန်ရံခါ ၆၀၀၀ ပျော့ပျော့လောက်အထိ အင် အားတိုးလာတတ်၏။ ဖင်မလှည့်သာ ခေါင်းမလှည့်သာ။ စည်းကမ်းကလနား က ကြပ်သေး။

သို့သော်လည်း လှေကြီးပေါ်မှာ လှေငယ်ဆင့်တင်ထားသည့်ပမာ ဗဟို ထောင်မကြီးနှင့် ဘေးချင်းကပ်လျက် သူ့တံတိုင်း၊ သူ့ဝန်း၊ သူ့အုပ်ချုပ်ရေး နှင့်သူ ရှိနေလေသည့် တွဲဖက်ထောင် (ဝါ)သီးသန့်ထောင်ကလေး၌မူကား ဘယ်သောအခါမှ ၄၀၀ ထက်မပိုချင်။ ၃၀၀၊ ၃၅၀ ဝန်းကျင်မှာပဲ အမြဲရှိနေ တတ်စမြဲ။ ဝါစာကမာ ငှက်ပျောသီး တုတ်နှင့်ထိုးသည့် ပါချီပါချဲ့ အမှုမျိုး တွေလောက်မျှနှင့် သီးသန့်ထောင် အနားကပ်ဖို့ဝေးစွ၊ မျက်စောင်းထိုးရ ဖို့ပင် သိပ်လွယ်လှလေသည်မဟုတ်။

သီးသန့်ထောင်ဆိုသည်မှာ သူ



www.burmeseclassic.com

ဒုစရိုက်တောမှာ
လွယ်တဲ့အလုပ်ရယ်လို့
ရှိပမလားဟ။
အထူးသဖြင့်
ထောင်ဖောက်တဲ့၊
ထောင်ပြေးတဲ့
အလုပ်မျိုးဟာ
ချိုချိုချောင်ချောင်
အေးအေးဉောင်းဉောင်းနဲ့
လွယ်လင့်တကူ
လုပ်လို့ဖြစ်တဲ့
အလုပ်လား
...

ခေတ်သူ့အခါ နိုင်ငံရေး၊ ဘာသာရေး၊ ညာရေး ဟိုအရေး၊ ဒီအရေးတွေနှင့် ထောင်သို့အလည်ရောက်လာတတ်ကြသည့် ထိန်းသိမ်းအချုပ်သားအကျဉ်းသားတွေ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ထိပါး၍တဲ့၊ စီမံချက်ဖြင့် ဆွဲထည့်ထားသည့် အရင်းရှင်ဘူဇွာ စူစကာအကြီးစားကြီးတွေ၊ လမ်းသရဲများတောထလာခြင်းနှင့်အပြိုင် လက်မတထောင်ထောင် ပန်းပန်လာသည့် ဘိန်းဖြူဘိန်းမည်း မူးယစ်ဆေးဝါးဂိုဏ်းရာဇာကြီးတွေ၊ သူတို့၏ လက်သပ်မွေး လက်ကသုံးတောင်ဝှေး မြေအောက်ဂိုဏ်းသားလူမိုက်ရင့်မာကြီးတွေ၊ ဗဟိုထောင်ကြီးဘက်မှာ ဆရာမနိုင်နှစ်ဆောင်ပြိုင်လက်လန်ခြေခွင် မိုက်ဂုဏ်ပြနေတတ်ကြသည့် ထောင် အောင့်ကြောလန် ဖန်ဖန်ကျဲ နာမည်ကျော်လူမိုက်ပဂေးကြီးတွေ၊ ထောက်လှမ်းရေးက၊ သတင်းတပ်ဖွဲ့က၊ စီအိုင်ဒီက သီးသန့်ထားပေးပါဟု အဘိယာစကပြုထားသည့် လူလွှန်မသားတွေ၊ သူ့လူကိုယ့်ဖက်သားနှစ်ဖက်ချွန်သတင်းပေးတွေ၊ ဖော်ကောင်ရာဇဝတ်သားတွေ၊ ရဲတပ်ဖွဲ့၊ တရားရေး စသည့် လူမိုက်များနှင့် မျက်နှာကြောမတည့်တတ်သည့် ဌာနများမှ ကံအကြောင်းမလှစွာ မျက်စိလည်လမ်းမှား၍ ထောင်ရောက်လာသူတွေ စသည် စသည် ခေသူမဟုတ်များချည်း သီးသန့်ပျော်စံရာ တစ်ထီးတစ်နန်း အရပ်ဒေသကြီးဖြစ်၏။

သို့လျှင်ဖြစ်၍ ...

မြင့်ဆွေ သီးသန့်ထောင် ရောက်လာလာချင်း ရာဇဝတ်မှုသမားများချည်းထားသည့် (၂)တိုက်မှာ နေရသည်။ ကြိုးလွတ်တစ်သက်တစ်ကျွ
အကျဉ်းသားပီတာက တန်းစီးအဖြ
အုပ်ချုပ်နေသည့် ၁၅ ခန်းတွဲတိုက်
တန်းရှည်ကြီး ဆောက်၍ပြီးသည်မှ
မကြာလှသေးသဖြင့် တိုက်သစ်ဟု
လည်း ခေါ်ကြသေးသည့်တိုက်မှာ
ကျောက်ချလိုက်ရခြင်းဖြစ်သည်။

အပြင်လောကမှာကတည်းက
ရင်းနှီးခဲ့ကြပြီး သူ့ကျေးဇူးရိပ်မကင်
သူ ကျော်လွင်(ခ)ကြောင်ဘီလူးက
ဖောက်ထွင်းမှု၊ လူသတ်အလောင်း
ဖျောက်မှုများဖြင့် တရားရင်ဆိုင်ဆဲ
အချုပ်သားအဖြစ် (၂)တိုက်မှာ သူ
အလျင်ရောက်နှင့်နေသည်။ သည်
မောင်လည်း ကြိုးကျဖို့ဖြင့် မြေကြီး
လက်ခတ်မလွဲဘဲတဲ့။

ကြောင်ဘီလူးက ပီတာနှင့်ရင်
သည်။ မင်းဟယ် ငါဟယ် ပြောမနာ
ဆိုမနာ။ ထို့အပြင် ကြောင်ဘီလူး၏
ပေးစာကမ်းစာဖြင့် တိုက်တန်းစီးပီတာ
က လျှာဦးစိုနေရခြင်းဖြစ်ပေရာ
ကြောင်ဘီလူး၏ မျက်နှာပြကောင်းမှု
ကြောင့် မြင့်ဆွေခမျာ ကြောင်ဘီလူး
နှင့် တစ်ခန်းတည်းနေခွင့်ရခဲ့၏။

မြင့်ဆွေသည် (၂)တိုက်၊ (၂)ခန်း
ကို ရောက်၍မှု တစ်ပတ်မပြည့်ချင်
သေး။ သိန်းဝင်း(ခ)ဆရာကြီး ဂျက်စီ
ဂျိမ်းက နယ်ထောင်ငယ်တစ်ခုတွင်
ဆွေးနေသည့် တိုက်ခန်းသံတိုင်ကို အား
ဖြင့်ဆွဲကွေး၍ ထွက်ပြေးရန် ကြံစည်မှု
ဖြင့် ရောက်လာခဲ့ပြန်သည်။

လူကောင်ထွားထွား၊ အရိုးအဆစ်
ကြီးကြီး၊ မျက်နှာပေါက်ကြမ်းကြမ်း
အသားအရေက ညိုသည်ထက် မည်း
သည့်ဘက် ကဲချင်နေသည့် သိန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com



(၆)ဂျက်စီဂျိမ်းခမျာ ထောင်ဝင်မလှ။ ဆုဖောက်ပြေးခဲ့သည့် ပင်ရင်းထောင် အရော၊ လက်ခံသည့် ဗဟိုထောင်က ပါ မှတ်လောက်သားလောက် အားရ ပါးရ ဆော်ပလော်တီးလျက် ညှော်ခံ၍ ပုံစံပေးထားခဲ့ကြသဖြင့် ဒဿဂီရိဘီလူး ကော်သေနတ်မှတ်ထားသလောက်နီးနီး သေလုမျောပါး မချိမဆန့်ခံနေရ၏။ အကျိုးအပဲ့၊ အဖုအထစ်၊ အလှိုးရာ အစင်းရာ ဒဏ်ရာတွေ ဗလပွနှင့် စကားမျှဟဟမပြောနိုင်ရှာဘဲ ရောက်လာခဲ့ခြင်းဖြစ်သည်။ မျက်လုံးနှစ်လုံးက တစ်ဖက်ပိတ် တစ်ဖက်မှေး။ ပါးစပ်က ဂျွန်နှုတ်သီးနှယ် ရှေ့သို့ ထောင်ထွက်၍နေသည်။

''ခွိုးတဲ့မှ ..၊ ခွေးဟိုဒင်းလောက်မှ မချွန်တဲ့ ကံဒိုက်ဖျင်းကြောင့် ပြန်မိသွားရတာ။ နို့မို့ဖြင့် လွတ်တာကြာပေါ့။ ထောင်အုတ်တံတိုင်းလေးက ၁၅ ပေလောက်မြင့်တဲ့ဟာ။ တိုက်ကလွတ်ရင် လွတ်ပြီပေါ့။ ခုတော့ တိုက်ခန်းသံတိုင်ချိုးပြီးထွက်လာကာမှ အခန်းချင်းကပ်လျက် ဆေးကြောင်နေတဲ့ ဦးဏှောက်ပျက် အကျဉ်းသားနေ့က သရဲ .. သရဲ ထအော်လို့ ဝါဒါတွေ ဝိုင်းလာတော့ ကွိခနဲမိရော။ ဖွက် ..။ ဘာပဲဖြစ်ဖြစ်လေ ဒီတစ်ခါ မတစ်ခါသေးရင် နောက်တစ်ခါပေါ့။ ချဦးမှာပဲ။ ကြံဦးမှာပဲ။ ထွက်ပြေးလို့မရဘူးဆိုတဲ့ထောင်မျိုးဖြင့်မရှိလောက်ပါဘူး .. ဟင်း''

တကျွတ်ကျွတ် တအင်းအင်းနှင့် မသက်မသာကြီးခံ၍သာခံရော့။ ကိုယ်တော်က သည်ပြောလုံးကြီးကို နှုတ်ဖျားကမချ။ အချိန်ရှိသရွေ့ ဆင်ဖမ်းမယ် .. ကျားဖမ်းမယ်ချည်း အာဝါသနေတော့သည်။ တစ်ခါမက နှစ်ခါ သုံးခါလည်းမဟုတ်။

''ဟေ့လူ ခင်ဗျား တစ်ကယ်ပြောနေတာလား''

''ဘာကိုပြောတာတုန်း''

''အခု ခင်ဗျားပြောနေတဲ့ စကားတွေလေ''

''အင် .. ဘာ''

''ကျွတ် .. ထွက်ပြေးဦးမယ်ဆိုတာလေ''


''အင်း .. အဲဒါ ဘာဖြစ်တုန်း''

''ပါးစပ်ရှိလို့ ပြောပြီးပြီးရော ဝါယောလွှတ်နေတာလား။ ရင်ထဲက တကယ်စိတ်ရှိနေသေးလို့ အခြေအနေပေး၊ အဆင်ကောင်း ခွင်ကောင်းခဲ့ရင် အဟုတ်ထလုပ်ဦးမှာလားလို့''

''ရော .. ခက်ပြီ တကယ်ပေါ့ဟ''

''ဟေ့လူကြီး .. ကြုံသလိုမပြောနဲ့နော်။ ကျုပ်က တကယ်သိချင်လို့ မေးနေတာ''

''ဟကောင်ရ .. ထောင်ထဲမှာ စကားကုန်သတဲ့၊ ကြားဖူးရဲ့မှတ်လား။ ကိုရင်တို့က ဘာမှလောက်လို့ ကျုပ်က ဖြီးလုံးဖြန်းလုံး ထုတ်နေရမှာတုန်း။





www.burmeseclassic.com

ဒီမယ် ကိုရင်တို့ ယုံချင်ယုံ မယုံချင်နေ၊ ကိုယ်ကတော့ ချဉ်းမှာပဲ။ ကြံနေဦးမှာပဲ။ ဘယ်တော့မှ စိတ်မလျှော့ဘူး"

"ရွှေ ‥ ကြိုက်ပြီဗျာ ‥ ကြိုက်သွားပြီ။ ကျုပ်တို့ကလည်း ဒီလို ဒေါင်ဒေါင်မြည် ကျားစီးဖားစီး ချမယ့်လူမျိုးကိုပဲ ရှာနေတာ။ အခုမှ ဘုန်းကြီးလူထွက်နဲ့မှဆိုးမ ဒက်တိတွေ့ရတော့တာပဲ။ လာဗျာ ‥ ဒီမှာထိုင်၊ ရော့ အပြင်ဆိုင်က တကူးတက မှာထားတဲ့ လက်ဖက်ရည်လေးချစမ်းပါဦး။ ကျုပ်တို့ အဲဒီကိစ္စကြီးကို အေးအေးဆေးဆေး ပြောကြရအောင်"

ကံဆိုသည်မျိုးက တော်တော်ခက်၏။ ပုံ၍ပဲ ယုံစားအားကိုးလိုက်ရမည်လား။ မယုံမရဲနှင့် ယောက္ခမမျက်နှာ သမက်မကြည့်ဝံ့အချိုးမျိုး သ္မအတိုင်းလွှတ်ထားလိုက်ရမည်လား။ ဝေခွဲ၍ပင်ခက်လှဘိ။

ကြည့် ‥ ကံဆုံသည်ပဲဆိုဆို။ သေမင်းငင်သည်ပဲ ပြောပြော၊ ဘယ်နည်းနှင့်ဖြစ်ဖြစ် ထောင်ကထွက်ပြေးချင်သူ ကြိုးသမားအလောင်းအလျာနတ်ချိုးတို့၊ ကြောင်ဘီလူးတို့နှင့်မှ ဂျက်စီဂျိမ်းလို ဆရာကြီးက တည့်တည့်တန်းတန်း လာတိုးနေတော့သည်။ ကြက်ကန်းနှင့်ဆန်အိုး၊ ဆက်ရက်တောင်ပံကျိုးနှင့် ကြောင်ကြီးခံတွင်းပျက်။ ကိုင်း ‥ ဟုတ်ပေ့ကိုဖြစ်၍နေကြတော့၏။

"ဟော့လူကြီးဂျိမ်း လွယ်ပါ့မလား"

"ခပ်ပ ‥ လူရာ။ ဒုစရိုက်တောမှာ လွယ်တဲ့အလုပ်ရယ်လို့ ရှိပမလားဟ။ အထူးသဖြင့် ထောင်ဖောက်တဲ့၊ ထောင်ပြေးတဲ့အလုပ်မျိုးဟာ ချိုချိုချောင်ချောင် အေးအေးညောင်းညောင်းနဲ့ လွယ်လင့်တကူလုပ်လို့ဖြစ်တဲ့အလုပ်လား။ ဖစ်ဖတီး ‥ ဖစ်ဖတီးပဲ။ သူ့တစ်ဝက်၊ ကိုယ်တစ်ခြမ်းပဲ။ ကင်းဦးကင်းကြက်ဦးကြက် လျှင်သူစားစတမ်း။ လွှတ်ဉာဏ်သွား ဉာဏ်ကစားရတဲ့အလုပ်မျိုးခင်ဗျ။ ပျော်စရာလွှတ်ကောင်း။ အဲ ‥ နို့ပေတဲ့ ဗူးပေါ်သလိုပေါ်ပဖော့ဆိုလို့ကတော့ ကုန်းကြုံးခံပေရော့။ လူလည်းနာ နောက်မှလည်းတက်၊ ရပြီးသား လျှော့ရက်တွေလည်းအပေါသိကံ ဖြစ်ကရော့။ တခြား မကြည့်နဲ့ ‥ ငါ့ကိုကြည့်လေ။ ဒီဒဏ်ရာဒဏ်ချက်တွေကြောင့် မိမွေးတိုင်း ဖမွေးတိုင်း ဘယ်လိုမှ ပြန်မဖြစ်နိုင်တော့ဘူးလေ။ ကဲ ‥ လွယ်တဲ့အလုပ်လား"

ဆရာကြီးဂျိမ်းက အပိုဆာဒါးကလေးတွေနှင့် ခပ်လှန့်လှန့်ကလေး တောက်ကြည့်လိုက်၏။ မြင့်ဆွေနှင့်ကျော်လွင်တို့လို လူမျိုးတွေက ငွေမှလွဲ၍ ဘာမျှမရှိသည့် အီးဘောလောဂယောင်မင်းသားတွေဖြစ်သည်။ ကံကောင်း၍ ဖားလောင်းက ငါးဖြစ်ကာလက်ဖျားငွေသီးနေတတ်ကြသောအဖြူလိုင်း၊ အမည်းလိုင်း၊ ဘိန်းသမားတွေ။ လက်ရည်ကိုင်ရည် ကြံရဲဖန်ရဲဇလည်းမရှိ၊ သွေးလည်း နတ္ထိ။

ထိုင်နေအကောင်းသား ထသွားမှ အကျိုးမှန်း အရပ်လည်ပြသလို ဖြစ်ရော့မည်။ သည်တစ်ချီ ထောင်ဖောက်ထောင်ပြေးမှုကြောင့် ထပ်အဖမ်းခံခဲ့ရလျှင် သူ့ထောင်သက်က ဖင်စောင့်နေတော့မည်ကောန်း။ အဘိုးကြီးအို ခါးကုန်း ဆံဖြူသွားကြွေ၍ ကိုယ့်မသာကိုယ်ထမ်းပြီး ထောင်ကထွက်ရချိမ့်မည်။ ထောင်ကျစဉ်ကာလတစ်လျှောက်လုံး သံခြေကျင်း၊ ဒေါက်ခြေကျင်းတွေ တပြုံကြီးနှင့် တိုက်ခန်းမှမထွက်ရဘဲ ခြေချုပ်မိဦးတော့မည်။

သို့ဖြစ်၍ ထွက်ပြေးကြဖို့ဆွယ်လာသူ အာပလာနှစ်ပွေကို လှန့်လုံ ကလေးတွေနှင့် ဖမ်းတောက်ကြည် လိုက်ရခြင်းဖြစ်သည်။

"ဟာ ‥ ဆရာကြီးကလည်း ကြ မကြုံကြည့်ရသေးဘူး။ ဘာတွေ သောကနေရတာတုန်း။ ဒီမယ် ‥ ဒီလ ကိစ္စမျိုးမှာ ဆရာကြီးက အတွေ့အကြ ရှိတယ်။ ကြံရည်ဖန်ရည်ကြီးတယ် ဇယားခင်းတတ်တယ်။ အဲ ‥ ကျန် တာတွေကတော့ ကျုပ်တို့တာဝန်ထား လမ်းကြောင်းရှင်းတာတို့ ဟိုဟာ ဒီဟာ ရရာရကြောင်း ဖန်တီးတာတို့။ အဲဒီ အပိုင်းကို ကျုပ်တို့ဘာသာကြည့်လုပ် မယ်။ ဆရာကြီးက ရှေ့က ခွင်ချပေး ဦးနှောက်စားပေး။ ဒါဆိုဖြစ်ပြီပေါ့ဗျ မှတ်ဘူးလား"

"အား လွယ်လိုက်တာ ‥ လွယ်လိုက်တာ။ ရေတစ်ပေါက်သောက်တာတောင် မတော်ရင် နင်နေတတ်သေးတာ။ ခင်ဗျားတို့ရဲ့ ထောင်ဖောက်ပြီးထွက်ပြေးတာများ အဲသလောက်လွယ်ရင် ထောင်ထဲမှာ လူတောင်ကျန်မှာမဟုတ်တော့ဘူး။ ချီး ‥"

"ကဲ ‥ မလွယ်လည်း လုပ်ကိုလုပ်မှဖြစ်မယ် ကိုယ့်ဆရာ။ ကျုပ်အမှုက ဘယ်လိုစစ်စစ် သေဒဏ်ပဲ။ ကျိန်းသေတယ်။ အဲ ‥ ကျုပ် အသိုင်းအဝိုင်းက အလိုက်သိပ်ကောင်းရင်တောင် ထောင် တစ်သက်တစ်ကျွန်းပဲ။ ထောင်ထဲမှာ ပုံစံထမင်းနဲ့ ပဲဟင်း


www.burmeseclassic.com

www.burmeseclassic.com



**ကိုလေးက သော့ကျွမ်းကျင်သူ။ သော့ဝိဇ္ဇာ။ လူမသိ သူမသိ လစ်လျှင်လစ်သလို တစ်ကိုယ်တော်ဖောက်ထွင်းသူခိုးလည်း လုပ်တတ်သေးသတဲ့။**

သောက်ပြီး သမ်တလင်းမှာ ကျောပူ ဘဲ့အထိ အိပ်မနေနိုင်ပါဘူး။ ကြံရင်း ဖန်ရင်းနဲ့ သေကာမှသေရော့။ အပြင် လေကလေး ဝဝရှူပြီး သေလိုက်ရတာ က နိပ်ဦးမယ်။ အဲဒီတော့ ပြေးကိုပြေး မှ ဖြစ်တော့မှာ ..''

''ဟ အတည်ပေါက်ကြီးတွေဖြစ် နေပါလား။ နေပါဦး ..ကိုယ့်လူတို့ တကယ်ပြောနေကြတာလား''

''ဟောဗျာ .. ဒီလောက်ပြောနေ တာတောင်မှပဲ။ တကယ်မဟုတ်ဘူးဗျို့၊ သုံးကယ် လေးကယ်၊ အကယ်တစ်ရာ၊ အကယ်တစ်ထောင် .. ကဲ''

''ဟား .. ဟား .. ဟား ကြိုက် ပြီဗျာ .. ကြိုက်ပြီ။ သစ်စေ့သစ်ညှောင့် တွေတောင်မှ မြေခံကောင်းရင် ပေါက် သေးတဲ့ဟာ။ ကျုပ်တစ်ယောက်တည်း ကြံလို့ မအောင်ခဲ့တဲ့ အလုပ်ကို ဒီလို အုံနဲ့ကျင်းနဲ့ သေသေချွချွ ဖယားခင်း ပြီး ချလိုက်ရင် ကျိန်းသေဖြစ်ရမယ်ဗျာ၊ ကဲ .. ကျုပ် အာမခံတယ်''

''စိန်လိုက်လေ''

''လုပ်လိုက်လေ ကြာသလားလို့''

(၃)

''ထောင်အပြင်နဲ့ လမ်းကြောင်း ဆက်ပေးမယ့်အတွင်းလူလိုတယ်။ ထောင်ဝါဒါထဲကမဖြစ်ရဘူး။ တံခါးမ ကြီးကို နေ့တိုင်းဖြတ်ပြီး ဥဒဟို ဝင် ထွက်နိုင်တဲ့လူမျိုး။ အဲ .. သူလိုလူမျိုး ကိုလည်း ဘယ်သူကမှ ဖုတ်လေတဲ့ ငပိ ရှိလေတယ် မအောက်မေ့တဲ့ ဆေး ဖော်ကြောဖက် မလုပ်ချင်ကြတဲ့လူမျိုး။ ပြောရရင် .. ဟိုကွာ .. မိလ္လာချေးအိုး သေးအိုးသွန်ရတဲ့ကောင်မျိုး။ ဘယ်သူ ကမှ မျက်စိထဲမထည့် လူရာမသွင်းချင် တဲ့ကောင်မျိုး။ အေး .. အဲဒါမျိုး စိတ် ချလက်ချတစ်ယောက်လောက် လိုချင် တယ်''

''ဟုတ်ပြီ ရှိတယ်။ မလိုလဲ လိုလဲ အရေးဟဲ့အကြောင်းဟဲ့ဆိုရင် သုံးစား လို့ရအောင် မွေးထားတဲ့ ငနဲလေးတစ် ကောင်ရှိတယ်။ မိလ္လာဘုတ်မှာ ချေးပုံး သွန်တဲ့ဘုတ်ရဲ့ ဘုတ်ခေါင်း ထွန်းကျော် တဲ့။ ထောင် (၂)နှစ်လားကျတာ။ ဓားပြ မှုနဲ့။ အဲ .. လွတ်ဖို့တောင်နီးပြီ''

''ဘုတ်ကိုင်လား''

''မဟုတ်ဘူး၊ မိလ္လာဘုတ်ကိုင်က ထွန်းမောင်ကြီးလေ။ ဒီကောင်လေးက ချေးပုံးထမ်း၊ ချေးပုံးသွန်ရတဲ့အဖွဲ့ရဲ့ ဘုတ်ခေါင်း။ ထွန်းမောင်အောက်က။ ညဘက်ကျတော့ ၁ တိုက်မှာ ဘာယာ စောင့်ရတယ်''

''မင်းကောင်က စိတ်ချရပါ့မ လား။ နှုတ်ကောလုံပါ့မလား''

''စိတ်ချ။ ငါတို့ကပဲ ကြည့်ထား မွေးထားရတာ။ ဒီဘုတ်ခေါင်းနေရာကို လည်း ငါတို့ငွေနဲ့ငါတို့ လိုင်းပြေးပြီး ဖန်တီးပေးထားတာ။ အပြင်က ဟို ဟာလေး ဒီဟာလေး မှာချင်သွင်းချင် ရင် လွယ်အောင် ချောင်အောင်လို့။ ပြီးတော့ အပြင်က သူ့မယား စားဖို့ သောက်ဖို့လည်း ဖို့ထားပေးပြီးသား။ ခိုးဝှက်သွင်းရမယ့် တို့ရဲ့ ထောင်ဝင်စာ ပစ္စည်းမျိုးတွေဆို သူ့မိန်းမလေးပဲ သူ့ ဆီလာလာပို့ပေးတာ။ မီးသေပါတယ်။ သေဆိုသေ ရှင်ဆိုရှင်ပဲ''

''ကောင်းတယ်၊ ငါလိုချင်တာက လည်း အဲဒီလိုကောင်မျိုးပဲ''

''ကဲ .. သူကနေတဆင့် ဘာ လုပ်ပေးရမလဲ''

''မလိုသေးဘူး။ အခုလောလော ဆယ် အဲဒီကောင်လေးကို တို့တိုက်မှာ ဘာယာစောင့်လို့ရအောင် ပြောပေးလို့ ရနိုင်မလား''

''ဖြစ်တယ်''

''အဲဒါဆို ပြောင်းလိုက်''

''ဘယ်တော့လဲ ..''

''မြန်လေ ကောင်းလေပဲ''

နောက်တစ်နေ့တွင် ထွန်းကျော် ဟူသည့် ထောင်ဂျပိုး လူလည်ပန်ကာ ကလေးက သူတို့(၂)တိုက်သို့ ညကင်း စောင့်ဘာယာအဖြစ် ပြုံးဖြီးပြုံးဖြီးနှင့် ရောက်လာခဲ့တော့သည်။ တိုက်တန်းစီး ပိတာနှင့် မြင့်ဆွေ 'အစ်ကိုကြီးရေ .. ညီလေးရေ' ဘာညာဘာညာ ဝါစာ ကမာတွေလုပ်ကြပြီး သည်၏နောက် သူတို့ အခန်းထဲသို့ ထွန်းကျော်ရောက် လာခဲ့၏။ သူတစ်ဦးထဲမဟုတ်။ ကိုလေး (ခ)ဂန်ဖလားဆိုသည့် ကုလားကလေး တစ်ယောက်လည်းပါလာ၏။ သူလည်း



www.burmeseclassic.com


www.burmeseclassic.com



ဘာယာပဲတဲ့။ တိုက်ခန်းတစ်ခန်းထဲတွင် လူဦးရေစုံဂဏန်းမထားရသည့်ထောင် ဓလေ့ကြောင့် ၅ ယောက်ဖြစ်သွားအောင် အိမ်ဖြည့်ခေါ်လာခဲ့ခြင်းဖြစ်သည်။

သို့သော် ...

ဆရာကြီး ဂျိမ်းအဖို့ နတ်ပုရားက လွှတ်လိုက်သည့် တမန်တော်တစ်ပါးဟုပင် သာသာထိုးထိုးကလေး တွေးလိုက်မိသေး၏။ ကိုလေးက သော့ပြင်စားသည့် သော့ကျွမ်းကျင်သူ။ သော့ဝိဇ္ဇာ။ လူမသိ သူမသိ လစ်လျှင်လစ်သလို တစ်ကိုယ်တော်ဖောက်ထွင်းသူပိုးလည်း လုပ်တတ်သေးသတဲ့။ ဟန်ဂေါ့လိုက်ပုံများ။ တိုက်ခန်းသော့ကို သော့တုနဲ့ဖွင့်ပြီးထွက်ပြေးဖို့ နည်းလမ်းကိုစိတ်ကူးရလိုက်ရုံတင်မက သော့ကျွမ်းကျင်သူ ငနဲကလည်း ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာလိုက်ချေသေး။ ကံနဲ့လူ မပူ



နဲ့တဲ့။ ဒီတစ်ချီမှ လွတ်အောင်မကြံနိုင်ရင် ထောင်အုတ်တံတိုင်းကြီးကို ခေါင်းနဲ့တိုက်ပြီး ကိုယ့်ကိုယ်ကို သတ်သေပစ်လိုက်ဖို့ပဲရှိတော့တယ်။ သူ့အတွေးများက တဖြည်းဖြည်း ပီပြင်ကြည်လင်လာလိုက်ပုံများ သူ့မျက်စိထဲ၌ ပြေးလမ်းပြေးပေါက်တွေနှင့် ဉာဏ်ဆင် ဉာဏ်ကစားရမည့် အာဖန်ကီးကွက်များကို 'အကွင်းအကွင်း မုန့်တီဟင်း' သို့ တရိပ်ရိပ်မြင်၍လာ၏။

"ထွန်းကျော်"

"ဗျာ"

"မင်းကို အရေးကြီးတာတစ်ခု ခိုင်းချင်တယ်။ ဖြစ်မလား"

"ဒါလေးများ .."

"ဒါလေးများ လုပ်မနေနဲ့ကွ။ သေရေးရှင်ရေးနီးပါးမို့ သေချာအောင်မေးနေတာ"

"ရော် .. ရပါတယ်ဗျ။ ကဲ .. ဘာလုပ်ပေးရမှာလဲ ပြော"

"လာ .. ဒီနားကိုတိုးခဲ့၊ နံရံတွေမှာ နားရှိသတဲ့။ ကြမ်းကြားလေကြား မဖြစ်ရအောင်ဟာ ဒီနားကိုတိုးလာခဲ့"

"ဘာလဲဗျ၊ ဆရာဂျိမ်းလုပ်တာနဲ့ တင် ကျုပ်မှာ အူယားချင်လာပြီ။ တပ်ကြပ် ဆရာတင့်လွင်ရဲ့ တိုက်ခန်းသော့တွဲကြီးကို ဘက်ကီးရိုက်ပေးရမှာမို့လို့လား .. ဟုတ်လား"

"အေး .. မင်းမဆိုးဘူး၊၊ နားနီးသားပဲ။ ဒါပေမဲ့ အဲဒီလောက်အထိ အရဲကိုးစရာမလိုပါဘူးကွာ။ ဒီမယ်တွေ့လား"

"ဘာတုန်း၊ သပြေညိုဆပ်ပြာတုန်းကြီးကိုလား"

"ဟာ လခွီးတဲ့မှ၊ ငါ နားရင်းအုပ်မိတော့မယ်။ ဒီမှာမြင်လား၊ သပြေညိုဆပ်ပြာပေါ်မှာ ပုံစံယူထားတဲ့ သော့ပုံ။ တွေ့လား"

"ဟုတ်"

"အေး .. အဲဒါကို အပြင်ထုတ်သွား၊ မင်းမိန်းမလက်ထဲအပ်ပြီး ကို



www.burmeseclassic.com

www.burmeseclassic.com



လေးရဲ့ဘော်ဒါ သော့တုသမား ချွတ်ဂရီးဆီပို့နိုင်။ သူ ပုံစံတူလုပ်ပေးလိုက်တဲ့ သော့တုကို မင်းက ထောင်ထဲပြန်သွင်းလာခဲ့။ ၃ ရက်အတွင်း ပြတ်အောင်လုပ်ရမှာနော် ..ဖြစ်မလား''

''ဒါလေးများ ..''

''ဟော့ကောင် ပေါကြောင်ကြောင်လုပ်မနေနဲ့။ ဒီကိစ္စအရေးကြီးတယ်''

''အေးဆေးပါ ဆရာကျိမ်းရ။ စာမဖွဲ့လောက်ပါဘူး။ ကျုပ်က ဘယ်လောက်ကြီးတဲ့ ဟာကြီးများလဲလို့ စိတ်ပူသွားမိသေးတာ။ ဒါလေးလောက်ကတော့ သွားကြားမညှပ်ပါဘူး။ စိတ်ချ။ (၃)ရက်အတွင်း ပွဲပြီးရစေမယ်''

ယခုမှ သိန်းဝင်းရင်ထဲကအောင့်လုံးကြီး ဝုန်းခနဲပြုတ်ကျသွားရတော့သည်။ သူတို့တိုက်ခန်းကို ခတ်သည့်သော့၏ သော့တံပုံစံကို ယူရသည်မှာ မခက်လှ။ အခွံမန္တာရဘဲ ပန်းသီးကို တဂျွမ်းဂျွမ်းကိုက်ဝါးစားရသလောက် နီးနီးလွယ်၏။ တိုက်အင်ချပ်ဆရာကြီး တင့်လွင်က တိုက်ခန်းအထုတ်အသွင်း သော့ဖွင့်သော့ပိတ်ကို ဘယ်သောအခါကမျှမလုပ်။ သူ့တပည့်ရင်း တိုက်တန်းစီး ပီတာကြီးကိုပဲ ယုံယုံကြည်ကြည် မျက်နှာလွှဲထားသည်။ ပီတာက လူပေါ့လူပျင်း။ သော့တွဲနှင့်လူ ဘယ်အခါမျှမကပ်။ ကြုံရာကျပန်း လက်သင့်သည့်သူက ဖွင့်စတမ်း။ သော့တွဲကြီးက သူတို့အခန်းရှေ့ သံတိုင်မှာချည်းအမြဲတစေ တွဲလန်းကြီး။ သည်သော့တွဲကြီးထဲမှ သူတို့တိုက်ခန်းသော့တံကိုရှာ၊ ထောင်ပုံစံအဖြစ် ထုတ်ပေးထားသည့် သပြေညိုဆပ်ပြာပျော့မည်းမည်းပေါ်မှာ အသာဖိချပြီးပြီ။ ဒါပဲ ကိစ္စပြတ်ပြီ။

သို့တိုင် ..တကယ်တမ်းကျ သော့ပုံရရုံနှင့် မပြီးသေး။ ထိုသော့ပုံကို အခြေခံ၍ တိုက်သော့ခလောက်ကို ဖွင့်နိုင်မည့် ချွတ်စွပ်နီးပါးတူသော သော့တူတစ်ချောင်း ဖန်တီးရဦးမည်။ သော့တံကိစ္စကို ကိုလေးက အိုကေဆိုလိုက်၍ ရင်ပေါ့ရင်ချောင်သွားရ၏။

''ဆရာကျိမ်း''

''အေး''

''တကယ်လို့ ..အဲ ..တကယ်လိုလို့ ပြောတာနော်''

''အေးပါ ..ပြော''

''ဆရာကျိမ်းတို့ ချဖြစ်ခဲ့ကြရင် ကျုပ်နဲ့ကိုလေးလည်း လိုက်ခဲ့မယ်နော်။ ကျုပ်တို့ချည်းကော့ ချန်မထားမပစ်ခဲ့ကြနဲ့''

ဗုဒ္ဓေါရေ ..၊ ဆိုင်းမဆင့် ဗုံမပါ ကြိုးဟက်ကြီးနှစ်လုံး အပူးလိုက်ကြီးဝင်ဆောင့်လာချေပြီ။ သူတို့၏ ဇွဲဆော်ဦးအတွေးထဲ၌ သင်းတို့နှစ်ယောက် အလျဉ်းမပါ။ သင်းတို့က ပွဲလုအောင် သုံးပြီး ချကျွေးထားပစ်ခဲ့ရမည့် နယ်ရုပ်ကလေးတွေ။ မည်သို့တွေးတွေး သင်းတို့ ခေါင်းထုပ်နှစ်ကောင် ပါလာခဲ့လျှင် ကန့်လန့်ကန့်လန့်နှင့် ပွဲပျက်ဦးတော့မည်၊ မလိုက်ခဲ့ကြနဲ့ဟု ဘူးခံခဲ့ပြန်လျှင်လည်း ...။

''နေပါဦး ..၊ မင်းတို့က ဘာလုပ်ဖို့ ..''

''အိမ်ကဟာမက ကျုပ်တို့ငှားနေတဲ့ အိမ်ရှင်လူကြီးနဲ့ မရှုပ်မရှင်းတဲ့ဗျ။ ဟိုနားတွေ့ ဒီနားတွေ့တာနဲ့တဲ့။ ဟိုနေ့က ကျုပ်အစ်မက ထောင်ဝင်စာ တကူးတကလာတွေ့ပြီး ပြောသွားတာ။ ပြောသလိုသာ ဟုတ်လို့ကတော့ ဒီဟာမနဲ့ ဒီလူကြီးတော့ မလွယ်ဘူး။ ထွန်းကျော်အကြောင်း သိစေ့မယ်။ လူကြီးက အိုမင်းကုန်းကွ သချိုင်းပဲ ခြေတစ်ဖက်လှမ်းနေပြီ။ ဖွီ ..သောက်ဂန်းမ''

အလားလား။ သူကလည်း သူ့ဒေါသနှင့်သူ။ သူ့ကမ္ဘာတစ်ခြမ်းမီးလောင်နေလေသည်ပဲ။ ဒုက္ခ ..ဒုက္ခ မသိမသာတွေးရင်း ကုလားလေးဘက် မျက်နှာမူရပြန်၏။

''ကဲ ..ကိုယ်တော်မြတ်ကရော ဘာတွေ အရေးတော် ပေါ်နေရပြန်ပလဲ။ မိန့်တော်မူပါဦး''

''ချွတ်ဂရီးက ထောင်ဝင်စာကြုံနဲ့ မှာလိုက်တယ် အစ်ကို။ ခွင်ကြီးတွေ့ထားလို့တဲ့။ တစ်ချီတည်းနဲ့ ဒီတစ်သက် ထိုင်စားကြရုံပဲတဲ့။ အဲ ..လူပ်ရှားတာကျတော့ သူတို့မကျွမ်းကျင်လို့ မလုပ်တတ်ဘူးတဲ့။ ကျွန်တော်ထွက်လာမှ ..

''ကိုင်း ..ကိုင်း ငါနိုင်းတာပဲ အရင်ရအောင် လုပ်ကြည့်ကြပါဦး။ နောင်အခါလာ နောင်ခါဈေး ကြည့်ကျက်လုပ်ကြတာပေါ့။ တစ်တက်စားလည်း ကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်ပဲဟာ ..''

''အိုကေ အစ်ကို''

''အိုကေ''

(၄)

''ထွန်းကျော်''

''ဗျ''

''အခြေအနေ ဘယ့်နှယ့်လဲ''

''အကုန်လုံးတော့ ခလောလေး ကုန်ကြပြီနဲ့ တူတယ်ဗျူ။ တိုက်ခန်းစောင့် ဝါဒါတွေလည်း ဟန်[illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းသလားနေတာတောင်မတွေ့ရတော့ဘူး။ ကင်းစစ်အဖွဲ့တွေလည်း အသံမကြား။ ဟိုဘက်တိုက်ခန်းတွေက ဘော်ဒါဘော်ဂျတ်တွေလည်း ကြားတဲ့အတိုင်းပဲ။ ဟောက်သံတွေ အချီအချပေးပြီး သံပြိုင်ဖြစ်နေကြတယ်။ မိုးဦးကျ ဖားတွေအော်နေသလိုပဲ''

''ဖြစ်ရမယ်လေ ..ဟဲ ..ဟဲ ဟဲ''

အခြေအနေက အားကြီးဂွတ်နေတော့၏။ ထွန်းကျော်၏ လှုပ်ရှားမှုဖြင့် မှုလသော့တံနှင့် မနီးမဝေးစွဲဟူသော သော့တံတစ်ချောင်းက သူတို့လက်ထဲရောက်လာသည်။ ဖွင့်မကြည့်ခဲ့။ ဖွင့်ကြည့်ဖို့လည်းမလို။ သူတို့သော့တံက နဂို သော့တံရုပ်နှင့် တူသည်ဆိုရုံမျှဖြင့်ပင် အလုပ်ဖြစ်ပြီ။ တကယ့်တကယ် ဖွင့်၍ ပြေးကြမည်ဆိုလျှင် မရေမရာ မသေမချာ သော့တုကြီးကို ပုံ၍မယုံရဲ။ ကဂ်က ချောင်ဖြစ်နေခဲ့လျှင် ကြံထားခဲ့သမျှ သဲထဲရေသွန် ရေစုန်မျောသွားနိုင်သည်။ သို့ဖြစ်၍ တိုက်တန်းစီး ပီတာကြီးနှင့် တိုက်အင်ချုပ်ဆရာကြီး တင့်လွင်တို့အလစ်မှာ သူတို့သော့တံအတုကို တကယ့်အစစ်နှင့် လဲ၍ သော့တွဲကြီးထဲ ရောထည့်ထားလိုက်ပြီ။ မနက်ဖြန် ထောင်မဖွင့်မချင်း မည်သူမျှ သိနိုင်တော့မည်မဟုတ်တော့။ သော့တုကြီးက ထောင်မကြီးရှိ သော့သေတ္တာထဲမှာပဲ အိပ်နေပေလိမ့်မည်။ အမှန်အကန် သော့တံအစစ်က သူတို့လက်ထဲမှာ။

သော့တံအစစ်ကို လက်ဝယ်ပိုင်ပိုင် ရပြီးနောက် သူတို့စစ်ဆင်ရေး၏ ဒုတိယအဆင့်ကိုစသည်။

တာဝန်ကြပ် ဒုတိယကြပ် သန်းမောင်အား ကျသင့်ငွေထက် ပိုပိုသာသာပေး၍ မြူလျှက် လက်ဖက်ရည်၊ ပဲပလာတာ၊ အီကြာကွေးများကို ဖောချင်းသောချင်း ဝယ်စေခဲ့ သွင်းစေခဲ့၏။ ''ဒီကနေ့ ကျွန်တော့်ရဲ့ မွေးနေ့လေ ဆရာ။ ကိုယ့်မိကိုယ့်ဖ ကိုယ့်မိသားစုတွေနဲ့ စုစုဝေးဝေး တွေ့ခွင့်မကြုံရတဲ့ အတူတူ ကိုယ့်ဆရာတွေကပဲ အမိအရာအဖအရာပေါ့။ တိုက်ခန်းထဲက ဒုက္ခဖော် ဆင်းရဲဖက်တွေကလည်း ကိုယ့်ညီအစ်ကို မောင်နှမတွေပဲပေါ့။ ဝယ်ပါဆရာ။ ပိုပိုလျှံလျှံ စေ့စေ့ငငရှိအောင်သာ ဝယ်လာခဲ့ပါ။ ထောင်မှူးကြီးရုံးမှာ ကျွန်တော့်ကိုယ်ပိုင်အပ်ငွေ ၂၀၀၀၀/ ကျော်ရှိနေသေးတယ်။ ဒီတစ်ညတည်းနဲ့တင် ကုန်ချင်ကုန်သွားပလေ့စေ။ တာဝန်မှူးနဲ့ တံခါးက ဆရာတွေအတွက်ရော မျှော်စင်ပေါ်က ဆရာတွေကိုရော ပို့ပေးလို့ရအောင် ပိုပိုသာသာဝယ်လာခဲ့ပါ ဆရာ'' ဟူသည့် မြင့်ဆွေ၏ ရှင်ချိုပြုံး ဖွဲ့ဖွဲ့နွဲ့နွဲ့ ရှိုးလုံးရှန်းလုံးနှင့် အမှန်ကျသင့်သည်ထက် ပိုပေးထားသည့် ငွေစက္ကူများက တာဝန်ကြပ်ဆရာသမားအား အာစေးထည့်၍ ဖမ်းစားနိုင်ခဲ့သည်။ အိုကေ ..အိုကေ တဲ့။

သော့တံအတုနှင့်အတူ သွင်းလာနိုင်ခဲ့သည့် အိပ်ဆေးများက ထိုမွေးနေ့လက်ဖက်ရည်ထဲမှာ တပျော်ကြီး ပါသွားလေတော့မည်ကိုမူ ဗေဒင်မေးမကြည့်ဘဲ သိနိုင်၏။

ယခုဖြင့် ညကြီးအချိန်ကောင်း၌ သီးသန့်ထောင်တစ်ထောင်လုံး ငြိမ်လို့။ တုတ်တုတ်မျှမလှုပ်။

''ဘယ်အချိန် ရှိပလဲကွ''

''၂ နာရီထိုးပြီးလို့ ၂ မောင်းခေါက်သွားပြီဗျ''

''သေချာလား''

''ထောင်မကြီးဘက်က ဂါတ်ကြီးရဲ့ မောင်းသံပဲဗျာ။ ဒီမှာတော့ တုတ်တုတ်တောင် ဘယ်သူမှ မလှုပ်ကြတဲ့ဟာ။ ကင်းမောင်းကို ဘယ်လိုခေါက်ကြမှာတုန်း''

''ကင်းစစ်မလာဘူးလား''

''တစ်ယောက်မှ မတွေ့မိဘူး''

''အင်း ..သေချာပါပြီကွာ''

''အင်း''

''ကဲ ..ဟော့ကောင်တွေထကြ၊ လှုပ်ရှားကြစို့။ ဒီအချိန်လောက်ကတည်းက ထွက်သွားနိုင်မှ။ နို့မို့ရင် အပြင်ဘက်မှာ သွားဖို့လာဖို့ အချိန်နည်းသွားလိမ့်မယ်။

''ကဲ ..ဂန်မလားရေ ..ဆော်တော့ကွာ။ ရော့ ..သော့တံ''

''ဟုတ် ..အစ်ကိုကြီး''

''ထွန်းကျော် ..မင်းက တခြားအခန်းတွေကလည်း မရိပ်မိအောင် ဂန်ဖလားဆီက ထွက်လာတဲ့ ချိုးချိုးချွတ်ချွတ်အသံတွေကိုလည်း ဖုံးထားနိုင်အောင် ညကင်းဘာယာသတင်းပို့တာကို မကြာမကြာ အော်ပေးနေ။ ထွန်းကျော်အော်သံစတာနဲ့ ဂန်ဖလားက သော့တံကို ဖွင့်၊ အော်သံရပ်ရင် ခဏနားပြီး ထွန်းကျော် ထပ်အော်တဲ့အထိစောင့်။ ကြားလား ..''

''အိုကေ''

''ကိုင်း''

''၉၅၂၁၊ စီ ၁-၃ ဘာယာထွန်းကျော်၊ ၂ တိုက်၊ ထောင်ပိတ် [illegible] ၃၁ ယောက်၊ အကြောင်းထူးမရှိ၊

www.burmeseclassic.com



"အားလုံးကောင်းများ"

"တောက် ..တောက် .. တောက်"

"တောက် ..တောက် .. တောက်"

ထွန်းကျော်၏ သံရှည်ဆွဲ၍ သတင်းပို့သံအဆုံးတွင် ဘာယာကုလား တက်ခေါက်သံက တတောက်တောက် ဖြင့် နောက်ဆက်တွဲပေါ်လာ၏။ ကင်းစစ်ဝင်သလား။ တာဝန်မှူး၊ တာဝန်ကြပ်လှည့်ကင်းစစ်သလား ဟူသော ထင်တလုံးများကြောင့် အခြားအိပ်ဆောင်များ၊ တိုက်ခန်းများဆီမှလည်း ဘာယာအသီးသီး၏ သတင်းပို့သံများ မြိုင်မြိုင်ဆိုင်ဆိုင်ထွက်၍လာကြပြန်တော့သည်။

"အားလုံးကောင်းများ"

"အားလုံးကောင်းများ"

"အားလုံးကောင်းများ"

(၅)

တစ်ယောက်ပခုံးပေါ်တစ်ယောက် ဆင့်၍ တက်လိုက်ကြ၏။ ငင်တိုတို ပုတိုက်တိုက် တုတ်တုတ်ခဲခဲ ဆရာကြီး ဂျိမ်းက အောက်ဆုံးမှာ။ သူ့အပေါ်မှာ ကြောင်ဘီလူး။ ကြောင်ဘီလူး ပခုံးထက်၌ နတ်ချိုး။ ဆက်ကပ်ထဲမှာ လူပဒေသာပင်သီးနေသလို ဆင့်တက်၍ ထောင်တံတိုင်း အုတ်နံရံကြီးကို လက်နှစ်ဖက်ဖြင့်ထောက်ကာ မတ်တပ်ရပ်လိုက်ကြသည့်အခါ တံတိုင်းကြီးအမြင့်ကိုမီဖို့ ၃ ပေသာသာပဲလိုတော့၏။

"ဂန်ဖလား ..တက်ပေတော့၊ မင်းက လူကောင်သေးတယ်။ ကြိုးစတစ်ဖက်ကိုယူ ယူသွား။ နတ်ချိုးပခုံးပေါ်ရောက်ရင် တံတိုင်းပေါ်က အလွတ်စီထားတဲ့ အုတ်ခဲတွေကို အောက်ပစ်မချလိုက်နဲ့။ ၃ ပေလောက် လှုပ်သာလှည့်သာ ကွက်လပ်ချန်ပြီး တံတိုင်းပေါ်မှာ စီထား။ ကြားလား"

"ဟုတ် .."

"တံတိုင်းဟိုဘက်ကို ကြိုးစပစ်ချတဲ့အခါ အဆုံးထိ မချလိုက်နဲ့။ လူတစ်ရပ်လောက်လွတ်ရင်ရပြီ။ ဒီမှာ နောက်ဆုံးကျန်ရစ်မယ့် နှစ်ယောက်က ဒီဖက်ကြိုးစကို ဆွဲတက်ခဲ့ရဦးမှာ။ သိပြီနော်"

"ဟုတ်"

"ဂန်ဖလားပြီးရင် နတ်ချိုးနဲ့ ကြောင်တက်။ ဟိုဘက်ရောက်ရင် လူစုံအောင် စောင့်နေကြဦးနော်။ သစ္စာမဲ့ပြီး ကိုယ်လွတ်ရုန်းမပြေးကြနဲ့။ သစ္စာဖောက်အတွက် ပြေးစရာမြေကျဉ်းသတဲ့။ မြေလှန်ရှာပြီး သတ်ပစ်မှာ။ တွေ့ရာသင်္ချိုင်း တမဆိုင်းဘဲမောင်။ ပြောလိုက်ပါပေရဲ့"

"ဟုတ် ..အစ်ကိုကြီး"

"ကဲ ..တက်"

"အစ်ကိုကြီး ..ကန်တော့နော်"

"ဟာ ရပါတယ်ကွာ၊ တက်သာတက်ပါ။ အခြေအနေအရပဲ ဥစ္စာ"

"သွားပြီ အစ်ကိုကြီး"

ဂန်ဖလားက လူလုံးလူဖန်ပါးပါးကလေး။ ကြောင်တစ်ကောင်နယ် ဖျိုးဖျိုးဖျပ်ဖျပ် တက်သွားလိုက်သည်မှာ ကြော့လို့။ အိပ်ရာခင်းများကို ဆက်ထုံးထားသည့် ကြိုးစတစ်ဖက်က သူနှင့်အတူပါသွားသည်။ သည်ဖက်က အစတစ်ဖက်ကို ထွန်းကျော်က လူအားနှင့် ဆွဲ၍ထိန်းပေးထားရမည်ဖြစ်၏။ ဤသို့ဖြင့် ထောင်နံရံကြီးကို ကျော်ဖြတ်ရာတွင် ကြိုးစွာအထောက်အပံ့ဖြစ်မည့် ကြိုးလှေကားတစ်စင်း ဘွားခနဲ ဖြစ်လာပေလိမ့်မည်။

ကြိုးစက နှစ်ဖက်သုံးချက် လှုပ်လာ၏။ ဂန်ဖလားက အောက်ကို ဆင်းတော့မယ် ဟုအချက်ပြလိုက်ခြင်း။ သူ့လိုပဲ ကြိုးစကို နှစ်ချက်သုံးချက် ပြန်လှုပ်ပေးလိုက်သည်။

"ကဲ ..ကဲ ကံကောင်းပါစေ ဂန်ဖလားရေ"

တံတိုင်းအပြင်ဖက်ဆီမှ ဖုတ်ခနဲ ခပ်အုပ်အုပ်ခုန်ချလိုက်သည့်အသံကို ကြားရ၏။ ဂန်ဖလားတစ်ယောက်တော့ အောင်ပြီ။ ကဲ ..နောက်တစ်ယောက်။ နတ်ချိုး ..ပြီးလျှင် ကြောင်ဘီလူး(ခ) ကျော်လွင်။ အဆိုင်းအတွမရှိဘဲ သုတ်ခနဲ သုတ်ခနဲ ကြိုးလှေကားကို တွယ်တက်ကာ တစ်ဖက်ကို ဆင်းသွားကြသည်။ ဘုတ် ..ဘုတ်၊ ဟော နှစ်ယောက်စလုံး ဒုတ်ဒုတ်ထိ ဆင်းမိကြပြီထင်သည်။

"ထွန်းကျော်ရေ"

"ဗျာ ..အစ်ကိုကြီး"

"မင်းက နောက်ဆုံးတက်လာခဲ့ရမှာဆိုတော့ အတွင်းထဲက အခြေအနေတွေကို မျက်စိလျှင်ခဲ့ဦးနော်။ အခုအချိန်ထိတော့ အိုကေနေတုန်းပဲ။ အားတင်းထားကွာ။ နောက် ၁၀ မိနစ်လောက်ဆိုရင် တို့ဘဝ လွတ်ပြီ ကျွတ်ပြီကွ ..သိလား။ ကဲ ..ငါသွားပြီ။ အပြင်က စောင့်နေမယ်"

"စိတ်ချ အစ်ကိုကြီး။ အိုကေမှာပါ"

ထွန်းကျော် ပခုံးပေါ်မှထားရင်း



www.burmeseclassic.com

ကြိုးစကိုဆွဲလျက် ဝက်ဝံကြီးတစ်ကောင်လို တွယ်တက်သွားသည်။ သူ့အတွက် ဘောကြီးက အကြီးကြီးမို့ မနည်းကုတ်ကပ်တက်နေရ၏။ ခြေစလက်စရှိသူ အသည်းကြီးသူ ဖွဲကြီးသူမို့သာ။ ကြိုးဖျားတစ်ချက်ခါသွား၏။ ထောင်တံတိုင်းပေါ်ရောက်ပြီ။ ဟိုဖက်ကို ဆင်းတော့မယ်။ ကြိုးစကို ကိုင်ထားဟု သတိပေးလိုက်ခြင်းဖြစ်သည်။ ထွန်းကျော်သည် ပုံစံအခင်းကြိုးစတစ်ဖက်ကို လက်နှစ်ဖက်နှင့် တင်းတင်းဆုပ်ဆွဲ၍ အုတ်နံရံအခြေကို ခြေဖြင့် ထောက်ကန်ထားလိုက်၏။ သူ့ကိုယ်ကောင်ကလေးနှင့် သည်ပုံထိန်းမှပဲ အဆင်ပြေတော့မည်။

ညသည် ငြိမ်မြဲ ငြိမ်သက်လျက်ရှိ၏။ နှင်းတွေက တသဲသဲ။ မှောင်မဲမဲ အမိုက်တိုက်ကြီးသည်လည်း ထူပိန်းစေးပျစ်လျက် ချပ်ခဲကြီးဖြစ်နေဆဲပင်။

"ကိုင်း .. အပျက် အပျက်နဲ့ နှာခေါင်းသွေးထွက်ကိန်းတော့ ဆိုက်ခဲ့ပြီ။ ဘယ်လိုမှ နောက်ပြန်လှည့်ချင်လို့လည်း မရတော့ဘူး။ နေပါဦး .. ငါ လုပ်နေတာတွေ မှန်ရော မှန်ရဲ့လား။ လွတ်ဖို့က ဘာမှကျန်တော့တာမဟုတ်ဘူး။ နောက်ပြီး ချစ်စနီးမက မူမမှန်ချင်ဘူးလို့ဆိုတာကလည်း အစ်မကြီး မဝဲရဲ့ တစ်ဖက်သတ်စကားပဲ။ ဟိုနေ့က သော့နဲ့ပစ္စည်းတွေ လာပို့တဲ့အထိ ကြည့်ရတဲ့ပုံစံကတော့ ပုံမှန်အတိုင်း။ ဘာမှ သရိုးသရီဖြစ်ချင်စရာမရှိပါဘူး။ ငါ့ကို ချစ်ရှာ သံယောဇဉ်ကြီးရှာလို့ပဲ ငါနိုင်းတဲ့ မဟုတ်မဟတ်အလုပ်တွေကို မြွေမကြောက် ကင်းမကြောက် မညည်းမညူလုပ်ပေးနေရှာတာပေါ့။ ဘယ်မိန်းမက ဒီလို အပိုးကျိုးကျိုးလုပ်ပေးမှာတုန်း .. ဝေးသေး။ ချစ်စနီးမို့သာ။ ဟယ် .. ငါ မှားပြန်ပြီနဲ့တူတယ်။

အတွေးတွေဖြင့် အုံ့မှိုင်းလာလျက် ကြိုးစကို ကိုင်ထားသောလက်များပင် အားမရှိချင်သလို ကတုန်ကရင်ကြီးဖြစ်လာသည်။ မိုက်ဖာတ်ကို ဒီမှာတင် ရပ်လိုက်ရကောင်းမလားလည်းအတွေးဝင်၏။

"အို .. မဖြစ်သေးပါဘူး။ တည်မိတဲ့ဘုရား၊ လင်းတနားနား ဖွတ်တွန်းရတော့မှာပဲ။ ခရီးက လွန်ခဲ့ပြီ။ ဖြစ်ချင်ရာဖြစ် ဘရစ်ကွာ။ ချသာချ .. အမေမွေးကတည်း သွေးထဲမှာ ရောနှောပါလာသည့် စိတ်မိုက်က ဖွတ်နှစ်ပစ်လိုက်ဖို့ မြှောက်ထိုးပင့်ကော် မီးထိုးပေး၏။

"ဟင် .. ကြိုးစက ငြိမ်လှချည်ကလား။ ဆရာကြီးကျိမ်း တွယ်ဆင်းသွားတာပဲ အတော်ကြာသွားမင့်ဟာ။ ဒီလူကြီး စိတ်ပဲရှိတော့တာ လူက ခြေတုန်လက်တုန်နဲ့ဖို့ မျောက်လွှဲကျော ကြီးလို တန်းလန်းကြီး ဖြစ်နေမလာ ဘဲ။ မြန်မြန်လုပ်ပါ လူကြီးရာ။ ရင်ဖေ ခုန်လွန်းလို့ကြာရင် ဒီကောင့်ရင်ဘတ်ကြီး ပွင့်ထွက်တော့မယ်။ ဒီအုတ်တံတိုင်းကြီးကို မြန်မြန်ကျော် မြန်မြ ပြေး .. အေးရော"

မျှော်သာမျှော်သည်။ ကြိုးက လှုပ်။ ထွန်းကျော်မှာသာ ဖတ်သော ဖတ်သပ်နှင့် မျှော်မောကြီး။

သည်မှာပင် ...

"တွီ .. တွီ .. တွီ"

"တွီ .. တွီ ."

"မျှော်စင် .. မျှော်စင် .. ဟော မျှော်စင်၊ ထောင်လုန့်သံချောင်းမှေ့စင် ဟော့။ အတွင်းအုတ်တံတိုင်းအခြေကို မီးမောင်းနဲ့ ထိုးရှာကြည့်စမ်း။ မြန်မြန် .. မြန်မြန်"

"ဒေါင် .. ဒေါင် .. ဒေါင်"

"ဒေါင် .. ဒေါင်"

"ဒေါင် .. ဒေါင် .. ဒေါင်"

"တွီ .. တွီ .. တွီ"

"တွီ .. တွီ"

"လေးယောက် မိထားပဟေ့။ အထဲမှာ လူကျန်လိမ့်ဦးမယ်။ ထောင်ဖောက်ပြေးတာ .. ထောင်ဖောက်ပြေးကြတာ"

မြတ်စွာ .. ဗုဒ္ဓေါ။ ရုတ်ချည်းမှာ

---

**တို့ထောင်ထဲမှာ ပြောတတ်ကြတာ တာပေါ်ရေမလျှံနဲ့တဲ့။**
**မင်းတို့က ဒုစရိုက်ပူကြီးကို ပိပိရိရိ ကြံစည်ကြိုးကုတ်နေကြတဲ့ တချိန်တည်းမှာပဲ**
**မင်းတို့ ကျူးလွန်မယ့် ရာဇဝတ်မှုကြီးကလည်း စက္ကန့်နဲ့အမျှ ပြဿနာကြီး ဖြစ်တော့မယ်ဗျို့လို့**
**မိုးလုံးပတ် လှည့်လည်ပြီး အရောင်အရိပ်တွေ၊ အနံ့အသက်တွေ ပေးနေတာကို**
**မင်းတို့က မေ့ထားတတ်ကြတာကိုးကွ ...**



www.burmeseclassic.com

www.burmeseclassic.com





ဇင် သံချောင်းမွေ့သံ၊ ထောင်လှန့်ခေါင်းရာ သံ၊ ထောင်ဝါဒါတွေ အုပ်လိုက်ကြီး ပြေးလာသံတို့က ကမ္ဘာပျက်ခမန်း သောသောရုတ်ရုတ် ဟိန်းဟိန်းညံလာ သည်။ ၁၂ မျှော်စင်နှင့် မျှော်စင် ၁၀ တို့ပေါ်က ထိန်လင်းစူးရှသော ဖြူဖွေး ဖွေး အလင်းတန်းကြီးများကလည်း ထွန်းကျော်အပေါ် တန်းခနဲ စိုက်ဆင်း လာကြ၏။ သွားပြီ ..သွားပြီ၊ ပွဲပြီး သွားပြီ .. ဘဝပျက်ပြန်ချေပေါ့''

သူ့ဘာသာပင် သတိမထားလိုက် မိဘဲ ခြေနှစ်ချောင်းကိုချဲ လက်နှစ်ဖက် ကို မိုးပေါ်သို့ တန်းတန်းကြီး ထောင် ထားလိုက်မိလေ၏။

(၆)

''ဘယ်ဒုစရိုက်သမားမဆို ကိုယ် လုပ်တဲ့အလုပ်ကို ပိရိလှပြီ၊ ဟုတ်လှပြီ လို့ ထင်ကြတာချည်းပဲပေါ့ကွာ။ ဒါပေမဲ့ ဘယ်လောက်ကျယ်တဲ့ ပင်လယ်သမုဒ္ဒ ရာကြီးပဲဖြစ်ဖြစ် အနားသတ်ကမ်းစပ် တော့ဖြင့် ရှိရသေးတာပဲမဟုတ်လား။ ဘာတဲ့ .. တို့ထောင်ထဲမှာ ပြောတတ် ကြတာ တာပေါ်ရေမလျှံနဲ့တဲ့ .. ဟုတ် လား။ အဲဒီအတိုင်းပဲ။ မင်းတို့က မင်း တို့ရဲ့ ဒုစရိုက်မှုကြီးကို ပိပိရိရိ ကြံစည် ကြိုးကုတ်နေကြတဲ့ တချိန်တည်းမှာပဲ မင်းတို့ ကျူးလွန်မယ့် ရာဇဝတ်မှုကြီး ကလည်း စက္ကန့်နဲ့အမျှ ပြဿနာကြီး ဖြစ်တော့မယ်ဖျို့လို့ မိုးလုံးပတ် လည်ညီ သည်ပြီး အရောင်အရိပ်တွေ၊ အနံ့ အသက်တွေ ပေးနေတာကို မင်းတို့က ခံမှုထားတတ်ကြတာကိုးကွ။ ကဲ .. ရှိမ်း ငါပြောတာ မဟုတ်ဘူးလား''

''ဟုတ် .. ဟုတ်ပါတယ် ဆရာကြီး''

မြွေပွေးကြီးဟု နာမည်ကျော်သည့် ထောင်ပိုင်ကြီးက သူ့မျက်နှာ အေးအေးကို ခပ်ခွဲခွဲပြုံးလျက် ထောင် ဖောက်ပြေးခဲ့ကြသည့် အကျဉ်းသား တစ်စုကိုပဲ စူးစူးရဲရဲ ကြည့်နေသည်။

ထောင်ပိုင်ကြီးရုံးခန်း ကြမ်းပြင် ပေါ်၌ ခေါင်းကြီးတွေငိုက်စိုက်၊ ကြက် နာလည်လိမ်ထားသည်သို့ ဇက်တွေ ကျိုးကျလျက် ပုံစံထိုင်နေကြသူ သိန်း ဝင်း(ခ)ဂျက်စီကျိမ်းတို့ငါးဦးသားမှာ ဖွဲ အိတ်ကြီးများ ပစ်ချထားသည့်အတိုင်း အကြံကုန် ဉာဏ်ကုန် လျော့ရိလျော့ ပက်ကြီး။

''သိန်းဝင်းလို ခြံ ခဏခဏခုန် ဖူးတဲ့ နွားသိုး ရောက်လာပတဲ့ဟော့က တည်းက တို့များထောင်ဘက်ကလည်း ဒီအတိုင်း အေးအေးကလေး ထိုင် နေနိုင်ကြပ့်မလားကွာ။ ၂ တိုက်ထဲ ရောက်သွားပြီ။ မြင့်ဆွေတို့ ကျော်လွင် တို့နဲ့ အဖွဲ့ကျနေပြီ၊ ထွန်းကျော်နဲ့ ဂန် ဖလားတို့ပါ တစ်ခန်းတည်းရောက်သွား ပြီဆိုကတည်းက ဘာကိုဦးတည်နေပြီ လဲဆိုတာ တို့က သိတာပေါ့။ ဘယ်နေ့ ဘယ်ရက် .. ဘယ်အချိန်မှာ ဘယ်လို နည်းနဲ့ လုပ်ရှားကြမလဲ မသိသေးပေ မယ့် ထွက်ပြေးဖို့တော့ဖြင့် ကြိတ်ကြံ နေကြပြီဆိုတာ အသိသာကြီး''

''အေး .. ပြေးရင် ဘယ်လို ပြေး မလဲ။ မင်းတို့နေရာမှာ တို့ဆိုရင်ကော ဘယ်လိုစဉ်းစားမလဲ။ တိုက်က တိုက် သစ်ကြီး၊ နံရံဖောက်ဖို့၊ ကြမ်းခင်း ဖောက်ဖို့များ ဖြစ်နိုင်ဖို့ ဝေးပါသေးရဲ့။ အဲဒီတော့ .. တစ်ခုပဲ။ သော့ခလောက် နဲ့သော့တံကို တစ်ခုခုကြံရင် ကြံဖို့ပဲ ရှိတာ။ ဟုတ်ရဲ့နော် ..''

''အတော်လာတဲ့လူကြီး၊ အဲဒါ ကြောင့်လည်း မြွေပွေးဆိုတဲ့ဘွဲ့တစ်လုံး ရထားတာနေမှာ။ ဒီလိုမှန်းသာ ကြိုသိ ခဲ့ရင် ..''

တွေးရင်းတွေးရင်း သိန်းဝင်း ကိုယ့်ကိုယ်ကို ဒေါသပွလာသည်၊ လည်လှ လည်လှနှင့် ချေးပုံကိုမှ တည့်တည့် တက်နင်းမိခဲ့သော သူ့ကံကြမ္မာကို လည်း သူ အရှုံး။ ဘယ်လိုကြံကြံ မ ဟန်နိုင်လွန်းသည့်ကံကိုလည်း မြောင်း ထဲပစ်ချလိုက်ချင်သည်။ ကျန် နလ



www.burmeseclassic.com

www.burmeseclassic.com



ပိန်းတုံးလေးကောင်က ငိုတော့မလို၊ ယိုတော့မလို၊ မျက်နှာကြီးတွေ အိုလျက်။

''အဲဒါကြောင့် . . မင်းတို့ ၂ တိုက်သော့တွေကို ငါကိုယ်တိုင် နေ့တိုင်းစစ်ခဲ့တာ။ ဟော . . ဒီကနေ့ ထောင်ပိတ်အပြီး တာဝန်မှူးက သော့တွေလာအပ်ကရော။ တန်းတွေ့ဝသပဲ ဟေ့။ မင်းတို့အစားထိုးထည့်ထားတဲ့ သော့တူ သော့တုကို။ ကိုင်း . . ဒီကနေ့ ညတော့ဖြင့် မင်းတို့ အလုပ်လုပ်ကြတော့မယ်ဆိုတာ ကျိန်းသေသွားပြီ။ ငါတို့ထောင်ကမောင်တွေဗွ ဘယ်လောက်များ ဝီရိယကောင်း၊ သတိလျှင်ကြမလဲဆိုတာလည်း သိချင်သေးတယ်။ အဲဒါကြောင့် ထောင်ပိုင်လေးရယ်၊ ထောင်မှူးကြီးရယ်ကိုပဲ အသိပေးပြီး သင်တန်းကျောင်းက သင်တန်းသားတွေနဲ့ သီးသန့်ထောင်အပြင်ဘက်က နေကင်းပုန်းဝပ် စောင့်ဖမ်းခိုင်းထားခဲ့တာပေါ့''

သေဟဲ့ နန္ဒိယ၊ တို့တွေကတော့ ကိုယ့်ဘာသာ အဟုတ်ကြီးတွေလုပ်ပြီး သေရေးရှင်ရေး အားကြိုးခဲ့ခဲ့ ကြိုးစားလိုက်ကြရတာ။ ဒင်းကြီးကတော့ ကတွတ်ပေါက်က ကျိုင်းစောင့်သလို အပိုကြီး မိန့်မိန့်ကြီးချောင်းလို့၊ ယသာကြီး . . ၊ ငိုချင်သလို ရယ်ချင်သလို အသက်များပင် ရှူ၍မရချင်။

''အေး . . ငါတို့ ထည့်ပတွက်ခဲ့မိတာက မြင့်ဆွေရဲ့ မွေးနေ့အတွက် ဆိုပြီး ညဘက်ကြီး လက်ဖက်ရည်ထုပ်တွေ၊ မုန့်ထုပ်တွေနိုးသွင်း၊ လက်ဖက်ရည်ထဲမှာ အိပ်ဆေးတွေခပ်ပြီး ငါတို့အဖွဲ့တွေကို နှပ်ချသွားလိမ့်မယ်ဆိုတာပဲ။ ကိုယ့်လူတွေကိုယ် အယုံလွန်ပြီသွားတာကိုးကွ။ အဲဒီအတွက်တော့ မင်းတို့ကို ကျေးဇူးတောင် တင်မိသေးတယ်။ အတွေ့အကြုံ ဒီလောက်များတဲ့ ငါ့လိုလူမျိုးကိုတောင် တစ်ကွက်ကျော့ဖြစ်အောင် ကျော့သွားနိုင်သေးတာ။ နောင်များ ဒီလိုအဖြစ်မျိုး ထောင်သမိုင်းမှာ ထပ်မရှိစေရဘူးပကွာ။ ကဲ . . ကဲ ထောင်ပိုင်လေးတို့က တစ်ယောက်ချင်း လူခွဲစစ်ဆေးပြီး လုပ်စရာရှိကာ ဆက်လုပ်လိုက်ကြဗျာ။ ရဲစခန်းကိုလည်း ကြိုပြီးဖုန်းဆက်ထားလိုက်ဦး''

'''ဟုတ်ကဲ့ . . . စိတ်ချပါ ဆရာကြီး''

''ဩော် . . ထွန်းကျော်ဆိုတာ ဘယ်တစ်ယောက်လဲဟေ့''

''ကျွန် . . ကျွန်တော်ပါ ဆရာကြီး''

''အေး . . ထောင်မှူးကြီးရုံးခန်းထဲမှာ မင်းနဲ့တွေ့မယ့် ဧည့်သည်ရှိသဟေ့။ အဲဒါကို အရင်တွေ့လိုက်ဦး''

''ခင်ဗျာ''

''အေး . . အေး ဟုတ်သားပဲ၊ ဒီလိုကွ တပည့်ရ၊ မင်းတို့ သော့တုကြီးကိုလည်းတွေ့ရော မင်းနဲ့နောက်ဆုံးတွေပြစ်ခဲ့တာ ဘယ်သူတုန်းလို့ ဖော်ထုတ်တဲ့အခါ မင်းမိန်းမ ချစ်စနီးပဲဆိုတာ ပေါ်လာကရော။ အဲဒါကြောင့် ငါ့ထောင်မှူးကြီးကို မင်းမိန်းမနဲ့ သွားတွေ့ခိုင်းခဲ့ပြီး ဖျောင်းဖျလိုက်တဲ့အခါ မင်းတို့အကြံတွေ အကုန်ပေါ်ကုန်ရော ဟေ့။ သူ သိထားသမျှပေါ့လကွာ။ အဲ သူကိုယ်တိုင်လည်း ရဲစခန်းမှာ ဖြောင့်ချက်ပေးမတဲ့။ မင်းမိန်းမရဲ့ တာဝန်သိသိ သတင်းပေးမှုအတွက်ရော မင်းကိုယ်တိုင်က ထောင်တံတိုင်းကြီးအပြင်ဘက်ကို မရောက်ခဲ့သေးတာကြောင့်ရော မင်းရဲ့အပြစ်ဒဏ်ကိုကော့ ပေါ့ပေါ့ခံရမှာပလေ။ ဘာတဲ့ မင်းမိန်းမပြောတဲ့စကား။

''မင်းပြေးတာဟာ ထောင်ထဲကတင်ပြေးတာမဟုတ်ဘူး။ မင်း မိသားစုအသိုင်းအဝိုင်း၊ မင်းကို ချစ်တဲ့ခင်တဲ့လူတွေဆီကပါ ထွက်ပြေးနေတာတဲ့။ ထောင်နည်းနည်းထပ်ကျလိုက်တာက ပြဿနာမဟုတ်ဘူးရယ်။ တစ်သက်လုံးဒုစရိုက်နယ်ထဲကို ဝဲလည်ခတ်ကျွံနစ်ပြီး မြုပ်မသွားရင်ပြီးရောတဲ့။ ကဲ . . တပည့်ရေ . . မင်းမိန်းမ အလီမှာတုံးကလေးဆီ ခဏသွားတွေ့လိုက်ပါဦး''

''ဟို . . အင်း . . အဲ ဟုတ်ကဲ့ ဆရာကြီး''

ထွန်းကျော်မျက်ဝန်းထဲ၌ ကြယ်စင်တွေဖြာလင်းသွား၏။ ရင်တွင် စမ်းချောင်းကလေးတစ်စင်း ငြိမ့်ငြိမ့်အေးအေးဖြတ်စီးသွားသည်။

မေးကြောကြီးတွေ တင်းနေအောင်ထောင်ထလျက် မီးပွင့်မတတ် မျက်လုံးများဖြင့် စူးစူးရဲရဲကြီးစောင့်ကြည့်နေကြသည့် သိန်းဝင်းတို့ လူသိုက်ကို ထွန်းကျော်မမြင်။ ကျောခိုင်း၍ ထွက်သွားနှင့်ပြီဖြစ်သည်။

**ဇေယျမင်းသျှင်**



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com



ကျွန်တော့်ရဲ့နားတွေကို လက်နှစ်ဖက်နဲ့ တင်းတင်းကြပ်ကြပ်ပိတ်ထားမိတယ်။ ကျွန်တော့်ကို ဝိုင်းပြီး ပြစ်တင်ကြမယ့် လှောင်ပြောင်ကြမယ့် စွပ်စွဲကြမယ့် စကားကြမ်းကြမ်းတွေကိုပဲဖြစ်ဖြစ် ကရုဏာသက်ကြမယ့် ဖျောင်းဖျကြမယ့် တီးတိုးတီးတိုး အတင်းဆိုကြမယ့် ဘယ်လိုစကားမျိုးကိုမှ ကျွန်တော့်နားစည်ထဲက မကြားဝံ့လို့ပါဘဲ။

ကျွန်တော့်မျက်လုံးတွေကိုလည်း ပိတ်ထားလိုက်မိတယ်။ ကျွန်တော့်အနီးအနားမှာ ကျွန်တော်နဲ့ မနီးမဝေးမှာ ကျွန်တော်နဲ့ဝေးဝေးမှာ ကျွန်တော့်ကို ဝိုင်းကြည့်နေကြမယ့် နာကြည်းခြင်းတွေ ပြည့်လျှံနေမယ့် မျက်လုံးတွေ၊ ကရုဏာသက်တဲ့ မျက်လုံးတွေ၊ ရွံ့ကြောက်ကြောက်နေမယ့် မျက်လုံးတွေ စိမ်းစိမ်းကားကားမျက်လုံးတွေ၊ ဘယ်လိုမျက်လုံးတွေရဲ့ အကြည့်တွေကိုမှ ကျွန်တော်ရင်ဆိုင်ပြီး မကြည့်ရဲတော့လို့ပါ။

ကျွန်တော့်မျက်လုံးထဲက စီးကျလာတဲ့ မျက်ရည်တွေကို ကျွန်တော် သုတ်ဖယ်မပြစ်နိုင်ဘဲ ခေါင်းကိုသာခါရမ်းရင်း ပတ်ဝန်းကျင်တစ်ခုလုံး ဒါမှမဟုတ် မြေပြင်အနှံ့မှာ ဖိတ်စင်စိုစွတ်စေရင်း ကျွန်တော့်ရဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်လိုမှ ခွင့်မလွှတ်နိုင်တဲ့ ခွင့်မလွှတ်သင့်တဲ့၊ ကျွန်တော် စိတ်လိုလက်ရမရှိဘဲ ကျွန်တော်ကိုယ်တိုင် ကျူးလွန်မိခဲ့တဲ့ ဘယ်လိုမှ ကျွန်တော့်ကိုယ်ကျွန်တော် ခွင့်မလွှတ်နိုင်တဲ့ အမှားကြီးကြီးတစ်ခုအတွက် အသက်ရှူသံတွေ ရပ်ဆိုင်းသွားသည်အထိ ဝန်ချတောင်းပန်နေချင်ပါတယ်။ နောက်တော့ ကျွန်တော် အော်ဟစ်ပြီး တောင်းဆိုနေမိတယ်။

"ကျွန်တော့်ကို ဖမ်းကြပါ၊ မြန်မြန်ဖမ်းကြပါ"

"ကျွန်တော့်ကို တစ်သက်တစ်ကျွန်းသာ ထောင်ချလိုက်ကြပါ။ ဘယ်တော့မှ ပြန်မလွှတ်ပါနဲ့။ သေစားသေစေဆိုလည်း ခံပါ့မယ်။ ကျွန်တော့်ကိုသာ မြန်မြန်ဖမ်းကြပါဗျာ"

ငိုယိုအော်ဟစ်ပြီး ကျွန်တော့်ရဲ့ တောင်းဆိုသံတွေကို ဘယ်နတ်ဘုရားတွေကများ ကောင်းချီးသြဘာပေးပြီး လိုက်လျောကြမှာပါလဲ။

+ + +

"ဟဲ့ . . ဟဲ့ ဒီကလေးနှယ် ဘယ်လိုဖြစ်လာတာလဲဟဲ့"

"အမေရေ . . အမေရေ . . လုပ်ကြပါဦး။ ဟိုမှာ ကျွန်တော့်ကို ခွေးရူးလိုက်ကိုက်နေလို့"

"ဟဲ့ . . ဘယ်မှာလဲ"

အမေ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်ရင်း အမေ့နောက်မှာကွယ်ရင်း စိတ်ဆိုးမာန်ဆိုးပြေးလိုက်လာသော ခင်မှုန်းထံ လက်ညှိုးထိုးပြနေသည့် နေနိုင်အား မိခင်ဖြစ်သူ ဒေါ်ဖြူဖြူ သဘောပေါက်သွား၏။

"ဟောကြည့် . . ဒီကောင်လေး မိမှုန်းကို ဘာတွေစလာခဲ့ပြန်ပြီလဲ မသိပါဘူး"

"ဟဲ့ အကောင်၊ နင် ထွက်လာခဲ့နော်၊ ငါ နင့်ကို အသေရိုက်မှာသိလား"

"ရိုက်လေ . . ရိုက်လို့ရရင် ရိုက်လေ"

ဒေါ်ဖြူဖြူအား ကာဗာလုပ်ကာ ရိုဖြဲဖြဲလုပ်နေသော နေနိုင်နှင့် အိမ်ရှေ့ကြမ်းပြင်တွင် ထိုင်ချလိုက်ပြီး ငိုနေပြီဖြစ်သော ခင်မှုန်းတို့အား ကြည့်ကာ ဒေါ်ဖြူဖြူ အခြေအနေကို ဝင်ထိန်းရတော့၏။

"ကဲ . . နေနိုင်၊ ဘယ်လောက်တောင်များ စလာခဲ့သလဲ၊ ဟိုမှာ ခင်မှုန်း ငိုတောင်နေပြီ"

"အဲဒါလား . . သူ ကျွန်တော့်ကို လိုက်ရိုက်တာ မထိလို့ သူ့ကိုယ်သူ အသုံးမကျမှန်းသိပြီး ယူကျုံးမရဖြစ်ပြီး ငိုချင်းချနေတာ အမေရေ"

"ဟောကြည့် . . ပြောလေ ကဲလေပါလား၊ နင် အဲသည်လောက် အစအနောက်သန်နေရင် တစ်နေ့နေ့ ဒုက္ခတွေ့လိမ့်မယ်နော်၊ ဟင်း ကျပ်ကျပ်သတိထား"

မိခင်၏ ဒေါက်ခနဲ ခေါက်လိုက်သော လက်သံနှင့်ဟောက်သံတို့ကြောင့် နေနိုင် ဖင်ကလေးပုကာ ကုတ်ကုတ်ကုတ်ကုတ်ဖြင့် အခန်းတွင်းသို့ ဝင်သွားလေတော့၏။ ဒေါ်ဖြူဖြူမှာတော့



www.burmeseclassic.com

www.burmeseclassic.com



**အစအနောက်သန်ခြင်း၊ မဆင်မခြင်သော အပြုအမူတို့၏ လမ်းဆုံးရာအရပ်သည် ဝမ်းနည်းကြေကွဲခြင်း၏ အထွတ်အထိပ် ဖြစ်ကြောင်းကို လက်တွေ့ ခံစားလိုက်ရသော နေနိုင်မှာ ရှုးသွပ်စွာ အော်ဟစ်ရင်း...**

ခင်မုန်းကိုချော့ရင်း ဖျောင်းဖျနေရတော့၏။

\+ + +

ခင်မုန်း၊ ခင်မ ဆိုသည့် ညီအစ်မနှစ်ယောက်နှင့် နေအောင်၊ နေနိုင်ဆိုသည့် ညီအစ်ကိုနှစ်ယောက်မှာ ငယ်ငယ်ကလေးဘဝကတည်းက လည်ပင်း [illegible]သင်းခဲ့ကြသည့် တစ်လမ်းထဲသား သူငယ်ချင်းများ ဖြစ်၏။

အရွယ်ရောက်လာပြန်တော့လည်း ကျောင်းတက်လျှင်လည်း အတူတူ၊ သင်တန်းများတက်လျှင်လည်း အတူတူပင်ဖြစ်၍ နှစ်အိမ်တစ်အိမ် ချစ်ခင်ရင်းနှီးနေခဲ့ကြသူများတည်း။ အရွယ်ကလေးများရောက်လာပြန်တော့လည်း အကြီးနှစ်ယောက်ဖြစ်သော ခင်မနှင့် နေအောင်က သမီးရည်းစားဖြစ်ကြပြီး အငယ်နှစ်ယောက်ဖြစ်သော ခင်မုန်းနှင့် နေနိုင်တို့မှာတော့ သမီးရည်းစားတော့မဖြစ်ဘဲ အရင်းနှီးဆုံး၊ အချစ်ခင်ဆုံး သူငယ်ချင်းများသဖွယ် နေထိုင်ကြခြင်းသာဖြစ်၏။

နေနိုင်မှာ အစအနောက် အလွန်သန်ပြီး ခင်မုန်းနှင့်လည်း တကျက်ကျက်။

ထိုသို့ နေရသည်ကိုပင် နှစ်ယောက်စလုံးက ကျေနပ်နေကြခြင်းဖြစ်၏။

* * *

သို့နှင့် ခင်မနှင့် နေအောင်တို့မှာ ကျောင်းပြီးသွားကြပြီဖြစ်သဖြင့် နှစ်ဖက်မိဘအစီအစဉ်ဖြင့် မင်္ဂလာရက်ကို သတ်မှတ်ကြတော့၏။

နေနိုင်တို့အိမ်တွင်ပင် မင်္ဂလာဧည့်ခံပွဲကျင်းပရန် သဘောတူခဲ့ကြပြီး နေနိုင်နှင့် သူငယ်ချင်းများမှာ မမောမပန်းဖြင့် အဖွဲ့လိုက် မဏ္ဍပ်ထိုးခြင်း၊ အခမ်းအနားပြင်ခြင်းများကို ပြုလုပ်နေကြတော့၏။

"ဟေ့ ဟိုကောင်မလေး ဘာအချောင်ခိုနေတာလဲ"

"အောင်မာ .. နေနိုင်အစုတ်ပလုပ်ရဲ့ ငါဒီမှာ မင်္ဂလာကမ်းမယ့်ပန်း



www.burmeseclassic.com

စည်းနေတာ မတွေ့ဘူးလား''

''ပန်းစည်းတာ ညမှလုပ်ရင်ရတယ်။ မနက်မှကမ်းရမယ့်ဟာကို ခုချက်ချင်း ငါ့ဆီလာခဲ့ ငါ နင့်ကို ခိုင်းစရာရှိတယ်''

''အံမယ် .. အံမယ် ကြည့်စမ်း ခွေးစုတ်၊ တင်တင်စီးစီးနဲ့''

''ဘာလဲ မကျေနပ်ဘူးလား၊ ဒါ ငါ့အိမ်နော်၊ ငါ့စကားကိုနားထောင်''

''ဟဲ့အကောင် နင့်အိမ်ကိုလာချင်လွန်းလို့များ လာနေထင်လား၊ ငါ့အစ်မမျက်နှာကြောင့်သာ မကောင်းတတ်လို့ လာကူနေတာသိလားဟဲ့ သေနာကောင်ရဲ့''

''ဟော ပြောရင်း ဆိုရင်း စိတ်က ဖောက်ဖောက်လာပြီ ဖက်ကိုက်တော့တာပဲ''

နေနိုင်စကားကြောင့် ဘေးနားမှ သူငယ်ချင်းများ တဟားဟားနဲ့ ပွဲကျသွားပြီး ခင်မှန်းလည်း ရှူးရှူးရှားရှား ပေါက်ကွဲသွားပါတော့တယ်။

အဲဒီအချိန် သတို့သားလောင်း နေအောင်မှာ ပူစီဖောင်းတွဲများကို မျက်နှာကျက်ပေါ်၌ ပင်အပ်ကလေးများဖြင့် ဖောက်ချည်တွဲနေလေသည်။ သတို့သမီးလောင်း ခင်မမကလည်း စုပုံထားသည့် ပူစီဖောင်းတွဲလေးများအား တစ်တွဲပြီးတစ်တွဲ ယူငင်ပေးနေလေသည်။ မျက်နှာကျက်မှာ အနည်းငယ်မြင့်သည့်အတွက် ခွေးခြေခုံခပ်မြင့်မြင့်ပေါ်တွင် ခြေဖျားကိုပါ ထောက်၍ ချိတ်နေရသည်။

''ဟဲ့အကောင် မပြေးနဲ့နော်၊ နင်တော့ ဒီတစ်ခါမိပြီသာမှတ်''

''ဟား .. ဟား .. ဟား နင်သာမိအောင်ဖမ်းစမ်းပါ။ နေနိုင်ကို မိမှန်းဖမ်းမိရင် ရာဇဝင်လှန်ပစ်မယ်ဟေ့''

တဟားဟားရယ်ရင်း မိမှန်းကို ရှောင်ရင်းတိမ်းရင်း ဧည့်ခန်းထဲထိ ရောက်ရှိလာကြသည်။ မိမှန်းလည်း စိတ်တိုတိုနှင့် လက်ထဲတွင် ဆွဲယူလာသော ပန်းထည့်သည့် ပလတ်စတစ်ဆန်ကာဖြင့် လှမ်းပစ်၏။

''ဟော့ .. ဟေ့ တွတ်ပီလောက်တောင် လက်မဖြောင့်ဘူး''

ပြောရင်း ဆန်ကာလေးအား ခုန်ရှောင်လိုက်ရာ ခြေပြန်အချတွင် အနားသို့လိမ့်လာသည့် ပူဖောင်းအား တက်နင်းမိလေတော့သည်။

နေနိုင်တက်နင်းမိသော ပူဖောင်းမှာ ပေါက်မသွားဘဲ နေနိုင်၏ ခြေထောက်ကိုချော်ထွက်စေကာ ဟန်ချက်ပျက်လျက် နေနိုင်တစ်ယောက် ကော်ဇောခင်းပေါ်သို့ ခြေပြစ်လက်ပြစ် ကျလေတော့သည်။

ထိုနေရာတွင် နေနိုင်၏အနောက်၌ ခွေးခြေခုံအရှည်ပေါ်တွင် ခြေဖျားထောက်ကာ ပူဖောင်းချိတ်နေသော နေအောင်ရှိလေ၏။ ပစ်၍ကျသွားသော နေနိုင်၏ ခန္ဓာကိုယ်ကြီးသည် နေအောင်၏ ခွေးခြေခုံရှည်ကို ဝုန်းခနဲ ပစ်တိုက်မိလေတော့၏။ တစ်ဆက်တည်းမှာပင် ခြေဖျားထောက်၍ ပူဖောင်းချိတ်နေသော နေအောင်မှာ ပက်လက်အနေအထားဖြင့် ကြမ်းပြင်ပေါ်သို့ အုန်းခနဲ နောက်ပြန်ပစ်ကျလေတော့သည်။

''ဝုန်း''

''အား''

''အမယ်လေး .. လုပ်ကြပါဦး''

တစ်အိမ်လုံး ဆူညံ၍ ပွက်လောရိုက်သွားကြတော့သည်။

''ကိုကို .. ကိုကို''

''နေအောင် .. နေအောင်''

ခေါ်သံများကြောင့် ပက်လက်လဲ

ကျနေသော နေအောင်မှာ မျက်လုံးကို

မှေးမှေးဖွင့်ကြည့်လျက် နှုတ်မှတီးတိုး

ရေရွတ်လိုက်၏။

''ခေါင်းထဲမှာ မူးလိုက်တာ''

တစ်အိမ်သားလုံး ပျာယာခတ်

လှုပ်ရှားကြရင်း ဆေးရုံသို့ အမြန်ပို့

နိုင်ခဲ့သော်လည်း အုတ်ဆက်ကို ပြင်း

ထန်စွာရိုက်မိခြင်းကြောင့် နေအောင်

အသက်ဆုံးရှုံးသွားခဲ့ရလေတော့သည်။

နေနိုင်တို့၏ အိမ်မှာ တစ်ထပ်တိုက်

ဖြစ်သောကြောင့် အောက်ကြမ်းခင်း

သည် မာကျောသော သမံတလင်း ဖြစ်

နေသည်မဟုတ်ပါ လား။

အစအနောက်သန်ခြင်း၊ မဆင်

မခြင်သော အပြုအမူတို့၏ လပ်ဆုံးရ

အရပ်သည် ဝမ်းနည်းကြေကွဲခြင်း

အထွတ်အထိတ်ဖြစ်ကြောင်းကို လက်

တွေ့ခံစားလိုက်ရသော နေနိုင်မှာ

သွပ်စွာ အော်ဟစ်ရင်း ထိုနေရာတွင်

ပင် မိမိပါ အသက်ပျောက်သွားချင်

လောက်အောင် ခံစားနေရတော့သ

တည်း။

[illegible]



www.burmeseclassic.com

www.burmeseclassic.com



# မြမြရှိုင်

## သီတာမည်သည်ဆိုသော်လည်း...





www.burmeseclassic.com

ဘဝတစ်ခုကို အစပြုခဲ့ကြသည်။

တစ်ယောက်နှင့် တစ်ယောက် ပေါင်းစပ်ကြသည့်အခါတွင် နှစ်ယောက်တစ်ကမ္ဘာ ဘဝတစ်ခုကိုတည်ဆောက်ခဲ့ကြသည်။ မရိုးနိုင်သောအချစ်ဒဿနကို အင်အားများစွာစုစည်းကြပြီး တစ်ယောက်နှင့်တစ်ယောက် နားလည်မှုကို ယူကြသည်။ ဘဝရှေ့ရေးကို အလေးပေးကာ တွေးတွေးဆဆစဉ်းစားပြီးမှ နှစ်ယောက်အတူ အေးအတူပူအမျှသဘောတူညီမှုရယူကာ ပေါင်းစပ်ခဲ့ကြသည်။ ဆယ်ကျော်သက်အရွယ်မဟုတ်ကြတော့ဘဲ နှစ်ဆယ်ကျော်အစိတ်ပိုင်းအရွယ်လွန်ကာ တစ်ဆိတ်ဟိုင်းရုံမက သုံးဆယ်ကျော်မှ ကံပေါ်ကြသူတွေဖြစ်၍ အချစ်နှင့်တူ သစ္စာတရား မေတ္တာကိုပါ ထပ်ဆင့်ပွားပြီး သမုဒယနယ်အတွင်းသို့ ယုယစွာဖြင့် ခြေချခဲ့ကြသူများပင်။

"မရွှေစင်ကတော့ အဲဒီအိမ်လေးကို သဘောကျတယ်။ မြို့လယ်ခေါင်နဲ့ အလှမ်းဝေးပေမယ့် သွားရေးလာရေးက သိပ်ပြီးခက်ခဲလှတာမှမဟုတ်တာ။ ပေလေးဆယ်၊ ခြောက်ဆယ် ဒီမြေကွက်မှာ အသင့်အတင့်နေပျော်တဲ့ ပျဉ်ထောင်အိမ်လေးလည်းပါတော့ အဆင်ပြေတယ်၊ ရေကိုလည်း လက်ဆွဲတုံကင်နဲ့ ဆွဲလို့ရတယ်။ မီးလည်းပါတော့ ပိုကောင်းတာပေါ့။ ဈေးကလည်း တို့ပေးနိုင်တဲ့ အနေအထားဆိုတော့ ကိုယ်တော့ အဲဒီမြေကို ဝယ်လိုက်ချင်တယ်"

အသက်သုံးဆယ်ကျော် အလယ်တန်းပြဆရာနှင့်ဆရာမဘဝတွင် တစ်ကျောင်းတည်းအတူတာဝန်ကျရာက တွေ့ခဲ့ကြသည်။ မရွှေစင်က အမိအဖမရှိသော မိဘမဲ့ဘဝတွင် ရှစ်တန်းကျောင်းသူဘဝကတည်းက အဖေ့ဘက်မှ အဘွားနှင့်အတူနေလာပြီး ကြီးပြင်းလာခဲ့ရသူ၊ ကြီးဒေါ်အပျိုကြီးတစ်ယောက်၊ ဦးလေး လူပျိုကြီးနှစ်ယောက်၏ ဝေယျာဝစ္စကို တတ်နိုင်သလောက် ဝင်လုပ်ပေးရင်းက တဖြည်းဖြည်း အိမ်၏ ဗာဟီရအားလုံးကို သိမ်းကျုံးလုပ်ရတော့သည်။ ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်းသာ ဘဝကိုနှစ်မြှုပ်ထားခဲ့ရသည်။ ဆယ်တန်းအောင်စဉ်တွင် မူလတန်းပြဆရာမဝင်လုပ်ရင်းက အဝေးသင်မှဘွဲ့ရအောင်သင်ခဲ့သည်။ အလယ်တန်းပြဆရာမအဖြစ် နယ်သို့တာဝန်ထမ်းဆောင်ရန်သွားစဉ် ဖူးစာဖက်ဖြစ်သူ ဆရာကိုထွန်းစိန်နှင့် တွေ့ရလေသည်။

"ကျွန်တော့်မှာလည်း မိဘတွေ မရှိတော့ဘူး။ ဆယ်တန်းကျောင်းသားဘဝမှာ အဖေဆုံးတယ်။ မွေးချင်းလည်းမရှိဘူး။ အိမ်ဆိုင်လေးဖွင့်ပြီး အမေနဲ့ဘဝကိုဆက်ပြီး ရပ်တည်ခဲ့တာ။ ကျောင်းဆရာအဖြစ်လုပ်တော့ အမေလည်း သွားလေရာလိုက်ရတော့ အိမ်နဲ့ဆိုင်ကိုဖြုတ် ရောင်းသင့်တာရောင်းပြီး သားအမိနှစ်ယောက် နေလာခဲ့တာ။ အခုအမေဆုံးတာ တစ်နှစ်ရှိသွားပြီ"

အထီးကျန်နှစ်ယောက်၏ ဘဝအကြောင်းကို တစ်ဦးနှင့်တစ်ဦး တစေ့တစောင်းသိလာကြပြီးနောက် သံယောဇဉ်တံတားခင်းကာ ချစ်ခြင်းကမ္ဘာကို တည်ဆောက်ကြတော့သည်။ နှစ်ယောက်စလုံး ရသမျှလစာကို ခြိုးခြံချွေတာစုဆောင်း အချိန်ယူပြီးမှ လက်ထပ်ယူကြရသည်။ သူငယ်ချင်းတစ်ယောက်၏အိမ်တွင် အခန်းလေးတစ်ခန်းဖွဲ့ကာ တစ်နှစ်လောက်ရသမျှကို စုဆောင်းပြီး အိုးပိုင်အိမ်ပိုင်ဖြစ်အောင် ကြိုးစားကြ လေသည်။

"ကိုထွန်းသဘောကျတယ်ဆိုလည်း ကျွန်မသဘောတူပါတယ်။ ကိုယ့်ရှိတဲ့ အင်အားလေးနဲ့ဝယ်ရတာ အဲဒီနေရာလောက်ပဲရမှာပေါ့"

အိမ်ထောင်သက် ၂ နှစ်သာရှိလာသော်လည်း သားသမီးကမရသေး။ နှစ်ယောက်စလုံးက မိမိတို့၏ မျိုးဆက်ရတနာကို ရယူလိုကြသည်။ မရွှေစင်နှင့် ကိုထွန်းစိန်တို့ ခြံမြေကွက်ကိုဝယ် ပြီးနောက် ထိုနေရာသို့ ပြောင်းရွှေ့ ကြသည်။

"ခြံဝင်းလေးက ကျယ်သား နော်။ မြို့လယ်ခေါင်နဲ့ နည်းနည် အလှမ်းဝေးတာတစ်ခုပဲ။ ခရီးလမ်းက သာတော့ သွားရေးလာရေးမခက်လ တော်သေးတယ်"

ခြံကို အရင်ဆုံးဝါးကပ်တွေဝယ် ကာ လေးဖက်လေးတန် အရံအတာ အဖြစ် ခြံစည်းရိုးကာလိုက်သည်။ ခြံထဲ တွင် မြေဖို့သင့်တာဖို့ပြီး၊ ပျဉ်ထောင် အိမ်လေးကိုလည်း သပ်သပ်ရပ်ရပ်ဖြစ် အောင် ရေနံချေးသုတ်တန်သုတ်၊ တံခါးပြတင်းပေါက် စသည်တို့ကို ပြင် တန်ပြင်ကြသည်။ အိမ်က သုံးပင်အိမ် နှစ်ခန်းဖွဲ့ထား၍ သားသမီးမရှိသေး မရွှေစင်တို့လင်မယားအတွက် ကျယ် နေသလိုပင်။ တစ်ပတ်အကြာတွင် အိမ် မှာနေသားကျလာ၍ ခြံထဲတွင် သူ နေရာနှင့်သူ သီးပင်၊ စားပင်၊ ပန်းပင် တို့ကို စတင်ကာ စိုက်ပျိုးတော့သည်

"ကိုထွန်းရေ .. ဈေးကနေ ကျွန်မ စံပယ်ပင်ပေါက်လေးတွေ ဝယ်လာတယ်။ ဟောဒီ ခြံထောင့်လေး မှာ ချစိုက်ထားလိုက်မယ်။ ကျွန်မက စံပယ်ပန်းကို သိပ်ကြိုက်တာ။ သူက ဖြူဖြူစင်စင်လေးနဲ့ အနံ့မွှေးတာ သိပ် ရင်အေးတာပဲ"

လင်မယားနှစ်ယောက် သီးပင် စားပင်အနေနှင့် ရုံးပတီ၊ ချဉ်ပေါင် ခရမ်းသီးပင်တို့ကို အိမ်ဘေးမြေကွက် အလွတ်တွင် ဘောင်ဖော်ကာ စိုက်ကြ သည်။

မရွှေစင်က ဈေးမှ စံပယ်ပင် ပေါက်နှစ်ပင် ပျိုးထားသည်ကို ဝယ် လာသည်။ အိမ်ရှေ့ခြံထောင့်တွင်ချကာ စိုက်ထားသည်။

"ဒီခြံမြေက မြေသြဇာကောင်း တော့ အပင်တွေဖြစ်ထွန်းတာမြန်မယ် ရေလည်းပေါတော့ အတော်ပဲပေါ့"

လင်မယားနှစ်ယောက်မှာ တစ် ကျောင်းတည်းတာဝန်ကျ၍ အသွား


www.burmeseclassic.com

www.burmeseclassic.com



ပြန်ခရီးက အတူတူဖြစ်သည်။ ကျောင်းမသွားခင် မရွှေစင်ချက်ပြုတ်နေလျှင် ကိုထွန်းစိန်က ခြံထဲရှိအပင်လေးတွေကို တုံကင်ဖြင့် ရေစုပ်တင်ကာ ရေဝဝလောင်းပေးသည်။ ညနေကျောင်းဆင်းလျှင် မရွှေစင်က ရေလောင်း၊ ပေါင်းသင်၊ မြက်နုတ်လုပ်သည်။ ကျောင်းပိတ်ချိန် နွေရာသီတွင် အိမ်ပြောင်းခဲ့ကြသည်။ ယခု ကျောင်းဖွင့်ပြီးနောက် မိုးကျစပြုလာပြီ။ တစ်လ၊ နှစ်လ၊ သုံးလေးလကြာသည်တွင် မရွှေစင်စိုက်ပျိုးထားသော စံပယ်ပင်အပေါက်တွေမှာ စံပယ်ပင်အရွက်ဖားဖား စိမ်းစိမ်းစိုစိုဖြစ်လာသည်။

''စံပယ်ပင်က အဖူးလေးတွေထွက်လာလိုက်တာ အားရစရာပဲ''

စံပယ်ပင်က တဖြည်းဖြည်း အပင်သန်လာသလို အဖူးလည်း ဝေလာသည်။ ပထဆုံးပွင့်လာသည့် စံပယ်ပွင့်ဖွေးဖွေးမွှေးမွှေးတို့မှာ အပွင့်သေးနေသည်။ လေသင့်လျှင် ပိုပြီးရနံ့မွှေးသော ခြံဝင်းတစ်ခုလုံး ကြိုင်သင်းနေသော ညဘက်လရောင်က စံပယ်ပင်ပေါ်သို့ဆင်းကျလာလျှင် မြရွက်လွှာနုနုလေးများပေါ်တွင် ပုလဲလုံးလေးများ စီအရီတင်ထားသလို ထင်ရသည်။

''ကျွန်မ ခြံထဲက ပထမဆုံးပွင့်တဲ့ စံပယ်ပန်းလေးတွေ ဘုရားကပ်ထားတာ သပ္ပာယ်လိုက်တာ။ ရှိခိုးလို့ကိုမဝဘူး။ ရင်ထဲမှာလည်း ကြည်နူးမိတယ်''

ကြာလာသည်နှင့်အမျှ စံပယ်ပင်မှ စံပယ်ရုံကြီးဖြစ်လာသည်။

''ဆရာမရေ ..မနက်ကို ပန်းလာယူမယ်''

အသီးအနှံပင်၊ ဟင်းသီးဟင်းရွက်ကို စိုက်ပျိုးထားသည့်အတွက် ဟင်းဖိုးချောင်ဟင်းချက်စရာအတွက် သက်သာသည်။ ယခု စံပယ်ပန်းပင်က ပွင့်တွေ ဝေဝေစီစီ၊ လှိုင်လှိုင်ပွင့်လာ၍ လက်မနိုင်အောင် ခူးရသည်။ မနေကတည်းက ပွင့်လုနီးနီး စံပယ်ပန်းတွေခူးထားပြီး ကျောက်ချဉ်ရည် ပက်ထားလိုက်သည်။ ညပိုင်းရောက်ခါနီးတွင် ပုတ်ပြတ်နှင့်လာဝယ်သော ကလေးမလေးကို ဆန်ခါလိုက်ပေးလိုက်သည်။ အပွင့်အရေအတွက်ပေါ်မူတည်ပြီး တစ်နေ့လျှင် ဝင်ငွေက ငါးဆယ်နှင့် တစ်ရာအကြားရှိသည်။ နောက်ပိုင်း ကိုယ်တိုင် အဖူးအငုံတို့ကို ခူးစရာမလိုတော့ဘဲ ဝယ်သူကိုယ်တိုင်ခူးပြီး သူ့ပေါက်ဈေးနှင့်သူ ပိုက်ဆံပေးသွားသည်။

''ကျွန်မတော့ စံပယ်ပန်းတွေရောင်းရတဲ့ငွေဟာ အပိုဝင်ငွေဖြစ်လို့ သပ်သပ်ပဲ စုထားလိုက်တယ်။ နောက်ကျရင် ကျွန်မတို့ဆီမှာ ဧည့်သည်က လာဦးမယ်လေ''

စံပယ်ရုံကို ရေလောင်းရင်း မရွှေစင်က သတင်းစာထိုင်ဖတ်နေသော ကိုထွန်းစိန်ကို လှမ်းပြောလိုက်သည်။

''ဘယ်ကဧည့်သည်လာမှာလဲ၊ မင်းရဲ့ဆွေမျိုးလား''

''ကိုထွန်းနဲ့ကျွန်မရဲ့ အရင်းနှီးဆုံးဧည့်သည်လေးပေါ့''

မချိုမချဉ်မျက်နှာလေးနှင့် အပျိုစင်မျက်နှာလေးလို ပါးပြင်မို့မို့မှာ ရှက်သွေးစို့ပြီး မဆိုတရို့ပြောလိုက်တဲ့ မရွှေစင်ရဲ့ဟန်အမူအရာကိုကြည့်ကာ ကိုထွန်းစိန်သဘောပေါက်နားလည်သွားသည်။ ဖတ်လက်စ သတင်းစာကိုချထားပြီး မရွှေစင်၏အနားသို့ အပြေးလာခဲ့သည်။

''မရွှေစင် ..မင်း ..တကယ်ပြောနေတာလား''

အိမ်ထောင်သက် လေးငါးနှစ်အကြာ အသက်လေးဆယ်ကျော်မှ ကံပေါ်လာသည့်အဖြစ်၊ ရင်ထဲတွင် ထူးထူးကဲကဲပျော်ရွှင်ကြည်နူးသောဝေဒနာ၊ သို့မဟုတ် ဝမ်းမြောက်ရွှင်လန်းစွာ ခံစားရသောပီတိတို့က ရင်ထဲတွင် ရိုက်ခတ်လာသည်။ လောကတစ်ခွင်လုံးကို ထွန်းစိန်တစ်ယောက်သာလျှင် မဟာကံထူးရှင်အဖြစ် တင်စားလိုက်သည်။

''ဟုတ်တယ်ကိုထွန်းရဲ့၊ မသေချာသေးလို့မပြောတာ။ မနေ့က ဆေးခန်းကိုသွားပြတော့ ဆရာဝန်မလေးက သေသေချာချာစမ်း၊ ဆီးတို့ သွေးတို့လည်း စစ်ဆေးပြီးပြီ။ ကလေးရှိတာ သေချာတယ်တဲ့''

ဖြူဖြူသန့်သန့် ယဉ်ယဉ်ခန့်ခန့်လေးနှင့်ရှိသည့် ဇနီးမရွှေစင်ကို သေသေချာချာကြည့်လိုက်သည်။ ဆံစမခြောက် မျက်တွင်းဟောက်သည်ကို မကြည့်တတ်သေးသော်လည်း ခါးသေးသေးနှင့် ချပ်ချပ်ရပ်ရပ်ရှိလှသော ဝမ်းဗိုက်လေးမှာ ခပ်အစ်အစ်စူစူပွံ့ပွံ့လေးဖြစ်နေပြီ။ နေပူခံတဘက်ဖြူကို ခေါင်းပေါင်းထားသည်က ယဉ်စစရှိလှသည်။

''ကိုယ်ဝမ်းသာလိုက်တာ မရွှေစင်ရယ်၊ တို့ဘဝထဲကို အဖော်လေးတစ်ယောက်ရောက်လာတော့ ပျော်စရာအသွင်နဲ့ ပြည့်စုံလာပြီ''

မျက်နှာသုတ်ပုဝါ တဘက်အဖြူကို ခေါင်းတွင် နေပူခံအောင်အုပ်ပေါင်းထားကာ ထဘီတိုတို၊ ရေစိုစိုနှင့် ဝတ်ထားသည့် မရွှေစင်ကိုကြည့်ရသည်မှာ သူ့စပယ်ပင်များပေါ်တွင် ကျေနပ်ပီတိဝေနေသည်။ စံပယ်ပင်ကလည်း အပင်ပွားမြန်လှသည်။ ရေနိုင်၍ထင်သည်။ ခြံစည်းရိုးထောင့်တွင် စိုက်ထားရာမှ ယခုခြံစည်းရိုးထောင့်တွင် စိုက်ထားရာမှ ယခု ခြံစည်းရိုးတစ်ဝက်မက စံပယ်ပင်မှ စံပယ်ပွင့်တွေ လှိုင်နေသည်။ ကိုထွန်းစိန်ပုံစံက အသားညိုညို၊ ကိုယ်လုံးပြန့်ပြန့်၊ အရပ်အမောင်းခံ့ထည်ထည်၊ ဆံပင်က အမြဲခေါင်းတုံးဆံတောက်ပုံစံယူထားသည်။ မျက်လုံးမျက်ဖန်နှာတံက ယောကျ်ားပီသသောအသွင်။ နေရင်း ..နေရင်းက ပျဉ်ထောင်အိမ်လေးကို လိုအပ်တာလေးတွေ ပြုကာပြင်ကာနှင့် လုပ်လာခဲ့ရာ အိမ်လေးမှာ တောင့်တောင့်သပ်သပ်ရပ်ရပ်ရှိလာသည်။

''အလေးအပင်တွေ မ မနေနဲ့မရွှေစင်ရယ်၊ ထမင်းချက်၊ ဟင်းချက်တဲ့ အလုပ်ပဲလုပ်ပါ။ မင်းက ပင်ပင်ပန်းပန်းလုပ်ရင် ခဏခဏမောတတ်ပါဘိနဲ့''



www.burmeseclassic.com

www.burmeseclassic.com



"အသက်လေးရလာတော့လည်း ဒီလောက်တော့ရှိမှာပေါ့။ လာမယ့် သီတင်းကျွတ်ဆို ကျွန်မအသက်က လေးဆယ့်ငါးနှစ်၊ ရှင်က ငါးဆယ်ရှိပြီ။ ဘာပဲပြောပြော ကျန်းမာရေးကိုတော့ ဂရုစိုက်ရမှာပဲလေ"

ကိုထွန်းစိန်ပြောသလိုပင် မရွှေစင်၏ ကျန်းမာရေးက တစ်ခါတလေ သိပ်အားမရ။ ဘာမဟုတ်တာလေးနှင့် အသက်ရှူကျပ်ပြီး မောချင်မောလာသည်။ တစ်ခါတစ်လေတော့လည်း ကိုယ်လက်လှုပ်ရှားမှုနည်း၍လားမသိ။ ခြေဆစ်လက်ဆစ်ကလေးတွေက တဆစ်ဆစ်နှင့် ကိုက်ချင်လာသည်။ ဘယ်လိုပင်နာနာ၊ မောမော၊ ကိုယ့်ဝင်း၊ ကိုယ့်ခြံ၊ ကိုယ့်အိမ်လေးက သပ်သပ်ရပ်ရပ် နေချင်စဖွယ်မို့ စိတ်ချမ်းသာမှုတော့ရှိလေသည်။

ကိုယ်ဝန်က လရင့်လာသည်နှင့်အမျှ မရွှေစင်၏ ကျန်းမာရေးကလည်း ပိုပြီးချူချာလာသည်။

"အသက်ကြီးမှ ကလေးရတော့ ကျန်းမာရေးကို ပိုပြီးဂရုစိုက်ရမယ်။ ဗိုက်ခွဲပြီး မွေးတန်မွေးရလိမ့်မယ်"

သားဖွားမီးယပ်ဆရာဝန်နှင့် သေသေချာချာအပ်နှံပြီး ကလေးမီးဖွားရန်အတွက် စီစဉ်ရသည်။

"ငွေကြေးအတွက် ဘာမှမပူနဲ့ မရွှေစင်၊ မင်းရဲ့စပယ်ပင်က ဝင်ငွေတွေ စုထားတယ်မဟုတ်လား"

"ငွေကြေးအတွက် ဘာမှမပူပါဘူး၊ ဗိုက်ခွဲပြီးမွေးရတော့ လေးငါးလလောက် ကျွန်မ အလုပ်ကို နိုင်နိုင်နင်းနင်းမလုပ်နိုင်သေးရင် ကိုထွန်းပင်ပန်းမှာစိုးလို့ပါ"

"ဘာမှစိတ်ထဲမှာ မထွေးနဲ့၊ ဒီစံပယ်ပင်နဲ့ ဒီခြံမြေလေးက ကိုယ်တို့အတွက် အင်မတန်အကျိုးပေးတာ"

အမှန်ပင်အကျိုးပေးသော စံပယ်ရုံကြီးဖြစ်သည်။ မရွှေစင်၏ မီးဖွားစရိတ်သည် နှစ်နှစ်တာမျှစုထားသည့် စံပယ်ပန်းဖိုးမှရသည့် ဝင်ငွေနှင့် အဆင်ပြေသွားသည်။ မီးဖွားပြီး ဗိုက်ခွဲမွေးထားရသည့်အခြေအနေကြောင့် နှစ်လသုံးလအတွင်း အလေးအပင်မခြင်း၊ ခပ်ကြမ်းကြမ်းလမ်းလျှောက်ရသည်တို့ကို မလုပ်နိုင်သေး၍ ကိုထွန်းစိန်ကပင် အားလုံးကို သိမ်းကျုံးလုပ်ရသည်။ အသက်ကြီးမှ သွေးဆုံးခါနီးနှောင်းမွေးလေးဖြစ်သည့် သားလုရတနာအပေါ်တွင် လင်မယားနှစ်ယောက်စလုံး၏အချစ်က သည်းတုန်အူတုန်ဖြစ်သည်။ သားလေးမွေးပြီးနောက် မရွှေစင် ကျန်းမာရေးက ပိုပြီးနွမ်းလျလာသည်။ သန်းလန်းဆန်းဆန်းအနေအထားတွင် ဟန်ဆောင်လို့မျှ မနေနိုင်တော့ဘဲ လူနှင့်ဆေးမပြတ်ရလေအောင် ဆောင်ထားရသည်။

"အကယ်၍များ ကျွန်မကအရင်ခရီးသွားရခဲ့လျှင် ဒီစံပယ်ပင်လေးကို အမြဲတမ်းရှင်သန်နေအောင် ဂရုစိုက်ပါ။ သားနဲ့ဒီစံပယ်ပင်ဟာ ကျွန်မအမြတ်နိုးဆုံးပါ"

အပင်ရေမလောင်းရလျှင် စိတ်ထဲတွင် တစ်ခုခုလိုအပ်နေသလို ခံစားရသည်။ အိပ်ရာထဲတွင် လှဲနေရသော်လည်း မရွှေစင်၏စိတ်က သားလေးနှင့်စံပယ်ပင်တို့အပေါ်တွင် ရှိနေသည်။

သားလေး၏နောင်ရေးအတွက် စံပယ်ရုံမှ စံပယ်ပင်ဖွေးဖွေးတို့မှရလာသည့်ငွေကြေးကို သပ်သပ်ဖယ်ကာ စုထားခဲ့သည်။ သောကြာသားဖြစ်၍ သားလေး၏နာမည်ကို အဓိပ္ပာယ်အပြည့်အဝနှင့် သုခပြည့်စုံဟု အမည်ပေးခဲ့သည်။

အဖျားဆွတ်ခေါ်သည်ကား သားလေးပြည့်စုံဖြစ်သည်။ အသက်ငါးဆယ်မှာပင် မရွှေစင် ဆေးပင်စင်ယူလိုက်သည်။ သားလေးပြည့်စုံလည်း ကျောင်းစတက်ရပြီ။ ကိုထွန်းစိန်ကမူ အလယ်တန်းပြမှ အထက်တန်းပြဖြစ်သွား၍ မူရင်းကျောင်းမှ တခြားနယ်မြေ အထက်တန်းကျောင်းသို့ ပြောင်းရမည်။ သားလေးပြည့်စုံကို ကျောင်းပို့ကြိုတာဝန်က မရွှေစင်တွင် လုံးလုံးတာဝန်ဖြစ်သွားသည်။ ရပ်ကွက်တွင်းရှိ မူလတန်းကျောင်းကအိမ်နှင့်သိပ်မဝေးလှ၍ ကျောင်းပို့ကျောင်းကြိုအတွက် သိပ်ပြီးမပင်ပန်းလှ။ ခင်ပွန်းသည် ကိုထွန်းစိန်အတွက်သာ တစ်နေကုန်ကျောင်းဖြစ်၍ မနက်မသွားခင် အဆာပြေစားရန်၊ ကျောင်းရောက်လျှင် နံနက်စာစားရန်အတွက် အလျဉ်မီအောင် ထမင်းဟင်းထချက်ရသည်။

"ညနေစာကို ကို ပြန်အလာစောင့်ပြီးမစားနဲ့နော်၊ သားရောမင်းပါ ဆာရင် စားသာစားနှင့်၊ ကလေးတွေကို စာပြပေးနေရတော့ အပြန်နောက်ကျမယ်။ ကားကလည်း နှစ်ဆင့်စီးရတော့ မိုးချုပ်တယ်၊ မစောင့်နဲ့"

ငွေပိုငွေလျှံလေးရအောင်လည်း တစ်ဖက်က ရှိုးသားစွာရှာဖွေရသည်။ မြို့ထဲမှနေ အိမ်ကိုပြန်ရသည့် ခရီးလမ်းက အနည်းငယ်လှမ်း၍ အမြဲတမ်းအိမ်ပြန်နောက်ကျတတ်လေသည်။

သားလေးပြည့်စုံ ဒုတိယတန်းရောက်သည့်နှစ်တွင် မရွှေစင်၏ ကျန်းမာရေးက ပိုပြီးဆိုးလာသည်။ နှလုံးရောဂါဝေဒနာဖြစ်၍ အားအင်ကုန်ခန်းမောပန်းရသည့်အထဲ ကြောက်စရာရောဂါဆိုးဖြစ်သည့် သားအိမ်ကင်ဆာရောဂါက ထပ်တိုးလာသည်။ အသိနောက်ကျသည့်အချိန်တွင် ဝေဒနာခံစားရပြီ။ ပထမဆုံး အစားအသောက်ပျက်လာသည်။ တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို နာကျင်ကိုက်ခဲပြီး ခြေလက်ပင် မသယ်ချင်တော့။

"ကိုထွန်း . . ကျွန်မရဲ့အခြေအနေကို ကျွန်မသိပါတယ်။ ဘယ်လိုမှ စိတ်မကောင်းမဖြစ်ပါနဲ့၊ ကိုထွန်းနဲ့ ကျွန်မတို့ရဲ့ ဆုံလာရတဲ့ ကံကြမ္မာ ကုန်ပြီလို့ပဲ သတ်မှတ်လိုက်ပါ။ ကျွန်မရဲ့သားလေးကို ပညာတတ်၊ သူ့ဘဝအရေးတိုးတက်အောင် ပြုစုပျိုးထောင်ပေးပါ ကိုထွန်းရယ်။ ဒီစံပယ်ပန်းလေးတွေ အဆင်သဖြင့် မွေးပျံ့ကြိုင်သင်းနေအောင် စောင့်ရှောက်ပါနော်"

မိမိကျန်းမာရေးအခြေအနေကို သိလာပြီး နောက်ဆုံးခွဲခွာမည့်အချိ



www.burmeseclassic.com

www.burmeseclassic.com



အခါကို စောင့်ရင်း ခင်ပွန်းသည်ကို အထပ်ထပ်အခါခါ မှာကြားနေသည်။ တရားသဘောကို နှလုံးသွင်းသော်လည်း သောကအပူမီးက မအေးငြိမ်းနိုင်။ ငယ်ရွယ်လွန်းသေးသည့် သားနှင့်ငါးဆယ်ကျော်ခြောက်ဆယ်နီးပါးရှိပြီဖြစ်သော ခင်ပွန်းသည်တို့ကို ထာဝရကျောခိုင်းရမည်ကို သိလေလေ တွယ်တာမှုသံယောဇဉ်မီးကတရှိန်ရှိန်တောက်လောင်နေသည်။

"ကျွန်မ စိတ်ချပါရစေနော်"

ဘယ်လိုပင်တင်ထားသော်လည်း မရဏမင်းက မိသားစုချစ်ခြင်းကို ခွင်းကာ ထာဝရကျောခိုင်းစေခဲ့သည်။

"မရွှေစင် ‥ မရွှေစင်"

ရင်မှာသိမ့်သိမ့် တစိမ့်စိမ့်နာကျင်သော လွမ်းမောမှုသောကဝေဒနာကို ခံစားရင်း မရွှေစင်၏ ရုပ်အလောင်းပြာကျသည်အထိ မျက်ရည်တစိမ့်စိမ့်ပါးပြင်နှစ်ဖက်အပေါ် စီးကျလျက် သားငယ်ကို ရင်မှာပိုက်ကာ အားရအောင်ငိုရှိုက်မိတော့သည်။

ꩤ ꩤ ꩤ

သုခပြည့်စုံ ဆယ်တန်းအောင်သည့်နှစ်တွင် ဦးထွန်းစိန် ဝန်ထမ်းဘဝမှ ပင်စင်ယူသည်။ အသက်ခြောက်ဆယ်ပြည့်ပြီဖြစ်သော်လည်း စာအသင်အပြကောင်းသောကြောင့် အထက်တန်းကျောင်းသူကျောင်းသားတို့ကို သိပ္ပံဘာသာတွဲနှင့် ကျူရှင်ဆက်ပြီးပြရလေသည်။ ထို့ကြောင့် သားဖြစ်သူပြည့်စုံ ကျောင်းဆက်ပြီးတက်ရာတွင် ငွေကြေးအကျပ်အတည်းမဖြစ်ပေ။ စံပယ်ပင်ကိုလည်း သေသေချာချာ ဂရုတစိုက် ရေမှန်မှန်လောင်းသဖြင့် စံပယ်ပန်းဖိုးကလည်း အပိုဝင်ငွေမှန်မှန်ရသည်။

"ဆရာဦးထွန်းစိန်တို့များ သားကိုချစ်တာ ပြောကိုမပြောချင်ဘူး။ ဂရုစိုက်တာ ဘယ်သူမှ လိုက်မမှီသလို အစစအရာရာ သားလေးကိုသာ အဓိကထားပြီး စဉ်းစားတာ"

"မုဆိုးဖိုဘဝနဲ့ သူပဲအဖေ၊ သူပဲအမေလုပ်ပြီး ဒီကလေးကို စောင့်ရှောက်ရတာ နည်းတဲ့တာဝန်မှမဟုတ်တာ"

ပတ်ဝန်းကျင်က ပြောစမှတ်ဖြစ်လောက်အောင်ကို သားလေးပြည့်စုံအပေါ် အဖေ့မေတ္တာအပြင် အမေ့မေတ္တာပါ ထပ်ဆင့်လောင်းပြီး လူမမယ်ဘဝကနေ ယခုလိုဘွဲ့ရသည်အထိ စောင့်ရှောက်ခဲ့ရသည်။ သားငယ်ငယ်ကတည်းက ကိုယ်တိုင်ဈေးဝယ်၊ ချက်ပြုတ်ပြီး သားစိတ်ကြိုက်ကျွေးခဲ့သည်။ အရွယ်ရောက်လာလျှင် သားလူပျိုပေါက် ကျောင်းတက်နေစဉ် ရှိရှိသမျှအဝတ်ပုဆိုးကို အမျိုးမျိုးဝတ်ဆင်ရအောင် မိမိက တစ်ပတ်ရစ်၊ တစ်ပတ်နွမ်းကိုသာဝတ်ပြီး သားလေးအတွက်သာ သစ်လွင်တောက်ပစေသည်။ သားအဝတ်အစားကိုလည်း ကိုထွန်းစိန်ကိုယ်တိုင် ဖွပ်လျှော်၊ မီးပူတိုက်ပေးသည်။

"ဖေကြီးအတွက်က မလိုဘူးသားရဲ့၊ အဘိုးကြီးဖြစ်နေပြီ ဘာဝတ်ဝတ်ဖြစ်တယ်"

အစစအရာရာ အနွံတာခံပြီး သားကိုပြုစုခဲ့သည်။ သားလေးပညာစုံ၊ ဘွဲ့ရပြီး နောက်ထပ် ဒီပလိုမာသင်တန်းတွေ တက်နိုင်းသည်။ သို့မှသာ လျှင် မည်သည့်ဌာန၊ ကုမ္ပဏီတွင် အလုပ်ဝင်လုပ်လုပ် သူများနဲ့တန်းတူယှဉ်လိုက်လျှင် နှာတစ်ဖျားသာ တစ်ပန်းသာစေရမည်။ သားအပေါ်တွင် မျှော်လင့်ချက်၊ ရည်ရွယ်ချက်တွေ အများကြီးထားသည်။ ပတ်ဝန်းကျင်တွင်လည်း သားလိမ္မာကြောင်း၊ စာတော်ကြောင်းကို မမောနိုင်၊ မပန်းနိုင်ပြောရသည်။ မျှော်လင့်ချက်တွေ တစ်ပုံတစ်ပင်နှင့် ကိုထွန်းစိန်၏ ဘဝကို ရှင်သန်စေသည်။

"သားနဲ့စံပယ်ပင်ဟာ ကျွန်တော့်ဘဝပါပဲဗျာ"

အပေါင်းအသင်း အသိုင်းအဝိုင်းအလယ်တွင် သားလေးနှင့်ပတ်သက်ပြီး ဂုဏ်ယူပြောရတာအမော။

"သားလေးအလုပ်ရလို့ အဆင်ပြေရင်တော့ ကျွန်တော်လည်း ကျူရှင်ပြတာတွေက အနားယူတော့မယ်။ အသက်ကြီးလာလို့လား မသိဘူး သွားရလာရတာမောလာပြီ"

"သားအဖနှစ်ယောက်တည်းဖြစ်ပြီး အိမ်ပိုင်ရာပိုင်လည်းရှိ၊ ခြံထွက်ပန်းပင်ကလည်း အပိုဝင်ငွေလေးရှိတော့ အဆင်ပြေပါတယ်ဗျာ"

မိတ်ဆွေအပေါင်းအသင်းတွေကလည်း အားပေးစကားပြောကြသည်။ တစ်ဦးတည်းသောသားလေးအပေါ် ပုံပြီးချစ်ခဲ့ရသည့် သူ့မေတ္တာအကြွေးကို သားက နားလည်ပြန်ဆပ်လိမ့်မည်ဟု သူယုံကြသည်။ အစားအသောက်က အစ သားကိုသာ ဦးစားပေးသည်။ သားမျက်နှာညှိုမှာကို တစ်စွန်းမျှပင်အရိပ်တကြည့်ကြည့်နှင့်သာရှိသည်။ သားစိတ်ချမ်းသာရမည်။ သားပျော်ရွှင်မည်ဆိုလျှင် ဘယ်လိုပင် ပေးဆပ်ရပေးဆပ်ရ။

"အဖေ့ကို သားအသိပေးစရာတစ်ခုရှိတယ်အဖေ၊ သားပြောတာကို သေချာနားထောင်ပေးပါနော်"

အလုပ်ဝင်ပြီး ရက်မကြာမီ သားက ကိုထွန်းစိန်ကို စကားဆိုလာသည်။ ကျူရှင်လည်းမပြတော့ဘဲ အိမ်မှာနေပြီး သားကိုသာ ဂရုစိုက်နေသည်။ သားစားဖို့ ချက်ပြုတ်ပေး။ ဖွပ်လျှော်ပေးသည်။ အလုပ်တစ်ဖက်နှင့် သားပင်ပန်းမည်ကို အလွန်စိုးရိမ်သည်။ မရွှေစင်ကို ပေးခဲ့သည့် ကတိအတိုင်း စံပယ်ရုံကိုလည်း ရေမှန်မှန် ဂရုစိုက်လောင်း၍ စံပယ်ဖွေးဖွေးက ငွေကြေးအတွက် အပိုအလိုကာမိနေသည်။ သားပြောလာမည့်စကားကို ကိုထွန်းစိန်က နားစိုက်ထောင်နေသည်။ ခြောက်ဆယ်ကျော်ဆိုသည့်အသက်က ဇရာဘက်သို့ ချဉ်းနင်းဝင်ရောက်နေပြီ။ ခေါင်းက ဆံပင်အားလုံးနီးပါး ငွေမင်ရောင်ပေါက်နေပြီ။ ငယ်စဉ်ကလို လက်မှအောင်ထိုးရသည့် ဆံပင်အုပ်လည်း ခပ်ကျဲကျဲသာရှိတော့သည်။ ပြောချင်



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ပြောင်စပြုပြီ။ ပါးပြင်ထက်ရှိ အရေးအကြောင်းနှင့် အသားအရေလျော့တိလျော့ရဲတို့တွင် မှဲ့ခြောက်တို့က ပါ နေရာယူထားပြီး နားမထိုင်းသေးသော်လည်း ခါးလေးက အနည်းငယ်ကိုင်းချင်သလိုလို။

"ပြောလေ သား၊ ဘာပြောချင်သလဲ အဖေနားထောင်နေတယ်"

"သား . . အိမ်ထောင်ပြုတော့မယ် အဖေ။ ဟိုလေ အမှန်အတိုင်းပြောရရင်တော့ သားလက်ထပ်ပြီးပြီ"

"ဘယ် . . ဘယ်တုန်းကလဲ သားရယ်"

"တစ်လလောက်ရှိပြီ၊ ရုံးမှာတက်ပြီး လက်မှတ်ထိုးထားတာ"

"အဖေ ဘာလုပ်ပေးရမလဲ"

လှိုက်မောတုန်ယင်သော အသံက လည်ချောင်းဝမှ မထွက်ဝံ့ထွက်ဝံ့ထွက်လာသည်။ အလုပ်ရပြီး၍ ရက်ပိုင်းအတွင်းမှာပင် သားအိမ်ထောင်ပြုလိုက်ပြီ။

"သူက မင်္ဂလာညစာခံပွဲလေးလုပ်ပေးစေချင်တယ် အဖေ။ သားကလည်း သူ့ကို ကတိပေးထားတယ်"

"ဘယ်သူလဲသား၊ သူ့မိဘတွေကကော"

"သူ့မှာ မိဘမရှိဘူး။ အဒေါ်ဝမ်းကွဲရဲ့ဆိုင်မှာ ဝိုင်းကူလုပ်ပေးနေရတာ။ သားက တစ်ခါတလေ ထမင်းသွားစားရင်း သူ့ကိုတွေ့ရတာနဲ့ သနားသွားတယ်။ သူက သူ့အခက်အခဲတွေပြောပြတော့ သားလည်း သနားစိတ်နဲ့ ချစ်မိသွားတာ။ အဲဒါ သူက စိတ်မချဘူးဆိုလို့ သူစိတ်ချအောင် ရုံးမှာ လက်မှတ်ထိုးထားလိုက်ရတယ်။ သားတို့ကို ညစာခံပွဲလေးတော့ ဖြစ်အောင်လုပ်ပေးပါနော်"

သားစကားကြောင့် ကိုထွန်းစိန်ရင်မောသွားသည်။ မင်္ဂလာညစာခံပွဲ၊ အပြောလွယ်သလောက် အလုပ်ကခက်လှသည်။ သားအဖနှစ်ယောက်အတွက် စားဝတ်နေရေးတွင် မိမိကခြိုးခြံပြီး သားကိုသာ အဓိကထားပံ့ပိုးပေးခဲ့သည်။ စံပယ်ပန်းမှရသည့် အပိုဝင်ငွေလေးက အရေးအကြောင်းရှိလျှင်သုံးနိုင်ရန် ခြစ်ခြုတ်ကုတ်ကပ်စုထားလျှင်အနည်းအကျဉ်းတော့ ရှိနိုင်သည်။

"ဒီအိမ်က အိပ်ခန်းနှစ်ခန်းဖွဲ့ထားတော့ ကျဉ်းသလိုထင်ရတယ်။ အဲဒါ အဖေအိပ်တဲ့အခန်းကို ဖွင့်ချလိုက်ရင် ညစာခန်းနေရာကျယ်သွားမယ်။ အဲဒါ သားတို့ မင်္ဂလာဆွမ်းကျွေးနဲ့ ညစာခံပွဲလုပ်လို့ရတယ်"

"သားရယ် အခန်းကာထားတာဖျက်ပြီး ပြန်ဆင်တော့ လက်သမားခကုန်ဦးမယ်"

"အခန်းကို ပြန်မကာတော့ဘူးလေ။ အဖေက လူကြီးပဲ၊ ဘုရားစင်အောက်မှာ ခင်းအိပ်လိုက်ပေါ့။ အဖေ့အခန်းက ပျဉ်တွေ၊ အကာတွေကို ရေချိုးခန်းမှာ ကာလိုက်မယ်။ သူ့ကို ရေချိုးခန်းဖွဲ့ပေးရမှာပေါ့"

"ရေချိုးခန်းအတွက် အခြားအကာအရံတွေနဲ့ လုပ်ရင်ရပါတယ်။ ဒီအခန်းက သေသေချာချာဖွဲ့ထားတာကို ဖျက်ပစ်ရမှာ နှမြောစရာကြီးသားရယ်"

"အဖေရယ် . . သားက နောက်ထပ်ပိုက်ဆံအပိုမကုန်စေချင်တော့လို့ပါ"

အသက်အရွယ်ရလာသည်နှင့် အမျှ စိတ်သွားတိုင်း ကိုယ်မပါနိုင်သော အဖြစ်က ရောက်နေပြီ။ သားက သူ့အစီအစဉ်အတိုင်း ဆုံးဖြတ်လိုက်သည်။ နောက်တစ်နေ့ လက်သမားတွေခေါ်လာသည်။ ကိုထွန်းစိန်၏ အိပ်ခန်းအကာအရံများကို ဖျက်လိုက်ပြီး အိမ်၏ အပြင်အဆင်ကို သူ့စိတ်တိုင်းကျပြင်လိုက်သည်။ လိုအပ်သရွေ့ ပိုက်ဆံကို အဖေလုပ်သူထံမှ တောင်းသည်။ အိမ်တွင်းအပြင်အဆင်တွင် လှူမြင်လှအောင် ဆေးလေးဘာလေး သုတ်ရသည်။ အိမ်ပြင်ပြီးသုံးရက်အကြာတွင် သားဖြစ်သူသည် ကိုထွန်းစိန်ကိုတွေ့ရန် ဇနီးလောင်းကို ခေါ်လာသည်။ သားက ဖြူဖြူသန့်သန့်၊ အရပ်မြင့်မြင့်၊ မျက်လုံးမျက်ဖန်က မအေတူ၍ ယောကျ်ားပီပီသသ ခန့်ခန့်ချောချောဖြစ်သည်။ ချွေးမလောင်းက အရပ်မြင့်သော်လည်း အသားအရေက ညိုညို၊ မျက်နှာကျပုံက ယဉ်စစရှိသော်လည်း မျက်လုံးအစုံက စူးစူးရှရှရှိသည်။

"အဖေ သူက ခက်ခက်မာတဲ့။ သားနဲ့လက်ထပ်ထားတဲ့သူ။ ခက် . ဒါက ကိုကို့ရဲ့အဖေ"

စစချင်း တွေ့စဉ်ကပင် ချွေးမ၏ မျက်လုံးအစုံကိုကြည့်ကာ အဓိပ္ပာယ်ဖွင့်ကြည့်မိသည်။ အဆင်မပြေသော ဝေါဟာရပေါင်းများစွာကို တွေ့လိုက်ရသလိုပင်။ အသွင်အပြင် အမူအရာကအရာရာကို သူသာလျှင်အနိုင်ယူလိုစိတ်ရှိသည့်အသွင်။ ခေတ်မီခေတ်ဆန်သောအဆင်အပြင်ထက် ခေတ်လွန်ခေတ်ရှေ့ပြေးနေသည်။

"ခက်တို့အခန်းကပြတင်းပေါက်ကို ခန်းဆီးစလှလှလေး တပ်ရမယ်။ အခန်းထဲမှာ မအိုက်အောင် ပန်ကာတစ်လုံးလောက်တော့ ရှိမှဖြစ်မယ်"

တစ်အိမ်လုံးကို သူ့အစီအစဉ်နှင့်သူ စီစဉ်နေသည်။ သားကလည်း ကိုထွန်းစိန်မျက်နှာကို တစ်ချက်မျှပင် လှည့်မကြည့်။ ဇနီးချောသဘောအကြိုက် ခေါင်းညိတ်လိုက်သည်။ တစ်နာရီနှစ်နာရီလောက်အကြာတွင် ခက်ခက်မာပြန်၍ သားက ဘတ်(စ်)ကားမှတ်တိုင်ရှိရာသို့ လိုက်ပို့သည်။

"ခက်က မင်္ဂလာညစာခံပွဲကို မြို့ထဲက ခန်းမတစ်ခုခုမှာ လုပ်ချင်တယ်တဲ့။ ဒီက ဧည့်သည်တွေလာရ၊ သွားရတာ ဝေးတယ်တဲ့၊ သားလည်းသဘောတူတယ်"

"ခန်းမဆိုတော့ ပိုပြီး ငွေကုန်ကြေးကျများမှာပေါ့ သားရယ်။ အဖေ့မှာ စုဆောင်းထားတာမှသိပ်မရှိတာ"

"ဟိုလေ . . ဟို သားပြောရမှာခက်နေတယ်။ မေမေ့လက်ဝတ်လက်စားတွေ ရှိသေးတယ် မဟုတ်လား"

"လက်ဝတ်လက်စားတွေက သားမေမေရဲ့ ရောဂါကို ကုသိုက်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမကျန်တော့ဘူးလေ။ လက်ထပ်ကြ၊ အိမ်ထောင်ပြုကြတာက တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် သစ္စာရှိရှိပေါင်းကြတာက အဓိကအရာပဲလေ သားရယ်။ ဖေဖေနဲ့မေမေလည်း ဒီလိုပဲ ရုံးတက်လက်မှတ်ထိုးပြီး မင်္ဂလာဆွမ်းကျွေးပဲ လုပ်ခဲ့တာပဲ''

''အဖေတို့ခေတ်နဲ့ မတူဘူးလေ။ အခုဟာက သူ့ကို ဟင်းရွက်ကန်စွန်းလို သဘောထားလို့မရဘူး။ ညစာခံပွဲလေးတော့ လုပ်ပေးရမှာပဲ''

''မင်္ဂလာညစာခံပွဲဆိုတာ ချဲ့လေကျယ်လေပဲ၊ အေးလေ အဖေ့သားစိတ်ချမ်းသာအောင် အဖေလုပ်ပေးပါ့မယ်''

သားကျေနပ်အောင်သာ ပြောလိုက်ရသည် ဘယ်လိုဘယ်ပုံ ကြံဆောင်ရမှန်း မသိ။ တစ်ညလုံးလည်း အိပ်မပျော်။ မိမိအတွက် အိပ်ရာက အခန်းသီးသန့်မရှိတော့။ ဘုရားစင်အောက်နားတွင် ဖျာခင်းအိပ်ရသော အနေအထားသို့ ရောက်သွားပြီး တလူးလူးတလိမ့်လိမ့်နှင့်သာ မိုးလင်းလာတော့သည်။

''ဟော အဖေနိုးလာပြီလား။ သား စောစောပဲ အလုပ်သွားတော့မယ်။ ခက်ခက်မာနဲ့ ချိန်းထားတယ်။ သိတဲ့ပစ္စည်းလေးဘာလေးဝယ်ရအောင်ပေါ့။ ဪ . . အဖေ့ပင်စင်လစာပါ တစ်ခါတည်း ထုတ်လိုက်ရမလား''

ပင်စင်လစာဆိုသည့်စကားကြောင့် ကိုထွန်းစိန်ခေါင်းထဲ အကြံကောင်းတစ်ခု ဝင်လာသည်။

''နေ နေ . . အဖေ့ပင်စင်လစာကို မနက်ဖြန်မှပဲ အဖေသွားထုတ်တော့မယ်''

အိမ်ပေါ်မှဆင်းသွားသော သား၏ နောက်ကျောကိုကြည့်ပြီး သူ့စိတ်ကူး၊ သူ့အကြံအစည်ကို အမြန်ဆုံး အကောင်အထည်ဖော်ဖို့ စဉ်းစားလိုက်သည်။ အနည်းဆုံးတော့ နှစ်သောင်းသုံးသောင်း ရနိုင်သည်။ မိတ်ဆွေ တစ်ယော[...]ထံတွင် ပင်စင်စာအုပ်ထားပြီး ဘစ်နှစ်စာလောက် ကြိုရောင်းထားလိုက်မည်။ သူစားဖို့သောက်ဖို့တော့ သိပ်မပူ။ သားတို့လင်မယားက သူ့တစ်ယောက်အတွက်တော့ ထမင်းတစ်ပန်းကန် ဟင်းတစ်တုံး ဖဲ့ကျွေးနိုင်ကောင်းသည်။ ဒီလိုမှမရောင်းလိုက်လျှင်လည်း သားလေးဆန္ဒကို ဘယ်လိုမှ ဖြည့်ဆည်းနိုင်မည်မဟုတ်ပေ။

❀ ❀ ❀

''ခက်တော့ သိပ်စိတ်ညစ်တာပဲ ကိုကိုရယ်''

''ဘာဖြစ်လို့လဲ ခက်ရဲ့''

''ကိုကို့ရဲ့အဖေပေါ့''

ဈေးကအပြန် အိမ်လှေကားပေါ်အတက်တွင် အိမ်တွင်းမှအသံကြောင့် ကိုထွန်းစိန် ခြေလှမ်းလှမ်းလက်စက တုံ့ကာရပ်သွားသည်။ လက်ထဲတွင် ရောင်းလို့ရသည့် စံပယ်ပန်းဖိုးထဲမှ သားနှင့်ချွေးမစားရန် ပဲပလာတာနှစ်ချပ်ဝယ်လာသည်။ အလုပ်မသွားခင် ကော်ဖီနှင့် အဆာပြေသောက်သွားရန် ဖြစ်သည်။ မိမိအတွက်ကတော့ ပဲပြုတ်ငါးကျပ်သားနှင့် နံပြားတစ်ချပ်ဝယ်လာခဲ့သည်။

''ညဘက်မှောင်မှောင်ထဲမှာ ပန်းတွေဆင်းခူး၊ ညဉ့်နက်တဲ့အထိ ပန်းတွေသီ၊ ဟော မနက်အစောကြီးထပြီး ဈေးမှာသွားရောင်းတယ်လေ။ သူလုပ်ပုံက ခက်တို့ကပဲ မကျွေးလို့ သူ့ဝမ်းစာသူရှာစားရတဲ့ပုံဖြစ်နေတယ်။ ဝန်ထမ်းဖြစ်လို့ ဆီ၊ ဆန်ကအစ တိုင်းထွာသုံးနေရတာ။ ပဲပြုတ်ဝယ်လာ ဆီဆမ်းလို့ဆမ်း၊ ထမင်းစားရင်လည်း ကုန်သလောက်မရှူးဘဲ ပိုနေတဲ့ထမင်းကို ခွေးကျွေး၊ ကျီးကျွေးနဲ့ ခက် ဒီရောက်တာ သုံးလရှိပြီ။ ခက်တို့မလောက်မှန်းသိလျက်နဲ့ ကိုကို့အဖေက သူ့လစာကို တစ်ပြားမှမပေးဘူး။ ပန်းဖိုးကလည်း ခြစ်ကုတ်စုနေတယ်။ ဈေးထဲမှာလေ ပြောကြတယ်။ ဆရာကြီးခမျာ ပန်းရောင်းနေရတယ်တဲ့''

''ဖေဖေပြန်လာရင် ကိုကို ပြောပြလိုက်ပါ့မယ်၊ ဒီလောက် သားနဲ့ချွေးမက မပူမပန် မကြောင့်မကြထားပြီး ကျွေးတာတောင် ကောင်းကောင်းမနေနိုင်တာ စိတ်ပျက်ဖို့ကောင်းတယ်''

ကြားရသည့်စကားသံတွေကြောင့် အိမ်ထဲသို့ ဝင်မလာတော့ဘဲ ခြံအပြင်ဘက်သို့ ပြန်ထွက်လာခဲ့သည်။ ရင်ထဲတွင် ပြောစရာစကားတွေက မွန်းကျပ်ပြည့်သိပ်ကာ နှလုံးသားခံစားချက်များ ပွင့်ထွက်လာသည်။ ဇရာအရေးအကြောင်းများနှင့် ပြည့်နေသော မိမိ၏ ပါးပြင်ပေါ်တွင် မျက်ရည်စတို့ စိုစွတ်လာသည်။ ရီဝေဝေမျက်လုံးအစုံက အဝေးတစ်နေရာသို့ ငေးမိသွားသည်။ မျက်ကြည်အိမ်တွင် မရွှေစင်၏ တောင်းပန်တိုးလျှိုးသော အသွင်တို့ကို မြင်ရသည်။

''မရွှေစင်ရယ် . . ကိုလေ သားလေးအပေါ်မှာ တာဝန်ကျေအောင်နေပါတယ်။ တစ်နှစ်စာ ပင်စင်လစာကို ကြိုရောင်းပြီး သားဆန္ဒကို ဖြည့်ဆည်းပေးခဲ့တယ်''

အမှန်ပင် ကိုထွန်းစိန်သည် ပင်စင်လစာသွားထုတ်ပြီးနောက် မိတ်ဆွေတစ်ယောက်၏ အဆက်အသွယ်နှင့် ပင်စင်လစာကို တစ်နှစ်စာကြိုရောင်းပြီး သား၏မင်္ဂလာပွဲကို ပျော်ရွှင်စွာ နွဲနိုင်အောင် ကွက်လပ်ဖြည့်ပေးခဲ့ရသည်။ မိုးလင်းမိုးချုပ် အလုပ်သွားအလုပ်ပြန်ရှိနေသော သားတို့၏ ထမင်းအိုး၊ ဟင်းအိုး ဖွင့်လှန်ကြည့်လျှင် နှစ်ယောက်စာလောက်သာ လောက်အောင်ချက်ထား၍ မကြာခဏ ဆာတတ်သော အဘိုးအိုပင်စင်သမားတစ်ယောက်က သားနှင့်ချွေးမအပေါ် စကားကို ကတောက်ကဆဖြစ်အောင် မပြောချင်။ မကျေမနပ်ဖြစ်မည့်အသွင်ကို မရောက်စေချင်၍ စံပယ်ပန်းကို ကိုယ်တိုင်ခူးသီကာ ဈေးသို့သွားပို့ခြင်းပင်။ ထိုမှရသည့်ပိုက်ဆံကိုစုကာ တစ်ပတ်တစ်ပတ်လျှင် ဆန်ဖြည့်ထား၊ ဆီဖြည့်ထားသည်ကို ချွေးမတစ်ယောက် မသိလေရော့သလား။ စားချင်သည့် သရေစာလည်း ပန်းဖိုးထဲကသာ ဝယ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဈေးထဲတွင် ရင်းနှီးပြီးသားသူတွေက ခေါ်ခေါ်ပြောပြောလေးနှင့် နှုတ်ဆက်ကြ၊ မေးကြ၊ မြန်းကြသည်တော့ ရှိသည်။

''အိမ်မှာနေ အညောင်းမိတယ်ဗျာ၊ သားနဲ့ချွေးမက အိမ်ဦးခန်းတင်ပြီး စားဦးစားဖျားကျွေးပါတယ်။ ကျုပ်ကိုက အလုပ်မလုပ်ရရင် မနေနိုင်လို့''

သားနှင့်ချွေးမကို အပြစ်မမြင်စေချင်၍ စကားကိုဖြေလျော့ကာ ပြောခဲ့သည်။

''အိမ်ပြန်လာရင် သိပ်စိတ်ညစ်ဖို့ကောင်းတာပဲ။ ညှော်ခန်းထဲမှာလည်း သစ်ရွက်ခြောက်တွေနဲ့ ရှုပ်ပွနေတာ ပဲ။ လူမနေတဲ့အတိုင်းပဲ။ မနက်က ဘယ်လောက်ပဲ ရေဖြည့်ထား ‥ရေခပ်ထား၊ မဟုတ်ကဟုတ်က အပင်တွေလျှောက်ပြီးလောင်းနေတော့ ညနေမောမောပန်းပန်းနဲ့ပြန်လာရင် ရေကတစ်စက်မှ မရှိတော့ဘူး။ ပြောရင်ပြောတဲ့သူအပြစ်ဖြစ်တယ်''

ချွေးမပြောလိုက်လျှင် သားက မျက်လုံးဝင့်ပြီး ကိုထွန်းစိန်ကို လှမ်းကြည့်သည်။ ငွေကြေးအင်အားမပြည့်၍ ရေကိုတုံကင်ဆွဲသာလုပ်ထားနိုင်ပြီး ပိုက်တို့ဘာတို့ မဆက်နိုင်သေး၍ ရေတိုင်ကီနှစ်လုံးတွင် သားကရေဖြည့်ဖြည့်ထားခဲ့သည်။ ကိုထွန်းစိန်ကလည်း ရေတုံကင်မောင်းတံကို အင်အားစိုက်ပြီး မဆွဲနိုင်တော့။ ထို့ကြောင့် သားဖြည့်ထားသည့် ရေထဲမှ ရေချိုးရင်း စံပယ်ပင်လေးနားတွင် သွားချိုးကာ ရေပါလောင်းပြီးသားဖြစ်စေသည်။

''အဖေ ခြံဝမှာ ဘာရပ်လုပ်နေတာလဲ၊ အိမ်ထဲဝင်လေ''

အလုပ်သွားရာ ဆင်းလာကြစဉ် ကိုထွန်းစိန် ခြံဝ၌ ရပ်နေသည်ကိုမြင်၍ သားကပြောလိုက်သည်။

''ဟို အဖေ သားတို့စားဖို့ ပဲပလာတာ ဝယ်လာတာ၊ မင်းတို့ အလုပ်သွားတာ စောလိုက်တာ''

''စောစောသွားရတယ် ဦးလေးရေ။ အလုပ်ကို ဂရုစိုက်ရတယ်။ ဒါမှ အလုပ်မြဲမှာ။ အလုပ်မရှိရင် ဘယ်သူကမှ ထမင်းအလကား တင်ကျွေးထားမှာမဟုတ်ဘူး။ မုန့်ပဲသရေစာ မစားနိုင်ပါဘူး။ ပိုက်ဆံကို အပိုမဖြုန်းနိုင်ဘူး''

မျက်နှာငယ်စွာနှင့်ရှိနေသော ပဲပလာတာထုတ်လေးကို ချွေးမအပြောနှင့် ကိုထွန်းစိန် လှမ်းကြည့်လိုက်သည်။ အိမ်တွင်လည်း ကိုထွန်းစိန်အတွက် နေရာကကျဉ်းသွားပြီ။ ညှော်ခန်းတွင်လည်း ချွေးမစိတ်တိုင်းကျ ပရိဘောဂပစ္စည်းတွေထားသည်။ သူတို့အိပ်ခန်းတွင်လည်း ပစ္စည်းတွေရှိသည်။ ကိုထွန်းစိန်အတွက် နေစရာလေးက ဘုရားစင်အောက်တွင်သာ။

တံမြက်စည်းမလှည်းဖြစ်၍ ရှုပ်ပွနေသောကြောင့် ကိုထွန်းစိန် အိမ်ရှင်း၊ တံမြက်လှည်းလုပ်ရတော့သည်။ ဘာပဲဖြစ်ဖြစ် သားလေးစိတ်ချမ်းသာလျှင်တော်ပြီ။ မရွှေစင်အသက်နှင့်ရင်းကာ မွေးခဲ့ရသည့်သား။ အရွယ်ထောက်မှရောက်လာသည့် သားလေး။ ဒီသားစိတ်ချမ်းသာဖို့အရေး သူ မရွှေစင်ကို ကတိပေးခဲ့ပြီးပြီ။ အားလုံး ရှင်းလင်းလှဲကျင်းပြီးလျှင် နဖူးမှချွေးစက်ကို လက်ဝါးနှင့်သုတ်လိုက်ပြီး မိမိဖျာချပ်လေးကိုခင်းကာ ခေါင်းအုံးကိုဆွဲယူပြီး ခြေပစ်လက်ပစ် လှဲအိပ်လိုက်သည်။

''ဒီမှာခင်ဗျာ အိမ်ရှင်တို့ ‥ အိမ်ရှင်တို့ ‥''

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ ခြံအပြင်ဘက်မှ ခေါ်သံကြား၍ အိပ်ရာကနေ လူးလဲထပြီး အိမ်ရှေ့သို့ ထွက်လာခဲ့သည်။

''ဘာကိစ္စရှိကြလို့လဲကွယ်''

အိမ်ရှေ့တွင် သားတို့အရွယ် လူငယ်နှစ်ယောက်ကို တွေ့ရသည်။

''ဦးလေးရဲ့သားနဲ့ ချိန်းထားလို့ပါ''

''သူတို့ တအောင့်နေ ပြန်လာပါလိမ့်မယ်။ လာလေ ‥ အိမ်ထဲ ဝင်ထိုင်ကြပါလား''

''ရတယ် ဦးလေး။ နောက်မှတစ်ခေါက်ပြန်လာမယ်။ အိမ်ကိစ္စလေး ပြောထားလို့ပါ''

''ဦးကိုပြောလို့လည်း ရပါတယ်။ ဒီအိမ်က ဦးရဲ့အိမ်ပဲလေ''

''ကိုပြည့်စုံက ဒီအိမ်ကိုဖျက်ပြီး ခြောက်ထပ်တိုက်ဆောက်ဖို့ တိုင်ပင်ထားပါတယ်''

''ဒီအိမ်ကိုဖျက်မယ် ဟုတ်လား။ ဟာ ဘယ်က ဖျက်ရမှာလဲ။ ဦးနဲ့ဦးမိန်းမ သေသေချာချာဆောက်ထားတာ။ ဒီဟာကို ဖျက်လို့ဘယ်ဖြစ်မလဲ''

ညှော်သည်တွေ ပြန်သွားသည့်အထိ ကိုထွန်းစိန်၏ စိတ်ထဲတွင် မတင်မကျ မသက်မသာ ခံစားနေရသည်။ မဖြစ်နိုင် ‥ လုံးဝမဖြစ်နိုင်။ သားလေးက ဘယ်လိုများအတွေးချော်ပြီး စိစဉ်တာလည်း မသိ။ ညနေပိုင်း အလုပ်ဆင်းချိန်တွင် သားတို့လင်မယားပြန်လာသည်။

''အဖေ ထမင်းစားပြီးပြီလား''

''အင်း''

အဝတ်အစားလဲ ရေမိုးချိုးပြီးလျှင် လင်မယားနှစ်ယောက် ထမင်းစားဖို့ ပြင်ရင်းက သားဖြစ်သူ၏ အမေ… ကို တစ်ခွန်းတည်း ကိုထွန်းစိန် ပြန်ပြေ… လိုက်သည်။

''စောစောပိုင်းက ညှော်သည်နှစ်ယောက်လာတယ်''

''ဩော် ‥‥ ဟုတ်တယ်အဖေ… သားလည်း အဲဒါ အဖေ့ကို ပြောပြ… လို့။ သိပ်မသေချာသေးတာနဲ့ မပြော… တာ။ သူတို့ ဘာပြောသွားသလဲ''

''အိမ်ကိုဖျက်ပြီး ခြောက်ထပ်တိုက် ဆောက်မယ်ဆိုလားပဲ''

''ဟုတ်တယ် အဖေ၊ ခက်… လည်း ကိုကို့ကိုပြောပါတယ်။ အဖေ… နားလည်အောင် သေသေချာချာ ရှင်… ပြလိုက်ပါလို့''

စာမျက်နှာ (၁၄၁)တွင်
ဆက်လက်ဖတ်ရှုပါရန် ‥‥



www.burmeseclassic.com